www.burmeseclassic.com

တက္ကသိုလ်နန္ဒမိတ်

# တိုင်တန်နစ်

Clive Cussler

# RAISE THE TITANIC!



ဒုတိယအကြိမ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး





INTERNATIONAL BESTSELLER
CLIVE CUSSLER
RAISE THE TITANIC

တက္ကသိုလ်နန္ဒမိတ်

# တိုင်တန်နစ်

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၃၄၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၉၂၀၄၀၈

*

ပုံနှိပ်ခြင်း
**ပထမအကြိမ်၊ မိုးဝေစာပေ၊ ၁၉၈၂၊ ဒီဇင်ဘာလ**
ဒုတိယအကြိမ်၊ အမြွှာညီနောင်စာပေ၊ ၂၀၀၈၊ ဇူလိုင်လ

မျက်နှာဖုံးပန်းချီ - သန်းမြင့်အောင်
အတွင်းဖလင် - ပုံရိပ်ရှင်
စီစဉ်သူ - ကြည်နိုင်
ကွန်ပျူတာစာစီ - သိန်းသိန်းအေး၊ သီသီထွက်း

မျက်နှာဖုံးပုံနှိပ်
ဦးဇော်မြင့်ဝင်း (ကာလာလုံပုံနှိပ်တိုက်)
အမှတ်-၁၈၄(စ)၊ မြေညီထပ်၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်
ဦးဇော်မင်း၊ W!zard ပုံနှိပ်တိုက်
၁၉၇၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲအောင်စာပေ) အမှတ်(၂) ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - ကိုမြင့်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၃၅၀၀ ကျပ်
ဖြန့်ချိရေး - "အမြွှာညီနောင်စာပေတိုက်"
၀၁-၆၁၁၁၉၆၊ ၀၉၅-၁၁၈၈၃၃

# [illegible]တ်လမ်းအဖွင့်

[illegible]၂ ခုနှစ်။
[illegible]

[ ၁ ]

အကောင်းဆုံးနှင့် အကြီးဆုံး ဇိမ်ခံသင်္ဘောကြီး...

တိုင်တန်နစ်...

ခေါ်မတိုင်း ရာဇဝင်ပုံပြင်များထဲ၌ ကမ္ဘာကြီးတစ်ခုလုံးကို အုပ်စိုးခဲ့သည့် [illegible]စုတစ်စု ရှိခဲ့ဖူးသည်။

ထိုမိသားစုသည် အခြားအခြားသော မိသားစုများထက် ခန္ဓာကိုယ်ရော၊ [illegible]ဘက်ပါ မန္တိုင်းယှဉ်လောက်အောင် ကြီးမားသည်။

သို့ဖြစ်၍လည်း ထိုမိသားစုသည် ကမ္ဘာကြီးတစ်ခုလုံးကို စိုးမိုးနိုင်ခဲ့သည်။

ဤကား ခေါ်မရာဇဝင် ပုံပြင်အဆို။

သည်နှယ် အဆိုရှိခဲ့သော မိသားစုကို ခေါ်မဝေါဟာရအားဖြင့် **တိုင်တန်နစ်** ခေါ်စမှတ်ပြုကြ၏။

ယခုလည်း အခြားအခြားသော ဇိမ်ခံသင်္ဘောကြီးထက် အဘက်ဘက်မှ [illegible]နေသည့် သင်္ဘောကြီးကို တိုင်တန်နစ်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဤတိုင်တန်နစ် သင်္ဘောကြီးတွင် အထပ်ပေါင်းများစွာ...

www.burmeseclassic.com



များစွာသော အထပ်များအနက် အကောင်းဆုံး၊ ဗိမ်အရှိဆုံး ပထမတန်း အထပ်မှာ အထပ်အော။

အထပ် 'အော'တွင် ပထမတန်းစား အိပ်ခန်းများ။

ပထမတန်း အိပ်ခန်းအမှတ် ၃၃ တွင် စီးနင်းလိုက်ပါလာသော ခရီးသည် သည် အိပ်စင်ပေါ်၌ အိပ်၍မပျော်နိုင်ဘဲ မှောက်ချည်၊ ပြန်ချည်၊ လူးချည်၊ လို ချည် ဖြစ်နေလေသည်။

ဂနာမငြိမ်သည့် ခရီးသည်၏ အတွင်းစိတ်အခြေအနေကို မျက်နှာပေါ်တွ ပြန်နေသော ချွေးများက ဖော်ပြနေ၏။

ခရီးသည်က အရပ်ရှည်သူမဟုတ်။ တိတိကျကျပြောရလျှင် သူ့အရပ် ငါးပေမှ နှစ်လက်မသော စွန်းသည်။

ဆံပင်ပါးပါးမှာလည်း ဖြူနေပြီ။ မျက်နှာကမူ ထူ၍ မည်းနက်နေသေ မျက်ခုံးမွေးအစုံမှလွဲ၍ ထူးခြားသည့်လက္ခဏာမရှိ။

အ...က ခရီးသည်အား အသက် ၅၀ လောက်ဟု ခန့်မှန်းကြမ ဖြစ်သော်လည်း...မှန်စင်စစ်တွင်မူ သူ့အသက်မှာ ယခုမှ ၃၄ နှစ်။

တိကျအောင်ဆိုရလျှင် ၃၄ နှစ်မှ ၁၀ ရက် စွန်းရုံသာ။

မျက်စိအောက်ရှိ အရေးအကြောင်းများက နက်နေကာ မျက်နှာ အသာ အရောင်က အင်္ဂတေလို ဖြူညစ်ညစ်။ ဆံပင်က ဖြူဖြူပါးပါး။

သို့ဖြင့် ခရီးသည်ကိုမြင်သူတိုင်းက အသက်ငါးဆယ်ဟု ခန့်မှန်းတတ် သည်။

ခရီးသည်သည် အိပ်စင်ပေါ်တွင် ပက်လက်လှန်၍ လှဲနေရင်း လက်နှစ်ဖ ကို ရင်ဘတ်ပေါ်၌ ယှက်၍ တင်ထားသည်။

ယှက်၍ တင်ထားသည့် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တွင် ကွေးရှ ဆန့်ချည်ဖြင့် လှုပ်ရှားနေစေ၏။

မငြိမ်သက်သည့် အတွင်းစိတ်ကို လှုပ်ရှားနေသည့် လက်ချောင်းများ သက်သေပြနေခြင်း။

လွန်ခဲ့သော ငါးလအတွင်း စိတ်ထောင်းကိုယ်ကြေ ဖြစ်နေခဲ့ရသည့် အ အကြံက ခရီးသည်အား စိတ်နောက်သွားစေလောက်အောင် ဖန်တီးခဲ့သည

အိပ်ပျော်နေရာမှ နိုးလာသည့်အချိန်များ၌ ခရီးသည်၏ စိတ်အစ ဟင်းလင်းပြင်တစ်ခုကို လျှောက်နေရသလို။





အစလည်း မရှိ၊ အဆုံးလည်း မရှိ။

အချိန်နာရီဟူ၍လည်း မရှိ။

သို့ ဖြစ်နေတတ်၍လည်း ခရီးသည်သည် မိမိစိတ်ကို ပြန်ထိန်းကာ...

မိမိ မည်သည့်နေရာသို့ရောက်နေသည်...

မည်သည့်အချိန်နာရီရှိနေပြီဆိုသည်ကို ခဏခဏပြန်သတိပေးနေရသည်။

မိမိစိတ်သည် တဖြည်းဖြည်း ကယောင်ချောက်ချားဖြစ်နေရာမှ ရူးသွား ည် အဆင့်ထိ ရောက်သွားနိုင်ကြောင်း မိမိကိုယ်တိုင် သိနေခြင်းမှာ ခရီးသည် ...ို အဆိုးဆုံးခံစားရချက်။

အိပ်စင်အထက် မျက်နှာကြက်ပေါ်တွင် တပ်ဆင်ထားသည့် ပန်ကာကို ...သည်က စူးစိုက်၍ကြည့်လိုက်၏။

ပန်ကာက ရပ်နေသည်။

မိမိမျက်နှာကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

၁၅ ရက်ခန့်ကြာသည့်တိုင် မရိတ်မသင်ဘဲ ထားခဲ့သည့် မုတ်ဆိတ်၊ ...မြိုင်းမွေးများက ထိုးထိုးထောင်ထောင်။

ကိုယ်ပေါ်တွင်ဝတ်ထားသည့် ဝတ်စုံကိုမူ ခရီးသည်က ပြန်ကြည့်ရန် မလို။ ချွေးတွေသံတွေဖြင့် ညစ်ပေကာ တွန့်ကြေနေမည်ကို ခရီးသည်က သိပြီး

တိုင်တန်နစ် ဗိမ်ခံသင်္ဘောကြီး၏ ပထမတန်းအခန်းသို့ ခရီးသည်တစ်ဦး ...င် တက်ရောက်လာပြီးနောက် ရေမိုးချိုး၍ အဝတ်အစားလဲရမည်။

သို့သော် ခရီးသည်က ရေလည်းမချိုး၊ အဝတ်အစားလည်း မလဲဘဲ အခန်း ...တ် ၃၃ သို့ တန်းဝင်လာကာ အိပ်စင်ထက်သို့တက်၍ အိပ်ခဲ့သည်။

အိပ်ပုံကလည်း ခြေပစ်လက်ပစ်။

သုံးရက်နီးနီး အအိပ်ကြီး အိပ်နေခဲ့သည်။

သည်သုံးရက်တွင် နိုးနေသည့်အချိန်က နည်းနည်း။

ထမင်းမစား၊ ဟင်းမစားရုံမက ရေပင် မသောက်ဘဲ အိပ်နေခဲ့ခြင်း။

ယခုနိုးလာသည့်အချိန်မှာ တနင်္ဂနွေနေ့။

ညနေပင် အတော်စောင်းနေပြီ။

ခရီးသည်က နယူးယောက်မြို့သို့ သင်္ဘောဆိုက်မည့်အချိန်ကို တွက်ကြည့် ...တ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ..

တနင်္လာ...

အင်္ဂါ...

ဗုဒ္ဓဟူး...

ဗုဒ္ဓဟူးနေ့ နံနက်မှ နယူးယောက်သို့ သင်္ဘောရောက်နိုင်မည်။

တနင်္ဂနွေ ညနေစောင်းမှ ရေတွက်ကြည့်လျှင်...

နယူးယောက်သို့ရောက်ရန် အနည်းဆုံး နာရီ ၅၀ ကျော်ကျော် သင်္ဘောခုတ်မောင်းရဦးမည်။

'ခုတော့ ငါအဖို့ အန္တရာယ်ကင်းသွားပါပြီ'

ခရီးသည်က မိမိကိုယ်ကိုမိမိ အားတင်းလိုက်သည်။ သို့တိုင်အောင် အတွင်းစိတ်က အန္တရာယ်ကင်းပါပြီဟုဆိုသည့်အချက်ကို သွက်သွက်လက်လက် လက်မခံဘဲ ဖြစ်နေပြန်၏။

'အသက်တွေ အများကြီးပေးပြီး ရယူခဲ့ရတဲ့ပစ္စည်းဟာ ခုဆိုရင် လုံခြုံတဲ့နေရာကို ရောက်နေပြီမဟုတ်လား'

ခရီးသည်က မိမိကိုယ်ကို မိမိ အားပေးလိုက်ပြန်၏။

'လုံခြုံသမှ သိပ်ကိုလုံခြုံတဲ့နေရာ'

ခရီးသည်က ဤသို့ စိတ်ထဲမှ မှတ်ချက်ချရင်း အတွင်းအင်္ကျီအိတ်ကို စမ်းကြည့်လိုက်ပြန်သည်။

အကြိမ် ၁၀၀ မြောက် စမ်းကြည့်ခြင်း။

အတွင်းအင်္ကျီအိတ်ထဲတွင် သော့က ပကတိအတိုင်းပင် ရှိနေသည်။

ခရီးသည်က စိတ်ချသွားသည်။

သို့ဖြစ်၍လည်း မျက်စိအစုံကိုမှိတ်ကာ မှေးနေလိုက်၏။

[ ၂ ]

မည်မျှကြာအောင် မှေးနေလိုက်မိသည်ကို ခရီးသည် မသိ။

သူသိသည်မှာ တစ်စုံတစ်ခုက သူ့ကိုလှုပ်နှိုးလိုက်သည်ဟုသာ။

လှုပ်နှိုးလိုက်သည့် **တစ်စုံတစ်ခု** ဆိုသည်ကလည်း ကျယ်လောင်သော အသံကြီးတစ်ခု မဟုတ်သလို...





ပြင်းထန်သည့် လှုပ်ရှားမှုတစ်ခုလည်း မဟုတ်။

အိပ်နေသည့် အိပ်စင်က ငြိမ့်ခနဲ လှုပ်နှိုးလိုက်သလိုလို။

ပထမတန်း အခန်းအမှတ် ၃၃ ရှိရာ သင်္ဘောဦးပိုင်း လက်ယာဘက်အောက်ဘက်တည့်တည့် ဟိုအဝေးတစ်နေရာဆီမှ တစ်စုံတစ်ရာက အခြားတစ်ခုနှင့် ဝင်ကြိတ်မိလိုက်သလိုလို။

ခရီးသည်သည် အိပ်စင်ထက်တွင် ရုတ်တရက် ထထိုင်လိုက်ကာ ခြေနှစ်ဖက်ကို ကြမ်းပြင်ပေါ်သို့ လွှဲချလိုက်သည်။

ခဏအကြာတွင် စက်အရှိန်ဖြင့် တုန်ခါနေသည့် သင်္ဘောကြီးတစ်ခုလုံး ငြိမ်သက်သွားသည်ဟု ခံစားလိုက်ရ၏။

ခရီးသည်အဖို့ သင်္ဘောပေါ်တွင် မတွေ့ဖူးသည့် ခံစားရချက်မျိုး။

ဤသို့ ခံစားလိုက်ရပြီးမှ ခရီးသည်၏ 'နှောက်'နေသည့် စိတ်အစဉ်တွင် 'အသိတရား'အလင်းတန်းတစ်ခု ပေါ်ထွက်လာ၏။

သင်္ဘောကြီးတွင် ခုတ်မောင်းနေသမျှ စက်တွေအားလုံး ရပ်သွားပြီဟူသော အသိ။

ခရီးသည်သည် အိပ်စင်ထက်တွင်ပင် ဆက်၍ထိုင်နေရင်း အသံဗလံများကို နားစွင့်နေ၏။

ကြားရသည်က စက်သံများမဟုတ်။

စင်္ကြံ လမ်းကူးများတွင် သွားလာလှုပ်ရှားနေကြသော သင်္ဘောမောင်များ၏ တစ်ဦးနှင့်တစ်ဦး တိုးတိုးသက်သာ ပြောင်လှောင်သံများ။ ဆက်နေသည့် အခန်းများရှိ ခရီးသည်များ၏ စကားသံများသာ။

ရေခဲကဲ့သို့ အေးစက်၍ ပိုးဟပ်တစ်ကောင်၏ နှာမောင်းရှည်ကဲ့သို့ ရှုံ့ရှောကောင်းသည့် စိတ်မချမ်းသာမှုတစ်ခုက ခရီးသည်တစ်ကိုယ်လုံးကို ဖုံးလွှမ်းရစ်ပတ်လာသည်။

သာမန်ခရီးသည်တစ်ယောက်သာဆိုလျှင် ဤသို့သော အနှောင့်အယှက်မျိုးကို မသိကျိုးကျွန်ပြုကာ အိပ်မြဲတိုင်း ပြန်၍အိပ်လိုက်မည်။

သို့ရာတွင် ပထမတန်း အခန်းအမှတ် ၃၃ တွင် နေရာယူထားသည့်

* သင်္ဘောမောင် = လေယာဉ်များတွင် လေယာဉ်မောင်၊ လေယာဉ်မယ်များ ထားရှိသကဲ့သို့ သင်္ဘောပေါ်တွင် ခရီးသည်များကို ပြုစု ကြည့်ရှု ကျွေးမွေးသည့်တာဝန်ကို ယူရသူများ။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်အဖို့မူ သည်လိုအနှောင့်အယှက်မျိုးကို မသိကျိုးကျွန် လုပ်မနေနိုင်။

သည်ခရီးသည်၏ စိတ်က ကယောင်ချောက်ချားဖြစ်နေကာ ရှူးဖို့ရန် လက်တစ်လုံးလောက်သာလိုတော့သည့် အခြေအနေ။

သို့ဖြစ်၍လည်း သည်ခရီးသည်၏ ငါးပါးသောအာရုံတို့က အစွမ်းကုန် ထက်မြက်နေကြကာ မြင်လာ၊ ကြားလာ၊ တွေ့လာသမျှကို ပုံကြီးချဲ့၍ မြင်နေ၊ ကြားနေ၊ တွေ့နေခြင်း။

ထို့ကြောင့်လည်း ပေါ်လာသည့် အနှောင့်အယှက်ကြောင့် ခရီးသည် ပြန် အိပ်နိုင်ခြင်း မရှိတော့။

ထမင်းမစား ဟင်းမစားရုံသာမက သုံးရက်လုံးလုံး ရေကိုပင် မသောက်ဘဲ အခန်းအောင်းနေခဲ့သော ခရီးသည်အဖို့ ရှူးသွပ်ခြင်းသို့ရောက်ရန် လက်တစ်လုံး သာ လိုတော့သည့် စိတ်အခြေအနေကို ပေါ်ပေါက်လာသည့် အနှောင့်အယှက် က မီးလောင်ရာ လေပင့်လိုက်သကဲ့သို့။

ခရီးသည်သည် ပိတ်ထားသောအခန်းတံခါးကို ဖွင့်လိုက်ပြီးနောက် စင်္ကြံ လမ်းကူး လမ်းကြားအတိုင်း လှေကားမကြီးရှိရာဘက်သို့ ဒယီးဒယိုင် လျှောက် လာခဲ့သည်။

[ ၃ ]

ခြေဆန့် လက်ဆန့်နေနိုင်ကာ သဘာဝရှုခင်းကိုလည်း အတိုင်းသား မြင် နေရသည့် **အညောင်းဖြေခန်းမ**မှ မိမိတို့အိပ်ခန်းရှိရာသို့ ပြန်လာနေကြသည့် ခရီးသည်များက ရယ်ရယ်မောမော ပြောပြောဆိုဆို။

အမှတ် ၃၃ အခန်းမှ ခရီးသည်ကမူ မည်သူ့ကိုမျှ ဂရုမစိုက်။ လှေကားမ ကြီး ရှိရာသို့သာ စူးစူးစိုက်စိုက်လာနေ၏။

လှေကားမကြီး၏ အလယ်ဆင့်သို့အဆင်း အပေါ်ဘက်နံရံထက်တွင် ကြေးနီဘောင်များဖြင့် လှပစွာတန်ဆာဆင်ထားသည့် တိုင်ကပ်နာရီကြီးတစ်လုံး။

နာရီ၏ ရွှေရောင်လက်တံများက ရောက်နေသည့်အချိန်ကို ညွှန်ပြနေသည်။

**ည ၁၁ နာရီ၊ ၅၁ မိနစ်။**

လှေကားမကြီး အောက်ဆုံးအဆင့်နားတွင် လှပစွာခြယ်လှယ်ထားသည့် မီးတိုင်စင်တစ်ခု။





သည်မီးတိုင်စင်နားတွင်ရပ်နေသည့် သင်္ဘောမောင်တစ်ယောက်က အပေါ် မှ ဆင်းလာသော အခန်းအမှတ် ၃၃ မှ ခရီးသည်ကို အထင်အမြင်သေး အမူ အရာဖြင့် စိုက်၍ကြည့်နေ၏။

အထက်တန်းစားခရီးသည်များသာ လိုက်ပါစီးနင်းနိုင်သော ပထမတန်း အဆောင် 'အေ'တွင် အဝတ်အစား စုတ်စုတ်နုပ်နုပ် လူရုပ်လူရည်ညံ့သည့် ခရီးသည် တစ်ယောက် ရောက်နေခြင်းကို သင်္ဘောမောင်က နှာခေါင်းရှုံ့ခြင်း။

'သင်္ဘောစက်တွေရပ်သွားတာ ဘာဖြစ်လို့လဲ'

ခရီးသည်က သင်္ဘောမောင်အား မေးလိုက်၏။

'ပြင်စရာ ဆင်စရာ နည်းနည်းပါးပါးရှိလို့ ဖြစ်ပါလိမ့်မယ်ခင်ဗျာ'

သင်္ဘောမောင်က ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေး အဖြေပေးနေသည်။

'သင်္ဘောကလည်း အသစ်ကျပ်ချွတ်၊ ခရီးကလည်း ပထမဆုံးထွက်တဲ့ ခရီး ဒီလိုဆိုတော့ အထစ်အငေါ့ကလေးတွေ ရှိတတ်စမြဲပေါ့ခင်ဗျာ။ ဒါအတွက် စိတ်ပူမနေပါနဲ့ခင်ဗျာ။ သင်္ဘောကလည်း ရေမြုပ်နိုင်တဲ့သင်္ဘော မဟုတ်ပါဘူး'

သင်္ဘောမောင်၏စကားကို ခရီးသည်က...

'သံနဲ့လုပ်ထားတဲ့ သင်္ဘောဆိုရင် မြုပ်နိုင်တာချည်းပဲပေါ့၊ ကျုပ် ကုန်းပတ် အပြင်ဘက်ကို ထွက်ပြီးကြည့်မယ်'

သင်္ဘောမောင်က ခေါင်းကို သွက်သွက်ခါပစ်လိုက်ပြီး...

'အပြင်ဘက်ကိုထွက်ဖို့ မသင့်ပါဘူးခင်ဗျာ၊ အပြင်ဘက်က ကြောက်စရာ ကောင်းအောင် အေးလှပါတယ်'

ခရီးသည်က ပခုံးနှစ်ဖက်ကို တွန့်ပစ်လိုက်သည်။

'အအေးဒဏ်ကို သူက ခံနေကျ။

ခရီးသည်သည် တစ်ဖက်သို့လှည့်လိုက်ပြီး သင်္ဘောလက်ယာဘက်ဦးပိုင်း ကုန်းပတ်ပေါ်သို့ ရောက်နိုင်သည့် လှေကားအတိုင်း တက်သွားကာ တံခါးကို ဖွင့်လိုက်၏။

သင်္ဘောဦးပိုင်း လက်ယာဘက် ကုန်းပတ်ပေါ်သို့ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် ခရီးသည်က အပ်အချောင်းပေါင်း တစ်ထောင်လောက်ဖြင့် အထိုး ခံလိုက်ရသလို ခံစားလိုက်ရ၏။

အိပ်ခန်းထဲတွင် သုံးရက်အောင်းနေခဲ့ပြီးနောက် အပူချိန် ၁၁ ဒီဂရီသာ ရှိသည့် လဟာပြင်သို့ ရောက်လာရခြင်းမှာ အပ်အချောင်းပေါင်း တစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



သာက်ဖြင့် အထိုးခံလိုက်ရသလို အားစက်သွားစေသည်။
ကုန်းပတ်ပေါ်သို့ လေပြည်လေညင်းဟူ၍ တစ်စက်မျှ မလာ။
အားစက်ခြင်းကသာ အသားကို ကိုက်ဝါးနေသလို။
ကောင်းကင်တွင် မိုးသားတိမ်တိုက်ဟူ၍လည်း တစ်လက်မမျှ မတွေ့ရ။
ကိုယ်ပေါ်တွင် ရစ်ပတ်လွှမ်းခြုံထားသည့် အအေးဒဏ်က လူ့သေကောင်ကို
မ်းထားသည့် အဝတ်လို။

[ ၄ ]

ခရီးသည်သည် သင်္ဘောလက်ရန်းရှိရာသို့ ကပ်သွားပြီး ကုတ်အင်္ကျီကော်လံ
ထောင်ထားလိုက်သည်။
လက်ရန်းတွင် ကပ်မိလျှင် အောက်သို့ငုံ့ကြည့်လိုက်သည်။
ပင်လယ်ရေပြင်က မည်းမည်းမှောင်မှောင်။
သို့သော် ငြိမ်ငြိမ်သက်သက်။
ဥယျာဉ်ထဲမှ ရေကန်တစ်ခုလို ငြိမ်လျက်။
ခရီးသည်သည် သင်္ဘောဦးပိုင်းကိုတစ်လှည့်၊ ပဲ့ပိုင်းကိုတစ်လှည့် ကြည့်လိုက်
အသက်ကယ်လှေများရှိရာ သင်္ဘောအထက်ဘက်သို့ မော့ကြည့်လိုက်၏။
ပထမတန်းခရီးသည်များ ဆေးလိပ်သောက်ခန်း။
၎င်းအခန်းမှ အမိုးကို အပေါ်သို့ တမင်မြှင့်တင်ထားသည်။
တမင်မြှင့်တင်ထားသည့်အမိုးပေါ်၌ အသက်ကယ်လှေများ။
အသက်ကယ်လှေများ ထားသည့်နေရာကို သင်္ဘောသား ဝေါဟာရဖြင့်
တ်ဒက်ခ် Boat Deck ဟု ခေါ်သည်။
ခရီးသည်၏ မျက်စိအစုံက ဘုတ်ဒက်ခ်မှနေ၍ ပထမတန်း ဆေးလိပ်
သာက်ခန်း၊ ထိုမှတစ်ဆင့် သင်္ဘောအရာရှိများအတွက် သီးသန့်ပေးထားသည့်
ခန်းများ ရှေ့ဘက်ရှိ ပဲ့ထိန်းစင် Wheel house ဆီသို့။
မျက်စိရောက်သွားသည့် နေရာတိုင်းတွင် လူသူကင်းလျက်။
သင်္ဘောဦးဘက်ပိုင်းတွင် ရေမီးခိုးခေါင်းတိုင်ကြီး လေးခု။
ခေါင်းတိုင်ကြီးများကို အနက်နှင့် အဝါရောင်ဆေးများ တစ်ရစ်စီ သုတ်
ကြောင်း ခရီးသည်က သိပြီးသား။





ရေမခေါင်းတိုင်ကြီး လေးတိုင်အနက် သုံးတိုင်မှသာ မီးခိုးများ ထွက်
နေ၏။
မီးခိုးထွက်နေပုံကလည်း ရေသာခိုသည့် အလုပ်သမားတစ်ယောက်လို ပျင်းရိ
လျက်။
အညောင်းဖြေခန်းမနှင့် စာဖတ်ခန်းမရှိ မှန်ပြတင်းတံခါးများမှ ထိုးထွက်
နေသည့် မီးရောင်များကို မြင်နေရသည်။
သို့တိုင်အောင် လူရိပ်လူယောင်ဆို၍ မတွေ့ရ။
ရေမျက်နှာပြင်နှင့် တစ်ပြေးတည်း တည်နေသော သင်္ဘောကိုယ်ထည်
လျှောက်တွင် စောစောကရှိနေခဲ့သည့် ပင်လယ်ရေမြှုပ်ဖြူဖြူများ တဖြည်း
လျော့နည်းသွားသည်ကို ခရီးသည်က သတိထားလိုက်မိသည်။
မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးများက ကောင်းကင်ယံတွင် တွဲလဲခိုနေ
ာ၊ ပင်လယ်ရေပြင်ကျယ်ကြီးကမူ ပကတိနက်မှောင်လျက်။
တိုင်တန်နစ် ဇိမ်ခံသင်္ဘောကြီးသည် မူလဦးတည်ထားသည့်ဘက်မှ ရေ
နောက်သို့ တယိုယို့ဆုတ်ကာ ဇာရွေ့ရွေ့မျောပါနေပြီကို ခရီးသည်က
ထားလိုက်မိသည်။
အရာရှိများ စားသောက်ခန်း 'မက်စ်'ထဲမှ သင်္ဘောဘဏ္ဍာစိုး ပါ
လာပြီး ခရီးသည်ရပ်နေသည့် သင်္ဘောလက်ရန်းဆီသို့ အခြေအနေကို
ကြည့်သည်။
'သင်္ဘောဘာလို့ရပ်နေတာလဲ'
'ထစ်ခုခုနဲ့ ဝင်တိုက်မိလို့ပါ'
ခရီးသည်အမေးကို သင်္ဘောဘဏ္ဍာစိုးအရာရှိက အောက်သို့ငုံ့ကြည့်နေရင်း
သည်။
'တော်တော်အပျက်အစီးများသလား'
'သိပ်မများဘူး ထင်ပါတယ်ခင်ဗျာ၊ တကယ်လို့ ရေအဝင်များနေရင်လည်း
ရှာတပ်ထားတဲ့ ရေစုပ်ပန့်တွေက ကုန်အောင် စုပ်ထုတ်ပစ်နိုင်ပါတယ်'
စကားအဆုံးတွင် နားကွဲလုမတတ် ကျယ်လောင်သည့်အသံကြီး ရုတ်ခြည်း
ထွက်လာ၏။
ရထားလိုက်ခေါင်းကြီးတစ်ခုကို ရထားအစီးတစ်ရာ တစ်ပြိုင်နက် ဖြတ်၍
ဆောင်းသွားသည့် အသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



တိုင်တန်နစ်သည် ရေနွေးငွေ့'အား'ဖြင့် စက်ကိုလည်၍ ခုတ်မောင်းရသည့် ခံသင်္ဘောကြီးဖြစ်ရာ…

ခုတ်မောင်း၍ မရနိုင်သေးသည့်အချိန်၌ အဆမတန် ပိုလျှံလာသည့် ရေနွေး ငွေ့ 'အား'ကို သင်္ဘောရှိ ပြွန်ပေါက်ကြီး ရှစ်ပေါက်မှ တစ်ပြိုင်နက် ထုတ်လွှင့် ဆိုက်သံဖြစ်ကြောင်း စက်အကြောင်း ကောင်းကောင်းနားလည်ထားသူ ခရီးသည် က သိလိုက်ပြီးသား။

အဆက်မပြတ် ပေါ်ထွက်နေသည့် ကြောက်စရာအသံကြီးကြောင့် ခရီး သည်က နားနှစ်ဖက်ကို လက်ညှိုးနှင့် ဆို့ထားလိုက်သည်။

သင်္ဘောဘဏ္ဍာစိုးအရာရှိနှင့် ဆက်၍စကားပြောရန်လည်း မဖြစ်နိုင်တော့။

ထို့ကြောင့် ခရီးသည်သည် ဘဏ္ဍာစိုးအရာရှိနားမှ ထွက်ခွာလာခဲ့ကာ အသက်ကယ်လှေများထားရာ ဘုတ်ဒက်ခ်ပေါ်သို့ လှမ်းမျှော်ကြည့်လိုက်၏။

ဘုတ်ဒက်ခ်ပေါ်တွင် သင်္ဘောသားများ စုပြုရောက်ရှိနေပြီး အလုပ်များနေ ကြသည်။

အသက်ကယ်လှေများပေါ်တွင် ဖုံးအုပ်ထားသည့် ရွက်ဖျင်များကို ဖယ်သူ က ဖယ်၊ ဘုတ်ဒက်ခ်ပေါ်ရှိ ကရိန်းကလေးများဖြင့် ရွက်လှေများကို အောက်သို့ ချရန် ပြင်သူကပြင်ဖြင့် အလုပ်ရှုပ်နေကြသည်ကို ခရီးသည်က တွေ့လိုက်ရသည် နှင့် တစ်ပြိုင်နက် ကျောစိမ့်အောင် ကြောက်သွားမိတော့သည်။

ခရီးသည်က ရောက်သည့်နေရာတွင် ကျောက်ရုပ်တစ်ရုပ်လိုရပ်ကာ ဘုတ် ဒက်ခ်ပေါ်သို့ စူးစိုက်၍ ကြည့်နေလိုက်သည်မှာ တစ်နာရီနီးနီးပင် ကြာသွား၏။

သည်အချိန်ရောက်မှ စောစောက အဆက်မပြတ်မြည်နေသည့် လေပြွန်ကြီး များမှ ကြောက်စရာအသံများက တဖြည်းဖြည်းရပ်သွားတော့၏။

သင်္ဘောလက်ရန်းကို တင်းတင်းဆုပ်ထားသည့် ခရီးသည်က အအေးဒဏ် ကိုပင် ဂရုမစိုက်နိုင်။ ဘုတ်ဒက်ခ်ပေါ်သို့သာ မျှော်၍ကြည့်နေသည်။

ခရီးသည် အစုကလေးများ တစ်စုစုံ၊ တစ်စုစီ ဘုတ်ဒက်ခ်ပေါ်သို့ ရောက် လာ၏။ သူတို့လှုပ်ရှားနေပုံက ကြောက်ကြောက်လန့်လန့်၊ တုန်တုန်ချည့်ချည့်။

သင်္ဘော အငယ်တန်းအရာရှိတစ်ဦးက ခရီးသည်နားသို့ ဖြတ်လျှောက် လာသည်။

အရာရှိက အသက် ၂၀ လောက်။

မျက်နှာက နွားနို့လိုဖြူဖြူ။ နွားနို့ရောင် အဖြူ။





တစ်နည်းဆိုရလျှင် ဗြိတိသျှအမျိုးသားတစ်ယောက် အသားဖြူသည့်ပုံစံမျိုး။

အငယ်တန်းအရာရှိ၏ ဟန်ပန်အမူအရာကလည်း ဗြိတိသျှအမျိုးသား ယောက်ကဲ့သို့။

ခရီးသည်အနားသို့ အငယ်တန်းအရာရှိက ကပ်သွားပြီး ပခုံးကို အသာ ပုတ်လိုက်ပြီး…

'ခွင့်လွှတ်ပါခင်ဗျာ၊ လူကြီးမင်း အသက်ကယ်အင်္ကျီတော့ ဝတ်ထားဖို့ လိုပါတယ်'

ဘုတ်ဒက်ခ်ကိုသာ အာရုံစိုက်နေသော ခရီးသည်က အငယ်တန်းအရာရှိ ဘက်သို့ လှည့်လိုက်သည်။ ပြီးမှ အရာရှိမျက်နှာကို စိုက်ကြည့်ရင်း…

'သင်္ဘောက မြုပ်တော့မယ်မဟုတ်လား'

ခရီးသည်အသံက အက်တက်တက် ပြာတာတာ။

အငယ်တန်းအရာရှိက ခဏမျှ ငိုင်နေသည်။ ပြီးမှ ခေါင်းညိတ်လိုက်ရင်း…

'ဝင်လာတဲ့ရေတွေက ဒလဟောဖြစ်နေတော့ ရေစုပ်စက်နဲ့ စုပ်ထုတ်လို့ကို မနိုင်တော့ဘူးခင်ဗျာ'

'သင်္ဘောမြုပ်ဖို့ ဘယ်လောက်လိုသေးလဲ'

'ဒါတော့ သေသေချာချာ မပြောနိုင်ဘူးခင်ဗျာ၊ နောက်တစ်နာရီကြာချင် ကြာပါလိမ့်မယ်၊ ဒါကလည်း ဘွိုင်လာတွေရှိနေတဲ့ အခန်းကို ရေမဝင်ဘဲ ပါမှ'

ခရီးသည်က…

'ဘယ်လိုဖြစ်တာလဲ၊ သင်္ဘောချင်း ဝင်တိုက်မိတယ်လို့ ဆိုရအောင်က အနီးအနားမှာ ကျုပ်တို့အပြင် ဘယ်သင်္ဘောမှ မတွေ့ရဘူး၊ ကျုပ်တို့ သင်္ဘောက ဘာနဲ့ဝင်တိုက်မိတာတုံး'

'ဝင်လယ်ရေပြင်ထဲမှာ ပေါလောမျောပါလာတဲ့ ရေခဲတောင်ကြီးနဲ့ ဝင်တိုက် မိတာပါ။

'ကျွန်တော်တို့သင်္ဘော အောက်ခံကိုယ်ထည် ဝမ်းဗိုက်ကို ရေခဲတောင်ကြီး က ဝင်တိုက်မိတာပါ။ ကံကိုက သိပ်ကိုဆိုးတာပါခင်ဗျာ'

ရှင်းပြနေသော အငယ်တန်းအရာရှိ၏ လက်မောင်းတစ်ဖက်ကို ခရီးသည် က တင်းတင်းကြီး ဆုပ်ထားလိုက်သည်။

တင်းတင်းကြီးဆုပ်ထားသည့်လက်က ပြုတ်တူဖြင့် ညှပ်လိုက်သလို ဖြစ်နေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အငယ်တန်းအရာရှိ၏ မျက်နှာက ရှုံ့မဲ့၍ပင်သွားတော့၏။

'ကျုပ်ကို ကုန်လှောင်ပေါက်ရှိရာကို လိုက်ပို့စမ်းပါ'

'ကုန်လှောင်ပေါက်ကို ရောက်နိုင်ဖို့ မလွယ်တော့ပါဘူးခင်ဗျ၊ အောက်ဆုံးအထပ်မှာရှိနေတဲ့ စာတိုက်ခန်းထဲမှာတောင် ရေတွေဝင်နေပြီး စာတွေရောပါဆယ်တွေပါ ရေထဲမှာ မျောနေပြီခင်ဗျာ'

'ဘာပဲဖြစ်ဖြစ် ကျုပ်ကို ကုန်လှောင်ပေါက်ရောက်အောင် လိုက်ပို့ရမယ်'

အငယ်တန်းအရာရှိက ခရီးသည်လက်ထဲမှ မိမိလက်မောင်းကို ရုန်းထွက်ရန် ကြိုးစားကြည့်သည်။ မရ။

သို့ဖြစ်၍...

'ပို့လို့မဖြစ်ပါဘူးခင်ဗျာ၊ ကျွန်တော့်တာဝန်က သင်္ဘောဦးပိုင်း လက်ယာဘက်က ဘုတ်ဒက်ခ်မှာရှိတဲ့ အသက်ကယ်လှေတွေကို အောက်ချပေးတာမှာ ကွပ်ကဲပေးရမယ့်တာဝန် ရှိနေတယ်'

'အဲဒီတာဝန်ကို တခြားအရာရှိတစ်ယောက်ယောက်က ဝင်ယူလိမ့်မယ်'

ခရီးသည်အသံက မာနေလေသည်။

'မောင်ရင်ကတော့ ကျုပ်ကို ကုန်လှောင်ပေါက်ကို လိုက်ပြရမယ်'

ခရီးသည်ထံမှ နောက်ဆုံးပြောလိုက်သည့်စကားကို ကြားလိုက်ရပြီးမှ အငယ်တန်းအရာရှိက စိတ်မသက်သာဖွယ်ရာနှစ်ခုကို သတိပြုလိုက်မိတော့၏။

ခရီးသည်၏ မျက်နှာတွင် ပေါ်လွင်ထင်ရှားနေသည့် သူရူးတစ်ယောက်၏ အမူအရာ လက္ခဏာနှင့် မိမိ၏ ပေါင်ခွဆုံအကြားသို့ ဖိကပ်ထားလိုက်သည့် သေနတ်တစ်လက်၏ ပြောင်းဝ။

'ကျုပ်ခိုင်းသလို လိုက်လုပ်စမ်းပါ'

ခရီးသည်က ဟိန်းဟောက်လိုက်ရင်း...

'မောင်ရင့် သားတွေ၊ မြေးတွေ၊ မြစ်တွေကို မြင်သွားချင်သေးတယ်ဆိုရင်'

အငယ်တန်းအရာရှိက သေနတ်ကို ငုံ့ကြည့်လိုက်သည်။ ပြီးမှ ခရီးသည်မျက်နှာကို မော့ကြည့်လိုက်သည်။

ရုတ်ခြည်းပင် ကြောက်ရွံ့စိတ်ပေါ်လာ၏။

ဆင်ခြေတက်နေရန်သော်လည်းကောင်း၊ ခုခံရန်သော်လည်းကောင်း တစ်ခုမှ မဖြစ်နိုင်ကြောင်း သဘောပေါက်လာသည်။

ခရီးသည်၏ နီနေသောမျက်လုံးအစုံက အငယ်တန်းအရာရှိ၏ မျက်စိကို





...စိုက်၍နေသလို။

...ခြင်းဖြင့် ရဲရဲနီကာ မီးတောက်တစ်ခုကဲ့သို့ တောက်လောင်နေသည့် ... မျက်လုံးအစုံ။

'ကျွန်တော် ကြိုးစားကြည့်ပါ့မယ်ဗျာ'

'အဲ...ဒါဖြင့် ကြိုးစားကြည့်'

ခရီးသည်က ဟောက်၍ပြောလိုက်ရင်း...

'အဲ...ကလိမ်ကျမယ်တော့မကြံနဲ့၊ မင်းနောက်ကျောကို ကျုပ်က သေနတ်နဲ့ ...ပြီး လိုက်လာမှာ၊ ကလိမ်ကျမယ်ကြံတာနဲ့တစ်ပြိုင်နက် မင်းကျောရိုးကို ...တ်နဲ့ ပစ်ချိုးပစ်လိုက်မယ် သိလား'

ခရီးသည်က သေနတ်ကို ကုတ်အင်္ကျီအိတ်တစ်ခုထဲသို့ ထိုးထည့်လိုက်ပြီး ...ရှိသည့်ဘက်ကို ညာလက်ဖြင့် ဆုပ်ကိုင်ထားသည်။

သေနတ်ပြောင်းဝကမူ အငယ်တန်းအရာရှိ၏ကျောကို ထောက်လျက်။

## [ ၅ ]

ရယ်သံ၊ မောသံ၊ သီချင်းသံတို့ဖြင့် စိမ်ခံသင်္ဘောကြီး ပီသခဲ့သော တိုင်တန်...တား ယခုအချိန်၌ အဖြစ်တစ်မျိုးပြောင်းနေခဲ့လေပြီ။

ဘုတ်ဒက်ခ်ပေါ်တွင် ခရီးသည်များ စုပြုံတိုးနေသလို စင်္ကြံလမ်းကူးနှင့် ...ထားများတွင်လည်း ပြေးသူ၊ လွှားသူ၊ ငိုသူယိုသူတို့ဖြင့် ရှုပ်ယှက်ခတ်...၏။

အပြုံးမပျက်ဘဲ စိတ်သက်သာရာစကားကို ပြောနေကြသူဟူ၍ သင်္ဘော...အောင်များသာ ရှိတော့သည်။

သူတို့သည် ခရီးသည်များအား အဖြူရောင် အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဖောများကို စနစ်တကျ ဝေ၍ ပေးနေကြလေသည်။

ဤသို့ဖြစ်နေသည့်ကြားမှ ခရီးသည်သည် အငယ်တန်းအရာရှိအား လိုရာသို့ရောက်အောင် ကြိုးကိုင်၍ လာနိုင်ခဲ့သည်။

အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ကောင်းစွာအချက်ပြနိုင်သည့် မီးကျည်များကိုလည်း သင်္ဘောကြီးပေါ်မှ အဆက်မပြတ် ပစ်လွှတ်နေ၏။

နက်မှောင်နေသည့် ပင်လယ်ရေပြင်နှင့် မဟူရာရောင်တော...နေသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြင်တို့အကြားတွင်…

ပွင့်ထွက်လာသော အဖြူရောင်မီးကျည်များမှာ အားငယ်သည့်အသွင်ကို ဆောင်လျက်…

အနီးအနားတွင် မည်သည့်သင်္ဘောမျှ မရှိလေသောကြောင့် တိုင်တန်နစ်ပေါ်မှ ပစ်လွှတ်သည့် အဖြူရောင်မီးကျည်များကို ကိုယ်တွေ့ လက်တွေ့မြင်နေသူများမှာ အန္တရာယ်နှင့် ရင်ဆိုင်နေရသူများချည်း ဖြစ်နေရလေသည်တကား။

အမျိုးသားကြီးများက အမျိုးသမီးများ၊ ကလေးငယ်များအားလည်းကောင်း၊ သင်္ဘောသားကြီးများက အသွားအိုများ၊ အဘိုးအိုများအားလည်းကောင်း အသက်ကယ်လှေများပေါ်သို့ ပို့ဆောင်ပေးနေချိန်၌…

ကောင်းကင်တွင် အဖြူရောင်လက်နေသည့် မီးကျည်ပွင့်များကို မြင်နေရခြင်းမှာ အဏ္ဏဝါပင်လယ်ဝဲတွင် လှေကွဲ၍ အသက်ပျောက်ရတော့မည့်သူများကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်နေသည့်အလား။

ဤသို့ သောကတွေ ပင်လယ်ဝေနေသည့်အချိန်တွင် ဘုတ်ဒက်ခ်ပေါ်၌ တူရိယာပစ္စည်းရှစ်မျိုး ပါဝင်ဖွဲ့စည်းထားသည့် သင်္ဘောဘင်ခရာအဖွဲ့က သင်္ဘောနစ်မြုပ်အံ့မူးမူးမှုသာ သိဆိုတီးမှုတ်ရလေ့ရှိသော တေးသွားကို တီးမှုတ်ရန် အသင့်ဖြစ်နေကြလေပြီ။

ကိုယ်တွင် အသက်ကယ်အင်္ကျီကိုဝတ်ထားကာ လက်တွင် တူရိယာပစ္စည်းများကို ကိုင်ထားကြသည့် သင်္ဘောသားများကို ကြည့်ရသည်မှာ အမြင်မတော် ဆင်တော်နှင့်ခလောက် ဆိုသကဲ့သို့ ကိုးရိုးကားရားနိုင်လှချေ၏။

ခဏအကြာတွင် **စည်းတီတ်တေးသံ**က ကြေကွဲဆွတ်ပျံ့ဖွယ်ရာ ပေါ်ထွက်လာလေသည်။

ဤစည်းတီတ်တေးသွားကို ရေးစပ်ခဲ့သူမှာ အိုင်ဗင်ဘာလင်အမည်ရှိ ဂီတစာဆိုဖြစ်လျက်…

ဤတေးသွားကို **အလက်ဇန္ဒာစည်းတီတ်တေးသံ**•ဟု အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။

ကျောနောက်တွင် သေနတ်ဖြင့်ထောက်ထားခြင်းခံရသည့် သင်္ဘော အငယ်တန်းအရာရှိက လှေကားမကြီးအတိုင်း ရှေ့ဆောင်၍ဆင်းလာခဲ့သည်။

---

• အလက်ဇန္ဒာ စည်းတီတ်တေးသံ – Alexander Ragtime





လမ်းတွင် အသက်ကယ်လှေရှိရာသို့ သွားနေကြသည့် ခရီးသည်များ…

အထက်တန်း အခန်းအမှတ် ၃၃ မှ ခရီးသည်နှင့် အခြားခရီးသည်များ၏ ညည်းညူမှန်းချက်ခရီးဟာ ယခုအချိန်တွင် ဆန့်ကျင်ဘက်။

အများနှင့် ဆန့်ကျင်ဘက်အရပ်သို့ သွားနေစဉ်မှာ သင်္ဘောဦးပိုင်းသည် နှင့်ရှိအနေထက် သိသိသာသာကြီး နိမ့်ကျသွားကြောင်း အငယ်တန်းအရာရှိက သတိထားမိသည်။

လှေကားထစ်များအတိုင်း အောက်ဘက်သို့ ဆက်၍ဆင်းလာနေစဉ် သူတို့နှစ်ယောက်လုံး ခြေလှမ်းပျက်သွားကြသည်။

အထပ် 'ဘီ'သို့ရောက်သောအခါ ဓာတ်လှေကားတစ်ခုကို အသင့်တွေ့ကြရသဖြင့် ယင်းဓာတ်လှေကားဖြင့်ပင် အထပ်'ဒီ'သို့ ဆက်၍ဆင်းလာခဲ့ကြ၏။

အထပ်'ဒီ'ကုန်းပတ်ပေါ်သို့ ခြေချမိသောအခါ အငယ်တန်းအရာရှိက ခရီးသည်ရှိရာ အနောက်ဘက်သို့ လှည့်လိုက်ကာ ခရီးသည်၏ အမူအရာကို အကဲခတ်လိုက်သည်။

ခရီးသည်သည် သွားများပေါ်နေအောင် နှုတ်ခမ်းနှစ်ဖက်ကို နောက်ဘက်သို့ ဖြဲထားသည်။ မျက်စိအကြည့်ကမူ မှုန်ဝါးဝါး။

အတိတ်ဆီသို့ ပြန်၍ကြည့်နေသည့် မျက်စိမျိုး။

စိတ်ရှုပေါက်နေသည့် ခရီးသည်၏လက်တွင် မိမိအသက်ရှိနေသည်ကို သင်္ဘောအငယ်တန်းအရာရှိက ခုမှ ပို၍သဘောပေါက်လာတော့၏။

ခရီးသည်က စောင်းငဲ့၍ကြည့်လိုက်သောအခါ သူ့အား စူးစိုက်၍ကြည့်နေသော အရာရှိကို တွေ့လိုက်ရ၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အတန်ကြာသည်အထိ စိုက်၍ကြည့်နေလိုက်ကြသည်။ ပြီးမှ ခရီးသည်က စကားဆိုလိုက်သည်။

'စိတ်ပူမနေနဲ့ ဟို…'

ခရီးသည် စကားမဆုံးမီ အငယ်တန်းအရာရှိက မိမိအမည်ကိုပြောလိုက်၏။

**'ဘစ်ဂလို…၊ ကျွန်တော့်နာမည် ဘစ်ဂလို'**

'အဲ…မစ္စတာဘစ်ဂလို၊ စိတ်ပူမနေနဲ့၊ သင်္ဘောမြုပ်မသွားခင် ခင်ဗျား အသက်ကယ်လှေဆီကို ရောက်ရစေ့မယ်'

'ဒါထက် ဘယ်ကုန်လှောင်ရုံပေါက်ကို သွားချင်တာလဲခင်ဗျာ'

"သံမဏိသိုလှောင်ခန်းရှိတဲ့ အထပ်'ဂျီ'က ကုန်လှောင်ပေါက်ပေါ့…"



www.burmeseclassic.com

www.burmeseclassic.com



'အထပ်ဂျီမှာရှိတဲ့ ကုန်လှောင်ပေါက်က ခုလောက်ဆို ရေအောက်ရောက်နေတော့မယ်'

'ရေအောက်ရောက်၊မရောက်ဆိုတာတော့ ကျုပ်တို့ အဲဒီရောက်မှပဲ တွေ့ကြရမှာပဲ မဟုတ်ဘူးလား'

ခရီးသည်က ကုတ်အင်္ကျီအိတ်ထဲတွင်ဝှက်၍ကိုင်ထားသည့်သေနတ်ကို လှုပ်ပြလိုက်ပြီး ရှေ့ဆက်သွားရန် အချက်ပြလိုက်၏။

အငယ်တန်းအရာရှိသည် ရှေ့ဆက်ဆင်းရန် ဓာတ်လှေကားမရှိတော့သဖြင့် အထပ်'ဒီ'မှနေ၍ အထက်'ဂျီ'ရှိရာသို့ လှေအုပ်ကြီးကို တိုးကာ ခရီးဆက်ခဲ့ရပြန်၏။

ရိုးရိုးလှေကားအတိုင်း ခရီးဆက်ခဲ့ရခြင်း။

သူတို့နှစ်ယောက် **အထပ်'အီး'**သို့ ရောက်လာသည့်အခါ ရှေ့မှသွားနေသည့် အငယ်တန်းအရာရှိ ဘစ်ဂလိုက ရုတ်တရက်ရပ်လိုက်ပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

**အထပ်'အက်ဖ်'**သို့ဆင်းသည့် လှေကားအောက်ခြေတွင် ရေများ စိမ့်ဝင်နေသည်ကို တွေ့ရ၏။မီးလုံးအချို့က ရေအောက်ထဲမှာပင် လင်းလျက်ရှိနေဆဲ။

မြင်ရသည့်မြင်ကွင်းကား စိတ်ချောက်ချားစရာ။

'ဆက်သွားလို့ မဖြစ်တော့ဘူး၊ လူကြီးမင်းကိုယ်တိုင်လည်း မြင်နေရပြီ မဟုတ်လား'

'ဒီရိုးရိုးလှေကားအတိုင်းမဟုတ်ဘဲ တခြားလှေကားက ဆင်းလို့မရဘူးလား'

'သင်္ဘော ရေခဲတောင်နဲ့ ဝင်တိုက်မိပြီးတဲ့အချိန်ကစပြီး ရေလုံတံခါးတွေကို ပိတ်ထားလိုက်တော့ ခုဆိုရင် ကျွန်တော်တို့ **ကယ်ပေါက်**လှေကားကပဲ ဆင်းနိုင်တော့မယ်'

'ဒါဖြင့်လည်း ဆက်ဆင်း'

ကယ်ပေါက်လှေကားဆိုသည်မှာလည်း ဥမင်တစ်ခုအတွင်း လှေကားထစ်များ တပ်ထားသကဲ့သို့ပင်။

သူတို့နှစ်ယောက်သည် ကယ်ပေါက်လှေကားအတိုင်း ကွေ့၍ ပတ်၍ ဆင်းလာခဲ့ကြပြီးနောက် အထပ် 'ဂျီ'ရှိ ကုန်းပတ်ပေါ်တွင် ခြေချရန် နီးလာသည်။

ရှေ့မှဆင်းနေသော အငယ်တန်းအရာရှိ ဘစ်ဂလိုက အောက်သို့ငုံ့ကြည့်ပြီး အကြောင်းရိုက်လိုက်၏။

'ရေတွေဝင်နေပြီ၊ ဆင်းလို့မဖြစ်ဘူး'





'မင်း...ဖယ်စမ်း'

ခရီးသည်က ဘစ်ဂလိုကို တွန်းဖယ်ကာ ကုန်းပတ်ပေါ်သို့ ဆင်းသွားသည်။

အထပ်'ဂျီ'ရှိ ကုန်းပတ်သည် အံ့ဩဖွယ်ကောင်းလောက်အောင် ခြောက်သွေ့နေလေသည်။

'သံမဏိသိုလှောင်ခန်းရှိတဲ့ သိုလှောင်ပေါက် မာလကာဖုံးက ဘယ်မှာလဲ'

ဘစ်ဂလိုက လက်ညှိုးညွှန်ပြလိုက်သည်။

'ကဲ...အပေါ်က ဖုံးထားတဲ့ မာလကာဖုံးကို ဖွင့်စမ်း'

ဘစ်ဂလိုက ကုန်းပတ်ပေါ်တွင် ဒူးထောက်ထိုင်လိုက်ပြီး သိုလှောင်ပေါက်ပေါ်တွင် ဖုံးထားသည့် စက်ဝိုင်းသဏ္ဌာန် မာလကာဖုံးကို ဖွင့်လိုက်သည်။

ပြီးမှ အောက်သို့ငုံ့ကြည့်လိုက်ကာ–

'ရေတွေ လျှံနေပြီ'

ဘစ်ဂလိုက ဒုတိယအကြိမ် အကြောင်းရိုက်လိုက်ပြန်သည်။

အမှန်စင်စစ်တော့ သိုလှောင်ခန်းထဲတွင်ရှိနေသည့်ရေက နှစ်ပေလောက်သာ။

ခရီးသည်က ဘစ်ဂလိုအား တစ်ဖက်သို့တွန်းပစ်လိုက်ပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။ ပြီးမှ...

'ဒီလောက်ရေကလေးကို ဖြတ်လျှောက်လို့ရတယ် ဆက်ဆင်း'

သိုလှောင်ပေါက်ထဲသို့ ဆင်းလာကြသောအခါ ခေါင်းပေါ်ရှိ လျှပ်စစ်မီးများက ထိန်လင်းလျက်ရှိနေဆဲ။

သိုလှောင်ပေါက်ထဲသို့ ရောက်လာပြီးနောက် ဘစ်ဂလိုဦးဆောင်လျက် သံမဏိသိုလှောင်ခန်းရှိရာသို့ လာခဲ့ကြ၏။

နှစ်ပေလောက်နက်နေသည့်ရေကို ဖြတ်ကူးလာကြရသဖြင့် နှစ်ယောက်စလုံး တခိုက်ခိုက်တုန်နေကြသည်။

သိုလှောင်ပေါက်အစဘက်တွင် ရေနီးဆီဒင်ကားကြီးတစ်စီး ရှိနေသည်ကို တွေ့ကြရ၏။

နှစ်ယောက်သား ရေထဲတွင် အလဲလဲအပြိုပြိုဖြင့် လာခဲ့ကြရာ နောက်ဆုံးတွင် သံမဏိသိုလှောင်ခန်းရှိရာသို့ ရောက်လာခဲ့ကြတော့သည်။

သံမဏိသိုလှောင်ခန်းက သိုလှောင်ပေါက် အလယ်လောက်တွင် မားမားကြီးရပ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



အလျားရှစ်ပေ၊ အနံရှစ်ပေ၊ အမြင့်ရှစ်ပေမျှသာ အတိုင်းအတာရှိသည့် သံမဏိသိုလှောင်ခန်း။

သိုလှောင်ခန်းနံရံနှင့် အဖုံးများကို အင်္ဂလန်နိုင်ငံ ဘဲလ်ဖတ်စ်မြို့မှ ထုတ်လုပ်သည့် ၁၂ လက်မ ထုရှိသော သံမဏိအပြားများဖြင့် တည်ဆောက်ထားသည်။

ခရီးသည်သည် အင်္ကျီအိတ်ထဲမှ သော့တစ်ချောင်းကို ဆွဲထုတ်လိုက်ကာ တံခါးတွင် ခတ်ထားသည့် သော့ခလောက်အိမ်ထဲသို့ ထိုးသွင်းလိုက်၏။

သော့အိမ်က အသစ်ဖြစ်နေသလို သော့ကလည်း အသစ်ဖြစ်နေသဖြင့် တော်တော်နှင့် အံမဝင်။

သို့သော် မကြာလှ။ သော့က သော့အိမ်အတွင်း ဝင်သွားကာ ချက်ခနဲ အသံနှင့်အတူ သော့အိမ်ပွင့်သွားသည်။

ခရီးသည်က ၁၂ လက်မထုရှိသည့် သံမဏိတံခါးကို တွန်းဖွင့်လိုက်ကာ သိုလှောင်ခန်းထဲသို့ ဝင်လိုက်ပြီးမှ အငယ်တန်းအရာရှိ ဘစ်ဂလိုဘက်သို့ လှည့်၍ ပြုံးလိုက်သည်။

ဘစ်ဂလိုအဖို့ ခရီးသည်ထံမှ တွေ့မြင်လိုက်ရသော ပထမဆုံးအပြုံး။

'မောင်ရင့်အကူအညီအတွက် ကျေးဇူးအများကြီးတင်တယ် ဘစ်ဂလို၊ သင်္ဘောအပေါ်ထပ်ကို ပြန်တက်သွားပေတော့၊ မောင်ရင့်အဖို့ အချိန်ရပါသေးတယ်'

ခရီးသည်၏စကားကြောင့် ဘစ်ဂလိုအဖို့ နားဝေတိမ်တောင် ဖြစ်သွားရရှာသည်။

**'လူကြီးမင်းက ဒီမှာပဲကျန်ရစ်ခဲ့မှာလား'**

**'ဟုတ်တယ်၊ ကျုပ်က ဒီမှာပဲကျန်နေရစ်မယ်'**

ခရီးသည်၏စကားကြောင့် ဘစ်ဂလိုက ပို၍နားရှုပ်သွားရပြန်၏။

'ကျုပ်ဟာ လူကောင်း သူကောင်း ရှစ်ယောက်ကို သတ်ခဲ့ရတယ်၊ ဒီတော့ ကျုပ်လည်း အသက်ရှင်ပြီး မနေသင့်တော့ဘူး'

ခရီးသည်က ရှင်းရှင်းနှင့် ပြတ်ပြတ်ပင်ပြောနေ၏။

**'ခုတော့ ကိစ္စအားလုံး နိဂုံးချုပ်ပါပြီ၊ နိဂုံးချုပ်တာကတော့ ကိစ္စအားလုံး ဝါဝဲလေ'**

သင်္ဘောအငယ်တန်းအရာရှိ ဘစ်ဂလိုက ပြန်ပြောရန် ကြိုးစားကြည့်သည်။ သို့ရာတွင် စကားလုံးများက ထွက်မလာ။





ခရီးသည်က မိမိဆိုလိုချက်ကို မိမိ နားလည်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ထု ၁၂ လက်မရှိ သံမဏိတံခါးကြီးကို ဆွဲပိတ်ရန် အားထုတ်နေ၏။

ဘစ်ဂလိုက သံမဏိသိုလှောင်ခန်းထဲမှ လှမ်းထွက်လိုက်သည်တွင် ခရီးသည်နှုတ်မှ ထွက်လာသည့် နောက်ဆုံးစကားလုံးကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်။

**'ထာဝရဘုရားသခင်အား ဆောက်ဘီအတွက် ကျေးဇူးတော်တင်ကြပါ'**

သံမဏိတံခါးကြီးက ဝုန်းခနဲ အသံမြည်ကာ ပိတ်သွားသည်။

ခရီးသည်ကတော့ အလုံပိတ်ထားသည့် သံမဏိသိုလှောင်ခန်းထဲမှာ။

[ ၆ ]

တိုင်တန်နစ် ဇိမ်ခံသင်္ဘောကြီး နစ်မြုပ်သွားရာ၌ ကလေး၊ လူကြီးနှင့် မိန်းမကြီးပေါင်း ၁၅၀၀ ကျော် သေဆုံးပျက်စီးခဲ့ရရှာသည်။

အတ္တလန္တိတ်ရေအောက်တွင် လှေမှောက်၍ သေဆုံးခဲ့ရသူ အများအပြားရှိခဲ့သလို အအေးမိ၍ သေဆုံးခဲ့ရသည်လည်း အများအပြား။

သို့ရာတွင် အသက်မသေ ကိုယ့်ရပ်မြေသို့ပြန်ရောက်လာနိုင်သူက မများလှ။

မများလှသည့် အရေအတွက်ထဲတွင် သင်္ဘောအငယ်တန်းအရာရှိ ဘစ်ဂလို တစ်ယောက်လည်း အပါအဝင်။

တိုင်တန်နစ်သင်္ဘောကြီး နစ်မြုပ်သွားရန် စက္ကန့်ပိုင်းအလိုလောက်တွင် ဘဲဂလိုက ဘုတ်ဒက်ခ်ပေါ်သို့ အရောက်တက်လာနိုင်ခဲ့ကာ ပင်လယ်ထဲသို့ ထိုးဆင်းသွားနိုင်ခဲ့သည်။ ပင်လယ်ကူး ဇိမ်ခံသင်္ဘောကြီး တိုင်တန်နစ် ရေမျက်နှာပြင်ပေါ်မှ ပျောက်ကွယ်စပြုချိန်၌ ကြယ်ဖြူပွင့်တစ်ပွင့်ပါသည့် အနီရောင်သင်္ဘောအလံက သင်္ဘောပဲ့ပိုင်းအလံတိုင်အဖျားဘက်နှင့်အတူ ရေထဲသို့ ထိုးကျသွားပြီး ရေပေါ်တွင် ပေါ်လောပေါ်နေသည်။

သင်္ဘောအမှတ်တံဆိပ် ရှည်လျားလျား အနီရောင်အလံက ရေပေါ်သို့ အရောက်တွင် လိပ်ထားရာမှ ပြေသွားသည်။

ရေထဲတွင် သင်္ဘောအလံကို လွှင့်လိုက်သကဲ့သို့။

သင်္ဘောအလံက ရေထဲတွင် အသက်ဆုံးရှုံးရသူများအား နောက်ဆုံးအလေးပြုလိုက်ခြင်းဟုလည်း ယူဆရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေထဲသို့ခုန်ဆင်းသွားသည့် ဘစ်ဂလိုက ရေထဲတွင်မျောပါလာသည့် အလံတိုင်အကျိုးကို တင်းတင်းပါအောင် ဖက်ထားလိုက်၏။

ခဏအကြာတွင် သူသည် အလံတိုင်နှင့်အတူ ရေအောက် ပေနှစ်ဆယ်လောက်အထိ နစ်သွားသည်။ သို့သော် သူက အလံတိုင်ကို မလွှတ်။ မြဲမြဲတင်းတင်းဖက်ထားသည်။

ဤသို့ ရေအောက်တွင် ပေနှစ်ဆယ်လောက်အထိ နစ်နေပြီးမှ သူက အလံတိုင်နှင့်အတူ ရေပေါ်သို့ ပြန်ပေါ်လာ၏။

၂၈ ဒီဂရီထိ အအေးချိန်ရှိနေသည့် ပင်လယ်ရေက ဘစ်ဂလိုအား ပဲကြီးရေစိမ်ထားသလို ဖြစ်နေစေသည်။

နောက်ထပ် ဆယ်မိနစ်သာ ရေထဲတွင်ဆက်၍နေရလျှင် ရေနစ်၍ သေဆုံးရသူများစာရင်း၌ ဘစ်ဂလိုတစ်ယောက် တိုးလာပေတော့မည်။

အလံတိုင်ပေါ်တွင် ခွစီး၍ လိုက်ပါလာသည့် ဘစ်ဂလိုအနားသို့ ကြိုးတစ်ချောင်း တန်းလန်းရောက်လာ၏။

ကြိုးကို ရှိသမျှအားဖြင့် ဆွဲ၍ တက်လိုက်သောအခါ အသက်ကယ်လှေတစ်စီးပေါ်သို့ ရောက်လာ၏။

လှေပေါ်တွင်ရှိနှင့်နေသူက လူအယောက် ၃၀။

အသက်ကယ်လှေပေါ်သို့ ဘစ်ဂလို ရောက်လာပြီးနောက် နောက်ထပ်လေးနာရီကြာသည့်အချိန်၌ သင်္ဘောတစ်စီး အကယ်ရောက်လာသည်။

ဘစ်ဂလိုအဖို့ ပင်လယ်ထဲတွင် ကယ်ပါ၊ ယူပါ တစာစာဖြင့် အော်ဟစ်နေသူများကို မမေ့နိုင်။

ထိုထက်ပို၍ မေ့နိုင်စရာမရှိသူတစ်ယောက်ကား သံမဏိသိုလှောင်ခန်းထဲတွင် မိမိကိုယ်ကိုမိမိ ပိတ်၍ အသက်အသေခံသွားသည့် ခရီးသည်။

ထိုခရီးသည် မည်သူလဲ...။

သူသတ်ခဲ့သည်ဆိုသော လူကောင်းသူကောင်း ရှစ်ယောက်ကား မည်သူများဖြစ်ကြပါသလဲ။

သံမဏိသိုလှောင်ခန်းထဲတွင် မည်သည့်ပစ္စည်းများကို အရေးတကြီး သိုလှောင်ထားပါသလဲ။

သည်မေးခွန်းများက ဘစ်ဂလိုအား အမြဲခြောက်လှန့်နေကြသည်။





အသက် ၇၈ နှစ်အရွယ်ထိ အသက်ရှင်နေထိုင်ခဲ့သော တစ်ကြိမ်သောအခါက သင်္ဘောအငယ်တန်းအရာရှိဖြစ်ခဲ့သူ ဘစ်ဂလိုသည် သေခါနီးအချိန်ထိ သည်မေးခွန်းများ၏ ခြောက်လှန့်ခြင်းကို ခံနေခဲ့ရပါသတည်း။

သံမဏိသိုလှောင်ခန်းထဲတွင် မိမိကိုယ်ကိုမိမိပိတ်၍ စတေးသွားခဲ့သူ မည်သူဖြစ်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၁ ]

## မဟာစစ်ဆင်ရေး

**၁၉၈၇ ခု၊ ဇူလိုင်လ။**

[ ၁ ]

အတွဲလိုက်ဆွဲလိုက်သည့် အော်တိုမက်တစ် သေနတ်သံများ။ သည်သေနတ်သံများက ရေခဲဖုံးနေသည့် တောင်ခေါင်းတုံးတစ်လျှောက်ကို ပဲ့တင်ရိုက်သွားသည်။

ရေခဲပြင်ပေါ်တွင် ဒဏ်ရာဖြင့်လဲကျနေသော **ကိုပလင်**က တောင်မြောက်ဝဲယာသို့ မျက်စိကစားလိုက်သည်။

အာတိတ်ဒေသတွင် တိုက်ခတ်နေကျ လေပြင်းလေအေးထဲ၌ ဖြူဖြူဖွေးသည့် နှင်းခဲများ တသဲသဲလွှပ်နေသည်ကိုသာ တွေ့ရပြီး ဘာကိုမှမမြင်ရ။

ရထားသည့်ဒဏ်ရာဖြင့် သေရတော့မည်ဟု ကိုပလင်က ထင်နေ၏။

ရထားသည့်ဒဏ်ရာက တစ်ချက်လား၊ နှစ်ချက်လား။ သူက မသေချာ။

ခေါင်းက တူဖြင့်အထုခံထားရသလို နာကျင်ကိုက်ခဲနေ၏။





ဆက်ဖြင့်စမ်းကြည့်လိုက်သောအခါ ဝဲဘက်နားထင်ထက်မှစ၍ ဦးခေါင်းအရေပြားက လန်ထွက်နေသည်ကို တွေ့ရ၏။ ဝဲဘက်နံစောင်းတွင် မီးစဖြင့် အထိုးခံထားရသလို။

ဖြူဖွေးသော ရေခဲပြင်ပေါ်တွင် နီထွေးသည့်သွေးများ။

သွေးက ပေါင်မှတစ်ဆင့် ခြေဖျားအထိ စီးကျနေ၏။

အတွဲလိုက် ဆွဲလိုက်သည့်သေနတ်သံများ ပေါ်ထွက်လာပြန်သည်။ ကိုတ်သသ အကွာလောက်မှ ယမ်းသမ်း၍ ပစ်နေပုံရသည်။

ဆိုဗီယက် ကင်းလှည့်အဖွဲ့မှ လှည့်ကင်း ပဟာဝန်ကျသူတစ်ယောက်က အစောအစောကတွေ့လိုက်ရသည့် ရန်သူကို ယခုအချိန်တွင် မျက်ခြည်ပြတ်သွားသဖြင့် မှန်းသန်း၍ပစ်နေခြင်း။

နှင်းမှုန်တိုင်း ရုတ်ခြည်းတိုက်ခိုက်လာခြင်းကိုပင် ကိုပလင်က ကျေးဇူးတင်နေမိသည်။

သို့တိုင်အောင် လွတ်အောင်ပြေးနိုင်တော့မည်မဟုတ်။

ခေါင်းနှင့် ဝဲဘက်နံစောင်းတွင် ထိထားသည့် ဒဏ်ရာနှစ်ချက်က ဘယ်လိုမှ ထ၍ပြေးမရအောင် ဒုက္ခပေးနေပြီ။

* **ချိုင်**ထဲတွင် ဝှက်ထားခဲ့သည့် တပင်တိုင်ရွက်သင်္ဘောကလေးရှိရာသို့ ရောက်အောင်ပြေးနိုင်ပါမည်လား။

ရောက်အောင်ပြေးသည်ထားဦး။ ၂၈ ပေသာ အရှည်ရှိသော ရွက်သင်္ဘောကို မိုင် ၅၀ ကျယ်သည့် ပင်လယ်ပြင်ကိုဖြတ်လျက် ရွက်တိုက် ကူးဖြတ်နိုင်လောက်အောင် အားအင်ရှိပါမည်လား။

မိုင်ငါးဆယ်ကျယ်သည့် အဏ္ဏဝါပြင်ကို ကူးဖြတ်ပြီးမှသာ ကြိုတင် ချိန်းချက်ထားခဲ့သော အမေရိကန်အဏ္ဏဝါသုတေသနသင်္ဘောနှင့်တွေ့ပြီး လွတ်မြောက်မှုရနိုင်မည်။

လွတ်မြောက်လိုသည့်ဇောဖြင့် ကိုပလင်က လေးဘက်တွားကာ ထထိုင်ရန် ကြိုးစားလိုက်၏။

ခေါင်းကို တူဖြင့် အထုခံလိုက်ရသလို၊ လက်ဝဲနံစောင်းတွင် မီးစရဲရဲဖြင့် အထိုးခံလိုက်ရသလို ခံစားလိုက်ရသည်။

* ချိုင် = ပင်လယ်ရေပြင်ကြီး၏ လောဏ်မှ လုံခြုံသောကမ်းခြေကွေ့။ ရွှေဝါချိုင်း ပုသိမ်ချိုင်းတို့ကဲ့သို့။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နိုင်သည့်အဆင့်ထိ မရောက်ဘဲ ရေခဲပြင်ပေါ်တွင် လဲကျသွားပြန်သည်။

ဦးခေါင်းနှင့် ဝဲဘက်နံစောင်းတွင်ထိထားသည့် ဒဏ်ရာများမှ သွေးအထွက်များနေသဖြင့် ကိုပလင်မှာ အားနည်းနေ၏။

'ဘယ်လောက်ပဲ အခြေအနေဆိုးနေနေ ရုရှားတွေလက်မှာ ဘယ်နည်းနဲ့မှ အဖမ်းမခံရဘူး၊ အဖမ်းမခံရဘူးဆိုတာ အသက်ရှင်လျက်ဖြစ်စေ၊ အသက်မဲ့လျက်ဖြစ်စေ အဖမ်းမခံရဘူးလို့ပြောတာ'

ဤကား **ခ–ရ–လ** ဌာနစိတ်က ကိုပလင်အား ပေးထားသည့် ညွှန်ကြားချက်။

ခ–ရ–လ ဌာနစိတ်ဆိုသည်မှာ မဟာစစ်ဆင်ရေး စီမံကိန်းလက်အောက်ရှိ ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်ဖြစ်သည်။

'တကယ်လို့ ငါ သေသွားရင်တော့ ငါ့အလောင်းကို ရုရှားတွေ မတွေ့စေရဘူး'

ကိုပလင်က ဤသို့ဆုံးဖြတ်လိုက်ပြီးနောက် ပက်လက်လန် လဲကျနေရင်းက အနီးရှိ နှင်းခဲများကို လက်ဖြင့် ကျုံး၍ ကျုံး၍ယူကာ သူ့ကိုယ်ပေါ်တွင် ဖုံးနေ၏။

'ဒီနှင်းခဲတွေ ငါ့ကိုယ်ပေါ်မှာဖုံးသွားပြီး မကြာခင် **ဒီဘက်နာယား** တောင်စဉ်တန်းရဲ့ တောင်စောင်းမှာ ရေခဲပုံမို့မို့ကလေးတစ်ခု ဖြစ်လာပြီး ငါ့အလောင်းဟာလည်း ရေခဲထဲမှာ ပျောက်ဝင်သွားလိမ့်မယ်'

လှုပ်ရှားမှုကြောင့် တစ်ကိုယ်လုံး နာကျင်လာသည်။ ထို့ကြောင့် ကိုပလင်က နားနေရပြန်၏။

အသံဗလံဆို၍ သူ့အသက်ပြင်းပြင်းရှူနေသံ၊ လေတိုးသံသာ မင်းမူနေသည်။

သူက နားကိုလက်ဖြင့်အုပ်ပြီး အခြားအသံဗလံကို နားစွင့်ကြည့်လိုက်၏။

လေတိုးသံ တဝိုးဝိုးကြားတွင် ခွေးဟောင်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

'အို...ထာဝရဘုရားသခင်'

ကိုပလင်က စိတ်ထဲမှ တမ်းတလိုက်မိသည်။

'ရုရှားတွေရဲ့ စစ်ခွေးတွေက ငါ့ကိုယ်ပူပူနွေးနွေးပဲရှိနေသေးရင် အနံ့ခံလို့ရမှာ သေချာတယ်။

'ငါ့အဖို့ ဘာလုပ်နိုင်တာရှိသေးလို့လဲ'





အရှုံးပေး လက်မြှောက်ချင်သည့်စိတ်က ဖိစီးလာ၏။

သို့ရာတွင် အတွင်းသန္တာန်တွင် ကိန်းအောင်းနေသည့် အနိုင်မခံချင်စိတ်က ထိုသို့ တက်လာပြန်သည်။

'ငါ့ကို ရုရှားတွေက ကြက်ကလေး ငှက်ကလေးကို ဖမ်းသလို ဖမ်းသွားတာကို ဒီအတိုင်းပဲ ငြိမ်ပြီးခံနေရတော့မှာလား'

အမှန်စင်စစ်တော့ ကိုပလင်က ခွန့်ခွန့်စားစား အလုပ်မျိုးကို လုပ်ရန် လေ့ကျင့်ထားသည့် လျှို့ဝှက်ထောက်လှမ်းရေးသမားတစ်ယောက်မဟုတ်။

ဓာတ်သတ္တုဗေဒ ပါမောက္ခတစ်ယောက်သာ။

သူ့စိတ်နှင့် သက်တမ်း ၄၀ ရှိသည့် ခန္ဓာကိုယ်က ကြမ်းကြမ်းတမ်းတမ်း ခံရမ်းရမ်း စစ်ပုံဆေးပုံမျိုးကို တောင့်ခံနိုင်သည့် အရည်အသွေးမရှိ။

သူသာ အသက်နှင့်ခန္ဓာမပြိုလျက် ရုရှားလက်ထဲသို့ ရောက်ခဲ့လျှင် နာရီပိုင်းမျှ ကြမ်းကြမ်းကလေး စစ်ဆေးလိုက်ရုံနှင့် လျှို့ဝှက်ထားခဲ့သမျှ အကုန်အန်ထွက်လာမည်မုချ။

ဒဏ်ရာကြောင့် ခံစားနေရသည့် ဝေဒနာကို အရှုံးပေးရတော့မည်ဟူသော အသိက ဖိစီးလာ၏။

ကိုပလင်က မျက်စိကို စုံးစုံးပိတ်ထားလိုက်မိသည်။

မျက်စိကို ပြန်ဖွင့်ကြည့်လိုက်ချိန်၌ သူ့မြင်ကွင်းတစ်ခုလုံးကို **ရောမ ခေါင်း**ကြီးတစ်လုံးက ဖုံးလွှမ်းနေ၏။

ရုရှားစစ်ခွေးကြီးတစ်ကောင်၏ ခေါင်း။

အနားတွင်ရပ်နေသည့်ခွေးကြီးက လက်မောင်းရင်းအထိပင် လက်မ ၃၀ လောက် မြင့်နေ၏။

စစ်ခွေးကြီးအမွေးက ဖွေးဖွေးဖြူလျက်။

ဟိန်းနေပုံကလည်း ကြောက်စရာ။

ဆိုဗီယက်စစ်သားတစ်ယောက်ကသာ လက်အိတ်စွပ်ထားသည့်လက်ဖြင့် ခွေးကြီးကို ထိန်းမထားလျှင် ကိုပလင်၏ လည်မျိုကို စစ်ခွေးကြီးက ဝါးမျိုလိုက်မည် အမှန်။

စစ်သား၏မျက်နှာအမူအရာက လုပ်ရိုးလုပ်စဉ်တစ်ခုကို လုပ်နေသလို ဘယ်လိုမှ မထူးခြား။

မတ်မတ်ကြီးရပ်ကာ စိုက်၍ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲပြင်ပေါ်တွင် ပက်လက်လဲကျနေသည့် ကိုပလင်အဖြစ်ကို တစ်ဆစ်ကလေးမျှ ကရုဏာသက်ပုံမရ။

ဝဲလက်ဖြင့် ချွေးချည်သည့်သံကြိုးကို ဆွဲထားပြီး ယာလက်ဖြင့် အော်တိုမက်တစ်သေနတ်ကို အသင့်အနေအထားဖြင့်...

ဒူးဆစ်နားထိရောက်သော သားရေဘွတ်ဖိနပ်ရှည်၊ ဂရိတ်ကုတ်အကျီရှည် ...ကြီးကိုဝတ်ထားသည့် ဆိုဗီယက်စစ်သား၏ မျက်နှာက ကြောက်စရာ။

ကိုပလင်တွင်ရရှိထားသည့် ဒဏ်ရာများကို ရုရှားစစ်သားကြီးက အကြင်နာကင်းစွာ ကြည့်နေ၏။

ပြီးမှ သေနတ်ကို ပခုံးထက်တွင်လွယ်လိုက်ကာ ကိုပလင်အား ယာလက်ဖြင့် သူ့ခြေထောက်နားသို့ ဆွဲယူလိုက်သည်။

ကြမ်းကြမ်းတမ်းတမ်း ဆွဲယူခြင်းခံလိုက်ရသောကြောင့် ကိုပလင်၏ ဒဏ်ရာများက အသည်းခိုက်အောင် နာကျင်သွားသည်။

ခြေထောက်နားသို့ရောက်လာသည့် ကိုပလင်၏ ယာလက်ကို ရုရှားစစ်သားကြီးက ကုန်း၍ကိုင်လိုက်ပြီးနောက် ကိုပလင်အား ရေခဲပြင်ပေါ်တွင် တရွတ်တိုက်ဆွဲသွားသည်။

စကားတစ်လုံးမျှ မဟ။

ကိုပလင်အဖို့ တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်နေရ၏။

သို့သော် အမှန်ခင်စစ် ကိုက် ၅၀ လောက်သာ ကွာသည့်ခရီးသို့ ရောက်ခြင်းမျှသာ။

ကျွန်းကလေးပေါ်တွင် ရုရှားကင်းအဖွဲ့ကလေးတစ်ဖွဲ့ ရှိနေလေသည်။

ကိုပလင် ပက်လက်လန် လဲကျနေသည့်နေရာနှင့် ကိုက် ၅၀ လောက်အကွာသို့ အရောက်တွင် နှင်းမှုန်တိုင်းထဲမှ လူတစ်ယောက် ဘွားခနဲပေါ်လာ၏။

ဝေ၍ ဝဲ၍ တဖွားဖွားကျနေသည့် နှင်းမှုန်များအကြားဝယ် မည်သူမည်ဝါဟု ပြောရန်မလွယ်။

သို့သော် သူ့အား ရေခဲပြင်ပေါ်တွင် တရွတ်တိုက်ဆွဲလာခဲ့သည့် ရုရှားစစ်သားကြီးက တုံ့ခနဲရပ်သွားသည်ကိုမူ ကိုပလင် သတိထားလိုက်မိသည်။

တဝိုးဝိုးတိုက်နေသည့်လေထဲတွင် ကြားဖူးနေသည့် အသံတစ်သံ ပေါ်ထွက်လာ၏။

'ပလော့'





သည်အသံအဆုံးတွင် ကြောက်စရာစစ်ခွေးကြီးက ရေခဲပြင်ပေါ်သို့ ခွေခွေလေး လဲကျသွားသည်။

ရုရှားစစ်သားကြီးက ချွေးချည်သည့်သံကြိုးကို ပစ်ချလိုက်ပြီး ပခုံးထက်တွင်လွယ်သည့် သေနတ်ကို အသင့်အနေအထားသို့ရောက်အောင် လုံးပန်းလိုက်၏။

ဤအခိုက်တွင်ပင် စောစောကကြားလိုက်ရသည့် အသံက ဒုတိယအကြိမ်ပေါ်ထွက်လာပြန်သည်။

'ပလော့'

ရုရှားစစ်သားကြီး၏ နဖူးအလယ်တည့်တည့်တွင် အပေါက်ကလေး တစ်ပေါက် ပေါ်လာပြီး ယင်းအပေါက်ကလေးမှ နီနီရွှေးရွှေးသွေးများ ရုတ်ခြည်းပန်း၍ထွက်လာသည်။

ခဏအတွင်းမှာပင် ရုရှားစစ်သားကြီးက အရုပ်ကြိုးပြတ်သလို မတ်တတ်မှ လဲပြိုကျသွားသည်။

'ဘယ်လိုများဖြစ်ကုန်ကြပြီလဲ'

ပျော့ပျော့ကလေးသာ ကျန်တော့သော ကိုပလင်ခေါင်းထဲသို့ မေးခွန်းတစ်ခု ဝင်လာ၏။

ကိုပလင်က ဒူးနှစ်ဖက်ကို ကုန်းရုန်းထောက်လိုက်ကာ ထရန်ကြိုးစားသည် မရ။ လဲနေရာမှ မော့ကြည့်လိုက်သည်။

ခေါင်းစွပ်တစ်ဆက်တည်းပါသည့် နှင်းကာအကျီဝတ်ထားသူက စစ်ခွေးကြီးကို ငုံ့ကြည့်နေသည်။

သူ့အရပ်က ထောင်ထောင်မောင်းမောင်း။ ဥပမိရုပ်ကောင်းကောင်း

အသားရောင်က ဝက်သစ်ချသားလို နီညိုညို။

အာတိတ်ဒေသလို နေရာမျိုး၌ သည်အသားအရောင်က ထူးခြားနေ၏။

ကိုယ်ပုံ လက်ပန်းက ကြံ့ကြံ့ခိုင်ခိုင်။ မာမာတောင့်တောင့်။ ရုတ်တရက်ကြည့်လျှင် ရက်စက်ကြမ်းကြုတ်ပုံရသည်ဟု ထင်ရသည်။

သို့သော် မျက်လုံးအစုံတွင် ကြင်နာသည့် အရိပ်လက္ခဏာများ ပေါ်နေ၏။

မျက်လုံးအရောင်က ပင်လယ်ရေစိမ်းသလို စိမ်းစိမ်း။

စိမ်းစိမ်း စိမ်းသော မျက်လုံးအစုံတွင် နွေးထွေးသည့် အကြင်နာ... မေတ္တာရိပ်များ ယှက်သန်းလျှက်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ကြမ်းနေသလောက် မျက်စိက အကြင်နာလျှမ်းကာ။

လူကြီးက ကိုပလင်ဘက်သို့ လှည့်လိုက်ပြီး ပြုံးလိုက်၏။

'ဒေါက်တာကိုပလင် ထင်ပါတယ်'

အသံက နူးညံ့နေ၏။ ပကတိရိုးသားစွာထွက်ပေါ်လာသည့်အသံ။

လူကြီးက ဤသို့နှုတ်ဆက်လိုက်ပြီးမှ ဆိုင်လင့်ဆာတပ်ထားသည့် ပစ္စတိုကို နှင်းကာအင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

'ဒေါက်တာ့ကို ဆရာဝန်ရှိတဲ့နေရာကို အမြန်ရောက်အောင် ပို့ရမယ်'

လူကြီးက ပြောပြောဆိုဆို ဒူးထောက်ထိုင်လိုက်ပြီး ကိုပလင်ကို ပွေ့ချီကာ ပင်လယ်ရှိရာဘက်သို့ နှင်းထုကိုဖောက်၍ ထွက်လာသည်။

ကလေးကလေးတစ်ယောက်ကို ပွေ့ချီလာသည့်အလား။

'ခင်ဗျား...ဘယ်သူလဲ...ဟင်'

ကိုပလင်က ယဲ့ယဲ့ကလေးသာရှိတော့သော အားကို ဖျစ်ညှစ်၍ မေးလိုက်သည်။

'ကျွန်တော် **ဂျီး--ဂျီးမာတင်**'

'ခင်ဗျား ဘယ်ကလာတာလဲ'

ဂျီးထံမှအဖြေကို ကိုပလင်က မကြားလိုက်တော့။

ရထားသည့်ဒဏ်ရာများမှ သွေးထွက်လွန်ကာ မေ့မြောသွားခဲ့သောကြောင့်ပါတည်း။

[ ၂ ]

**ပန်းခြံပျော်ပွဲစားရုံ**

ကက်ပီတော်လ်လမ်း ဟိုမာဘက်နားတွင် ဖွင့်လှစ်ထားသည့် ပန်းခြံ ပျော်ပွဲစားရုံ၏ ချောင်ကျသည့်စားပွဲတစ်လုံးတွင် ယမကာတစ်ပက်ကို ရေရှည်ဆွဲ၍ သောက်နေသူကား ဂီနီဆီးဂရင်း။

ဂီနီသည် နေ့လယ်စာစားရန် ဇနီးဖြစ်သူ ဒါနာနှင့် ချိန်းဆိုထားသည့်အလျောက် ပန်းခြံပျော်ပွဲစားရုံတွင် စောင့်နေခြင်း။

ခါတိုင်းလိုပင် ချိန်းထားသည့်အချိန်ထက် ဇနီးဖြစ်သူ ဒါနာက နောက်ကျနေသည်။





ဂီနီနှင့် ဒါနာတို့ အိမ်ထောင်သက်က ရှစ်နှစ်အတွင်းရောက်ခဲ့ပြီဖြစ်သည့် တိုင်–

တစ်နေရာရာ တစ်ချိန်ချိန်တွင် ဆုံတွေ့ကြမည်ဟု ချိန်းလိုက်သည့်အခါ တိုင်း ဇနီးဖြစ်သူဒါနာက နောက်ကျ၍နေတတ်သည်မှာ ထုံးစံတစ်ခုလို ဖြစ်နေလေပြီ။

စားပွဲနားသို့ ယောင်ပေ ယောင်ပေလုပ်၍ ကပ်လာသည့် စားပွဲထိုးအား ဂီနီက နောက်ထပ် ယမကာတစ်ပက် ယူလာရန် အချက်ပြလိုက်ရ၏။

မျှော်လင့်သူ မလာရောက်သေးသဖြင့် ဂီနီက ယမကာအသောက်ကလေး ဖော်လျက် အချိန်ဖြုန်းရပေဦးမည်။

ဂီနီက ဒုတိယ ယမကာခွက်ကို နှုတ်ခမ်းနှင့် တေ့ဆက်၍နေချိန်၌ ဒါနာက ပန်းခြံပျော်ပွဲစားရုံအဝသို့ ရောက်လာသည်။

သူမသည် ပျော်ပွဲစားရုံအတွင်းပိုင်းသို့ မျက်စိကစားလိုက်သောအခါ ချောင်ကျကျ စားပွဲတစ်လုံးတွင်ထိုင်နေသည့် ဂီနီ့ကိုတွေ့သွားသဖြင့် စားပွဲများအကြားမှ ကွေ့ကာပတ်ကာ ဂီနီရှိရာသို့ လျှောက်လာခဲ့၏။

ဒါနာက အသက်သုံးဆယ်တွင် တစ်နှစ်စွန်းနေသည့်တိုင် နုတုန်း၊ ပျိုတုန်း၊ လှတုန်း၊ ပတုန်း။

ရွှေရောင်ဆံပင်နှင့် ကော်ဖီညိုရောင်မျက်လုံးတစ်စုံက သူမအလှကို တစ်မျိုးထူးခြားနေစေ၏။

သူမကိုကြည့်ရသည်မှာ ကောလိပ်ကျောင်းသူကလေးတစ်ယောက်လို သွက်လက် ဖျတ်လတ်လျက်။

'စောင့်နေရတာ တော်တော်ကြာသွားပြီလား အစ်ကို'

ဒါနာက ဂီနီနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း စကားဆိုလိုက်၏။

'တိတိကျကျပြောရမယ်ဆိုရင်တော့ ဆယ့်ရှစ်မိနစ်ရှိသွားပြီ'

ဂီနီက လက်မှနာရီကိုကြည့်၍ အဖြေပေးလိုက်၏။

'ဒါနာ နောက်ကျတာ ခွင့်လွှတ်ပါအစ်ကို၊ **ရေကြောင်းဗိုလ်မှူးကြီး ဆန်ခတ်ထာ**က အစည်းအဝေးခေါ်ထားတော့ ဒါနာမှန်းထားတာထက် အချိန်ကြာသွားလို့ပါ'

'ဒီလူကြီးက ဘာလုပ်မလို့ အစည်းအဝေးခေါ်ရတာလဲဟင် ဒီလူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာစိတ်ကူးပေါက်ပြန်ပြီလဲ မသိဘူး'

'ပင်လယ်ရေကြောင်းပြတိုက်တစ်ခု ထောင်မလို့တဲ့၊ ပြတိုက်အတွက် လိုတဲ့ ဘတ်ဂျက်လည်း ခွင့်ပြုချက်ကျနေပြီတဲ့။ ဒါနဲ့ ပင်လယ်ရေကြောင်းနဲ့ဆိုင်တဲ့ ပစ္စည်းတွေ စုဖို့ဆောင်းဖို့ ခေါ်ပြီးပြောနေတာပါ'

'ဘယ်လိုပစ္စည်းမျိုးတွေလဲ ဒါနာ'

ပင်လယ်ထဲမှာ သင်္ဘောမြုပ်ပြီး သံချေးတက်နေတဲ့ပစ္စည်းမျိုးတွေပါ အစ်ကို ဂိုနီ'

စားပွဲနားသို့ကပ်လာသည့် စားပွဲထိုးအား ဒါနာက ယမကာတစ်ပက် ယူလာရန် မှာလိုက်ပြီး–

'နာမည်ကျော် ဘောင်တီသင်္ဘောက ကျောက်ဆူးကြီးတစ်ခွေ၊ လူစီတာ နီးယားသင်္ဘောက အသက်ကယ်အင်္ကျီတစ်ထည်၊ မေနီသင်္ဘောက လေမှုတ်စက် တစ်ခု အဲဒီလိုပစ္စည်းမျိုးတွေလေ'

'ဒီပြတိုက်က အစွန်ထမ်းတွေရဲ့ ငွေတွေကို အကျိုးမဲ့သုံးပစ်မယ့်စီမံကိန်းပဲ'

ယောကျ်ားဖြစ်သူ ဂိုနီဆီးဂရင်း၏ မှတ်ချက်ကြောင့် ဇနီးဖြစ်သူ ဒါနာ၏ မျက်နှာတွင် သွေးရောင်လွှမ်းသွားသည်။

'ဘယ်လိုပြောလိုက်တာလဲ ဂိုနီ'

'သုံးမရတော့တဲ့ တရုတ်ပင်လယ်ကူး ရွက်လှေကြီးတွေ၊ ဘယ်သင်္ဘောကလဲ လို့ တတ်အပ်မပြောနိုင်တဲ့ သံချေးတက်ပစ္စည်း အတိုအစတွေကို မှန်အိမ်ကြီး ထဲမှာထည့်ပြီး ပြရမယ့်အလုပ်ဟာ ငွေဖြုန်းတဲ့အလုပ်ပဲ မဟုတ်လား'

ဂိုနီဆီးဂရင်းက ပျစ်ပျစ်နှစ်နှစ်ပင် ဆက်၍ ဝေဖန်လိုက်၏။

'ရှေးခေတ်ကအသုံးပြုခဲ့တဲ့ လှေတွေ၊ သင်္ဘောတွေ မပျောက်မပျက်ရအောင် ထိန်းသိမ်းထားတဲ့အလုပ်ဟာ လူသားတွေရဲ့ အတိတ်သမိုင်းကို မျက်မှောက်ကာလ နဲ့ ဆက်စပ်ပေးတဲ့အလုပ်ပဲ'

ဒါနာက မျက်ခုံးအစုံကို အပေါ်သို့မြှင့်တင်လိုက်ရင်း...

'ဒီလို အတိတ်နဲ့ မျက်မှောက်ကာလကို ဆက်စပ်ပေးတဲ့ ဗဟုသုတမျိုးကို ရှင့်လိုလူတစ်ယောက်က တန်ဖိုးမထားတတ်ဘူးဆိုတာကတော့ သိပ်ကို နားကျ တာပဲ'

ဒါနာ့အဆိုပြုချက်ကို ဂိုနီက...

'ပင်လယ်ရေအောက်မှာ ရှေးဟောင်းသုတေသန လုပ်နေကျ၊ သုတေသီ





[illegible] သုံးနေကျစကားလုံးကိုသုံးပြီး ပြောလိုက်တာပေါ့လေ...'

လေအေးအေးဖြင့် ထင်မြင်ချက်ပေးလိုက်၏။

ဒါနာက အနိုင်ရသည့်အပြုံးကို ပြုံးလိုက်ပြီး...

'ပင်လယ်ရေအောက် ရှေးဟောင်းသုတေသနဌာနမှာ ရှင့်မိန်းမက အရေးပါ အရာရောက်တဲ့ အရာရှိတစ်ယောက် ဖြစ်နေတာကို ရှင်က သိပ်မကြည်ချင်ဘူး မဟုတ်လား'

'ကျုပ်မကြည်တာက ဒါနာ ပင်လယ်ရေအောက် ရှေးဟောင်းသုတေသန အရာရှိတစ်ယောက် ဖြစ်နေတာကိုမဟုတ်ဘူး၊ ဒီဌာနကလူတွေသုံးနေတဲ့ လမ်းသရဲ စကားလုံးတွေကိုပါ'

'ကိုယ့်အလုပ်ကိုယ့်အကိုင်နဲ့ရှိနေတဲ့ အမျိုးသမီးမှန်သမျှ ကိုယ့်လင် ကိုယ့် ယောကျ်ားကို ဆန့်ကျင်နေရတာဟာ သိပ်ပြီး ခေတ်ဆန်တယ်လို့ ထင်နေကြပုံ ရတယ်'

'ရှင်သာ ခေတ်မဆန်ဘဲနေ၊ ခေတ်မဆန်ရုံမကဘူး၊ ခေတ်နဲ့ အထာကို မကျဘူး၊ ဝါရှင်တန်လို မြို့ကြီးပြကြီးမှာ ငါးနှစ်လုံးလုံးနေလာတဲ့ ရှင်ဟာ...

'ဝတ်ထားတာက ပန်းပဲဖိုက အလုပ်သမားတစ်ယောက်လို၊ ညှပ်ထားတဲ့ ဆံပင်က တောသားတစ်ယောက်လို...

'ကျွန်မတော့ ရှင်နဲ့တွဲပြီးထိုင်ရတာ ရှင်နဲ့တွဲပြီးသွားရတာကိုပဲ ဘဝင်မကျ လှပါဘူးရှင်'

'ကျုပ်လုပ်နေရတဲ့ အလုပ်ကိုလည်း ကြည့်ဦးလေ ဒါနာ၊ ကျုပ်က နိုင်ငံ တော် သမ္မတကြီးရဲ့ မဟာစစ်ဆင်ရေးမှာ အဓိကကျတဲ့နေရာကို ဦးစီးထား ရတော့...

'ကျုပ် ဝတ်ပုံ၊ စားပုံ၊ ဆံပင်ညှပ်ပုံတွေဟာ ဘယ်လိုလုပ်ပြီး ခြောက်ဆယ် ခုနှစ်တစ်ဝိုက်က ဟစ်ပီတွေနဲ့ တူနေနိုင်ပါ့မလဲ'

'ဘုရားသခင်'

ဒါနာက မြည်တမ်းလိုက်ပြီး ခေါင်းကို ခါပစ်လိုက်ရာမှ...

'ကျွန်မဟာ ဘာဖြစ်လို့များ ရေပိုက်တွေကိုဆက်တဲ့ အလုပ်သမား တစ် ယောက်နဲ့ မညားခဲ့တာလဲ။ ဒါမှမဟုတ် အကိုင်းဆက်စိုက်ပျိုးရေးဆရာ တစ် ယောက်နဲ့ ဖူးစာမဆုံခဲ့ရတာလဲ...

'လယ်တော ယာတောမှာ ကြီးပြင်းလာတဲ့ ရူပဗေဒပညာရှင်တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ချစ်ကြိုက်မိခဲ့ရတာလဲဟင်'

'ဒါနာက ကျုပ်ကို တစ်ခါက ချစ်ကြိုက်ခဲ့ဖူးပါတယ်လို့ ပြောလိုက်တဲ့ စကားကို ကြားလိုက်ရတာ အတော်ကို စိတ်ထဲမှာ ကြည်နူးသွားမိတယ် ဒါနာ'

'ဂီနီ ရှင့်ကို တစ်ခါတုန်းကတင် မဟုတ်ပါဘူး၊ ခုလည်း ချစ်နေတုန်းပါပဲ'

ဒါနာ့မျက်ဝန်းတွင် ကြင်နာသည့် မေတ္တာရိပ်များ သန်းလာလေသည်။

'ဂီနီ...ရှင်နဲ့ ကျွန်မတို့နှစ်ယောက်ကြားမှာ မပြေမလည်ဖြစ်ခဲ့ရတဲ့ ကွာဟချက် ချောက်ကမ်းပါးဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှစပြီး ပေါ်ပေါက်လာခဲ့တာပါ'

'ဘယ်လောက်များ မပြေမလည်ဖြစ်ကြမလဲဆိုရင် နေ့လယ်စာစားရင်းတောင် တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆဖြစ်ပြီး ထသွားကြရတဲ့ အဖြစ်မျိုး...

ဒီအဖြစ်မျိုးတွေကို ဘေးဖယ်ထားလိုက်ပြီး ညနေဆိုရင် ရှင်နဲ့ကျွန်မတို့ နှစ်ယောက် တည်းခိုခန်းတစ်ခန်းကိုသွားပြီး ချစ်စခင်စ စုံတွဲသစ်လို အချိန်ဖြုန်းကြရင် မကောင်းဘူးလား။ ကျွန်မတော့ အဲဒီလိုနေချင်တဲ့စိတ်တွေ ပေါက်နေတယ်'

ဒါနာ့စကားကို ဂီနီဆီးဂရင်းက ငြိမ်၍နားထောင်နေပြီးမှ...

'အဲဒီလိုနေဖို့ အစ်ကိုတို့မှာ အချိန်ရကြလို့လား'

ဂီနီဆီးဂရင်းအသံက နူးညံ့လာသည်။ 'ကျုပ်'ဟု ပြောနေရာမှ 'အစ်ကို' ဟု နဂိုအတိုင်း ပြန်ဖြစ်လာသည်။

'အစ်ကိုက သမ္မတကြီးကိုယ်တိုင် ဦးစီးထားတဲ့ မဟာစစ်ဆင်ရေးရဲ့ ဌာနစိတ်တစ်ခုမှာ တာဝန်ခံဖြစ်နေသလို ဒါနာကလည်း ပင်လယ်ရေအောက် ရှေးဟောင်း သုတေသနဌာနမှာ တာဝန်ခံတစ်ယောက် ဖြစ်နေတယ်မဟုတ်လား။

မဟာစစ်ဆင်ရေးဆိုတာကို ဗဟိုထောက်လှမ်းရေးအဖွဲ့ဖြစ်တဲ့ စီအိုင်အေနဲ့ အမျိုးသားလုံခြုံရေးအဖွဲ့ဖြစ်တဲ့ အင်န်အက်စ်အေတို့တောင် နာမည်လောက်ပဲ ကြားဖူးကြတာ၊ ပြည်သူလူထုဆိုရင်တော့ ဝေးရော။

ဒီစစ်ဆင်ရေးအတွက် သမ္မတကြီးက အစ်ကိုနဲ့ အစ်ကို့လက်ထောက် မစ္စတာရော်ဂျာကို အချိန်မရွေး ခေါ်တွေ့နိုင်သလို အစ်ကိုတို့ကလည်း သမ္မတကြီးဆီကို နေ့မှာရော ညမှာပါ ဘယ်အချိန်မဆို ဝင်ပြီးတွေ့နိုင်ခွင့်ပေးထား





...တော့ ဒီလောက်ကြီးလေးတဲ့ တာဝန်ကြီးကို...'

...ဆီးဂရင်းက စကားကို တစ်ပိုင်းတစ်စဖြတ်ထားလိုက်၏။

'...ပြန်ပြီ ဒီတာဝန်ကြီးဆိုတဲ့ စကားကြီး'

...အသံက ရူးရူးရှရှ ပေါ်ထွက်လာသည်။

'ဒီတာဝန်ကြီးကြောင့် ရှင်နဲ့ကျွန်မတို့ အိမ်ထောင်ရေးမှာ အသင်မပြေမှု ...လာခဲ့ရတယ်။ ခုတော့ ဒီအဆင်မပြေမှုဟာ ရှင်နဲ့ကျွန်မကြားမှာ ချောက် ...ကြီးတစ်ခုလို ခြားနေပြီ၊ သိလား။

ရှင်နဲ့ကျွန်မဟာ ကျွန်မတို့အိမ်ထောင်ရေးကို ပြန်ပြီး အဖတ်ဆည်နိုင်မယ့် ...နည်းပဲရှိတယ်။

ဒီနည်းကတော့ ရှင်ရော ကျွန်မပါ ခုယူထားရတဲ့ တာဝန်ပိနေတဲ့အလုပ် ...ထွက်လိုက်ဖို့ပဲ။ ဒီလိုထွက်လိုက်ပြီး ကျွန်မတို့ အရင်လုပ်ခဲ့တဲ့ စာသင် ...အလုပ်ကိုပဲ လုပ်ကြရအောင်လား။

ရှင်က ရူပဗေဒနဲ့ ဒေါက်တာဘွဲ့ရတဲ့သူ၊ ကျွန်မက ရှေးဟောင်းသုတေသန ...နဲ့ ဒေါက်တာဘွဲ့ရခဲ့သူ။

ကျွန်မတို့ရဲ့ အတွေ့အကြုံ၊ ကျွန်မတို့ရမယ့် ထောက်ခံစာတွေနဲ့ ဘယ် ...တက္ကသိုလ်ပဲသွားသွား စာပြတဲ့အလုပ်တော့ ရမှာသေချာတယ်။

ရှင်နဲ့ကျွန်မ စတွေ့ကြရတာလည်း တက္ကသိုလ်တစ်ခုထဲမှာပဲ မဟုတ်လား။ အဲဒီတုန်းက ရှင်နဲ့ ကျွန်မတို့ရဲ့ဘဝဟာ ဘယ်လောက်များ ပျော်စရာကောင်းသလဲ'

ဒါနာ၏ ရှည်ရှည်ဝေးဝေး ဖျောင်းဖျချက်ကို ဂီနီက စကားတစ်ခွန်းတည်းဖြင့် ငြင်းပယ်လိုက်၏။

'မဖြစ်နိုင်ပါဘူး ဒါနာရယ်၊ ခုမှတော့ ဘယ်လိုမှ ခုလုပ်နေတဲ့အလုပ်က ထွက်လို့မဖြစ်နိုင်တော့ဘူး'

'ဘာဖြစ်လို့'

ဒါနာ့အမေးကို ဂီနီက ရုတ်တရက် အဖြေမပေး။ ဒါနာကလည်း ထပ်၍ စကားမဆိုမိ။ နှစ်ဦးသား ငိုက်လျက်...

ဂီနီဆီးဂရင်း၏အာရုံထဲတွင် လွန်ခဲ့သည့်ရက်သတ္တပတ် သုံးပတ်က သမ္မတကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ရပုံကိုသာ မြင်ယောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးကိုယ်တိုင်ဦးစီးသည့် 'မဟာစစ်ဆင်ရေးတွင်' ဌာနမိတ်တစ်စိက် ရှိသည်။

ယင်းဌာနမိတ်က ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်။

ဤဌာနစိတ်ကို ကြီးမှူးရသူက မိမိ ဂိနီဆီးဂရင်း။

မစ္စတာရော်ဂျာက ဂိနီလက်ထောက်။

'မဟာစစ်ဆင်ရေး' လက်အောက်ရှိ ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်တွင် သမ္မတကြီးကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ဖွဲ့စည်းသည့် သိပ္ပံပညာရှင်များ ပါဝင်သည်။

ဤဌာနစိတ်သည် မဟာစစ်ဆင်ရေးအဖွက် အဓိကအရေးကြီးသည့် ဘိုင်ဇမ်နီယံ Byzanium သတ္တုကို အထူးလျှို့ဝှက်စွာ ရှာဖွေစုံစမ်းနေရုံမက သိပ္ပံနည်းနာများဖြင့် ဖော်ထုတ်စပ်ဟပ် ရယူနိုင်ရန်လည်း လုံးပန်းလျက်ရှိသည်။

အလွန်အဖိုးတန်သော ဘိုင်ဇမ်နီယံသတ္တုကိုသာ ရရှိမည်ဆိုပါက ယနေ့ ၁၉၈၇ ခုနှစ်တွင် ပေါ်ပေါက်နေသည့် သိပ္ပံစက်မှုလုပ်ငန်းများထက် အနှစ်နှစ်ဆယ် သုံးဆယ်စော၍ တိုးတက်ထူးခြားသည့် သိပ္ပံစက်မှုလုပ်ငန်းများနှင့် စစ်လက်နက် ဆန်းများကို ပြုလုပ်လာနိုင်ကာ...

အမေရိကန်ပြည်ထောင်စုကြီးအား မည်သည့်လက်နက်နိုင်ငံကမှ ပြိုင်ဆိုင်တိုက်ခိုက်၍ အနိုင်ရတော့မည် မဟုတ်တော့။

သို့သော် ခက်နေသည်က ဘိုင်ဇမ်နီယံသတ္တုကို ရှာဖွေ၍ မတွေ့နိုင်သေးခြင်း။

သည်ထက်ပို၍ ခက်နေသည်မှာ မဟာစစ်ဆင်ရေးကို လျှို့ဝှက်ဦးစီးနေသည့် သမ္မတကြီး၏သမ္မတသက်တမ်းက လာမည့် ၁၈ လအတွင်းတွင် ဒုတိယအကြိမ်မြောက် စေ့ရောက်လာတော့မည့်အရေး။

သမ္မတကြီးသည် သမ္မတရွေးကောက်ပွဲတွင် နှစ်ကြိမ်ဆက်၍ အရွေးခံအနိုင်ရခဲ့ခြင်းဖြစ်ရာ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေအရ သမ္မတကြီးသည် တတိယအကြိမ်ဆက်၍ အရွေးခံနိုင်ခွင့် မရှိတော့ခြင်းပင်။

သို့ဖြစ်၍လည်း ၁၈ လအတွင်း ဘိုင်ဇမ်နီယမ်သတ္တုကို ရှာဖွေတွေ့ရှိရယူနိုင်ရန် သမ္မတကြီးက ဂိနီဆီးဂရင်းခေါင်းဆောင်သည့် ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်အား ညွှန်ကြားထားခဲ့ခြင်း မဟုတ်လား။

ဂိနီဆီးဂရင်းက သမ္မတကြီးရှေ့မှောက်တွင် မိမိအစီရင်ခံခဲ့ပုံကို ဆက်၍





မြင်ယောင်နေ၏။

သမ္မတကြီးရှေ့ရှိ စားပွဲတွင် ကောင်းကင်ကရိုက်ယူလာခဲ့သည့် ဓာတ်ပုံများကို ဂိနီက ချပြလိုက်ပြီး...

'ဟောဒီမှာ မင်နီနဲ့ဝိုင်းပြထားတဲ့ နေရာတွေဟာ နိုဗာယာဇမ်မလာကျွန်းရဲ့ အထက်ဘက်မှာရှိတဲ့ တောတောင်ဒေသတွေ ဖြစ်ပါတယ်ခင်ဗျာ။

နိုဗာယာဇမ်မလာကျွန်းဟာ ရုရှားပြည်မကြီးရဲ့ မြောက်ဘက်အရပ်မှာ ရှိပါတယ်ခင်ဗျာ။

'ကျွန်တော်တို့ရဲ့ ထောက်လှမ်းရေးဂြိုဟ်တုတွေက သတင်းပို့ချက်တွေကို စုစည်းပြီး စစ်ဆေးကြည့်လိုက်တော့ ခု မင်နီနဲ့ဝိုင်းထားတဲ့ နေရာတွေမှာ ကျွန်တော်တို့ သိပ်လိုချင်နေတဲ့ ဘိုင်ဇမ်နီယံသတ္တု တွေ့နိုင်လောက်တယ်လို့ အဖြေထွက်လာပါတယ်။ ဒါပေမယ့် တွေ့နိုင်မယ့် သတ္တုအခြေအနေကတော့ သိပ်ပြီး နည်းမယ့်လက္ခဏာ ရှိနေပါတယ်'

ဂိနီဆီးဂရင်း၏ အစီရင်ခံချက်အဆုံးတွင် သမ္မတကြီးက တောက်တစ်ချက် ခေါက်လိုက်ပြီး...

'ကျုပ်တို့အဖို့ လိုချင်တဲ့ပစ္စည်းကလေး ထောက်လှမ်းလို့ရလာပြီဆိုရင် အဲဒီပစ္စည်းဟာ ဆိုဗီယက်ယူနီယံ၊ ဒါမှမဟုတ် ကျုပ်တို့ လက်ဖျားနဲ့မှတို့လို့မရတဲ့ ဒေသတွေမှာချည်း ဖြစ်နေတာ ခက်သဗျာ'

ဂိနီဆီးဂရင်း၏ လက်ထောက်ဖြစ်သူ ရော်ဂျာဘက်သို့ သမ္မတကြီးက လှည့်လိုက်ကာ–

'ကမ္ဘာကြီးဟာ အကျယ်ကြီးပါဗျာ၊ ခင်ဗျားတို့ပြောတဲ့နေရာတွေကလွဲလို့ ဘိုင်ဇမ်နီယံသတ္တု တွေ့နိုင်တဲ့နေရာ မရှိတော့ဘူးလား'

မစ္စတာရော်ဂျာက ခေါင်းခါလိုက်ပြီး...

'မရှိတာ အမှန်ပါပဲခင်ဗျာ၊ ၁၉၀၂ ခုနှစ်မှာ အလက်ဇန္ဒာဘီစလီဆိုတဲ့ သိပ္ပံပညာရှင်ကြီးဟာ ဘိုင်ဇမ်နီယံသတ္တုရှိနေတယ်ဆိုတာကို ဖော်ထုတ်ကြေညာခဲ့ပါတယ်ခင်ဗျာ။

အဲဒီလိုကြေညာခဲ့တဲ့ အချိန်ကစပြီး ဘူမိဗေဒပညာရှင်တွေဟာ နေရာအနှံ့ ဒီသတ္တုကို လိုက်ရှာခဲ့ကြပါတယ်။ ဒါပေမဲ့ ဘယ်သူမှ ဒီသတ္တုကို မြောက်မြောက် မြားမြား မတွေ့ခဲ့ကြသေးပါဘူးခင်ဗျာ။ ဒါ ကျွန်တော်တို့သိရသလောက် အစီရင်ခံရခြင်း ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဂီနီဆီးဂရင်းက ကြားဝင်ကာ…

'ဘိုင်ဇမ်နီယံသတ္တုရဲ့ ရှေးယိုဖောင်းကြွမှုဟာ အင်မတန်ပြင်းထန်တဲ့အတွက် ကမ္ဘာ့တိုက်ကြီးတွေပေါ်မှာ ဒီသတ္တုနည်းနည်းပဲ တွေ့ရပါတော့တယ် ခင်ဗျာ'

'ခင်ဗျားတို့ သိပ္ပံပညာရှင်တွေဟာ ဒီသတ္တုကို သိပ္ပံနည်းနဲ့ ဖော်စပ်ယူလို့ မရနိုင်ဘူးလား'

'ကျွန်တော်တို့စမ်းသပ်ဖော်စပ်ခဲ့ပြီးပါပြီ သမ္မတကြီးခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ သိပ္ပံနည်းနဲ့ဖော်စပ်လို့ရတဲ့ ဘိုင်ဇမ်နီယံသတ္တုဟာ နှစ်မိနစ်တောင် မခံဘဲ ဓာတ်ပျက်သွားပါတယ်ခင်ဗျာ'

'ဒါဖြင့် ဒီသတ္တုကိုရအောင်…'

သမ္မတကြီးက ဂီနီနှင့် ရော်ဂျာတို့နှစ်ဦးကို တစ်လှည့်စီကြည့်နေသည်။

'ဒီသတ္တုရအောင် စောစောက ကျွန်တော်တင်ပြတဲ့နေရာကို သိပ္ပံပညာရှင်တစ်ယောက် စေလွှတ်ပြီး…'

ဂီနီ့စကားမဆုံးမီ သမ္မတကြီးက–

'ဒီကိစ္စအတွက် ကျုပ်က ဘာလုပ်ပေးရမလဲ ဗျ'

'ဒီသတ္တုမျိုး ရှိ၊မရှိ လက်တွေ့စုံစမ်းဖို့အတွက် သိပ္ပံပညာရှင်တစ်ယောက် စေလွှတ်နိုင်အောင် သမ္မတကြီးရဲ့ ခွင့်ပြုချက် ပထမရရှိဖို့လိုပါတယ်'

'ဒုတိယလိုအပ်တဲ့ ရန်ပုံငွေကို ထုတ်ပေးဖို့ ဖြစ်ပါတယ်'

'တတိယက အမျိုးသား ပင်လယ်ရေအောက် သုတေသနအဖွဲ့ရဲ့ အကူအညီရဖို့အတွက် သမ္မတကြီးက အမိန့်ထုတ်ပေးဖို့ ဖြစ်ပါတယ်'

သမ္မတကြီးသည် ခဏမျှစဉ်းစားလိုက်ပြီး…

'ပထမနဲ့ ဒုတိယအချက်ကတော့ ဟုတ်ပါပြီ၊ တတိယအချက်ဖြစ်တဲ့ နူးမား * Numa ရဲ့ အကူအညီက ဘာကြောင့်လိုမှာလဲ'

'ဒါက ဒီလိုပါ သမ္မတကြီး၊ ကျွန်တော်တို့က ရုရှားပိုင်နက်ထဲကို ဓာတ်သတ္တုဗေဒ ကျွမ်းကျင်တဲ့ သိပ္ပံပါရဂူတွေကို စေလွှတ်ရမှာဖြစ်တော့ ရုရှားတွေအမြင်မှာ ကျွန်တော်တို့ဟာ နူးမားအဖွဲ့က ပင်လယ်ရေအောက် သုတေသန လုပ်ငန်း လုပ်နေတယ်လို့ ထင်ရအောင်လို့ပါ'

---

* နူးမား = အမျိုးသား ပင်လယ်ရေအောက် သုတေသနအဖွဲ့။





'ကောင်းပြီ…ရစေမယ်၊ ဒါဖြင့် ဒီသတ္တု ကျုပ်တို့လက်ထဲ အရောက် သယ်ဆောင်လာနိုင်ရင် စမ်းသပ်တဲ့အချိန်၊ တည်ဆောက်တဲ့အချိန်နဲ့ နယ်စပ်တစ်လျှောက်မှာ ဒီလက်နက်တွေ တပ်ဆင်ရမယ့်အချိန် စုစုပေါင်း ဘယ်လောက် ကြာမလဲ'

'ဆယ့်ခြောက်လနဲ့ တစ်ပတ်တိတိပဲ ကြာမှာပါ'

သမ္မတကြီး၏ အမေးကို ဂီနီဆီးဂရင်းက မဆိုင်းမတွပင် အဖြေပေးလိုက်၏။

'ဟုတ်ပြီ၊ ဘိုင်ဇမ်နီယံသတ္တုနဲ့ လုပ်ထားတဲ့ ကာကွယ်ရေးလက်နက်တွေဟာ ဘယ်လောက်အထိ အစွမ်းထက်မှာလဲ'

'နယ်စပ်တွေမှာ တပ်ဆင်ထားတဲ့ ဒီကာကွယ်ရေးလက်နက်တွေကို ဘယ်လောက်လှမ်းရေးဂြိုဟ်တုကမှ ထောက်လှမ်းလို့ မရနိုင်သလို နယ်စပ်က လယ်သမားတစ်ယောက်ကလည်း သူနဲ့ ထရံတစ်ချပ်သာခြားတဲ့နေရာမှာ တပ်ဆင်ထားတဲ့ ဒီလက်နက်ကိရိယာကို သာမန်ပစ္စည်းကလေးတစ်ခုလို့ ထင်နေလောက်အောင်ကို လျှို့ဝှက်တဲ့လက်နက် ဖြစ်ပါတယ်'

'ကောင်းပြီ၊ ခင်ဗျားတို့လိုတာ ရစေရမယ်၊ မဟာစစ်ဆင်ရေးကို ကျုပ်တို့လုပ်လာတာ ခုဆို ငါးနှစ်ရှိပြီ၊ ဘိုင်ဇမ်နီယံသတ္တုအတွက် အခက်အခဲတွေ့နေရလို့ ဒါလောက်ကြာနေတာ၊ ကဲ…ဆက်လုပ်'

ဂီနီဆီးဂရင်းနှင့် ရော်ဂျာတို့က ကုလားထိုင်မှထရန် ဟန်ပြင်လိုက်စဉ် သမ္မတကြီးက မတ်တတ်ရပ်ပြီးဖြစ်နေကာ တစ်ဖက်သို့ထွက်သွားရန် ဟန်ပြင်ရင်း လက်ကိုမြှောက်၍ နှုတ်ဆက်သွားသည်။

အိမ်ဖြူတော်မှ အပြန်လမ်းတွင် ကားမောင်းနေသော ဂီနီဆီးဂရင်းအားဘေးမှထိုင်လိုက်လာသည့် လက်ထောက်အရာရှိရော်ဂျာက စကားစ၍ ဆိုလိုက်သည်။

'လွန်ခဲ့တဲ့ ဆယ့်ငါးရက်က **ကိုပလင်**ကို ကျွန်တော်တို့ **နီတာယာစစ်ထောက်ကျွန်း** အထက်ဘက်မှာရှိတဲ့ **ဘက်နာယား** တောင်စဉ်တန်းတွေဆီကို ဘိုင်ဇမ်နီယံသတ္တုအရှာလွှတ်ထားခဲ့တယ်ဆိုတာ သမ္မတကြီးသာသိရင် ဘယ်လိုပြောမယ်မသိဘူး'

မစ္စတာရော်ဂျာ၏စကားကို ဂီနီဆီးဂရင်းက အေးတိအေးစက်နားထောင်သည်…

'နူးမားက ကျုပ်တို့ရဲ့ဒေါက်တာကိုပလင်ကို အသက်နဲ့ကိုယ်မြဲပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



မခေါ်လာနိုင်ဘဲ ကိုပလင်ရဲ့အလောင်းကိုသာ ရှာရှာတွေ့တွေ့သွားရင် ကျုပ်တို့အဖို့ သမ္မတကြီးရှေ့မှောက်မှာ ပြေးပေါက်ရှိတော့မှာ မဟုတ်ဘူးဗျို့'

**'ဘာဖြစ်လို့ အလုပ်က မထွက်နိုင်ရတာလဲ ဂီနီ'**

ဒါနာ့အမေးကို ဒုတိယအကြိမ် ကြားလာရတော့မှ ဂီနီက မိမိ ပန်းခြံပျော်ပွဲစားရုံအတွင်းသို့ ရောက်နေကြောင်း ပြန်၍ သတိထားမိလာ၏။

ထို့ကြောင့် ခနီးဖြစ်သူ ဒါနာ့အမေးကို...

'အစ်ကိုက အင်မတန်အရေးကြီးတဲ့ စီမံကိန်းတစ်ခုမှာ အဓိက ခေါင်းဆောင်မှု ပေးနေရတဲ့လူတစ်ယောက် ဖြစ်နေလို့ပါ'

ပြေရာပြေကြောင်း အဖြေပေးလိုက်ရသည်။

ဒါနာက မကျေနပ်သံဖြင့်...

'လွန်ခဲ့တဲ့ ငါးနှစ်ကစပြီး စီမံကိန်းမှန်သမျှ အင်မတန်အရေးကြီးနေတာချည်းပဲ။ ဒီတော့ အစ်ကို့စီမံကိန်းကလည်း အင်မတန်အရေးကြီးနေတယ်ဆိုတာ မဆန်းတော့ပါဘူး။

ဆန်းတာက ဒါနာတို့တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ဟာ တာဝန်ပိနေတာကြောင့် ပျက်ရတော့မလိုလိုဖြစ်နေတဲ့ကိစ္စပဲ။ အစ်ကိုသာ ခုအလုပ်က ထွက်လိုက်မယ်ဆိုရင် ဒါနာလည်း ဒါနာ့လက်ရှိအလုပ်က ထွက်ဖို့အသင့်ပဲ။

ကျွန်မတို့ အိမ်ထောင်ရေးဟာ ဒီဝါရှင်တန်က ထွက်သွားမှ တည်မြဲလိမ့်မယ်ဆိုတာ ဒါနာ အပြတ်ပြောရဲတယ်'

'အစ်ကိုကတော့ အနည်းဆုံး တစ်နှစ်လောက်တော့ ဆက်လုပ်ရလိမ့်ဦးမယ် ဒါနာ'

'တစ်နှစ်မပြောနဲ့၊ နောက်တစ်လလောက်ဆိုရင်တောင် အခြေအနေ ပိုဆိုးသွားစရာရှိတယ်ရှင့်'

'အစ်ကိုက ဘယ်လိုမှ ခုအချိန်မှာ နုတ်ထွက်လို့မရနိုင်တဲ့ တာဝန်ကိုယူထားပြီးဖြစ်နေလို့ပါ ဒါနာ၊ အခြေအနေက အစ်ကို့ကို ဘယ်လိုမှ နုတ်ထွက်ခွင့်ပေးမှာမဟုတ်ဘူး။

အင်မတန်အရေးကြီးပါတယ်ဆိုတဲ့ ပဟေဠိဆန်တဲ့ စီမံကိန်းကြီးတွေက ဘယ်တော့မှ လုပ်လို့ပြီးမှာမဟုတ်ပါဘူး၊ အစ်ကိုဟာ လွတ်လပ်တဲ့လူတစ်ယောက်မဟုတ်တော့ဘဲ အိမ်ဖြူတော်ရဲ့ အသုံးတော်ခံ ကိရိယာတစ်ခုဘဝကို ရောက်နေပြီ။

ဒါက ဒါနာ...အစ်ကို ဘာတာဝန်ယူထားပြီး ဘာရည်ရွယ်ချက်နဲ့ လုပ်နေ





တယ်ဆိုတာ မသိလို့ ပြောတဲ့စကားပါ'

'ဘယ်လောက်ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ဘယ်လိုတာဝန်မျိုးကို ယူထားယူထား ဒါနာတော့ အစ်ကို့ကို ခုလုပ်နေတဲ့အလုပ်က ထွက်လိုက်စေချင်တယ်။ အတိုင်းသာဆိုရင် ဒါနာတို့အိမ်ထောင်ရေးဟာ...'

'ဒါနာ ခု အစ်ကိုယူထားရတဲ့ တာဝန်က နိုင်ငံတော်အတွက်ပါ၊ အင်မတန်မြင့်မြတ်တဲ့ရည်ရွယ်ချက်လည်း ရှိနေပါတယ်။ ဒါနာသဘောပေါက်အောင် အစ်ကိုက ရှင်းပြောပိုင်ခွင့် မရှိတာကိုတော့ ခွင့်လွှတ်ပါ ဒါနာ'

'မဟာစစ်ဆင်ရေးဆိုတဲ့ စကားလုံးကို ဒါနာ့ကိုပြောမိတာတောင် အစ်ကို့အတွက် အလွန်ကြီးဖြစ်နေပြီ။ ဒါပေမဲ့ ဒါက စီမံကိန်းကြီးတစ်ရပ်ကို ပေးထားတဲ့ စကားဝှက်ဖြစ်နေလို့တစ်ကြောင်း၊ ဒါနာ အစ်ကို ဘာလုပ်နေရတယ်ဆိုတာ အရိပ်အမြွက်လောက် သိထားစေချင်လို့တစ်ကြောင်း။

နောက်ပြီး ဒါနာဟာ နှုတ်အင်မတန်လုံတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်တယ်ဆိုတာ အစ်ကိုသိထားလို့လည်း တစ်ကြောင်း၊ အဲဒီစကားဝှက်ကို ထုတ်ပြောခဲ့တာပါ ဒါနာ'

ဒါနာ၏လှသည့်မျက်ဝန်းအစုံတွင် ပုလဲရည်ငွေ့ဥကလေး စုစပြုလာသည်။

'ဘာပဲဖြစ်ဖြစ် ဒီအလုပ်က ထွက်လိုက်ပါအစ်ကို၊ အစ်ကို့နေရာမှာ အစ်ကို့လက်ထောက် မစ္စတာရော်ဂျာကို တာဝန်လွှဲပေးခဲ့ရင်လည်း ဖြစ်နိုင်တာပဲမဟုတ်လား ဟင်'

ဂီနီက ခေါင်းကို ခပ်လေးလေး ခါယမ်းလိုက်ပြီး...

'ဘယ်လိုမှ မဖြစ်နိုင်ဘူး ဒါနာ၊ ဒီစီမံကိန်းက အစ်ကို ကိုယ်တိုင်ရေးဆွဲတင်ပြခဲ့တဲ့ စီမံကိန်း၊ စီမံကိန်းမအောင်မြင်သေးဘဲနဲ့ အစ်ကို ဘယ်လိုလုပ်ပြီး အလုပ်က နုတ်ထွက်သွားနိုင်မှာလဲ'

စားပွဲထိုးက အနားသို့ချဉ်းကပ်လာကာ နေ့လယ်စာအတွက် ဘာမှာမှာပါမည်လဲဟု အမေးရှိလာသည်။

ဒါနာက ခေါင်းကို ခပ်သွက်သွက် ခါပစ်လိုက်၏။

'ကျွန်မတော့ ဆာကို မဆာဘူး'

ပြောပြောဆိုဆို ဒါနာက ထိုင်ရာမှ ထလိုက်ပြီး ဂီနီ့ကို ငုံ့ကြည့်လိုက်ကာ...

'ရှင်ကော ညနေစာကို အိမ်မှာပြန်စားမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က မိုးကြီးချုပ်တဲ့အထိ ရုံးမှာ အလုပ်လုပ်ရဦးမယ် ဒါနာ'

မျက်ဝန်းထဲတွင် စောစောကစနေသည့် ပုလဲရည်ငွေဥကလေးများက ဒါနာ့ ပါးပြင်ပေါ်သို့ အပြိုင်အဆိုင်လှ၍ ပြေးဆင်းလာကြ၏။

'ရှင်က ရှင်လုပ်နေတဲ့အလုပ်ကိုမှ သိပ်ပြီး အဟုတ်ကြီးထင်နေရင်လည်း ဆက်လုပ်ပေါ့'

ဒါနာက နှစ်ယောက်ကြားရုံလောက် ပြောလိုက်သည်။

'ဒီလိုလုပ်တဲ့အတွက် ရှင့်အဖို့ အကျိုးကြီးတွေ တစ်ပုံတစ်ခေါင်းရလာမှာ သေချာတယ်'

ဒါနာက ဂီနီ့ကို ကျောခိုင်းပစ်လိုက်ကာ ပန်းခြံပျော်ပွဲစားရုံထဲမှ ခြေသံ ခပ်ပြင်းပြင်းနှင့်၍ ထွက်လာခဲ့လေသည်။

[ ၃ ]

'ကျုပ်က အမေရိကန်တစ်ယောက်လို တွေးတယ်၊ အင်္ဂလိပ်တစ်ယောက်လို အရက်သောက်တယ်၊ အီတာလျံတစ်ယောက်လို ကားမောင်းတယ်၊ နေတော့ ပြင်သစ်တစ်ယောက်လိုနေတယ်။

ဒီလိုနေထိုင်သွားလာ စားသောက်နေတယ်ဆိုတာ ဘာကြောင့်လဲ၊ မောင်ရင် နားလည်ရဲ့လား'

'မလည်ပါဘူး ဗိုလ်ကြီး'

ထောက်လှမ်းရေးဗိုလ်ကြီး **အင်ဒရီပရက်လော့**၏ မေးခွန်းကို ဗိုလ်ကြီး၏ ကိုယ်ရံတော် ဗိုလ်ဖြစ်သူ **ပေဗယ်မာဂနင်**က ရှက်သွေးဖြာသည့်မျက်နှာ၊ တုန်ယင် သည့်အသံဖြင့် အဖြေပေးလိုက်သည်တွင်...

ဗိုလ်ကြီးအင်ဒရီက...

'အမေရိကန်လိုတွေး၊ အင်္ဂလိပ်လိုသောက်၊ အီတာလျံလိုမောင်း၊ ပြင်သစ် လိုနေနေတာဟာ ရန်သူ့အကြောင်းကိုသိအောင်လို့ပဲ၊ ဒါ မောင်ရင် မြဲမြဲမှတ်ထား'

'ထောက်လှမ်းရေးသမားတစ်ယောက်ရဲ့ သော့ချက်က ဘာလဲ။

ကိုယ့်ရန်သူအကြောင်းကို ကိုယ်က သူသိနေတာထက် ပိုသိအောင်လုပ်ဖို့ ဗျ။ ဒီလိုသိပြီးတဲ့နောက် ရန်သူက ကိုယ့်အပေါ် လက်တင်ဖို့ အချိန်မရခင် ကိုယ်က သူ့အပေါ် လက်ဦးမှုရလိုက်ဖို့ပဲ'





ဗိုလ်ကြီးအင်ဒရီ၏စကားကို ဗိုလ်မာဂနင်က...

'ခု ဗိုလ်ကြီးရှတ်ပြတဲ့စာပိုဒ်ဟာ ရဲဘော်ကြီး ရှုတက်စကီရဲ့ မိန့်ခွန်းထဲက ကောက်နုတ်ချက်ပဲလား ဗိုလ်ကြီး'

ဗိုလ်ကြီး အင်ဒရီက စိတ်ပျက်သည့်အမူအရာဖြင့် ပခုံးနှစ်ဖက်ကို တွန့် လိုက်ပြီး...

'မင်းကလည်း တုံးပါကွာ၊ ကျုပ်က ခရစ်ယာန် သမ္မာကျမ်းစာထဲက စာပုဒ်တစ်ပုဒ်ကိုဖျက်ပြီး ရှတ်ပြလိုက်တာ'

လက်ကြားတွင်ညှပ်ကာ ဝင်စတန်စီးကရက်ကို ဗိုလ်ကြီးအင်ဒရီက မှိုက်ရှူ လိုက်ပြီး အငွေ့ကို နှာခေါင်းပေါက်မှ မှုတ်ထုတ်ပစ်လိုက်သည်။

ပြီးမှ ဖန်ခွက်လှလှကလေးထဲတွင် အသင့်ငှဲ့ထားသည့် ဘုံဘောရှင်ကို တစ်ကျိုက်ကျိုက်လိုက်ကာ...

'အနောက်နိုင်ငံသားတွေရဲ့ နေထိုင်၊ စားသောက်၊ လှုပ်ရှားပုံတွေကို လေ့လာ ထားစမ်းပါ ရဲဘော်။

သူတို့ဆီက ကျုပ်တို့ သင်ယူစရာတွေ အများကြီးရှိတယ်။ သူတို့ဆီက သင်မယူဘူးဆိုရင်တော့ ကျုပ်တို့ရဲ့ရည်မှန်းချက်ဟာ ပျက်သွားရတော့မှာပဲ'

ဗိုလ်ကြီးအင်ဒရီက ဩဝါဒပေးလိုက်ပြီးနောက် စားပွဲပေါ်သို့ရောက်နေသည့် ဗိုင်ကို ကောက်ကိုင်လိုက်သည်။

ထောက်လှမ်းရေး ဗိုလ်ကြီးအင်ဒရီက အမေရိကန် ရုပ်ရှင်ကားများထဲတွင် မကြာခဏတွေ့ရသည့် ရုရှားထောက်လှမ်းရေးသမားများနှင့် လားလားမျှမတူ။

အင်ဒရီတွင် ကျွဲရိုင်းတစ်ကောင်၏ပခုံးမျိုး မရှိသလို ခေါင်းကို ပြောင် အောင်ရိတ်ထားခြင်းလည်း ကင်း၏။

ကိုယ်ခန္ဓာက ယောကျ်ားပီပီသသ၊ အချိုးအစားကျသည်၊ လူချောလူလှ တစ်ယောက်ဟုပင် ဆိုနိုင်သည်။

ဆံရှည်ရှည်ကို သေသပ်စွာဖြီးသင်လျက်၊ နှုတ်ခမ်းမွေးကို မရှည်လွန်း မတိုလွန်းအောင် တယုတယမွေးလျက်၊ ပြုစုလျက်။

မော်စကိုမြစ်ကို လှမ်း၍မြင်နိုင်သည့်အိမ်ခန်း။

အိမ်ခန်းကိုလည်း လှပဆန်းကြယ်စွာ တန်ဆာဆင်ထားသည်။

စီးသည့်ကားကလည်း အီတလီနိုင်ငံလုပ် ပြိုင်ကား။

ပြိုင်ကားက လိမ္မော်ရောင်။



www.burmeseclassic.com

www.burmeseclassic.com



ခိမ်ခံတိုက်ခန်းတွင်နေကာ အီတလီပြိုင်ကားကိုစီးလျက် အနောက်နိုင်ငံသား အင်္ဂလိပ် အမေရိကန်များကဲ့သို့ စားသောက်နေထိုင် ဝတ်စားဆင်ယင်နေသည့် ဗိုလ်ကြီးအင်ဒရီအား အထက်လူကြီးများက မျက်စိစပါးမွေးစူးကြသည်က အမှန်။

သို့ရာတွင် ဗိုလ်ကြီးအင်ဒရီက အလုပ်နှင့်ပတ်သက်လာလျှင် ပိရိသည်၊ ပါးနပ်သည်၊ လိမ္မာသည်၊ ကျွမ်းကျင်သည်။

ဆိုဗီယက်ရေတပ်မတော်လက်အောက်ရှိ **နိုင်ငံခြားထောက်လှမ်းရေးဌာန**တွင် ဗိုလ်ကြီးအင်ဒရီက အထက်မြက်ဆုံး ထောက်လှမ်းရေးအရာရှိဟု သတ်မှတ်ချီးကျူးခြင်း ခံနေရကာ...။

ဖခင်ဖြစ်သူက ပါတီတွင် အဆင့် ၁၂ နေရာကို ရထားသည့် ပါတီဘော့စ်ကြီး တစ်ဦး။

သို့ဖြစ်၍လည်း ဗိုလ်ကြီးအင်ဒရီကို ဌာနဆိုင်ရာအကြီးအကဲများက မျက်စိစပါးမွေးစူးနေသည့်တိုင် မထိရဲ၊ မကိုင်ရဲ၊ မတို့ရဲ။

အင်ဒရီက ဝင်ဇတန်နီစီးကရက်တစ်လိပ်ကို ညှိလိုက်ပြီး ဂျင်ကိုလည်း တစ်ကျိုက် ကျိုက်လိုက်ပြန်သည်။

'ဗိုလ်ကြီးကတော့ ကျွန်တော့်အဖို့ ပဟေဠိဖြစ်နေပြီ'

ဗိုလ်မာဂနင်က မဝံ့မရဲစကား စလိုက်ပြီး...

'ဗိုလ်ကြီးဟာ ဘာဖြစ်လို့ အနောက်နိုင်ငံစရိုက်ကို ဒီလောက် လိုက်နေတယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ကို မရဘူး'

အင်ဒရီက မာဂနင်အား အထင်သေးသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ ပြီးမှ...

'မောင်ရင်ကလည်း ကျုပ်တို့အထဲက ရဲဘော်တော်တော်များများလို ဖြစ်နေပြီ၊ ကျုပ်တို့အထဲက ရဲဘော်အတော်များများဟာ ကမ္ဘာကြီး ဘယ်လောက်ကျယ်တယ်၊ ဘယ်လိုဓလေ့စရိုက်တွေ ရှိနေတယ်၊ ဘယ်လိုလူမှုဆက်ဆံရေးတွေ ရှိနေတယ်ဆိုတာ နားမလည်ကြသေးဘူး။

ဒီတော့ ကမ္ဘာကြီးအကြောင်း၊ လူတွေအကြောင်းကို သိအောင် နားလည်အောင် ကျုပ်က အမေရိကန်လိုတွေး၊ အင်္ဂလိပ်လိုသောက်၊ အီတာလျံလို မောင်း၊ ပြင်သစ်လိုနေ နေပြနေတယ်ဗျ။ ဘာကြောင့် ဒီလိုနေတယ်ဆိုတာ မောင်ရင့်ကို ကျုပ် ရှင်းပြပြီးပြီမဟုတ်လား'

ဗိုလ်မာဂနင်က ခေါင်းညိတ်ပြလိုက်၏။





ဗိုလ်ကြီးအင်ဒရီသည် လက်ထဲမှဖိုင်ကို ပုတ်ပြလိုက်ပြီး...

'နေပါဦးဗျ၊ ဒီဖိုင်က ကျုပ်တို့ဆီ ဘာလုပ်ရအောင် ပို့လိုက်တာလဲ'

'ဖိုင်ထဲမှာပါတဲ့ကိစ္စက ပင်လယ်ကမ်းပေါ်၊ ဒါမှမဟုတ် ပင်လယ်ကမ်းနားမှာဖြစ်ခဲ့တဲ့ကိစ္စကြောင့်လို့ ထင်ပါတယ်'

အင်ဒရီက နောက်ထပ်ဖိုင်တစ်ဖိုင်ကို လက်ညှိုးထိုးပြကာ–

'ဒီဖိုင်ထဲကကိစ္စနဲ့ ပတ်သက်လို့ကော ကျုပ်တို့ ဘာများသိထားလို့လဲဗျ'

'နည်းနည်းပဲ သိထားတာပါ၊ မြောက်ဘက် **နီဗာယာဇမ်မလာကျွန်းပေါ်မှာ** ချထားတဲ့ ကင်းလှည့်တပ်က စစ်သားတစ်ယောက် ပျောက်နေတဲ့ကိစ္စပါ။ **စစ်သား** နဲ့ သူ့စစ်ခွေးပါ ပျောက်နေတယ်လို့ သိရပါတယ်'

'ဒီလောက်အဖြစ်မျိုးကတော့ သာမန်ဖြစ်နေကျမဟုတ်လား **မာဂနင်၊** လုံခြုံရေးကို ထိခိုက်နိုင်လောက်အောင် ဖြစ်မလာနိုင်ပါဘူး။

နို့ပြီး နီဗာယာဇမ်မလာကျွန်းပေါ်မှာကလည်း ဘာမှအရေးကြီးတဲ့ **စစ်**လက်နက်ကိရိယာတွေ ရှိနေတာမှမဟုတ်တာ။ ရှိနေတဲ့တိုက်ချင်းပစ် ဒုံးပျံ**တွေ**ကလည်း ခေတ်မမီတော့တဲ့ လက်နက်တွေ ဖြစ်နေပြီ။

အဲဒီမှာ ကင်းလှည့်အဖွဲ့တစ်ဖွဲ့ရယ်၊ တံငါသည်တချို့ရယ်၊ ဒါပဲ**ရှိတယ်။** ဒီကျွန်းရဲ့ဝန်းကျင် မိုင်ရာကျော်တွင်းမှာ ဘယ်လက်နက်ကိရိယာစခန်းမှ **မရှိဘူး**

ဘာမှမရှိတဲ့နေရာမှာ စစ်သားတစ်ယောက်နဲ့ စစ်ခွေးတစ်ကောင်ကို **ကင်း**လှည့် ကင်းထွက်ခိုင်းတာကိုက အလကားဖြစ်နေပြီ မဟုတ်လား'

'ဟုတ်ပါတယ်ဗိုလ်ကြီး၊ ဘာမှမရှိတဲ့နေရာကို အနောက်နိုင်ငံတွေက**လည်း** ထောက်လှမ်းရေးလွှတ်နေမှာမဟုတ်ပါဘူး'

ဗိုလ်ကြီးအင်ဒရီက မျက်နှာကြက်ကို မော့ကြည့်ရင်း စားပွဲခုံကို **လက်နှင့်** တဒေါက်ဒေါက် ခေါက်နေရာမှ...

'ဟုတ်တယ်၊ မောင်ရင်ပြောတာ ဟုတ်တယ်၊ ထောက်လှမ်းရေး...'

အင်ဒရီက စကားကို အဆုံးမသတ်ဘဲ စားပွဲခုံတွင်တပ်ထားသည့် **ရုံးတွင်း**ပြော စကားပြောစက်ခလုတ်ကို နှိပ်လိုက်ပြီး...

'လွန်ခဲ့တဲ့နှစ်ရက်က နူးမားသင်္ဘောက ဘယ်နေရာထိ ရောက်ခဲ့တယ်**ဆိုတာ** ဖော်ပြထားတဲ့ဖိုင်ကို ယူခဲ့စမ်းပါ'ဟု အမိန့်ပေးလိုက်၏။

ဗိုလ်မာဂနင်က မျက်ခုံးနှစ်ဖက်ကို ပင့်ချီလိုက်ပြီး...

'သူတို့က နီဗာယာဇမ်မလာကျွန်းနားအထိ နူးမားသင်္ဘောကို **လွှတ်ပါ**



www.burmeseclassic.com

www.burmeseclassic.com



မလား၊ ဒီနေရာက ဆိုစီယက်ပိုင်နက်ထဲမှာရှိတဲ့ ရေပြင်ပဲ ဗိုလ်ကြီး'

'ဒါပေမဲ့ ကျုပ်တို့ရဲ့ ရေပိုင်နက်ထဲမှာ ဘားနက်ပင်လယ် မပါဘူးဆိုတာတော့ သတိထားဦးဗျ၊ ဒီပင်လယ်က နိုင်ငံတကာပိုင် ရေပြင်ထဲမှာ'

အညိုရောင်ဝတ်စုံ၊ ရွှေရောင်ဆံပင်၊ ရုပ်ချောချောအမျိုးသမီး အတွင်းရေးမှူးတစ်ယောက် အခန်းထဲသို့ဝင်လာကာ လက်ထဲမှဖိုင်တွဲကို အင်ဒရီအား လှမ်းပေးပြီး ပြန်ထွက်သွားသည်။

ဗိုလ်ကြီးအင်ဒရီက ဖိုင်ကိုကောက်လှန်လိုက်ပြီး…

'ဟောဒီမယ်၊ နူးမားသင်္ဘောရဲ့ ပထမအကြိမ်လှုပ်ရှားမှု၊ ကျုပ်တို့ရဲ့ ငါးဖမ်းသင်္ဘောတစ်စင်းက ဒီသင်္ဘောကို ဖရန့်ဂျိုဇက်ကျွန်းရဲ့ အနောက်တောင်ဘက် ရေမိုင်နှစ်ဆယ့်ငါးမိုင်အကွာမှာ နောက်ဆုံးတွေ့ခဲ့တယ်လို့ သတင်းပို့ထားတယ်'

ဒါဖြင့် နူးမားသင်္ဘောဟာ နိုဗာယာဇမ်မလာကျွန်းနဲ့ နီးတဲ့နေရာကို ရောက်ခဲ့တာပေါ့ ဗိုလ်ကြီး'

'ဟုတ်တယ်၊ ဒါပေမဲ့ ထူးခြားနေတာက အမေရိကန်ပင်လယ်ရေအောက် သုတေသနသင်္ဘောက လွှင့်ထုတ်ထားတဲ့ ကြေညာချက်ထဲမှာ နူးမားသင်္ဘောဟာ ပထမအကြိမ် ကြိုးပမ်းချက်အနေနဲ့ ကာရိလ်နားမြောက်ဘက်အလွန် ပင်လယ်ရေပြင်မှာ ရေထဲမျောပါနေတဲ့ သစ်ပင်တွေက မျိုးစေ့ဗီဇတွေကို လိုက်ပြီး သုတေသနလုပ်မယ်လို့ ဆိုထားတယ်။

ဒါပေမဲ့ ကျုပ်တို့ တံငါသင်္ဘောက နူးမားသင်္ဘောကို နောက်ဆုံးတွေ့ခဲ့ရတဲ့နေရာက နိုဗာယာဇမ်မလာကျွန်းနားမှာ ဒါ ထူးဆန်းမနေဘူးလား'

ဗိုလ်ကြီးအင်ဒရီက ဖန်ခွက်လှလှထဲမှ ဂျင်လက်ကျန်ကို မော့ချလိုက်ကာ လက်ထဲမှ စီးကရက်ပြာခွက်ထဲတွင် ထိုးခြေလိုက်ပြီးမှ အသစ်တစ်လိပ် မီးညှိလိုက်၏။

'သိပ်စိတ်ဝင်စားစရာကောင်းတဲ့ တိုက်ဆိုင်မှုတစ်ခုပဲဟေ့'

'ဒီတိုက်ဆိုင်မှုက ဘယ်အချက်ကို သက်သေထုတ်ပြလိုက်တာလဲ ဗိုလ်ကြီး'

'သက်သေတော့ ပေါ်မလာသေးဘူး။ ဒါပေမဲ့ ဒီတိုက်ဆိုင်မှုက ဘာကို ညွှန်းနေသလဲဆိုတော့ ကျွန်းပေါ်မှာ လှည့်ကင်းထွက်သွားတဲ့ ကျုပ်တို့တပ်သားဟာ ဟိုဘက်က ထောက်လှမ်းရေးသမားရဲ့ သုတ်သင်တာကို ခံခဲ့ရတယ်။

ဒီထောက်လှမ်းရေးသမားဟာ နူးမားသင်္ဘောနဲ့ လွတ်မြောက်အောင် ကိုယ်လွတ်ရုန်းသွားနိုင်ခဲ့တယ်။





ပြီးတော့ ဘာမှအကြောင်းမပြန်ဘဲနဲ့ လမ်းကြောင်းပြောင်းသွားတဲ့ နူးမားသင်္ဘောရဲ့ ခရီးစဉ်က အမေရိကန်တွေဟာ တစ်ခုခုကို လျှို့ဝှက်ကြံစည်နေတယ်ဆိုတာ ညွှန်ပြနေတယ်'

'သူတို့က ဘာများ လျှို့ဝှက်ကြံစည်နိုင်မှာလဲ ဗိုလ်ကြီး'

'ဒါကတော့ မှန်းဆဖို့ မလွယ်လှဘူး'

ဗိုလ်ကြီးအင်ဒရီက ကုလားထိုင်နောက်မှီကို ကျောကပ်၍ ထိုင်လိုက်ပြီး နှုတ်ခမ်းမွေးကိုသပ်ကာ စဉ်းစားနေသည်။

ပြီးမှ…

'နူးမားသင်္ဘော နိုဗာယာဇမ်မလာကျွန်းနဲ့ အနီးဆုံးရောက်ခဲ့တဲ့နေရာ ရိုက်ယူထားတဲ့ ထောက်လှမ်းရေးဂြိုဟ်တုက ဓာတ်ပုံတွေကို ပုံကြီးမြန်မြန်ချဲ့ပြီး ကျုပ်ကိုပေးပါ'

ထောက်လှမ်းရေးရုံး အပြင်ဘက်တွင် မှောင်ရိပ်များသန်းစပြုလာ၏။ ညနေဝင် အတော်စောင်းလေပြီ။

ထောက်လှမ်းရေးဂြိုဟ်တုမှပေးပို့ခဲ့သော ပုံကြီးချဲ့ထားသည့် ဓာတ်ပုံများကို စားပွဲပေါ်၌တင်ထားလိုက်ပြီး မှန်ဘီလူးတစ်လက်ကို ဗိုလ်ကြီးအင်ဒရီလက်သို့ ဗိုလ်မာဂနင်က ပေးအပ်လိုက်၏။

မှန်ဘီလူးက သာမန်ထက် ဒီဂရီပိုကြီးသည့် အမျိုးအစား။

'စောစောက ဗိုလ်ကြီးထင်ကြေးပေးခဲ့တာ သိပ်မှန်တာပဲ ဗိုလ်ကြီး၊ ဓာတ်ပုံထဲမှာ စိတ်ဝင်စားစရာတွေ့ရတယ်'

ထောက်လှမ်းရေးဂြိုဟ်တုမှပေးပို့ထားသော ပုံကြီးချဲ့ထားသည့် ပုံများကို ဂရုတစိုက် လေ့လာနေသူ ဗိုလ်ကြီးအင်ဒရီက…

'နူးမားသင်္ဘောနဲ့ ပတ်သက်ပြီး ဘာမှထူးထူးခြားခြား မတွေ့ရဘူးဗျ ပင်လယ်ရေအောက် သုတေသနသင်္ဘောတစ်စီး အနေအထားထက် ဘာမှမပိုဘူး

စစ်ထောက်လှမ်းရေး ကိရိယာဆိုလို့လည်း တစ်ခုမှ တပ်မထားဘူး'

ဗိုလ်မာဂနင်က လက်ညှိုးထိုးပြရင်း…

'နူးမားသင်္ဘောနဲ့ မီတာ ၂၀၀၀ လောက်အကွာ ပုံရဲ့ညာဘက် အထက်နားက အဖြူစက်ကလေးကို ကြည့်ပါဦး ဗိုလ်ကြီး'

ဗိုလ်ကြီးအင်ဒရီသည် အဖြူစက်ကို မိနစ်ဝက်မျှကြာအောင် စိုက်ကြည့်ပြီးမှ မှတ်ချက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရဟတ်ယာဉ်တစ်စီး'

'ဟုတ်ပါတယ်ဗိုလ်ကြီး၊ ဒါကြောင့်လည်း ပုံတွေကိုချဲ့တဲ့နေရာမှာ အချိန်တော်တော်ကြာသွားရတာပါ။ နို့ပြီး ပုံတွေကို အာဒ္ဒါနစိတ် ယူသွားပြီး ပုံထဲကဟာတွေ ဘာဖြစ်နိုင်မယ်ဆိုတာ သွားပြီး ပြကြည့်ပါသေးတယ်'

'ဒီရဟတ်ယာဉ်တွေဟာ ကျုပ်တို့တပ်မတော် လုံခြုံရေးတပ်ဖွဲ့ ကင်းလှည့်နေတဲ့ယာဉ်တစ်စီး ဖြစ်နိုင်တယ်'

'မဟုတ်ပါဘူး ဗိုလ်ကြီး'

အင်ဒရီက မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်ပြီး…

'ဒီရဟတ်ယာဉ်က နူးမားကယာဉ်လို့ ဆိုချင်လို့လား'

'အာဒ္ဒါနစိတ်က ရဲဘော်တွေကတော့ ဒီအတိုင်းပဲ ထင်ကြေးပေးနေကြပါတယ်'

ဗိုလ်မာဂနင်က ဓာတ်ပုံနှစ်ပုံကို နောက်ထပ်တင်ပြလိုက်ရင်း…

'အာဒ္ဒါနစိတ်က ရဲဘော်တွေက တခြားထောက်လှမ်းရေးကြိုးဟ်တုတစ်ခုက ပို့လိုက်တဲ့ပုံတွေကိုလည်း ဒီပုံတွေနဲ့ယှဉ်ပြီး လေ့လာကြပါတယ်။

ပုံတွေကို ယှဉ်ကြည့်လိုက်တဲ့အခါ ဗိုလ်ကြီးမြင်တဲ့အတိုင်းပဲ၊ ရဟတ်ယာဉ်ဟာ နိဗာယာဇမ်မလာကျွန်းဘက်ကနေပြီး နူးမားသင်္ဘောရပ်နေတဲ့ဘက်ကို ပျံနေတာတွေ့ရတယ်။

ရဟတ်ယာဉ်ဟာ ပင်လယ်ရေပြင်ထက် ဆယ်ပေလောက်အမြင့်ကနေ နိမ့်နိမ့်ကလေးပျံနေပြီး ပျံပုံ့နှုန်းကလည်း တစ်နာရီ ဆယ့်ငါးမိုင်လောက်တောင် ရှိနိုင်မယ်မထင်ပါဘူး'

ဗိုလ်ကြီးအင်ဒရီက ငြိမ်၍ နားထောင်နေရာမှ…

'ဟုတ်တယ်၊ ကျုပ်တို့ရေဒါက ဖမ်းလို့မရအောင် နိမ့်နိမ့်ကလေးပျံနေတာ သိပ်ထင်ရှားတယ်'

'အမေရိကားမှာရှိတဲ့ ကျွန်တော်တို့ ထောက်လှမ်းရေးတွေကိုကော တပ်လှန့်ထားသေးလား ဗိုလ်ကြီး'

'မလိုသေးပါဘူး၊ အမေရိကန်က ဘာတွေကြံစည်နေတယ်ဆိုတာ မသေချာသေးဘဲနဲ့ ကျုပ်တို့လူတွေကို တပ်လှန့်ထားဖို့ မလိုသေးပါဘူး'

ဗိုလ်ကြီးအင်ဒရီက ခေါင်းကိုဆန့်လိုက်ပြီး ဓာတ်ပုံများကို အိတ်ထဲသို့ သပ်သပ်ရပ်ရပ် ပြန်ထည့်လိုက်သည်။ ပြီးမှ လက်မှ အိုမီဂါနာရီကိုကြည့်ရင်း…





'ဘဲလေးပွဲထဲမဝင်ခင် ညစာအဆာပြေစားဖို့လောက်တော့ အချိန်ရသေးတယ်၊ ကဲ…ဘာများလုပ်စရာရှိသေးလဲ ဗိုလ်မာဂနင်'

'ဒီဖိုင်တစ်ဖိုင်တော့ ကျန်သေးတယ် ဗိုလ်ကြီး၊ ဒါက ကမ်းခြေအလွန် ပင်လယ်ရေအနက် ပေ ၁၅၀၀၀ မှာ နောက်ဆုံးတွေ့လိုက်ရတဲ့ အမေရိကန် ပင်လယ်ရေအောက် သုတေသနသင်္ဘောနဲ့ ပတ်သက်တဲ့ ဖိုင်ပဲဗိုလ်ကြီး'

အင်ဒရီက မတ်တတ်ရပ်လိုက်ပြီး ဗိုလ်မာဂနင်ထံမှ ဖိုင်ကိုယူကာ ချိုင်းကြားတွင် ညှပ်လိုက်ရင်း…

အချိန်ရရင်တော့ ဒီဖိုင်ကို လေ့လာလိုက်မယ်၊ ကျုပ်တို့ရေတပ်မတော် လုံခြုံရေးကို တိုက်ခိုက်စေမယ့်အကြောင်းတော့ ပါမယ်မထင်ပါဘူး။ ဒါပေမဲ့ ပင်လယ်ရေအောက်မှာ လေ့လာရေးသင်္ဘောအကြောင်းဆိုတော့ ဖတ်လို့တော့ စိတ်ဝင်စားစရာ ကောင်းမှာပါ'

'အမေရိကန်တွေကတော့ ဆန်းဆန်းပြားပြား ထူးထူးခြားခြား စီမံကိန်းတွေ အတော်လုပ်တဲ့လူတွေ'

[ ၄ ]

ရေချိုးခန်းထဲမှ ဂီနီဆီးဂရင်း ထွက်လာသည့်အချိန်၌ မှန်တင်ခုံရှေ့တွင် ဒါနာက အလှပြင်၍ ပြီးသလောက်။

ခြေဆစ်နားအထိရောက်သည့် လည်ဟိုက်အင်္ကျီလက်ရှည်က ဒါနာ၏ ရှိက်ဖိုကြီးငယ် အသွယ်သွယ်ကို ဇန်းတင်၍ ပြနေသလိုလို။

အမွေးရှည်တဘက်တစ်ထည်ဖြင့် ကိုယ်ကိုသုတ်နေသည့် ဂီနီက ဒါနာ့ လည်ကုပ်မွှေးမွှေးလေးကို နောက်မှ မွှေးမွှေးပေးလိုက်၏။

'အစ်ကို့ဇနီးက ၃၁ နှစ်နားနီးပေမယ့် လှတုန်းပဲ'

ယောကျ်ားဖြစ်သူ ဂီနီ၏ အယုအယနှင့် အနုအလှစကားကြောင့် ဒါနာက ကြည်နူးနှစ်သိမ့်သွားသည်။

သည်အယုအယမျိုးက ဂီနီ့ထံမှ များများစားစား ရလေ့မရှိနိုင်ခဲ့သည့် အယုအယမျိုး။

ဒါနာက မှန်ထဲတွင်ထင်နေသည့် ဂီနီ့မျက်နှာကို ငေးစိုက်ကြည့်နေ၏။

'အစ်ကိုတို့မှာ သားသမီးတစ်ယောက်ယောက်သာ ထွန်းကားလာရင် အစ်ကို့



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ထောင်ရေးဟာ အစ်ကိုရော ဒါနာပါ ဘယ်လောက်ပဲ အလုပ်များများ စိုပြည်နေမယ်လို့ အစ်ကိုထင်တယ်'

ဂီနီက ဒါနာ့ရွှေရောင်ဆံပင်ကို ပွတ်သပ်ပေးရင်း မှန်ထဲမှ ဒါနာ့မျက်နှာကို လှမ်းကြည့်နေ၏။

'ဒါနာ ကလေးဘဝတုန်းက သိပ်ပြီးဆင်းဆင်းရဲရဲနေခဲ့ရတော့ ကလေးဆိုရင် မလိုချင်အောင်ဖြစ်နေတယ်ဆိုတာ အစ်ကို နားလည်ပါတယ်'

ဂီနီဆီးဂရင်း၏ အသံက ညီမလေးတစ်ယောက်ကို ဆုံးမနေသည့် အစ်ကိုကြီးတစ်ယောက်အသံမျိုး။

'ဒီကလေးအကြောင်းကို ပြောမနေစမ်းနဲ့ အစ်ကို'

ဒါနာ့အသံက မာကျောနေ၏။

'ဒါနာဟာ အရွယ်ကောင်းတုန်းပါ၊ ကလေးလိုချင်ရင် ခုဆို အနည်းဆုံး သုံးယောက်လောက်တော့ ရနေပြီ။ ဒါပေမဲ့ မိဘတွေမိုက်လို့ ဒုက္ခရောက်ရတဲ့ ကလေးတွေရဲ့ဘဝကို ကြားနေ၊ မြင်နေရ၊ တွေ့နေရပြီး ကိုယ်တိုင်လည်း ကြုံခဲ့ရတော့ ကလေးလိုချင်တဲ့စိတ် ဒါနာ့မှာ လုံးဝမရှိဘူး။

ကဲ…အစ်ကို၊ သမ္မတကြီးကဖိတ်ထားတဲ့ ညစာစားပွဲမှာ ဒါနာတို့ နောက်ကျနေလို့ မကောင်းဘူး'

ဂီနီဆီးဂရင်းက သက်ပြင်းတစ်ချက်ချလိုက်ကာ အဝတ်ဗီရိုရှိရာသို့ လှည့်ထွက်သွားသည်။

သမ္မတကြီး၏ ညစာစားပွဲမှာ ဒါနာ့အဖို့ စိတ်လှုပ်ရှားစရာကောင်းမည်ဖြစ်သော်လည်း သမ္မတကြီးနှင့် လက်ပွန်းတတီးနေခဲ့ရသည့် ဂီနီ့အဖို့မူ မထူးဆန်းတော့။

အင်္ကျီ အဝတ်အစားများဝတ်ပြီး၍ ပြန်ထွက်သောအခါ ဂီနီက ဒါနာအား ညနေခင်းရှိ ဆိုဖာရှည်တွင် ထိုင်လျက်တွေ့ရသည်။

ဒါနာ့ရှေ့ရှိ စားပွဲပေါ်တွင် ကော်ဖီတစ်ပန်းကန်။

ဘေးနားတွင် ဒါနာအလုပ်သွားတိုင်း ယူသွားလေ့ရှိသည့် လက်ဆွဲအိတ်။

ဒါနာက ဖိုင်တစ်ခုကိုဖွင့်လျက် စိတ်ဝင်စားနေ၏။

'အစ်ကိုကတော့ အသင့်ပါပဲ ဒါနာ'

'ခဏလေး အစ်ကို၊ အစ်ကို ဒါနာ့သိုးမွှေးဝတ်ရုံကလေး ယူပေးနိုင်မှာလား'

'နွေလယ်တောင်ရောက်နေပြီ ဒါနာရဲ့၊ သိုးမွှေးဝတ်ရုံက ဘာလုပ်ရမှာလဲ'





ဆင်။

ဒါနာက စာဖတ်မှတပ်သည့် ရွှေကိုင်းမျက်မှန်ကို ချွတ်လိုက်ပြီး…။

'ကျွန်မတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကတော့ ဝုဏ်သရေရှိ ကျီလီဆန်ဆန် ဝတ်သွားသင့်တယ်လို့ ထင်လို့ပါ'

ဂီနီဆီးဂရင်းက ဘာမှပြန်မပြောတော့ဘဲ ခန်းမကျယ်ကြီးထဲသို့ ဝင်သွားသည်။

ခန်းမကျယ်ကြီးထဲရှိ အဝတ်ဗီရိုဆီသို့ မရောက်မီ ဂီနီ့မျက်စိအစုံက တယ်လီဖုန်းခုံ ရှိရာသို့ ရောက်သွား၏။

'ရော်ဂျာ့ဖုန်းနံပါတ်ကို ဂီနီက လှည့်လိုက်သည်။

'ရော်ဂျာပါခင်ဗျာ'

တစ်ဖက်မှ အသံထွက်လာသည်။

'ဘာသတင်းမှ မရသေးဘူးလား'

'လွန်ခဲ့တဲ့ငါးရက်က နူးမားသင်္ဘောဟာ အော်ဆလိုမြို့နားကဖြတ်ပြီး သွားတယ်လို့ သပင်းရတယ်'

'ဒီသင်္ဘော ကိုပလင်ကို တင်လာမယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် ဒီသင်္ဘောက အော်ဆလိုမှာ ဘာဖြစ်လို့ မကပ်ခဲ့တာလဲ'

'ဒါတော့ မသိဘူး'

စီစဉ်ထားတာက ကိုပလင်ဟာ အော်ဆလိုမှာ သင်္ဘောပေါ်ကဆင်း၊ ဆင်းပြီးရင် လေကြောင်းကုမ္ပဏီတွေက လေယာဉ်တစ်စီးစီးနဲ့ ဒီအရောက်ပြန်လာရမှာပဲ၊ ခုတော့'

ဂီနီဆီးဂရင်းက တစ်ဖက်မှအသံကို နားစွင့်နေသည်။

'ဘာကြောင့် အစီအစဉ်ပြောင်းသွားတယ်ဆိုတာတော့ မသိဘူး၊ နောက်ပြီး သင်္ဘောကလည်း ခင်ဗျားညွှန်ကြားချက်အတိုင်း ရေဒီယိုအဆက်အသွယ် မလုပ်ဘဲ ဖြတ်ထားတော့ ကျွန်တော်တို့လည်း ဘာမှမသိရတော့ဘူး'

'အခြေအနေက သိပ်ကောင်းပုံမရဘူး'

'အစီအစဉ်အတိုင်းမဟုတ်ဘဲ တလွဲတချော်ဖြစ်နေကတည်းက အခြေအနေ မကောင်းဘူးဆိုတာ မှန်းလို့ရပါတယ်'

'ကျွန်တော်တော့ သမ္မတကြီးညစာစားပွဲမှာ ည ၁၁ နာရီလောက်ထိ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ထူးရင် ဖုန်းဆက်ပါ'

'စိတ်ချပါ၊ ညေ့ခံပွဲမှာ ပျော်ပျော်ကြီး နွှဲနိုင်ပါစေ'

ဂီနီဆီးဂရင်းက စကားပြောခွက်ကို ပြန်ချလိုက်သည့်အချိန်၌ ဒါနာက ခန်းမကျယ်ကြီးထဲသို့ ရောက်နှင့်နေပြီ။

ဂီနီ့အမူအရာကို အကဲခတ်မိသော ဒါနာက...

'ဘာသတင်းများလဲ၊ သတင်းဆိုးလား'

'ဆိုးတယ်၊ မဆိုးဘူးဆိုတာတော့ မပြောနိုင်သေးဘူး'

ဒါနာက ပင့်သက်ကလေး ဖြာလိုက်ပြီး...

'အင်း...ကျွန်မတို့မှာ လင်ရယ်မယားရယ်လို့ ဖြစ်နေကြပေမယ့် တစ်ယောက်ကြားရတဲ့သတင်း တစ်ယောက်ကို ပြောမပြနိုင်အောင် ဖြစ်နေကြရတယ်'

ညည်းတွားလိုက်၏။

ဂီနီက ဒါနာ့လက်ကို ဆုပ်ညှစ်ထားလိုက်ပြီး...

'အစ်ကိုကလည်း ပြောချင်တာပေါ့ ဒါနာရယ်'

'အင်း...အစိုးရရဲ့ ထိပ်တန်းလျှို့ဝှက်သတင်း ဖြစ်နေတာကိုးလေ၊ ကဲ... ဒါထက်'

'ဘာလဲ ဒါနာ၊ အစ်ကို ဘာလုပ်ပေးရမလဲ'

'အို...အစ်ကိုကလည်း၊ ဒါနာ့အပေါ်မှာ လူကြီးလူကောင်းတစ်ယောက်လို မဆက်ဆံတော့ဘူးလား'

'အို...ဟုတ်သားပဲ၊ အစ်ကို မေ့သွားလို့ပါ ဒါနာ၊ ခွင့်လွှတ်ပါနော်'

ဂီနီက ပြောပြောဆိုဆို ဗီရိုထဲမှ သီးမွှေးဝတ်ရုံကိုယူလိုက်ကာ ဒါနာ့ပခုံးနှစ်ဖက်ပေါ်တွင် လွှမ်းခြုံပေးလိုက်ရင်း...

'ကိုယ့်မိန်းမကိုတောင် ကိုယ်မေ့တတ်တဲ့ အစ်ကို့အကျင့်ကတော့ မကောင်းတော့ပါဘူး'

ဒါနာက ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ပြီး စကားဆိုလိုက်၏။

'အဲဒီအကျင့်အတွက် အစ်ကို့ကို အရဏ်တက်အချိန်မှာ ပစ်သတ်ရမယ်'

'ပစ်သတ်ရမယ်'ဟူသော စကားက ဂီနီဆီးဂရင်းအား ကြောက်လန့်အောင် ခြောက်လှန့်နေ၏။

နိဗ္ဗာယာဇမ်မလာကျွန်းတွင် ဘိုင်ဇမ်နီယံသတ္တုရှာဖွေရေးအတွက် ထောက်လှမ်းရန်လွှတ်ထားသည့် ဒေါက်တာကိုပလင်အား ရုရှားစစ်တပ်က ဖမ်းဆီးမိ





ဆာ ပစ်သတ်မည်တာ ါကဲ လုပ်နေလျှင်...။

[ ၅ ]

အိမ်ဖြူတော် အရှေ့ဘက်ခန်းမသို့ အဝင်ပေါက်တွင် ညေ့သည်တော်များသာ တစ်ယောက်နောက်က တစ်ယောက် တန်းစီလျက်။

ဂီနီဆီးဂရင်းနှင့် ဒါနာတို့ကလည်း မိမိတို့အလှည့်ရောက်အောင် စောင့်နေကြ၏။

ဒါနာသည် အိမ်ဖြူတော်သို့ ညေ့သည်တော်အဖြစ် တစ်ကြိမ်က ရောက်ဖူးခဲ့၏။ သို့တိုင်အောင် ယခုအကြိမ်တွင်လည်း စိတ်လှုပ်ရှားနေမိလေသည်။

တံခါးပေါက်နားတွင် ရပ်လျက် ဝင်လာသည့် ညေ့သည်တော်များကို နှုတ်ဆက်နေသည့် သမ္မတကြီးက အသက်ငါးဆယ်ကျော်ကာစ။

ခန့်ခန့်ညားညား ယောကျ်ားပီပီသသ။

သမ္မတကြီးသည် ပထမအကြိမ်ရွေးကောက်ပွဲဝင်စဉ်ကပင် အမေရိကန်နိုင်ငံရေးလောက၌ သမ္မတလောင်းများ ရှောင်သင့်သည်ဆိုသော အချက်များကို ဂရုစိုက်ခဲ့သူ မဟုတ်။

သမ္မတကြီးသည် တစ်ခုလပ်ဖြစ်နေရုံမက ဘုရားရှိခိုးကျောင်းသို့လည်း သွားခဲ့သူမဟုတ်။

လူသူ ပရိသတ်ရှေ့တွင် ဆေးပြင်းလိပ်ကို မီးခိုးတထောင်းထောင်းထွက်အောင် သောက်တတ်သလို မည်သည့် အမေရိကန်သမ္မတမှ ထားလေ့မရှိသည့် နှုတ်ခမ်းမွှေးကို တယုတယ အလှမွေးထားသူ။

သမ္မတရွေးကောက်ပွဲဝင်ရာ၌ ပြိုင်ဘက်များကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟူ၍ပင် သဘောမထား။ ပြောစရာရှိသမျှ ဘွင်းဘွင်းနှင့် ရှင်းရှင်းကြီးပြောချတတ်သည်။

တစ်ခါတစ်ခါ သူပြောသည့်စကားများက ပရိသတ်အကြိုက်နှင့် ဘုကန့်လန့်။

သူက ပရိသတ်မျက်နှာကို စေ့စေ့ကြည့်ကာ အားမနာတမ်း ပြော[illegible]ရှိသည်။

ဤသို့ ပြောပုံဆိုပုံကိုပင် ပရိသတ်က လက်ခံလာသည်။ ကြိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလာသည်။

ရုပ်မြင်သံကြားများတွင် ပြုံးပြုံးချိုချိုနှင့် မဲဆွယ်သည့် သမ္မတလောင်းများကို ပရိသတ်က ငြီးငွေ့နေကြပြီဖြစ်၏။

သို့ဖြစ်၍လည်း ဘုကျကျ ခွတိုက်ကာ ကန့်လန့်ပြောတတ်သည့် သမ္မတကြီးသည် ဒုတိယအကြိမ် ဆက်၍အရွေးခံခဲ့ရခြင်း။

ယခုတော့ ဒုတိယအကြိမ် သမ္မတသက်တမ်းကုန်ဆုံးတော့မည်မှာ ၁၈ လသာ လိုတော့သည့်အချိန်။

သို့ဖြစ်၍လည်း သမ္မတကြီးက 'မဟာစစ်ဆင်ရေး'ကို အထူးတွန်းအားပေးလျက် လမ်းညွှန်ဆောင်ရွက်နေခြင်း။

သမ္မတကြီးအနီးဟွင်ရပ်လျက် ဧည့်သည်တော်များကို နှုတ်ဆက်နေသည့် အမျိုးသမီးက အက်ရှလီဖလိမ်းမင်း။

အက်ရှလီဖလိမ်းမင်းက ဝါရှင်တန်မြို့တော်တွင် နာမည်အကြီးဆုံး အမျိုးသမီး။ သူကလည်း တစ်ခုလပ်။

'ကြည့်ပါဦး၊ သမ္မတကြီးနားမှာ ရပ်နေတဲ့ အမျိုးသမီးကို'

'ဒါက အက်ရှလီဖလိမ်းမင်း ဆိုတာလေ'

'ဒါနာအား ဂီနီက နှစ်ကိုယ်ကြားပြန်ပြောလိုက်၏။

ဒါနာက...

'အက်ရှလီမှန်းတော့ သိတာပေါ့၊ သူဝတ်ထားတဲ့ ဝတ်ရုံကို ပြောနေတာ'

သည်တော့မှပင် ဂီနီက အက်ရှလီအား လှမ်း၍ သေသေချာချာ ကြည့်လိုက်သည်။

အက်ရှလီ ဝတ်ရုံနှင့် ဒါနာ့ဝတ်ရုံက တစ်ပုံစံတည်း။ တစ်ရောင်တည်း။

ဂီနီက ဒါနာအား နောက်ထပ်စကားမဆိုနိုင်မီမှာပင် သူတို့နှစ်ယောက်က သမ္မတကြီးရှေ့မှောက်သို့ ရောက်သွားကြသည်။

'ဂီနီ...ခင်ဗျား ဧည့်ခံပွဲကိုတက်လာတဲ့အတွက် ဝမ်းသာတယ်ဗျာ'

သမ္မတကြီးက ပွင့်ပွင့်လင်းလင်း ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လိုက်၏။

'ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက် သမ္မတကြီးကို အလွန်ကျေးဇူးတင်လှပါတယ်၊ ဟောဒါက ကျွန်တော့်ဇနီး ဒါနာပါ'

'ခင်ဗျားဇနီးက ကျက်သရေရှိလှပါတယ်။ ခု ကျွန်တော့်ရဲ့ ချစ်စရာကောင်းတဲ့ ဧည့်သည်တော် မစ္စအက်ရှလီဖလိမ်းမင်းနဲ့ မိတ်ဆက်ပေးပါရစေ၊ ဒါက





ဇွေတာနဲ့ မစ္စက်ဂီနီဆီးဂရင်းတို့ပါ'

သမ္မတကြီး၏ စကားအဆုံးတွင် ဂီနီက...

'တွေ့ရတာ ဝမ်းသာလှပါတယ် မစ္စအက်ရှလီဖလိမ်းမင်း'

အက်ရှလီက ဂီနီအား ဂရုမထားနိုင်ဘဲ ဒါနာ့ကိုယ်ပေါ်မှ ဝတ်ရုံကိုသာ အာရုံစိုက်ကာ...

'မစ္စက်ဆီးဂရင်းရေ၊ ရှင့်ဝတ်ရုံနဲ့ ကျွန်မဝတ်ရုံက တစ်ထပ်တည်းကျအောင် တူနေတော့ မိုးလင်းတာနဲ့ တစ်ယောက်ယောက်က အပ်ချုပ်သည် တစ်ယောက်ဆီ အမြန်ပြေးပြီး ဝတ်ရုံသစ်ချုပ်ဖို့ လိုနေပြီထင်တယ်'

ဒါနာကလည်း ရိုတိုတိုပြောလာသည့် အက်ရှလီစကားကို အားကျမခံ။

'ကျွန်မကတော့ ဒီဝတ်ရုံမြဲလိုက်ရင် သိပ်ကျက်သရေရှိနေတော့ အပ်ချုပ်သည် အသစ်ရှာဖို့ လိုမယ်မထင်တော့ပါဘူးရှင်'

အက်ရှလီ စကားအတွန့်တက်ရန်ဟန်ပြင်လိုက်စဉ် သမ္မတကြီးထံမှ ချောင်းတန့်သံ ပေါ်ထွက်လာ၏။

အက်ရှလီ မျက်နှာကွက်ခနဲပျက်သွားသည်။

ဂီနီက ဒါနာအား လက်ဆွဲလျက် လူအုပ်ကြားထဲသို့ တိုးဝင်လာခဲ့လေသည်။

အတော်ကလေး လူရှင်းသည့်နေရာသို့အရောက်တွင် ဂီနီက ဒါနာအား...

'မင်းတို့အမျိုးသမီးနှစ်ယောက်ကလဲကွာ၊ သမ္မတကြီးရှေ့မှာမှ အဝတ်အစားပြိုင်ပြီး ရန်ထောင်နေကြတယ်'

'သူကစပြီး တင်လာတော့ ကျွန်မကလည်း ဘယ်ခံမလဲ၊ သူ့လိုကောင်မမျိုးတော့ ဒါနာတို့က မကြောက်ပေါင်'

'ကျုပ်က ဘယ်သူ့ဘက်ကလိုက်ပြီး ရန်တွေ့ပေးရမလဲဗျို့'

သည်စကားကို ပြောလိုက်သူက ဂီနီမဟုတ်။ ဂီနီ့နောက်ဘက်နားမှ ဘွားခနဲပေါ်လာသူ။

လူက ခပ်သေးသေး။ ဆံပင်က အနီ။ အပြာရောင် ညနေဝတ်စုံက သပ်သပ်ရပ်ရပ်။ နှုတ်ခမ်းမွေးကို တိုတိုကလေးမွေးထားသည်။ မျက်စိက နီညိုရောင်။

ဂီနီ့အဖို့ အသံကို ခပ်ရေးရေးမှတ်မိနေသလိုရှိသော်လည်း လူကိုမူ တစ်ခါမှ မဆုံဖူးသလို။



www.burmeseclassic.com

www.burmeseclassic.com



'လူကြီးမင်းအလိုရှိတဲ့ဘက်က လိုက်ပြီး ရန်တွေ့ပေးနိုင်ပါတယ်ခင်ဗျာ'

ဂီနီက ယဉ်ကျေးပျူငှာစွာ စကားပြန်လိုက်၏။

'အမျိုးသမီးတွေဟာ အမျိုးသားနည်းတူ လွတ်လပ်ခွင့်ရှိရမယ်ဆိုတဲ့ ဆောင်ပုဒ်ကို ကြွေးကြော်နေတဲ့ လူကြီးမင်းရဲ့ဇနီးကို ကျွန်တော်က သိနေတော့...

'လူကြီးမင်းဘက်က လိုက်ပြီး ရန်တွေ့ပေးရရင် ပျော်စရာကောင်းလိမ့်မယ် ထင်ပါရဲ့ဗျာ'

ဂီနီက...

'လူကြီးမင်းက ကျွန်တော့်ဇနီး ဒါနာကို သိနေပါလား ခင်ဗျာ'

'သိဖို့တော့ သင့်တာပေါ့၊ ကျွန်တော်က သူ့ဘောစ်ပဲ'

ဂီနီက အံ့အားသင့်သွားပြီး...

'ဒါဖြင့် လူကြီးမင်းဟာ'

ဂီနီ့စကားကို ထိုလူကြီးက ဆက်ပေးလိုက်သည်။

'ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာ'

ဒါနာက ရယ်ရယ်မောမောဖြင့် ကြားဝင်ကာ-

အမျိုးသား ပင်လယ်ရေအောက်သုတေသနအဖွဲ့ရဲ့ ဒါရိုက်တာလည်း ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကြီးရှင့်...ကျွန်မယောကျ်ားနဲ့ မိတ်ဆက်ပေးပါရစေ၊ ဒါက ဂီနီပါ'

'သိကျွမ်းရတဲ့အတွက် ဂုဏ်ယူပါတယ် ဗိုလ်ချုပ်ကြီးခင်ဗျား'

ဂီနီက လက်ကိုကမ်းပေးရင်း...

'ဗိုလ်ချုပ်ကြီးဆီကို ကိုယ်တိုင်လာပြီး လူကြီးမင်းဆီကရတဲ့ အကူအညီအတွက် ကျေးဇူးတင်ကြောင်းပြောမလို့ ကြံစည်နေတာ ကြာပါပြီ၊ ခုမှပဲ ပြောခွင့်ရတော့တယ်'

ဒါနာက ကြားဝင်လျက်...

'ဒါဖြင့် ဂီနီက ဗိုလ်ချုပ်ကြီးကို အရင်ကပဲ သိနေခဲ့တာပေါ့'

ဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက ခေါင်းညိတ်လိုက်ပြီး...

'ကျုပ်တို့က ဖုန်းထဲကသာ တစ်ယောက်နဲ့တစ်ယောက် စကားပြောဖူးကြတာ၊ လူချင်းတော့ တစ်ခါမှ မတွေ့ဖြစ်ခဲ့ကြဘူး'

'ကျွန်မက မသိကြသေးဘူးထင်လို့ မိတ်ဆက်ပေးတာ၊ ဒီလိုသိနေကြတယ်ဆိုတော့ သိပ်ကောင်းပေါ့'





ဒါနာအား ဗိုလ်ချုပ်ကြီး ဂျိမ်းစ်က ပခုံးကို လက်ဖြင့်ပုတ်ရင်း...

'အဘိုးကြီးက မိန်းကလေးကို အမြဲ ကျေးဇူးတင်နေအောင် ဆက်လုပ်စမ်းပါဦး၊ အဘိုးကြီးအတွက် စကော့ချ်ဝီစကီနဲ့ ရေကလေးများ ရအောင်ရှာလုခဲ့ပါဦး'

ဒါနာက ရှိသေကျိုးနွံစွာပင် အဘိုးကြီးဂျိမ်းစ် စေခိုင်းသည့်အတိုင်း အရက်ကောင်တာရှိရာသို့ ထွက်သွားသည်။

ဂီနီက ဒါနာ့ကို လှမ်းကြည့်နေရာမှ...

'ဗိုလ်ချုပ်ကြီးက အမျိုးသမီးကို ချဉ်းကပ်တဲ့နေရာမှာ သိပ်တော်တာပဲ၊ ကျွန်တော်သာ ဒီလိုအရက်ယူဖို့ခိုင်းကြည့်ပါလား၊ မျက်နှာကို တံတွေးနဲ့ အထွေးခံသွားရမှာ'

'ကျုပ်က သူ့ကို လခပေးထားတာကိုးဗျ၊ ခင်ဗျားကမှ မပေးတာ'

နှစ်ယောက်သား ပြောပြောဆိုဆိုဖြင့် လသာခန်းဆောင်ရှိရာသို့ လျှောက်လာကြ၏။

ဂီနီလက်ထဲတွင် စီးကရက်တစ်လိပ်။

ဗိုလ်ချုပ်ကြီးကမူ ဆေးပြင်းလိပ်ကြီးကြီးတစ်လိပ်ကို ခဲလျက်။

လူရှင်းသည့်နေရာသို့အရောက်တွင် ဂီနီက...

'နူးမားသဘော်ရဲ့ ပထမအကြိမ်ကြိုးပမ်းချက်နဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးဘာမှ သတင်းမရဘူးလား'

အသံကို ခပ်အုပ်အုပ်လုပ်၍ မေးလိုက်၏။

'ကလိုက်မြစ်ဝမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ရေငုပ်သဘော် အခြေစိုက်စခန်းကို နူးမားသဘော် နေ့လယ်တစ်နာရီက ရောက်ပြီး ကျောက်ချနေပြီလေ'

'ဒါဖြင့် သဘော်ရောက်နေတာ ရှစ်နာရီတောင် ကြာသွားပါပကော၊ ကျွန်တော့်ဆီကို ဘာကြောင့် သတင်းမပို့လဲ မသိဘူး'

'ခင်ဗျားရဲ့ ညွှန်ကြားချက်ထဲမှာ သေသေချာချာပါနေသားပဲဗျ'

ဗိုလ်ချုပ်ကြီး ဂျိမ်းစ်က လေအေးအေးဖြင့် အဖြေပေးနေ၏။

'ခင်ဗျားရဲ့ လူယုံတော် အမေရိကန်မြေကို ခြေမချမီသေးသရွေ့ ခင်ဗျားဆီကို ကျွန်တော် နူးမားသဘော်က ဘာရေဒီယိုအဆက်အသွယ်မှ မလုပ်ရဘူးလို့ ခင်ဗျား ညွှန်ကြားချက်က ဆိုထားတယ်လေ'

'ဒါဖြင့် ဗိုလ်ချုပ်ကြီးကကော နူးမားသဘော် ကလိုက်မြစ်ကို ရောက်ရေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတာ ဘယ်လိုလုပ်သိရတာလဲဟင်'

'ကျွန်တော်သိရတာကတော့ ရေတပ်က မိတ်ဆွေတစ်ယောက် ပြောပြလို့ပဲ။ ကျွန်တော့်မိတ်ဆွေက နာရီဝက်လောက်ကမှ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး သတင်းပို့ခဲ့တယ်'

'ကျွန်တော့်မိတ်ဆွေကြီးက ဒီလိုသတင်းပို့ရင်းနဲ့ နူးမားသင်္ဘောကို ခွင့်ပြုချက်မရဘဲနဲ့ ဘာဖြစ်လို့ သွားချင်တဲ့နေရာကို သွားခိုင်းနေရတာလဲလို့ မေးနေတယ်ဗျ'

ဤတွင် ဂိနီဆီးဂရင်းက…

'ဒါကတော့ တစ်နေရာရာမှာ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုလွဲနေလို့ ဖြစ်ပါလိမ့်မယ်…။

ပထမ လုပ်ထားတဲ့ အစီအစဉ်က နူးမားသင်္ဘောဟာ ခရီးထွက်ရာက ပြန်လာတဲ့အခါ အော်ဆလိုဆိပ်ကမ်းကို ဝင်ကပ်ပြီး ကျွန်တော့်လှူယုံတော်ကို ကမ်းပေါ်ချပေးရမယ်၊ ခုတော့ နူးမားသင်္ဘောဟာ…

အော်ဆလိုမှာမကပ်ခဲ့ဘဲနဲ့ ဖြတ်မောင်းလာပြီး စကော့တလန်ပြည်က ကလိုက်မြစ်ဝမှာ ဘာဖြစ်လို့သွားပြီးဆိုက်နေရတာလဲ'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာ့က ဂိနီဆီးဂရင်းအား စူးစူးစိုက်စိုက်ကြည့်လိုက်ရင်း…

'အမှန်အတိုင်းပြောရရင်တော့ ကျွန်တော့်လက်အောက်မှာရှိနေတဲ့ နူးမားသင်္ဘောဟာ စီအိုင်အေနဲ့ အက်ဖ်ဘီအိုင်ရဲ့ အသုံးတော်ခံ သင်္ဘောမဟုတ်သလို ဘယ်ထောက်လှမ်းရေးအဖွဲ့ရဲ့ အသုံးတော်ခံမှုလည်း မဟုတ်ဘူး။

ဒီတော့ ခင်ဗျားတို့က ကွန်မြူနစ် ရေပိုင်နက်အတွင်း လျှို့ဝှက်ထောက်လှမ်းရေးတွေ လုပ်တဲ့နေရာမှာ ကျွန်တော့်သင်္ဘောကို အသုံးချပြီး ကျွန်တော့်လူတွေရဲ့ အသက်ကို အန္တရာယ်ဖြစ်စေမယ့်အလုပ်မျိုးကို လုပ်ခိုင်းတာကိုတော့ ကျွန်တော် မလိုလားဆုံးပဲ…။

ခင်ဗျားတို့ရဲ့ ညစ်ပတ်တဲ့အလုပ်ကိုလုပ်ဖို့အတွက် ရေတပ်ကဖြစ်စေ၊ ကမ်းခြေစောင့်တပ်ကဖြစ်စေ ခေါ်ပြီးသုံးပေတော့…

နောက်ပြီး ကျွန်တော့်လက်အောက်မှာရှိတဲ့ သုတေသနသင်္ဘောတွေကို သမ္မတကြီး နာမည်သုံးပြီး ခေါ်ခိုင်းတာမျိုးလည်း နောက်ကို လုံးဝမဖြစ်စေချင်ဘူး။ ကျွန်တော်ပြောတာကို မစ္စတာဆီးဂရင်း နားလည်ပါလိမ့်မယ် ထင်ပါတယ်'





'ရေကြောင်းဗိုလ်ချုပ်ကြီးရဲ့ သုတေသနသင်္ဘောကို ခေါ်သုံးမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော်က နူးမားသင်္ဘောနဲ့ သင်္ဘောသားတွေကို ထိခိုက်နစ်နာစေလိုတဲ့သဘောနဲ့ ခေါ်သုံးတာ မဟုတ်ရပါဘူး။ ဒါ့အတွက် ကျွန်တော် ဘယ်လောက် စိတ်မကောင်းဖြစ်မိတယ်ဆိုတာ ဗိုလ်ချုပ်ကြီး နားလည်ပါလိမ့်မယ်ခင်ဗျား'

'နားလည်ပါတယ်ဗျာ၊ ဒါထက် ခင်ဗျားတို့က ခင်ဗျားတို့ ဘာအကြံအစည်နဲ့ ဘာတွေလုပ်နေကြတယ်ဆိုတာ ကျွန်တော့်ကိုပါ အသိပေးထားရင် အလုပ်လုပ်ရတာ၊ ဆက်ဆံရတာ ပိုပြီးမပြေလည်ဘူးလား'

'အသိပေးဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး…ဗိုလ်ချုပ်ကြီး၊ ဝမ်းနည်းပါတယ်'

'ဒါဖြင့်လည်း ကောင်းပြီလေ'

'နူးမားသင်္ဘောက အော်ဆလိုဆိပ်ကမ်းမှာမကပ်ဘဲ ဘာဖြစ်လို့ ခုတ်မောင်းလာရတာလဲ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီးရဲ့ ထင်မြင်ချက်ကို ပြောတာပါ'

'ဒါကတော့ ဒီလိုဖြစ်နိုင်ပါတယ်၊ ခင်ဗျားရဲ့ လှူယုံတော်ဟာ အော်ဆလိုဆိပ်ကမ်းမှာ ဆင်းပြီးတဲ့နောက် သာမန်ခရီးသည်လေယာဉ်နဲ့ ပြန်လာရမှာကို အန္တရာယ်များတယ်ထင်လို့ အော်ဆလိုမှာ သင်္ဘောကို မရပ်ခိုင်းတာလည်း ဖြစ်နိုင်တယ်။

နောက်တစ်ကြောင်းကလည်း ကလိုက်မြစ်ဝမှာ ကျွန်တော်တို့ရဲ့ နျူကလီးယား လက်နက်တပ်ဆင်ထားတဲ့ ရေငုပ်သင်္ဘော အခြေစိုက်စခန်းရှိတယ်။

'ဒီစခန်းအနားမှာ ကျွန်တော်တို့ရဲ့ စစ်လေယာဉ်ကွင်းရှိတယ်။ ဒီတော့ အော်ဆလိုက ခရီးသည်လေယာဉ်နဲ့ လိုက်မယ့်အစား ကလိုက်စစ်လေယာဉ်ကွင်းက စစ်လေယာဉ်တစ်စီးနဲ့ လိုက်မယ်ဆိုပြီး…

'နူးမားသင်္ဘောက ကက်ပတိန်ကို ခင်ဗျားလှူယုံတော်က နော်ဝေနိုင်ငံ အော်ဆလိုဆိပ်ကမ်းမှာမကပ်ဘဲ ကလိုက်အထိ မောင်းဖို့ အမိန့်ပေးတာလည်း ဖြစ်နိုင်တယ်'

'ဗိုလ်ချုပ်ကြီးရဲ့ ထင်မြင်ချက်က အများကြီးမှန်နိုင်ပါတယ်။ ဒါဆို ပထမအစီအစဉ်အတိုင်းမဟုတ်ဘဲ နောက်တစ်မျိုးပြောင်းလဲသွားတယ်ဆိုတာတော့ တစ်ခုခုချွတ်ယွင်းချက်ရှိနေပြီဆိုတာ ထင်ရှားနေတယ် ဗိုလ်ချုပ်ကြီး'

ဗိုလ်ချုပ်ကြီးဂျိမ်းစ်က အရက်ဖန်ခွက်ကို ယူလာသော ဒါနတ်ကို လှမ်းခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာဂိနီ၊ ခင်ဗျားကတော့ သိပ်ကို မိန်းမရ ကံကောင်းတဲ့လူ၊ ခင်ဗျား အမျိုးသမီး ဒါနာက သွက်လည်းသွက်တယ်၊ လိမ်လည်းလိမ္မာတယ်၊ ဉာဏ်လည်း ထက်တယ်၊ နို့ပြီး ချောလည်းချောတယ်'

ဗိုလ်ချုပ်ကြီးစကားအဆုံးတွင် သူတို့သုံးယောက် ရပ်နေရာသို့ လူတစ်ယောက် ရေးကြီးသုတ်ပျာရောက်လာသည်။

သူကား မစ္စတာရော်ဂျာ။

ရော်ဂျာက ဗိုလ်ချုပ်ကြီးထံ ခွင့်ပန်လိုက်ပြီးမှ ဂိနီအား သတင်းပေးပို့လိုက်၏။

'ရေတပ်က လေယာဉ်တစ်စီးနဲ့ ဒေါက်တာကိုပလင် ရောက်လာပါပြီ။ လေယာဉ်ဆိုက်တာ မိနစ်နှစ်ဆယ် ကြာသွားပါပြီ။ ကိုပလင်ကို စစ်လေယာဉ်ကွင်းကနေ ဝေါ်တာရိဆေးရုံကို ချက်ချင်းတင်လိုက်ရပါတယ်'

'ဘာဖြစ်လို့'

'သေနတ်ထိခံထားရတဲ့ ဒဏ်ရာက တော်တော်ပြင်းလို့ပါ'

'အို...ဘုရားသခင်'

ဂိနီက မြည်တမ်းလိုက်၏။

'ကျွန်တော့်မှာ ကားပါလာပါတယ်။ ဆယ့်ငါးမိနစ်နဲ့ ဆေးရုံကို ရောက်နိုင်ပါတယ်'

'ကောင်းပြီ ရော်ဂျာ၊ ခဏလေး'

ဂိနီက ဤသို့ဆိုလိုက်ပြီးမှ ဗိုလ်ချုပ်ကြီးကိုမ်းစ်နှင့် တီးတိုးပြောနေသည်။ ပြီးမှ အသံမြှင့်လိုက်ကာ...

'သမ္မတကြီးကို အရေးပေါ်ကိစ္စကြောင့် ကျွန်တော်သွားရတဲ့အကြောင်း ခွင့်ပန်ပေးပါ ဗိုလ်ချုပ်ကြီး၊ ပြီးတော့ ကျွန်တော့်ဇနီး ဒါနာကိုလည်း ညှိခံပွဲအပြီးမှာ အိမ်အထိ လိုက်ပို့ပါလို့ မေတ္တာရပ်ခံပါရစေ ဗိုလ်ချုပ်ကြီး'

[ ၆ ]

'လူနာအခြေအနေက ဘယ်လိုနေလို့လဲ ဒေါက်တာ'

'စိုးရိမ်ရတဲ့အခြေအနေမှာပဲ ရှိသေးတယ်၊ နူးမားသင်္ဘောပေါ်မှာ လူနာကို ခွဲစိတ်ကုသပေးခဲ့တဲ့ ဆရာဝန်က အတော်ကို ဂရုတစိုက် လုပ်ပေးလိုက်တာ





တွေ့ရတယ်။

'လူနာရဲ့ ဝဲဘက်နံစောင်းက ဒဏ်ရာကတော့ မကြာခင် ကျက်သွားမှာပါ။ ခေါင်းမှာရတဲ့ဒဏ်ရာက တော်တော်ကလေးပြင်းတော့ လူနာကို ငြိမ်ငြိမ်ကလေး နေခိုင်းထားရတယ်'

ဂိနီဆီးဂရင်းက...

'ကျွန်တော်တို့ လူနာနဲ့ တွေ့ချင်ပါတယ် ဒေါက်တာ'

'ခုအချိန်မှာတော့ ဘယ်လိုမှ တွေ့ခွင့်မပေးနိုင်သေးပါဘူးခင်ဗျာ၊ သူက ခုနကလေးကမှ သတိပြန်လည်လာတာ'

'သိပ်ကိုအရေးကြီးတဲ့ကိစ္စရှိနေလို့ ခုတွေ့ရမှဖြစ်မယ် ဒေါက်တာ'

ဝေါ်တာရိဆေးရုံမှ တာဝန်ကျဆရာဝန်က ထပ်၍ မတားမြစ်နိုင်မီ ဂိနီနှင့် ရော်ဂျာတို့က လူနာအခန်းထဲသို့ စွတ်ဝင်လာခဲ့ကြ၏။

ခုတင်ထက်တွင် ကိုပလင်က ပက်လက်ကလေး။

မျက်နှာက ခေါင်းအုံးစွပ်လိုဖြူလျက်။

သို့သော် မျက်လုံးများကမူ အံ့ဩဖွယ်ကောင်းလောက်အောင် အရောင်တောက်နေသည်။

'ဆေးတွေထိုးပြီး သွေးတွေသွင်းထားတော့ သိပ်ကို အိပ်ချင်နေတယ်'

ကိုပလင်က ဂိနီနှင့်ရော်ဂျာအား အသံသဲ့သဲ့ဖြင့် စ၍ပြောနေ၏။

'ခင်ဗျားဆီက ဘာကြားရမလဲဆိုတာ သိချင်လို့ ပြေးလာခဲ့တာပဲ ဒေါက်တာ ကိုပလင်'

ဂိနီဆီးဂရင်းက လိုရင်းကို စကားစလိုက်၏။

'ဘိုင်ဇမ်နီယံသတ္တုရှိနေတယ်ဆိုတဲ့ အရိပ်အငွေ့တော့ ကျွန်တော် တွေ့ခဲ့ရတယ်'

'တကယ်တွေ့ခဲ့ရတာလား ကိုပလင်၊ သေချာရဲ့လား'

'ကိုးဆယ့်ကိုးရာခိုင်နှုန်း သေချာတယ်'

'ဘယ်လောက်များများ တွေ့ခဲ့သလဲ'

'ကံကောင်းရင်တော့ လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာလောက်'

'တစ်ဇွန်းစာ၊ ဘုရားရေ...ဟုတ်မှဟုတ်ရဲ့လား'

'မဟုတ်ဘူးထင်ရင်လည်း ကစ်ယောက်ယောက်ကိုလွှတ်ပြီး ကြည့်ခိုင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



ရော်ဂျာက ကိုပလင့်ပခုံးကို ညင်ညင်သာသာ ပွတ်သပ်ပေးလိုက်ပြီး...

'နီဗာယာဓမ်မလာကျွန်းဟာ ကျုပ်တို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ ကိုပလင်၊ ကျုပ်တို့ မမျှော်လင့်ဘဲ ခင်ဗျား ဒီလိုဒဏ်ရာရလာတဲ့အတွက် စိတ်မကောင်းပါဘူး'

'မျှော်လင့်ချက်ကတော့ မကုန်သေးပါဘူး၊ ဘိုင်ဇမ်နီယံက အဲဒီမှာရှိပါတယ်'

'ရှိတယ်လို့လည်းဆိုတယ်၊ ကံကောင်းထောက်မရင် လက်ဖက်ရည်နွှန်းတစ်နွှန်းစာလောက်ပဲ ရမယ်လို့လည်းဆိုတယ်၊ ဘယ်လိုသဘောလဲ'

'ဘယ်လိုသဘော ဖြစ်ရမှာလဲ၊ တူးပြီးယူသွားကုန်ကြပြီ'

'ခင်ဗျား သတိမှကောင်းကောင်းရရဲ့လား ကိုပလင်၊ ခင်ဗျား ဘာတွေပြောနေတယ်ဆိုတာ သိရဲ့လား'

ဂိုနီဆီးဂရင်းက စိုးရိမ်တကြီး မေးနေ၏။

'သတိလည်း ကောင်းကောင်းရတယ်၊ ဘာဖွေပြောနေတယ်ဆိုတာလည်း သိတယ်'

ဒေါက်တာကိုပလင်၏အသံက တိုးသော်လည်း ပီပီသသ။

'ဘက်နာယား တောင်စဉ်တန်းရဲ့ တောင်စောင်းနောက်ဘက်ပိုင်းမှာ သတ္တုတွင်းရှိတယ်။ ဒီသတ္တုတွင်းထဲကို ကျွန်တော်ရောက်သွားတော့ မရှိတော့ဘူး၊ တူးပြီး ယူသွားကုန်ကြပြီ'

'ခင်ဗျားပြောတာက ဘိုင်ဇမ်နီယံသတ္တုကို တစ်ယောက်ယောက်က တူးပြီး ယူသွားတာကို ပြောနေတာလား'

ဂိုနီက လုံးဝမယုံသည့်လေသံဖြင့် ထပ်မေးလိုက်သည်။

'ဟုတ်တယ်'

ဒေါက်တာကိုပလင်က တိုတိုတုတ်တုတ်ပင် အဖြေပေးလိုက်၏။

'ထာပျော့ရားသင်...'

မစ္စတာရော်ဂျာက မြည်တမ်းလိုက်ရင်း...

'ရုရှားတွေ လက်ဦးသွားပြီ'

'မဟုတ်ဘူး'

ကိုပလင်က ငြင်းလိုက်၏။

ဂိုနီက နားကို ကိုပလင့်နှုတ်ခမ်းနားသို့ ကပ်ထားလိုက်သည်။

'မဟုတ်ဘူး...ရုရှားတွေမဟုတ်ဘူး'





ဂိုနီနှင့် ရော်ဂျာတို့က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြ၏။

ကိုပလင်က ဂိုနီလက်တစ်ဖက်ကို ပျော့တော့စွာ ဆုပ်လိုက်ရင်း အားယူ၍ ပြောလိုက်သည်။

'ယူသွားတဲ့လူတွေက ကိုလိုရာဒိုကလူတွေ'

သည်စကားအဆုံးတွင် ဒေါက်တာကိုပလင်က မေ့မြောသွားပြန်၏။

ဂိုနီဆီးဂရင်းနှင့် ရော်ဂျာတို့က ကားရပ်ထားရာနေရာသို့ ခေါင်းငိုက်စိုက်ဖြင့် လျှောက်လာကြသည်။

'ဒေါက်တာကိုပလင်ပြောတဲ့စကားကို ဘယ်လိုနားလည်လဲ'

ရော်ဂျာက ဂိုနီအား မေးလိုက်၏။

ဂိုနီက...

'ဘယ်လိုနားလည်ရမှန်း မသိဘူး၊ သူပြောတာတွေ ဘာတွေပြောနေမှန်းတောင် မသိတော့ဘူး'

[ ၇ ]

'ရက်အားရလို့အိပ်နေတဲ့အချိန်မှာ လာနှိုးရအောင် ဘယ်လောက်များ အရေးကြီးနေလို့လဲဟေ့'

ထောက်လှမ်းရေးဗိုလ်ကြီး အင်ဒရိက အိပ်ရာထဲမှ လှမ်းအော်လိုက်သည်။

ပြီးမှ အခန်းတံခါးကို ဖွင့်ပေးလိုက်၏။

ဗိုလ်ကြီးအင်ဒရိကိုယ်ပေါ်တွင် ဂျပန်အမျိုးသားများ ဝတ်ဆင်လေ့ရှိသည့် ကီမိုနိုဝတ်ရုံကို လွှမ်းခြုံထားသည်။

အိပ်နေသည်ဟု ဆိုသူ၏မျက်နှာက မျက်ချောင်ကျနေကာ မောနေသည့်အသွင်။

ညှော်ခန်းမှဖြတ်ကာ မီးဖိုဆောင်ရှိရာသို့ ဗိုလ်ကြီးအင်ဒရိနောက်မှ လိုက်လာသည့် ဗိုလ်မာဂနင်သည် အခန်းထဲတွင် ခင်းကျင်းထားသော အိမ်ထောင်စရိုဘောဂများကို လိုချင်တပ်မက်သည့်စိတ်ဖြင့် ကြည့်နေမိသည်။

စစ်တန်းလျားတွင် အနံ့ခြောက်ပေ၊ အလျားရှစ်ပေသာရှိသည့် အခန်းကျဉ်းလေး၌ နေနေရသူ ဗိုလ်မာဂနင်အဖို့ ဗိုလ်ကြီးအင်ဒရီ၏အခန်းမှာ ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



နေတော့၏။

မီးလင်းဖိုအထက်ရှိ စင်ပေါ်တွင် ထက်ဝက်ခန့်လပ်နေသော အကောင်းစား ဖြင်သစ်အရက်ပုလင်းတစ်လုံးနှင့် ဖန်ခွက်နှစ်ခွက်ကို ဗိုလ်မာဂနင်က သတိထား လိုက်မိသည်။

ဗိုလ်ကြီးအင်ဒရီသည် ရေခဲသေတ္တာကို ဖွင့်လိုက်ပြီးနောက် ခရမ်းချဉ်သီးရည် ထည့်ထားသော ကရားတစ်ခုကို ထုတ်ယူလိုက်ပြီး...

'သောက်ဦးမလား'

ဗိုလ်မာဂနင်က ခေါင်းခါပြလိုက်၏။

'ခရမ်းချဉ်သီးရည်ကို အမေရိကန်တွေလို အစပ်တည့်အောင် တစ်ခုခုနဲ့ ရောပြီး သောက်လိုက်ရင် ရေချိန်လွန်ပြီး ခေါင်းကိုက် ရင်တုန် ဖြစ်နေတာတွေ ခဏလေးနဲ့ ပျောက်သဗျ'

ဗိုလ်ကြီးအင်ဒရီက ခရမ်းချဉ်သီးရည်ကို တကျိုက်ကျိုက်မြည်အောင်သောက် လိုက်၏။

ပြီးမှ မျက်နှာကို တည်တည်ထားလိုက်ကာ...

'ကဲ...ဘာကိစ္စလဲ၊ ဆိုစမ်း'

'ကျွန်တော်တို့ ကေဂျီဘီ ရုရှားထောက်လှမ်းရေးဌာနချုပ်က မနေ့ညက ဝါရှင်တန်ကပို့လိုက်တဲ့ သတင်းတစ်ခု ရခဲ့ပါတယ်။

ဒါပေမဲ့ ဒီသတင်းရဲ့ အဓိပ္ပာယ်ကို ဖော်မရနိုင်တာနဲ့ ကျွန်တော်တို့များ ဖော်နိုင်မလားဆိုပြီး အကူအညီတောင်းလိုက်တာပါ'

ဗိုလ်ကြီးအင်ဒရီဝတ်ထားသည့် **ဂျစနီပိုး** ဝတ်ရုံအောက်တွင် အဝတ်အစား ဆို၍ တစ်ခုမှမရှိကြောင်း ရုတ်တရက်တွေ့လိုက်ရသဖြင့် ဗိုလ်မာဂနင် မျက်နှာ က နီရဲသွားသည်။

'ကဲ...ဆက်ဆိုစမ်း'

'အမေရိကန်တွေဟာ သတ္တုရှာဖွေရေး၊ စုဆောင်းရေးကို ဖြုန်းစားကြီး စိတ်ဝင်စားလာကြတယ်။ ထိပ်တန်းလျှို့ဝှက်အကျဆုံး စီမံကိန်းတစ်ခုကို မဟာ စစ်ဆင်ရေးဆိုပြီး နာမည်ပေးထားကြတယ်လို့ သတင်းကဆိုထားပါတယ်'

ဗိုလ်ကြီးအင်ဒရီက မာဂနင်အား အထင်သေးသည့် အကြည့်ဖြင့် တစ်ချက် စိုက်၍ကြည့်လိုက်ပြီး ဖန်ခွက်ထဲတွင်ကျန်နေသော ခရမ်းချဉ်သီးရည်ကို မော့ သောက်လိုက်သည်။





'သိပ်ကိုတော်ပါတယ်လို့ နာမည်ကျော်နေတဲ့ ကျုပ်တို့ ကေဂျီဘီအဖွဲ့က ...ာတ်လှမ်းရေးသမားတွေဟာ ရူးများရူးနေကြပြီလား'

အင်ဒရီမှတ်ချက်က သံစူးနှင့်ထိုးလိုက်သလို။

'မာဂနင် မင်းပါ သူတို့နဲ့လိုက်ပြီး ရူးနေပြီလား။ ကျုပ်ကို ဘာဖြစ်လို့ ...ကြောင်ကြောင်ပဟေဠိနဲ့ လာပြီး အနှောင့်အယှက်ပေးနေရတာလဲ။

ဒီသတင်းကို နက်ဖြန်မနက် ကျုပ် ရုံးတက်လာတော့လည်း သတင်းပို့လို့ ...ာပဲမဟုတ်လား'

'ကျွန်...ကျွန်တော်က အရေးကြီးတဲ့သတင်း ဖြစ်မယ်ထင်လို့ပါ ဗိုလ်ကြီး'

'အင်း...ဖြစ်နေတာက ကေဂျီဘီက လေလည်လိုက်ရင်တောင် အခြောက်နဲ့ ...တယ်ထင်ပြီး လန့်လန့်ခုန်နေကြတာ ခက်တယ်။

ဘာမှ အခြေအမြစ်မရှိတဲ့ သတင်းကို ကျုပ် စိတ်မဝင်စားဘူး၊ အရေး ...တာက တကယ့်အကြောင်းအချက်၊ ဒီမဟာစစ်ဆင်ရေးဆိုတာကို မင်းက ...ကြောင့် အရေးကြီးတဲ့သတင်းလို့ ထင်နေရတာတုံး'

'**မဟာ**ဆိုတဲ့စကားလုံး ပါနေတဲ့အပြင် **စစ်ဆင်ရေး**ဆိုတာလည်း တွဲပြီး ...ပြန်တော့ ကျွန်တော်တို့သိခဲ့ရတဲ့ နိဗ္ဗာယာဇမ်မလာကျွန်းက အဖြစ်အပျက်နဲ့ ... ဆက်စပ်နေမလားလို့ပါ ဗိုလ်ကြီး'

အင်ဒရီက ခဏစဉ်းစားလိုက်ပြီး...

'ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါပေမယ့် အသေးစိတ်အသွယ်ကို တိတိကျကျသိမှ ...သချာမှာ'

'ဒါ ကျွန်တော် စဉ်းစားမိသမျှ'

'စဉ်းစားတာက ကျုပ်လုပ်ရမယ့်အလုပ်ပါ။ ကဲ...ဒီတော့ ယုန်တောင်ခြေ ...မြောက်လိုက် လုပ်ရမယ့်အလုပ်မျိုး ကျုပ် ဝါသနာမပါဘူးဆိုတာ မင်းအသိပဲ'

'ဒါပေမဲ့ ဗိုလ်ကြီး၊ အမေရိကန်တွေက နိဗ္ဗာယာဇမ်မလာကျွန်းပေါ် လာပြီး ...ဆင်ရေးတစ်ရပ်ရပ်အတွက် တစ်ခုခုလာလုပ်တာဆိုရင်'

'ဒီကျွန်းစုတ် ကျွန်းပုံကြီးပေါ်မှာ ဘာအရေးကြီးတဲ့သတ္တုများ ရှိနိုင်မှာလဲ ...ဂနင်၊ နို့ပြီး...ဒီကျွန်းက ကျုပ်တို့ပိုင်နက်ဆိုတာလည်း သူတို့သိပြီးသား၊ ...င်းက ဒီလောက်ထိ တုံးရသလားကွာ'

ဗိုလ်မာဂနင်မျက်နှာက ရဲတက်သွားပြန်၏။

ဗိုလ်ကြီးအင်ဒရီက အိပ်ခန်းတံခါးကို အူသာသာလိုက်ကာ အသို့ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီးမှ ဗိုလ်မာဂနင်အား အရေးမစိုက်သည့်အမူအရာဖြင့်...

'အလိုက်သိမယ်ဆိုရင်တော့ မင်း ပြန်ဖို့ကောင်းပြီ'ဟု ပြောလိုက်သည်။

ဗိုလ်ကြီးအင်ဒရီ၏ တိုက်အိမ်အပြင်ဘက်သို့ ရောက်လာသည့် ဗိုလ်မာဂနင်က တိုက်အိမ်နောက်ဘက်သို့ လှည့်လာခဲ့ကာ ကားဂိုဒေါင်ရှိရာသို့ ကြည့်လိုက်၏။

ကားဂိုဒေါင်ဘက်သို့ ရောက်နိုင်သည့်နေရာတွင် တံခါးတစ်ခု၊ တံခါးက ပိတ်လျက်။

ဗိုလ်မာဂနင်က လမ်းသွယ်လေးတစ်လျှောက် အထက်အောက် မျက်စိကစားလိုက်ပြီး ပိတ်ထားသည့် တံခါးနားရှိ ပြတင်းတံခါးကို လက်ဖြင့် ခေါက်လိုက်၏။

ပြတင်းတံခါးက အနည်းငယ်ဟသွားသည်။

လမ်းသွယ်လေးတစ်လျှောက် အထက်အောက်လှည့်ကြည့်လိုက်ပြီးမှ ဗိုလ်မာဂနင်က ပြတင်းပေါက်မှ ကျော်ဝင်လိုက်ကာ တံခါးကို အထဲမှပိတ်ထားသည့် မင်းတုပ်ကို ဖြုတ်လိုက်၏။

ပြီးမှ တံခါးရွက်နှစ်ရွက်ကို အတွင်းမှ မင်းတုပ်ထိုး၍ ပိတ်ထားသည်ဟု ထင်ရအောင် စေ့ထားလိုက်သည်။

ကားဂိုဒေါင်ထဲတွင် ကားနှစ်စီး။

တစ်စီးက ဗိုလ်ကြီးအင်ဒရီစီးနေကျ အဝါရောင် အီတလီပြိုင်ကားကလေး။

နောက်တစ်စီးက အမေရိကန်လုပ် အနက်ရောင် ဆီဒင်မှန်ကားကြီး။

ကားအမျိုးအစားက ဖို့ဒ်။

ဗိုလ်မာဂနင်က ဖို့ဒ် ကားနံပါတ်ကို စိတ်ထဲမှာ မှတ်သားလိုက်ပြီး ကားတစ်စီးစီးကို အသေးစိတ် ရှာကြည့်လိုက်၏။

အမေရိကန်လုပ် အနက်ရောင်မှန်ကားကြီးတွင် တပ်ထားသည့် နံပါတ်က သံရုံးကားနံပါတ်။

ဗိုလ်မာဂနင်က ဆီဒင်ကားကြီးတွင် တပ်ထားသည့် ကားရှေ့မှန်မှ ရေသုတ်ကိရိယာကိုဖြုတ်ကာ အိတ်ထဲသို့ထည့်လိုက်၏။

သူခိုးတစ်ယောက် ကားဂိုဒေါင်ထဲဝင်ပြီး ခိုးသွားသည်နှင့် တူအောင်။

ဆိုဗီယက်ယူနီယံတွင် မော်တော်ကား ရေသုတ်ကိရိယာကို အပျော်သဘော ခိုးယူလေ့ရှိကြသည် မဟုတ်ပါလား။

ကားဂိုဒေါင်ထဲမှ ပြန်ထွက်လာခဲ့ပြီးနောက် ဗိုလ်မာဂနင်က ဗိုလ်ကြီးအင်ဒရီ





တိုက်အိမ်ရှေ့ဘက်သို့ ပြန်ထွက်လာကာ လျှပ်စစ်ဓာတ်အားဖြင့် မောင်းသည့် ဘတ်စ်ကားမှတ်တိုင်နားတွင် ရပ်လိုက်သည်။

သုံးမိနစ်အကြာတွင် ဗိုလ်မာဂနင်က ဘတ်စ်ကားပေါ်သို့ ရောက်နေလေပြီ။

မာဂနင်က ကျေနပ်စွာပြုံးလိုက်၏။

နံနက်စောစောကြီး ထ၍လုပ်ရသည့်အလုပ်မျိုးတွင် ဗိုလ်မာဂနင်အတွက် အမြတ်အထွက်ဆုံး အလုပ်တစ်ခု။

မဟာစစ်ဆင်ရေးအတွက် အရေးကြီးလှပါသည်ဆိုသော အကြောင်းပြချက်မှာ ဗိုလ်မာဂနင်အဖို့ လှည့်ကွက်တစ်ခုမျှသာ။

●



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၂ ]

## ကိုလိုရာဒိုမှ လျှို့ဝှက်ချက်များ

**၁၉၈၇ ခု၊ ဩဂုတ်လ**

[ ၈ ]

ဝေါ်တာရီဆေး၏ ဒေါက်တာကိုပလင်အား ထားသည့် အထူးသီးသန့်ခန်း ထဲ၌ မစ္စတာရော်ဂျာက အီလက်ထရွန်နစ် အသံဖမ်းကိရိယာများကို တပ်ဆင် လိုက်ပြီးနောက် တိတ်ရီကော်ဒါကို ဖွင့်လိုက်၏။

'ကဲ...ဒေါက်တာ ကိုပလင်၊ ကျွန်တော်တို့တော့ အသင့်ဖြစ်နေပြီ၊ တကယ် လို့ ခင်ဗျား စကားပြောရင်း မောလာရင် နက်ဖြန်မှ ဆက်လုပ်မယ်'

ဂီနီဆီးဂရင်းက ကိုပလင်အား စကားလမ်းကြောင်းပေးလိုက်၏။

ကိုပလင့်အခြေအနေမှာ ယခင်ကထက် သက်သာနေပြီဖြစ်သော်လည်း အမောခံနိုင်သည့်စွမ်းအား မရှိသေး။

ခုတင်နောက်မှီကို ၄၅ ဒီဂရီထိ မြှင့်ထားသဖြင့် ကိုပလင်က ထိုင်နေသည့် အနေအထားမျိုး။

စကားပြောခွက်ယော်ကို မစ္စတာရော်ဂျာက ကိုပလင့်ရင်ခွင်ကြားတွင် ချပေး လိုက်သည်။





'နော်ဝေကနေပြီး ခင်ဗျား ဘယ်လိုခရီးစထွက်တယ်ဆိုတာက စ,လိုက်ရင် ကောင်းဘူးလား'

ဂီနီဆီးဂရင်းက တိုက်တွန်းလိုက်၏။

ဒေါက်တာကိုပလင်က...

'နော်ဝေကနေပြီး ခရီးစ,ထွက်တဲ့အကြောင်းမှာ ထူးခြားတာ တစ်ခုမှ မပေါ်ပေါက်ခဲ့ပါဘူး။

နော်ဝေ ငါးဖမ်းသင်္ဘောတစ်စီးက ကျွန်တော့်တစ်ပင်တိုင်ရွက်လှေကလေး ကို ကြိုတင်စီစဉ်ထားတဲ့အတိုင်း နီဟာယာဇမ်မလာကျွန်းနဲ့ မိုင်နှစ်ရာကွာအထိ ဆွဲယူသွားခဲ့တယ်။

ကျွန်တော် အဲဒီ နော်ဝေငါးဖမ်းသင်္ဘောတစ်စီးကို နှုတ်ဆက်ပြီး ထွက်လာ ခဲ့တယ်။ ဘားနက်ပင်လယ်ကို ကျွန်တော် လှေကလေးနဲ့ ဖြတ်လာခဲ့တယ်'

'ရာသီဥတု အခြေအနေကကော'

ဂီနီဆီးဂရင်းက ကြားဝင် မေးလိုက်သည်။

'ကောင်းပါတယ်၊ ခင်ဗျားတို့ ရာသီဥတုခန့်မှန်းချက်အတိုင်းပဲ။ ဒါပေမဲ့ နည်းနည်းတော့ ပိုအေးတယ်။ ဒါထက် အဲဒီရွက်လှေကလေးကို ပြန်သယ်လာခဲ့ ရဲ့လား'

'ဘယ်သယ်လာနိုင်မလဲခင်ဗျာ၊ ထားခဲ့တဲ့နေရာမှာပဲ ဖျက်ဆီးပစ်ခဲ့ရတာ ပေါ့။ မဖျက်ဘဲ ဒီအတိုင်းထားရင် ရုရှားတွေ တွေ့သွားတော့မှာပေါ့'

'ကဲ... ဆက်စမ်းပါဦး'

'ဒုတိယမြောက်တဲ့နေ့မှာ ကျွန်တော်ဟာ နီဟာယာဇမ်မလာကျွန်းရဲ့ မြောက် ဘက်စွန်းကို ညနေဘက်မှာ ချဉ်းကပ်လာမိတယ်။ တက်မကိုင်ပြီး နာရီပေါင်း လေးဆယ်ကျော်ကျော် ရွက်တိုက်လာခဲ့ရတော့ သိပ်ပြီး အိပ်ချင်လာတဲ့အခါတိုင်း စကင်ဒီနေဗီးယားနိုင်ငံဖြစ် အက္ကဗစ်အရက်ကို တစ်ကျိုက်စီ သောက်လိုက် ရတယ်။

ဒီအရက်က တစ်ကိုယ်လုံးကို တောမီးလိုပူစေတယ်၊ ကျွန်တော့်မျက်စိ တွေလည်း ကျယ်လာတယ်'

မစ္စတာရော်ဂျာက...

'ခင်ဗျား ရွက်လှေဆိုက်ကပ်လိုက်တဲ့ ချိုင်ထဲမှာ တခြားရေယာဉ်ဆိုလို့ တစ်စီးမှ မတွေ့ရဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'မိုးကုပ်စက်ဝိုင်းထိ တစ်စီးမှမမြင်ရဘူး'

'ခင်ဗျားက ခင်ဗျားရဲ့ရွက်လှေကို အခြေစိုက်စခန်းလုပ်ထားပြီး ကျွန်းပေါ်မှာ ထောက်လှမ်းရေးလုပ်တာပဲလား'

သည်မေးခွန်းကို မေးလိုက်သူက ဂီနီဆီးဂရင်း...

'ဟုတ်တယ်၊ ၁၂ ရက်လုံးလုံး အခြေစိုက်စခန်းလုပ်ပြီး ကျွန်းပေါ်မှာ ဘိုင်ဇမ်နီယံသင်္ချုင်းကို ထောက်လှမ်းရှာဖွေနေခဲ့တယ်။

တစ်ခါတစ်ခါ တစ်ရက်တည်းမှာ ကျွန်းပေါ်မှာ နှစ်ခေါက် သုံးခေါက် လျှောက်ပြီး ရှာနေခဲ့တယ်။ မိုးချုပ်ခါနီးမှ လှေရှိရာကိုပြန်လာပြီး ညစာစား၊ ည အနားယူ လုပ်နေခဲ့တယ်'

ဂီနီကပင်...

'ဒီ ၁၂ ရက်အတောအတွင်း ခင်ဗျား လူတစ်ယောက်မှ မတွေ့ခဲ့သေးဘူး ပေါ့'

'ဟုတ်တယ်၊ မတွေ့သေးဘူး၊ မတွေ့ဆို ကျွန်တော်က ရှရှားတွေရဲ့ ခုံးပျံစခန်းဟောင်း **တယ်မာ**နဲ့ သူတို့ရဲ့ လုံခြုံရေးကင်းစခန်းဖြစ်တဲ့ **ကမာ**ကို အဝေးကြီးကကွင်းပြီး လှုပ်ရှားနေတာကိုး။

ဒါပေမဲ့ ကျွန်တော် သေနတ်နဲ့အပစ်ခံရတဲ့နေ့မှာတော့ ရှရှားကင်းသမားနဲ့ သွားပြီးတိုးနေရတော့တယ်'

ဂီနီက...

'ရှရှားကင်းသမားက ခင်ဗျားကို ဘယ်လိုတွေ့သွားသလဲ'

'ဒီလှည့်ကင်းသမားရဲ့ စစ်ခွေးကြီးက ကျွန်တော့်ခြေရာကြောင်းတွေပေါ်ကို ဖြတ်ကျော်သွားမိတာနဲ့တူတယ်'

'ခွေးက ကျွန်တော့်အနံ့ ခံလိုက်လာတော့ လှည့်ကင်းသမားက ကျွန်တော့်ကို တွေ့သွားတာပဲဖြစ်မှာပဲ။ ကျွန်တော်လည်း ရေမချိုးရတာ သုံးပတ်လောက် ရှိနေပြီမဟုတ်လား'

'ဒီတော့ ကျွန်တော့်အနံ့ ခွေးက ခံမိတာ မထူးဆန်းတော့ဘူးပေါ့'

ဂီနီဆီးဂရင်းက တစ်ချက်ပြုံးလိုက်၏။

'ဒါထက် ဘိုင်ဇမ်နီယံသင်္ချုင်းတွင်းကို ဘယ်လိုတွေ့ရပုံ ပြောစမ်းပါ ဒေါက်တာ'

မစ္စတာရော်ဂျာထံမှ အသံထွက်လာသည်။

'တစ်ကျွန်းလုံးလိုလိုကို ရေခဲတွေဖုံးနေတော့ ကျွန်တော်က ဇကိတ်စီးပြီး





လျှောက်ရှားနေရတာ၊ ဒါပေမဲ့ တစ်ကျွန်းလုံးနှံ့အောင်တော့ ဘယ်သွားနိုင်မှာလဲ'

'ဒီတော့ ဂြိုဟ်တုကွန်ပျူတာတွေက ဘိုင်ဇမ်နီယံသင်္ချုင်း ရှိနိုင်မယ်လို့ ခန့်မှန်းထားတဲ့နေရာတွေကိုပဲ လှည့်ပြီး ရှာကြည့်ရတယ်'

'ဘိုင်ဇမ်နီယံသင်္ချုင်း သဲလွန်စကို ဘယ်လိုတွေ့ရတာလဲ **ဒေါက်တာ** ဆီဝလင်'

ဂီနီက လိုရင်းကို ဖြတ်မေးလိုက်သည်။

'ဒါက ဒီလိုပါ။

၁၃ ရက်မြောက်တဲ့နေ့ ကျွန်တော်က ဘက်နာယားတောင်စဉ်တန်းရဲ့ မြောက်ဘက် တောင်စောင်းမှာ ဘိုင်ဇမ်နီယံသင်္ချုင်း တွေ့ရနိုးနဲ့ ရှာနေတုန်း မြင်းဆို သိုက်ကောကြီးတစ်ခုထဲ ရောက်သွားတော့တယ်'

'သိုက်ကော၊ ဟုတ်လား'

'ဟုတ်ပါတယ်'

ဂီနီ့အမေးကို ကိုပလင်က အဖြေပေးရင်း တစ်ဆက်တည်းပင်...

'သိုက်ကောဆိုတာ သူများတူးယူသွားပြီးတဲ့ သင်္ချုင်းသိုက်ကို ပြောတာပါ။

'သိုက်ကောထဲကို ရောက်သွားပုံကလည်း ဒီလို...

'ဒီသင်္ချုင်းတွင်းကို တူးသွားတဲ့လူတွေဟာ သင်္ချုင်းတွင်းအဝကို နောက်တူးဖို့ လာတဲ့လူတွေ မတွေ့ရအောင်ဆိုပြီး အနားက ပကတိတောင်စောင်းနဲ့ တညီတည်း ဖြစ်အောင် မြေတွေကို ပြန်ဖို့ပစ်ခဲ့ကြတယ်'

ဒါပေမဲ့ ဒီသင်္ချုင်းသိုက်ကိုတူးစဉ်က ဖယ်ပစ်ခဲ့ရတဲ့ ကျောက်တုံးတွေကတော့ သိုက်ဝ အထက်နားမှာ ပုံလို့ရှိနေတုန်းပဲ။

ကျွန်တော့်လို သင်္ချုင်းဗေဒပညာရှင်တစ်ယောက်အဖို့တော့ ဘယ်ဟာ,ဟာ သိုက်ဟောင်းဖြစ်တယ်ဆိုတာ မှန်းဖို့ မခက်လှပါဘူး။ ဒါနဲ့ ရှိနေတဲ့ လမ်းကြောင်းလေးအတိုင်း ဝင်လိုက်သွားတော့ ဘိုင်ဇမ်နီယံသင်္ချုင်းသိုက်ကို တွေ့ရတော့တာ ပါပဲ။

ဒါပေမဲ့ သိုက်က ကောနေပြီ။ ရှိသမျှ သင်္ချုင်းကို တူးဖော်ယူသွားကြပြီးပြီ ဆိုလို့ ကျွန်တော်ပြောသလို ဘိုင်ဇမ်နီယံဆိုလို့ လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာလဲ ကျန်တော့တယ်။ ဒါတောင် ဟိုရှရှားကောင်နဲ့ အတွေ့မှာ...'

'ဒါထက် နေပါဦး၊ တူးပြီးသားသင်္ချုင်းတွင်းကို ဘယ်သူက ဘာဖြစ်လို့ ပြန်ပြီးဖုံးပစ်ခဲ့ရမှာလဲ၊ ဒါက ဆန်းမနေဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာရော်ဂျာက ကြားဝင်မေးလိုက်၏။

'ဒီနေရာမှာ တစ်ကြိမ်သောအခါက သိပ်အဖိုးတန်တဲ့ ဘိုင်ဇမ်နီယံသတ္တု ရှိနေခဲ့တယ်။ ဒီသတ္တုကို တစ်ယောက်ယောက် ဒါမှမဟုတ် အဖွဲ့တစ်ဖွဲ့က တူးယူ ရရှိသွားတယ်ဆိုတာ သဲလွန်စမပေါ်စေချင်တဲ့အတွက် သိုက်ကောကို ဒုက္ခခံပြီး ပြန်ပိတ်သွားတာပေါ့ဗျာ'

ဂီနီဆီးဂရင်းနှင့် ရော်ဂျာက တစ်ယောက်ကိုတစ်ယောက် စိတ်ပျက်အားလျော့သည့်အမူအရာဖြင့် ကြည့်လိုက်မိကြသည်။

'တူးသွားတဲ့လူတွေက ရုရှားတွေလား'

ရော်ဂျာက ဖျတ်ခနဲမေးလိုက်၏။

'မဟုတ်ဘူး၊ ကိုလိုရာဒိုနယ်က မိုင်းတူးသမားတွေ'

'ဒီလူတွေဟာ ကိုလိုရာဒိုနယ်ကလို့ ဒေါက်တာ ဘယ်လိုပြောနိုင်တာလဲ'

ဂီနီ့အမေး။

'ကိုလိုရာဒိုနယ်က မိုင်းတူးသမားတွေဆိုတာ အမှန်စင်စစ်တော့ ကိုလိုရာဒိုဇာတိတွေ မဟုတ်ကြဘူး။ အမေရိကန်ကို ပြောင်းပြီးနေကြတဲ့ အိုင်ယာလန်၊ ဂျာမန်၊ ကွန်နစ်ရဲ့ ဆွီဒီဆိုတဲ့ ဆွီဒင်ပြည်သားတွေ။

ဒီလူတွေဟာ ကိုလိုရာဒိုနယ်မှာ အနေများပြီး ကျောက်မိုင်းတူးတဲ့အလုပ်ကို အများအပြား လုပ်ကိုင်လေ့ရှိကြတော့ သူတို့ကိုပဲ ကိုလိုရာဒိုနယ်က မိုင်းတူးသမားတွေလို့ ဆိုရိုးပြုလာခဲ့ကြတယ်'

'ဒါတော့ ဟုတ်ပါပြီ၊ ဘာကြောင့် သူတို့တူးသွားတယ်လို့ ဒေါက်တာက ပြောနိုင်ရတာလဲ'

'ဒါက ဒီလိုပါ။

သတ္တုသိုက်ကြောကို စမ်းမိတဲ့ ကျွန်တော်က အပေါ်ကဖုံးထားတဲ့ မြေတွေကို ဖယ်ပြီး သိုက်ထဲကိုဝင်လာခဲ့တယ်။

ဝင်ရတဲ့ လိုဏ်ပေါက်က သုံးပေလောက် အချင်းရှိတယ်။ မှောင်မည်းမည်းထဲမှာ ကျွန်တော် စ,တွေ့ရတာကတော့ သတ္တုကို သယ်တဲ့ လက်တွန်းလှည်းတွေပဲ။

စတုတ္ထမြောက်မီးခြစ်ဆံကို ခြစ်ပြီး ကြည့်လိုက်တဲ့အခါ ဘာတွေ့ရလဲဆိုရင် ရေနံဆီမီးအိမ်ဟောင်း နှစ်လုံး။

မီးအိမ်ထဲမှာ ရေနံဆီတွေရှိနေတယ်။ မီးအိမ်နှစ်လုံးကို ပွတ်တိုက်ပြင်ဆင်





ပြီး ထွန်းလိုက်တော့ မီးလင်းလာတယ်'

ဒေါက်တာကိုပလင် မျက်စိအစုံက ဆေးရုံမျက်နှာကြက်ကို ငေးစိုက်ကြည့်နေသော်လည်း သူ့အာရုံတွင် ဘိုင်ဇမ်နီယံသိုက်ကောကြီးကိုသာ မြင်နေပုံရ၏။

'မီးအိမ်ရဲ့အလင်းရောင်ကြောင့် မြင်နေရတဲ့ မြင်ကွင်းဟာ ကျွန်တော့်အဖို့ အတော်ကို အံ့သြစရာကောင်းနေတယ်။

မိုင်းတူးရာမှာ အသုံးပြုတဲ့ လက်နက်အငယ်စားတွေကို စင်ပေါ်မှာ သပ်သပ်ရပ်ရပ် တင်ထားတာတွေ့ရတယ်။ သတ္တုရိုင်းတွေကို သယ်ထုတ်တဲ့ ဗျည်းတွေနဲ့ ဒီလှည်းတွေပြေးတဲ့ သံလမ်းတွေကတော့ သံချေးတက်နေပြီ။

သတ္တုတူးတဲ့ စက်ကိရိယာတွေကလည်း သတ္တုရိုင်းတွေကို တူးဖော်တော့မယ့် အနေအထားမျိုး။

သတ္တုတွင်းရဲ့အခြေအနေကို ကြည့်ရတာက နောက်အလုပ်သမားတစ်သုတ် အလုပ်လာလုပ်မှာကို စောင့်နေတဲ့ပုံစံမျိုး။ သတ္တုရိုင်းတွေကို လှည်းနဲ့တွန်းထုတ်တော့မယ်၊ စွန့်ပစ်ပစ္စည်းတွေကို သွားသွန်တော့မယ့်ပုံစံမျိုး'

ဤတွင် ဂီနီဆီးဂရင်းက...

'သတ္တုတွင်းထဲက လူတွေ အလျင်စလိုထွက်ခွာသွားရတဲ့ ပုံစံမျိုးတော့ မဟုတ်ဘူးလား'

'မဟုတ်ဘူးခင်ဗျ။

'အလျင်စလိုထွက်သွားရတဲ့ပုံစံမျိုး တစ်ခုမှမတွေ့ရဘူး။ ပစ္စည်းတွေ၊ ကိရိယာတွေဟာ သူ့နေရာနဲ့သူ နေရာတကျ စနစ်တကျ ရှိနေတယ်။

သတ္တုတွင်းနဲ့ ဆက်ထားတဲ့ မြေအောက်ခန်းတစ်ခန်းထဲမှာ အိပ်စင်တွေ ရှိနေတယ်၊ ဒီစင်တွေကလည်း သပ်သပ်ရပ်ရပ်၊ တစ်ခြေးတည်းရှိနေတဲ့ မီးဖိုဆောင်ကလည်း သန့်သန့်ပြန့်ပြန့်။

စင်ပေါ်မှာ အိုးတွေ ခွက်တွေ၊ ပန်းကန်တွေကလည်း အစီအရီ သန့်သန့်ရှင်းရှင်း။

ကုန်ကုန်ပြောရရင် သတ္တုရိုင်းတွေကိုတင်ပြီး သယ်ရတဲ့ လှည်းတွေကို ဆွဲသွားရတဲ့ လားတွေကိုတောင် အလုပ်လုပ်တဲ့အခန်းထဲ ခေါ်ယူသွားပြီး စနစ်တကျ သတ်သွားတာ တွေ့ရတယ်။

လားတွေရဲ့ခေါင်းခွံမှာ ကျည်ဆန်ပေါက် တစ်ပေါက်စီ တွေ့ရတယ်။

ဒီတော့ ဒီသတ္တုတွင်းထဲကလူတွေ ထွက်ခွာသွားတာဟာ အလျင်စလို



www.burmeseclassic.com

www.burmeseclassic.com



ကသုတ်ကရက် ထွက်သွားတာမျိုးမဟုတ်ဘဲ အလုပ်ရုံတစ်ရုံမှာ အလုပ်သမားတွေ အလုပ်သိမ်းပြီး စည်းကမ်းတကျ ထွက်ခွာသွားကြတဲ့ ပုံစံမျိုး'

ဒေါက်တာကိုပလင့်စကားအဆုံးတွင် မစ္စတာရော်ဂျာက...

'ဒီသင်္ချိုင်းဂူကို တူးဖော်သွားတဲ့လူတွေဟာ ကိုလိုရာဒိုနယ်က သင်္ချိုင်းသမားတွေဖြစ်တယ်ဆိုတဲ့အကြောင်းတော့ ခင်ဗျား ခိုင်ခိုင်လုံလုံ မပြောသေးဘူးနော်'

ဒေါက်တာကိုပလင်က ခေါင်းအုံးတစ်လုံးကို ဘေးနားတွင်ချထားလိုက်ပြီး ကိုယ်ကို အသာအယာ တစောင်းကလေးလှဲလိုက်သည်။

'ခု အဲဒီအကြောင်းကို ရောက်လာတော့မှာပါ။

ဘိုင်ဇမ်နီယံသင်္ချိုင်းသိုက်ကို တူးခဲ့တဲ့လူတွေဟာ ကိုလိုရာဒိုနယ်သား သင်္ချိုင်းသမားတွေ ဖြစ်တယ်ဆိုတာ ထင်ရှားနေတဲ့ အကြောင်းပြချက်နဲ့ သက်သေခံတွေ အများပဲတွေ့ရတယ်။

'မြေတူးစက်လိုလေးတဲ့ ကိရိယာတွေမှာ ထုတ်လုပ်တဲ့ကုမ္ပဏီရဲ့တံဆိပ်တွေက ထင်ထင်ရှားရှားရှိနေဆဲပဲ။

'သင်္ချိုင်းရိုင်းတွေသယ်တဲ့ လှည်းတွေမှာ ကိုလိုရာဒိုပြည်နယ် ပွဲအီဘလူမြို့ **ဂူထရီနဲ့သားများ ဖောင်ဒရီသွန်းစက်ရုံ** ဆိုတဲ့ တံဆိပ်အမှတ်အသားတွေ ပါနေသလို မြေတူးစက်ကြီးတွေကလည်း ဒင်ဗာမြို့ **သောမှိုင်ဒ်ရှုံးနဲ့ သံထည်လုပ်ငန်းကုမ္ပဏီ**ဆိုတဲ့ အမှတ်တံဆိပ်တွေ ပါနေတာပဲ။

မိုင်းတူးရာမှာအသုံးပြုတဲ့ လက်နက်အငယ်စားကလေးတွေကိုတော့ ကုမ္ပဏီအမျိုးမျိုးက ဝယ်ယူထားတယ်။ ဒါပေမဲ့ လက်နက်ငယ်အများစုဟာ ကိုလိုရာဒိုပြည်နယ် သင်္ချိုင်းတွင်း မြို့နှစ်မြို့ဖြစ်တဲ့ ဆန်ထရယ်စီးတီးနဲ့ အိုင်ဒါဟိုစပရင်းမြို့တွေမှာရှိတဲ့ ပန်းပဲဖိုတွေကလုပ်တဲ့ ပစ္စည်းတွေဖြစ်ကြောင်း အမှတ်အသားပါနေတယ်'

ဂီနီဆီးဂရင်းက ကုလားထိုင်နောက်မှီကို မှီလိုက်ရင်း...

'ဒီကိရိယာတန်ဆာပလာတွေကို ရုရှားတွေက ကိုလိုရာဒိုနယ်မှာ ဝယ်ယူပြီး ကျွန်းပေါ်အရောက် တင်ပို့လိုက်တာကော မဖြစ်နိုင်ဘူးလား'

'ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီသင်္ချိုင်းတွင်းကို တူးခဲ့တဲ့လူတွေဟာ ရုရှားတွေမဟုတ်ကြောင်း ထင်ရှားတဲ့ တခြားသက်သေခံပစ္စည်း အတိုအစကလေးတွေလည်း ရှိပါသေး





တယ်'

'ဘယ်လိုသက်သေခံပစ္စည်းတွေပါလိမ့်'

'အိပ်စင်တစ်ခုပေါ်မှာ ကျန်ရစ်နေတဲ့ အလောင်းတစ်လောင်းလို သက်သေခံပစ္စည်းပေါ့ခင်ဗျာ'

'အလောင်းတစ်လောင်း ဟုတ်လား'

ဂီနီဆီးဂရင်း၏ မျက်လုံးအစုံက ပြူးကျယ်လာသည်။

'ဟုတ်တယ်၊ ဆံပင်နီနီ၊ မုတ်ဆိတ်မွေးနီနီနဲ့ အလောင်းပေါ့'

ဒေါက်တာကိုပလင်က မထိလေးစားလေသံဖြင့် အဖြေပေးလိုက်၏။

'ကျွန်းပေါ်မှာ အအေးဒီဂရီ သုညအောက် အမြဲရောက်နေတော့ ဒီအလောင်းကောင်က မပုပ်မသိုးဘဲ နဂိုနေအတိုင်း ရှိနေခဲ့တော့တာပေါ့ဗျာ။

အလောင်းကောင်ရှိနေတဲ့ အိပ်စင်အထက်က ပျဉ်ပြားတစ်ချပ်ပေါ်မှာ ရေးထိုးထားတဲ့ သချိုင်းကမ္ပည်းကလည်း ဒီသင်္ချိုင်းတွင်းကို လာတူးသူတွေဟာ ကိုလိုရာဒိုနယ်သားတွေဖြစ်တယ်ဆိုတာ ထပ်လောင်းပြီး သက်သေထူနေတယ်ဗျ။

ရေးထားတဲ့ ကမ္ပည်းက အင်္ဂလိပ်စာနဲ့။

ဘာတဲ့...ဒီစာက။

အင်း...ဤနေရာတွင်။

'**ဂျိတ်ဟိုဘတ်** ကွယ်လွန်ခဲ့သည်။

၁၈၇၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။

စိတ်သဘောထားကောင်းမွန်သူဖြစ်သည်။

နှင်းမုန်တိုင်းမိကာ တစ်ကိုယ်လုံး သွေးခဲ၍...

ဖေဖော်ဝါရီလ ၁၀ ရက်၊ ၁၉၁၂ ခုတွင်...

ကွယ်လွန်ခဲ့သည် တဲ့'

ဒေါက်တာကိုပလင့်စကားအဆုံးတွင် ဂီနီဆီးဂရင်းက ထိုင်ရာမှ ထလိုက်ပြီး ခုတင်ကိုပတ်၍ စကြံလျှောက်နေသည်။

ခဏအကြာတွင် ကိုပလင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ကာ...

'နာမည်တစ်ခုတော့ သဲလွန်စရလာပြီ၊ ဒီအလောင်းရဲ့ ဝန်းကျင်မှာ ဘာပစ္စည်းတွေများ တွေ့မိသေးလဲ'

'အလောင်းမှာ အဝတ်အစားတွေဆိုလို့ ဘာမှမရှိတော့ဘူး၊ စည်သွတ်ဘူးတွေမှာရှိတဲ့ တံဆိပ်တွေ၊ စာတမ်းတွေကတော့ ပြင်သစ်စာနဲ့၊ ဒါက ထူးနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

မိုင်းတူးသမားတွေဟာ ဆေးရွက်ငုံတဲ့အကျင့်ရှိတော့ ငုံတဲ့ဆေးရွက်ကို ထုတ်လုပ်တဲ့ မီလီ–ဟိုင် ငုံဆေးရွက်ကုမ္ပဏီက ဘူးပတ်တွေ ငါးဆယ်လောက် မြေကြီးပေါ်မှာ ပြန့်ကျဲနေတာ တွေ့ရတယ်။

မိုင်းတူးသမားတွေဟာ ကိုလိုရာဒိုနယ်ကဖြစ်ကြောင်း နောက်ဆုံး သက်သေခံနေတာကတော့ ကိုလိုရာဒိုနယ်ကထုတ်တဲ့ သတင်းစာဟောင်းတစ်စောင်ပဲ။

သတင်းစာအမည်က **ရောကီးမောင်းတိန်း နယူးစ်**တဲ့။

သတင်းစာက ဝါထိန်ပြီး ရိနေပြီ၊ သတင်းစာမှာပါတဲ့ နေ့စွဲကတော့ **တစ်ထောင့်ကိုးရာဆယ့်တစ်ခု၊ နိုဝင်ဘာလ ၁၇ ရက်။**

ဒီသတင်းစာအဟောင်းနဲ့ ဘိုင်ဇမ်နီယံသတ္တု လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို အထောက်အထားအဖြစ် ယူလာတာ၊ ရှရှားကင်းလှည့်သမားနဲ့အတွေ့မှာ ဒါတွေ ဘယ်ရောက်လို့ ဘယ်ပျောက်ကုန်မှန်း မသိတော့ဘူး'

ဂီနီက စီးကရက်တစ်လိပ်ကို ဘူးထဲမှထုတ်လိုက်၏။ ရော်ဂျာက မီးခြစ်ခြစ်ပေးလိုက်သည်။

'ဒါဖြင့် ဘိုင်ဇမ်နီယံသတ္တုတွေကို ရှရှားတွေ မရသေးဘူးဆိုတာ အများကြီး ဖြစ်နိုင်တယ်'

ရော်ဂျာ့ထင်မြင်ချက်ကို ဂီနီက ခေါင်းညိတ်လိုက်သည်။

ဒေါက်တာကိုပလင်က စကားဆက်ကာ...

'သတင်းစာနဲ့ပတ်သက်ပြီး သတိပြုစရာတစ်ခုရှိတယ်။ သတင်းစာစာမျက်နှာသုံးမှာ လက်ယာဘက် အထက်နားမှာနေပြီး တိတိရိရိဖြတ်ထားတာ တွေ့ရတယ်။

ဖြတ်ထားပုံက အမှတ်တမဲ့ စုတ်ပြတ်သွားပုံမဟုတ်ဘဲ တစ်ခုခု ထူးခြားနေလို့ ဖြတ်ယူထားပုံမျိုး။ ဒီတော့ ဒီသတင်းစာတိုက်ကိုသွားပြီး အဲဒီနှစ်က သတင်းစာဟောင်းဖိုင်မှာ ရှာကြည့်ရင် ထူးခြားချက်ကို တွေ့လာရမယ်ထင်တယ်'

'ဒေါက်တာပြောတာ အများကြီးဖြစ်နိုင်တယ်။ သိပ်ကို ကျေးဇူးတင်တယ် ဒေါက်တာ၊ ခုဆိုရင် ဒေါက်တာ့ရဲ့ ကူညီစွမ်းဆောင်မှုကြောင့် ကျွန်တော်တို့ တစ်တွေ ရှေ့ကိုဆက်လုပ်ဖို့ လမ်းစရလာပြီ'

ဂီနီက လေးလေးနက်နက် ကျေးဇူးစကားဆိုလိုက်၏။

ရော်ဂျာက ခေါင်းညိတ်လိုက်ပြီး...





'ဒင်ဗာမြို့ကို နောက်ထွက်မယ့် လေယာဉ်မှာ ထိုင်ခုံတစ်နေရာယူပြီး လိုက်သွားမယ်၊ ကံကောင်းရင် ကျွန်တော်တို့လိုချင်တဲ့ အချက်အလက်ကလေးတွေ ရှာလို့ ရနိုင်ကောင်းပါရဲ့'

'ရောကီးမောင်းတိန်း သတင်းစာတိုက်ကို အရင်သွားဗျာ၊ ပြီးမှ ကိုတ်ဘိုဘာတ်နဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို လိုက်ရှာ၊ ကျွန်တော်ကတော့ ဝါရှင်တန်မှာရှိတဲ့ စစ်မှတ်တမ်းဟောင်းတွေကိုကြည့်ပြီး ကျွန်တော်တို့အတွက် ဘယ်လိုထူးခြားချက်များ တွေ့ရမလဲဆိုတာ စုံစမ်းမယ်...။

အမေရိကန် အနောက်ပိုင်းဒေသ သတ္တုတူးဖော်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တူးဖော်ရေးသမိုင်းကို နှံ့နှံ့စပ်စပ်သိတဲ့ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း တွေ့အောင်ရှာ၊ သူတို့ဆီက အကူအညီရနိုင်တယ်...။

'နောက်ပြီး ဒေါက်တာကိုပလင်ပြောတဲ့ မိုင်းတူးကိရိယာတွေ ထုတ်လုပ်တဲ့ ကုမ္ပဏီတွေလိုက်ရှာ၊ ဒီကုမ္ပဏီတွေထဲက ကုမ္ပဏီတစ်ခုတလေတော့ ခုထက်ထိ ဆက်ပြီးရှိနေဦးမယ်လို့ ထင်ရတယ်'

ဂီနီက ရော်ဂျာအား ညွှန်ကြားချက်ပေးနေရာမှ ဒေါက်တာကိုပလင်ဘက်သို့ လှည့်လိုက်ကာ...

'ဒေါက်တာ၊ ဒေါက်တာ့ရဲ့ကျေးဇူးက ကျွန်တော်တို့ ဆပ်လို့ မကုန်နိုင်လောက်အောင် ဖြစ်နေပြီခင်ဗျာ'

'ကျွန်းပေါ်က သတ္တုမိုင်းမှာ ဒီမိုင်းတူးသမားတွေ တူးယူသွားတာ အကောင်းစား ဘိုင်ဇမ်နီယံသတ္တု တန်ဝက်လောက်တော့ ရှိလိမ့်မယ်လို့ ကျွန်တော် ယူဆတယ်။

ဒီသတ္တုတွေကို တစ်နေရာရာမှာ လျှို့ဝှက်သိမ်းဆည်းထားမယ်ဆိုတာလည်း သေချာတယ်။

ဒါပေမဲ့ ၁၂၁၂ ခုနှစ်ကပဲ အစအနမပေါ်ဘဲ မြုပ်နေခဲ့တဲ့ ဒီသတ္တုတွေဟာ ခုလို ခုနှစ်ဆယ့်ငါးနှစ်ကြာတဲ့ အချိန်မှာ ဘယ်လိုသဲလွန်စမှ ပေါ်မလာဘူးဆိုတော့ အစတုံး ပျောက်သွားတာလည်း ဖြစ်နိုင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီသတ္တုတွေကို တကယ်လို့ ပြန်တွေ့လို့ရှိရင် ကျွန်တော့်ကို ကျေးဇူးတင်တယ်ဆိုရင် ကျွန်တော့်အတွက် နမူနာကလေး နည်းနည်းပို့လိုက်ပေးရင် တော်ပါပြီ'

'စိတ်ချပါ...ရရစေမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂီနီက ကတိပေးလိုက်သည်။

'နောက်တစ်ခု ကျွန်တော့်အတွက် လုပ်ပေးစေချင်တာက ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့လူရဲ့ လိပ်စာပါပဲ။ သူ့ဆီကို ကျွန်တော်က ကျေးဇူးတင်တဲ့ အထိမ်းအမှတ်အနေနဲ့ အကောင်းစားဝိုင်သေတ္တာ ပို့လိုက်ချင်လို့ပါ။ သူ့နာမည်က ဂျိုးမာတင်တဲ့'

'ဂျိုးမာတင်ဆိုတာ ဒေါက်တာ့ကို နူးမားသဘော်ပေါ်မှာ ခွဲစိတ်ပေးတဲ့ ဆရာဝန်လား'

'မဟုတ်ပါဘူး၊ ကျွန်းပေါ်မှ ရုရှားလှည့်ကင်းသမားနဲ့ ခွေးကိုပစ်သတ်ပြီး ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့လူပါ'

ဒေါက်တာကိုပလင့် စကားကြောင့် ဂီနီနှင့် ရော်ဂျာတို့နှစ်ယောက်က မိုးကြိုးအပစ်ခံလိုက်ရသလို ထိတ်လန့်သွားမိကြသည်။

'ရုရှားကင်းလှည့်သမားကို ပစ်သတ်ခဲ့တယ်'

ရော်ဂျာက ထပ်မေးနေပြန်၏။

'ဟုတ်တယ်'

'ဒီအတိုင်းဆိုရင် ကျွန်တော်တို့ ဖုံးဖုံးဖိဖိလုပ်ခဲ့သမျှ ဘူးပေါ်သလို ပေါ်ကုန်တော့မှာပဲ'

ဂီနီက ကြားဝင်ကာ...

'မဖြစ်နိုင်တာပဲဗျာ၊ ဒေါက်တာကိုပလင်က နူးမားသဘော်ဆီကို တစ်ယောက်တည်း လာခဲ့တဲ့ဥစ္စာပဲ'

'ဒါ ခင်ဗျားကို ဘယ်သူက ပြောတာလဲ'

ကိုပလင်က ပြန်မေးနေ၏။

'အင်း...ဘယ်သူမှတော့ မပြောဘူး၊ ဒါပေမဲ့ ကျွန်တော်တို့က ဒီအတိုင်းစီစဉ်ထားတော့ ဒီလိုပဲဖြစ်ရမယ်လို့ ထင်နေတာ'

'ကျွန်တော်က ဆူပါမင်းမဟုတ်ပါဘူးဗျာ'

ကိုပလင်က ခနဲ့တဲ့တဲ့စကား ဆိုလိုက်ရင်း...

'ရုရှားကင်းလှည့်သမားရဲ့ စစ်ခွေးကြီးက ကျွန်တော့်ခွတ်ကြောင်းကို ဖြတ်ရင်း အနံ့ရသွားတာနဲ့တူတယ်။ လှည့်ကင်းသမားဟာ ကျွန်တော်နဲ့ ကိုက်နှစ်ရာအတွင်း ရောက်လာပြီး ကျွန်တော့်ကို နှစ်ခါတိတိပစ်တယ်။

ဒဏ်ရာရနေတဲ့ ကျွန်တော်ဟာ စစ်ခွေးလက်ကလွတ်အောင် ဘယ်လိုပြေး





နိုင်မှာလဲ။ ပြေးလို့လွတ်ဦး၊ မိုင်ငါးဆယ် ပင်လယ်ပြင်ခရီးကို ရွက်တိုက်ပြီး ဘယ်လာနိုင်မှာလဲဗျ'

'ဒီဂျိုးမာတင်ဆိုတဲ့လူက ဘယ်လိုက ဘယ်လို ပေါ်လာတာလဲဗျ'

ရော်ဂျာက မေးလိုက်၏။

'ဘယ်လိုပေါ်လာတယ်ဆိုတာ ကျွန်တော်လည်း မပြောတတ်ဘူး။ ရုရှားကင်းလှည့်သမားက ကျွန်တော့်ကို ရေခဲပြင်ပေါ်မှာ တရွတ်တိုက်ပြီး သူတို့ကင်းစခန်းဘက်ကို ခေါ်အလာမှာ...

ဒီဂျိုးမာတင်ဆိုတဲ့လူက နှင်းမုန်တိုင်းထဲက ဘွားခနဲပေါ်လာပြီး စစ်ခွေးကြီးကိုရော လှည့်ကင်းသမားကိုပါ ပစ်သတ်လိုက်တာပါပဲ။ သူ့ကြည့်ရတာ ထမင်းစား ရေသောက် အလုပ်မျိုးလုပ်နေရသလို အေးအေးဆေးဆေးပါပဲ'

'ရုရှားတွေက သူတို့လှည့်ကင်းသမား အသတ်ခံရတာကို ပွဲကြီးချဲ့ပြီး ဝါဒဖြန့်ကြလိမ့်ဦးမယ်'

ရော်ဂျာက ညည်းညူလိုက်သဖြင့် ကိုပလင်က...

'ဘယ်လိုလုပ်ပြီး ဝါဒဖြန့်နိုင်မှာလဲ၊ ဘာသက်သေပြစရာ ရှိနေမှာမို့လို့လဲ။

လှည့်ကင်းသမားနဲ့ သူ့ခွေးဟာ ကျွန်တော်တို့ နူးမားသဘော်ပေါ် မရောက်ခင်ပဲ နှင်းခဲတွေအောက် ရောက်နေမှာ။ ခုလောက်ဆိုရင် ရေခဲပြင်အောက် ငါးပေလောက်မှာ ရောက်နေမှာ။

ဒီအလောင်းကို သူတို့ရှာတွေ့မှာလည်း မဟုတ်ဘူး။ တကယ်လို့ တွေ့တယ်ပဲထား၊ ဘယ်သူသတ်သွားတယ်ဆိုတာ ဘယ်လိုသက်သေပြနိုင်မှာလဲ၊ ခင်ဗျားတို့နှစ်ယောက်က မစိုးရိမ်သင့်တာ သိပ်ပြီးစိုးရိမ်နေကြတာကိုးဗျ'

ဂီနီက ခေါင်းညိတ်လိုက်ပြီး...

'ဒေါက်တာကိုလာကယ်တဲ့ ဂျိုးမာတင်ဆိုတဲ့လူကတော့ တကယ့်ကို သူ့ရဲကောင်းပဲဗျ'

'ဟုတ်တယ်၊ သူသာ လာမကယ်ရင် ကျွန်တော်တော့ ခုလောက်ဆိုရုရှားအကျဉ်းစခန်းထဲမှာ သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်အကြောင်းနဲ့ ဘိုင်ခမ်နီယံသတ္တုအကြောင်းတွေကို...'

ကိုပလင် စကားမဆုံးမီ ဂီနီက...

'ဂျိုးမာတင်ဆိုတဲ့လူရဲ့ ပုံပန်းသဏ္ဌာန်ကိုလည်း ပြောထားဦးဗျ'

ကိုပလင်က မှတ်မိသမျှ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နူးမားသဘော်ာရှိတဲ့နေရာကို ရှက်လေ့နဲ့သွားတုန်း ခင်ဗျား သူနဲ့ စကား ပြောဖြစ်သေးလား'

'ဘယ်ပြောနိုင်မလဲ၊ သူက ကျွန်တော့်ကို ကလေးလေးတစ်ယောက်လို ဖွေ့ချီလိုက်တာနဲ့ ကျွန်တော်လည်း သတိလစ်သွားတော့တာ။ ဟောဒီဆေးရုံ ရောက်မှ ပြန်သတိလည်လာတာ'

'ဂျိုးမာတင်ဆိုတဲ့လူက နူးမားသဘော်ာကဆိုတော့ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာကို စုံစမ်းခိုင်းရင် ရနိုင်ပါလိမ့်မယ်'

ရော်ဂျာက...

'ဂျိုးမာတင်ဆိုတဲ့လူက ကျွန်တော်တို့စစ်ဆင်ရေးအကြောင်း တစ်စွန်းတစ်စ များ သိနေလားမဆိုနိုင်ဘူး'

ရော်ဂျာ့ထင်မြင်ချက်ကို ဂီနီဆီးဂရင်းက နှုတ်တုံ့မပြန်။

သူ့ခေါင်းထဲတွင် စွဲနေသည်က ဂျိုးမာတင်။

သည်အမည်ကို သူ ရင်းရင်းနှီးနှီး ကြားဖူးခဲ့သည်ဟု ဂီနီက ထင်နေ၏။

သို့သော် မရေမရာ။

ဂျိုးမာတင်ဆိုသော သူရဲကောင်းသည် အာတိတ်ဒေသ ကျွန်းတစ်ကျွန်း ပေါ်၌ တိမ်ကြားမင်းခေါင်လို မည်သို့ပေါ်လာပါသနည်း။

ဂျိုးမာတင်...

ဂျိုးမာတင်...

ဂီနီ့ခေါင်းထဲတွင် သည်အမည်က ပဲ့တင်ထပ်နေလေသည်။

[ ၉ ]

ည ၁၂ နာရီ ၁၀ မိနစ်။

တယ်လီဖုန်းခေါ်သံက ဆူညံစွာ ပေါ်ထွက်လာသည်။

တယ်လီဖုန်းက အိပ်ရာဘေးနားမှာ။

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက ဆူညံသော တယ်လီဖုန်း သံကြောင့် နိုးလာ၏။

မျက်စိတစ်ဖက်ကို မပွင့်တပွင့်ဖွင့်ကာ ရေကြောင်းဗိုလ်ချုပ်ကြီးက တယ်လီ ဖုန်း တစ်ခုလုံးကို ရိုက်ခွဲပစ်တော့မလို စိုက်ကြည့်နေ၏။





တယ်လီဖုန်းသံက မြည်လိုက် ရပ်လိုက်။

ရှစ်ကြိမ်မြောက် မြည်လာသည့်အချိန်တွင် ဗိုလ်ချုပ်ကြီးက လက်မြှောက် အရှုံးပေးလိုက်ပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

'ဟုတ်တယ်၊ ဘာကိစ္စလဲ'

တစ်ဖက်မှ အမေးကို ဗိုလ်ချုပ်ကြီးက ခပ်ထန်ထန် နှုတ်တုံ့ပြန်လိုက်၏။

တစ်ဖက်မှ...

'ခု စကားပြောနေတာ ဂီနီဆီးဂရင်းပါ၊ ဗိုလ်ချုပ်ကြီး အိပ်ပျော်နေချိန် ဖုန်းဆက်ရတာ အားနာပါတယ်'

ဗိုလ်ချုပ်ကြီးက...

'အိပ်မပျော်သေးဘူးဗျ'ဟု ပြန်ဖြေရင်း တယ်လီဖုန်းစကားပြောခွက်ထဲတွင် သမ်းပြလိုက်ပြီး...

'ကျွန်တော်က ဘယ်တော့မှ စောစောမအိပ်ဘူး၊ ကျွန်တော့် ကိုယ်ရေး အတ္ထုပ္ပတ္တိကို ငါးမျက်နှာရေးပြီးမှ၊ အရက်ဆိုင်နှစ်ဆိုင်လောက်ကို ဝင်ရောက် မောက်ထွင်းပြီးမှ၊ နောက်ပြီး ဝန်ကြီးတစ်ယောက်ယောက်ရဲ့ မိန်းမကို မုဒိမ်း ကျင့်ပြီးမှ အိပ်လေ့ရှိတာ'

'ကဲ...ဟုတ်ပြီ၊ ဘာအကြောင်းထူးလို့လဲ'

'တစ်ခုခု အရေးကြီးနေလို့ပါ ဗိုလ်ချုပ်ကြီး'

ရန်သူ့ပိုင်နက်ထဲ ရောက်နေတဲ့ ခင်ဗျားတို့လူယုံတော်တွေကို သွားကယ် ရမယ့်ကိစ္စပဲလား၊ ဒါဆိုတော့ ဆော်ရီးပဲဗျာ'

'အဲဒါမျိုး မဟုတ်ပါဘူး ခင်ဗျာ'

'ဂီနီ့အသံက ညည့်ညည့်သက်သက်'

'ဒါဖြင့် ဘာတုံး'

'ဗိုလ်ချုပ်ကြီးလက်အောက်က လူတစ်ယောက်အကြောင်း သိချင်လို့ပါ'

'ဒီလိုဆိုလည်း ရုံးချိန်မှာ ဖုန်းဆက်ပြီး မေးရောပေါ့ဗျာ'

'သိပ်ကိုအရေးကြီးလို့ပါ ဗိုလ်ချုပ်ကြီး'

'ဒါဖြင့်လည်း ဆို၊ ဘယ်သူ့အကြောင်းလဲ'

'ဂျိုးဆိုတဲ့လူ၊ နာမည်အပြည့်အစုံက ဂျိုးမာတင်ပါ'

ဗိုလ်ချုပ်ကြီးက စိတ်မရှည်သည့်လေသံဖြင့်...

'ဒီလူကို ကျုပ်က ဘာလို့သိရမှာလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'သူက နူးမားသင်္ဘောနဲ့ ဆက်စပ်နေလို့ပါခင်ဗျာ'

'ကျုပ်ဌာနမှာ အမှုထမ်းနေတာ လူ ၂၀၀၀ ကျော်ရှိတယ်၊ လူတိုင်းနာမည်ကို ကျုပ် ဘယ်လိုမှတ်မိနိုင်မှာလဲ'

'သူ့ကို ဗိုလ်ချုပ်ကြီး ရှာပေးနိုင်မယ်ထင်ပါတယ်။ ကျွန်တော်က သူနဲ့ဆွေးနွေးစရာ ရှိနေပါတယ်။ မတွေ့ရင် မဖြစ်တဲ့ အရေးကြီးကိစ္စကြောင့်ပါ'

'ဒီလိုဆိုရင်လည်း ကျုပ်ရဲ့ဒါရိုက်တာနဲ့ ရုံးချိန်မှာတွေ့ပြီး ရှာခိုင်းလို့ရတာပဲ မဟုတ်လား'

'ကျွန်တော်တောင်းပန်ပါတယ် ဗိုလ်ချုပ်ကြီး၊ ကျွန်တော် ညဥ့်နက်တဲ့အထိ အလုပ်လုပ်ရတော့ ဗိုလ်ချုပ်ကြီး အိပ်ရာမဝင်သေးဘူးထင်ပြီး ဖုန်းဆက်တာပါ'

'ကောင်းပြီ...ခင်ဗျားပြောတဲ့ဂျိုးမာတင်ကို ရှာကြည့်မယ်၊ တွေ့ရင် ခင်ဗျားဆီ အကြောင်းကြားမယ်၊ ဟုတ်ရဲ့လား'

'ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်ကြီးခင်ဗျာ၊ ဒါထက် ဗိုလ်ချုပ်ကြီးတို့နူးမားသင်္ဘောက ကယ်ခဲ့တဲ့ လူယုံတော်ရဲ့ ကျန်းမာရေးအခြေအနေ အတော်ကောင်းလာပါပြီ။

ဗိုလ်ချုပ်ကြီးတို့ သင်္ဘောက သင်္ဘောဆရာဝန်က ခွဲစိတ်ကုသမှု တော်လွန်းလို့ ကျွန်တော်တို့လူ အသက်ရှင်တာပါ'

'ကိုပလင်ဆိုတဲ့လူ မဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီတုန်းက ရုရှားတွေကသာ ကျုပ်တို့သင်္ဘောကို ဖမ်းခေါ်သွားရင် ခုဆို ကိစ္စများနေရှာမယ်။ ဒါထက် နေပါဦး၊ ဂျိုးမာတင်ဆိုတဲ့လူက ဒီကိစ္စမှာ ဘယ်လိုဝင်လာတာလဲ'

ဂီနီက အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။

'ခင်ဗျားတို့က ဂျိုးမာတင်ကိုတွေ့ရင် ဘာလုပ်မယ် စိတ်ကူးလို့လဲ'

'ဒါကတော့ ဂျိုးနဲ့ ကျွန်တော်တို့ရဲ့ကိစ္စ ဖြစ်ပါတယ်ခင်ဗျာ'

'ဒါဖြင့်လည်း ကောင်းပြီ၊ ဂွတ်နိုက်'

ဗိုလ်ချုပ်ကြီးက စကားပြောခွက်ကို ပြန်ချလိုက်ပြီး တစ်ကိုယ်တည်းရေရွတ်လိုက်သည်။

'ရုရှားကင်းလှည့်သမားတစ်ယောက်ကို ပစ်သတ်ပြီး အမေရိကန် သူလျှိုတစ်ယောက်ကို ကယ်ခဲ့တဲ့လူပဲ'





'ဂျိုးမာတင်ဆိုတဲ့လူတဲ့'

[ ၁၀ ]

ယူနိုက်တက်လေကြောင်းကုမ္ပဏီပိုင် လေယာဉ်တစ်စီးသည် နံနက်ရှစ်နာရီတွင် ဒင်ဗာမြို့ လေဆိပ်သို့ ရောက်လာသည်။

မစ္စတာရော်ဂျာက ပလိုင်းမောက် အငှားကားတစ်စီးဖြင့် ရော့ကီးမောင်းတိန်း သတင်းစာတိုက်သို့ မောင်းလာခဲ့၏။

ဒင်ဗာမြို့သို့ တစ်ခေါက်မျှ ရောက်ဖူးခြင်းမရှိသည့်အတွက် မြို့မြေပုံကိုပေါင်ပေါ်တွင်တင်ကာ မောင်းလာခြင်း။

ဒင်ဗာသည် ရေမ်းရော်ခ်တောင်ခြေရင်းနှင့် ၂၅ မိုင်အကွာ လွင်ပြင်အစွန်းတွင် တည်ရှိနေသည့်မြို့။

၁၅ မိနစ်ကြာပြီးသည့်နောက် ရော်ဂျာက သတင်းစာတိုက် အဆောက်အအုံရှေ့သို့ ရောက်လာ၏။ ကားကို သတင်းစာတိုက် စာကြည့်တိုက်ရှေ့တွင်ရပ်ထားခဲ့ပြီး အပေါ်သို့ တက်လာခဲ့သည်။

ကောင်တာနောက်ဘက်ရှိ စာကြည့်တိုက် စာရေးမကလေးက သဘောကောင်းပုံရ၏။

'၁၉၁၁ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် သတင်းစာများ ရနိုင်ပါ့မလားခင်ဗျာ'

'မူရင်းသတင်းစာတော့ မရှိတော့ဘူး၊ နိုင်ငံတော် သမိုင်းသုတေသနအဖွဲ့ရောက်သွားပြီ၊ မိတ္တူကော်ပီပဲ ရနိုင်မယ်ရှင်'

'အဲဒီသတင်းစာက စာမျက်နှာသုံးကိုရရင် တော်ပါပြီ။ အဲဒီမျက်နှာကိုကော်ပီကူးပြီး လိုချင်ပါတယ်'

'ဆယ့်ငါးမိနစ်လောက်တော့ စောင့်ရလိမ့်မယ်'

'စောင့်နိုင်ပါတယ်၊ ဒါထက် ကိုလိုရာဒိုပြည်နယ် ကူးသန်းရောင်းဝယ်ရေးလမ်းညွှန်စာအုပ်များ ဒီမှာ လွယ်လွယ်မရှိဘူးလားဗျာ'

'ရှိပါတယ်ရှင့်'

စာရေးမကလေးက ကူးသန်းရောင်းဝယ်ရေး လမ်းညွှန်စာအုပ်ကလေးကိုထုတ်ပေးပြီးနောက် အတွင်းဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရော်ဂျာက စားပွဲတွင်ထိုင်ကာ လမ်းညွှန်စာအုပ်ကို ဖွင့်လျက် ဒေါက်တာကိုပလင်ပြောခဲ့သည့် ကုမ္ပဏီအမည်များကို ရှာကြည့်နေ၏။

ပူအီဘလူမြို့တွင် ဂူထရီနှင့်သားများ ဖောင်ဒရီသွန်းစက်ရုံကို စာရင်းသွင်းထားခြင်း မတွေ့ရ။

ရော်ဂျာက **'တီ'** အက္ခရာအောက်တွင် ဒင်ဗာမြို့၌ ယခင်ကရှိနေခဲ့သည့် သောမ့်ဖိုချ်နှင့် သံထည်လုပ်ငန်းကို ရှာကြည့်သည်။

စာရင်းတင်ထားခြင်း မရှိတော့။

လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါးက တည်ထောင်ဖွင့်လှစ်ထားခဲ့သော လုပ်ငန်းကုမ္ပဏီကြီးများ ယနေ့ထိ ဆက်လက်တည်ရှိနေဦးမည်ဟု မျှော်လင့်ထားခြင်းမှာ တရားလွန်ရာကျနေတော့မည်ဟု ရော်ဂျာက တွက်နေမိ၏။

၁၅ မိနစ် စေ့သွားရုံမက ကျော်ပင် ကျော်သွားသည်။

စာကြည့်တိုက် စာရေးမကလေးက ပြန်ရောက်မလာသေး။

ရော်ဂျာက လမ်းညွှန်စာအုပ်ကို စိတ်မပါတပါ လှန်ရင်း အချိန်ဖြုန်းနေမိသည်။

'ဂျေ'အက္ခရာ ခေါင်းစဉ်အောက်သို့ အရောက်တွင် ရော်ဂျာက...

**ဂျင်ဆင်နှင့် သော သတ္တုလုပ်ငန်း** ဟု အမည်တပ်ထားသည့် ကုမ္ပဏီတစ်ခု လိပ်စာကို တွေ့လိုက်ရ၏။

လိပ်စာက ရော်ဂျာရောက်နေသည့် ဒင်ဗာမြို့လိပ်စာ။

သောမ့်ဖိုချ်နှင့် သံထည်လုပ်ငန်းသည် ယခုအချိန်၌ အစုရှယ်ယာဝင်များ ပြောင်းကာ ဂျင်ဆင်နှင့် သော သတ္တုလုပ်ငန်းဟု ဖြစ်လာနိုင်မည် မဟုတ်လား။

ရော်ဂျာက လမ်းညွှန်စာအုပ်မှ ယင်းစာရွက်ကို ဆုတ်ယူပြီး ကုတ်အင်္ကျီအောက်ထဲသို့ ထိုးထည့်ပစ်လိုက်၏။

ခဏအကြာတွင် စာရေးမကလေးက သတင်းစာ ဖိုတိုကော်ပီကို စာအိတ်တစ်ခုထဲတွင် ထည့်လျက် ရော်ဂျာထံ လှမ်းပေးသည်။

'ဖိုတိုကော်ပီကူးခ ဆင့်ငါးဆယ်ကျပါတယ်ရှင်'

ရော်ဂျာက ကူးသန်းရောင်းဝယ်ရေးလမ်းညွှန်စာအုပ်ကလေးကို ကောင်တာပေါ် အမှတ်မထင် တင်ထားလိုက်ပြီးနောက် ဆင့်ငါးဆယ် ထုတ်ပေးလိုက်ကာ ဖိုတိုကော်ပီကို အသင့်ထုတ်ထားသည့် မှန်ပြားပေါ် တင်လိုက်၏။

စာရေးမကလေးက အောက်ဘက်ရှိ ခလုတ်ကို နှိပ်လိုက်သောအခါ မှန်





ပြားအောက်ဘက်ရှိ မီးလုံးကလေးက မီးပွင့်လာသည်။

ဖိုတိုကော်ပီရှိ စာများကို ထင်ထင်ရှားရှားဖတ်၍ရလာတော့၏။

၁၉၁၁ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် ရော့ကီးမောင်းတိန်း သတင်းစာ အတိယစာမျက်နှာ လက်ယာဘက်က အထက်ပိုင်းတွင် သတင်းတစ်ပုဒ်။

သတင်းက သတ္တုတွင်းတစ်တွင်း ပြိုကျသဖြင့် သေဆုံးဒဏ်ရာရသူများအကြောင်းကို ဖော်ပြထား၏။

'လူကြီးမင်း အလိုရှိတာ ဟုတ်ပါသလားရှင်'

'ဟုတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

ရော်ဂျာက စာရေးမကလေးကို နှုတ်ဆက်လျက် ရော့ကီးမောင်းတိန်းသတင်းစာတိုက် စာကြည့်ခန်းအဆောက်အအုံထဲမှ ခပ်သွက်သွက် လှမ်း၍ထွက်လာခဲ့၏။

'ဂျင်ဆင်နှင့် သော သတ္တုလုပ်ငန်း'သည် ဧကကျယ်ဝန်းနှင့် တောင်ပိုင်းလက်မြစ်အကြားတွင် မားမားကြီးရပ်လျက် ရှိနေပါသည်။

သတ္တုလုပ်ငန်း အလုပ်ရုံထဲတွင် ကရိန်းကြီးများက သံချေးတက်နေသည့် ရေမပိုက်လိုင်းရှည်ကြီးများကို မ,ချီရွှေ့ပြောင်းနေ၏။

ပေါ်ထွက်နေသည့် ထုသံ ...ည်း နားကွဲမတတ်။

...ယာက ပြီးလိုက်... တသီးတသန့် ခွဲခြားလျက် ...ပြထားသည်။

ရင်ချီချီနှင့် ရှင်ကြည်နေသည့် ညှော်ကြိုစာရေးမကလေးက ရော်ဂျာအား ရုံးခန်းရှိရာသို့ လမ်းပြခေါ်ဆောင်သွား၏။

လုပ်ငန်းမန်နေဂျာအဖြစ် ဆောင်ရွက်နေသော ကားလ်ဂျင်ဆင် ဂျူနီယာက စားပွဲမှထ,ကာ ရော်ဂျာအား ကြိုဆိုသည်။

ဂျင်ဆင်ဂျူနီယာက အသက် ၂၈ နှစ်ထက် မကျော်။

'ဝါရှင်တန် မင်းပိုင်းစိုးပိုင်းမှာ အန်မတန် နာမည်ကြီးနေတဲ့ ဦးတို့လိုပုဂ္ဂိုလ်ကြီးကို ဆုံတွေ့ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်'

ဂျင်ဆင်ဂျူနီယာ၏ နှုတ်ဆက်စကားကို ရော်ဂျာက ခေါင်းညိတ် အသိအမှတ်ပြုလိုက်ပြီးနောက် လိုရင်းကို ဆိုလိုက်၏။

'ဖုန်းနဲ့ပြောထားတဲ့အတိုင်း ဒီလုပ်ငန်းနဲ့သက်ဆိုင်တဲ့ မှတ်တမ်းအဟောင်းတွေ ကြည့်ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'လူကြီးမင်းဟာ အခွန်တော်ဌာနကတော့ ဟုတ်မယ် မထင်ပါဘူးခင်ဗျာ'

'အကောက်အခွန်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ သမိုင်းနဲ့ပတ်သက်ပြီး သုတေသနလုပ်ချင်တဲ့အချက်တွေ ရှိနေလို့ပါ။ ဒီတော့ ၁၉၁၁ ခုနှစ်၊ ဇူလိုင်လကနေပြီး နိုဝင်ဘာလအထိ အရောင်းစာရင်းကို ကြည့်ချင်လို့ပါ'

ရော်ဂျာ့စကားကို ဂျင်ဆင်ဂျူနီယာက ယုံရခက်၊ မယုံရခက် ဖြစ်နေလေသည်။

'နှစ်ပေါင်း ရှစ်ဆယ်နီးပါး ကြာနေလေတော့ အဲဒီတုန်းက အရောင်းစာရင်းတွေ မရှိနိုင်တော့ပါဘူးခင်ဗျာ၊ လူကြီးမင်းသိချင်တာက ကျွန်တော်တို့ကုမ္ပဏီမှ ဟုတ်ပါ့ရဲ့လားခင်ဗျာ'

'ဟုတ်ပါတယ်၊ အကောက်အခွန်ကိစ္စလို့ထင်ပြီး မကူညီဘဲ မနေစေချင်ဘူး။ ဒီကုမ္ပဏီဟာ သောဖို့ချ်နဲ့ သံထည်လုပ်ငန်းတွေကို ဆက်ခံခဲ့တဲ့ ကုမ္ပဏီပဲ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဒီကုမ္ပဏီကို ကျွန်တော့်အဘိုးရဲ့ အဖေက တည်ထောင်ခဲ့ပါတယ်။ ကျွန်တော့်အဖေက ၁၉၄၀ ခုနှစ်မှာ ကုမ္ပဏီလက်ကျန်ပစ္စည်းတွေကို ငွေအမ်းဝယ်ယူပြီး နာမည်ကိုလည်း ဂျင်ဆင်နဲ့ သောသတ္တုလုပ်ငန်းလို့ ပြောင်းခဲ့ပါတယ်'

'ဒါဖြင့် မှတ်တမ်းဟောင်းတွေကိစ္စက...

'အမှန်အတိုင်းဝန်ခံရရင် အမြော်အမြင်ကြီးတဲ့ ကျွန်တော့်အဖေဟာ ကုမ္ပဏီနဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေ မှန်သမျှကို မိုက်ကလိုဖလင်နဲ့ရိုက်ပြီး ကူးယူသိမ်းဆည်းခဲ့ပါတယ်ခင်ဗျာ'

'ဒါဖြင့် ၁၉၁၁ ခုနှစ်၊ ဒုတိယခြောက်လပိုင်းက အရောင်းစာရင်း ကြည့်ခွင့်ရရင် တော်ပါပြီ'

'ဟုတ်ကဲ့...ဆယ့်ငါးမိနစ်လောက်တော့ စောင့်ရပါလိမ့်မယ်ခင်ဗျာ၊ စောင့်နေတုန်း ကော်ဖီကလေးများ သုံးဆောင်ပါဦးလားခင်ဗျာ'

'ကော်ဖီထက်ပြင်းတဲ့ ယမကာဆိုရင် ပိုကောင်းလိမ့်မယ်'

ရော်ဂျာ့စကားကို ဂျင်ဆင်ဂျူနီယာက သဘောကျသွားပြီး မှန်များဖြင့်ကာရံထားသည့် ဘားခန်းသို့ဝင်သွားကာ ဘုရင်များသာ သုံးဆောင်လေ့ရှိသည်ဟု နာမည်ကြီးနေသည့် ရီဂယ်အရက်တစ်ပုလင်းကို ယူလာသည်။

ရော်ဂျာက အိမ်ရှင်ငှဲ့ပေးသည့်အရက်တစ်ပက်ကို မော့၍သောက်ချလိုက်၏။





အိမ်ရှင်လူငယ်က ခွက်ထဲတွင် နောက်တစ်ပက် ငှဲ့လိုက်ပြီး...

'ဒါနဲ့ ခင်ဗျာ ဒီအနှစ်ရှစ်ဆယ်လောက်က အရောင်းစာရင်းက ဘယ်လို စိတ်ဝင်စားစရာရှိလို့ပါလဲခင်ဗျာ'

'စိတ်ဝင်စားစရာဆိုလို့ မရှိလှပါဘူး'

'အစိုးရအဖွဲ့တစ်ဖွဲ့က အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို တဲ့ ခုနစ်ဆယ့်ခြောက်နှစ်က အရောင်းစာရင်းကြည့်ရအောင် နိုင်ငံတစ်နိုင်ငံ ထက်ဝက်လောက်ရှည်တဲ့ခရီးကို လွှတ်လိုက်တယ်ဆိုတာ'

ဂျင်ဆင်ဂျူနီယာ၏ စကားမဆုံးမီ ရော်ဂျာက...

'အစိုးရဆိုတာ တစ်ခါတစ်ခါတော့ လျှို့ဝှက်ချက်တစ်ရပ်ကို ပြောင်စရာ၊ င်စရာသဘောမျိုးနဲ့ လုပ်တတ်တာလည်း ရှိပါတယ်လေ'

'လွန်ခဲ့တဲ့ ခုနစ်ဆယ့်ခြောက်နှစ်က လျှို့ဝှက်ချက်ကို ခုမှစုံစမ်းဖို့လွှတ်တာ ရာပါပဲခင်ဗျာ'

စောဒကတက်လာသော ဂျင်ဆင်ဂျူနီယာကို ရော်ဂျာက...

'ဆိုကြပါစို့ဗျာ...ခုနစ်ဆယ်ကျော်က လူသတ်မှုတစ်ခုကို ကျူးလွန်ခဲ့တဲ့ တစ်ယောက်ဟာ ခင်ဗျားရဲ့ အဘိုးရဲ့အဖေ ကုမ္ပဏီက ဝယ်ယူခဲ့တဲ့ ကိရိယာ အဲဒီလူသတ်မှုကို ကျူးလွန်ခဲ့လို့ပဲဗျို့'

ဂျင်ဆင်ဂျူနီယာက ပြုံးလိုက်၏။

ရော်ဂျာလိုပုဂ္ဂိုလ်ကြီးတစ်ယောက်က လိမ်ပြောနေသည်ကို သိပါသည်ဟု ယ်ပေါ်သည့်အပြုံး။

စာရေးမလှလှတစ်ယောက် ရုံးခန်းထဲသို့ ဝင်လာပြီးနောက် ဂျင်ဆင်ဂျူနီယာ ပေါ်တွင် စာအိတ်ရှည်တစ်အိတ် တင်လိုက်ပြီး ပြန်၍ထွက်သွားသည်။

ဂျင်ဆင်က အိတ်ထဲမှ စာရွက်များကိုထုတ်ကာ စစ်ဆေးလိုက်၏။ ပြီးမှ...

'ကျွန်တော့်အဘိုးရဲ့ အဖေအဖို့ ဇွန်လကနေ နိုဝင်ဘာလအထိဟာ သိပ် ရောင်းထိုင်းတဲ့ လတွေနဲ့ တူပါရဲ့၊ ရောင်းကုန်ပစ္စည်းစာရင်းက ခပ်နည်းနည်းပဲ။

'လူကြီးမင်းက ဘယ်လိုပစ္စည်းမျိုး ရောင်းတာကို စိတ်ဝင်စားပါသလဲ'

'သတ္တုတူးဖော်ရာမှာသုံးတဲ့ ပစ္စည်းတွေပါ'

ရော်ဂျာက အဖြေပေးလိုက်သည်။

'ဒါဖြင့်လည်း ဒါတွေပဲဖြစ်မယ်၊ ဟောဒီမှာ မြေတူးတဲ့စက်။ ဩဂုတ်လ ရက်နေ့မှာ အမှာစာပို့ထားပြီး နိုဝင်ဘာလတစ်ရက်နေ့ကျမှ လာယူသွားတာ'



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဆင်ဂျူနီယာက စာရွက်များကို လှမ်းပေးလိုက်ရင်း…

'အတော်တော့ ရယ်စရာကောင်းနေပြီခင်ဗျာ'

'ဘာဖြစ်လို့လဲ'

'လူကြီးမင်း အမိန့်ရှိတဲ့အတိုင်းဆိုရင် လူသတ်မှု ကျူးလွန်တဲ့လူဟာ လူကြီးမင်းတို့အစိုးရပဲ ဖြစ်နေလို့ပဲ။ သတ္တုတူးဖော်ရာမှာသုံးတဲ့ ပစ္စည်းတွေကို ဝယ်ခဲ့တဲ့သူဟာ အဲဒီခေတ်က အမေရိကန်အစိုးရ ဖြစ်နေလို့ပါပဲ'

[ ၁၁ ]

သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်…

ဌာနစိတ်ရုံးခန်းတည်ရှိရာ အဆောက်အအုံတွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။

'စမစ်ဗန် သိုလှောင်ရေးကုမ္ပဏီ'

သိုလှောင်ရေးကုမ္ပဏီ အဆောက်အအုံသည် ဝါရှင်တန် ရေတပ်သင်္ဘောကျင်းနှင့် ကပ်လျက်။

၁၅ ပေ အမြင့်ရှိသော သံဆူးကြိုးဝိုင်းဖြင့် သိုလှောင်ရေးကုမ္ပဏီ အဆောက်အအုံကို ဝင်းခတ်ထား၏။ ဝင်းထဲတွင် ထရပ်ကားများကို ပတ်ပတ်လည် ရပ်ထားသည်။

လမ်းပေါ်မှနေကြည့်လျှင် ကုန်တင်ထားသည့် ထရပ်ကားများ ခြံဝင်းထဲတွင် ကုန်ချရန် နေရာရှာရင်း လှည့်၍ မောင်းနေသည်ဟု ထင်ရမည်ဖြစ်သည်။

သို့သော် အနီးကပ်၍ ကြည့်ပါမူ ထရပ်ကားအစစ်မဟုတ်ဘဲ အင်ဂျင်မပါသည့် ကားဘော်ဒီများသာ ဖြစ်နေကြောင်း တွေ့ရမည်။

ထရပ်ကား အခွံများကို ဝင်းပတ်လည်တွင် ချထားခြင်းမှာ သိုလှောင်ရေးကုမ္ပဏီတစ်ခုနှင့်တူအောင် ပုံမှားရိုက်ထားခြင်း။

အဆောက်အအုံက အပြင်ဘက်မှကြည့်လျှင် အမြင်ရဆိုးသလောက် အတွင်းဘက်တွင်မူ ခမ်းနားထည်ဝါလှသည်။

ဂီနီဆီးဂရင်းသည် သီးသန့်ရုံးခန်းကျယ်အတွင်း သက်သောင့်သက်သာရှိအောင် ပြုလုပ်ထားသည့် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း မဟာစစ်ဆင်ရေးအတွက် ဝယ်ယူသည့် မြေကွက်စာရင်း အစီရင်ခံစာကို စစ်ဆေး





နေပါ်ရှုနေသည်။

ဤမြေကွက်များ၌ မဟာစစ်ဆင်ရေးအရ အောင်မြင်လာသည့် လက်နက်အသစ်အဆန်းကိုများ တပ်ဆင်လိုက်လျှင်…

ဂီနီက ဤမြေကွက်များပေါ်၌ ဆောက်လုပ်ရမည့် အဆောက်အအုံများအတွက် အကြမ်းဖျဉ်း ကုန်ကျစရိတ်ကို လှန်လှောကြည့်လိုက်စဉ် ရုံးခန်းအတွင်းရှိ သီးသန့်ဖုန်းက အသံမြည်လာ၏။

အကျင့်ပါနေသည့်အလျောက် ဂီနီက အစီရင်ခံစာများကို စာအိတ်ထူကြီးထဲသို့ ထည့်လိုက်ပြီး စာအိတ်ထူကြီးကို စားပွဲအံဆွဲထဲသို့ ထည့်ပစ်လိုက်ပြီးမှ ဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဆီးဂရင်းပါခင်ဗျာ'

ဂီနီက သူ့နာမည်ကို အဖျားဆွတ်ပြောပြီး တစ်ဖက်မှ ဖုန်းဆက်သူ မည်သူဖြစ်ကြောင်း မေးလိုက်၏။

'စစ်မှတ်တမ်းရုံးအဖွဲ့က ဗိုလ်မှူးပက်ထရစ်ပါ။ လူကြီးမင်းက **ဂျိတ်ဟိုဘတ်** ဆိုတဲ့ သတ္တုတွင်းတူးသမားတစ်ယောက်ရဲ့ နာမည်ကို မှတ်တမ်းထဲမှာတွေ့ရင် ဖုန်းဆက်ပြီး သတင်းပို့ပါဆိုလို့ ပို့ရတာပါခင်ဗျာ'

'ဪ…အင်း…ဟုတ်သားပဲ၊ မေ့နေလို့ပါဗျာ၊ ဂျိတ်ဟိုဘတ်နဲ့ ပတ်သက်ပြီး ဘာတွေများ မှတ်တမ်းမှာ တွေ့ရသလဲဗျ'

'ဂျိတ်ရဲ့နာမည်အပြည့်အစုံက **ဂျာဆင် ကလိဖ်လန်ဟိုဘတ်** ဖြစ်ပါတယ်။ သူဟာ အိုင်အိုဝါးပြည်နယ် ဗင်တန်မြို့မှာ ၁၈၇၄ ခု၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်'

'အင်း…ကျုပ်တို့ရထားတဲ့ မွေးသက္ကရာဇ်နဲ့တော့ ကိုက်သားပဲ'

ဂီနီ့စကားကြောင့် ဗိုလ်မှူးပက်ထရစ်က အားတက်လာကာ…

'အလုပ်အကိုင်ကလည်း သတ္တုတူးသမားပါပဲ'

'နောက်ထပ် ဘာများသိရသေးလဲ'

'ဂျာဆင်ကလိဖ်လန်ဟိုဘတ်ဟာ စစ်တပ်ထဲကို ၁၈၉၈ ခုနှစ်မှာ ဝင်ပြီး ကိုလိုရာဒို အပျော်တမ်းတပ်ရင်းတစ်ရဲ့ တပ်သားတစ်ယောက်အဖြစ်နဲ့ ဖိလစ်ပိုင်နိုင်ငံမှာ စပြီးတာဝန်ထမ်းရပါတယ်ခင်ဗျာ'

'ဗိုလ်မှူးပြောလိုက်တဲ့ တပ်ရင်းမှာ ကိုလိုရာဒိုဆိုတဲ့စကားလုံး ပါတယ်နော်'

'မှန်ပါတယ်ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ပက်ထရစ်က ဤသို့ အစီရင်ခံလိုက်ပြီးမှ မှတ်တမ်းစာရွက်များကို လှန်နေရသေးသည်။ ပြီးမှ–

'ဟိုဘတ်ဟာ စစ်မှုထမ်းကောင်းတစ်ယောက်ဆိုပြီး မှတ်တမ်းတင်ထားပါတယ်။ ရိုးရိုးတပ်သားကနေ တပ်ကြပ်ကြီးအထိ အဆင့်တိုးမြှင့်ခံရတယ်။

'ဖိလစ်ပိုင် သောင်းကျန်းသူတွေနဲ့ တိုက်ပွဲမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့ဖူးတယ်။ တိုက်ပွဲတွေမှာ စွန့်စွန့်စားစား တိုက်ခဲ့တဲ့အတွက် သူ့ရဲ့ကောင်းမှတ်တမ်းဝင်အဖြစ် နှစ်ခါတောင် ဆုတံဆိပ် ချီးမြှင့်ခံခဲ့ရတယ်'

'သူ တပ်က ဘယ်တော့ထွက်သလဲ'

'၁၉၀၁ ခု၊ အောက်တိုဘာလမှ ထွက်ပါတယ်'

'ဒါ ဟိုဘတ်နဲ့ပတ်သက်ပြီး ဗိုလ်မှူးသိထားတာ အကုန်ပဲလား'

'မဟုတ်သေးပါဘူးခင်ဗျာ၊ ဟိုဘတ်ရဲ့ မုဆိုးမ ဖြစ်နေတဲ့ မိန်းမကြီးက ခုထက်ထိ ပင်စင်ရယူနေသေးတယ်ဆိုတာအထိ သိပါသေးတယ်'

ဗိုလ်မှူးပက်ထရစ်စကားကြောင့် ဂီနီက အံ့အားသင့်သွားသည်။

'အဲ...နေပါဦးဗျ၊ ဟိုဘတ်ရဲ့မိန်းမက ခုထိ အသက်ရှင်နေတုန်းပဲလား'

'ရှင်နေလို့ပေါ့ဗျာ၊ သူ့ဆီကို လတိုင်း ဒေါ်လာ ၅၀ နဲ့ ဆင့် ၄၀ ကို ပို့နေရတာ။ သူကလည်း အမြဲလက်မှတ်ထိုးပြီးယူနေတာပဲ'

'ဒီအဒေါ်ကြီးဟာ ခုဆို အသက် ၉၀ ကျော်ရောမယ်။ နည်းနည်းထူးဆန်းမနေဘူးလား။ စပိန်၊ အမေရိကန် ကပြား စစ်သားဟောင်းကြီး တစ်ယောက်အတွက် သူ့မိန်းမကို ခုထိ ပင်စင်ပေးနေရတာ၊ ဒီမုဆိုးမကြီးတွေဟာ တကယ်ပဲ ရှိနေကြသေးလို့လား'

'ရှိပါတယ်ခင်ဗျာ၊ အမေရိကန် ပြည်တွင်းစစ်ပွဲကြီးတုန်းကနေ ခုထိ အသက်မသေဘဲ ကျန်နေခဲ့သေးတဲ့ စစ်သား မိန်းမကြီး ၁၀၀ လောက်ကို ကျွန်တော်တို့ ပင်စင်ပေးနေရတုန်းပဲ။

ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်းစစ်ကြီးပြီးသွားတဲ့အချိန်မှာ ခေါင်းဖြူစွယ်ကျိုးဖြစ်နေတဲ့ စစ်သားဟောင်းကြီးတွေကို အပျိုကလေးတွေက အစုလိုက်အပြုံလိုက် လက်ထပ်တဲ့ပွဲ လုပ်ခဲ့ကြလို့ပဲ။ အဲဒီပွဲတွေကို မေလနဲ့ ဒီဇင်ဘာလမှာ အများဆုံးလုပ်ခဲ့တယ်။ ပြည်ထောင်စု စစ်ပြန်ကြီးတွေကို ဂုဏ်ပြုတဲ့ လက်ထပ်ပွဲတွေ ဟိုတုန်းက အတော်ခေတ်စားခဲ့ပါတယ်'

'ကဲ...ဟိုဘတ်အကြောင်း ဆက်ပြောစမ်းပါဦး'





'ဆက်ရမှာက ကွက်လပ်ခံနေတယ်ခင်ဗျ၊ စစ်မှတ်တမ်းထဲမှာ ဆိုထားတာ **= တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သည်** ဒါပဲ။ ဘာကြောင့် ကွယ်လွန်ခဲ့သည်ဆိုတဲ့အကြောင်း ဖော်ပြမထားဘူး။ **ကွယ်လွန်တဲ့ ရက်စွဲကတော့ ၁၉၁၁ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့။**

ဗိုလ်မှူးပက်ထရစ်ထံမှ ကြားလိုက်ရသော စကားကြောင့် ဂီနီ့တစ်ကိုယ်လုံး ဆောင့်တင်းသွားပြီး...

'ကျုပ် ရထားတဲ့ ခိုင်လုံတဲ့ အထောက်အထားရှိတယ်။ ဂျိတ်ဟိုဘတ်ဟာ **အရပ်သားတစ်ယောက်အနေနဲ့ ၁၉၁၂ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ** ကွယ်လွန်သွားခဲ့တယ်။ ဒါ သိပ်ခိုင်လုံတဲ့ အထောက်အထားပဲ'

တစ်ဖက်မှ ဗိုလ်မှူးပက်ထရစ်က...

'ကျွန်တော် အစီရင်ခံခဲ့တဲ့အတိုင်းပဲခင်ဗျ၊ ဘာကြောင့် ကွယ်လွန်တယ်လို့ ဖော်ပြမထားပေမယ့် သေချာတာကတော့ ဂျိတ်ဟိုဘတ်ဟာ **စစ်သားတစ်ယောက်အဖြစ် ကွယ်လွန်ခဲ့တယ်။ အရပ်သားအနေနဲ့ မဟုတ်ဘူး။**

ကွယ်လွန်တာကလည်း နိုဝင်ဘာလ ၁၇ ရက်၊ ၁၉၁၁ ခု။

ဟိုဘတ်ရဲ့ဖိုင်ထဲမှာ အဲဒီအချိန်တုန်းက သမ္မတကြီးဖြစ်နေတဲ့ တာဖ်ရဲ့ ညွှန်ကြားချက်အရ စစ်ဝန်ကြီး ဟင်နရီအဲလ်စတီဆန်ကိုယ်တိုင် စစ်ဌာနချုပ်ကို ပေးတဲ့ အမိန့်စာတစ်စောင် တွေ့ရပါတယ်။

အဲဒီအမိန့်စာထဲမှာ တပ်ကြပ်ကြီး ဂျာဆင်ဟိုဘတ်ရဲ့မိန်းမကို ပင်စင်... အပြည့်အဝပင်စင်ပေးရမယ်လို့ ဆိုထားပါတယ်။

ဟိုဘတ်ဆိုတဲ့ တပ်ကြပ်ကြီးတစ်ယောက်ကိစ္စကို စစ်ဝန်ကြီးကတောင် လိုက်ပြီးဆောင်ရွက်ပေးရမယ်ဆိုတာ ဘာကြောင့်တော့ ကျွန်တော်မပြောတတ်ဘူး။

ဘာပဲဖြစ်ဖြစ် ဟိုဘတ်ဆိုတဲ့လူက သာမန်ထဲကတော့ မဟုတ်ဘူးဆိုတာတော့ ဒီအမိန့်စာက ဖော်ပြနေတယ်မဟုတ်လားခင်ဗျာ။ သာမည သတ္တုတွင်းတူးသမားတစ်ယောက်ကိစ္စကို ဝန်ကြီးကိုယ်တိုင် တကူးတက လိုက်ပြီးဆောင်ရွက်ပေးမှာမဟုတ်ဘူး'

'ဟိုဘတ်ဟာ သတ္တုတွင်းတူးသမား မဟုတ်ဘူးဗျ'

ဂီနီက အသံမာမာဖြင့် ပြောလိုက်မိသည်။ ပြီးမှ...

'ဟိုဘတ်မိန်းမရဲ့လိပ်စာ ဗိုလ်မှူးဆီမှာရှိလားဗျာ'

'ရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မစ္စက်အယ်ဒီလိုင်ဟိုဘတ်၊

အမှတ် ၂၆၁ ဘီ၊ ကော်လီ အေရာဂွန်၊

လာဂူနာကုန်းမြင့်၊ ကာလီဖိုးနီးယားတဲ့'

'ကျေးဇူးတင်ပါတယ် ဗိုလ်မှူး'

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်စိုးရိမ်နေတာက ကျွန်တော်တို့တွေ့နေတာ ဟိုဘတ်နှစ်ယောက်များ ဖြစ်နေမလား'

ဂီနီက...

ဗိုလ်မှူးထင်သလိုလည်း ဖြစ်ချင်ဖြစ်နိုင်တယ်လေ။ ကျေးဇူးပါပဲ ဗိုလ်မှူး'

စကားပြောခွက်ကို ချလိုက်ကာ ဂီနီဆီးဂရင်းက ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

'ဗိုလ်မှူးပက်ထရစ်ပြောသလို ဟိုဘတ်နှစ်ယောက် ဖြစ်မနေနိုင်ဘူးလား'

'ဖြစ်နိုင်တယ်'

'နာမည်ရော၊ ဖွားသက္ကရာဇ်ရော၊ အလုပ်အကိုင်ရော၊ ဇာတိရော တူတဲ့ ဟိုဘတ်နှစ်ယောက် ရှိနေနိုင်တယ်။

'ဒါပေမဲ့ သေတဲ့နေ့ ရက်တော့ ကွဲနေတယ်'

ဂီနီက စဉ်းစားခန်းဝင်လိုက်ပြီးနောက် အတွင်းရေးမှူးမကလေးအား ဒင်ဗာမြို့ ဘရောင်းပယ်လေ့စ် ဟိုတယ်တွင် တည်းခိုနေသော မစ္စတာရော်ဂျာထံ ဖုန်းဆက်ရန် ညွှန်ကြားလိုက်၏။

'သူ့ကို မတွေ့ရင် ဘယ်လိုမှာထားရမလဲရှင့်'

'သူပြန်လာရင် ကျုပ်ဆီကို သီးသန့်လိုင်းကနေ ဖုန်းဆက်ပါလို့ မှာထားပါ'

'ကောင်းပါပြီရှင်'

'နောက်တစ်ခု လော့စ်အိန်ဂျယ်လိစ်မြို့ကို မနက်အစောဆုံးထွက်မယ့် ယူနိုက်တက်လေကြောင်းမှာ ကျုပ်အတွက် တစ်နေရာစာ လက်မှတ်ယူထားပါ'

ညွှန်ကြားချက်ပေးပြီးနောက် ဂီနီက ကုလားထိုင်တွင် ပက်လက်လှန်၍ ထိုင်လိုက်၏။

'ဘုရားမလို့ ဟိုဘတ်ရဲ့ အသက် ၉၀ ကျော်နေတဲ့ မိန်းမကြီးဟာ ငယ်မူ ပြန်မနေပါစေနဲ့'





[ ၁၂ ]

မစ္စတာရော်ဂျာက မြို့အပြင်ဘက်ကျကျ နာမည်ကျော်ဟိုတယ်ကြီးများတွင် တည်းခိုလေ့မရှိ။

သို့သော် ဂီနီ့ညွှန်ကြားချက်အတိုင်း ဒင်ဗာမြို့ရှိ နာမည်အကြီးဆုံးဟိုတယ်တွင် တည်းခိုလျက်ရှိသည်။

'ဘရောင်းပယ်လေ့စ်ဟိုတယ်၊ အညိုရောင် နန်းတော်ဟိုတယ်'

သတင်းလိုက်နေသူတစ်ယောက်အဖို့ သတင်းစုံ ကြားနိုင်သည့်နေရာမျိုးတွင် တည်းခိုရမည်ဟု ဂီနီက ညွှန်ကြားလိုက်သဖြင့် ရော်ဂျာက အညိုရောင်နန်းတော်ဟိုတယ်တွင် စတည်းချနေခြင်း။

အညိုရောင်နန်းတော်ဟိုတယ်သည် ဒင်ဗာတစ်မြို့လုံးတွင် သက်တမ်းအရှည်ဆုံးနှင့် ဂုဏ်အရှိဆုံး။

ဒင်ဗာမြို့ထဲသို့ စနည်းနာထွက်ရာမှ ပြန်ရောက်လာသော ရော်ဂျာက ငှားထားသည့် ပလိုင်းမောက်ကားကို ရပ်ထားပစ်ခဲ့ပြီး ဟိုတယ်ထဲသို့ ဝင်လာခဲ့၏။

ကောင်တာရှိ ဟိုတယ်စာရေးက ဂီနီ့ထံမှ ရောက်နှင့်နေသော တယ်လီဖုန်းသတင်းကို လှမ်းပေးသည်။

တည်းခိုခန်းတွင်းသို့ရောက်လာသည့် ရော်ဂျာက အခန်းသော့နှင့် ဂီနီ့ထံမှ သတင်းလွှာကို စားပွဲပေါ်ပစ်တင်လိုက်ပြီး ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်၏။

တစ်နေ့လုံး စနည်းနာထွက်ခဲ့ရသော ရော်ဂျာက ပန်းလျနေသည်။

အခန်းထဲမှနေ၍ ညနေစာလာပို့ရန် မှာလိုက်ပြီးနောက် ဖိနပ်ကိုချွတ်၊ လည်စည်းကိုဖြုတ်ကာ အိပ်ရာထက်တွင် လှဲနေလိုက်သည်။

ရော့ကီးမောင်းတိန်းသတင်းစာမှ ကူးယူလာခဲ့သည့် ဖိုတိုကော်ပီကို ထုတ်ကာ ရော်ဂျာက ပြန်၍ဖတ်နေမိပြန်၏။

ဆယ်ကြိမ်မြောက် ပြန်လည်ဖတ်ရှုခြင်း။

**၁၉၁၁ ခု၊ နိုဝင်ဘာလ ၁၇ ရက်နေ့**

**မိုင်းပြိုကျ၍ မြေမြှုပ်ခံနေရခြင်း**

ယနေ့နံနက် အရုဏ်တက်ချိန်တွင် အကုသိုလ်ကြမ္မာဆိုးသည့် အပြိုးကြီးကြီးဖြင့် စင်ထရယ်စီတီးမြို့အနီးရှိ နတ်သမီးကလေး သတ္တု



www.burmeseclassic.com

www.burmeseclassic.com



မိုင်းကို သိုင်းသိုင်းဝိုင်းဝိုင်း တိုက်ခိုက်လာကြောင်း။

ကြမ္မာဆိုး အငြိုးကြီးဖြင့် ပေါ်ပေါက်လာရခြင်းမှာ သတ္တုမိုင်းထဲတွင် ကျောက်ဆောင်တစ်ခုကို ဒိုက်နမိုက်ဖြင့် ခွဲရာမှ စတင်လာခဲ့ရခြင်းဖြစ်ကြောင်း။

ကျောက်ဆောင်ကို ဒိုက်နမိုက်ဖြင့် ဖောက်ခွဲလိုက်ရာ အပေါ်မှ မြေကြီးများပါ ပြိုကျလာပြီး၊ ပထမအသုတ်တွင် အလုပ်လုပ်ကြသည့် သတ္တုတွင်းတူးသမား ကိုးယောက်မှာ မြေကြီးများအောက်၌ ပိတ်မိနေတော့ကြောင်း၊ ၎င်းမိုင်းတူးသမား ကိုးယောက်တွင် မိုင်းလောက၌ နာမည်ထင်ရှား လူသိများသည့် မိုင်းအင်ဂျင်နီယာ **ဂျိုရှုအာပေါ့စ်ဘာရှူးစတား**လည်း ပါဝင်နေကြောင်း။

အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သော ကယ်ဆယ်ရေးသမားများက မိုင်းတူးသမားကိုးယောက်အား အသက်နှင့်ကိုယ်မြဲလျက် တွေ့ရမည်မထင်တော့ဟု ပြောနေကြကြောင်း။

စေတန်သတ္တုတွင်းမှ ဖိုမင်လည်းဖြစ်၊ ကယ်ဆယ်ရေးလုပ်ငန်းတွင် ဦးလည်မသုန်လည်း ဆောင်ရွက်တတ်သော ကျွဲကြီးမယော်နီသည် မြေအောက်တွင် ပိတ်လှောင်၍မိနေသော သတ္တုတွင်းတူးသမားများထံသို့ ရောက်အောင် အစွမ်းကုန် အားထုတ်ကြိုးပမ်းပါသော်လည်း သတ္တုတွင်း ပင်မလိုဏ်ခေါင်းရှည်ထဲသို့ ဒီရေများ ဝင်ရောက်ဖုံးလွှမ်းနေသဖြင့် လက်လျှော့၍ ပြန်လာခဲ့ရကြောင်း။

'အားလုံး အသက်ပျော်ကုန်ကြပြီဆိုတာ သေချာတယ်'ဟု မယော်နီက အချင်းဖြစ်ပွားရာ မိုင်းအနီးရှိ သတင်းထောက်များအား ပြောပြကြောင်း။

မိုင်းတူးသမားတွေ အလုပ်လုပ်နေတဲ့နေရာထက် နှစ်ဆင့်လောက်မြင့်တဲ့နေရာထိ ရေတွေတက်နေကြောင်း၊ မိုင်းတူးသမားများက မည်သို့ဖြစ်ပျက်လိုက်သည်ကို မသိလိုက်နိုင်မီ ကြွက်ကလေးများလို ရေမြုပ်၍ အသက်ပျောက်နေကြမည်ဖြစ်ကြောင်းဖြင့် ထင်မြင်ချက် ပေးကြောင်း။

နတ်သမီးကလေး မိုင်းအဝင်ဝတွင် စုရုံးစုရုံးနှင့် နှလုံးမသာဖြစ်နေကြသူများက ယခုအကြိမ်သည် သတ္တုတွင်း အလုပ်သမားများ





အား ကောင်းစွာ ဖုတ်ကြဲသည်းသဂြိုဟ်ရန် အလောင်းများကိုပင် ရနိုင်မည် မဟုတ်ကြောင်းဖြင့် ဝမ်းနည်းပက်လက် ပြောဆိုနေကြကြောင်း။

လေးစားလောက်သူများထံမှာ ကျွန်ုပ်တို့ စုံစမ်းသိရှိရသည့်အချက်မှာ ၁၈၈၁ ခုနှစ်မှစ၍ တူးဖော်ခြင်းမပြုဘဲ ပိတ်ထားခဲ့ရသော ဤ နတ်သမီးကလေး သတ္တုတွင်းကို မိုင်းအင်ဂျင်နီယာ မစ္စတာဘာရှူးစတားက ပြန်လည်တူးဖော်ရန် အာသီသ အလွန်ပြင်းထန်နေခဲ့ကြောင်း။

မစ္စတာဘာရှူးစတား၏ မိတ်ဆွေနှင့် စီးပွားရေးဘက်များက ပြောဆိုကြသည်မှာ မစ္စတာဘာရှူးစတားက ပထမအစက တူးဖော်ခဲ့ကြသူများသည် ပင်မသတ္တုကြောကြီးသို့ မရောက်ဘဲ အစလောက်နှင့် ရပ်နားခဲ့ကြသဖြင့် အကျိုးမခံစားခဲ့ကြရခြင်းဖြစ်ကြောင်း၊ သူသာ ခွဲကောင်းကောင်းဖြင့် တူးခဲ့လျှင် ကံကောင်းထောက်မပါက ပင်မသတ္တုကြောကို ကိုင်မိပြီး တကယ့်အဖိုးတန်သတ္တုကို တူးဖော်နိုင်သူဖြစ်လာမည်ဟု ဝင့်ကြွားဂုဏ်ယူစွာ ပြောဆိုနေခဲ့ကြောင်း။

နတ်သမီးကလေး သတ္တုတွင်းအား တစ်ချိန်က ပိုင်ဆိုင်တူးဖော်ခဲ့ပြီး ယခုအချိန်တွင် အငြိမ်းစားနေသည့် မစ္စတာအားနက်စ်အား သတ္တုတွင်း အချင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ဝေဖန်ချက်ပေးရန် ကျွန်ုပ်တို့ သတင်းထောက်က မေတ္တာရပ်ခံခဲ့ကြောင်း။

'ဒီသတ္တုတွင်းကို ကျုပ် စ,တူးတဲ့နေ့ကစပြီး ကံကိုမကောင်းခဲ့ဘူး၊ ဒီသတ္တုတွင်းက ထွက်မယ်ဆိုတဲ့ သတ္တုဟာ အညံ့စားသာဖြစ်လိမ့်မယ်၊ အကျိုးဖြစ်မယ့်သတ္တုမျိုး ဖြစ်မလာနိုင်ဘူး'ဟု မစ္စတာအားနက်က ဝေဖန်ပြောဆိုကြောင်း။

'ဒီမိုင်းကို ဘာရှူးစတား တူးတာ မှားကို မှားတယ်။ သတ္တုကောင်းကောင်းထွက်မယ့် ပင်မသတ္တုကြောဆိုတာ အစကတည်းက ရှိကိုမရှိခဲ့တာ၊ မစ္စတာဘာရှူးစတားလို မိုင်းအင်ဂျင်နီယာ နာမည်ကျော်တစ်ယောက်က ဒီသိုက်ကန်းကြီးကိုမှ လာတူးတာကိုက အတော့်ကို အံ့ဩစရာကောင်းနေတယ်'ဟုလည်း မစ္စတာအားနက်စ်က ဆက်လက်ပြောဆိုကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



စင်ထရယ်စီးတီးမြို့ထဲတွင်မူ မိုင်းတူးသမားကိုးယောက်အား ကယ်ဆယ်ရန် မဖြစ်နိုင်တော့သဖြင့် မိုင်းလိုဏ်ပေါက်အဝကို ပိတ်ကာ လူသချိုင်းအဖြစ် ပြောင်းလဲပစ်လိုက်တော့မည်ဟု သတင်းပေါ်ထွက်နေကြောင်း။

မိုင်းပြိုကျရာတွင် အသက်ပျောက်ဆုံးနေပြီဟု ယူဆရသော မိုင်းအလုပ်သမားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း။

ဂျိုရှုအာဟေးစ်ဘရူးစတား၊ ဒင်ဗာမြို့။

အဲလ်ဗင်ကောင်တာ၊ ဖဲယားပလေးမြို့။

တောမစ်ပရိုက်စ်၊ လီဗီးမြို့။

ချားလ်စ်ပီဝစ်ဒနီ၊ ကရစ်ပူးကရိ။

ဗာနွန်အက်စ်ဟောလ်၊ ဒင်ဗာမြို့။

ဂျွန်ကက်ဒဝဲလ်၊ စင်ထရယ်စီးတီး။

ဝေါလတာရှဲမစ်၊ အက်စပန်မြို့။

ဝမ်းနားအီအိုဒမ်မင်း၊ ဒင်ဗာမြို့။

ဂျာဆင်စီဟိုဘတ်၊ ဆောင်းဒါးမြို့။

သတ္တုတွင်းများ၌ အလုပ်လုပ်သော သူရဲကောင်းကြီးများအား ထာဝရ ဘုရားသခင် ကယ်မတော်မူပါ။

ရှောကီးမောင်းတိန်း သတင်းစာဖြတ်ပိုင်းမှ ကူးလာသည့်သတင်းကို ဖတ်ရာ၌ မစ္စတာရော်ဂျာအဖို့ ငြီးငွေ့သည်ဟူ၍မရှိ။

ဖတ်ပြီးသည့်အခါတိုင်း နောက်ဆုံးတွင် စွဲကျန်ရစ်သည့် နာမည်တစ်လုံးကလည်း ရှိနေ၏။

ဂျိတ်ဟိုဘတ်

သို့မဟုတ်…

ဂျာဆင်စီဟိုဘတ်

ရော်ဂျာက သတင်းစာဖိုတိုကော်ပီကို ပေါင်ပေါ်တွင်တင်ထားလိုက်ပြီး တယ်လီဖုန်းဒိုင်ခွက်မှ ဂဏန်းများကို လှည့်လိုက်၏။

ဂီနီဆီးဂရင်း၏ သီးသန့်ဖုန်းနံပါတ်။





[ ၁၃ ]

'တစ်ယောက်ယောက်ကများ ကျွန်တော့်ကို ခရစ္စမတ်လက်ဆောင်အဖြစ် အဲဒါကလေးကို ပေးမယ်ဆိုရင်…'

စားပွဲနားမှ လှည့်ထွက်သွားသော စားပွဲထိုးအမျိုးသမီးရှိရာသို့ ငေးကြည့်ရင်း မစ္စတာယန်းက အရွှန်းဖောက်လိုက်၏။

အသက် ၇၈ နှစ်ရှိနေပြီဖြစ်သည့်တိုင် မစ္စတာယန်းက လှလှပပဝတ်၍ ပျော်ပျော်ပါးပါးနေတတ်သူ။

မနေ့က ဒင်ဗာမြို့ထဲသို့ တစ်နေကုန် စနည်းနာထွက်နေခဲ့သော ရော်ဂျာက မစ္စတာယန်းသတင်းကို အနံ့ခံမိကာ ယနေ့ညနေစာသုံးဆောင်ရန် ဖိတ်ကြားထားခဲ့သည်။

သို့ဖြင့် ဒင်ဗာမြို့သား သတ္တုတွင်းရာဇဝင်ဆရာ မစ္စတာယန်းနှင့် သတင်းလိုချင်နေသည့် ရော်ဂျာတို့ ပျော်ပွဲစားရုံတွင် ဆုံမိကြခြင်း။

ဒရိုင်းမာတီနီကို မွှန်တီခရစ္စတို အသားညှပ်ပေါင်မုန့်ဖြင့် မြည်းရင်း ယန်းနှင့် ရော်ဂျာတို့ အဖွဲ့ကျနေကြပြီ။

'အမေရိကန်ပြည် အနောက်ဘက်ဒေသ သတ္တုတူးဖော်တဲ့အကြောင်းတွေနဲ့ ပတ်သက်ပြီး ရှေးမီနောက်မီပုဂ္ဂိုလ်ဟာ ဒီမြို့မှာ မစ္စတာယန်း တစ်ယောက်တည်း ရှိပါတယ်လို့ နိုင်ငံတော် သမိုင်းအပွဲ့က လမ်းညွှန်လိုက်လို့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

ရော်ဂျာက စကားလမ်းကြောင်းပေးလိုက်၏။

'ပါရဂူတစ်ယောက်တော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမဲ့ သူများနဲ့စာရင်တော့ ကျွန်တော်သိထားတာကလေးကတော့ ပိုနေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သူများထက် အရက်များများပိုသောက်ခဲ့ရတာကိုး'

မစ္စတာယန်းက ထပ်၍ အရွှန်းဖောက်လိုက်သည်။

'မိုင်းအလုပ်သမားကိုးယောက် သေဆုံးသွားရတဲ့ အဖြစ်အပျက်တစ်ခု လွန်ခဲ့တဲ့ ခုနစ်ဆယ့်ခြောက်နှစ်လောက်က နတ်သမီးကလေးဆိုတဲ့မိုင်းမှာ ပေါ်ပေါက်ခဲ့တယ်ဗျ။

ခု အဲဒီအလုပ်သမားတွေထဲက တစ်ယောက်ရဲ့ မိန်းမက ပင်စင်ငွေမှုနဲ့ တောင်းခံလာတော့ ဒီကိစ္စ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော် စုံစမ်းရအောင်



www.burmeseclassic.com

www.burmeseclassic.com



လာတာပါ။ ပင်စင် တကယ်ပေးထိုက် မထိုက်ပေါ့ခင်ဗျာ'

ရော်ဂျာပျိုးလိုက်သည့်ပဏာမစကားကို ယန်းက...

'နေပါဦးဗျ၊ ခုနှစ်ဆယ့်ခြောက်နှစ် ကြာပြီးမှ ပင်စင်ပေးပါလို့ တောင်းတယ်လို့'

'ခုမှ ပင်စင်တောင်းတာ မဟုတ်ပါဘူးဗျ၊ ရတော့ ရတယ်၊ ဒါပေမဲ့ ရထိုက်သလောက်မရလို့ ထပ်တောင်းတဲ့ကိစ္စပါ'

'ဒါဖြင့် ဘယ်အလုပ်သမားရဲ့ မိန်းမလဲ'

'ဘရူးစတားရဲ့ မိန်းမပါ'

ရော်ဂျာက မိုင်းအင်ဂျင်နီယာ ဂျိုရှုအာယေးစ်ဘရူးစတား၏ ကိုယ်ရေးရာဇဝင်ကို သိချင်သဖြင့် တမင်လှိမ့်လိုက်ခြင်း။

'ခင်ဗျားပြောတာ ဂျိုရှုအာယေးစ်ဘရူးစတား မဟုတ်လား'

'ဟုတ်တယ်'

'သူ့မှာ အိမ်ထောင်မှုမရှိတာ၊ ဘယ့်နှယ် မိန်းမရှိတော့မှာလဲ၊ သူ့သေတော့လည်း လူပျိုကြီးဘဝနဲ့ သေသွားရတာ'

ရော်ဂျာက မိမိနဖူးကို လက်ဖြင့်မရိုက်မိအောင် သတိထားလိုက်ရသည်။

'ဘရူးစတားဟာ ဝီလျံဘာဂ်ဘရူးစတားနဲ့ ဗတ်တီမာစတားတို့က ၁၈၇၈ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဒါမှမဟုတ် ၅ ရက်နေ့မှာ နီဘရာစကာနယ် ဆစ်ဒနီမြို့မှာ ဖွားမြင်ခဲ့တဲ့သား'

မစ္စတာယန်း၏ တိကျသေချာမှုကြောင့် ရော်ဂျာက အံ့သြသွားရပြန်သည်။

'ဒါလောက်တောင် တိကျသေချာနေတာ ဘရူးစတားက ခင်ဗျားနဲ့ ဆွေမျိုးတော်နေလို့လားဗျာ'

'တော်တာပေါ့၊ သူက ကျွန်တော့်ဦးလေးပဲ'

ရော်ဂျာက အဖျော်ယမကာများ ထပ်မှာလိုက်သည်။

ယန်းက ရောက်လာသည့် မာတီနီကို ကျိုက်လိုက်ပြီး အမြည်းကို ဝါးနေသည်။ ပြီးမှ စကားဆက်လိုက်၏။

'ကျွန်တော့်ဦးလေး ဘရူးစတားဟာ သူ့ခေတ်သူ့အခါမှာတော့ တကယ့်သတ္တုတွင်း ပါရဂူကြီးတစ်ယောက်လို့ ဆိုစမှတ်ပြုလောက်တဲ့ ပုဂ္ဂိုလ်ပါပဲ။

အသားဖြူဖြူ၊ စိတ်အားသန်သန်၊ လူနေမှုကတော့ အလယ်အလတ်တန်းစား။





'အရပ်ကတော့ ငါးပေနှစ်လက်မ။ ဒါပေမဲ့ ပုသလောက် သတ္တုတွင်းအူးတဲ့နေရာမှာ စိတ်ရှည်တဲ့လူ။

သူက စိတ်ရှည်သလို ဖွဲလည်းသိပ်ကောင်းတယ်၊ သဗ္ဗိလည်းရှိတယ်။ ဂုဏ်ကောင်အကျီဝတ်၊ တောဆောင်းဦးထုပ်ဆောင်း၊ တောစီးဖိနပ်စီးထားလိုက်ရင် တကယ့်ကို ကြည့်ကောင်းတဲ့လူ'

'မစ္စတာယန်း ပြောတဲ့အတိုင်းဆိုရင် ဘရူးစတားက အခန်းဆက်ဝတ္ထုထဲက ဇာတ်လိုက်တစ်ယောက်လို ဖြစ်နေမှာပေါ့'

'ဝတ္ထုထဲက ဇာတ်လိုက်က ကျွန်တော့်ဦးလေး ဘရူးစတားကို ဘယ်မီလေလဲ'

'ခုခေတ်မှာ သတ္တုတွင်းတူးတဲ့ ကိရိယာတွေ ခေတ်မီနေတော့ သတ္တုတူးရတာ သိပ်မပင်ပန်းလှပါဘူး။ ကျွန်တော်တို့ ဦးလေးခေတ်ကတော့ သတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်ဟာ သူတူးတဲ့ သတ္တုတွင်းက ကျောက်သားလို ကြံ့ခိုင်နေမှဖြစ်တာ။

ဒါတင် ဘယ်ကဦးမှာလဲ၊ သတ္တုတွင်း အင်ဂျင်နီယာတစ်ယောက်ဟာ အဲဒီခေတ်က ဘက်စုံတတ်ထားရတယ်။

မက္ကင်းနစ်တစ်ယောက်လို တတ်ထားရသလို့ လျှပ်စစ်ဘက်ရော၊ မြေတိုင်းရော၊ သတ္တုအကြောင်းရော၊ ဘူမိဗေဒရော နားလည်ရသလို ဥပဒေရော ခုံသမာဓိလူကြီးအဖြစ်ကိုပါ သဘောပေါက်ထားရတယ်။

ဥပဒေနဲ့ ခုံသမာဓိလူကြီးအဖြစ်ကတော့ သတ္တုတွင်းပိုင်ရှင်နဲ့ အလုပ်သမားတွေကြားမှာ နှစ်ဖက်ပြေလည်အောင် လုပ်ပေးဖို့ လိုတဲ့အတွက်ပဲ။

အဲဒီလို ဘက်စုံတတ်၊ ဘက်စုံတော်တဲ့ သတ္တုတွင်းအင်ဂျင်နီယာဟာ ကျွန်တော့်ဦးလေး ဂျိုရှုအာယေးစ်ဘရူးစတားပဲ'

ရော်ဂျာက အရက်ခွက်ကို လက်ဖြင့်လှည့်ရင်း နားထောင်နေသည်။

'ကျွန်တော့်ဦးလေးဟာ သတ္တုတွင်းအင်ဂျင်နီယာဘွဲ့ကို ရလာပြီးတဲ့နောက် ကလိုဒိုက်၊ ဩစတြေးလီးယားနဲ့ ရုရှားမှာရှိတဲ့ သတ္တုတွင်းတွေမှာ သွားပြီး အလုပ်လုပ်တယ်။

၁၉၀၈ ခုနှစ်ကျတော့ ကိုလိုရာဒိုပြည်နယ်ကို ပြန်လာပြီး ဆိုးရောင်းဘတ်ဖဲလိုးသတ္တုတွင်းမှာလုပ်တယ်။

အဲဒီသတ္တုတွင်းနှစ်တွင်းကို ပြင်သစ်မှာနေတဲ့ ငွေရှင်ကြေးရှင်တွေက ပိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမဲ့ ဒီလူတွေက သတ္တုတွင်းကို ဘယ်တော့မှ လာမကြည့်ပါဘူး'

'ပြင်သစ်တွေက အမေရိကားမှာ သတ္တုတွင်းတူးခွင့်လိုင်စင်ရလို့လား မစ္စတာယန်း'

'ရတာပေါ့၊ ပြင်သစ်တွေက အမေရိကားမှာ သတ္တုတူးတဲ့အလုပ်အပြင် မွေးမြူရေးတောင် ဝင်လုပ်လိုက်သေးတယ်'

'ဒါနဲ့ မစ္စတာဘရူးစတားက ဘာကြောင့် နတ်သမီးကလေးသတ္တုတွင်းကို ပြန်တူးဖို့ စိတ်ကူးရလာတာလဲ'

'အင်း...ဒါကလည်း တော်တော်ထူးဆန်းတဲ့ စိတ်ကူးပဲ။ ဒီသတ္တုတွင်းက သိုက်ကန်းပဲ။ ဒီသတ္တုတွင်းနဲ့ ကိုက်သုံးရာလောက်အကွာမှာရှိတဲ့ အလာဘာမာဘာရီး ဆိုတဲ့နေရာမှာ ငွေတွင်းတစ်တွင်းတွေ့ပြီး အဲဒီငွေတွင်းက ဒေါ်လာနှစ်သန်းဖိုးလောက်တန်တဲ့ ငွေသတ္တုတွေ တူးလို့ရခဲ့ဖူးတာရှိတယ်။ ဒါပေမဲ့ ဒီနတ်သမီးကလေး သတ္တုတွင်းကတော့ ဘာမှတူးလို့မရခဲ့ဖူးဘူး'

မစ္စတာယန်းက ယမကာကို တစ်ကျိုက် ကျိုက်လိုက်ပြီးမှ...

'ကျွန်တော့်ဦးလေး ဘရူးစတားက ဒီနတ်သမီးကလေးသတ္တုတွင်းကို ပြန်တူးမယ်လို့ ကြေညာလိုက်တော့ ကြားရတဲ့လူတိုင်းက အံ့သြသွားကြတယ်။

ဘရူးစတားလို စေ့စပ်သေချာပြီး လာဘ်မြင်တဲ့ သတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်က နတ်သမီးကလေးလို သိုက်ကန်းကြီးကို ပြန်တူးမယ်ဆိုတော့ အံ့သြကုန်ကြတာပေါ့...။

ဘရူးစတားက ရူးနေလို့သာ ဒီမိုင်းကို ပြန်တူးမယ်လို့ စီစဉ်နေတာလို့ သတ္တုတွင်းလောကမှာ စကားတွေပြန့်နေတယ်'

ရော်ဂျာက...

'သူများတွေ မသိ မတွေ့တဲ့ သဲလွန်စမျိုး မစ္စတာဘရူးစတားက တွေ့ထားတာကော မဖြစ်နိုင်ဘူးလား'

ယန်းက ခေါင်းကို ခါပစ်လိုက်ပြီး...

'ကျွန်တော်ဟာ ဘူမိဗေဒပညာရှင်တစ်ယောက်အဖြစ် အလုပ်လုပ်လာခဲ့တာ အနှစ်ခြောက်ဆယ်ကျော်ပါပြီ၊ ကျွန်တော်ကိုယ်တိုင် ဒီနတ်သမီးကလေးသတ္တုမိုင်းထဲကိုဝင်ပြီး ဘူမိဗေဒနည်းအရ စူးစမ်းမှုတွေလည်း လုပ်ပြီးခဲ့ပါပြီ။ အကျိုးရှိနိုင်မယ့် သဲလွန်စဆိုလို့ တစ်စမှ မတွေ့ခဲ့ရပါဘူး...။

ဒီသတ္တုတွင်းဟာ တစ်ခါက ငွေထွက်ခဲ့တဲ့ အလာဘာမာဘာရီး မိုင်းနဲ့





မြေကြောချင်းဆက်နေတာ မှန်ပေမယ့် ဒီနတ်သမီးကလေး သတ္တုတွင်းမှာ ငွေပြောနဲ့ ငွေနဲ့တူတာတောင် တစ်စိမှ မရှိခဲ့ပါဘူး။

ခုမရှိခဲ့သလို အဲ...ဟိုတုန်းက ၁၉၁၁ ခုနှစ် ကျွန်တော့်ဦးလေး တူးခဲ့တုန်းကလည်း မရှိခဲ့ပါဘူး'

စားပွဲထိုး အမျိုးသမီးက မွန်တီခရစ္စတို အသားညှပ်မုန့်များ လာချပေးပြန်သည်။

'ဒါဖြင့် ခင်ဗျားဦးလေး ဦးနှောက်ချောင်သွားတယ်လို့ ဆိုချင်တာလား'

'ကျွန်တော်တော့ ဒီအတိုင်းပဲ ဖြစ်နိုင်တယ်လို့ တွေးမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီခေတ်တုန်းက ဦးနှောက်အမေးရောင်တဲ့ ရောဂါကို ဆရာဝန်တွေက ဘာဖြစ်တယ်လို့ မပြောနိုင်သေးတဲ့ အချိန်ကို'

'စိတ်ထိခိုက် ချောက်ချားသွားတာလည်း ဖြစ်နိုင်တယ်မဟုတ်လား မစ္စတာယန်း'

ယန်းက မွန်တီခရစ္စတို အသားညှပ်မုန့်ကို တစ်ကိုက်ကိုက်ပြီးနောက် ယမကာ တစ်ကျိုက် ကျိုက်နေသည်။ ပြီးမှ...

'ကျွန်တော်ပြောခဲ့တဲ့အတိုင်း ကျွန်တော့်ဦးလေးဟာ သေချာတယ်၊ စေ့စပ်တယ်၊ အမြော်အမြင်ကြီးတယ်ဆိုတဲ့ အချက်တွေကို မစ္စတာရော်ဂျာ သိပြီးပြီနော်။

ကျွန်တော်ဟာ ဦးလေးရဲ့ ဒိုင်ယာရီတွေ အားလုံးလိုလိုကို ရယူသိမ်းဆည်းထားခဲ့တဲ့လူပါ။ ဦးလေးရဲ့ ဒိုင်ယာရီထဲမှာ သူတူးဖော်လုပ်ကိုင်ခဲ့ရတဲ့ သတ္တုမိုင်းတွေအကြောင်းကို ပုံကြမ်းတွေ၊ ထင်မြင်ချက်တွေ၊ တွေ့ရှိချက်တွေနဲ့ အပြည့်အစုံဖော်ပြထားတာ တွေ့ရပေမယ့်...'နတ်သမီးကလေးသတ္တုတွင်း'လို့ တပ်ထားတဲ့ ခေါင်းစဉ်အောက်မှာတော့ ဘာမှရေးမထားဘဲ ကွက်လပ်ကြီးချန်ထားတာပဲ တွေ့ရတယ်'

'စာကလေး တစ်ကောင်လောက်တောင်မှ ထားမပစ်ခဲ့ဘူးလားဗျာ'

ယန်းက ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး ခေါင်းကိုခါပြလိုက်သည်။

'ဘာမှ ထားမပစ်ခဲ့ပါဘူးဗျာ၊ ဘာမှလည်း အမှာအကြား လုပ်မသွားခဲ့ပါဘူး။ ဂျူးရှအာဘရူးစတားနဲ့ သူ့လူရှစ်ယောက်ဟာ လူ့လောကကို တစ်ခါမှ ပြန်မလာတော့ဘူးလို့ သန္နိဋ္ဌာန်ချပြီး မြေတွင်းထဲဆင်းသွားကြတဲ့ ပုံမျိုးပဲ'

'ဘာဆိုချင်တာလဲ မစ္စတာယန်း'



www.burmeseclassic.com

www.burmeseclassic.com



'ယုတ္တိကတော့ မတန်ဘူး။ ဒါပေမဲ့ ကျွန်တော်ဆိုချင်တာကတော့ ကျွန်တော့်ဦးလေးနဲ့ သူ့လူရှစ်ယောက်ဟာ အစုလိုက် အပြုံလိုက် သေကြောင်းကြံကြတယ်လို့တောင် ကျွန်တော် ဆိုချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့အကြောင်းကို ကျွန်တော် လိုက်ပြီး လေ့လာလိုက်တဲ့အခါမှာ...။

ကျွန်တော့်ဦးလေး ဘရူးစတားနဲ့ သူ့လူရှစ်ယောက်၊ အားလုံးပေါင်း ကိုးယောက်ဟာ လူပျိုကြီး၊ ဒါမှမဟုတ် မုဆိုးဖိုတွေချည်း ဖြစ်နေပြီး၊ တစ်နေရာမှာ အတည်တကျနေတဲ့လူတွေမဟုတ်ကြဘဲ သတ္တုတွင်းတစ်တွင်းကနေ နောက်တစ်တွင်းကို အမြဲပြောင်းနေလေ့ရှိတဲ့လူတွေ...။

သားတွေ၊ မယားတွေ၊ တွယ်တာစရာတွေ တစ်ခုမှမရှိတဲ့ လူတွေချည်းဆိုတော့ သတ္တုတူးရင်း အိုမင်းမစွမ်းဖြစ်ပြီး မသေခင် စောစောသေလိုက်တာကမှ ကောင်းမယ်ဆိုပြီး အစုလိုက်အပြုံလိုက် သေကြောင်းကြံသွားတာများလားလို့တောင် ထင်မိတယ်'

ဒါပေမဲ့ ဂျာဆင်ဟိုဘတ်မှာတော့ မိန်းမရှိတယ်မဟုတ်လား...'

'မိန်းမရှိတယ် ဟုတ်လား၊ ကျွန်တော် လေ့လာလို့ရသမျှတော့ မိန်းမရှိတယ်လို့ မတွေ့မိပါဘူးဗျာ'

'ဒါတော့ ယုံပါ၊ ဟိုဘတ်မှာ မိန်းမရှိပါတယ်'

'ကျွန်တော့်ဦးလေးဟာ ဟိုဘတ်မှာ မိန်းမရှိမှန်းသိရင် သူ့ကို အလုပ်သမားအနေနဲ့ ငှားမှာမဟုတ်ဘူး'

'ဘာဖြစ်လို့'

'ကျွန်တော့်ဦးလေးက ဘာသံယောဇဉ်မှ မရှိတဲ့ လူတွေချည်း ရွေးပြီး ငှားထားတာ၊ တကယ်လို့ သူတို့ပျောက်ဆုံးသွားရင် ဘယ်သူမှ လာမေးမော်မရှိအောင် လုပ်ထားတာ'

'ခင်ဗျားပြောတာ ကျွန်တော် သဘောမပေါက်ဘူး ယန်း'

ယန်းက မာတီနီကို တစ်ကျိုက် ကျိုက်လိုက်သည်။

ပြီးမှ...

'ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲပြောတော့မယ် မစ္စတာရော်ဂျာ၊ နတ်သမီးကလေး သတ္တုတွင်းကို ပြန်တူးတယ်ဆိုတာရယ်၊ မြေပြိုကျလို့ လူကိုးယောက် ပျောက်ဆုံးသွားတယ်ဆိုတာရယ်ဟာ အစစ်အမှန်ကို မဟုတ်ဘူး။





အယောင်ဆောင်တာ၊ လုပ်ကြံတာ၊ လှည့်စားတာ၊ တစ်ပတ်ရိုက်တာ။

ဒီအချိန်မှာ ကျွန်တော့်ဦးလေးဟာ စိတ်မနှံ့ဘူးလို့ ကျွန်တော်ယုံတယ်။ ဘာ့ကြောင့် ဘယ်လိုစိတ်မနှံ့ဖြစ်သွားရတယ်ဆိုတာတော့ ကျွန်တော်မသိဘူး။

သူ့အကျင့်တွေ၊ စရိုက်တွေအားလုံး တစ်မျိုးပြောင်းလဲနေတယ်။ သူဟာ ရုပ်ခန္ဓာအရ ဘရူးစတားဖြစ်နေပေမယ့် စိတ်ကတော့ ဘရူးစတားရဲ့စိတ် မဟုတ်တော့ဘူး'

'ကိုယ်မြဲ စိတ်ခွာ ဆိုတာမျိုးပေါ့'

'ဟုတ်တယ်၊ သူ့မှာရှိနေကျ အကျင့်စရိုက်တွေ ပြောင်းနေတယ်။ အကျင့်စာရိတ္တလည်း တစ်မျိုးပြောင်းသွားတယ်။ မိတ်ဆွေအပေါင်းအသင်းကို ချစ်တတ်၊ ခင်တတ်တဲ့စိတ်တွေလည်း မရှိတော့ဘူးတဲ့။

ကျွန်တော်ယယ်ယယ်က ကျွန်တော့်ဦးလေးရဲ့ မိတ်ဆွေတွေကို မေးကြည့်တော့ ဒီအတိုင်းပဲပြောကြတယ်။

ကျွန်တော့်ဦးလေးရဲ့ မိတ်ဆွေတွေ တညီတညွတ်တည်းပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်။ ဘာလဲဆိုတော့ ဂျိုရှူအာယေားစ်ဘရူးစတားဟာ နတ်သမီးကလေး သတ္တုတွင်း ပြိုမကျခင်ကပဲ သေနေပြီလို့။

'ဘာဖြစ်လို့ ဒီလိုပြောကြသလဲဆိုရင် ကျွန်တော့်ဦးလေးရဲ့ နဂိုစိတ်တွေဟာ သတ္တုတွင်းပြိုမကျခင်ကပဲ ပြောင်းနေပြီဖြစ်တဲ့အတွက်လို့ ပြောစမှတ်ပြုကြတယ်'

'ဒီလို စိတ်ပြောင်းသွားတာတစ်ခုတည်းကိုထောက်ပြီး သတ္တုတွင်းပြိုကျလို့ လူကိုးယောက် ပျောက်ဆုံးသွားတယ်ဆိုတာဟာ ဘာဖြစ်လို့ အယောင်ဆောင်တာ၊ လှည့်စားတာ၊ တစ်ပတ်ရိုက်တာ ဖြစ်သွားရမှာလဲ မစ္စတာယန်း'

ယန်းက ဖန်ခွက်ထဲမှ လက်ကျန် မာတီနီကို မော့ချလိုက်ပြီး...

'ကျွန်တော့်ဦးလေး စိတ်မနှံ့ဘူးလို့ဆိုတာတောင် သူဟာ သတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်တော့ ဖြစ်နေသေးတာပဲ။

တစ်ခါတစ်ခါမှာ သူဟာ ဘယ်သတ္တုတွင်းကိုတူးရင် ဘာသတ္တုရနိုင်မယ်ဆိုတာ မိနစ်ပိုင်းအတွင်းမှာ ပြောနိုင်တဲ့အရည်အချင်း ရှိနေသေးတယ်။

နတ်သမီးကလေး သတ္တုတွင်းဟာ သိုက်ကန်းကြီးဆိုတာလည်း သူသိနေပြီးသား၊ ဒီသိုက်ထဲက သတ္တုကောင်းရမယ်လို့လည်း သူ မတွက်ခဲ့ပါဘူး။

ဒါပေမဲ့ ဘာကြောင့် ဒီသိုက်ကန်းကြီးကို ပြန်တူးတယ်ဆိုတာတော့ ကျွန်တော် မပြောတတ်ဘူး။ ဒါပေမဲ့ တစ်ခုသေချာတာတော့ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနတ်သမီးကလေး သတ္တုတွင်းထဲက အောက်ဆုံးအလွှာက ရေတွေကို ရှောင်ပေတ်နဲ့ စုပ်ပြီးထုတ်ကြည့်၊ လူ့အရိုးဆိုလို့ တစ်ရိုးမှမတွေ့စေရဘူး။ ဒါကို ကျွန်တော် လော်င်းရဲတယ်

'ဒါဖြင့် ဒီလူ ကိုးယောက်စလုံး တွင်းထဲက လွတ်မြောက်သွားနိုင်ကြလို့ပေါ့၊ ဟုတ်လား မစ္စတာယန်း'

ယန်းက တစ်ချက်ပြုံးလိုက်ပြီး…

'အမှန်တော့ နတ်သမီးကလေး သတ္တုတွင်းထဲကို ဒီလူကိုးယောက် ဝင်သွားတာကို မျက်စိနဲ့တပ်အပ်မြင်ရတဲ့လူ မရှိပါဘူး။ ဝင်သွားကြတယ်လို့သာ ယူဆကြတာ။ နောက်ပြီး ဒီလူကိုးယောက် နောက်ထပ်ပြန်မတွေ့ကြရတော့လည်း သတ္တုတွင်းပြိုတာမှာ ဒီလူတွေ ရေနစ်ပြီးသေကုန်ပြီလို့ ထပ်ပြီး ထင်နေကြရတော့တာပါပဲ'

ရော်ဂျာက ငြိမ်ပြီးနားထောင်နေသည်။

သတ္တုတွင်းထဲမှာ ဒိုက်နမိုက် ဖောက်ခွဲလိုက်တဲ့အတွက် ရေကြောကို သွားထိပြီး အောက်ကရေတွေ ထွက်လာတယ်ဆိုတာလည်း တကယ်မဟုတ်ဘူး။

'သတ္တုတွင်းကို ပိတ်ထားတာကြာတော့ အထဲမှာ ရေတွေ တဖြည်းဖြည်း များလာပြီး မြေပြိုကျတာသာဖြစ်တယ်။ ဘယ်ဒိုက်နမိုက်နဲ့မှ မဖောက်ခွဲခဲ့ဘူး၊ ဒါက တစ်အချက်။

နှစ်အချက်က မြေပြိုကျပြီးတဲ့နောက် တွင်းထဲဆင်းပြီး ကယ်တဲ့ ကယ်ဆယ်ရေးသမားတွေ တွေ့ခဲ့ရတဲ့ သတ္တုတွင်းတူးရာမှာသုံးရတဲ့ ပစ္စည်းတွေဟာ အသစ်တွေမဟုတ်ဘဲ သံချေးတက်နေတဲ့ ပစ္စည်းအဟောင်းတွေဖြစ်နေတဲ့ အချက်ပဲ။

လူကိုးယောက်လုံးဟာ သတ္တုတူးတဲ့နေရာမှာ ဝါရင့်တဲ့လူတွေချည်းပဲ။ ဒီဝါရင့်ကြီးတွေက တစ်ပတ်နွမ်းပစ္စည်းတွေ သုံးတယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စ။

တတိယအချက်ကတော့ ကျွန်တော့်ဦးလေးဟာ နတ်သမီးကလေး သတ္တုတွင်းကို ပြန်တူးမယ်လို့ လူသိရှင်ကြား ကြေညာခဲ့ပေမယ့် ပိုင်ရှင်ဖြစ်တဲ့ အားနတ်စ်ဘလိုဆာဆိကို ဘာမှအကြောင်းကြား မထားခဲ့ဘူး။

အလုပ်လုပ်တဲ့နေရာမှာ ပွင့်လင်းရိုးသားတဲ့ လူလို့ နာမည်ရနေတဲ့ ကျွန်တော့်ဦးလေးဟာ ပိုင်ရှင်ကို အကြောင်းမကြားဘဲနေခဲ့တာကိုက တစ်မျိုးထူးခြားနေတယ်။





စတုတ္ထအချက် သတ္တုတွင်းပြိုကျလို့ အလုပ်သမားတွေ မြေမြှုပ်ခံရပြီဆိုတဲ့ ပထမဆုံးထွက်လာတဲ့သတင်းက တကယ်မြေပြိုကျပြီးတဲ့ နောက်တစ်နေ့ နေ့လယ်ဘက်မှ ထွက်လာခဲ့တယ်။

မြေပြိုကျတယ်ဆိုတာကိုလည်း ဂျွဲမယော်နီလို့ခေါ်တဲ့ စေတန်သတ္တုတွင်းက ဖိုမင်ကြီးက စသိပြီး သတင်းပြန့်သွားတာ။ စ,သိရတာကလည်း အဆန်းသား။ ဖိုမင်ကြီးရဲ့ အခန်းတံခါးဘောင်ဘက်မှာ စာရွက်ကလေးတစ်ရွက် အမှတ်မဲ့ သွားတွေ့ရတယ်တဲ့။

စာရွက်ပေါ်မှာ **ကယ်ကြပါ၊ နတ်သမီးကလေးသတ္တုတွင်း မြန်မြန်** ဆိုပြီး ရေးထားတယ်၊ အောက်က လက်မှတ်လည်း မပါဘူးတဲ့။

ပဉ္စမအချက်ကတော့ ကျွန်တော့်ဦးလေးက စင်ထရယ်စီးတီးက မြို့နယ်အုပ်ချုပ်ရေး အရာရှိဆီကို ပေးထားတဲ့ အလုပ်သမားစာရင်းပဲ။

ဦးလေးက သတ္တုတွင်းမှာ တကယ်လို့ မတော်တဆ ထိခိုက်ပျက်စီးမှု ရှိလာရင် သတင်းစာတိုက်ကို အကြောင်းကြားနိုင်အောင်ဆိုပြီး ပေးထားတဲ့ အလုပ်သမားစာရင်းတဲ့။

ဒါက ဘာကိုပြောသလဲဆိုရင် ဦးလေးမှာ လိမ်ဆယ်လိုတဲ့အကြံအစည် တစ်ခုခု ရှိနေပြီဆိုတာပဲ။ သူက အလုပ်သမားစာရင်းကို သေချာအောင်လုပ်ထားခဲ့တာ။ ဒါတွေက အယောင်ဆောင်တာ၊ လုပ်ကြံတာ၊ လှည့်စားတာ၊ တစ်ပတ်ရိုက်တာဆိုတဲ့အချက်ကို သက်သေထူနေတာပဲမဟုတ်လား'

ယန်း၏ စကားအဆုံးတွင် ရော်ဂျာက ရေတစ်ခွက်တောင်းသောက်လိုက်သည်။ ပြီးမှ…

'ခင်ဗျားပြောပြတဲ့အချက်တွေက ယုတ္တိတန်ပါတယ်။ ဒါပေမဲ့ ရာနှုန်းပြည့်ယုံရလောက်အောင်တော့ မပြည့်စုံသေးဘူးလို့ ထင်တယ်'

ဤတွင် ယန်းက…

'ပြည့်စုံအောင် ပြောပြမယ်၊ ဒါက ဆဋ္ဌမအချက်။

သတ္တုတွင်းပြိုကျပြီးလို့ လအတော်ကြာတဲ့အချိန်မှာ ဥရောပတိုက်ကို အပျော်ခရီးထွက်သွားတဲ့ ကျွန်တော့်အဖေနဲ့ အမေက အင်္ဂလန်နိုင်ငံ ဆောက်သင်တန်မြို့ ဘူတာပလက်ဖောင်းပေါ်မှာ မတ်တတ်ရပ်နေတဲ့ ကျွန်တော့်ဦးလေးကို သွားတွေ့တယ်။

ဒီလိုတွေ့ပုံကို ကျွန်တော့်အမေက ကျွန်တော်တို့ကို မကြာခဏ ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်လှန့်ပြောလေ့ရှိတယ်။

အမေက သူ့မောင် ရပ်နေတဲ့နေရာကို သွားပြီး ဂျိုရှ်အာ…နင် ဒီမှာ ဘာလုပ်နေတာလဲလို့ သွားမေးတယ်။ အမေ့ကို ပြန်ကြည့်တဲ့ ဦးလေးရဲ့မျက်နှာဟာ မှတ်ဆိတ်ပါးမြိုင်းမွေးသောသောနဲ့တဲ့။ မျက်နှာက လူသေကောင်လို ဖြူရော်နေတယ်တဲ့။

ဦးလေးက ကျွန်တော့်ကို မေ့လိုက်ပါ အစ်မလို့ တစ်ခွန်းတည်း တိုးတိုးပြောပြီး လှည့်ထွက်ပြေးတော့တာပဲတဲ့။ အမေက ဦးလေးနောက်ကို အတင်းလိုက်ပေမယ့် လူအုပ်ကြားထဲမှာ မျက်ခြည်ပြတ်သွားသတဲ့'

ယန်း စကားအဆုံးတွင် ရော်ဂျာက…

'လူတူမရှားဆိုသလို သူ့မောင်နဲ့တူတဲ့လူကို သွားတွေ့တာ မဖြစ်နိုင်ဘူးလား'

'အစ်မတစ်ယောက်လုံးက မောင်တစ်ယောက်လုံးကိုတောင် လူမှားနေရဦးမှာလားဗျ။ တကယ်လို့ လူမှားပြီး နှုတ်ဆက်မိရင်တောင် အဲဒီလူက ဘာများ ထွက်ပြေးသွားစရာရှိမှာလဲ'

'ဒါဖြင့် နတ်သမီးကလေးသင်္ဘောတွင်း ပြိုကျပြီး လူကိုးယောက် အသက်ဆုံးရှုံးသွားရတယ်ဆိုတာ လီဆယ်တာ၊ ကလိမ်ကျတာသက်သက်ပဲလို့ ဆိုချင်သလား'

'ဒီအတိုင်းပဲဆိုတယ်၊ တစ်ခုခုကို ကွယ်ဝှက်ထားချင်တဲ့အတွက် ပုံမှားရိုက်ပြီး အကွက်ဝင်အောင် ဇာတ်ကွက်ဆင်လိုက်တာပဲလို့ ကျွန်တော်ယူဆတယ်'

'ဘယ်သူက ဘာကြောင့် ဇာတ်ကွက်ဆင်နိုင်းတာလဲ'

'ဘာကြောင့်လို့တော့ ကျွန်တော်မသိဘူး။ ဒါပေမဲ့ ဇာတ်ကွက်ဆင်နိုင်းသူတွေကတော့ လော်ရိန်းနယ်က သတ္တုတွင်းသူဌေးအဖွဲ့ဝင်တွေလို့ ကျွန်တော်ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ လူကိုးယောက်လုံး ကိုယ်ရောင်ဖျောက်သွားနိုင်အောင် ငွေကြေးထောက်ပံ့နိုင်တာက သူတို့ပဲရှိတာကိုး။ သူတို့က ဦးလေး ဘရူးစတားကို သတ္တုတူးဖော်ရေးလုပ်ငန်းမှာ အင်ဂျင်နီယာအဖြစ်ရော မန်နေဂျာအဖြစ်ပါ ခန့်ထားခဲ့တဲ့လူတွေကိုး'

ရော်ဂျာက ကျသင့်ငွေကို ပေးချေလိုက်ပြီး ယန်းနှင့် တွေ့ဆုံပွဲကို စကားတစ်ခွန်းဖြင့် နိဂုံးချုပ်လိုက်သည်။





'နတ်သမီးသင်္ဘောမိုင်းထဲမှာ လူအရိုးတွေ မတွေ့ရသေးသမျှတော့ ခင်ဗျားပြောခဲ့တဲ့အချက်ကို အမှန်လို့ပဲ လက်ခံထားရဦးမှာပေါ့ဗျာ'

'ဒီလိုလက်ခံထားတာကိုပဲ ကျေးဇူးတင်ပါတယ်'

မစ္စတာယန်းက ထိုင်ရာမှ ထလိုက်၏။

[ ၁၄ ]

နိုင်ငံတကာ လေဆိပ်…

လော့စ်အိန်ဂျယ်လိစ်…

ယူနိုက်တက်လေကြောင်းကုမ္ပဏီပိုင် ဂျက်လေယာဉ်ကြီးတစ်စီးက နိုင်ငံတကာ လေယာဉ်ကွင်း ပြေးလမ်းပေါ်သို့ ညင်သာစွာ ထိုးဆင်းလိုက်သည်။

သည်လေယာဉ်ကြီးတွင် ခရီးသည်တစ်ဦးအဖြစ် လိုက်ပါလာသည့် ဂိုနီဆီးဂရင်းက လင်ကွန်းအမျိုးအစား အငှားကားတစ်စီးကို ကိုယ်တိုင်မောင်းလျက် သာဂူနာတောင်ကုန်းများရှိရာသို့ ဦးတည်လာခဲ့၏။

လော့စ်အိန်ဂျယ်လိစ်မြို့သည် ကာလီဖိုးနီးယားပြည်နယ်၏ မြို့တော်တည်း။

လာဂူနာ တောင်ကုန်းများပေါ်တွင် ပြည်နယ်အစိုးရက ဆောက်လုပ်ပေးထားသည့် အစိုးရတိုက်များ အစီအရီ။

ဂိုနီဆီးဂရင်းက လင်ကွန်းကို ရပ်ထားခဲ့ပြီးနောက် တိုက်ခန်းအမှတ် ၂၆၁ ဘီမှ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။

အခန်းတံခါးပွင့်လာပြီးနောက် 'မစ္စတာ ဂိုနီဆီးဂရင်း'ဟူသော နှုတ်ဆက်သံ ပေါ်ထွက်လာ၏။

ဂျာဆင်ဟိုဘတ်၏ အသက် ၉၀ ကျော်နေပြီဖြစ်သည့် အဒေါ်ကြီး ဂိုနီထင်သလို ငယ်မူပြန်သည့် အခြေအနေသို့ မရောက်သေးကြောင်း အသံနှင့်အတူ ရုပ်ရည်ကပါ သက်သေခံနေလေသည်။

'ဟုတ်ပါတယ်၊ ကျွန်တော် ဂိုနီဆီးဂရင်းပါ။ ခု ကျွန်တော်တွေ့နေရတဲ့ အမျိုးသမီးကြီးက မစ္စက်ဟိုဘတ်ပဲထင်ပါရဲ့'

ဖုန်းဖြင့် ကြိုတင်အကြောင်းကြားထားခဲ့သဖြင့် ဂိုနီအဖို့ မစ္စက်ဟိုဘတ်နှင့် အထူးမိတ်ဆက်နေစရာ မလိုတော့။

'ထိုင်ပါ၊ ဒီမှာပဲ နေ့လယ်စာ စားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒုက္ခမျှော့ဘူးဆိုရင်တော့ ဒီမှာပဲ နေ့လယ်စာစားရင်း စကားစမြည် ပြောကြတာပေါ့ဗျာ'

မစ္စက်ဟိုဘတ်က အသက် ၉၀ ကျော်နေပြီဖြစ်သည့်တိုင် သန်သန်မာမာ ကျန်းကျန်းမာမာ။

'ဒုက္ခမများပါဘူးရှင်၊ *'**ဘတ်**' တစ်ယောက်ကတော့ ခုအချိန်မှာ ဂေါက်ကွင်းထဲမှာရှိနေတုန်းပဲ၊ ဒီတော့ မစ္စတာဂီနီနဲ့ နေ့လယ်စာစားရတာပေါ့'

ဘတ်ဟူသောအမည်ကြောင့် ဂီနီက အမျိုးသမီးကြီးကို တစ်ချက်မျှ စိုက်ကြည့်လိုက်မိသည်။

'**ဘတ်**'ဆိုတာ အဒေါ့်ယောကျာ်းလေ'

အမျိုးသမီးကြီးက ချက်ဆိုလျှင် နားခွက်က မီးတောက်သူ။

'ကျွန်တော်သိနေတာက မစ္စတာဟိုဘတ်ဟာ...'

ဂီနီ့စကားကို အဘွားကြီးက ကြားဖြတ်လျက်...

'အဒေါ်ဟာ ခုထက်ထိ ဟိုဘတ်ရဲ့ မုဆိုးမကြီးပါပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ အနှစ် ၆၀ လောက်ကစပြီး အဒေါ်ဟာ ဘာထရင်အော်စတင်* ဆိုတဲ့ပုဂ္ဂိုလ်နဲ့ အိမ်ထောင် ထပ်ပြုခဲ့တယ်လေ'

'ဒီလို နောက်အိမ်ထောင်ပြုတာကို တပ်က မသိဘူးလား'

ကွယ်လွန်သွားသည့် လင်ယောကျာ်းဖြစ်သူ ဂျာဆင်ဟိုဘတ်အတွက် ပင်စင်ရနေသည့် အမျိုးသမီးကြီးက နောက်ထပ်အိမ်ထောင်ပြုလိုက်သည့်တိုင် ပင်စင်အဖြတ်မခံရဘဲ ရှိနေခြင်းကို အံ့သြကာ ဂီနီက မေးလိုက်ခြင်း။

'တပ်က သိတာပေါ့'

အမျိုးသမီးကြီးက ရိုးရိုးကြီးပင် အဖြေပေးနေ၏။

'အဒေါ်က နောက်ထပ်အိမ်ထောင်ပြုလိုက်တဲ့အကြောင်း စစ်ဌာနချုပ်ကို အကြောင်းကြားစာပို့ခဲ့တယ်။ ဒါပေမဲ့ စစ်တပ်က အဒေါ့်ဆီကို လစဉ် ပင်စင် ပို့ပေးနေတာပဲ'

'နောက်ထပ် အိမ်ထောင်ပြုလိုက်တာတောင်...'

'ဟုတ်တယ်၊ နောက်ထပ် အိမ်ထောင်ပြုလိုက်တယ်ဆိုပြီး သတင်းပို့ အကြောင်းကြားထားတာတောင် စစ်တပ်က အဒေါ့်ဆီကို ပင်စင်ပို့နေတုန်းပဲ။

* ဘာထရင်ကို အတိုကောက် 'ဘတ်'ဟု ခေါ်လေ့ရှိသည်။





ဒီတော့လည်း အဒေါ်က လက်ခံလိုက်ရတာပေါ့'

စစ်တပ်မှာ ဒီလို ပင်စင်ပေးရိုး ထုံးစံကို မရှိပါဘူး။ ဒီအစီအစဉ်ကတော့ သိပ်ကိုထူးဆန်းနေတယ်'

'မစ္စက်ဟိုဘတ် ခေါင်းညိတ်လိုက်ပြီး...

'ဟုတ်တယ်၊ သိပ်ထူးဆန်းနေတယ်၊ ဟိုဘတ်ကွယ်လွန်သွားပြီလို့ အဒေါ့်ဆီကို အကြောင်းကြားစာပို့တုန်းကလည်း ဒေါ်လာ ၁၀၀၀၀ တန် ချက်လက်မှတ်တစ်စောင်ပါ ထည့်ပို့ခဲ့တယ်လေ'

ဂီနီဆီးဂရင်းက အံ့အားသင့်သွားပြီး...

'စစ်တပ်က အဒေါ့်ကို ဒေါ်လာ ၁၀၀၀၀ တောင် လျော်ကြေးပေးခဲ့တယ်၊ ဟုတ်လား။ ၁၉၁၂ ခုနှစ်တုန်းက ဒေါ်လာ ၁၀၀၀၀ ဆိုတာ နည်းတဲ့တန်ဖိုး မဟုတ်ဘူး'

'ဟုတ်တယ်၊ ဒေါ်လာ ၁၀၀၀၀ ပေးခဲ့တယ်၊ အဒေါ်လည်း သိပ်အံ့သြသွားခဲ့တာပေါ့။ အဲဒီအချိန်က ငွေတန်ဖိုးကလည်း ရှိခဲ့တာကိုး'

'ဘာကြောင့်ပေးတယ်ဆိုတဲ့အကြောင်းများ စာထဲမှာထည့်ရေးလိုက်သေးလား'

'ဘာအကြောင်းမှ ထည့်ရေးမထားဘူး၊ ကျန်ရစ်သူ မုဆိုးမသို့ ပေးငွေဆိုတဲ့ စာတစ်ကြောင်းပဲပါတယ်'

'ဒါဖြင့် ကျွန်တော်တို့ အဒေါ်တို့အကြောင်း အစကပြန်ပြီး ပြောကြရအောင်'

'အဒေါ်နဲ့ ဂျိတ်နဲ့ ဘယ်လိုစ,တွေ့တယ်ဆိုတဲ့အကြောင်းကလား'

ဂီနီက ခေါင်းညိတ်လိုက်သည်။

ဂျိတ်ဆိုသည်မှာ ဂျာဆင်ဟိုဘတ်အား အတိုကောက်အားဖြင့် ရင်းနှီးသူများက ခေါ်ကြသည့်အမည်။

မစ္စက်ဟိုဘတ်က အဝေးသို့ ငေးကြည့်နေပြီးမှ...

'အဒေါ်နဲ့ ဂျိတ်နဲ့ စတွေ့တဲ့အချိန်က အင်မတန် ရာသီဥတုဆိုးရွားတဲ့ ၁၉၁၀ ခုနှစ် ဆောင်းရာသီပေါ့...။

တွေ့ကြတာကလည်း ကိုလိုရာဒို နယ်လီဒ်ဗီးလ်မြို့မှာ။ အဲဒီတုန်းက အဒေါ်ကလည်း ဆယ့်ခြောက်နှစ်ပြည့်ပြီးစ...။

အဒေါ်တို့အဖေက သတ္တုတူးဖော်တဲ့လုပ်ငန်းတစ်ခုခုမှာ အနုစပ်တဲ့ ထည့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး အလုပ်လုပ်ဖို့ ကြိုးစားနေတဲ့အချိန်။ ခရစ္စမတ်နီးလာလို့ ကျောင်းတွေ ပိတ်ထားတာနဲ့ ကြုံတော့ အဖေက အဒေါ်နဲ့ အဒေါ့်အမေကိုပါ သူ့ခရီးသွားရာမှာ ခေါ်သွားခဲ့တယ်...။

အဒေါ်တို့စီးလာတဲ့ ရထားလည်း လိဒ်ဗီးလ်ဘူတာကို ထိုးဆိုက်လိုက်ရော အစိမ်းတောက်ပြောင်းထန်တဲ့ နှင်းမုန်တိုင်းကြီးလည်း ကျလာပါလေရော...။

'ဒီမုန်တိုင်းကြီးက နှစ်လေးဆယ်အတွင်း အပြင်းထန်ဆုံး နှင်းမုန်တိုင်းကြီးပဲ။ ဒီမုန်တိုင်းကြီးဟာ နှစ်ပတ်တိတိကြာအောင် တိုက်နေတယ်။ လိဒ်ဗီးလ်မြို့ကလည်း ပေတစ်သောင်းကျော် မြင့်တဲ့နေရာ။ ဒီတော့ ဘယ်လောက် ရာသီဥတုဒဏ်ကိုခံရမလဲဆိုတာသာ စဉ်းစားကြည့်ပေတော့...'

'ဂျိတ်နဲ့ ဘယ်လိုများ ချိတ်ဆက်မိကြတာလဲ'

ဂီနီက လိုရင်းကို ကောက်မေးလိုက်သည်။

'နီးရာ ဟိုတယ်တစ်ခုမှာ တည်းခိုနေရတဲ့ အဒေါ်တို့မိသားစုဟာ တစ်နေ့တော့ လမ်းတစ်ဖက်မှာရှိနေတဲ့ စတိုးဆိုင်ကြီးကို ပစ္စည်းဝယ်ဖို့ ထွက်လာခဲ့ကြတယ်။ အဒေါ်ရယ်၊ အဒေါ့်အမေရယ်...။

နှင်းမုန်တိုင်းက တစ်နာရီ မိုင်ငါးဆယ်နှုန်းလောက် တိုက်နေပြီး အအေးဒီဂရီက သုညအောက် နှစ်ဆယ်လောက်ရောက်နေတော့ လမ်းဖြတ်ကူးရတာကိုက ပင်လယ်ကြီး ဖြတ်ကူးရသလို ဖြစ်နေတယ်...။

လမ်းလယ်ကောင်မှာ ဒယီးဒယိုင်ဖြစ်နေတဲ့ အဒေါ်တို့သားအမိနှစ်ယောက်ကို လူကြီးတစ်ယောက်က ကြားဝင်ပြီး တစ်ဖက်တစ်ချက် လက်ဆွဲပြီး စတိုးဆိုင်ကြီးအရောက် ခေါ်သွားခဲ့တယ်'

'အဲဒီလူကြီးက ဂျိတ်ပဲဆိုပါတော့'

'ဟုတ်တယ်၊ လူကြီးဆိုပေမယ့် အသက်ကတော့ မကြီးသေးပါဘူး။ သန်မာထွားကျိုင်းလို့ လူကြီးလို့ပြောတာ...။

'သူ့အရပ်က ခြောက်ပေကျော်၊ ရင်အုံက မောက်မောက်၊ သူက ဝေလနယ်က မိုင်းတွေမှာ ငယ်ငယ်ကတည်းက အလုပ်လုပ်ဖူးတယ်လို့ နောက်တော့ သိလာရတယ်...။

သူ့ဆံပင်ကနီနီ၊ မုတ်ဆိတ်ကလည်းနီနီ၊ အရပ်ကလည်း ခြောက်ပေကျော်ဆိုတော့ လူအုပ်ထဲမှာတောင် ဂျိတ်ကို လွယ်လွယ်နဲ့ တွေ့နိုင်တယ်။ သူက အမြဲ ရယ်ရယ်မောမောနေတတ်တယ်'





'ဆံပင်နီနီ၊ မုတ်ဆိတ်နီနီ'

ဂီနီဆီးဂရင်းက စိတ်ထဲမှ ရွတ်ဆိုလိုက်မိ၏။

'ဒါနဲ့ တိုတိုပြောရရင် သူနဲ့ အဒေါ်တို့ အဖွဲ့ကျသွားပြီး သူက အဖေ့ဆီမှာ အဒေါ်ကို လက်ထပ်ခွင့်ပေးဖို့ တောင်းပန်တယ်...။

အဖေကလည်း မိုင်းနဲ့ ပတ်သက်တဲ့အလုပ် လုပ်ချင်နေတဲ့လူဆိုတော့ သဘောတူလိုက်တယ်လေ'

'အဒေါ်တို့အိမ်ထောင်သက်က တော်တော်ကြာခဲ့လား'

'မကြာပါဘူး၊ တစ်နှစ်လောက်ပဲကြာတယ်'

ဂီနီက...

'ဂျိတ်နဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေ နတ်သမီးကလေးသတ္တုတွင်း ပြိုကျတာမှာ အသက်ပါ ပါသွားကြတယ်မဟုတ်လား'

'ဟုတ်ပါတယ်'

မစ္စက်ဟိုဘတ်က မီးဖိုချောင်ရှိရာသို့ လှမ်းကြည့်လိုက်ပြီး...

'ညှိသည်ကတော့ ဆာနေရောမယ်၊ အဒေါ် နေ့လယ်စာ ပြင်လိုက်တော့မယ်'

ဂီဇီဆီးဂရင်းက မစ္စက်ဟိုဘတ်၏စကားကို မကြားချင်ဟန်ပြုကာ...

'နတ်သမီးကလေး သတ္တုတွင်းပြိုကျပြီး လူတွေသေကုန်တယ်ဆိုတဲ့ ကောလာဟလ သတင်းတွေ ထွက်လာပြီးတဲ့နောက် ဂျိတ်ဆီက အဒေါ့်ဆီပို့လိုက်တဲ့ သတင်းကို ရခဲ့တယ်မဟုတ်လား အဒေါ်'

မီးဖိုချောင်ရှိရာသို့ သွားရန်ဟန်ပြင်နေသော မစ္စက်ဟိုဘတ်က ကုလားထိုင် နောက်မှီကို ပြန်မှီ၍ ပြန်ထိုင်လိုက်ရင်း...

'မစ္စတာဂီနီဆီးဂရင်း ပြောတာကိုအဒေါ် နားမလည်လိုက်ဘူး'

'အဒေါ် နားလည်လိုက်ပါတယ်'

'တကယ်ပါ၊ နားမလည်ပါဘူးကွယ်'

'အဒေါ်က ဘယ်သူ့ကိုကြောက်ပြီး ဘာဖြစ်လို့ ထိမ်ဝှက်နေရတာလဲဟင်'

မစ္စက်ဟိုဘတ်၏ လက်များက တုန်လျက်...

'ဘာမှ ထိမ်ဝှက်ထားတာ မရှိပါဘူးကွယ်။ အဒေါ်သိသမျှ မောင်ရင်ကို ပြောပြပြီးပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်မှာ ပြောပြစရာတွေ အများကြီးကျန်နေသေးတယ်ဆိုတာ ကျွန်တော် သိပါတယ်'

ဂီနီက မစ္စက်ဟိုဘတ်၏ တုန်ယင်နေသည့် လက်နှစ်ဖက်ကို ညင်ညင်သာသာ လှမ်းဆုပ်ထားလိုက်ကာ…

'ပြောစရာရှိတာ ပြောစမ်းပါ၊ အဒေါ်က ဘာဖြစ်လို့ ပြောရမှာ ကြောက်နေရတာလဲဟင်'

'မပြောပါဘူးလို့ ကတိပေးထားလို့ပါကွယ်။ မောင်ရင်လည်း အစိုးရအရာရှိကြီးတစ်ယောက်ပဲ၊ မပေါက်ကြားရဘူးလို့ အမိန့်ပေးထားတဲ့ လျှို့ဝှက်ချက်ကို ဘယ်လိုပြောနိုင်မလဲ'

'အဒေါ်ကို မပြောရဘူးလို့ ဘယ်သူက အမိန့်ပေးထားတာလဲ။ ဂျိတ်လား၊ ဂျိတ်က မပြောရဘူးလို့ အမိန့်ပေးထားလို့လား'

ဂီနီ့မေးခွန်းကို မစ္စက်ဟိုဘတ်က ခေါင်းခါပြလိုက်သည်။

'ဒါဖြင့် ဘယ်သူလဲ'

'ဘယ်သူ့ကိုမှ မပြောနိုင်လို့ပါကွယ်။ တကယ်ပါ၊ ဘာမှမပြောပါဘူးလို့ ကတိပေးထားလို့ပါ မောင်ရင်'

ဂီနီဆီးဂရင်းက ထိုင်ရာမှထရပ်လိုက်ပြီး မစ္စက်ဟိုဘတ်ကို ငုံ့ကြည့်နေသည်။

သူမက ဗိုဂျ်အိုစာသွားပုံရ၏။

'အဒေါ် တယ်လီဖုန်း ခဏအသုံးပြုခွင့်ပေးပါ အဒေါ်'

မစ္စက်ဟိုဘတ်က ခေါင်းညိတ်ပြလိုက်၏။

ဂီနီက စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ခုနစ်မိနစ်ပင် မပြည့်မီ တစ်ဖက်မှ သူကြားနေကျအသံ ပေါ်ထွက်လာသည်။

ဂီနီက ကြုံတွေ့နေရသည့် အခြေအနေကို တင်ပြလိုက်ပြီး မေတ္တာရပ်ခံချက်တစ်ရပ် ပြုလုပ်လိုက်၏။

'ကဲ…အဒေါ် ဒီနားလာပြီး တယ်လီဖုန်းကို နားထောင်စမ်းပါ'

ဂီနီက စကားပြောခွက်ကို မစ္စက်ဟိုဘတ်အား လှမ်းပေးလိုက်သည်။

'ဟုတ်ကဲ့ရှင့်၊ ခု စကားပြောနေတာ မစ္စက်ဟိုဘတ်ပါရှင်'

မစ္စက်ဟိုဘတ်၏မျက်နှာက တစ်ဖက်မှ ဖုန်းပြောနေသံကို နားထောင်ရင်း အံ့ဩသည့်အမူအရာ။





သူ့မက 'ဟုတ်ပါတယ်ရှင်'၊ 'မှန်ပါတယ်ရှင်'ဟု တစ်ဖက်မှပြောစကားကို လိုက်၍ ပြန်ကြားနေသည်။

တစ်ဖက်မှ စကားသံ ရပ်သွားသောအခါ မစ္စက်ဟိုဘတ်က စကားပြောခွက်ကို အသာပြန်ချလိုက်ပြီး တုန်ယင်သည့်အသံဖြင့် ဂီနီဆီးဂရင်းအား…

'ခုနက အဒေါ်ကို ဖုန်းထဲက စကားပြောတာ သမ္မတကြီးကိုယ်တိုင်ပဲလား မောင်ရင်'

'ဟုတ်ပါတယ် အဒေါ်၊ သမ္မတကြီးကိုယ်တိုင် အဒေါ်ကို စကားပြောခဲ့တာပါ။ အဒေါ်မယုံရင် ခုဖုန်းပြန်ဆက်ပြီး မေးကြည့်နိုင်ပါတယ်ခင်ဗျာ'

'သမ္မတကြီးက မောင်ရင့်ကို တတ်နိုင်သမျှ အကူအညီပေးပါလို့ မေတ္တာရပ်ခံလိုက်တယ်။ အတော်ကိုအံ့ဩစရာကောင်းတာပဲ မောင်ရင်'

'ဟုတ်တယ် အဒေါ်၊ အဒေါ်က ကျွန်တော့်ကို ဖွင့်ပြောမယ့်စကားဟာ နိုင်ငံတော်အတွက် သိပ်ကိုအကျိုးရှိတဲ့စကား ဖြစ်နိုင်ပါတယ် အဒေါ်။

ဒီတော့ အဒေါ်ရဲ့ ပထမယောက်ျားဂျိတ်နဲ့ သတ္တုတွင်းအင်ဂျင်နီယာ ဂျိုးအာပေးစ်ဘရူးစတားနဲ့ ဘယ်လိုအဆက်အသွယ်ရှိတယ်၊ ဘာတွေဖြစ်ကြတယ်ဆိုတာ ပြောပြပေတော့ အဒေါ်'

မစ္စက်ဟိုဘတ်က ကုလားထိုင်တွင် ပြန်ထိုင်လိုက်ပြီး…

'ဂျိတ်က သတ္တုတွင်းမှာ ဒိုက်နမိုက်ဖောက်ခွဲတဲ့နေရာမှာ လူတော်ပဲ။ သတ္တုတွင်းလောကမှာ ဂျိတ်လောက် ဒိုက်နမိုက်ဖောက်ခွဲတာ ကျွမ်းကျင်တဲ့လူ မရှိဘူးလို့တောင် ဆိုရိုးပြုကြတယ်။

သတ္တုတွင်းအင်ဂျင်နီယာ ဘရူးစတားကလည်း ထိပ်ဆိုတဲ့ အလုပ်သမားကိုမှ ခေါ်ခိုင်းတတ်တော့ ဂျိတ်နဲ့ ဘရူးစတားနဲ့ ချိတ်မိသွားကြတာပေါ့'

'ဂျိတ်မှာ အိမ်ထောင်ရှိတယ်ဆိုတာ ဘရူးစတားက မသိဘူးလား'

'မသိလို့ပေါ့၊ သိရင် ဘယ်ငှားမလဲ၊ သတ္တုတွင်းလောကမှာ ဒိုက်နမိုက်ဖောက်ခွဲတဲ့လူမှာ အိမ်ထောင်မရှိရဘူးလို့ ပညတ်ချက်ရှိတယ်။

'ဒီတော့ ဂျိတ်က အဒေါ်ကို သတ္တုတွင်းစခန်းတွေနဲ့ဝေးတဲ့ ဆောင်းအဲဆိုတဲ့ မြို့ကလေးမှာ အိမ်ကလေးတစ်လုံးနဲ့ထားပြီး သတ္တုတွင်းမှာ အလုပ်လုပ်နေတတ်တယ်'

ဤတွင် ဂီနီက…



www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ဘရူးစတားက ဂျိတ်ကို နတ်သမီးကလေးသတ္တုတွင်းမှာ ခိုင်းနိုင်တော့ကိုင်းတာပေါ့ ဟုတ်လား'

'ဒါက သတင်းစာတွေက ရေးကြတဲ့ သတင်းပါ၊ အမှန်ကတော့ ဂျိတ်ရော သေဆုံးသွားကြတယ်ဆိုတဲ့ ကျန်တဲ့ လူရှစ်ယောက်ရော ဘယ်တော့မှ အဲဒီသတ္တုတွင်းထဲမှာ အလုပ်မလုပ်ခဲ့ကြပါဘူး'

'ဒါဖြင့် မိုင်းပြိုကျပြီး အလုပ်သမားကိုးယောက် သေကုန်တယ်ဆိုတာ လုညာစားတာ၊ တပတ်ရိုက်တာ၊ လုပ်ကြံတာပဲပေါ့'

မစ္စက်ဟိုဘတ်က ဂီနီ့ကို စေ့စေ့ကြည့်ရင်း...

'မောင်ရင်က ဒါလောက်အထိ သိနေမှကိုး'

'သိတယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလိုဖြစ်လိမ့်မယ်လို့ မသင်္ကာဖြစ်မိတာပါ၊ ဒါပေမဲ့ ဒီအတိုင်းဖြစ်ခဲ့ပါတယ်လို့ သက်သေပြစရာတော့ မရှိပါဘူးခင်ဗျာ'

'မောင်ရင်က သက်သေပြစရာ လိုချင်တယ်ဆိုရင် အဒေါ် ပေးပါ့မယ်'

မစ္စက်ဟိုဘတ်က ပြောပြောဆိုဆို ထိုင်ရာမှထလိုက်ပြီး အိမ်ခန်းထဲသို့ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ သူမလက်ထဲတွင် တစ်ထွာသာသာမျှသာရှိသည့် သေတ္တာငယ်လေးတစ်လုံး ပါလာသည်။

'နတ်သမီးကလေးသတ္တုတွင်းကို အလုပ်မဆင်းရမီ တစ်ရက်က ဂျိတ်ဟာ အဒေါ်ကို ဒင်ဗာမြို့ကိုခေါ်သွားတယ်၊ အလည်အပတ်နဲ့ ဈေးဝယ်ပေါ့။

ဂျိတ်က အဒေါ်အတွက် အဆန်းဆုံးဆိုတဲ့ အဝတ်အစားတွေ ဝယ်ပေးတယ်၊ လက်ဝတ်လက်စားတွေ ဝယ်ပေးတယ်၊ အကောင်းဆုံးပျော်ပွဲစားရုံမှာ ထမင်းကျွေးတယ်၊ ညကျတော့ ဒင်ဗာမှာ ဇိမ်အကျဆုံးဟိုတယ်ဖြစ်တဲ့ အညိုရောင်နန်းတော်မှာ လက်ထပ်ပြီးကာစ စုံတွဲလို အိပ်ခန်းငှားပြီး အိပ်ကြတယ်'

'ကျွန်တော့်မိတ်ဆွေတစ်ယောက်တောင် ဒီဟိုတယ်မှာ ခုတည်းလျက်ရှိတုန်းပဲ'

ဂီနီက ရော်ဂျာအား ရည်ညွှန်း၍ ပြောလိုက်ခြင်း။

'မနက်ကျတော့ ဂျိတ်က အဒေါ်ကို သတ္တုတွင်းပြိုကျလို့ သူသေပြီဆိုပြီး သတင်းစာမှာပါလာရင်၊ ဒါမှမဟုတ် လူတွေ သူတွေက ပြောကြရင် မယုံနဲ့လို့ အဒေါ်ကိုပြောတယ်။

ဒီတော့ အဒေါ်က ရှင် ဘယ်သွားပြီး ဘာလုပ်နေမှာလဲလို့ မေးတော့





သူက သူဟာ ရုရှားပြည် တစ်နေရာမှာ သတ္တုတူးတဲ့အလုပ်ကို လအတော်ကြာအောင် သွားပြီး လုပ်နေရမယ်လို့ ပြောတယ်။

ဒီခရီးက ပြန်လာရင် အဒေါ်တို့ ချမ်းသာတော့မယ်၊ အိပ်မက်မက်နေတာများလားလို့ ထင်ရအောင် သိပ်ကို ချမ်းသာကြွယ်ဝတော့မယ်လို့ ဂျိတ်က ပြောတယ်။

ပြီးတော့မှ သူက တစ်ခုပြောသေးတယ်။ အဲဒါတော့ အဒေါ် နားမလည်ခဲ့ဘူး'

'ဂျိတ်က ဘာပြောခဲ့လို့လဲ'

'ဂျိတ်ပြောတာက ပြင်သစ်တွေက ကိစ္စအားလုံးကို တာဝန်ယူတယ်တဲ့၊ ကိစ္စတွေ ပြီးပြေသွားရင် အဒေါ်တို့ ပြင်သစ်မှာသွားနေကြမယ်တဲ့။

'သူသွားမှာက ရုရှားပြည်၊ ကိစ္စအားလုံး တာဝန်ယူတာက ပြင်သစ်ဆိုတော့ အဒေါ် နားလည်ရခက်နေတာပေါ့။

မနက်ကျတော့ ဂျိတ်ကို မတွေ့ရတော့ဘူး။ ခေါင်းအုံးပေါ်မှာ စာအိတ်တစ်အိတ်ပဲ တွေ့ရတော့တယ်။ စာအိတ်ထဲမှာ ဒေါ်လာငါးထောင်နဲ့ စာတိုကလေးက တစ်စောင်။

စာတိုကလေးက မင်းကို ငါချစ်တယ်...ဒါလောက်ပဲ'

'ဒီငွေတွေကို ဂျိတ် ဘယ်ကရတယ်လို့ အဒေါ်ထင်သလဲ'

'ဘယ်က ရတယ်လို့ မထင်တတ်ပါဘူး မောင်ရင်၊ အဲဒီအချိန်တုန်းက အဒေါ်တို့မှာ ဘဏ်မှာ ဒေါ်လာသုံးရာလောက်ပဲရှိတာ'

'ဒါဖြင့် ဒါဟာ ဂျိတ်နဲ့ အဒေါ် နောက်ဆုံးတွေ့ရခြင်းပဲပေါ့'

'မဟုတ်ပါဘူး'

'မစ္စက်ဟိုဘတ်က ပေါင်ပေါ်တင်ထားသည့် သံသေတ္တာငယ်ကလေးကို ဖွင့်လိုက်ပြီး နီညိုရောင်သမ်းနေသည့် ပို့စကတ်တစ်ခုကို ဂီနီ့လက်သို့ လှမ်းပေးလိုက်သည်။

ပို့စကတ်တွင် အီဖယ်မျှော်စင်ကြီး၏ပုံ။

'ဒီပို့စကတ်က ဂျိတ် ထွက်သွားပြီးတဲ့နောက် တစ်လလောက်အကြာမှာ စာတိုက်က ရောက်လာတာ'

ဂီနီက ပို့စကတ်တွင်ရေးထားသည့်စာကို ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ချစ်တဲ့ အေဒီ...**

'အေဒီဆိုတာ အဒေါ်ရဲ့ အပျိုနာမည်ကို အတိုကောက်ခေါ်ထားတဲ့ နာမည်။ အဒေါ်အပျိုနာမည်က အယ်ဒီလိုင်တဲ့'

**ရာသီဥတုကတော့ သိပ်ကို ဆိုးတယ်။ မိုးသိပ်ရွာတယ်။ ဘီယာကလည်း နည်းနည်းမှ သောက်လို့ အရသာမရှိဘူး။ ကိုယ်နေကောင်းသလို တခြားကောင်တွေလည်း နေကောင်းပါတယ်။**

**ဘာမှတွေးမပူနေနဲ့၊ မင်းသိတဲ့အတိုင်း ကိုယ်ဟာ အဝေးကအပစ်ခံရပြီး ဘယ်တော့မှ သေမယ့်ကောင်မဟုတ်ဘူး။ ကိုယ် ဘယ်သူဆိုတာ မင်း သိပါတယ်။**

ပို့စကတ်တွင်ရေးထားသည့် လက်ရေးက လူကြမ်းကြီးတစ်ယောက်၏ ကြမ်းကြမ်းရမ်းရမ်း လက်ရေးမျိုး။ ပို့စကတ်ပေါ်တွင် ရိုက်နှိပ်ထားသည့် စာတိုက်တံဆိပ်က...

**ပါရီမြို့။ ဒီဇင်ဘာ ၁ ရက်၊ ၁၉၁၁။**

မစ္စက်ဟိုဘာတ်က သံသေတ္တာငယ်ကလေးထဲမှ ဒုတိယပို့စကတ်တစ်ခုကို ထုတ်ပေးလိုက်ပြန်သည်။

ပထမပို့စကတ်လိုပင် ညှိညစ်ညစ်။

ဂီနီဆီးဂရင်းက ဒုတိယပို့စကတ်သည် ပထမပို့စကတ်နှင့် တစ်ပတ်သာခြား၍ ရောက်လာကြောင်း သတိထားလိုက်မိသည်။

သို့သော် စာတိုက်တံဆိပ်ရိုက်နှိပ်လိုက်သည့်မြို့က ပြင်သစ်နိုင်ငံ ပါရီမဟုတ်တော့။ လီလာဗရီမြို့။

**ချစ်တဲ့ အေဒီ**

**ကိုယ်တို့ အာတိတ်ဒေသဆီကို ဦးတည်ပြီး ခရီးထွက်နေကြပြီ။**

**ဒီပို့စကတ် ပို့ပြီးတဲ့နောက် တော်တော်နဲ့ မင်းဆီကို သတင်းပို့နိုင်မှာ မဟုတ်သေးဘူး။**

**ရဲရဲကြီးရင်ဆိုင်ပါ။ ပြင်သစ်တွေဟာ ကိုယ်တို့ကို ကောင်းကောင်းမွန်မွန် ပြုစုဆက်ဆံကြပါတယ်။**

**အစားအသောက်လည်း ကောင်းတယ်။ သဘောကလည်း ကောင်းတယ်။ ကိုယ်ဘယ်သူဆိုတာ မင်း သိပါတယ်။**





'ဒါ ဂျိတ်ရဲ့လက်ရေးဆိုတာတော့ သေချာပါတယ်နော်'

ဂီနီက မစ္စက်ဟိုဘာတ်ကို ကြည့်လိုက်ရင်း မေးလိုက်၏။

'သေချာတာမှ သိပ်ကို သေချာတာပေါ့၊ အဒေါ်မှာ ဂျိတ်ဆီကပို့တဲ့ တခြားပို့စကတ်တွေနဲ့ အလျင်တုန်းကရေးတဲ့စာတွေလည်း ရှိတယ်။ တိုက်ပြီး ကြည့်ချင်ရင်လည်း ကြည့်ပေါ့'

'မလိုပါဘူး အဒေါ်အေဒီ'

ဂီနီက မစ္စက်ဟိုဘာတ်၏ အပျိုနာမည်ကို အရွှန်းဖောက်၍ ခေါ်လိုက်သဖြင့် အဘိုးသမီးကြီးက ပြုံးလာ၏။

'နောက်ထပ် ဂျိတ်ပေးတဲ့ ပို့စကတ်တွေ ရှိသေးလား'

မစ္စက်ဟိုဘာတ်က ခေါင်းညိတ်လိုက်ပြီး...

'ရှိသေးတယ်၊ တတိယမြောက်နဲ့ နောက်ဆုံးပို့စကတ်ပဲ၊ ဂျိတ်က ပါရီက ပို့စကတ်အတော်များများ ဝယ်သွားပုံရတယ်။

ပို့စကတ်မှာ ပြင်သစ်က နာမည်ကျော် ဘုရားရှိခိုးကျောင်းပုံကို ရိုက်နှိပ်ထားပေမယ့် ပို့လိုက်တဲ့နေရာကတော့ စကော့တလန်ပြည် အဘာဒင်မြို့ကပဲ...။

ပေးလိုက်တဲ့နေ့စွဲက ဇန်နဝါရီလ ၄ ရက်၊ ၁၉၁၂ ခုနှစ်။

ဂီနီက ဂျိတ်ထံမှပေးပို့လိုက်သည့် နောက်ဆုံးပို့စကတ်ကို ဖတ်ကြည့်လိုက်၏။

**ချစ်တဲ့အေဒီ...**

**ကိုယ်တို့ရောက်နေတဲ့နေရာဟာ သိပ်ကိုကြောက်စရာကောင်းတဲ့ နေရာပဲ။ အအေးဒဏ်က ကြောက်စရာ၊ ကိုယ်တို့ အသက်နဲ့ကိုယ် မြဲပြီး ပြန်ရောက်မှ ရောက်နိုင်ပါ့မလားလို့တောင် စိုးရိမ်နေမိတယ်။**

**ဒီပို့စကတ်ကို မင်းဆီ ရောက်အောင် ပို့မှ ပို့နိုင်ဦးမလား မသိဘူး။ ဒီပို့စကတ် မင်းဆီရောက်ရင် မင်းကို ဂရုတစိုက် စောင့်ရှောက်ကြပါလိမ့်မယ်။**

**ထာဝရဘုရားသခင် ကောင်းချီးပေးပါစေ...ဂျိတ်။**

ဂျာဆင်ဟိုဘာတ်က မစ္စက်ဟိုဘာတ်သို့ ပေးလိုက်သည့် တတိယမြောက် နောက်ဆုံးပို့စကတ်တွင် တစ်စုံတစ်ယောက်က ဘေးနားမှ ဖြည့်စွက်ရေးသား ထားချက်ကို ဂီနီဆီးဂရင်းအား မစ္စက်ဟိုဘာတ်က ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



**ခင်မင်သော မစ္စက်ဟိုဘတ်**

**ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီးဂျိတ်ဟာ နှင်းမုန်တိုင်းဒဏ် ခံရပြီး အသက်ပျောက်သွားခဲ့ရတယ်။**

**ဂျိတ်ကို ကျွန်တော်တို့ ခရစ်ယာန်ထုံးစံအတိုင်း သရဏဂုံတင်ကြပါတယ်၊ သိပ်စိတ်မကောင်းပါဘူး။ ဗွီအိတ်ချ်။**

ဂိနီဆီးဂရင်းက ရော်ဂျာ ဖုန်းဖြင့်ပို့ထားသည့် အလုပ်သမားစာရင်းကို ပြန်ကြည့်လိုက်ပြီး…

'ဗွီ၊ အိတ်ချ်လို့ လက်မှတ်အတိုကောက် ရေးထိုးထားတဲ့လူဟာ ဗာနွန်ယောအဲ ဖြစ်ရလိမ့်မယ်'

'ဟုတ်တယ်၊ ဗာနွန်နဲ့ ဂျိတ်ဟာ သိပ်ခင်တဲ့ သူငယ်ချင်းတွေပဲ'

'ဂျိတ် သေဆုံးတဲ့အကြောင်း သိရပြီးတဲ့နောက် ဘာတွေဆက်ဖြစ်လာသလဲ။ အဒေါ်ကို ဘယ်သူက ဒီအကြောင်းတွေကို ထုတ်မပြောရဘူးလို့ ကတိပြုခိုင်းတာလဲ'

'ဂျိတ် သေဆုံးတဲ့အကြောင်း သိရပြီး နှစ်လလောက်အကြာ အဒေါ်အထင်တော့ ဗွန်လဆန်းလောက်မှာ ဆောင်းဒါးမြို့ကလေးမှာရှိတဲ့ အဒေါ်အိမ်ကလေးကို ဗိုလ်မှူးကြီးတစ်ယောက် မမျှော်လင့်ဘဲ ရောက်လာတယ်'

ဂိနီက ပို၍စိတ်ဝင်စားလာလေသည်။

'ဗိုလ်မှူးကြီးနာမည်က ပက်မန်းလား၊ မက်မိုးလား အဒေါ်တော့ သေသေချာချာ မမှတ်မိတော့ဘူး'

'ဒီဗိုလ်မှူးကြီးက အဒေါ်ကို နတ်သမီးကလေးသင်္ချိုင်းတွင်း ပြီးကျပြီးတဲ့နောက်ပိုင်း ဂျိတ်နဲ့ အဒေါ်နဲ့ အဆက်အသွယ်ရှိခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ ထုတ်မပြောပါနဲ့၊ ပြောကိုမပြောရဘူးဆိုပြီး နှုတ်လာပိတ်တယ်…'

'ဒီဗိုလ်မှူးကြီးက ဘယ်လိုအကြောင်းပြလဲ'

'ဘာအကြောင်းမှ မပြဘူး။ ဒါပေမဲ့ သူပြောတာက ရိုးရိုးကလေး၊ နိုင်ငံတော် အစိုးရရဲ့ အကျိုးအတွက် ဂျိတ်နဲ့ နောက်ပိုင်းမှာ အဆက်အသွယ်ရှိခဲ့တယ်ဆိုတာ ဖွင့်မပြောဖို့ လုံးဝလိုအပ်တယ်လို့ ပြောခဲ့တယ်။

ဒီလိုပြောပြီး သူက ဒေါ်လာ ၁၀၀၀၀ တန် ချက်လက်မှတ်တစ်စောင် အဒေါ့်ကိုပေးပြီး ပြန်ထွက်သွားတော့တာပါပဲ'





အသက် ၉၀ ကျော်၍ သုံးနှစ်စွန်းနေခဲ့ပြီဖြစ်သည့် အဘွားကြီးတစ်ယောက်ထံမှ ဤကဲ့သို့ တန်ဖိုးကြီးလှသော သဲလွန်စမျိုးရမည်ဟု မထင်ခဲ့သော ဂိနီဆီးဂရင်းက စိတ်လက်ပေါ့ပါးသွားကာ ရွှင်ပျလာသည်။

သို့ဖြစ်၍လည်း မစ္စက်ဟိုဘတ်အား ပြုံး၍ကြည့်လိုက်ပြီး…

'အဒေါ်ကျေးမယ့် နေ့လယ်စာက ခုမှ သိပ်တန်ဖိုးရှိလာတာပဲဗျို့'ဟု ဥဒါန်းကျူးလိုက်မိသည်။

မစ္စက်ဟိုဘတ်ကလည်း ပြန်၍ပြုံးလိုက်ကာ…

'ဂျိတ်ရဲ့စကားအတိုင်း နေ့လယ်စာ အသာထားပြီး ဘီယာကလေးနဲ့ နိဒါန်းချီးလိုက်ကြရအောင်'

'ကောင်းတာပေါ့ခင်ဗျာ၊ သိပ်ကောင်းတဲ့အစီအစဉ်ပဲ'

ဂိနီက အားရပါးရ ပြောလိုက်လေသည်။

[ ၁၅ ]

ညနေချမ်းတွင် ဖျန်းနေကြသည့် ကြက်သွေးရောင်က အနောက်ဘက်ဒေါ်တာ့ပ်စက်ဝိုင်းတစ်ဝိုက် တွဲလောင်းခိုလျက်။

ဟိုအဝေးဆီမှ မိုးခြိမ်းသံများ ပေါ်ထွက်လာသည်။

လျှပ်စစ်မိုးမုန်တိုင်းတစ်ခု ဖြစ်ပေါ်လာနိုင်မည့် အခြေအနေ။

လေက ပူနွေးနေ၏။

ပင်လယ်အော်ဘက်မှ ပြေးတက်လာသည့် လေပြည်လေညင်းက ဘယ်ဘိုအာ ပင်လယ်အော်ကလပ် တိုက်ခေါင်းတုံး ခေါင်မိုးပေါ်တွင် ညနေစာ စားအပြီး ကော့ဖီး ယမကာဖြင့်ပိတ်နေသည့် ဂိနီဆီးဂရင်း၏မျက်နှာကို လာ၍ ကလူကျီစယ်နေလေသည်။

အချိန်က ည ရှစ်နာရီ။

နယူးပုတ်ဘိချ် မြို့သူမြို့သားများ လည်ကြ၊ ပတ်ကြ၊ စားကြ၊ သောက်ကြသည့်အချိန်။

ဂိနီက ကလပ်ခြံဝင်းအတွင်းရှိ ရေကူးကန်တွင် ရေကူးပြီးနောက် ညစာကို စောစောစားထားခဲ့သည်။

သို့ဖြစ်၍ မြို့သူမြို့သားများ စားကြသောက်ကြသည့် ယခုလို ရှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်၌ ကလပ်တိုက်ခေါင်းတုံး ခေါင်မိုးပေါ်တွင် ကောဇောဖြင့် 'နှပ်'နေမြဲ ခြင်း။

မိုးခြိမ်းသံများက တဖြည်းဖြည်း နီး၍လာသည်။ လျှပ်စစ်မိုးမုန်တိုင်း ကျလာတော့မည့် အခြေအနေ။

လေက ငြိမ်နေသည်။ လေထဲတွင် လျှပ်စစ်ဓာတ် တဖျပ်ဖျပ် ခိုစီးနေသည် ဟု ထင်ရ၏။

သို့သော် မိုးက တစ်စက်မှ ကျမလာသေး။

လေကလည်း ငြိမ်လျက်။

လျှပ်စစ်ရောင်များ ဝင်းခနဲလက်သွားသည်။

အပျော်စီးလှေများ ကမ်းခြေသို့ ထိုးဆိုက်လာကြသည်ကို လျှပ်ရောင်ဖြင့် မြင်လိုက်ရ၏။

မိုးခြိမ်းသံများက ဆင့်ကာ ဆင့်ကာ မြည်ဟည်းလာသည်။ လျှပ်စစ်က လည်း တဝင်းဝင်းလက်လာ၏။

မဟူရာ တင်းတိမ်ကြားသို့ ရောက်နေသည့် ကောင်းကင်တွင် အဖြူရောင် လျှပ်စီးလျှပ်နွယ်များ စီးယိုလျက်။

မိုးခြိမ်းသံကြီးတစ်ခုက ဂီနီ့နားကို ပွင့်သွားမတတ် ကျယ်လောင်စွာ ပေါ် ထွက်လာ၏။

ကလပ်တိုက်ခေါင်းတုံးပေါ်တွင် ယမကာကိုယ်စီဖြင့် စိမ်ယစ်နေသောသူ အားလုံးက ထမင်းစားခန်းထဲသို့ ပြေးဝင်သွားကြသည်။

ဂီနီတစ်ယောက်တည်း ကျန်နေရစ်ခဲ့၏။

ကောင်းကင်ထက်တွင် လျှပ်ပန်း လျှပ်နွယ်များ ယှက်ဖြာနေသည်ကို ကြည့်နေရခြင်းမှာ ဂီနီ့အဖို့ ကြည်နူးစရာ။

ခွက်ထဲတွင် ကျန်နေသည့် ကော့ဇေးကို လက်စသတ်လိုက်ပြီး ဂီနီသည် ကုလားထိုင်နောက်မှီကို မှီ၍ ထိုင်လိုက်သည်။

လျှပ်ပန်းများ ထပ်၍ပွင့်လာပြန်၏။

သည်လျှပ်ရောင်ဖြင့် မီမီစားပွဲနားတွင် လာ၍ ရပ်နေသူတစ်ယောက်ကို ဂီနီ တွေ့လိုက်ရသည်။

လျှပ်စစ်ဝိုးတဝါးတွင် ထင်းခနဲပေါ်လာသည့် လူသဏ္ဌာန်က အရပ်မြင့်မြင့် ဆံပင်နက်နက်။





လူကြမ်းကြီးတစ်ယောက်။

တည်ငြိမ် စူးရှသည့်အကြည့်က လူကြမ်းကြီး၏ အမူအကျင့်တစ်ခု။

လျှပ်စစ်အရောင်များ ပျောက်သွားသည်နှင့် လူကြမ်းကြီး၏ ပုံသဏ္ဌာန်က မှောင်ထဲတွင် နစ်မြုပ်သွားသည်။

မိုးခြိမ်းသံအဆုံးတွင် လူကြမ်းကြီးထံမှ နူးညံ့သည့်အသံ ပေါ်ထွက်လာ၏။

'ဂီနီဆီးဂရင်းဆိုတာ လူကြီးမင်းပဲလားခင်ဗျာ'

ဂီနီက ရုတ်တရက် အဖြေမပေးသေးဘဲ မှောင်ထဲမှ လူသဏ္ဌာန်ကို အတန် အကဲခတ်နေသည်။ ပြီးမှ နှုတ်တုံ့ပြန်လိုက်၏။

'ဟုတ်တယ်'

'လူကြီးမင်းက ကျွန်တော်နဲ့ တွေ့ချင်တယ်လို့ပြောလို့ ကျွန်တော် လာခဲ့တာပါ'

'ခင်ဗျား ဘယ်သူဆိုတာ ပြောပြဦးမှပေါ့'

'ကျွန်တော် ဂျိုး...ဂျိုးမာတင်ပါ'

လျှပ်စစ်က ဝင်းခနဲလက်လာ၏။

လျှပ်စစ်အလက်တွင် ပြုံးနေသော ဂျိုးမာတင့်မျက်နှာကို ဂီနီက တွေ့လိုက် ရသည်။

သည်တော့မှ ဂီနီက သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်နိုင်သည်။

'မမျှော်လင့်နိုင်တဲ့အချိန်မှာ ရုတ်တရက် ရောက်ရောက်လာတတ်တာဟာ ခင်ဗျားအကျင့်တစ်ခုပဲ ထင်ပါရဲ့။ လျှပ်စစ်မုန်တိုင်း ထလာအောင် ခင်ဗျားပဲ မှော်လှည့်ပြသလို လုပ်လိုက်တာပဲထင်ပါရဲ့'

ဂျိုးမာတင်က ရယ်လိုက်၏။

ရယ်သံနောက်တွင် ကပ်လျက်ပါလာသည်ကတော့ မိုးခြိမ်းသံ။

'ကျွန်တော် ဒီလောက်တော့ မစွမ်းသေးပါဘူး။ ဒါပေမဲ့ ပင်လယ်နီကို နှစ်ခြမ်းကွဲသွားအောင် ခွဲတဲ့နေရာမှာတော့ အတော်အောင်မြင်နေပါပြီ'

ဂျိုးမာတင်က ရယ်ရယ်မောမော ပြောလိုက်၏။

'ထိုင်လေဗျာ'

ဂီနီက အနားရှိ ကုလားထိုင်လွတ်တစ်လုံးကို ညွှန်ပြလိုက်၏။

'ခင်ဗျားက ကျွန်တော် ဒီရောက်နေမှန်း ဘယ်လိုသိတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဂီနီက ဂျိုးအား မေးလိုက်သည်။

'တစ်ဆင့်ပြီးတစ်ဆင့် စုံစမ်းရင်း သိရတာပေါ့ခင်ဗျာ'

'ဝါရှင်တန်က လူကြီးမင်းရဲ့ ဇနီးဆီ ဖုန်းဆက်ပြီး မေးတယ်။ လူကြီးမင်းရဲ့ဇနီးက လူကြီးမင်း လော့စ်အိန်ဂျယ်လိစ်မှာ ရှိလိမ့်မယ်လို့ပြောတယ်။ ဒါနဲ့ တစ်ဆင့်ပြီး တစ်ဆင့်စုံစမ်းလိုက်တော့ လူကြီးမင်း ဒီကလပ်မှာ အပန်းဖြေ တည်းခိုနေတယ်ဆိုတာ သိရတာပါ'

'ခင်ဗျားက ဒီကို လာလည်တာလား'

'ကျွန်တော့်မိဘတွေက ဟိုဘက်ကမ်းမှာနေတော့ တစ်နှစ်တစ်ခေါက် ကျွန်တော် အလည်ရောက်စမြဲပဲ။ လူကြီးမင်းကို ကျွန်တော် စောစောကပဲ လာတွေ့ မလို့ဟာ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက သိပ်လည်း အလျင်မလိုပါ ဘူးလို့ ပြောလို့ပါ'

'ခင်ဗျားက ရေကြောင်းဗိုလ်ချုပ်ကြီးနဲ့ သိလို့လား'

'ကျွန်တော်က သူ့အတွက် အလုပ်လုပ်ပေးရတဲ့လူပါခင်ဗျာ'

ဂျိုးက လေအေးအေးဖြင့် အဖြေပေးလိုက်၏။

'ဒါဖြင့် ခင်ဗျား နူးမားမှာ လုပ်တာပေါ့'

'ဟုတ်ပါတယ်၊ ကျွန်တော်ဟာ ပင်လယ်ရေအောက် ရှေးဟောင်းသုတေသန အဖွဲ့မှာ ဒါရိုက်တာပါ'

'သြော်...ဟုတ်လား၊ ဒါကြောင့်ထင်တယ်၊ ကျွန်တော့်မိန်းမပြောတဲ့ စကား တွေထဲမှာ ခင်ဗျားနာမည် ကြားကြားနေရတတ်တယ်'

'လူကြီးမင်းရဲ့ ဇနီးက ဒါနာ မဟုတ်လား'

'ဟုတ်တာပေါ့၊ ခင်ဗျား သူနဲ့တွဲပြီး အလုပ်လုပ်ရလား'

'တစ်ခါတည်း တွဲပြီး လုပ်ဖူးပါတယ်။ ဒါနာနဲ့ နူးမားအဖွဲ့သားတွေက ဆောင်တီသင်္ဘောအပျက်က ပစ္စည်းတွေ လိုက်ရှာနေတဲ့အချိန်မှာ ပစ်ကာရီယန် ကျွန်းပေါ်ကို ရိက္ခာတွေ လေယာဉ်နဲ့ ကျွန်တော် သွားပို့ရတဲ့အချိန်တုန်းကပါ'

ဂီနီက ဂျိုးအား လှမ်းကြည့်လိုက်ပြီး...

'ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ခင်ဗျားကို ကျွန်တော်နဲ့တွေ့ဖို့ သိပ်အလျင်မလိုပါဘူးလို့ ပြောခဲ့တယ် ဟုတ်လား'

ဂျိုးက ပြုံးလိုက်ပြီး...

'လူကြီးမင်းက ဗိုလ်ချုပ်ကြီးကို ညဥ့်နက်သန်းခေါင် အိပ်ရာကနှိုးပြီး





ကျွန်တော့်အကြောင်းမေးတော့ သူက တမင်ပြောလိုက်တဲ့စကား ဖြစ်ပါလိမ့် မယ်'

ညည်းမည်းမှောင်နေသည့် တိမ်တောင်တိမ်လိပ်များက မင်လယ်အော်ဘက် သို့ ရွေ့လျားနေကြ၏။

လျှပ်ရောင်က တဝင်းဝင်း။

'ခု ကျွန်တော် လူကြီးမင်းရှေ့မှောက်ကို ရောက်လာပါပြီ။ ကျွန်တော် ဘာများလုပ်ပေးရမယ်လဲခင်ဗျာ'

ဂျိုးမာတင်၏စကားကို ဂီနီက...

'နီဗာယာဇမ်မလာကျွန်းမှာ ကြုံခဲ့ရတဲ့အဖြစ်အပျက်ကို အစကနေပြီး ပြန် ပြောပြစမ်းပါဗျာ'

'ပြောစရာတော့ သိပ်မရှိလှပါဘူး ခင်ဗျာ'

အဲဒီတုန်းက ကျွန်တော်က လူကြီးမင်းတို့ရဲ့ လူယုံတော် ဒေါက်တာ ကိုပလင်ကို ပင်လယ်ထဲမှာ ရွက်သင်္ဘောနဲ့ ဖြတ်လာတာကို စောင့်ကြိုပြီး ပြန်ခေါ်လာရမယ့်တာဝန်ကို ယူခဲ့ရတာပါ။

'ဒါပေမဲ့ ဒေါက်တာကိုပလင်က ချိန်းထားတဲ့အချိန်မှာ နူးမားသင်္ဘောကို ရောက်မလာတော့ ကျွန်တော်က နူးမားသင်္ဘောမှာပါလာတဲ့ ရဟတ်ယာဉ်ကို မောင်းပြီး ရှုရှားပိုင်တဲ့ နီဗာယာဇမ်မလာကျွန်းပေါ်မှာ ဒေါက်တာကိုပလင်ကို ရှာကြည့်ခဲ့ပါတယ်'

'ရုရှားရေဒါက ခင်ဗျား ရဟတ်ယာဉ်နဲ့ ထောက်လှမ်းရေးလုပ်ဖို့ လာတာ ကို တွေ့မသွားဘူးလား'

'တွေ့မသွားအောင် ကျွန်တော် ကြိုးစားပြီးရှောင်ခဲ့ပါတယ်။ ရဟတ်ယာဉ် ကို ပင်လယ်ရေမျက်နှာပြင်အထက် ဆယ်ပေလောက်က တစ်နာရီ ဆယ့်ငါးမိုင် နှုန်းနဲ့ လှုပ်ရှားခဲ့တာပါ။

တကယ်လို့ ရုရှားရေဒါက ကျွန်တော့်ရဟတ်ယာဉ်ကို ဖမ်းမြင်တဲ့တိုင် အောင် ငါးဖမ်းသင်္ဘောလေး တစ်စီးလို့ ထင်သွားအောင် လုပ်တာပါ'

'ကျွန်းပေါ် ခင်ဗျားရောက်သွားတော့'

ဂီနီက စကားလမ်းကြောင်းကို ဆက်ပေးလိုက်သည်။

'ကျွန်းကမ်းခြေတစ်လျှောက်မှာ ကိုပလင် ရွက်တိုက်သွားတဲ့ [illegible] ရှာပါတယ်။ ချိုင်ကလေးတစ်ခုထဲမှာ တွေ့တော့ ကျွန်တော် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေပေါ်မှာ ရပ်ထားခဲ့ပြီး ကိုပလင်ကို လိုက်ရှာခဲ့ပါတယ်။

ဒီလိုလိုက်ရှာရင်း နှင်းမုန်တိုင်းထဲမှာ သေနတ်သံတွေ ကြားလာရပါတယ်'

'ဒါနဲ့ ကိုပလင်နဲ့ ရုရှားကင်းလှည့်သမားရှိတဲ့နေရာကို ခင်ဗျား ဘယ်လို ရောက်သွားတာလဲ'

'လှည့်ကင်းသမားနဲ့ ပါလာတဲ့ စစ်ခွေးဟောင်သံကို ကြားရပြီး အသံကြား ရာဘက်ကို လိုက်သွားလို့ပါ'

'ရုရှားကင်းလှည့်သမားကို ခင်ဗျားပစ်သတ်လိုက်တာပဲ မဟုတ်လား'

'ပစ်မသတ်လို့ ဘယ်လိုလုပ်စေချင်လို့လဲ ခင်ဗျာ'

ဂျိုးမာတင်လေသံတွင် ခနဲ့သံပါနေလေသည်။

'ရုရှားလှည့်ကင်းသမားဟာ ကျွန်တော်တို့ ဘက်တော်သားတစ်ယောက် ဖြစ်နေမယ်ဆိုရင်'

'ဘက်တော်သားအချင်းချင်း ဒဏ်ရာရထားတဲ့လူကို လည်ကုပ်ကိုကိုင်ပြီး တရွတ်တိုက်ဆွဲယူတဲ့ အစဉ်အလာ မရှိခဲ့ပါဘူး'

'စစ်ခွေးကိုလည်း ခင်ဗျားပစ်သတ်လိုက်တယ် ဟုတ်လား'

'ပစ်သတ်လိုက်ရတာပေါ့၊ ပစ်မသတ်ဘဲထားရင် ဒီခွေးက ရုရှားလှည့်ကင်း စခန်းက စစ်သားတွေ သွားခေါ်လာမှာ သေချာတယ်မဟုတ်လား'

'ခင်ဗျားက ဆိုင်လင့်ဆာတပ်ထားတဲ့သေနတ်ကို ကိုင်နေကျလား'

'ဒီအကြိမ်ဟာ ကျွန်တော့်အဖို့ ပထမအကြိမ် မဟုတ်ပါဘူး၊ မိုလ်ချုပ်ကြီး ဆန်ဒက်ကာက ကျွန်တော်လုပ်ရတဲ့ သာမန်တာဝန်တွေအပြင် ဒီလိုအလုပ်မျိုး လုပ်နိုင်းခဲ့တာ မနည်းတော့ပါဘူး'

'ကိုပလင်စီးလာတဲ့ ရွက်လှေကိုတော့ ခင်ဗျား ဖျက်ဆီးပစ်ခဲ့တယ်မဟုတ်လား'

'အစအန ရှာမတွေ့နိုင်အောင် ဖျက်ဆီးပစ်ခဲ့တယ်။ လှေဝမ်းဗိုက်မှာ အပေါက်တစ်ပေါက် ဖောက်လိုက်တယ်။ နောက် ရွက်ကိုလွှင့်လိုက်ပြီး လှေကို ကမ်းက ခွာထုတ်လိုက်တယ်။

လှေဟာ သုံးမိုင်လောက်အကွာ ရောက်သွားပြီး ရေအောက်ရောက်သွား တော့တယ်'

ဤတွင် ဂီနီဆီးဂရင်းက...

'ခင်ဗျား ပြောပုံဆိုပုံကတော့ ခင်ဗျားကိုယ်တိုင် ခင်ဗျား သိပ်စိတ်ချ





ရကြည်နေတဲ့ သဘောမျိုးပဲ။ ဒါပေမဲ့ ခင်ဗျားဟာ ခင်ဗျားနဲ့ ဘယ်လိုမှ ဆက်စပ်မသက်ဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်ရတာတော့ ရဲတင်းလွန်းအားကြီးတယ်။

'ခင်ဗျားဟာ သက်ဆိုင်ရာ အာဏာပိုင်တွေဆီက ဘာမှ အမိန့်မရဘဲ ရုရှားကင်းတပ်ဖွဲ့ကို ဆင်အိပ်ရာ ဆိတ်လာနှိုးသလို လုပ်လိုက်တာပဲ။

ခင်ဗျားလုပ်လိုက်ပုံဟာ ဘယ်လောက် အန္တရာယ်များလာနိုင်တယ်ဆိုတာ ခင်ဗျား နားလည်ရဲ့လား။ နှစ်နိုင်ငံစစ်ကြီးဖြစ်လာနိုင်တဲ့အထိ ကြီးကျယ်လာနိုင် တယ်'

ဂျိုးမာတင်က ထိုင်ရာမှထလိုက်ပြီး စားပွဲကိုမှီ၍ ရပ်လိုက်၏။ ပြီးမှ စီနီနှင့် မျက်နှာချင်းဆိုင်၍ ကြည့်လိုက်ကာ...

'လူကြီးမင်းဟာ လူကြီးတစ်ယောက် ဖြစ်ပေမယ့် နာယကဂုဏ်နဲ့ညီတဲ့ စကားကို မပြောဘူး၊ ဝေဖန်ထောက်ရှုမှု မရှိဘူး။

ကျွန်တော့်ဆောင်ရွက်ချက်မှာ ဆိုးတယ်ဆိုတဲ့ အပိုင်းကိုသာ မြင်တတ်ပြီး၊ ကောင်းတဲ့အပိုင်းကိုတော့ မမြင်တတ်ဘူး။

''လူကြီးမင်းရဲ့ လူယုံတော်ကိုပလင်ကို သင်္ဘောပေါ်မှာ ခွဲစိတ်ကုသရတုန်း က သွေးနှစ်ပိုင့်တိတိ ထုတ်ပေးခဲ့တာ ကျွန်တော်ပဲ။

'သင်္ဘောကို အော်ဆလိုဆိပ်ကမ်းမှာမကပ်ဘဲ အမေရိကန်စစ်တပ် လေယာဉ် တွေရှိတဲ့ အနီးဆုံးကွင်းအထိ ရောက်အောင်သွားဖို့ အမိန့်ပေးခဲ့တာ ကျွန်တော်ပဲ။

အဲဒီလေယာဉ်ကွင်းကနေပြီး ကိုပလင်ကို အမေရိကန် ပြန်ရောက်ပြီး ဝေါ်တာရိစစ်ဆေးရုံထိ တင်ပေးခဲ့သူဟာလည်း ကျွန်တော်ပဲ။

ရုရှားတွေက အမေရိကန် ထောက်လှမ်းရေးသမားတစ်ယောက် ကျွန်းပေါ် ရောက်လာကြောင်း မသိရအောင် သဲလွန်စမှန်သမျှကို ဖျောက်ဖျက်ပစ်ခဲ့တာ ကျွန်တော်ပဲ။

ရုရှားလှည့်ကင်းသမားနဲ့ စစ်ခွေးဟာ ကျွန်တော်တို့ ကျွန်းပေါ်ကထွက်လာ တဲ့အချိန်မှာ နှင်းခဲတွေအောက်မှာ တစ်တောင်လောက် ရောက်နေအောင် လုပ်ခဲ့ တာလည်း ကျွန်တော်ပဲ။

ဒါပေမဲ့ ကျွန်တော့်မှာ အပြစ်မရှိပါဘူးလို့ မဆိုပါဘူး၊ လူကြီးမင်းတို့ ထိပ်တန်းပုဂ္ဂိုလ်ကြီးတစ်ယောက်က ဒီလောက်ပြဿနာကလေးအပေါ်မှာ ရှုပ် သုံးသပ်ပုံဟာ စစ်ခွေးကြီးတစ်ကောင်လောက်တောင် မလိမ္မာ မပါးနပ်ဘူးလို့ ကျွန်တော်ပြောခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



*ကျိုးမာတင်က ဂိန်ဆီးဂရင်းအနီးမှ ခြေလှမ်းမှန်မှန်လှမ်း၍ ထွက်ခွာသွားပြီး*
နောက် မှောင်ထဲတွင် ပျောက်ကွယ်သွားခဲ့လေသည်။

[ ၁၆ ]

ဖြူစပြုနေပြီဖြစ်သော ဆံပင်ထဲသို့ နူးညံ့သည့်လက်ကို ထိုးသွင်းလိုက်ပြီး နောက် ပါမောက္ခပီတာဘာရှော့ဗ်က ဆေးအိုးမှ ဆေးတံရိုးကို ဗိုလ်ကြီးအင်ဒရီဘက်သို့ ထိုးလိုက်ရင်း…

'နိဗ်ာယာဇမ်မလာကျွန်းကို ထောက်လှမ်းဖို့ လွှတ်လိုက်တဲ့ ကျွန်တော်တို့ရဲ့ဘော်ဟာ ဘယ်နည်းနဲ့မှ သွေးရူးသွေးတန်း ဖြစ်မလာဘူး။ ကယောင်ချောက်ချား ဖြစ်မလာဘူးဆိုတာ သိပ်ကိုသေချာတယ် ဗိုလ်ကြီးအင်ဒရီ'

'ဒါပေမဲ့ သတ္တုတွင်းတစ်တွင်းရဲ့ ဥမင်လိုဏ်ခေါင်းတစ်ခု ဘယ်အခါကမှ မရှိတဲ့။ ဘယ်တုန်းကမှ မှတ်တမ်းတင်ထားတာမရှိတဲ့ သတ္တုတွင်းတစ်ခုက ဥမင်လိုဏ်ခေါင်းတစ်ခု ရုရှားမြေကြီးပေါ်မှာ ရှိနေတယ်လို့ သတင်းပို့တာက တော့…'

ဗိုလ်ကြီးအင်ဒရီက တိုးတိုးညင်းညင်း စောဒကတက်လိုက်၏။

'ဒါပေမဲ့ အရှိကတော့ အရှိအတိုင်း ရှိနေတာပါပဲခင်ဗျာ'

ပါမောက္ခ ပီတာဘာရှော့ဗ်ကလည်း အလျှော့မပေး။

'ဒီလိုရှိနေတဲ့အကြောင်း ပထမဆုံးဖော်ထုတ်ပြီးပြလိုက်တာက ထောက်လှမ်းရေးဂြိုဟ်တုက ပေးပို့တဲ့ ဓာတ်ပုံတွေပဲခင်ဗျာ'

'ကျွန်တော်လွှတ်လိုက်တဲ့ ဘူမိဗေဒ ထောက်လှမ်းရေး အရာရှိရဲ့ သတင်းပို့ချက်အရ သူဟာ ဒီသတ္တုတွင်းရဲ့ ဥမင်လိုဏ်ခေါင်းထဲကို ဝင်ရောက်နိုင်ခဲ့တယ်။

'သူ့သတင်းပို့ချက်အရ ဥမင်လိုဏ်ခေါင်းဟာ နှစ်ပေါင်း ၇၀၊ ၈၀ လောက် အထိတောင် ကြာနေခဲ့တယ်လို့ သိရတယ်'

'သတ္တုတွင်းဟောင်းတစ်ခုတွေ့တာနဲ့ ဘယ်လိုများ ထူးခြားလာနိုင်မလဲ ပါမောက္ခကြီး'

'ထူးခြားတာက ဘာကြောင့်တူးခဲ့သလဲ၊ ဘယ်သူတူးခဲ့သလဲဆိုတဲ့အချက်ပဲ ဗိုလ်ကြီး'





ရုရှားထောက်လှမ်းရေးဗိုလ်ကြီး အင်ဒရီက ဆက်၍ စောဒကတက်နေပြန်သည်။

'ပါမောက္ခကြီးပြောတော့ ဒီနိဗ်ာယာဇမ်မလာကျွန်းပေါ်က သတ္တုတွင်းအကြောင်းကို လီယွန်ကိုရော့ဒ် ဘူမိဗေဒတက္ကသိုလ်ကြီးက မှတ်တမ်းတင်ထားခဲ့တာ မရှိဘူးဆို'

'ဟုတ်တယ် မရှိဘူး၊ တစ်လုံးမှ မှတ်တမ်းတင်ထားခဲ့တာ မရှိဘူး။ ဒါပေမဲ့ အုတ်ဟာရာနား ဖိုင်ဟောင်းတွေထဲမှာတော့ ဒီသတ္တုတွင်းအကြောင်း တစ်ပိုင်းတစ်စ မှတ်တမ်းတင်ထားတာ တွေ့ကောင်း တွေ့နိုင်လိမ့်မယ် ခင်ဗျာ'

'အုတ်ဟာရာနားတဲ့လား၊ အင်း…ဟုတ်သားပဲ၊ ဇာဘုရင်လက်ထက်က ထောက်လှမ်းရေးပုလိပ်တွေကို ခေါ်တဲ့နာမည်ပဲ'

ဗိုလ်ကြီးအင်ဒရီက ခဏစဉ်းစားနေပြီး…

'အဲဒီအုတ်ဟာရာနား ဖိုင်ဟောင်းတွေထဲမှာလည်း တွေ့ဖို့မလွယ်လှပါဘူး၊ ဒီအချိန်တုန်းက ဇာဘုရင် ထောက်လှမ်းရေးပုလိပ်တွေ လုပ်ရတဲ့အလုပ်က ဇာဘုရင်ကို ထောက်လှမ်းမယ့်လူတွေကို ထောက်လှမ်းပြီး လိုက်ဖမ်းရတာက အဓိက အလုပ်ပဲဟာ။

'ဒီထောက်လှမ်းရေး ပုလိပ်တွေက တိုးတိုးတိတ်တိတ်ကျိတ်ပြီး တူးသွားတဲ့ သတ္တုတွင်းအကြောင်း စုံစမ်းရမှန်းတောင် သိကြမှာမဟုတ်ပါဘူး'

'တိုးတိုးတိတ်တိတ် ကျိတ်တူးတယ်'

ပါမောက္ခပီတာ ဘာရှော့ဗ်က အံ့ဩသည့်လေသံဖြင့် စ,လိုက်ပြီး…

'ဒီလို တိုးတိုးတိတ်တိတ် ကျိတ်တူးတယ်လို့တော့ ဗိုလ်ကြီး သေသေချာချာ ပြောနိုင်မှာ မဟုတ်ပါဘူးခင်ဗျာ'

ဗိုလ်ကြီးအင်ဒရီက ပြတင်းပေါက်ဘက်သို့ မျက်နှာလွှဲလိုက်ရင်း…

'စိတ်မရှိပါနဲ့ ပါမောက္ခကြီး၊ ကျွန်တော်က အလုပ်လုပ်တဲ့နေရာမှာ လက်တွေ့ကျကျ တုံးဆိုတိုက်၊ ကျားဆိုကိုက် လုပ်တတ်တဲ့အကျင့် ပါနေလေတော့ ရမ်းမှန်း၊ သမ်းမှန်း အလုပ်မျိုးကို…'

ပါမောက္ခကြီး ပီတာဘာရှော့ဗ်က ဆေးချေးစွန်းနေသည့် သွားနှစ်ချောင်းကြားတွင်ကိုက်ထားသော ဆေးတံကို ဖြုတ်လိုက်ကာ ဆေးအိုးထဲမှ ပြာများကို ခါချလိုက်သည်။

ပြီးမှ စကားဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'အနောက်ဘက်နိုင်ငံတွေမှာ လူမသိသူမသိတဲ့ သတ္တုတွင်းတွေ တူးဖော်တဲ့အကြောင်း ရေးထားတဲ့စာတွေ မကြာခဏ ဖတ်ဖူးပါတယ်။

'ကျွန်တော်တို့ဆီမှာတော့ ဒီသတ္တုတွင်းဟာ ပထမဆုံးတွေ့ရတဲ့ တစ္ဆေသတ္တုတွင်းပဲ။ ဒီသတ္တုတွင်း ရှိနေတယ်ဆိုတဲ့အကြောင်း ဖော်ထုတ်လိုက်သူတွေကတော့ အမေရိကန်တွေပဲ ဖြစ်နိုင်စရာရှိတယ်ဗျို့'

ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေး၍ကြည့်နေသော ဗိုလ်ကြီးအင်ဒရီက ပါမောက္ခပီတာဘာရှော့ဗ်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ပါမောက္ခကြီးက ဘာဖြစ်လို့ ဒီလိုအဆိုပြုနိုင်ရတာလဲ။ ဒီသတ္တုတွင်းမှာ အမေရိကန်တွေက ဘာလာလုပ်နိုင်မှာလဲ'

ဗိုလ်ကြီးအင်ဒရီ့အမေးကို ပါမောက္ခက...

'ဘာမှမလုပ်နိုင်တာလည်း ဖြစ်နိုင်တယ်၊ အားလုံးလုပ်သွားတာလည်း ဖြစ်နိုင်တယ်ခင်ဗျ၊ သတ္တုတွင်းထဲမှာတွေ့ရတဲ့ တန်ဆာပလာတွေအားလုံးဟာ အမေရိကန်ပစ္စည်းတွေချည်း ဖြစ်နေတာ တွေ့ရတယ်တဲ့ခင်ဗျ'

'ဒါကတော့ အမေရိကန်က ပစ္စည်းတွေဝယ်ပြီး တခြားတစ်နိုင်ငံက ဝင်တူးသွားတာကော မဖြစ်နိုင်ဘူးလားဗျာ'

ပါမောက္ခကြီး ပီတာဘာရှော့ဗ်က ပြုံးလိုက်သည်။

'သိပ်ကောင်းတဲ့ ယူဆချက်တစ်ချက်ပါပဲ။ ဒါပေမဲ့ ဥမင်လိုဏ်ခေါင်းထဲမှာ တွေ့ရတဲ့ အလောင်းတစ်လောင်းကတော့ သတ္တုတွင်းကို တူးသွားတဲ့လူစုဟာ အမေရိကန်တွေဆိုတာ သက်သေထူနေလေရဲ့။

အလောင်းနဲ့ပတ်သက်တဲ့ ကမ္ပည်းစာကလည်း အမေရိကန်စာနဲ့ ရေးထိုးသွားခဲ့တာပါ'

'ဒီလိုဆိုတော့လည်း စိတ်ဝင်စားဖို့ ကောင်းသားပါလား'

ဗိုလ်ကြီးအင်ဒရီက ခနဲ့တဲ့တဲ့ မှတ်ချက်ပေးလိုက်သည်။

'ခု ကျွန်တော်တင်ပြတဲ့ အချက်တွေက ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရတာမဟုတ်ဘဲ ကျွန်တော့်လူကတစ်ဆင့် ကြားရ သိရတဲ့အချက်တွေပဲ ဖြစ်ပါတယ်၊ နက်ဖြန်ဆိုရင် ဒါထက်တိကျခိုင်လုံတဲ့ အချက်အလက်တွေကို ပေးနိုင်ပါလိမ့်မယ် ဗိုလ်ကြီး။

ကျွန်တော့်လူတွေကိုလည်း ဗိုလ်ကြီး သဘောရှိ မေးမြန်းနိုင်အောင် ခေါ်ပေးပါ့မယ်'





ပါမောက္ခ ပီတာဘာရှော့ဗ်က ထိုင်ရာမှထရန် ဟန်ပြင်လိုက်၏။

'ပါမောက္ခကြီးတို့ ဘူမိဗေဒဌာနက ကျွန်တော်တို့ရေတပ်မတော်နဲ့ ပူးပေါင်းပြီး ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါထက် ပါမောက္ခကြီးရဲ့လူတွေက သတ္တုတွင်းထဲမှာ ဘာသတ္တုမှ မတွေ့ခဲ့ကြဘူးတဲ့လား'

'အဖိုးတန်သတ္တုဆိုလို့ ဘာမှ မတွေ့ခဲ့ကြရပါဘူးခင်ဗျာ'

'ဘာဆို ဘာသတ္တု အစအနမှ မတွေ့ကြဘူးလား'

ဗိုလ်ကြီးအင်ဒရီက ထပ်မေးလိုက်သည်။

'နီကယ်နဲ့ ဇင့်လို သတ္တုအစအနကလေးတွေ၊ ပြီးတော့ ရေဒီယိုဓာတ်ကြွတဲ့ လက္ခဏာ နည်းနည်းပါးပါးပါတဲ့ ယူရေနီယံ၊ သော်ရီယမ်နဲ့ ဘိုင်ဇမ်နီယံသတ္တု အစအနကလေးတွေပဲ တွေ့ရပါတယ်'

'သော်ရီယမ်နဲ့ ဘိုင်ဇမ်နီယံဆိုတဲ့ သတ္တုအကြောင်းတော့ ကျွန်တော် ကြားတောင် မကြားဖူးဘူး'

ဗိုလ်ကြီး အင်ဒရီက ဝန်ခံလိုက်သည်။

ပါမောက္ခပီတာဘာရှော့ဗ်က...

သောရီယမ်ဆိုတဲ့ သတ္တုကို ဥဿုထရွန်နဲ့ အပူဓာတ်ပေးလိုက်ရင် ဈူးကလီးယား လောင်စာအဖြစ် ပြောင်းလဲလာနိုင်တဲ့ သတ္တုရှိတယ်။

'မဂ္ဂနီဆီယမ် သတ္တုအမျိုးမျိုး ထုတ်လုပ်တဲ့နေရာတွေမှာလည်း သော်ရီယမ်ကို အသုံးပြုကြတာ တွေ့ရတယ်'

ဤတွင် ဗိုလ်ကြီးအင်ဒရီက...

'ဘိုင်ဇမ်နီယံကိုကော'

'ဒီသတ္တုနဲ့ပတ်သက်ပြီး သိရတဲ့ အချက်အလက်က သိပ်နည်းပါတယ် ဗိုလ်ကြီး၊ ဘာဖြစ်လို့လဲဆိုတော့ စမ်းသပ်ကြည့်လို့ရအောင် ဘိုင်ဇမ်နီယံသတ္တုကို နမူနာတောင် လုံလုံလောက်လောက် ရှာလို့ရမနိုင်တဲ့အထိ ဖြစ်နေသေးလို့ပါ'

ပါမောက္ခ ပီတာဘာရှော့ဗ်က ဆေးအိုးထဲမှပြာကို ဆေးလိပ်ပြာခွက်ထဲတွင် ခါချလိုက်ပြီး...

'ဒီနှစ်တွေအတောအတွင်း ဘိုင်ဇမ်နီယံနဲ့ပတ်သက်ပြီး စိတ်ဝင်စားစေတဲ့ နိုင်ငံကတော့ ပြင်သစ်တစ်နိုင်ငံပဲ ရှိပါသေးတယ်'

ထောက်လှမ်းရေးဗိုလ်ကြီးအင်ဒရီက ပါမောက္ခကြီးအား မော့ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ပြင်သစ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ပြင်သစ်တွေဟာ ဘူမိဗေဒအဖွဲ့တွေကို သန်းနဲ့ချီ အကုန်ခံပြီး ဒီ ဘိုင်ဇမ်နီယံသတ္တုအရှာ လွှတ်နေတာ အတော်ကြာပါပြီ။

ကျွန်တော် သိရသလောက်တော့ ဘယ်အဖွဲ့မှ ဘိုင်ဇမ်နီယံသတ္တုကို ရှာမတွေ့နိုင်ကြသေးပါဘူးခင်ဗျာ'

ဤတွင် ဗိုလ်ကြီး အင်ဒရီက...

'ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ သိပ္ပံပညာရှင်တွေ မသိသေးတဲ့ အချက်ကို သူတို့သိပ္ပံပညာရှင်တွေက သိနေပြီလို့ ဆိုရမှာပေါ့'

ပါမောက္ခ ပီတာဘာရှော့ဗ်က ပခုံးနှစ်ဖက်တွန့်လိုက်ပြီး...

'သိပ္ပံနဲ့သက်ဆိုင်တဲ့ ပြိုင်ဆိုင်အားထုတ်မှုအားလုံးမှာ ကျွန်တော်တို့က ချည်း အသာရနေတာ မဟုတ်ပါဘူး ဗိုလ်ကြီး၊ ကျွန်တော်တို့ကသာ နေရာတကာမှာ အသာရပြီး ဦးဆောင်နေနိုင်မယ်ဆိုရင် လပေါ်မှာ ကိုယ်ပိုင်ကားတွေ မောင်းနေမယ့်လူတွေဟာ အမေရိကန်တွေမဟုတ်ဘဲ ကျွန်တော်တို့ ရုရှားတွေပဲ ဖြစ်နေမှာပဲ ဗိုလ်ကြီး'

'ကျေးဇူးတင်ပါတယ် ပါမောက္ခကြီး၊ နိဗ္ဗာယာဇမ်မလာကျွန်းပေါ်က သတ္တုတွင်းအကြောင်းနဲ့ပတ်သက်တဲ့ ပါမောက္ခကြီးရဲ့ အသေးစိတ် အပြီးသတ် အစီရင်ခံစာကို နက်ဖြန် ကျွန်တော် စောင့်မျှော်နေပါမယ်'

[ ၁၇ ]

ရေတပ်ဌာန အဆောက်အအုံနှင့် လေးလမ်းလောက်အကွာ။

ပန်းခြံတစ်ခြံ။

အချိန်က နေ့လယ်စာစားချိန်။

ဗိုလ်မာဂနင်သည် ပန်းခြံအတွင်းရှိ နောက်မှီပါသည့်ခုံတန်းလျား တစ်ခုပေါ်တွင်ထိုင်လျက် ကဗျာစာအုပ်တစ်အုပ်ကို ဖတ်ရင်း အပန်းဖြေနေလေသည်။

နေ့လယ်စားစားချိန်ဖြစ်သည့်အလျောက် ပန်းခြံအတွင်း မြက်ခင်းပြင်များပေါ်တွင် နေ့လယ်စာစားသူများ ပြည့်နေ၏။

ပန်းခြံထဲတွင် သစ်ပင်များကို တန်းစီလျက် ညီညီညာညာစိုက်ထားသောကြောင့် အရိပ်ကောင်းနေလေသည်။





ကဗျာစာအုပ်ကို ဖတ်နေသော ဗိုလ်မာဂနင်က အနားမှဖြတ်လျှောက်သွားသည့် မိန်းမချောကလေးများကိုလည်း တစ်ချက်တစ်ချက်တွင် မျက်စိကစားနေမိသည်။

နေ့လယ် ၁၂ နာရီခွဲ။

နေ့တွက်စီအောင် ရှာကြံစားသောက်ရဟန်တူသော လူခပ်ဝဝတစ်ယောက် ဗိုလ်မာဂနင် ထိုင်နေသည့် နောက်မှီခုံတန်းလျားတစ်ဖက်အစွန်သို့ ဝင်ထိုင်လာသည်။

သူဝတ်ထားသည့်ဝတ်စုံက ပျံကျစီးပွားရေးသမားတစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေ၏။

လူခပ်ဝဝက ယူလာသည့် နေ့လယ်စာဘူးကို ဖွင့်လိုက်သည်။ ပေါင်မုန့်ညှပ်တစ်လုံးနှင့် အာလူးဟင်းချိုတစ်ခွက်။

လူခပ်ဝဝက ဗိုလ်မာဂနင်ဘက်သို့ လှည့်လိုက်ရင်း ဖော်ဖော်ရွေရွေဖြင့်...

'စားပါဦးလား ရေတပ်သားကြီးရဲ့'ဟု ဖိတ်ခေါ်လိုက်သည်။

'ကျုပ် နေ့လယ်စာက နှစ်ယောက်စားလို့ရပါတယ်။ ကျုပ်အမျိုးသမီးက ကျုပ်ကို အမြဲ ဝပြီနေအောင် ကျွေးတတ်တယ်ဗျ။ ကျုပ် ဝဖိုင့်ဖိုင့်ကြီးဖြစ်နေမှ ကောင်မလေးတွေ မကြိုက်ဘဲနေမယ်တဲ့လေ...ဟား...ဟား'

သာမန်အရပ်သားတစ်ယောက်လို ဝတ်စားထားသည့် ဗိုလ်မာဂနင်က ခေါင်းကိုခါယမ်းပြလိုက်ပြီး ဖတ်လက်စကဗျာစာအုပ်ကို ပြန်ဖတ်လိုက်သည်။

လူခပ်ဝဝက ပခုံးတစ်ဖက်ကို တွန့်လိုက်ကာ ပေါင်မုန့်ညှပ်ကို တစ်ကိုက်ကိုက်ဟန်ပြုလျက် ဝါးနေသည်။

အမှန်တော့ လူခပ်ဝဝက ပေါင်မုန့်ညှပ်ကို စားနေခြင်းမဟုတ်။ ပါးစပ်ကိုသာ လှုပ်နေခြင်း။

'ဘာများ သတင်းပို့စရာရှိလဲ'

လူခပ်ဝဝအမေးကို ကဗျာစာအုပ် ဖတ်ချင်ယောင်ဆောင်နေသည့် ဗိုလ်မာဂနင်က...

'ဗိုလ်ကြီးအင်ဒရီတော့ ဆံပင်နက်နက်နဲ့ ကောင်မတစ်ကောင်နဲ့ [illegible] ဖြစ်နေပြီ။ ကောင်မက ဆံပင်တိုတို၊ ဈေးကြီးကြီးပေးရတဲ့ဖိနပ်မျိုးမှ [illegible] တယ်။ နံပါတ်က ခြောက်၊ ခုံနိမ့်နိမ့်၊ ကြိုက်တော့လည်း ဈေးကြီး [illegible] အရက်မျိုးမှ၊ စီးတော့လည်း အမေရိကန် သံရုံးကကား။



www.burmeseclassic.com

www.burmeseclassic.com



ကားနံပါတ်က ယူအက်စ်အေဝမ်းဖိုးဆစ်'

အာလူးဟင်းချိုကို သောက်ဟန်ပြုနေသည့် လူခပ်ဝဝက ..

'မင်းဟာ သေချာရဲ့လား'

ဤတွင် ဗိုလ်မာဂနင်က...

'ကျွန်တော်က စိတ်ကူးယဉ်ဝတ္ထုရေးတဲ့လူမှ မဟုတ်တာ၊ ကျွန်တော် သတင်းပို့တဲ့အတိုင်း ဟုတ်,မဟုတ် စုံစမ်းကြည့်ပေါ့၊ ခပ်မြန်မြန်စုံစမ်းကြည့်ပေါ့

ဒီအချက်ဟာ ကျွန်တော်တို့လိုနေတဲ့ သပ်လျှိုလို့ ရမယ့်အချက်ပဲ'

လူခပ်ဝဝက...

'နေမဝင်ခင် ဒီကောင်မ ဘယ်သူဆိုတာ သိရစေမယ်၊ နောက် ဘာသတင်း ပို့စရာရှိသေးလဲ'

'မဟာစစ်ဆင်ရေးနဲ့ပတ်သက်ပြီး ကျွန်တော်သိချင်နေတဲ့ အချက်အလက်တွေ ရှိနေတယ်'

ဗိုလ်မာဂနင့်စကားကြောင့် ခပ်ဝဝလူက အံ့သြသွားပြီး...

'မဟာစစ်ဆင်ရေး ဟုတ်လား၊ တစ်ခါမှ မကြားမိပါဘူး'

'မဟာစစ်ဆင်ရေးဆိုတာ အမေရိကန်တွေနဲ့ အမျိုးသားပင်လယ်ရေအောက် သုတေသနအဖွဲ့နဲ့ ဆက်စပ်နေတဲ့ ကာကွယ်ရေးစီမံကိန်းတစ်ရပ်ပဲ'

'ဒါကလည်း ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဘာပဲဖြစ်ဖြစ် ကျုပ် စုံစမ်းလိုက်ဦးမယ်'

ခပ်ဝဝလူအား ဗိုလ်မာဂနင်က...

'ဒီကနေ့ကစပြီး ခြောက်ရက်မြောက်နေ့ ညနေခြောက်နာရီ မိနစ်လေးဆယ်၊ ဘိုရီဒင်နီပျော်ပွဲစားရုံ...ယောကျ်ားတွေ အပေါ့သွားတဲ့အခန်း'

ခပ်ဝဝလူက ဗိုလ်မာဂနင် ချိန်းဆိုချက်ကို လက်ခံသဘောတူလိုက်သည့် အဓိပ္ပာယ်ဖြင့် အာလူးပြုတ်ရည်ကို အသံမြည်အောင် သောက်ပြလိုက်သည်။

ဗိုလ်မာဂနင်က ညောင်းညာသည့်ဟန်ဖြင့် ထိုင်ရာမှထလိုက်သည်။

လက်ထဲတွင်မူ ကဗျာစာအုပ်ကို ကိုင်လျက်...

သူသည် ခပ်ဝဝလူကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍ပင် မမှတ်ဘဲ ဆိုဗီယက် ရေတပ်အဆောက်အအုံရှိရာဘက်သို့ လျှောက်၍လာခဲ့လေသည်။





[ ၁၈ ]

သမ္မတကြီး၏ အတွင်းရေး အတွင်းဝန်က စားပွဲတွင် ထိုင်နေရာမှ ထရပ်လိုက်ပြီး ယဉ်ကျေးဖွယ်ရာ အပြုံးဖြင့် ဒါနာအား ဆီးကြိုလိုက်သည်။

'မစ္စတာ ဆီးဂရင်းခင်ဗျား၊ ဒီဘက်ကကြွပါ'

အတွင်းရေး အတွင်းဝန်က မစ္စတာဆီးဂရင်း၏ဇနီး မစ္စက်ဆီးဂရင်းအား အိမ်ဖြူတော် အပေါ်သို့ တက်ရောက်နိုင်သည့် ဓာတ်လှေကားရှိရာသို့ လမ်းပြ၍ ခေါ်ဆောင်သွားသည်။

မစ္စက်ဆပ်ဖ်ဂရင်း၏ ငယ်နာမည်က ဒါနာ။

ဓာတ်လှေကားထဲသို့ ရောက်သည့်အခါမှ ဒါနာက သမ္မတကြီး၏ အတွင်းရေး အတွင်းဝန်ကို အကဲခတ်လိုက်၏။

အရပ်ရှည်ရှည်၊ အသက်ငယ်ငယ်။ ဥပဓိရုပ် ခန့်ခန့်။

သမ္မတကြီးက မိမိခင်ပွန်းဖြစ်သူအား မိမိနှင့်အတူ ခေါ်ယူတွေ့ဆုံခြင်း မပြုဘဲ မိမိတစ်ယောက်တည်းကိုသာ တွေ့ဆုံရန် ဖိတ်ခေါ်လိုက်သည့်အတွက် ဒါနာ့စိတ်ထဲတွင် မတင်မကျ။

သို့သော် သမ္မတကြီး၏ အတွင်းရေး အတွင်းဝန်ကို တစ်ခွန်းမှ မမေးမိ။

အတွင်းရေး အတွင်းဝန်ကလည်း ဒါနာ့ကိုမကြည့်ဘဲ ဓာတ်လှေကား ကြမ်းပြင်းကိုသာ ငေးစိုက်ကြည့်နေသည်။

ဓာတ်လှေကားသည် အိမ်ဖြူတော် တတိယထပ် ညှိခန်းအဝနားတွင် တုံ့ခနဲရပ်သွားသည်။

အတွင်းရေးအတွင်းဝန်က ဒါနာအား ညှိခန်းထဲသို့ ရှေ့ဆောင် ခေါ်ယူသွားပြီးနောက် မီးလင်းဖိုရှေ့တွင် ရပ်လိုက်၏။

မီးလင်းဖိုအထက်တွင် မှန်ဗီရိုဖြင့်ထည့်ထားသော ရွက်သင်္ဘောပုံစံငယ် တစ်ခု။

'ဒီသင်္ဘောပုံစံကလေးကို ကျွန်တော်တို့ ပစ္စည်းဟောင်းအမြင်းတွေထားတဲ့ ချောင်တစ်ချောင်မှာ အမှတ်မထင် တွေ့ခဲ့ပါတယ်။

'ဒီသင်္ဘောပုံစံဟာ ဘယ်ခေတ် ဘယ်ဘုရင် လက်ထက်မှာ အသုံးပြုခဲ့တဲ့ သင်္ဘောရဲ့ ပုံစံငယ်ဖြစ်တယ်ဆိုတာ သမ္မတကြီးက မစ္စက်ဆီးဂရင်းကို လေ့လာ ကြည့်စေချင်ပါသတဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဒါနာက မီးလင်းဖိုနားသို့ မသိမသာ တိုးကပ်သွားမိသည်။ ဤသို့ တိုးကပ်သွားရင်းလည်း သမ္မတကြီး၏ အတွင်းရေးအတွင်းဝန်က နန်းနက်ကဆက်ခဲ့သည့် တယ်လီဖုန်းထဲမှ စကားကို ကြားယောင်နေမိ၏။

'သမ္မတကြီးက မစ္စက်ဆီးဂရင်းကို ဒီနေ့ နေ့လယ်နှစ်နာရီမှာ အိမ်တော်ကို ကြွရောက်ပါလို့ ဖိတ်မန္တကပြုပါတယ်'

တယ်လီဖုန်းထဲမှ ဖိတ်မန္တကစကားကို ကြားရစဉ်က ဒါနာသည် သွေးနားထင်ရောက်အောင် မိမိကိုယ်ကိုမိမိ အထင်ကြီးသွားခဲ့သည်။

'ငါဟာ နိုင်ငံတော်သမ္မတကြီးကတောင် တကူးတက ဖိတ်ကြားခံရတဲ့ သူပါကလား'

စောစောက အထင်ကြီးတခွဲသားနှင့် ရှိမိခဲ့လေသမျှ ခုမှ စိတ်ပျက်စရာဖြစ်လာတော့သည်။

'ဘယ်ခေတ်က သဘော်ပုံစံဆိုတာ သိချင်လို့တဲ့'

ဒါနာက သက်ပြင်းကလေးကို ညင်းညင်းကလေး ချလိုက်ပြီး

'သဘော်ပုံစံ ကြည့်ရတာကတော့ ဆယ့်ရှစ်ရာစု စောစောပိုင်းက ကုန်သည်တွေ အသုံးပြုခဲ့တဲ့ ရေယာဉ်ပုံစံမျိုး။ ဒါပေမဲ့ ပိုပြီးသေချာအောင် ဒီသဘော်ပုံစံကို ပုံကြမ်းရေးယူပြီး ရေတပ်မတော် မော်ကွန်းတိုက်မှာရှိတဲ့ မှတ်တမ်းတွေနဲ့ တိုက်ဆိုင်ကြည့်ရဦးမယ်'

ဒါနာ၏ ထင်မြင်ချက်အဆုံးတွင် အတွင်းရေး အတွင်းဝန်က...

'ဒီသဘော်ပုံစံဟာ ဘယ်ခေတ်ကသုံးခဲ့တဲ့ရေယာဉ်မျိုးဆိုတာ မစ္စက်ဆီးဂရင်းကလွဲပြီး ဘယ်သူမှ ခန့်မှန်းနိုင်မယ်မဟုတ်ဘူးလို့ ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက အမိန့်ရှိပါတယ်'

'ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာ...'

ဒါနာက အံ့သြသည့်လေသံဖြင့် ထပ်မေးနေသည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာရဲ့ အကြံပြုချက်အရ နိုင်ငံတော်သမ္မတကြီးက မစ္စက်ဆီးဂရင်းကို ဒီသဘော်ပုံစံကို သုတေသနလုပ်ဖို့ ဖိတ်မန္တကလုပ်ခဲ့တာပါခင်ဗျာ'

အတွင်းရေးအတွင်းဝန်က နောက်သို့ ခြေတစ်လှမ်း ခပ်ယို့ယို့ဆုတ်လိုက်ပြီး...

'ဟောဒီက စားပွဲပေါ်မှာ ပုံဆွဲစက္ကူနဲ့ ခဲတံ အဆင်သင့်ရှိပါတယ်။ မစ္စက်ဆီးဂရင်း အချိန်ယူပြီး ကြိုက်သလို ပုံကြမ်းရေးယူနိုင်ပါတယ်။ ကျွန်တော့်မှာ တာဝန်က ရှိနေသေးလို့...'

'ဒါဖြင့် သမ္မတကြီးနဲ့ မတွေ့ရတော့ဘူးပေါ့'

'သမ္မတကြီးက ဒီနေ့ညနေမှာ ဂေါက်သီးကစားဖို့ ချိန်းထားပြီးသား ဖြစ်နေသိုပါ။

မစ္စက်ဆီးဂရင်း ပုံကြမ်းကူးလို့ပြီးရင် တက်လာတဲ့ ဓာတ်လှေကားနဲ့ အောက်ထပ်ကို ပြန်ဆင်းလို့ရပါတယ်'

ဒါနာက ပြန်ပြောရန် ဟန်ပြင်လိုက်စဉ် အတွင်းရေးအတွင်းဝန်က ညေ့ခန်းထဲမှ လှည့်ထွက်သွားခဲ့ပြီး ဖြစ်နေလေသည်။

စိတ်ပျက်လက်ပျက်ဖြစ်သွားသော ဒါနာက အနီးရှိ ဆိုဖာပေါ်သို့ ကိုယ်ကိုပစ်၍ ထိုင်ချလိုက်သည်။

အတွင်းရေးအတွင်းဝန်က သမ္မတကြီး ဖိတ်မန္တကပြုကြောင်း ဖုန်းဖြင့် အကြောင်းကြားထားသဖြင့် အလုပ်မှ အိမ်သို့ ကသောကမျော ပြန်လာခဲ့ရပုံ၊ ရေမိုးချိုး၍ ဝတ်ကောင်းစားလှ ဝတ်စားခဲ့ရပုံကို ပြန်မြင်ယောင်ရင်း ဒါနာက ရင်မောနေမိသည်။

သမ္မတကြီးနှင့် တွေ့ရတော့မည်ဟု ရွှင်လန်းအားတက်နေခဲ့ရာမှ သမ္မတကြီးအစား ဆယ့်ရှစ်ရာစုခေတ် စောစောပိုင်းက သဘော်ပုံစံယေနှင့်သာ တွေ့ခဲ့ရလေသောအခါ...

စိတ်ပျက်လက်ပျက်ဖြင့် ငိုင်နေသော ဒါနာက ခြေသံကြားသဖြင့် ခေါင်းမော့ကြည့်လိုက်၏။

သူ့ရှေ့တွင် တည်ငြိမ်သည့်ဣန္ဒြေဖြင့် ရပ်နေသူက သမ္မတကြီး။

သမ္မတကြီးက ဂေါက်ရိုက်ရာတွင် ဝတ်နေကျအဝတ်အစားဖြင့်။

ပိုလိုရှပ်နှင့် ဆလက်ဘောင်းဘီရှည်။

ဒါနာက ထိုင်နေရာမှ အလိုလို ထမိလျက်သားဖြစ်သွားသည်။

'သမ္မတကြီး ဂေါက်ရိုက်သွားတယ်ဆို'

မိန်းမတစ်ယောက်ပီပီ ဒါနာက ကြို၍ စကားဆိုမိလျက်သား။

'ဟုတ်တယ်၊ ဂေါက်ရိုက်သွားမလို့ပဲ။ ဒါပေမဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့ စကားတစ်ခွန်းကို ဒါနာ့ကို ပြောစရာရှိနေလို့'

သမ္မတကြီးစကားကြောင့် ဒါနာ့မျက်နှာက ရွှင်လန်းလာသည်။





www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေအောက် ရှေးဟောင်းသုတေသနဌာနမှ မိမိကဲ့သို့ သုတေသန အရာရှိကလေးတစ်ယောက်ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် နိုင်ငံတော်အတွက် အရေးကြီးသည့်စကားကို ပြောတော့မည်ပါတကား။

'အမိန့်ရှိပါ သမ္မတကြီး'

သမ္မတကြီးက ဒါနာ့မျက်နှာကို တစ်ချက် စူးစိုက်ကြည့်လိုက်ပြီးမှ စကားဆိုသည်။

'ဒါနာရဲ့ခင်ပွန်း မစ္စတာဆီးဂရင်းကို ကျုပ်က နိုင်ငံတော်အတွက် သိပ်ကို အရေးကြီးတဲ့ စီမံကိန်းတစ်ရပ်ကို ဦးစီးပြီးလုပ်ဖို့ တာဝန်ပေးထားခဲ့တယ်။

လုပ်ရမယ့်အချိန်ကလည်း အိပ်မရတော့ဘူး။ ကျုပ် ဒီသမ္မတသက်တမ်း မကုန်ခင် အပြီးလုပ်ရမယ့် စီမံကိန်းပဲ'

သမ္မတကြီးအသံက လေးနက်တည်ကြည်နေ၏။

'ဒီလိုလုပ်တဲ့နေရာမှာ အိမ်ထောင်ရေး အဆင်ပြေမှုမရှိရင် ဘာစီမံကိန်းမှ အောင်မြင်မှုရနိုင်မှာ မဟုတ်ဘူး။

ဒီတော့ အိမ်ထောင်ရေး အဆင်ပြေမှုရအောင် ဒါနာ့ဘက်က လိုက်လျောစေချင်တယ်။

မစ္စတာဆီးဂရင်းဟာ အလုပ်တွေပိနေတော့ အိမ်ထောင်ရေးက အဆင်မပြေဘူးဆိုရင် ဦးနှောက်ခြောက်ပြီး စိတ္တဇရောဂါသည် ဖြစ်သွားနိုင်တယ်။

နို့ပြီး ဒါနာက ကလေးမလိုချင်ဘူးလို့ ငြင်းနေတယ်ဆို'

သမ္မတကြီးအမေးကြောင့် ဒါနာက လျှာကလေးပင် တစ်လစ်ထုတ်လိုက်မိသည်။

'ဟုတ်ပါတယ် သမ္မတကြီး'

ဒါနာက ဝန်ခံလိုက်ပြီး…

'အိမ်ထောင်ရေး အဆင်ပြေအောင်တော့ ဒါနာ ကြိုးစားပါ့မယ်၊ ဒါပေမဲ့ ကလေးကိစ္စကိုတော့…'

သမ္မတကြီးက ခေါင်းကိုညိတ်လိုက်ပြီး…

'သမ္မတဆိုတာ နိုင်ငံတော်မှာ တန်ခိုးအကြီးဆုံးပဲ။ သမ္မတက စစ်တိုက်ကြလို့ အမိန့်ပေးနိုင်တယ်။ ဘယ်သူ့ကို ဘာကြောင့်သတ်စေလို့ အမိန့်ပေးနိုင်တယ်။ ဒါပေမဲ့ လင်ယောကျ်ားရှိနေတဲ့ မိန်းမတစ်ယောက်ကိုတော့ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးပေးရမယ်လို့ အမိန့်ပေးပိုင်ခွင့် မရှိဘူး'





သမ္မတကြီး၏စကားကို ဒါနာက…

'ကိုယ်ဝန်ဆောင် ကလေးမွေးတဲ့ကိစ္စကလွဲရင် ဒါနာတို့ အိမ်ထောင်ရေး သာယာပြီး မစ္စတာဆီးဂရင်း စိတ်ရွှင်ရွှင်လန်းလန်းဖြစ်လာအောင် ပြုစုယုယပေးဖို့ ဒါနာ တာဝန်ယူပါတယ် သမ္မတကြီး'

'သိပ်ကျေးဇူးတင်တယ် ဒါနာ၊ ကျုပ်နဲ့ ဒါနာ နှစ်ယောက်တည်းကပဲ မစ္စတာဆီးဂရင်းကို စီမံကိန်းကြီး အောင်မြင်မှုရအောင် ပံ့ပိုးထိန်းကျောင်း သွားကြရလိမ့်မယ်။ စီမံကိန်းက နိုင်ငံတော်အတွက် ဘယ်လောက်အရေးကြီးတယ် ဆိုတာ ပြောပြဖို့မလိုဘူး။ ပြောလည်း ပြောနိုင်ခွင့်မရှိဘူး'

'နားလည်ပါတယ် သမ္မတကြီး'

သမ္မတကြီးက ဒါနာအား ဓာတ်လှေကားရှိရာသို့ လိုက်ပို့လာသည်။

အိမ်ဖြူတော်မှဆင်းလာသော ဒါနာက သဘောပုံစံငယ်ကိစ္စ အကြောင်းပြ၍ ခေါ်ယူလိုက်သည့် သမ္မတကြီး၏ ရာဇပရိယာယ်ကို ခုမှ သဘောပေါက်မိတော့သည်။

[ ၁၉ ]

'သိပ်ကို အံ့ဩစရာကောင်းနေပါလား'

လေယာဉ်ပေါ်မှဆင်းလာသော မစ္စတာဆီးဂရင်းက လေဆိပ် ဧည့်ခန်းတံခါးပေါက်ဝတွင် ဇနီးဖြစ်သူ ဒါနာအား မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

'မောင့်ကို စောင့်ကြိုနေတာပါရှင်'

ဒါနာက ပြုံးစစနဲ့ စကားဆိုလိုက်သည်။

'ကျုပ်ကို ဒီလိုလာကြိုတာ လွန်ခဲ့တဲ့ ဆယ်ကမ္ဘာလောက်တုန်းကတော့ ဒါနာရဲ့ အကျင့်တစ်ခုပေါ့'

မစ္စတာဆီးဂရင်းအား စူးစူးစိုက်စိုက်ကြည့်ရင်း ပြောလိုက်၏။

'ခုတော့ မောင့်ကို ပိုချစ်သလိုတွေ့လာလို့ လာကြိုပါသတဲ့ရှင်…'

ဆီးဂရင်းက ဝန်စည်စလယ်များကို စုပုံထားရာကောင်တာရှိရာသို့ သွားပြီး သူ့လက်ဆွဲသားရေသေတ္တာကို ဆွဲထုတ်လာကာ ကားများရပ်ထားရာသို့ လျှောက်လာသည်။

ဘေးနားတွင်ကပ်၍ လိုက်ပါလာသော ဒါနာက သမ္မတကြီး ...



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားယောင်ရင်း မျက်နှာကို ရွှင်နိုင်သမျှရွှင်နေအောင် ကြိုးစားနေ၏။

ရပ်ထားသည့်ကားဆီသို့ ရောက်သောအခါ ဒါနှာက ကားမောင်းသူနေရာတွင် ဝင်ထိုင်လိုက်ရင်း…

'ကားကို ဒါနှာပဲ မောင်းမယ်နော်'

ဆီးဂရင်း၏ လက်မောင်းတစ်ဖက်ကို ဒါနှာက ဝဲလက်ဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး စကားဆိုလိုက်သည်။

ဆီးဂရင်းက ခေါင်းကို တစ်ချက်ညိတ်လိုက်ကာ အတွေးထဲတွင် နစ်မြုပ်နစ်နေ၏။

အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်လာသည့်အခါ ရုံးဆင်းချိန်လွန်သွားပြီ ဖြစ်သည့်အလျောက် အသွားအလာ ကျဲနေလေသည်။ သို့ဖြစ်၍လည်း ဒါနှာက ကားကို မြန်မြန်ကလေး မောင်းလာနိုင်သည်။

'ဂျိုးမာတင်ကို သိလား'

အတွေးထဲတွင် နစ်နေပုံရသော ဆီးဂရင်းထံမှ မေးခွန်းတစ်ခု ရုတ်တရက် ပေါ်လာ၏။

မေးပုံကလည်း သူစိမ်းဆန်ဆန်။

'သိတာပေါ့၊ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာရဲ့ အင်မတန် အားကိုးရတဲ့ ဒါရိုက်တာတစ်ယောက်ပေါ့၊ ဘာဖြစ်လို့လဲဟင်'

ကားမောင်းနေသော ဒါနှာက အသံကို အချိုသာနိုင်ဆုံးထားကာ စကားပြန်လိုက်၏။

'ဒီကောင်ကိုတော့ ကျုပ်က အပြတ်ဆော်ပစ်ရမယ်'

ဆီးဂရင်းထံမှ ကြားလိုက်ရသော စကားကြောင့် ဒါနှာက အံ့သြတုန်လှုပ်သွားကာ…

'မောင်က သူနဲ့ ဘယ်လိုဖြစ်လာခဲ့လို့လဲ…ဟင်'

'ဒီကောင်က ကျုပ်တို့အလုပ်မှာ လာပြီး ဝင်ရှုပ်ခဲ့လို့'

ဆီးဂရင်းက 'ကျုပ်'ဟူသော နာမ်စားကိုသာ ခုထိသုံးနေဆဲ။

ဒါနှာက ကားလက်ကိုင်ဘီးကို တင်းနေအောင်ဆုပ်ကိုင်ထားလိုက်မိသည်။

'သူ့ကို အပြတ်ဆော်ဖို့ဆိုတာ လွယ်မှာမဟုတ်ပါဘူးမောင်'

'ဘာဖြစ်လို့ မလွယ်ရမှာလဲ'

'ပင်လယ်ရေအောက် ရှေးဟောင်းသုတေသနရှာဖွေရေးအဖွဲ့မှာဆိုရင် သူက





[illegible]တော်တစ်ယောက်ဖြစ်တဲ့အပြင် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာရဲ့ [illegible]တ်ရုံးတစ်ယောက် ဖြစ်နေလို့ပါ။ ဒါအပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက [illegible]ည်း သူက လူသိများတဲ့ လူစွမ်းကောင်းတစ်ယောက် ဖြစ်နေခဲ့လို့ပဲ'

'ဩော်…သူက ဒါလောက်တောင် စွမ်းသတဲ့လား'

'စွမ်းတဲ့အပြင် ဆန်ဒက်ကာက သူ့ကို သားတစ်ယောက်လို ချစ်နေလို့ပါ'

ဤတွင် ဆီးဂရင်းက…

'ကျုပ်က ဆန်ဒက်ကာနဲ့စာရင် သမ္မတကြီးနဲ့ ပိုပြီး ရင်းနှီးတဲ့လူတစ်ယောက် [illegible]တာ ဒါနှာ မေ့နေပြီထင်တယ်'

'အထက်လွှတ်တော်အမတ်ကြီး မာတင်က မောင့်ထက် သမ္မတကြီးနဲ့ [illegible]ပြီး မရင်းနှီးဘူးလား'

ဒါနှာ့အသံက မာသယောင်ယောင်။

ဆီးဂရင်းက ဒါနှာ့မျက်နှာကို လှည့်ကြည့်လိုက်ပြီး…

'မာတင်နဲ့ ဂျိုးက ဆွေမျိုးတော်နေလို့လား'

'ဆွေမျိုးမဟုတ်ဘူး သားအဖရှင့်…သားအဖ၊ ဂျိုးမာတင်က အထက်လွှတ်တော်အမတ်ကြီး မာတင်ရဲ့သားအရင်း ရှင်ရဲ့'

မစ္စတာဆီးဂရင်းက တစ်ခွန်းမျှ တုံ့ပြန်မပြောတော့ဘဲ ကားထိုင်ခုံတွင် ငူငူကြီး ထိုင်၍ လိုက်ပါလာသည်။

ဒါနှာက ချစ်လင် စိတ်ပြေလက်ပျောက်သွားစေရန် သူ့ညာလက်ကို ဆီးဂရင်း၏ ဘယ်ဘက်ဒူးပေါ်တွင် တင်၍ ဆုပ်နယ်လိုက်၏။

မီးနီနှင့်တိုးနေသည့်နေရာအရောက်တွင် ဒါနှာက ဆီးဂရင်း၏ ရင်တစ်ခြမ်းပေါ်တွင် ကိုယ်ကို တစ်ပိုင်းမှီလိုက်ကာ အနမ်းလက်ဆောင်ပေးလိုက်သည်။

'ဒါက ဘာလုပ်တာလဲဟင်'

ဒါနှာက ချစ်လင် ဆီးဂရင်းထံမှ မမျှော်လင့်သည့်စကားကို ကြားလိုက်သည်။

သို့တိုင် သမ္မတကြီး ညွှန်ကြားထားသည့်စကားကို စိတ်ထဲတွင် စွဲထားသူပီပီ…

'ဒါက မောင့်ကို အကိုးထိုးတာလေ'

'အကိုးထိုးတာက အရေးမကြီးဘူး၊ ကျုပ်မှာ'

ဆီးဂရင်း စကားမဆုံးမီ ဒါနှာက…



www.burmeseclassic.com

www.burmeseclassic.com



'မောင့်ကို လေဆိပ်မှာ လာကြိုကတည်းက ဒါနာ့မှာ အစီအစဉ်ရှိနေပြီး သား၊ ရုပ်ရှင်မင်းသား မာလွန်ဘရန်ဒိုပါတဲ့ ရုပ်ရှင်ကားသစ်ကို မောင်နဲ့ နှစ်ယောက်သား သွားကြည့်မယ်။

ပြီးရင် မိုးသူဇာပျော်ပွဲစားရုံမှာ ပုစွန်ထုပ်ကြီးနဲ့ ညစာစားကြမယ်။ ပြီးရင် အိမ်ပြန် တံခါးပိတ်၊ မီးမှိတ်ပြီးတော့'

ဒါနာက စကားကို အဆုံးမသတ်နိုင်မီ ဆီးဂရင်းက...

'ကျုပ်ကို ရုံးကိုပဲ ပို့ပေးစမ်းပါ။ လုပ်စရာတွေ တစ်ပုံကြီးရှိနေတယ်'

သို့တိုင်အောင် ဒါနာက အလျှော့မပေးသေးဘဲ...

'အို...မောင်ကလဲကွာ၊ အလုပ်ထဲမှာ သိပ်လည်း အပင်အပန်း ခံမနေနဲ့ဦးလေ၊ အမောလေးအပန်းလေးလည်း ဖြေဦးမှပေါ့။ အလုပ်က နက်ဖြန်လုပ်လည်း ရတာပဲမဟုတ်လား'

'မရဘူး၊ ခုပဲဆက်လုပ်ရမယ်၊ ရုံးကိုသာ မောင်းစမ်း'

ချစ်လင်နှင့် မိမိအကြားတွင် ရှိနေသည့် ကွာဟချက်ကို ပြန်လည်ပေါင်းကူးဆက်စပ်၍ ရနိုင်တော့မည် မဟုတ်ကြောင်းကို ဒါနာက အတတ်သိလိုက်၏။

သို့ဖြစ်၍ မီးစိမ်းပြလိုက်သည်နှင့် တစ်ပြိုင်နက် ဒါနာက ကားကို ဆီးဂရင်း၏ ရုံးအဆောက်အအုံရှိရာဘက်သို့ မောင်းထွက်လိုက်တော့သည်။

[ ၂၀ ]

အလေးပြုလိုက်ပြီးနောက် သက်သာအနေအထားဖြင့် ရပ်နေသည့် ဗိုလ်မှူးကြီးအား မစ္စတာဆီးဂရင်းက တစ်ချက်မျှ အကဲခတ်လိုက်၏။

ဗိုလ်မှူးကြီးနောက်တွင် စစ်ရေးဗိုလ်ကြီးကလည်း သက်သာ အနေအထားဖြင့် ရပ်လျက်။

ဆီးဂရင်း၏ စားပွဲပေါ်တွင်မူ ဗိုလ်မှူးကြီးကိုယ်တိုင် ယူဆောင်လာခဲ့သည့် သံမှူးများ ကိုင်ဆောင်လေ့ရှိသော အတက်ချိတ်ကော့စ်။

သတ္တုဖြင့်လုပ်ထားသည့် လက်ဆွဲသေတ္တာကလေးကို မစ္စတာဆီးဂရင်းက စိုက်ကြည့်လိုက်ပြီး...

'ဒီသေတ္တာကလေးထဲမှာပါတဲ့ စာရွက်စာတမ်းတွေကတော့ ဘာမှ အမှားအယွင်း မရှိနိုင်ပါဘူးနော်'





'ဘာမှ အမှားအယွင်းမရှိဘူးခင်ဗျာ၊ ကာကွယ်ရေးဝန်ကြီး လက်အောက်မှာရှိတဲ့ မော်ကွန်းထိန်းဌာနက ညွှန်ဝန်ချုပ်ကိုယ်တိုင် သုတေသနလုပ်ပြီး မှန်ကန်တဲ့အကြောင်း လက်မှတ်ထိုးထားတဲ့ စာရွက်စာတမ်းများ ဖြစ်ပါတယ်ခင်ဗျာ'

'ညွှန်ဝန်ချုပ် အလုပ်လုပ်တာ မြန်သားပဲ၊ ကျေးဇူးတင်ပါတယ်'

မစ္စတာဆီးဂရင်းက ဤသို့ပြောလိုက်သည့်တိုင် ဗိုလ်မှူးကြီးက ရုံးခန်းထဲမှ ပြန်လည်ထွက်ခွာသွားမည့်ဟန် မပြဘဲ...

'အတက်ချိတ်ကော့စ်ထဲမှာပါလာတဲ့ စာရွက်စာတမ်းတွေကို ကျွန်တော် ကိုယ်တိုင် ပြန်ယူလာပြီး ကာကွယ်ရေးဌာနမှာ ကျွန်တော်ကိုယ်တိုင် ပြန်အပ်ရမယ်လို့ တာဝန်ပေးထားပါတယ် လူကြီးမင်းခင်ဗျာ'

'ဘယ်သူက ပေးထားတဲ့ အမိန့်လဲ'

'မစ္စတာဆီးဂရင်းက မကျေနပ်သံဖြင့် မေးလိုက်၏။

ကာကွယ်ရေးဝန်ကြီးကိုယ်တိုင် ပေးထားတဲ့ အမိန့်ပါ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်ကလည်း စကားဝှက်နဲ့ နံပါတ်ငါးလို့ နာမည်ပေးထားတဲ့ အတိုင်း လျှို့ဝှက်စာရွက်စာတမ်းတွေကို အမြဲထိန်းသိမ်းစောင့်ကြပ်ထားရမယ်လို့ ဆိုထားပါတယ်ခင်ဗျာ'

'ကျုပ်နားလည်ပါပြီ၊ ဒါပေမဲ့ အထဲမှာပါတဲ့ စာရွက်စာတမ်းဖိုင်ကို ကျုပ်တစ်ယောက်တည်း အေးအေးဆေးဆေး လေ့လာချင်တယ်'

'လေ့လာနိုင်ပါတယ်ခင်ဗျာ၊ ကျွန်တော်နဲ့ ကျွန်တော့်စစ်ရေးဗိုလ်ကြီးက ရုံးခန်းအပြင်ဘက်မှာ ထိုင်စောင့်နေပါ့မယ်'

'လူကြီးမင်းကို မေတ္တာရပ်ခံချင်တာကတော့ ဒီဖိုင်တွေကို လူကြီးမင်း လေ့လာနေတဲ့အချိန်မှာ ဒီရုံးခန်းထဲကို ဘယ်သူမှ ဝင်ခွင့်မပေးနိုင်သလို ဘယ်သူ့ကိုမှလည်း ဒီရုံးခန်းထဲက ထွက်သွားခွင့်မပေးနိုင်ဘူးဆိုတဲ့ အချက်ပါပဲ ခင်ဗျာ'

ဆီးဂရင်းက ခေါင်းညိတ်လိုက်ပြီး...

'ကောင်းပြီ ဗိုလ်မှူးကြီး၊ ခင်ဗျားတို့နှစ်ယောက် ကျုပ်ရုံးခန်းအပြင်ဘက်က ဧည့်ခန်းထဲမှာ သက်သောင့်သက်သာ စောင့်နေနိုင်ပါတယ်။ ကျုပ်အတွင်းရေးမှူးက ဗိုလ်မှူးကြီးတို့အတွက် အဖျော်ယမကာနဲ့ ဧည့်ခံပါလိမ့်မယ်'

'ကျေးဇူးတင်ပါတယ် လူကြီးမင်းခင်ဗျာ'

ဗိုလ်မှူးကြီးနှင့် စစ်ရေးဗိုလ်ကြီးတို့က ရုံးခန်းထဲမှ ထွက်သွားရန် ပြင်လိုက်စဉ် မစ္စတာဆီးဂရင်းက စကားတစ်ခွန်းလှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် အိမ်သာတက်နေတာကို ကျုပ် ရုံးခန်းထဲကထွက်သွားတယ်လို့လည်း မထင်လိုက်ကြနဲ့ဦးနော်'

ဗိုလ်မှူးကြီးနှင့် စစ်ရေးဗိုလ်ကြီးတို့က ရယ်ရယ်မောမောဖြင့် ရုံးခန်းအပြင်ဘက်သို့ ထွက်သွားကြသည်။ မစ္စတာဆီးဂရင်းက ရုံးခန်းတံခါးကို ကိုယ်တိုင်ပိတ်လိုက်ပြီးနောက် ကုလားထိုင်တွင် ထိုင်လိုက်၏။

ဘိုင်ဇမ်နီယံသတ္တုနှင့် ပတ်သက်၍ ကာကွယ်ရေးဌာန၏ ငါးနှစ်တိုင်တိုင်ကြိုးပမ်းစုံစမ်းထားခဲ့ရသည့် နောက်ဆုံးအစီရင်ခံစာက သူ့ရှေ့ရှိ အတက်ချ်ကေ့စ်ထဲသို့ ရောက်နေပေပြီ။

အစီရင်ခံစာတွင် မည်သို့ရေးသားထားပါသနည်း။

ငါးနှစ်လုံးလုံးကြိုးပမ်းချက်က အကျိုးသက်ရောက်မှုကို ပေးနိုင်ပါမည်လား။

ဘိုင်ဇမ်နီယံသတ္တုနဲ့ ပတ်သက်၍ စိတ်ပျက်ဖွယ်ကိုသာ နိဂုံးချုပ်ထားလေမည်လား။

ဆီးဂရင်းက သတ္တုသေတ္တာကလေးရှိ သော့အိမ်ထဲသို့ သော့ကို ထိုးသွင်းကာ အတက်ချ်ကေ့စ်ကို ဖွင့်လိုက်၏။

အထဲတွင် ဖိုင်လေးခုနှင့် မှတ်စုစာအုပ်ကလေး တစ်အုပ်။

ဖိုင်လေးခုပေါ်တွင် ဖိုင်နံပါတ်နှင့် အကြောင်းအရာအတိုချုပ်ကို ရေးထားသည်။

| | |
|---|---|
| စီ ဒီ ၅ စီ ၇၆၆၅ ၁၉၁၁ | ရှားပါးလှသော ဘိုင်ဇမ်နီယံသတ္တု၏ သိပ္ပံနည်းအရ အသုံးဝင်ပုံနှင့် ငွေကြေးတန်ဖိုးနှင့် သက်ဆိုင်သည့် အစီရင်ခံစာ။ |
| စီ ဒီ ၅ စီ ၇၆၈၅ ၁၉၁၁ | ဘိုင်ဇမ်နီယံသတ္တု တူးဖော်ရရှိနိုင်ရေးနှင့် ပတ်သက်၍ စစ်ဝန်ကြီးနှင့် ဂျိုရှအာ ဟေးစ်ဘရူးစတားတို့ တိုင်ပင်ဆွေးနွေးသည့် အပြန်အလှန်ပေးစာများ။ |
| စီ ဒီ ၅ စီ ၇၇၂၀ ၁၉၁၁ | တပ်မတော် လျှို့ဝှက်စီမံကိန်း ၃၇၁–၉၉၀ အာဘီ ၅ အတွက် စစ်ဝန်ကြီးက နိုင်ငံတော်သမ္မတထံ ရန်ပုံငွေ တောင်းခံလွှာနှင့် သက်ဆိုင်သော စာများ...။ |





| | |
|---|---|
| စီ ဒီ ၅ စီ ၈၀၃၉ ၁၉၁၂ | ဂျိုရှအာဟေးစ် ဘရူးစတား **ပျောက်ဆုံး** သွားခြင်းနှင့် သက်ဆိုင်သော **အခြေ** အနေ အရပ်ရပ်ကို အနီးကပ် လေ့လာ သုံးသပ် စုံစမ်းမှု စီရင်ခံစာ။ |

မှတ်စုစာအုပ်ကလေးပေါ်တွင်မူ **ဂျိုရှအာဟေးစ်ဘရူးစတား၏ နေ့စဉ် မှတ်တမ်း**ဟု ရိုးရိုးပင် စာတမ်းထိုးထားသည်။

လုပ်ရိုးလုပ်စဉ်ဆိုလျှင် ဆီးဂရင်းက ဖိုင်လေးခုအတွင်းမှ အစီရင်ခံစာများကို ဦးစားပေး၍ ဖတ်ရှုရမည်ဖြစ်သည်။

သို့သော် ဂျိုရှအာဟေးစ်ဘရူးစတား၏ နေ့စဉ်မှတ်တမ်းကိုသာ မစ္စတာဆီးဂရင်းက စ၍ ဖတ်လိုက်သည်။

ဖိုင်လေးဖိုင်နှင့် နေ့စဉ်မှတ်တမ်းကို မစ္စတာဆီးဂရင်းက လေးနာရီကြာအောင် ဖတ်ရှုလိုက်ပြီးနောက် စားပွဲအောက်တွင်တပ်ထားသည့် ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်သည်။

ရုံးခန်းအတွင်း တစ်ခုသောနံရံမှ အံဝှက်တံခါးတစ်ချပ်က အသံမပြည်ဘဲ ပွင့်လာ၏။

ယင်းတံခါးပေါက်မှ အဖြူရောင်ဝတ်စုံကို ဝတ်ထားသည့် လူတစ်ယောက်ထွက်လာသည်။

'ဒါတွေအားလုံး ကူးမယ်၊ ဘယ်လောက်ကြာမလဲ'

အဖြူရောင်ဝတ်စုံဝတ်ထားသည့်လူက ဖိုင်လေးခုနှင့် မှတ်စုစာအုပ်ကလေးကို ကိုင်ကြည့်လိုက်ပြီး...

'၄၅ မိနစ်လောက်တော့ ကြာလိမ့်မယ် ဆရာကြီး'

'ကောင်းပြီ၊ ကူးပေတော့၊ မူရင်းဖိုင်နဲ့ မှတ်စုစာအုပ်တွေကို ပြန်ယူဖို့ လူနှစ်ယောက် အပြင်ဘက်မှာစောင့်နေတယ်'

အဖြူရောင်ဝတ်စုံဝတ်ထားသူက အံဝှက်တံခါးပေါက်ထဲသို့ ပြန်ဝင်သွားသောအခါ တံခါးက အလိုအလျောက်ပိတ်သွားသည်။

ဆီးဂရင်းက ထိုင်နေရာမှ အားယူ၍ ထလိုက်ပြီး ရေချိုးခန်းရှိရာသို့ သွားသည်။

'ငါလုပ်တာ မတရားဘူး၊ ငါလုပ်တာ မတရားဘူး'

သူသည် နှုတ်မှမြည်တမ်းရင်း ရေချိုးခန်းတံခါးကို ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းအတွင်းရှိ ကြွေဇလုံတွင် မျက်နှာအပ်လိုက်သောအခါ ဆီးဂရင်းက အလိုလိုအန်မိလျက်သား ဖြစ်နေတော့သည်။

[ ၂၁ ]

စာကြည့်ဆောင်အတွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လာသော မစ္စတာဆီးဂရင်းနှင့် မစ္စတာရော်ဂျာတို့ နှစ်ယောက်အား သမ္မတကြီးက ဖက်လဲတကင်း လက်ဆွဲနှုတ်ဆက်လိုက်သည်။

'ဒီလိုအချိန်မှာ ခင်ဗျားတို့နှစ်ယောက်နဲ့တွေ့ဖို့ ချိန်းလိုက်ရတာ အားနာလှသဗျာ။ ဒါပေမဲ့ ကျုပ်တို့ပေးနိုင်တဲ့အချိန်က ဒီအချိန်ပဲဖြစ်နေတယ်'

အချိန်က နံနက် ခုနစ်နာရီ။

နေရာက ဒေးဗစ်စခန်း။

'ကိစ္စမရှိပါဘူး သမ္မတကြီး'

ဆီးဂရင်းနှင့် ရော်ဂျာတို့က ပြိုင်တူလိုပ... ပြောလိုက်ကြ၏။

'ကဲ...ထိုင်ကြ...ထိုင်ကြ'

ထိုင်လိုက်သည့်နေရာမှ လှမ်းကြည့်လို...သအခါ မေရီလန်ဒေသရှိ တောင်ကုန်းများကို စီး၍ မြင်နေရ၏။

ခဏအကြာတွင် ကော်ဖီနှင့် စားစရာများ ရောက်လာသည်။

'တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပြာပုံဘဝရောက်အောင် တိုက်ကြခိုက်ကြရမယ့် အရေးကို ကျုပ်တို့ရဲ့ မဟာစီမံကိန်းကပဲ တားဆီးထားနိုင်လိမ့်မယ်။

ကဲ...ကျုပ်တို့စီမံကိန်းအခြေအနေ ဘယ်အဆင့်ရောက်နေပြီလဲ'

သမ္မတကြီး၏ မေးခွန်းကို မစ္စတာဆီးဂရင်းက လက်ထဲတွင် အသင့်ပါလာသည့် ဂျိုရှုအာယောဇ်ဘရူးစတား၏ နေ့စဉ်မှတ်တမ်း မိတ္တူစာအုပ်ကလေးကို လှမ်းပေးခြင်းဖြင့် အဖြေပေးလိုက်၏။

ပြီးမှ...

ကာကွယ်ရေးဝန်ကြီးရဲ့ မော်ကွန်းထိန်းဌာနက အစီရင်ခံစာတွေကိုတော့ သမ္မတကြီး ဖတ်ပြီးပြီလို့ ထင်ပါတယ်။ အဲဒီအစီရင်ခံစာ ဖိုင်တွေထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတာက ယောဒီ ဘရူးစတားရဲ့ နေ့စဉ်မှတ်တမ်းမှတ်စုစာအုပ်ကလေးပါပဲ သမ္မတကြီး...'





သမ္မတကြီးက ကော်ဖီကို တစ်ကျိုက်စီသောက်ရင်း ဆီးဂရင်းပြောသမျှ နားထောင်နေသည်။

'ဒီနေ့စဉ်မှတ်တမ်းစာအုပ်ကလေးထဲမှာ ပထမဆုံး မှတ်တမ်းတင်ပြီး ရေးခဲ့တဲ့နေ့က ၁၉၁၀ ခုနှစ်၊ ဇူလိုင်လ ရှစ်ရက်နေ့ပဲ။

'အဲဒီနေ့မှာ ဘရူးစတားဟာ ဆိုက်ဘေးရီးယားမြောက်ဘက်ကမ်းခြေမှာရှိတဲ့ တောင်စဉ်တန်းတွေမှာ ခဲသတ္တု ရှာဖွေတူးဖော်နေရာက ပြန်ပြီး ထွက်ခွာလာတဲ့နေ့ပဲ။

ဆိုက်ဘေးရီးယား မြောက်ဘက်ကမ်းခြေနားက တောင်စဉ်တန်းတွေမှာ ဘရူးစတား သတ္တုတူးနိုင်ခဲ့တာဟာလည်း ဇာဘုရင်ကိုယ်တိုင်က ပြင်သစ်ကုမ္ပဏီတစ်ခုကို ငှားပြီး တူးခိုင်းခဲ့တာမှာ ဘရူးစတားက ကုမ္ပဏီရဲ့ မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့လို့တဲ့ သမ္မတကြီး။

'အဲဒီ ၁၉၁၀ ခုနှစ်၊ ဇူလိုင်လ ၈–ရက်နေ့မှာ ဆိုက်ဘေးရီးယား မြောက်ဘက်ကမ်းခြေကနေပြီး အဲချန်ဂဲလ်မြို့ဆီကို ဦးတည်လာခဲ့တဲ့ ဘရူးစတားရဲ့ စမ်းရီးတန်းသွား မီးသ...ဟာ မြူတွေဆိုင်းနေတာနဲ့ တိုးမိပြီး နိုဗာယာဇမ်မလာကျွန်းရဲ့ အထက်ရှိန်သူ့သင်္ဘောင်တစ်ခုပေါ် တင်ပြီးနေခဲ့တယ်။

ရာသီဥတုအခြေအနေမှာ ရေခဲပျော်အောင် အားပေးမယ့် ဘရူးစတားနဲ့ အဖွဲ့သားတွေဟာ သင်္ဘောထဲမှာ တစ်လလောက်ကြာအောင် အသက်ရှင်ပြီး နေနိုင်ခဲ့ကြတယ်။

တစ်လလောက်အကြာမှာ ရုရှားရေတပ်က ရွက်သင်္ဘောတစ်စင်းက ဘရူးစတားနဲ့ အဖွဲ့ကို ကယ်ဖို့ရောက်လာတယ်။ ဒီလိုသောင်တင်နေတဲ့ တစ်လလောက်အချိန်မှာ ဘရူးစတားဟာ နိုဗာယာဇမ်မလာကျွန်းပေါ်ကိုတက်ပြီး သတ္တုရှာဖွေရေးလုပ်ငန်းကို လုပ်နေခဲ့တယ်။

ဆယ့်ရှစ်ရက်မြောက်တဲ့နေ့မှာ ဘရူးစတားဟာ အဲဒီကျွန်းမှာရှိတဲ့ ဘက်နာယား တောင်စဉ်တန်းတွေရဲ့ တောင်စောင်းတစ်ခုမှာ ထူးဆန်းတဲ့သတ္တုတစ်မျိုးကို တွေ့ရှိခဲ့တယ်။ အဲဒီသတ္တုနမူနာကို ဘရူးစတားက နယူးယောက်ကို ယူလာခဲ့တယ်'

'ဟုတ်ပြီ၊ ဘိုင်ဇမ်နီယံဆိုတဲ့သတ္တုကို ဘယ်လိုစတွေ့ခဲ့တယ်ဆိုတာကော့ ကျုပ်တို့သိရပြီ။ ဘရူးစတားက နောက် ဘာတွေဆက်လုပ်တယ်ဆိုတာကော'

သမ္မတကြီးက မေးလိုက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



'ဘရှုးစတားဟာ ရလာတဲ့သတ္တု နမူနာတွေထဲကတချို့ကို သူ့မန်နေဂျာအဖြစ် ငှားတဲ့ ကုမ္ပဏီကိုပေးပြီး တချို့ကိုတော့ သူ့ဆီမှာသိမ်းထားခဲ့တယ်။

ဒီလိုသိမ်းထားခဲ့တာဟာလည်း အဲဒီအချိန်က သတ္တုဟာ အင်မတန်ရှားပါး ပြီး အင်မတန်အသုံးဝင်တဲ့ ဘိုင်ဇမ်နီယံသတ္တု ဖြစ်တယ်ဆိုတာ သိလို့မဟုတ်ပါ ဘူး၊ သတ္တုတူးသမားတွေ လုပ်ရိုးလုပ်စဉ်အတိုင်း ထူးဆန်းတာတွေ့ရင် အမှတ် တရပစ္စည်းအဖြစ်နဲ့ သိမ်းထားတတ်တဲ့ ဝသီကြောင့်ပဲ ဖြစ်ပါတယ်။

ဘရှုးစတားက သူ့ကို မန်နေဂျာအဖြစ်ငှားတဲ့ လော်ရိန်းကုမ္ပဏီကို ဒီသတ္တု နမူနာအကြောင်း စုံစမ်းကြည့်တယ်။ ကုမ္ပဏီက သူယူလာတဲ့သတ္တုနမူနာဟာ ဘာမှအသုံးမဝင်တဲ့ သတ္တုသာဖြစ်တယ်လို့ ပြောတာနဲ့ သူအမှတ်တရသိမ်းထား တဲ့ သူ့ဆီမှာရှိတဲ့ သတ္တုနမူနာကို ဝါရှင်တန်မှာရှိတဲ့ အစိုးရသတ္တုတူးဖော်ရေးဗျူရို ကို စာတ်ခွဲကြည့်ဖို့ ပေးအပ်ခဲ့ပါတယ်။

အစိုးရသတ္တုတူးဖော်ရေးဗျူရိုက သတ္တုနမူနာဟာ ဘိုင်ဇမ်နီယံဖြစ်ကြောင်း ပြောပြတော့ ဘရှုးစတားက သိပ်အံ့သြသွား...

ဒီအချိန်တုန်းက ဘိုင်ဇမ်နီယံဆိုတာ မြ... လို့ ကြားတောင် မကြားဖူး တဲ့သတ္တု ဖြစ်နေတယ်။ နို့ပြီး ဒီသတ္တုက ... ကြီးတဲ့ အနုစိတ်မှန်ဘီလူး တွေနဲ့ကြည့်မှ ဘယ်လိုသတ္တုထူးတယ်ဆို... သတ္တုမျိုးကိုး သမ္မတကြီး'

ဤတွင် သမ္မတကြီးက...

'ဘရှုးစတားက လော်ရိန်းသတ္တုကုမ္ပဏီကို ဒီသတ္တုနမူနာ ဘယ်မှာတွေ့ခဲ့ တယ်ဆိုတာ သတင်းမပို့ခဲ့ဘူးလား'

'ပို့တော့ ထုံးစံအတိုင်းပို့ခဲ့ပါတယ်။ ဒါပေမဲ့ သတ္တုတူးဖော်ရှာဖွေရေးသမား တွေရဲ့ လုပ်ရိုးလုပ်စဉ်အတိုင်း နေရာလွှဲပြီး သတင်းပို့ခဲ့တာ ဖြစ်ပါတယ်။

ဒါက ဘာဖြစ်လို့လဲဆိုတော့ နောင် တကယ် လက်တွေ့အလုပ်လုပ်ကြ တော့မယ်ဆိုတဲ့အချိန် ရောက်လာရင် ငွေပိုရအောင်လို့ပါပဲ'

'ဒီတော့ နောက် ဘယ်လို...'

သမ္မတကြီးက စကားထောက်ပေးလိုက်သည်။

ဆီးဂရင်းက တပ်မတော်လျှို့ဝှက်စီမံကိန်း ၃၇၁-၉၉၀-အာ ၈၅ ဟု အမည်တပ်ထားသည့်ဖိုင်ကို ဖွင့်လိုက်ပြီး...

'အဲဒီအချိန်တုန်းက တပ်မတော်အရာရှိကြီးတွေ လုပ်ခဲ့တဲ့ အစီအစဉ်ကို ဒီနေ့ စီအိုင်အေတွေ သိခွင့်ရရင် လက်ဖျားကိုခါသွားရမယ်။





တပ်မတော်အရာရှိကြီးတွေက ဘာလုပ်ခဲ့တယ်ဆိုတော့ ဘရှုးစတားအတွက် ပြင်သစ်လူမျိုးတချို့ ပါဝင်ခဲ့တဲ့ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခု ထောင်ပေးခဲ့ပြီး ဒီကုမ္ပဏီမှာ ဘရှုးစတားကို အင်ဂျင်နီယာအဖြစ် ခန့်လိုက်တယ်။ လိုအပ်တဲ့ ရန်ပုံငွေကိုလည်း ကုမ္ပဏီနာမည်နဲ့ ထုတ်ပေးခဲ့တယ်'

'ဒီကိစ္စမှာ ဘာဖြစ်လို့ ပြင်သစ်တွေကို ဆွဲသွင်းလာခဲ့တာလဲ'

သမ္မတကြီးမေးခွန်းကို မစ္စတာဆီးဂရင်းက...

'ဒါက ဒီလိုပါ သမ္မတကြီး၊ ပထမအချက်က သတ္တုသွားပြီးတူးရမယ့် အသဟာ ရုရှားပိုင်နယ်မြေ ဖြစ်နေတယ်။ ဒုတိယအချက်က သတ္တုတူးတဲ့လုပ်ငန်း ကို လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ထားရမယ်၊ ဒီနှစ်ချက်ကြောင့်ပါ။

တကယ်လို့ ဘရှုးစတားနဲ့အဖွဲ့ သတ္တုတူးနေတာကို ရုရှားတွေက ထောက် လှမ်း သိရှိသွားရင်တောင် စကားပြောစရာရှိရင် အမေရိကန်အစိုးရနဲ့ မပြောရဘဲ ပြင်သစ်အစိုးရနဲ့သာ ပြဿနာဖြစ်အောင် လုပ်လိုက်တာပါ။

အဲဒီအချိန်တုန်းက ... မေရိကန် စစ်တပ်အရာရှိကြီးတွေဟာ လွှတ်တော် အမတ်တွေကို သိပ်ကြော... ဟာ ဒီနည်းကိုသုံးခဲ့ရတာပါပဲ သမ္မတကြီး'

မစ္စတာဆီးဂရင်းက ... နေရာကို ထောက်ပြလိုက်ပြီး...

'နောက်ဆုံး အရေး... တူးဖော်လို့ရတဲ့ ဘိုင်ဇမ်နီယံသတ္တုတွေကို အမေရိကန်အရောက် ဘ... ဆောင်မယ်ဆိုတဲ့ အချက်ပါပဲ။

အဲဒီ ၁၉၁၁ ခုနှစ်က ... သတ္တုရဲ့ တန်ဖိုးဟာ တစ်အောင်စကို ဒေါ်လာတစ်သန်းနဲ့ လေးသိန်းခွဲ ရှိပါတယ်။ ခုခေတ်မှာတော့ ဘယ်လောက် တန်ဖိုးရှိနေတယ်ဆိုတာ ခန့်မှန်းလို့တောင် မလွယ်တော့ပါဘူး။

'ဒီတော့ ဒါ... ...ီးတန်သတ္တုတွေကို ဘယ်လိုသယ်ယူရမလဲဆိုတဲ့ ပြဿနာကို စဉ်း... ...ခါ သတ္တုတူးရာမှာ အင်ဂျင်နီယာချုပ်အဖြစ် ဆောင်ရွက်ရမယ့် ဘရှုးစ... ...ကို သယ်ယူရေးကိစ္စကို တာဝန်ပေးလိုက်ကြတယ်။

ဒါကြောင့်လည်း ဘရှုးစတားဟာ သူနဲ့ သူ့အဖွဲ့သားတွေကို အစကတည်း က ကိုယ်ရောင်ဖျောက်ပစ်နိုင်အောင် **နတ်သမီးကလေး သတ္တုတွင်း** အဖြစ်အပျက် ကို လုပ်ကြံဖန်တီးခဲ့ရတာပဲ ဖြစ်ပါတယ်။

ဒီအချိန်မှာပဲ ဘရှုးစတား အရင်ကလုပ်ခဲ့တဲ့ ပြင်သစ် သတ္တုတူးဖော်ရေး ကုမ္ပဏီ လော်ရိန်းကလည်း ဘိုင်ဇမ်နီယံသတင်းကို အနံ့ခံမိပြီး ဆက်လက်ထောက်လှမ်း ဖို့ ကြိုးစားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘရူးစတား အပါအဝင် သူ့အဖွဲ့သား ကိုးယောက်ဟာ ပြင်သစ်ရေတပ်က သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် ရုပ်ဖျက်ထားတဲ့ အမေရိကန်သင်္ဘောတစ်စီးနဲ့ နီတာယာစမ်မလာကျွန်းအရောက် ဆယ့်နှစ်ရက်ကြာအောင် သွားခဲ့ရတယ်။

ဘရူးစတားနဲ့ သူ့အဖွဲ့သား ကိုးယောက်ဟာ ခုနစ်လကြာအောင် လုပ်ရမယ့်အလုပ်ကို ငါးလတည်းနဲ့ပြီးအောင် လုပ်နိုင်ခဲ့ကြပါတယ်။

ရာသီဥတုအခြေအနေက သုညအောက် ငါးဆယ်ဒီဂရီလောက်အထိ အေးနေတယ်။ ဘရူးစတားက သူ့မှတ်တမ်းထဲမှာ ရေခဲ ငရဲလို့ နာမည်ပေးထားခဲ့ပါတယ်။

နှင်းမုန်တိုင်းတွေကလည်း ခဏခဏတိုက်နေတော့ အဖွဲ့သားတွေရဲ့ကျန်းမာရေးဟာ ချို့တဲ့လာပါတယ်။ ဂျိတ်ဟိုဘတ်ဆိုတဲ့ အဖွဲ့သားတစ်ယောက်ဟာ နှင်းမုန်တိုင်းမိပြီး သေဆုံးသွားခဲ့ရတယ်'

'သူတို့အားလုံး သေမကုန်တာ အတော်ကံကောင်းတာပဲ'

သမ္မတကြီးက မှတ်ချက်ချလိုက်၏။ ပြီးမှ မေးခွန်းထုတ်လိုက်သည်။

'သူတို့ ဘိုင်ဇမ်နီယံသတ္တုကို ရခဲ့ကြ[illegible]

'ရခဲ့ပါတယ် သမ္မတကြီး၊ ဘရူးစတားနဲ့[illegible]သားတွေဟာ သတ္တုတွင်းနဲ့ သတ္တုတွင်းထဲမှာရှိနေတဲ့ တူးဖော်ရေးကိရိ[illegible]ပိရိရိ ဖုံးပစ်ခဲ့ကြတယ်။

'သတ္တုတွေကို ကမ်းခြေအရောက် [illegible]ရိကန်စစ်တပ်က မြောက်ဝင်ရိုးစွန်း လေ့လာရေးအတွက် လွှတ်[illegible]သုံးပင်တိုင် မီးသင်္ဘောကလေးပေါ်ကို တင်ကြတယ်။ သင်္ဘောဦးစီးမှူးကတော့ အမေရိကန်ရေတပ်မတော်က ဗိုလ်ကြီးပရက်ပဲ'

'ဘရူးစတားတို့အဖွဲ့က သတ္တုတန်ချိန် ဘ[illegible]ခဲ့လဲ'

'ဒေါက်တာကိုပလင်ရဲ့ ခန့်မှန်းချက်အရဆို[illegible]လောက် ရခဲ့ပါတယ်။ သိပ်ပြီးမျိုးကောင်းတဲ့သတ္တုလို့ အစီရင်ခံထားပါတယ်'

'ဒီသတ္တုတန်ဝက်ကို သိပ္ပံနည်းအရ ပြုပြင်လိုက်ရင် ဘိုင်ဇမ်နီယံသတ္တုချော ဘယ်နှစ်အောင်စလောက် ထွက်လာမလဲ'

'အကြမ်းဖျဉ်း အောင်စ ငါးရာလောက်တော့ ထွက်လာမှာပါ'

'အောင်စ ငါးရာဆိုရင် မဟာစီမံကိန်းကြီးအတွက် လိုတာထက်တောင် ပိုနေပြီမဟုတ်လား'

'ဟုတ်ပါတယ် သမ္မတကြီး'





'ဒါဖြင့် ဘရူးစတားဟာ ဒီသတ္တုရိုင်းတွေကို အမေရိကန်ရောက်အောင် သယ်မလာနိုင်ခဲ့ဘူးပေါ့'

'သယ်မလာနိုင်ခဲ့ပါဘူး သမ္မတကြီး၊ ဗိုလ်ကြီးပရက် ဦးစီးလာတဲ့ မြောက်ဝင်ရိုးစွန်း လေ့လာရေးသင်္ဘောဟာ နော်ဝေနိုင်ငံ တောင်ဘက်ကမ်းခြေအလွန်ကို ရောက်လာပြီး နယူးယောက်မြို့ရှိတဲ့ အရှေ့ဘက်ကို ဦးမတည်နိုင်ခင်မှာ...

'အမျိုးအမည်မသိရတဲ့ သင်္ဘောတစ်စီးရဲ့ ဝင်ရောက်တိုက်ခိုက်မှုကို ခံလိုက်ရပါတော့တယ်'

ဆီးဂရင်းက အသံကို မြှင့်လိုက်ပြီး...

'ဒါပေမဲ့ ကျွန်တော်တို့အမေရိကန်တွေကလည်း ခေတဲ့လူတွေမဟုတ်ပါဘူး။

အမျိုးအမည်မသိတဲ့ သင်္ဘောက အမြောက်နဲ့ နှစ်ချက်လောက်ပစ်အပြီးမှာ ကျွန်တော်တို့သင်္ဘောက ပုံဖျက်ဖုက်ယူလာတဲ့ ငါးလက်မအမြောက်နဲ့ ပြန်ထုနိုင်ခဲ့ပါတယ်။

သင်္ဘောနှစ်စီးရဲ့ စီးချင်းတိုက်ပွဲဟာ နေဝင်မိုးချုပ်တဲ့အထိ ကြာလာခဲ့တယ်။ ဗိုလ်ကြီးပရက်က ရန်သူ့သင်္ဘောရဲ့ ဘွိုင်လာကို တည့်တည့်ကြီး ထိအောင် ပစ်လိုက်နိုင်တဲ့အတွက် ရန်သူ့သင်္ဘောဟာ မီးထလောင်ပါလေရော။

ကျွန်တော်တို့ အမေရိကန်တွေဘက်ကလည်း အတော်အထိနာနေပြီ။ သင်္ဘောထဲကို ရေတွေစိမ့်ဝင်နေပြီး ဗိုလ်ကြီးပရက်ရဲ့ ရေတပ်သားတွေထဲက တစ်ယောက်ကျဆုံး၊ လေးယောက် အပြင်းအထန် ဒဏ်ရာရခဲ့ပါတယ်။

ဗိုလ်ကြီးပရက်နဲ့ မိုင်းအင်ဂျင်နီယာကြီး ဘရူးစတားတို့နှစ်ယောက်ဟာ ဘယ်လိုဆက်လက်ဆောင်ရွက်သင့်တယ်ဆိုတာ ဆွေးနွေးကြပြီးတဲ့နောက် အနီးဆုံး မိတ်ဆွေနိုင်ငံက ဆိပ်ကမ်းမှာ ဝင်ကပ်မယ်၊ ဒဏ်ရာရထားတဲ့ ရဲဘော်တွေကို ဆေးရုံပို့မယ်၊ ဘိုင်ဇမ်နီယံ သတ္တုတွေကို အဲဒီဆိပ်ကမ်းကနေပြီး အမေရိကား အရောက်ပို့မယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

အမျိုးအမည်မသိတဲ့ ရန်သူ့သင်္ဘောကတော့ မီးလောင် ပေါက်ကွဲသွားတဲ့အတွက် အန္တရာယ်မရှိတော့ပေမယ့် ကိုယ့်သင်္ဘောက ရေတွေစိမ့်ပြီးဝင်နေတော့ ဗိုလ်ကြီးပရက်ဟာ သင်္ဘောကို ဖြည်းဖြည်းပဲ မောင်းလာနိုင်ခဲ့တော့တယ်။

[illegible] အရုဏ်တက်တဲ့အချိန်မှာ ဗိုလ်ကြီးပရက်ရဲ့သင်္ဘောဟာ [illegible] အဘာဒင် ဆိပ်ကမ်းနားကို ချဉ်းကပ်လာနေတော့တယ်[illegible]

ဤတွင် သမ္မတကြီးက ကြားဖြတ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



'ဒီသတ္တုတွေကို ကုန်သင်္ဘောတစ်စီးပေါ် လွှဲပြောင်းတင်ပြီး ပို့မယ့်အစား အမေရိကန်ရေတပ်က စစ်သင်္ဘောကြီးတစ်စီးနဲ့ တင်ပေးလိုက်ရင် ပိုပြီး စိတ်ချရဘူးလား'

'စိတ်ချရမယ်လို့လည်း သေသေချာချာ မပြောနိုင်ပါဘူး သမ္မတကြီးခင်ဗျား ဒီသတ္တုကို ပြင်သစ်ကုမ္ပဏီနာမည်နဲ့ တူးဖော်ခဲ့တာဖြစ်နေလေတော့ ပြင်သစ်အစိုးရက ဒီသတ္တုတွေ ကျွန်တော်တို့ အမေရိကန်လက်ထဲရောက်သွားပြီဆိုတာ သိလာရင်...

သံတမန်နည်းအရ တောင်းဆိုလာမှာကို မစ္စတာဘရူးစတားက စိုးရိမ်မိပုံရပါတယ်။ နို့ပြီး လောလောလတ်လတ် အမျိုးအမည်မသိတဲ့ သင်္ဘောတစ်စီးရဲ့ ဝင်ရောက်တိုက်ခိုက်မှုကိုလည်း ခံစားရတော့ သူက ဒီလိုစိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပဲ။

နောက်တစ်ချက်က ဒီသတ္တုတွေဟာ ဘရူးစတားလက်ထဲမှာ ရှိနေတယ်ဆိုရင် ပြင်သစ်က သံတမန်နည်းအရ အရေးဆိုလာဦးတော့ အမေရိကန်အစိုးရအာ မသိကျိုးကျွန် လုပ်နေလို့ ရတယ်မဟုတ်လား သမ္မတကြီး'

ဘရူးစတားဟာ သိပ်ကို အကြံကြီးတဲ့လူ၊ လူတလည်း ကျားကျားလျားလျား ရှိလိမ့်မယ်နဲ့တူတယ်'

သမ္မတကြီးက ထင်မြင်ချက်ပေးလိုက်သည်။

'ဘရူးစတားဟာ အရပ် ငါးပေ နှစ်လက်မသာရှိတဲ့လူပါ ခင်ဗျာ'

'အို...ဟုတ်လား၊ သိပ်ကို အံ့သြစရာကောင်းတဲ့လူ၊ ကိုယ်ကျိုးမပါဘဲ တိုင်းပြည်အတွက် သက်စွန့်ဆံဖျား ကြိုးစားဆောင်ရွက်ခဲ့တဲ့ သူ့ကျေးဇူးကို မေ့နိုင်စရာမရှိပါဘူး၊ ထာဝရဘုရားသခင်က သူ့ကို ကောင်းချီးပေးပါစေ'

ဤတွင် မစ္စတာရော်ဂျာက ကြားဝင်ကာ–

'ဒါပေမဲ့ သမ္မတကြီး ဘရူးစတားဟာ သူ့တာဝန်ကို ဆုံးခန်းတိုင် ရောက်တဲ့အထိ မဆောင်ရွက်နိုင်ရှာပါဘူး။

အဘာဒင်ဆိပ်ကမ်းမှာ ကပ်ထားတဲ့ သင်္ဘောက ဘိုင်ဇမ်နီယံသတ္တုတွေကို ထရပ်ကားပေါ်တင်မယ်လို့ လုပ်နေတဲ့ညမှာ ပြင်သစ်သူလျှိုအဖွဲ့က စေလွှတ်လိုက်တဲ့ လူတစ်စု ရောက်လာပြီး ဘရူးစတားတို့အဖွဲ့ကို ဝိုင်းဝန်းတိုက်ခိုက်ပြီး သတ္တုတွေကို လုယူဖို့ ကြိုးစားလာကြတယ်။

'ပြင်သစ်သူလျှိုဂိုဏ်းဝင်တွေက အသံထွက်တဲ့ လက်နက်ဆိုလို့ တစ်ခုမှ





သုံးဘဲ ဓားနဲ့၊ လက်သီးနဲ့ အစွမ်းပြလာကြတယ်။ ဘရူးစတားတို့ အဖွဲ့သားတွေကလည်း သတ္တုတွင်းတူးသမားတွေဆိုတော့ ဒီလောက် အကြမ်းအရမ်း၊ အထိုးအသတ်ကို ဘယ်မှုကြမလဲ။

တိုက်ခိုက်လုယက်ဖို့လာတဲ့ ပြင်သစ်သူလျှိုအဖွဲ့က အဖွဲ့ဝင်ခြောက်ယောက်ဆို ဘရူးစတားတို့က ရေထဲကိုပစ်ချလိုက်နိုင်ကြတော့ ကျန်တဲ့ ရန်သူတွေက ထွက်ပြေးသွားကြပါရော...။

ဒါပေမဲ့ ဒီတိုက်ပွဲဟာ ပဏာမလောက်ပဲ ရှိသေးတယ်။ ဘိုင်ဇမ်နီယံသတ္တုကို ထရပ်ကားနဲ့တင်ပြီး ယူလာတဲ့အချိန်မှာ လူပြတ်တဲ့လမ်းက၊ လူတွေရှုပ်နေတဲ့လမ်းထဲက မမျှော်လင့်ဘဲ ပေါ်ထွက်လာတဲ့ ရန်သူတွေကို ဘရူးစတားနဲ့ အဖွဲ့သားတွေက တစ်လမ်းလုံး တွန်းလှန်တိုက်ခိုက်သွားကြရတာဟာ ဗြိတိန်နိုင်ငံကို ကန့်လန့်ဖြတ်ပြီးသွားရတဲ့ လမ်းတစ်လျှောက်လုံးမှာလိုပါပဲ။

ဘရူးစတားရဲ့ အဖွဲ့သားတွေထဲက ဗျွန်ကတ်ဝဲလ်၊ အဲလ်ဗင်ကောင်လ်တာနဲ့ တောမက်စ်ပရိုက်စ်တို့ သုံးယောက်ဟာ ဂလာစကိုမြို့အပြင်ဘက်မှာ ရန်သူ့လက်ချက်နဲ့ ကျဆုံးသွားခဲ့ရတယ်။

အဖွဲ့သားတစ်ယောက်ဖြစ်တဲ့ ချားလ်ဝစ်နေဟာ နယူးကာဆယ်မြို့နားမှာ အသက်ပေးသွားခဲ့ရတယ်။ ဝေါလတာ ဆက်ချ်မစ်ကတော့ စတားဖို့ မြို့နားမှာ၊ ဝါနာအိုဒင် မင်းကတော့ ဘရီမင်ဟန်မြို့နားမှာ အသက်ပျောက်သွားခဲ့ကြရတယ်။

လူကြမ်း လူသန်ကြီးတွေဖြစ်တဲ့ သတ္တုတွင်းတူးသမားကြီးတွေဟာ ဘိုင်ဇမ်နီယံသတ္တုတွက် သူတို့ဇာတိရပ်ရွာနဲ့ ဝေးကွာတဲ့ အရပ်ဒေသမှာ သူတို့အသက်ကို တိုင်းပြည်အတွက် ပေးလှူသွားခဲ့ကြရပါတယ်။

ဆောက်သင်တမ် သင်္ဘောဆိပ်မှာ ဘိုင်ဇမ်နီယံသတ္တုရိုင်းတွေကို သင်္ဘောကုန်လှောင်ရုံထဲ ရောက်တဲ့အထိ အသက်ရှင်ကျန်နေတာကတော့ အင်ဂျင်နီယာကြီး ဘရူးစတားနဲ့ အဖွဲ့သား ဗာနွယောလ်တို့နှစ်ယောက်ပဲ ဖြစ်ပါတယ်'

မစ္စတာရော်ဂျာ၏ စကားအဆုံးတွင် သမ္မတကြီးက...

'ကုန်လှောင်ရုံထဲက သတ္တုတွေကို ဒါဖြင့် ပြင်သစ်တွေက ရသွားတော့တာပေါ့'

'ဒီလိုမဟုတ်ပါဘူး သမ္မတကြီး၊ ပြင်သစ်တွေဟာ ဘိုင်ဇမ်နီယံသတ္တုတွေကို ဆယ်လီ့ တောင် ထိခွင့်မရခဲ့ပါဘူးခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ဤအဖြေကိုပေးလိုက်သူက မစ္စတာဆီးဂရင်း...။

ဆီးဂရင်းက ဘာရှုးစတား၏ နေ့စဉ်မှတ်တမ်းစာအုပ်ကလေးကို ကောက်ကိုင်လိုက်ပြီး...

'မစ္စတာဘာရှုးစတား နောက်ဆုံးရေးခဲ့တဲ့ နေ့စဉ်မှတ်တမ်းကို ကျွန်တော်ဖတ်ပြပါမယ်။ ၁၉၁၂ ခုနှစ်၊ ဧပြီလ ဆယ်ရက်နေ့စွဲနဲ့ မှတ်တမ်းတင်ခဲ့တဲ့ မှတ်တမ်းပါ။

ကျွန်ုပ်သည် သေသူနှင့် မခြားတော့။ ကျွန်ုပ်တို့ဆောင်ရွက်ခဲ့သောလုပ်ငန်းကား တိုင်းပြည်အတွက်ဖြစ်၍ ကြီးကျယ်မြင့်မြတ်လှပါ၏။

အဖိုးအဖြတ်တန်လှသည့် သတ္တုများကို လူမနေသော တစ္ဆေကျွန်းမှ အရယူဆောင်နိုင်ခဲ့သဖြင့် ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကို အထူးအောက်မေ့ရပါ၏။ ယခုအခါ၌ကား ယင်းသတ္တုများသည် နယူးယောက်မြို့သို့ ထွက်ခွာမည့် ကြယ်ဖြူသင်္ဘောကြီး၏ ရေမဝင်အောင် ပိတ်လှောင်ထားသည့် သံမဏိ ကုန်ပေါက်ထဲသို့ရောက်ပြီး ဖြစ်နေပေပြီ။

ကျွန်ုပ်သည် ကြယ်ဖြူတံဆိပ် တပ်ဆင်ထားသော သင်္ဘောကြီးဖြင့် နယူးယောက်သို့ လိုက်သွားတော့မည်ဖြစ်ရာ ကျွန်ုပ်တို့ စွန့်စားဆောင်ရွက်ခဲ့ပုံများကို ပြန်လည်ပြောပြမည့်သူဟူ၍ အဖွဲ့သား **ဗာန်ဟောလ်** တစ်ယောက်သာ ကျန်ရှိနေပေတော့မည်။

ကုန်လှောင်ပေါက်တွက် သတ္တုများကို လုံခြုံစွာထည့်သွင်းပြီး ဖြစ်နေသည့်အလျောက် ကျွန်ုပ်သည် ဤနေ့စဉ်မှတ်တမ်းစာအုပ်ငယ်ကို ဆောက်သင်တမ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန် ဂျိမ်းစ်ရော့ဒ်ဂျား ထံ ကောင်းစွာအပ်နှံခဲ့ပါ၏။

အကယ်၍ လမ်းတွင် ကျွန်ုပ်သေဆုံးသွားခဲ့သည်ရှိသော် ဂျိမ်းစ်ရော့ဒ်ဂျားက ကျွန်ုပ်၏ နေ့စဉ်မှတ်တမ်းကို နယူးယောက်ရှိ သက်ဆိုင်ရာ အာဏာပိုင်များလက်သို့ အရောက်ပို့ပေးပါလိမ့်မည်။

ကျွန်ုပ်ထက်အရင် အသက်ပေးလှူသွားကြရသော အဖွဲ့ဝင်များအား ထာဝရဘုရားသခင် စောင့်ရှောက်တော်မူပါစေ။

ဩော်...**ဆောက်ဘီကိုလွမ်းလိုက်ပါဘိ'**

ဆီးဂရင်း၏ စာဖတ်သံအဆုံးတွင် စာကြည့်ဆောင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

ပြတင်းပေါက်လေသာမှ အပြင်ဘက်သို့ ငေးကြည့်နေသော သမ္မတကြီးက





ကုလားထိုင်တွင် ပြန်၍ဝင်ထိုင်လိုက်ပြီး...

'ဒီမှတ်တမ်းအရ ဘိုင်ဇမ်နီယံသတ္တုဟာ အမေရိကားမှာပဲရှိနေတယ်လို့ ဆိုလိုတာလား၊ ဘာရှုးစတားဆိုတဲ့လူကတော...'

သမ္မတကြီး စကားဆုံးမိ မစ္စတာဆီးဂရင်းက...

'ဒီသတ္တုဟာ အမေရိကားမှာ မရှိပါဘူး သမ္မတကြီး၊ ဘာဖြစ်လို့လဲဆိုတော့ ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ အင်္ဂလန်နိုင်ငံ ဆောက်သင်တမ်ဆိပ်ကမ်းက ထွက်ခွာလာတဲ့ ကြယ်ဖြူတပ်ထားတဲ့ သင်္ဘောကြီးဆိုလို့ တစ်စီးတည်းသာရှိနေသေးပါပဲ။

အဲဒီ ကြယ်ဖြူတံဆိပ်တပ်ထားတဲ့ သင်္ဘောကြီးကလည်း ဇိမ်ခံသင်္ဘောကြီး **တိုင်တန်နစ်** ဖြစ်နေပါတယ်။ အာရ်၊ အမ်၊ အက်စ် တိုင်တန်နစ်ပါ'

'တိုင်တန်နစ်...ဟုတ်လား'

သမ္မတကြီးက သေနတ်ဖြင့် အပစ်ခံလိုက်ရသလို ထိတ်လန့်တကြားစကားဆိုလိုက်၏။

'အင်း...ဒါကြောင့် ဒီသတ္တုဟာ အစမပေါ်ဘဲ ပျောက်နေခဲ့တာကိုး'

သမ္မတကြီး၏မှတ်ချက်ကို မစ္စတာရော့ဂျာက...

'ဟုတ်ပါတယ် သမ္မတကြီး၊ ကိုလိုရာဒိုနယ်သား သတ္တုတူးဖော်ရေးသမားတွေကို ကံကြမ္မာကိုက လိုက်ပြီး ညှဉ်းဆဲခဲ့တာပါပဲ။ ဘာရှုးစတားနဲ့ သူ့အဖွဲ့သားတွေဟာ သမုဒ္ဒရာထဲမှာ နစ်မြုပ်ပြီး ပျောက်ကွယ်သွားမယ့် တိုင်တန်နစ် ဇိမ်ခံသင်္ဘောကြီးရဲ့ ကုန်လှောင်ပေါက်မှာမှ ဒီသတ္တုတွေကိုထည့်ပြီး ယူလာမိခဲ့လျက်သား ဖြစ်နေရတော့တယ်'

စာကြည့်ဆောင်တစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။

သမ္မတကြီးသည် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်နေရာမှ စကားဆိုလိုက်မိ၏။

'ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ ရဲဘော်တို့'

စာကြည့်ဆောင်ထဲတွင် ဆယ်စက္ကန့်မျှ တိတ်ဆိတ်နေ၏။

ဆီးဂရင်းက ထိုင်နေရာမှ ယိုင်တိယိုင်တိုင် ထရပ်လိုက်၏။

ပင်ပန်းထားခဲ့လေသမျှ၊ စိတ်စောထားခဲ့လေသမျှ၊ ကြိုးပမ်းထားခဲ့လေသမျှနောက်ဆုံးတွင် အချည်းနှီးဖြစ်ရလေပြီဟူသော အသိက ဆီးဂရင်းအား စိတ်ရောကိုယ်ပါ လှုပ်ရှားမှုကင်းကွာစေသကဲ့သို့ ခံစားနေရ၏။

သူက ချောင်းတစ်ချက်ဟန့်လိုက်သည်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ သမ္မတကြီး၊ ငုပ်မိသဲတိုင် တက်နိုင်များရောက် ဆိုတဲ့စကားအတိုင်း ကျွန်တော်တို့ လုပ်နိုင်တဲ့အလုပ် တစ်ခုပဲရှိတော့တယ်။

'ဒီအလုပ်က တိုင်တန်နစ်သင်္ဘောကြီးကို ပြန်ဆယ်ဖို့ပဲ'

သမ္မတကြီးနှင့် မစ္စတာရော်ဂျာတို့က ဆီးဂရင်း၏မျက်နှာကို မော့၍ ငြိုင်တူ ကြည့်လိုက်ကြသည်။

ဆီးဂရင်းက ထပ်၍ဆိုလိုက်၏။ သည်အကြိမ်မှာတော့ သူ့အသံက ပြတ်သားမာကျောနေ၏။

**'တိုင်တန်နစ်သင်္ဘောကြီးကို ပြန်ဆယ်ရမယ်'**

●



# အပိုင်း [ ၃ ]

**အတ္တလန္တိတ်သမုဒ္ဒရာ**

**ရေနောက်ကမ္ဘာ**

**၁၉၈၆ ခုနှစ်၊ စက်တင်ဘာ**

[ ၂၂ ]

ပတ်လည်ကြည့် မျှော်စင်မှ ကြည့်လိုက်လျှင် မြေနှင့်တူသည့်အရာဟူ၍ လုံးဝမမြင်ရ။ မျှော်စင်ကိုဝန်းဝိုင်း ဖိထားသည့်အရာက ရေ။

ပကတိ နက်မှောင်နေသည့် ရေ။

အလင်းရောင်ဟူ၍လည်း မမြင်ရ။

ပြွန်ခေါင်းကြီးတစ်ခုအတွင်းသို့ သက်ဆင်းနေသလို ခံစားနေရသည်။

ပင်လယ်ရေပြင်အနက်အောက်သို့ ထောက်လှမ်းရေးလုပ်ငန်းကို ဆောင်ရွက်ရန် ဆင်းလာသည့် ဆာပိုတစ် (ခေါ်) ရေနတ်သမီးရေယာဉ်က ရေအနက် ပေ ၁၂၅၀၀ အရောက်တွင် ရပ်သွားသည်။

ဆာပိုတစ်ကို ပင်လယ်ရေအနက် ၂၄၀၀၀ အထိ ဆင်း၍ ထောက်လှမ်းရေး လုပ်နိုင်အောင် စီမံထားခဲ့သည်။

ယခုရောက်နေသည့် နေရာက ပင်လယ်ရေအနက် ၁၂၅၀၀ မှာ



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေအောက်ကြမ်းပြင်တွင် ထောက်လှမ်းရေးလုပ်နိုင်ရန် အထူးစီမံထားသည့် ဆာပိုတစ်ရေယာဉ်ကို မောင်းနှင်လာသူက အဲလ်ဘာတ်။

ဆာပိုတစ်က ဧရာမ ဆေးပြွင်းလိပ်ကြီး တစ်လိပ်နှင့် တူနေ၏။

ပင်လယ်ရေအောက်သို့ ပေ ၃၀ ဆင်းလိုက်တိုင်း ပင်လယ်ရေဖိအားက တစ်လက်မ စတုရန်းတွင် ၁၅ ပေါင်စီ လေးလာသည်။

ယခုရောက်နေသည့်နေရာတွင် ပင်လယ်ရေဖိအားက ပေါင်ချိန် ၆၂၀၀။ တစ်လက်မစတုရန်းအတွက် စီးနေသည့် ဖိအားပေါင်ချိန်။

ပိုင်းလော့ အဲလ်ဘာတ်က ဆာပိုရေယာဉ်မှ မီးများကို ဖွင့်လိုက်သည်။ ရေယာဉ်အတွင်းဘက်တွင်သာမက အပြင်ဘက်ကိုပါ လင်းထိန်စေသည့်မီး။

'ကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါလား'

အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ ပိုင်းလော့အဲလ်ဘာတ်က ဓာတ်ပုံဆရာ ဝုဆန်ကို ကော်ဖီခွက်ကိုင်လျက် တွေ့လိုက်ရလေသည်။

'ကျုပ်တို့ရဲ့ ထောက်လှမ်းရေးကိရိယာ ဆိုနာက လွှန်ခဲ့တဲ့ ခြောက်နာရီအတွင်းမှာ ဘောလုံးလောက်ကြီးတဲ့ ကျောက်ခဲကလွဲပြီး ဘာမှ ထောက်လှမ်းလို့မရသေးဘူး။ ဒီနေရာက ပင်လယ်ကြမ်းပြင်ကတော့ ကျုပ်အဆက် မိန်းကလေးရဲ့ ဗိုက်လို ပြားပြားကိုချပ်လို့'

ဗိုက်မဟုတ်ဘဲနဲ့ ရင်ကိုပြောတာလား ပိုင်းလော့'

ပင်လယ်ရေအောက် ဓာတ်ပုံဆရာ ဝုဆန်က ငြီးငွေ့မှုပြေပျောက်အောင် အရွှန်းဖောက်လိုက်သည်။

'သူ့အဖေက အရက်ကုမ္ပဏီ သူဌေးဆိုတော့ ရင်ပြားပြား၊ တင်ပြားပြား ကျုပ်အဖို့တော့ ကိစ္စမရှိပါဘူးဗျာ'

အဲလ်ဘာတ်က ကော်ဖီတစ်ကျိုက် ကျိုက်ပြီး ပြန်ပြောလိုက်သည်။

ဤအချိန်တွင် ပင်လယ်ရေအောက် ထောက်လှမ်းရေးတာဝန်ကို ဦးစီးမှူးအဖြစ် တာဝန်ယူထားရသည့် ရှုဒီဂန်းက ပိုင်းလော့ခန်းထဲသို့ ပြုံးပြုံးရွှင်ရွှင် ဝင်လာသည်။

'ထောက်လှမ်းရေး ကိရိယာက ဘာမှထောက်လှမ်းလို့ မရသေးဘူးလား'

ဂန်း၏ မေးခွန်းကို အဲလ်ဘာတ်က အလယ်တွင်ချိတ်နေသည့် အစိမ်းရောင် မှန်ကူကွက်ကြီးဆီသို့ မေးငေါ့ပြလိုက်ခြင်းဖြင့် အဖြေပေးလိုက်သည်။

အစိမ်းရောင် မှန်ကူကွက်ကြီးပေါ်တွင် ဘာမှထင်မလာ။





'ကျုပ်တို့ နောက်ထပ် ဆယ်နာရီကြာအထိ အလုပ်ဆက်လုပ်ကြမယ်။ ပြီးရင် ရေပေါ်ကို ပြန်တက်မယ်၊ မိခင်ရေယာဉ်က ကျုပ်တို့ကို စောင့်ကြည့်နေတုန်းပဲမဟုတ်လား'

'စောင့်ကြည့်နေတုန်းပဲ ဦးစီးမှူး'

ထောက်လှမ်းရေးကိရိယာ ဆိုနာတွင် တပ်ဆင်ထားသည့် ထရန်ဂျူဆာ မိခင်ရေယာဉ်အပေါ်တွင် ရှိနေကြောင်း မီးရောင်ထိုး၍ ပြနေသည်။

'မိခင်ရေယာဉ်နဲ့ ဆက်သွယ်ပါ။ ၀၉၀၀ နာရီမှာ ကျုပ်တို့ ရေပေါ်ကို ပြန်ပြီး စ,တက်လာမယ်ဆိုတာ သတင်းပို့ထားပါ။ ဒါမှ မိခင်ရေယာဉ်က ကျုပ်တို့ကို နေမဝင်ခင် ရေပြင်မှာဆွဲခေါ်သွားဖို့ အစီအစဉ်ကို ကြိုလုပ်ထားနိုင်မှာ'

ဦးစီးမှူး၏ စကားအဆုံးတွင် ဓာတ်ပုံဆရာ ဝုဆန်က… 'ကျွန်တော်တော့ နေဝင်စအချိန်ဆိုတာ ဘယ်လိုနေတယ်ဆိုတာ မေ့သလောက်တောင် ဖြစ်နေပြီ'

'ဟုတ်တာပေါ့၊ ပင်လယ်ရေအောက်ထဲက ဒီအခေါင်းကျဉ်းကလေးထဲ ကျွန်တော်တို့ရောက်နေတာလည်း ၅၁ ရက်ရှိနေပြီ မဟုတ်လား'

ပိုင်းလော့အဲလ်ဘာတ်က ဝင်ထောက်လိုက်သည်။

အစကတော့ ကျွန်တော်တို့ဟာ လာဘရာဒါ ပင်လယ်ရေအောက် ကြမ်းပြင်မှာ ထောက်လှမ်းရေးလုပ်ရမယ်လို့လို့ နောက်ကျတော့ ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာရဲ့ နောက်ဆုံးအမိန့်အရ ဟောဒီ နယူးဖောင်လန်ကျွန်း ဂရင်းဘင့် ရေအိုင်နက်ကြီးထဲ ရောက်လာရတော့တယ်'

အဲလ်ဘာတ်စကားကို အားလုံး ငိုင်၍နားထောင်နေမိကြသည်။

ထောက်လှမ်းရေးရေယာဉ်ဆာပိုတစ် ပဲ့ပိုင်းရှိ ပတ်လည်ကြည့်မျှော်စင်တွင် တာဝန်ကျနေသော ဟင်နရီက ပင်လယ်ရေအောက်ကြမ်းပြင်တစ်လျှောက်ကို လေ့လာကြည့်ရှုနေရာမှ ဦးစီးမှူး ဂန်းရှိရာသို့ အချက်ပြဆက်သွယ်လိုက်သည်။

'သတ္တုနဲ့တူတဲ့အရာတစ်ခုကို တွေ့ရတယ်ထင်လို့ပါ၊ ရေယာဉ်ကို နောက်ဘက် နည်းနည်းဆုတ်ပြီး သေသေချာချာကြည့်ဖို့တော့ လိုပါလိမ့်မယ်'

ဦးစီးမှူးဂန်းက ပိုင်းလော့အဲလ်ဘာတ်ထံ ပင်လယ်ရေပြင်အောက်သုံး အသံ ဖုန်းဖြင့် လှမ်း၍ အမိန့်ပေးလိုက်၏။

အဲလ်ဘာတ်က စက်ခန်းသို့ ရေယာဉ်နှုန်းကို ထက်ဝက်လျှော့နည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ဆုတ်ရန် ထပ်ဆင့်အမိန့်ပေးလိုက်သည်။

ခဏအကြာတွင် ဂန်းက ဟင်နရီအား…

'ဘာများတွေ့သလဲ ဟင်နရီ'

'ပုံပန်းကတော့ မသဲကွဲသေးဘူး ဦးစီးမှူး၊ နောက်ဘက် ကိုက်နှစ်ဆယ်လောက်အကွာ သဲထဲမှာ နစ်တစ်ဝက် ပေါ်တစ်ဝက် ဖြစ်နေလို့ပါ'

ပင်လယ်ရေအောက် ထောက်လှမ်းရေး ရေယာဉ်ဆာပိုတစ်အတွင်းရှိ အဖွဲ့သားအားလုံးပင် ဘာများတွေ့လိမ့်မလဲ ဟူသော သိလိုစောဖြင့် ငြိမ်နေကြ၏။

ရေယာဉ်ပဲ့ပိုင်း အပြင်ဘက်တွင် ထွန်းထားသည့်မီးအားကို ဟင်နရီက အစွမ်းကုန်ဖွင့်လိုက်သည်။

ထိုနေရာတစ်လျှောက်ရှိ ပင်လယ်ရေအောက်ဝန်းကျင်က နေမင်းလို လင်းနေလေသည်။

'သင်္ဘောခေါင်းတိုင်ကလေးတစ်ခုနဲ့ တူသလိုလိုပဲ ဦးစီးမှူး၊ အစက အပေါ်ဘက်ကိုထောင်ပြီး တစ်ဝက်က သဲထဲမှာ နစ်နေတယ်။ ပိုင်းလော့ကို ရေယာဉ်ကို ရှေ့နစ်ကိုက်လောက် ပြန်တိုးပေးပါလို့ ပြောပေးပါ'

ချက်ချင်းလိုပင် ရေယာဉ်က ရှေ့ဘက်သို့ တရွေ့ရွေ့ပြန်တိုးလာ၏။

'ခေါင်းတိုင်ကလေးအဝရဲ့ အချင်းက ငါးလက်မလောက်ရှိတယ်။ ဘာမှ အပျက်အစီးမရှိဘူး၊ အကောင်းပကတိလိုပဲ'

ဟင်နရီက ဂန်းထံ သတင်းပို့နေစဉ် ဓာတ်ပုံဆရာ ဝုဆန်က ခေါင်းတိုင်နှင့်တူသည့်အရာကို ဓာတ်ပုံရိုက်ယူနေသည်။

မိမိ၏ပတ်လည် မျှော်စင်ထက်မှ စောင့်ကြည့်နေသော ဦးစီးမှူးဂန်းက ဟင်နရီအား လှမ်း၍ အမိန့်ပေးလိုက်၏။

'ဆယ်ယူရေးကိရိယာကိုသုံးပြီး ဆယ်ယူလိုက်တော့'

ဟင်နရီက အနားရှိ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်သောအခါ ကွေး၍၊ ကောက်၍၊ ဆန့်၍၊ ထုတ်၍၊ ကိုင်၍ တွယ်၍ ရနိုင်သည့် ဆယ်ယူရေးကိရိယာ၏ လက်တံတစ်ခုက သင်္ဘောခေါင်းတိုင် အငယ်ကလေးနှင့်တူသောအရာ ရှိရာသို့ ရောက်သွားသည်။

ငါးမိနစ်ခန့်အကြာတွင် ဆယ်ယူရရှိလိုက်သည့်အရာက ဂန်းလက်ထဲသို့ ရောက်လာတော့၏။

သင်္ဘောခေါင်းတိုင်ငယ်ကလေးနှင့်တူသည်ဟု စောစောက ထင်ရသည့်





ကြေးဝါဖြင့်လုပ်ထားသော ဗြူဂယ်ခေါ် ခလုတ်များတပ်ဆင်ထားသည့်

စစ်တီးဝိုင်း၊ သင်္ဘောဘင်ခရာဝိုင်းများတွင် တီးမှုတ်ရသည့် ဂီတပစ္စည်း။ ငါးလကျော် ခြောက်လနီးပါး ရှာဖွေထောက်လှမ်းခဲ့သည့်အခါ ရရှိလာ အရာက ကြေးဖြင့်လုပ်ထားသည့် ခရာတစ်ခု။

[ ၂၃ ]

သံဖြူဘဲငန်းကလေး…

လေယာဉ်ပျံသန်းမှုသမိုင်းတွင် သံဖြူဘဲငန်းကလေးဟု နိုင်းနှိုင်းခေါ်ရ အောင် ရှေးကျနေသော လေယာဉ်ကလေးက လေယာဉ်ကွင်း ကောင်းကင်ယံတွင် အမြင်မလှ။

မော်တာသုံးလုံးတပ် လေယာဉ်ကလေးမှုသာ။

အမြင်မလှသည့် သံဖြူ ဘဲငန်းကလေးသည် ဝါရှင်တန်လေယာဉ်ကွင်းပေါ်တွင် ပျံဝဲနေပြီးနောက် လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ဆင်းသက်လိုက် ၏။ စင်ရော်ငှက်ကြီးတစ်ကောင် လှလှပပ ဏ္ဍမြွေရစ္စာ ဆင်းသက်လာသကဲ့သို့။

သံဖြူ ဘဲငန်းကလေးကို မောင်းလာသော ဂျိုးမာတင်က စက်ခလုတ်တံသုံးခုကို နောက်သို့ဆွဲချလိုက်ပြီး လေယာဉ်ကွင်းမြောက်ဘက်ရှိ အမျိုးသား ပင်လယ်ရေအောက် ရှေးဟောင်းသုတေသန ရှာဖွေရေးအဖွဲ့ပိုင် လေယာဉ်ထားသည့် ရုံများအတွင်းသို့ ချဉ်းကပ်လိုက်၏။

လေယာဉ်ကလေး ရပ်နားလိုက်ပုံမှာ ဆောင်းဦးပေါက်အချိန်တွင် ရော်ရွက် ကလေးတစ်ရွက် မြေပေါ်သို့ သက်ဆင်းလာသည့်နှယ်။

စက်ခလုတ်များကို ရပ်လိုက်ပြီးနောက် ဂျိုးမာတင်က ငွေရောင်ပန်ကာများကို တဖြည်းဖြည်းရပ်သွားသည်အထိ ကြည့်နေ၏။ လေယာဉ်နားတွင် လေယာဉ်ကြဲ့နိုင်ရေး အလုပ်သမားများက အလုပ်ရှုပ်နေကြ၏။

ခေါင်းတွင်တပ်ထားသည့် နားကျပ်ကို ဖြုတ်ထွက်ပြီး ဂျိုးမာတင်က မိမိဘက်ရှိ လေယာဉ်ပြတင်းတံခါး ဖွင့်ထွက်သည်။

ညနေစောင်းနေရောင်တွင် ဂျိုးမာတင်၏မျက်နှာက မျက်မှောင်ကြုတ်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်ရှိ ကဗ္ဗရာခင်းလမ်းပေါ်တွင် သူ မတွေ့ချင်သည့် လူတစ်ယောက်က လက်များကိုဇွေ့ယမ်းလျက် သူ့အား နှုတ်ဆက်နေသောကြောင့်

'ကျွန်တော် လေယာဉ်ပေါ်ကို တက်လာခဲ့ရမလား'

ဆူညံနေသော လေယာဉ်သံများကို လွှမ်းမိုးကာ ဆီးဂရင်းအသံက ပေါ်ထွက်လာ၏။

'ကျွန်တော်ဆင်းလာခဲ့မယ်'

ဂျိုးမာတင်က ပြန်၍ အော်ပြောလိုက်သည်။

'မဆင်းခဲ့နဲ့၊ လေယာဉ်ပေါ်မှာပဲနေပါ၊ ကျွန်တော် တက်လာခဲ့မယ်'

ဆီးဂရင်း၏စကားကြောင့် ဂျိုးမာတင်က ပခုံးတစ်ဖက်ကို တွန့်လိုက်ပြီး လေယာဉ်ထိုင်ခုံတွင် ကျောမှီ၍ ထိုင်ပစ်လိုက်သည်။

ခဏအကြာတွင် သံဖြူဘဲန်းကလေး၏ ဦးပိုင်းခန်းသို့ မစ္စတာဆီးဂရင်း ရောက်လာ၏။

ဆီးဂရင်းက နောက်ဆုံးပေါ်ဝတ်စုံသစ်ကို ဝတ်ထားသည့်တိုင် သူ့မျက်နှာက သစ်သစ်လွင်လွင် ရွှင်ရွှင်ပျပျမရှိ။ ၂၄ နာရီလုံးလုံး တစ်ရေးမှမမှေးခဲ့ရသည့် မျက်နှာမျိုး။

'ရှေးကျသလောက် သိပ်လှတဲ့ ဒီလိုလေယာဉ်မျိုးလေးကို ခင်ဗျားမှပဲ တွေ့တတ်တယ်'

ဆီးဂရင်းက ရင်းရင်းနှီးနှီး စကားဆိုလိုက်၏။

'အိုက်စလန်ကျွန်းမှ ဈေးပေါပေါနှင့်ရတာနဲ့ ဝယ်လာခဲ့ပြီး ဒီရောက်မှ ပြုပြင်လိုက်တာပါ'

'လေယာဉ်ကလေးက ချစ်စရာပဲ'

ဂျိုးမာတင်က ဆီးဂရင်းအား လေယာဉ်ဦးပိုင်းရှိ တွဲဖက်လေယာဉ်မှူး ထိုင်သည့် ထိုင်ခုံလွတ်ကို ညွှန်ပြလိုက်ပြီး...

'ခင်ဗျားက ကျွန်တော်နဲ့ ဒီနေရာမှာပဲ စကားပြောချင်တယ်လား၊ ခဏကျရင် ဒီနေရာက သိပ်ကို နေရောင်ထိုးပြီး ပူလာလိမ့်မယ်'

'ခဏပါ၊ ကျွန်တော်ပြောစရာရှိတာက မကြာပါဘူး'

မစ္စတာဆီးဂရင်းက ထိုင်ခုံလွတ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီးနောက် သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးပင်ပင် ချလိုက်၏။

ဂျိုးမာတင်က ဆီးဂရင်းကို အကဲခတ်နေ၏။





ဂဏာမောက်နေသည့် လူတစ်ယောက်က ကိုယ်ရေးကြုံလာသည့်အချိန်တွင် အနိုင်ကိုချကာ အောက်ကျို့ခံနေရသည့် အနေအထားမျိုး။

'ကျွန်တော် ဒီအပေါ်ရောက်လာတာ ခင်ဗျား အတော်အံ့ဩနေလိမ့်မယ်'

မစ္စတာဆီးဂရင်းက ဂျိုးမာတင်အား မျက်နှာလွှဲကာ လေယာဉ်ဦးပိုင်းရှိ လေကာမှန်ကြီးကိုသာ စိုက်ကြည့်ရင်း ပြောလိုက်၏။

'ကျွန်တော်လည်း ခင်ဗျားပြောသလို ဖြစ်နေမိတာပဲ'

'ခင်ဗျားအကူအညီကိုလိုလို့ လာတာ'

မစ္စတာဆီးဂရင်းက တိုတိုတုတ်တုတ် လိုရင်းကိုချုပ်၍ ပြောသည်။ ယခင်က တစ်ယောက်နှင့်တစ်ယောက် ကတောက်ကဆဖြစ်ခဲ့ရပုံများကို နိဒါန်း သွယ်မနေ။

ဝ

ဂျိုးမာတင်က မျက်စိကိုမှေး၍ ခဏစဉ်းစားလိုက်ပြီး...

'ခင်ဗျားနဲ့ ကျွန်တော်ဟာ တောက်တဲ့နဲ့ ဆေးကြေးလို အပေါက်မတည့်တဲ့ လူတွေပါ။ ကျွန်တော်ကတော့ ဒီအတိုင်းပဲ ထင်ထားပါတယ်'

'ခင်ဗျားထင်ထားတာတွေ၊ ကျွန်တော်ထင်ထားတာတွေ၊ အဲဒါတွေ တစ်ခုမှ အရေးမကြီးပါဘူး၊ အရေးကြီးတာက ခင်ဗျားရဲ့ တတ်မြောက်ကျွမ်းကျင်မှုတွေကို ကျုပ်တို့အစိုးရက မရမနေ အလိုရှိနေတာပဲ အရေးကြီးတယ်'

ဂျိုးမာတင်က ဆီးဂရင်းထံမှ ကြားလိုက်ရသော စကားကြောင့် အံ့အားသင့်သွားသည်။ အံ့ဩသည်ဆိုသည့် အမူအရာကိုလည်း ဖုံးကွယ်ပစ်ရန် မကြိုးစား။

'မစ္စတာဆီးဂရင်း...ခင်ဗျားက ကျွန်တော့်ကို လာပြီးမြှောက်နေတာလား'

'မဟုတ်ပါဘူးဗျာ၊ မဟုတ်ပါဘူး၊ ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ဘာ ကိုယ်တိုင်က ခင်ဗျားတစ်ယောက်ကလွဲပြီး ကျုပ်တို့လုပ်ချင်တဲ့အလုပ်ကို ဘယ်သူမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူးလို့ ထောက်ခံထားတယ်'

မစ္စတာဆီးဂရင်းက ထုံးစံအတိုင်း 'ကျုပ်'ဆိုသော နာမ်စားကို ထပ်တလဲလဲ အသုံးပြုလာသည်။

အလုပ်စကားပြောရာတွင် စိတ်ပါလက်ပါ ရှိလာသည့်အခါတိုင်း မစ္စတာဆီးဂရင်းက 'ကျုပ်'ဟူသော နာမ်စားကို သုံးစမြဲ။

'ဘယ်လိုအလုပ်မျိုးများ ဖြစ်ပါလိမ့်'

'တိုင်တာန်နစ်သင်္ဘောကြီးကို ဆယ်ရမယ့် အလုပ်ပေါ့'

'ဟုတ်လား၊ သင်္ဘောဆယ်ရတဲ့အလုပ်က ပျော်စရာကောင်းတာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး၊ ဘယ်သဘော်လဲ'

ဂျိုးမာတင်က အားတက်သရောပြောလိုက်ပြီးမှ အလန့်တကြား စော ဖြတ်၍ မေးလိုက်၏။

'တိုင်တန်နစ်သဘော်ကြီးလေ၊ ခင်ဗျား ကြားဖူးမှာပေါ့'

ဂျိုးမာတင်က ဆယ်စက္ကန့်လောက် စကားမပြောသေးဘဲ ငိုင်နေသည် ပြီးမှ...

'ခင်ဗျား ဘာပြောနေတယ်ဆိုတာ ခင်ဗျားကိုယ်တိုင် သိရဲ့လား၊ မှူးထေ ဆီးဂရင်း'

'သိပ်သိတာပေါ့၊ သေသေချာချာ သိတာပေါ့'

'ဒီသင်္ဘော်ကြီးကို ဘယ်လိုလုပ်ပြီး ဆယ်လို့ရနိုင်မလဲဗျာ၊ ဒီသဘော်ကြီးဆ ဆယ်နိုင်လောက်အောင် ကျွမ်းကျင်မှုတွေ ကိရိယာ တန်ဆာပလာတွေ ရှိနေတဲ့ တိုင် ငွေကတော့ ဒေါ်လာသန်းပေါင်း ရာနဲ့ချီပြီး ကုန်ကျမယ်။

နောက်ပြီး သဘော်ရဲ့ မူလပိုင်ရှင်တွေ၊ အာမခံကုမ္ပဏီတွေနဲ့ တရားဥပဒေ ကြောင်းအရ မဆုံးနိုင် မတုံးနိုင် အမှုဆိုင်ရမှာတွေကလည်း ရှိနေသေးတယ်'

ဂျိုးမာတင်၏စကားကို မစွတာဆီးဂရင်းက...

'ခုအချိန်မှာ သဘော်ကြီးဆယ်ယူရေးနဲ့ ပတ်သက်ပြီး အင်ဂျင်နီယာနဲ့ သိပ္ပံပညာရှင် ၂၀၀ ကျော်ကျော်လောက်ဟာ သဘော်ကြီးဆယ်ယူရေးနဲ့ပတ်သက် တဲ့ ပညာပိုင်းဆိုင်ရာပြဿနာတွေကို ဖြေရှင်းနေကြတယ်။

ဆယ်ယူရေးရန်ပုံငွေနဲ့ ပတ်သက်ပြီးတော့ အစိုးရက လျှို့ဝှက်ရန်ပုံငွေ တစ်ရပ် ထုတ်ပေးဖို့လည်း အသင့်ပဲ။

တရားဥပဒေကြောင်းနဲ့ ပတ်သက်တာတွေကိုတော့ မေ့ထားလိုက်စမ်းပါ။ နိုင်ငံတကာပင်လယ်ရေကြောင်း ဥပဒေအရဆိုရင် ပြန်ဆယ်လို့ ရနိုင်မယ့် မထင်တော့တဲ့ သဘော်တစ်စီးကို ငွေတတ်နိုင်တဲ့လူက ဆယ်ယူခွင့်ရှိရမြဲပဲ'

ဆီးဂရင်းက ရှေ့ရှိ လေကာမှန်ကြီးကိုဖောက်လျက် အပြင်သို့ ငေးကြည့် ရင်း ဆက်၍ စကားဆိုနေသည်။

'ဒီသဘော်ကြီး ဆယ်ယူရေးကိစ္စဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ခင်ဗျားမသိသေးဘူး ဂျိုး၊ တိုင်တန်နစ်သဘော်ကြီးကို ဆယ်ယူရရှိရေးဟာ ရတနာ သိုက်ကြီးတစ်ခုကို ဖော်ထုတ်ရတာထက် အရေးကြီးနေသလို သမိုင်းဝင်ပစ္စည်း တစ်ခုကို တူးဖော်နေရတာထက်လည်း အရေးကြီးနေတယ်။





ဒီသဘော်ကြီးရဲ့ ကုန်လှောင်ပေါက်တစ်ခုတည်းမှာ ကျုပ်တို့နိုင်ငံရဲ့ လုံခြုံ ရေးအတွက် အဓိကအရေးကြီးတဲ့ပစ္စည်းတစ်ခု ရှိနေတယ် ဂျိုး'

ဂျိုးမာတင်က...

'သိပ်ပြီး ကြီးကျယ်တာပဲလို့ ကျွန်တော်က မှတ်ချက်ချရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'အကြောင်းမသိသေးတဲ့ လူတွေအတွက်တော့ သိပ်ပြီး ကြီးကျယ်တဲ့စကား လို့ ဖြစ်နေမှာပါ။ ဒါပေမဲ့ ဖြစ်ရပ်ကတော့ တကယ်အမှန်ပါပဲ'

ဂျိုးမာတင်က ခေါင်းကို ခါယမ်းလိုက်ပြီး...

'ဖြစ်ရပ်က တကယ်မှန်တယ်ပဲထားဦး၊ လုပ်ရမယ့်အလုပ်ကတော့ မဖြစ်နိုင် တဲ့ အလုပ်ကြီးပဲ။

တိုင်တန်နစ်သဘော်ကြီးဟာ ပင်လယ်ရေအောက် နှစ်မိုင်ခွဲလောက်မှာ နစ်မြုပ်နေတယ်။ အဲဒီလောက် ရေအောက်အနက်မှာ ရေဖိအားက စတုရန်း တစ်လက်မမှာ ပေါင်ချိန် ထောင်နဲ့ချီပြီး ရှိနေတယ်။ အတားအဆီးတွေ၊ အခက် အခဲတွေကတော့ ပြောလို့ကုန်နိုင်မှာ မဟုတ်ဘူး။ ပင်လယ်ရေအောက် ပေသုံးရာ အနက်လောက်မှာ နစ်မြုပ်နေတဲ့ အင်ဒရီယာ ဒေါ်ရီယာဆိုတဲ့ သဘော်နဲ့ လူစီ တန်နီယာဆိုတဲ့ သဘော်တွေကိုတောင် ဘယ်သူမှ ဟုတ်တိပတ်တိ ဆယ်ဖို့ မကြိုးစားခဲ့ကြဖူးဘူး'

'လမျက်နှာပြင်ပေါ် လူတွေကို ကျုပ်တို့က တင်ထားနိုင်ခဲ့တယ်။ ပင်လယ် ရေအောက် နှစ်မိုင်ခွဲလောက်က တိုင်တန်နစ်ကို ကျုပ်တို့ ဘာဖြစ်လို့ ရေပြင်ပေါ် ပြန်ရောက်အောင် မဆယ်နိုင်ရမှာလဲ'

ဆီးဂရင်း၏ စောဒကတက်ချက်ကို ဂျိုးမာတင်က...

'ဒါကတော့ နှိုင်းလို့ မရနိုင်လောက်တဲ့ ပြဿနာနှစ်ရပ်ပါ။ လေးတန် လောက်ရှိတဲ့ ဒုံးပျံထိပ်ဖူးတစ်ခုကို လ,မျက်နှာပြင်ပေါ်ရောက်ဖို့ ဆယ်နှစ်လောက် ကြိုးပမ်းခဲ့ကြရတယ်၊ တန်ချိန် ၄၅၀၀၀ လောက်ရှိတဲ့ တိုင်တန်နစ်သဘော်ကြီး ကို ပင်လယ်ရေအောက် နှစ်မိုင်ခွဲလောက်ရှိတဲ့နေရာက ရေပြင်ပေါ် ပြန်ရောက် အောင် ပြန်ဆယ်ရမယ့်အလုပ်က သီးခြားပြဿနာပဲ။ သဘော်ကြီးကို တွေ့အောင် လိုက်ရှာရမှာကိုက လတွေ အများကြီးကြာနေလိမ့်မယ်'

'ရှာဖွေရေးလုပ်ငန်းကိုတော့ စပြီး လုပ်နေကြပါပြီ'

'ကျွန်တော်ဖြင့် ဘာမှ မကြားမိသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ရှာဖွေရေးလုပ်ငန်း စတယ်ဆိုပေမယ့် နာမည်လောက်ပဲ ရှိပါသေးတယ်'

ဆီးဂရင်းက ဖြစ်ရပ်အမှန်ကို ဝန်ခံလိုက်ရင်း...

'ဒါပေမဲ့ ခင်ဗျားလိုလူတစ်ယောက် ဦးစီးပြီး ရှာဖွေတဲ့ပုံစံမျိုးတော့ မဟုတ်သေးဘူး။ ရှာဖွေရေးမှာ ခင်ဗျားရဲ့လက်ထောက် ဒါရိုက်တာ အဲလ်ဘတ်လည်း ပါနေတယ်လေ'

'သြော်...အဲလ်ဘတ်လည်း ပါနေတယ်ကိုး'

'ဟုတ်တယ်၊ ဒီအချိန်မှာ အဲလ်ဘတ်ဦးစီးပြီး အတ္တလန္တိတ်သမုဒ္ဒရာ ကြမ်းပြင်အောက်မှာ ရှာဖွေရေးလုပ်ငန်းကို လုပ်နေတယ်။ ဒါပေမဲ့ သူသိနေတာကတော့ ပင်လယ်ရေအောက် ရှေးဟောင်းသုတေသန လုပ်ငန်းတစ်ခုကို လုပ်နေတယ်လို့ပဲ သိနေတယ်။ တိုင်တန်နစ်သင်္ဘောကြီး ဘယ်နေရာမှာရှိနေတယ်ဆိုတာ ကျုပ်တို့က သိချင်လို့ ပဏာမထောက်လှမ်းရေး လုပ်ခိုင်းထားတာ'

'သြော်...ဆာပိုတစ် ရှာဖွေရေးဆိုပြီးတော့ ကျွန်တော်သိလိုက်တာဟာ ဒါပဲကိုး'

ဂျိုးမာတင်၏မှတ်ချက်ကို မစ္စတာဆီးဂရင်းက...

'အဲလ်ဘတ်တို့လူစုကို နောက်ဆုံးအချိန်ကလေးမှ ကပ်ပြီး နေရာလွှဲပေးလိုက်တာ။ အဲဒါကလည်း ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက တိုင်တန်နစ်သင်္ဘောကြီး ဘယ်နေရာမှာမြုပ်နေလိမ့်မယ်ဆိုတာ တွက်ဆ မှန်းဆပြီး ဆာပိုတစ်ကို ညွှန်ကြားချက်ပေးလိုက်တာ'

'ဒါထက် နေပါဦး၊ ကျွန်တော့်ကိုမှ ဘာလို့ ဒီအလုပ်ကိုပေးချင်ရတာလဲ။ ကျွန်တော်ကကော ဘယ်လောက်များ စွမ်းတဲ့အလုပ်တွေကို လုပ်ခဲ့လို့လဲ။ ခုလုပ်ရမယ့် အလုပ်ဟာ ၂၀ ရာစုနှစ်အတွင်းမှာတော့ အခက်ခဲဆုံးနဲ့ အကြီးအကျယ်ဆုံး အလုပ် ဖြစ်မှာပဲ'

ဂျိုးမာတင်၏အမေးကို မစ္စတာဆီးဂရင်းက...

'ဒီအလုပ်မှာ ခင်ဗျားက ညွှန်ကြားသူအဖြစ်နဲ့ လိုက်ရမှာမဟုတ်ဘူး၊ ဆယ်ယူရေးလုပ်ငန်းကြီးတစ်ခုလုံးရဲ့ ဦးစီးမှူးအဖြစ် တာဝန်ယူပြီး လုပ်ရမှာ'

'ကျွန်တော့်ကိုမှ ဘာကြောင့် ဒီတာဝန်ပေးတယ် ဆိုတာကိုတော့ ခင်ဗျား ရှင်းမပြသေးဘူး'

'ခင်ဗျားဟာ အမျိုးသားပင်လယ်ရေအောက် ရှေးဟောင်းသုတေသနအဖွဲ့မှာ အထူးဒါရိုက်တာတစ်ယောက်လည်း ဖြစ်တယ်။ ဇလဗေဒနဲ့ ပတ်သက်ပြီး





ကျွမ်းကျင်သူတစ်ယောက်လည်း ဖြစ်တယ်။ နောက်ဆုံးအချက်က ခင်ဗျားဟာ တိုင်တန်နစ်သင်္ဘောကြီးအကြောင်းနဲ့ပတ်သက်ပြီး စိတ်ဝင်တစား အထူးလေ့လာထားတဲ့လူတစ်ယောက်လည်း ဖြစ်တယ်။ ခင်ဗျားမှာ အခက်အခဲနဲ့ ရင်ဆိုင်လာရတဲ့ အချိန်မှာ ဆုံးဖြတ်ရဲတဲ့ စဉ်းစားဉာဏ်တင်မက ကိုယ်တိုင်လုပ်ရဲတဲ့ အစွမ်းရှိတယ်ဆိုတဲ့အချက်တွေကြောင့်ပဲ'

'အင်း...တိုင်တန်နစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေမှန်သမျှ စုဆောင်းလေ့လာတာကတော့ ကျွန်တော့်ဝါသနာကြောင့်ပါ။ ဒါကလေးကြောင့် ဆယ်ယူရေးလုပ်ငန်းကြီးတစ်ခုလုံးမှာ ကျွန်တော့်ကို ဦးစီးမှူးအဖြစ် တာဝန်ပေးဖို့တော့ မကောင်းပါဘူး'

'ဘာပဲဖြစ်ဖြစ် မစ္စတာဂျိုး...ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာ ကိုယ်တိုင်က ခင်ဗျားနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့စကားအတိုင်း ပြန်ပြောရမယ်ဆိုရင် ခင်ဗျားဟာ လူတွေကို ကိုင်တွယ်တဲ့နေရာနဲ့ အကျိုးအကြောင်း ဆက်စပ်သုံးသပ် ထောက်ချက်ချတဲ့နေရာမှာ ပါရဂူပဲ'

ဆီးဂရင်းက ဂျိုးမာတင်၏မျက်နှာကို ငေးစိုက်ကြည့်လိုက်ပြီး...

'ဒီအလုပ်ကို ခင်ဗျား လက်ခံမလား'

'ဒီအလုပ်ကို ကျွန်တော် လက်မခံဘဲနေလို့ကော ရမယ်လို့ ထင်သလား မစ္စတာဆီးဂရင်း'

'ပွင့်ပွင့်လင်းလင်းပြောရရင် လက်မခံဘဲ နေလို့ကို မရဘူး'

ဂျိုးမာတင်၏ နှုတ်ခမ်းပေါ်တွင် ပြုံးရောင်သန်းလာသည်။ ပြီးမှ စကားဆိုလိုက်၏။

'ကောင်းပြီ မစ္စတာဆီးဂရင်း၊ ကျွန်တော် ဒီအလုပ်ကို လက်ခံပါတယ်'

[ ၂၄ ]

ဂျိုးမာတင်က ဂျီရှုအာယေားစ်ဘရူးစတား၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို ပိတ်လိုက်ပြီးနောက် ဆွေးနွေးပွဲ စားပွဲတွင် ဝိုင်းထိုင်နေသူများ၏ မျက်နှာကို တစ်လှည့်စီ ကြည့်လိုက်သည်။

မစ္စတာရော်ဂျာက...

'သူ့မှတ်တမ်းစာအုပ်မှာ ရေးထားခဲ့တဲ့အတိုင်းပဲ အားလုံး ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ လူကြီးမင်းတို့ ခေါ်ခေါ်နေတဲ့ ဘိုင်ဇမ်နီယံဆိုတဲ့ သတ္တုဟာ အနှစ်ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါး ရေအောက်မှာ မြုပ်နေတာဆိုတော့ သူ့မှာ နဂိုကရှိနေတဲ့ သတ္တိစွမ်းအားတွေ ရှိနေနိုင်ပါဦးမလား'

'ဒါကတော့ ဘယ်သူမှ ပြောနိုင်မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူကမှ ဒီသတ္တုမှာ ဘယ်လိုစွမ်းအင်တွေ ရှိတယ်ဆိုတာ ဓာတ်ခွဲစမ်းသပ်ကြည့်ရအောင် လုံလောက်တဲ့သတ္တုကို မရခဲ့သေးလို့ပဲ'

ဤကား မစ္စတာရော်ဂျာ၏အဖြေ။

'ဒါဖြင့် ဒီသတ္တုဟာ ဘာမှ စွမ်းအင်သတ္တိမရှိတဲ့သတ္တု ဖြစ်ချင်လည်း ဖြစ်မှာပေါ့'

'ကျွန်တော်တို့ရဲ့ သုတေသနပြုထားချက်အရ ဒီသတ္တုဟာ တိုင်တန်နစ်သင်္ဘောကြီးရဲ့ ရေလုံ၊ လေလုံ သံမဏိကွန်လှောင်ပေါက်ထဲမှာ ရှိနေတယ်လို့ သိရတယ်။ ဒီတော့ သူ့မှာ နဂိုကရှိတဲ့ စွမ်းအင်သတ္တိတွေ ဘယ်လိုမှ ပျက်ပြယ်မသွားနိုင်ဘူးဆိုတာတော့ စိတ်ချရတယ်'

ဂျိုးမာတင်က ကုလားထိုင်တွင် ကျောကိုမှီလိုက်သည်။

'ဒါကလည်း လောင်းကစားသလို စိတ်မချရတဲ့ကိစ္စတစ်ခု ဖြစ်နေပါကလား'

ဤတွင် ရေးဟောင်းသုတေသနအရာရှိ ဗျူနက အနက်ရောင်အတွင်းပါအိတ်ထဲမှ အဝါရောင်တောက်နေသော ပစ္စည်းတစ်ခုကို ထုတ်၍ စားပွဲပေါ်တွင် တင်လိုက်၏။

ဆာပိုတစ်ရေယာဉ်က ပင်လယ်ရေအောက်မှ ရှာဖွေရယူခဲ့သည့် ကြေးခရာ။

'ဒီကြေးခရာကို ပြောင်လက်တောက်ပလာအောင် ချေးချွတ်ပြီးတဲ့နောက် သေသေချာချာလေ့လာလိုက်တဲ့အခါမှာ ဒီဂီတပစ္စည်းဟာ အရည်အသွေးကောင်းမွန်ပြီး နာမည်ကျော် ဂီတဆရာတစ်ယောက်အတွက် သီးသန့်ပြုလုပ်ခဲ့တဲ့ပစ္စည်း ဖြစ်တာကို လေ့လာသိရှိ ရခဲ့ပါတယ်။

ဒီကြေးခရာပေါ်မှာ ရေးထိုးထားတဲ့ စာတမ်းများအရ ဒီကြေးခရာ ၁၉၁၁ ခုနှစ်မှာ ဗြိတိသျှကုမ္ပဏီတစ်ခုဖြစ်တဲ့ ဘူရေးဟောက်ကုမ္ပဏီက ထုတ်လုပ်ခဲ့တယ်။ ထုတ်လုပ်ခဲ့တဲ့ လကတော့ အောက်တိုဘာလပဲ'

ဂျိုးမာတင်က ကြေးခရာကို အတန်ကြာအောင် ကိုင်တွယ်ကြည့်ရှုနေပြီး နောက်...





'သေနတ်လုပ်တဲ့ ကုမ္ပဏီတွေက သူတို့သဘောကျတဲ့ သေနတ်ပစ်သမားတွေကို အထူးစပယ်ရှယ်လုပ်ထားတဲ့ သေနတ်တစ်လက်စီ လက်ဆောင်ပေးတဲ့ထုံးစံရှိသလို ဒီကြေးခရာဟာလည်း ဂီတသမားတစ်ယောက်ယောက်ကို လက်ဆောင်ပေးခဲ့တဲ့ပစ္စည်းပဲ ဖြစ်ရမယ်'

'ဟုတ်တယ်၊ ဂရာဟမ်ဆိုတဲ့ ဂီတသမားကို ကုမ္ပဏီက အထူးလက်ဆောင်အဖြစ် ပေးခဲ့တဲ့အကြောင်း ၁၉၁၁ ခု၊ နိုဝင်ဘာလမှာထုတ်တဲ့ ဂီတမဂ္ဂဇင်းတစ်စောင်မှာ လေ့လာတွေ့ရှိရတယ်။

နောက် လေ့လာတွေ့ရှိရတာက ခရာမှုတ်သမား ဂရာဟမ်ဟာ ကြယ်ဖြူတံဆိပ် သင်္ဘောကုမ္ပဏီက သင်္ဘောတီးဝိုင်းမှာ ခရာမှုတ်သမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတာကိုလည်း တွေ့ရတယ်'

ဤတွင် မစ္စတာဆီးဂရင်းက ကြားဝင်လျက်...

'တိုင်တန်နစ်သင်္ဘောကြီးမြုပ်ပြီး သေဆုံးပျောက်ကွယ်နေသူတွေရဲ့ စာရင်းထဲမှာ ခရာမှုတ်ဆရာ ဂရာဟမ်ရဲ့ နာမည်လည်း ပါနေတာကို တွေ့ရတယ်'

'ဒါဖြင့် ဟုတ်ပြီ'

ဤစကားကို ပြောလိုက်သူကား ရေကြောင်းဗိုလ်ချုပ်ကြီး ကျိမ်းစ်ဆန်ဒက်ကာ။

'၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ မနက်ဘက် တိုင်တန်နစ်သင်္ဘောကြီး လှိုင်းလုံးတွေအောက်ကို တဖြည်းဖြည်း နစ်မြုပ်နေပြီး တချို့ခရီးသည်တွေက အသက်ကယ်လှေတွေနဲ့ လွတ်မြောက်ဖို့ ကြိုးစားနေတဲ့အချိန်မှာ ခရာမှုတ်ဆရာ ဂရာဟမ် ခေါင်းဆောင်တဲ့ သင်္ဘောတီးဝိုင်းအဖွဲ့က နောက်ဆုံးနှုတ်ဆက်သီးချင်း တစ်ပုဒ်ကို တီးမှုတ်ရင်း သင်္ဘောကြီးနဲ့အတူ သမုဒ္ဒရာကြမ်းပြင်အောက်ကို ရောက်သွားတာ ဖြစ်ရမယ်'

'၇၅ နှစ်လုံးလုံး ပင်လယ်ရေအောက်ကို ရောက်နေတဲ့ တိုင်တန်နစ်သင်္ဘောကြီးက လွင့်စဉ်ကျလာတဲ့ ကြေးခရာကို ကျွန်တော်တို့ ရလာခဲ့တယ်ဆိုတော့ ကျွန်တော်တို့ရဲ့ ထောက်လှမ်းရေးရေယာဉ်ဆာပိုတစ်ဟာ သင်္ဘောကြီးရဲ့ ရေနစ်နီးကပ်တဲ့နေရာကို ရောက်ခဲ့တယ်လို့ ဆိုရမယ်'

ဆာပိုတစ်တွင် ဦးစီးမှူးအဖြစ် ဆောင်ရွက်ခဲ့သော ဂူဒီဂန်သည ...
ချလိုက်၏။

ဂျိုးမာတင်က



www.burmeseclassic.com

www.burmeseclassic.com



'တိုင်တန်နစ်သင်္ဘောကြီးကို ဆယ်လို့ ကုန်ကျမယ့်စရိတ်ကတော့ ခန့်မှန်းဖို့တောင် မလွယ်လှဘူး'

'ဘယ်လောက်ကုန်ကျမယ်လို့ ခင်ဗျားထင်သလဲ'

မစ္စတာရော်ဂျာက ဂျိုးမာတင်အား မေးလိုက်၏။

'၁၉၇၄ ခုနှစ်က ရုရှား ရေငုပ်သင်္ဘောတစ်စီးရဲ့ ဦးပိုင်းကို ပြန်ဖော်ဖို့အတွက် စီအိုင်အေက ဒေါ်လာသန်းပေါင်း သုံးရာကျော် သုံးခဲ့ရတယ်။ ဒီတော့ တန်ချိန် လေးသောင်းခြောက်ထောင်လောက်ရှိတဲ့ တိုင်တန်နစ်လို စီမံခံသင်္ဘောကြီးတစ်စီးကို နှစ်မိုင်ခွဲလောက်နက်တဲ့ ရေအောက်က ဆယ်ယူဖို့ စရိတ်ဟာ ဘယ်လောက်ကုန်မယ်ဆိုတာ ဘယ်လိုလုပ်ပြီး မှန်းနိုင်မလဲ'

'ဒါဖြင့်လည်း အထင်ကို ပြောစမ်းပါ'

မစ္စတာရော်ဂျာက ဂျိုးမာတင်အား တိုက်တွန်းနေပြန်သည်။

'ဘယ်လောက်ကုန်မယ်ဆိုတာထက် ဘယ်သူတွေက ငွေထုတ်ပေးမလဲဆိုတာက အရေးမကြီးဘူးလား'

'ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်က ထုတ်ပေးမှာပါ'

'ဒါဖြင့် ဒီလုပ်ငန်းကို စ,ဖို့အတွက် ဒေါ်လာသန်းနှစ်ရာငါးဆယ်လောက်တော့ လိုလိမ့်မယ်ထင်တယ်'

'ခင်ဗျားထင်တာက ကျွန်တော်တို့ ခန့်မှန်းတာထက် အများကြီးနည်းနေသေးတယ်။ ကျွန်တော်တို့က နောက်ထပ် ဂဏန်းငါးလုံး ထပ်လိုဦးမယ်လို့ မှန်းထားတယ်'

'နောက်ထပ် ဒေါ်လာ ငါးသန်းလား'

မစ္စတာရော်ဂျာက ပြုံးလိုက်ပြီး အဖြေပေးလိုက်သည်။

'မဟုတ်ဘူး၊ နောက်ထပ် ဒေါ်လာသန်းပေါင်း ငါးရာ'

## [ ၂၅ ]

မြောက်အတ္တလန္တိတ်သမုဒ္ဒရာ ကြမ်းပြင်အနေအထား အနိမ့်အမြင့်ကို ဖော်ပြထားသည့် ဖောင်းကြွ ရေပုံကြီးတင်ထားသော စားပွဲကို မှီ၍ ရပ်နေသော ရေကြောင်းဗိုလ်ချုပ်ကြီး ကျိမ်းစ်ဆန်ဒက်ကာက လက်ထဲတွင် ကိုင်ထားသည့် ညွှန်တံတုတ်ကလေးကို ဆော့ကစားရင်း ဂန်းနှင့် ဂျိုးမာတင်တို့အား အကဲခတ်





နေမိသည်။

သူတို့နှစ်ယောက်က ရေပုံကြီးကို စိုက်ကြည့်နေကြသည်။

'ကြေးခရာကိုတွေ့တဲ့နေရာဟာ တိုင်တန်နစ်သင်္ဘောကြီး မြုပ်နေတဲ့ နေရာတော့ မဟုတ်သေးဘူး'

အတန်ကြာအောင် ငြိမ်သက်နေရာမှ ရေကြောင်းဗိုလ်ကြီးက ထင်မြင်ချက်ပေးလိုက်၏။

ဆာပိုတစ် ဦးစီးမှူးဂန်းက ဖောင်းကြွရေပုံကြီးပေါ်တွင် အမှတ်အသားသေးသေးလေးတစ်ခုကို လက်ထဲမှ မှန်တံဖြင့် လုပ်ပစ်လိုက်ပြီး...

'သင်္ဘောကြီး မြုပ်ခါနီးဆဲဆဲ နောက်ဆုံးရောက်ရှိတဲ့နေရာကတော့ လောင်ဂျီ ၄၁ ဒီဂရီ ၄၆ မိနစ်မြောက်နဲ့ ၅၀ ဒီဂရီ ၁၄ မိနစ်အနောက်ကြားမှာပဲ'

ဤတွင် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက...

'ကြေးခရာကိုတွေ့တာက ဘယ်နေရာလဲ'

ဦးစီးမှူးဂန်းက ဖောင်းကြွရေပုံကြီးပေါ်တွင် နောက်ထပ်အမှတ်အသားလေးတစ်ခု လုပ်ပေးလိုက်သည်။

'ကြေးခရာကို ကျွန်တော်တို့တွေ့ရတဲ့နေရာကို ဆာပိုတစ်ရဲ့ မိခင်ရေယာဉ်က ယောဒီနေရာလို့ တိတိကျကျ ညွှန်ပြထားခဲ့ပါတယ်။ အရှေ့တောင်ဘက် ခြောက်မိုင်အကွာလောက် နေရာပါ'

'အို...ခြောက်မိုင်တောင် ကွာနေပါကလား။ ဘယ့်နှယ်ဖြစ်နိုင်ပါ့မတုံး'

ဤတွင် ဂျိုးမာတင်က ကြားဝင်လာကာ...

တိုင်တန်နစ် မြုပ်သွားတဲ့နေရာနဲ့ပတ်သက်ပြီး မျက်မြင်ထွက်ဆိုချက်တွေကလည်း တစ်ခုနဲ့တစ်ခု အကွဲကွဲ အပြားပြား ဖြစ်နေပါတယ်။

အသက်ကယ်ဖို့လာတဲ့ သင်္ဘောတစ်စီးဖြစ်တဲ့ မောင့်တင်ပဲလ်ရဲ့ ကပ်ပတိန်က သင်္ဘောကြီးမြုပ်တဲ့နေရာကို ဒါထက် အရှေ့ဘက်ကျတယ်လို့ မှတ်ချက်ရေးခဲ့ပါတယ်။

သူ့ရဲ့ ခန့်မှန်းတိုင်းတွာ မှတ်သားချက်ဟာ ဆန်းဆိုက်တင်းလို့ခေါ်တဲ့ ရေပုံပတ်နည်းတစ်ခုပေါ်မှာ မူတည်ထားခဲ့တာကြောင့် တိုင်တန်နစ်သင်္ဘောကြီး စတုတ္ထအရာရှိရဲ့ ရေခဲတောင်ကြီးကို သင်္ဘောကြီးဝင်တိုက်မိပြီး မူသေမှုင် ခဲ့တဲ့နေရာထက် ပိုပြီးတိကျမယ်လို့ ယူဆရပါတယ်'

'ဒါပေမဲ့ ခရီးသည်တွေကို လာကယ်တဲ့ ကာပါးသီးယား



www.burmeseclassic.com

www.burmeseclassic.com



ပတိန်ကတော့ တိုင်တန်နစ်သင်္ဘောကြီးက ဗိုင်ယာလက်အော်ပရေတာရဲ့ သတင်းပို့ချက်အတိုင်း လိုက်လာတဲ့အခါ အသက်ကယ်လှေတွေနဲ့ လေးနာရီအတွင်းမှာ တိုက်ရိုက်ကြီး တွေ့ခဲ့ရတယ်လို့ ဆိုထားတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး၏ ယူဆချက်ကို ဂျိုးမာတင်က...

'ကာပါးသီးယားသင်္ဘောဟာ ကက်ပတိန်ပြောခဲ့သလို အဲဒါလောက် ခရီးအဝေးကြီးကို သွားခဲ့ မသွားခဲ့ဆိုတာ ယုံမှားစရာ ရှိနေပါတယ်'

'ဒီကက်ပတိန်ပြောခဲ့တဲ့အတိုင်းဆိုရင် သင်္ဘောက အပျက်အစီးတွေနဲ့ အသက်ကယ်လှေတွေကို တိုင်တန်နစ် ဝါယာလက်အော်ပရေတာ ညွှန်းခဲ့တဲ့နေရာရဲ့ အရှေ့တောင်ဘက် မိုင်အတော်အကွာမှာ တွေ့ရမှာဖြစ်ပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက လက်ထဲမှ ပို့င့်တာတုတ်ကို စားပွဲဘောင်တွင် တဒေါက်ဒေါက်ခေါက်နေသည်။

'ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ တောင်မရောက် မြောက်မရောက် ဖြစ်နေကြပြီ။

ကျွန်တော်တို့ဟာ ၄၁ ဒီဂရီ ၄၆ မိနစ်မြောက်နဲ့ ၅၀ ဒီဂရီ ၁၄ မိနစ်အနောက်ကြားကိုပဲ အတည်ယူပြီး ရှာကြမလား။

ဒါမှမဟုတ် တီးဗိုင်းဆရာ ဂရာဟာမ်ရဲ့ ကြေးခရာကို တွေ့တဲ့နေရာရဲ့ အရှေ့တောင်ဘက် ခြောက်မိုင်အကွာမှာပဲ ရှာကြမလား။

ဒီအတိုင်းသာ နေရာခွဲပြီး ရှာရင်တော့ အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်တက်တက်ကုန်အောင်ရှာရလို့ ငွေတွေသောက်သောက်လဲ ကုန်တော့မှာပဲ။

ပင်လယ်ရေပြင်အောက်မှာရိုက်တဲ့ တယ်လီဗေးရှင်း ကင်မရာကိုလည်း သမုဒ္ဒရာကြမ်းပြင်အနှံ့ချဆွဲပြီး ရိုက်နေရတော့မှာပဲ။ ဘယ်လိုဆန္ဒရှိလဲ ဦးစီးမှူးဂန်း'

ဦးစီးမှူးဂန်းက တုံ့နေးခြင်းမရှိဘဲ အဖြေပေးလိုက်၏။

'တီးဗိုင်းဆရာ ဂရာဟာမ်ရဲ့ ကြေးခရာကို တွေ့ခဲ့တဲ့နေရာတစ်ဝိုက်မှာပဲ ရေအောက်တယ်လီဗီးရှင်းကင်မရာတွေကို ချပြီး ရှာချင်တယ်'

'ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်ရဲ့ဆန္ဒကတော့'

ဂျိုးက ခဏမျှစဉ်းစားနေပြီး...

'ကျွန်တော့်ဆန္ဒကတော့ နောက်ထပ် လေးဆယ့်ရှစ်နာရီလောက် ထပ်မံသေလာပြီးမှ နေရာအတိအကျကို ဆုံးဖြတ်သင့်တယ်ထင်ပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီးက မောင်းကြွရေပုံကို စိုက်ကြည့်ရင်း...





'လေးဆယ့်ရှစ်နာရီ မပြောနဲ့၊ တစ်နာရီတောင် မဆိုင်းနိုင်ဘူး'

ဂျိုးမာတင်က...

'တီဗွီကင်မရာတွေနဲ့ ရိုက်မယ့်ကိစ္စကို ချန်ထားပြီး နောက်တစ်ဆင့် လုပ်သင့်တယ်လို့ အကြံပေးပါရစေ'

'ဘာလုပ်ချင်လို့လဲ'

'လူကိုယ်တိုင်မောင်းတဲ့ ရေနက်ရှာဖွေရေး ရေယာဉ်ကလေးတစ်ခုကို လွှတ်ပြီး တိုင်တန်နစ်ရှိမယ့်နေရာကို ထောက်လှမ်းရေးလုပ်သင့်ပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီးက ခေါင်းကိုခါယမ်းလိုက်ပြီး...

'ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ရေပြင်ပေါ်မှာသွားတဲ့ ရေယာဉ်တစ်ခုက ရေအောက်ဓာတ်ပုံရိုက် တီဗွီကင်မရာတစ်ခုကို ကန့်သတ်ထားတဲ့အချိန်မှာ အကြိမ်တော်တော်များများ ရိုက်ယူနိုင်တယ်။ အသွားနှေးတဲ့ ရေအောက်ရှာဖွေရေး ရေယာဉ်ကတော့ ဒီအချိန်အတောအတွင်းမှာ တီဗွီကင်မရာ ထက်ဝက်လောက်တောင် အလုပ်တွင်ကျယ်အောင် လုပ်နိုင်မှာမဟုတ်ဘူး'

'သင်္ဘောကြီး နစ်မြုပ်သွားတဲ့နေရာကို အတိအကျသာ သိမယ်ဆိုရင် ရေအောက်သွားရေယာဉ်က ပိုပြီးတောင် အလုပ်တွင်ကျယ်ပါလိမ့်မယ်'

ရေကြောင်းဗိုလ်ချုပ်ကြီးက မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး

'သင်္ဘောကြီးမြုပ်တဲ့နေရာအတိအကျကို ဘယ်လိုလုပ်ပြီး ကြိုတင်သိနိုင်မှာလဲ'

ဂျိုးမာတင်က...

'တိုင်တန်နစ်သင်္ဘောကြီးရဲ့ နောက်ဆုံးအချိန်နဲ့ ပတ်သက်တဲ့ သတင်းတွေကို ရယူမယ်။ ရေစီးနှုန်း, လေတိုက်နှုန်းတွေကို ရှာကြည့်ရမယ်။ သင်္ဘောမြုပ်သွားတဲ့နေရာနဲ့ ပတ်သက်တဲ့ ကွဲလွဲတဲ့ မှတ်တမ်းတွေကို တိုက်ဆိုင်ကြည့်ရမယ်။ လှိုင်းတွေအောက်မှာ သင်္ဘော ဆယ့်နှစ်ဒီဂရီစောင်းပြီး နစ်မြုပ်သွားတယ်ဆိုတဲ့ အချက်တွေကို ရှာဖွေရမယ်။ ကြေးခရာကို တွေ့ခဲ့ရတဲ့နေရာကိုလည်း ထည့်တွက်ပြီး နှိုင်းယှဉ်ကြည့်ရမယ်။ ဒီလို အားလုံးအချက်အလက်တွေကို ရရှိပြီးတဲ့အခါ နှုန်းများရဲ့ ကွန်ပျူတာတွေထဲမှာ ထည့်သွင်းရမယ်။ ဒီလိုထည့်ကြည့်လိုက်လို့ ကံကောင်းထောက်မရင်တော့ တိုင်တန်နစ်သင်္ဘောကြီး ဘယ်နေရာမှာ လဲလျောင်းနေတယ်ဆိုတဲ့အချက်ကို တိတိကျကျကြီး သိရပါလိမ့်မယ်'

ဤတွင် ဦးစီးမှူးဂန်းက...



www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ လမ်းမှန်တဲ့ ချဉ်းကပ်နည်းပဲ'ဟု ထင်မြင်ချက်ပေးလိုက်၏။

'ဒါပေမဲ့ ဒါတွေလုပ်နေမယ်ဆိုရင် အချိန်ကတော့ နှစ်ရက်ပုပ်သွားတော့မှာပဲ'

ရေကြောင်းဗိုလ်ချုပ်ကြီး၏ မှတ်ချက်ကို ဂျိုးမာတင်က...

'အချိန်တွေ မပုပ်ရအောင် လုပ်နိုင်ပါတယ် ဗိုလ်ချုပ်ကြီး၊ ရေတပ် ဦးစီးချုပ်ကြီး ကင်ပါက သူ့ရေယာဉ် **မိုဒေါ့**ကို ကျွန်တော်တို့ ကြိုက်သလို သုံးပါလို့ ပေးထားတယ်မဟုတ်လား။

'အဲဒီ မိုဒေါ့သင်္ဘောပေါ်မှာ **အလ္လာဝါပက်ကျ** လို့ခေါ်တဲ့ ရေနက်သွား ရေယာဉ်ကလေးတစ်စီး ရှိနေတယ်။

ဒီအလ္လာဝါ ပက်ကျဲဟာ အမေရိကန် ရေတပ်မတော်ရဲ့ နောက်ဆုံးပေါ် ရေနက်သွားရေယာဉ်ပါ။ ပင်လယ်ရေအောက် ရေနက်ကြီးထဲမှာ ကယ်ဆယ်ရေး လုပ်ငန်းတွေ၊ ရှာဖွေရေးလုပ်ငန်းတွေလုပ်နိုင်ဖို့ ခေတ်အမီဆုံးကိရိယာတွေ တပ်ဆင်ထားတဲ့ ရေယာဉ်ပါ။

နှစ်ရက်အတောအတွင်းမှာ ဂန်းနဲ့ ကျွန်တော်ဟာ သင်္ဘောကြီးနစ်မြုပ်နေတယ်လို့ ယူဆရတဲ့နေရာမှာ ထောက်လှမ်းရေးလုပ်ငန်းကို စပြီး လုပ်နိုင်ကြလိမ့်မယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက မေးဖျားကို ပွိုင့်တာတုတ်ဖြင့် ကုတ်ခြစ်နေရာမှ ရပ်လိုက်ပြီး...

'ကွန်ပျူတာတွေက သင်္ဘောကြီးနစ်မြုပ်တဲ့နေရာကို ဖော်ထုတ်နိုင်ရင် ခင်ဗျားတို့ စပြီး အလုပ်လုပ်နိုင်ပြီလို့ ဆိုလိုတာပေါ့'

'ဟုတ်ပါတယ် ဗိုလ်ချုပ်ကြီး'

ရေကြောင်းဗိုလ်ချုပ်ကြီးသည် ခပ်လှမ်းလှမ်းရှိ ကုလားထိုင်တွင် ထိုင်ချလိုက်၏။ သူ့အမူအရာက စိတ်သက်သာရာ ရသွားသည့်ပုံ။

'ဗိုလ်ချုပ်ကြီးသည် ဦးစီးမှူးဂန်းနှင့် ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်တို့၏ သန္နိဋ္ဌာန်ချထားသော မျက်နှာနှစ်ခုကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး အမိန့်ပေးလိုက်၏။

'ကောင်းပြီ၊ မောင်ရင်တို့နှစ်ယောက် ဆက်လုပ်ကြပေတော့'





[ ၂၆ ]

အရုပ်ထောင်ထောင်မော်းမောင်းတွင် ရေတပ်အဖြူရောင်ဝတ်စုံကို သေသေသပ်သပ်ဝတ်ထားသဖြင့် ခန့်ညားသည့်ဟန်ပန်ရှိနေသော ဗိုလ်မာဂနင်က ညနေခင်း လေညင်းကို တစ်ဝကြီးရှူသွင်းလိုက်သည်။

ညှော်ခန်းအဝင်ဝ ကောင်တာရှိ စာရေးမကလေးအား မိမိအမည်ကို ပြောလိုက်ပြီးနောက် ဗိုလ်မာဂနင်က ဘိုရိုဒင်နို ပျော်ပွဲစားရုံထဲသို့ ဝင်လာခဲ့ပြီး ဗိုလ်ကြီးအင်ဒရီ ထိုင်နေကျ စားပွဲရှိရာသို့ လှမ်းလာခဲ့သည်။

ဗိုလ်ကြီးအင်ဒရီက စားပွဲတွင်ထိုင်ကာ ဗိုင်ထူထူကြီးတစ်ခုကို ဖတ်နေရာမှ ဗိုလ်မာဂနင်အား မျက်လွှာတစ်ချက်ပင့်၍ ကြည့်လိုက်ပြီးနောက် ဖတ်လက်စကိုပင် ဆက်ဖတ်နေလေသည်။

'ကျွန်တော် ထိုင်ရမလား ဗိုလ်ကြီး'

'မောင်ရင်က မထိုင်လို့ လက်သုတ်ပဝါကိုင်ပြီး၊ စားပွဲထိုး လုပ်နေချင်လို့လား'

ဗိုလ်ကြီးအင်ဒရီ၏ ခနဲ့တဲ့တဲ့လေသံကြောင့် ဗိုလ်မာဂနင်က မျက်နှာကို မသိမသာမဲ့လိုက်ပြီး ကုလားထိုင်လွတ်တွင် ထိုင်လိုက်သည်။ ပြီးမှ ဇာတ်ကား အရက်တစ်ခွက်ကို မှာလိုက်ကာ ဗိုလ်ကြီးအင်ဒရီထံမှ ထွက်လာမည့်လေသံကို စောင့်နေသည်။

သုံးမိနစ်တီတီကြာသွားပြီးမှ ဗိုလ်ကြီးအင်ဒရီက လက်ထဲမှဗိုင်ထူထူကြီးကို ဘေးနားရှိ ထိုင်ခုံပေါ်သို့ ပစ်တင်လိုက်သည်။

ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။

'အမေရိကန်တွေက ပင်လယ်ရေအောက်သုတေသန လုပ်နေပါတယ်ဆိုရင်း နယူးဖောင်လန်နားက ဂရင်းဘင့်မှာ လျှို့ဝှက်ထောက်လှမ်းရေးလုပ်နေတဲ့ သတင်းကို သိပြီးပြီလား'

'အသေးစိတ်တော့ မသိသေးပါဘူး ဗိုလ်ကြီး၊ ဗိုလ်ကြီးဆီကို ဒီဗိုင်ကြီး မြန်မြန်ပေးနိုင်အောင်ဆိုပြီး ကျွန်တော်က အပေါ်ယံလောက်ပဲ ဟိုလှန် ဒီလှန် ဖတ်ခဲ့တာပါ'

'သနားစရာကောင်းလိုက်တာ'

ဗိုလ်ကြီးအင်ဒရီက ဒုက္ခိတသတ္တဝါတစ်ကောင်ကို တွေ့ရသည့် အသံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စကားဆိုလိုက်ပြီးမှ...

'ပင်လယ်ရေအောက်ကြမ်းပြင်မှာ မိုင်ပေါင်း ၁၅၀၀၀ လောက်ကို တစ်ဆက်တည်း သွားနိုင်ပြီး နှစ်လကြာမှ တစ်ခါသာ ရေမျက်နှာပြင်ပေါ်ကို တက်ပြီး ကြံ့ခိုင်ရေးလုပ်ရတဲ့ ပင်လယ်ရေအောက်သွား ရေယာဉ်တစ်စီးက ဂရင်းဘင့်နားမှာ လျှို့ဝှက်လှုပ်ရှားနေတယ်ဆိုကတည်းက မောင်ရင် အထူးသတိထားပြီး ဒီဖိုင်ကို ဖတ်ဖို့ကောင်းနေပြီ။ ဒီလို ရေယာဉ်မျိုးကို ရုရှားသိပ္ပံပညာရှင်တွေက ပေါ်တောင် မပေါ်သေးဘူးလို့ ထင်ချင်ထင်နေကြဦးမှာ'

'ကျွန်တော်တို့ဗိုလ်ကြီး ဒီအစီရင်ခံစာဖိုင်ကြီးကို ဖတ်ရတာ သိပ်ပျင်းစရာကောင်းတယ်လို့ ထင်တယ်'

'ဖတ်စကတော့ ပျင်းစရာပဲ၊ ဒါပေမဲ့ ပင်လယ်ရေအောက်မှာ သုတေသနလုပ်နေပါတယ်ဆိုတဲ့ ရေယာဉ်ဟာ သုတေသနခရီး ဆုံးခါနီးလောက်မှာ ဦးတည်ချက်ပြောင်းသွားတာကို သတိထားမိရင် မောင်ရင် စိတ်ဝင်စားလာမှာပါ'

'ကျွန်တော်က ဦးတည်ချက်ပြောင်းပြီး ရေကြောင်းလမ်းလွှဲလိုက်တာဟာ လုပ်ရိုးလုပ်စဉ်လို့ပဲ ထင်လိုက်တယ်'

'ထောက်လှမ်းရေးသမားတစ်ယောက်ဟာ ဝှက်ကွယ်နေတဲ့အချက်ကို မြင်တတ်တဲ့အကျင့်ရှိရမယ်'

ဗိုလ်ကြီးအင်ဒရီ၏ ဩဝါဒကို နာခံနေသော ဗိုလ်မာဂနင်က လက်မှနာရီကို ကြည့်လိုက်ပြီးနောက် ယောကျ်ားရေချိုးခန်းရှိရာဘက်သို့ မသိမသာ စောင်းကြည့်လိုက်သည်။

'အမေရိကန်တွေဟာ နယူးဖောင်လန်ကျွန်းနားက ဂရင်းဘင့်မှာ ဘာတွေ စိတ်ဝင်စားစရာ တွေ့နေတယ်ဆိုတာ ကျုပ်တို့ထောက်လှမ်းရမယ်'

ဗိုလ်ကြီးအင်ဒရီက ဆက်၍ မိန့်ခွန်းတော်ခြွေနေသည်။

'လွန်ခဲ့တဲ့ ခြောက်လလောက်က နီဗာယာဇမ်မလာကျွန်းမှာ ပေါ်ပေါက်လာခဲ့တဲ့ အဖြစ်အပျက်ဟာ ရိုးသားမှုမရှိကြောင်း တွေ့လာရပြီးကတည်းက အမေရိကန်တွေရဲ့ ပင်လယ်ရေပြင်အောက် အမျိုးသားသုတေသနလုပ်ငန်းဆိုတာကို ကျုပ်က မျက်ခြည်မပြတ် လိုက်ပြီးကြည့်နေခဲ့တာ။

ကျုပ်ကတော့ အမေရိကန်တွေဟာ ကျုပ်တို့ ရုရှားနိုင်ငံတော်အတွက် အန္တရာယ်ပေးနိုင်မယ့် လုပ်ငန်းတစ်ခုခုကို လုပ်နေတယ်လို့ ထင်နေတယ်'

ဗိုလ်ကြီးအင်ဒရီက အနားသို့ရောက်လာသော စားပွဲထိုးအား သူ့ဖန်ခွက်





ကို လက်ညှိုးထိုး၍ ပြလိုက်၏။

ကော့ညေး ဖန်ခွက်ထဲတွင် အရက်ကုန်နေပြီမဟုတ်လား။

ဗိုလ်ကြီးအင်ဒရီက ကျောကို ကုလားထိုင်နောက်မှီတွင် ကပ်ထားလိုက်ပြီး စကားဆက်၍ ဆိုနေ၏။

'ဖြစ်နေတာတွေက တို့ထင်နေသလို မဟုတ်ဘူးဟေ့၊ ဖြစ်နေတာတွေ အားလုံး ထူးတယ်လို့သာ မှတ်ထားလိုက်။ ကော်မာတစ်ခု၊ အစက်ကလေး တစ်စက်ဟာ လျှို့ဝှက်ချက်တစ်ခုရဲ့ သော့ချက်ဖြစ်နေနိုင်တယ်။ ဒီတော့ ကျုပ်တို့ ဆ နေရာတိုင်းမှာ သတိထားရလိမ့်မယ်'

စားပွဲထိုးက ဗိုလ်ကြီးအင်ဒရီအတွက် ကော့ညေး တစ်ပက် ယူလာသည်။

ဗိုလ်ကြီးအင်ဒရီက ကော့ညေးကို တစ်ကျိုက်တည်းနှင့်မော့လိုက်၏။

သို့သော် ချက်ချင်းမျိုမချသေး။ ခံတွင်းထဲတွင် ပလုတ်ကျင်းသလို လုပ်လိုက်ပြီးမှ လည်ချောင်းတွင်းသို့ မျိုသွင်းလိုက်သည်။

'ဗိုလ်ကြီး...ခဏခွင့်ပြုပါ၊ ကျွန်တော်...အိမ်သာ'

ဗိုလ်မာဂနင်၏ စကားမဆုံးမီ ဗိုလ်ကြီးအင်ဒရီက ခေါင်းညိတ်ပြလိုက်၏။

ကျယ်ကျယ်ဝန်းဝန်း သန့်သန့်ပြန့်ပြန့်ရှိနေသော ယောကျ်ားရေချိုးခန်း အိမ်သာထဲသို့ ဝင်လာခဲ့ပြီးနောက် ဗိုလ်မာဂနင်က အပေါ့သွားရမည့်နေရာရှေ့တွင် ရပ်လိုက်သည်။

တစ်ဖက်ရှိ အပေါ့သွားခန်းတွင် လူဝဝတစ်ယောက် ရပ်နေ၏။ လွန်ခဲ့သည့် အပတ်က ပန်းခြံထဲတွင် တွေ့ခဲ့ရသောလူ။

ဗိုလ်မာဂနင်က အပေါ့သွားပြီးနောက် နောက်ဘက်ရှိကြွေဇလုံရှိရာသို့ လှမ်းလာပြီး လက်ကိုဆေးနေ၏။

ကြွေဇလုံအပေါ်ဘက်နားတွင် ထောင်၍ကပ်ထားသော ကိုယ်တစ်ပိုင်းကြည့် မှန်ထဲ၌ စောစောက လူခပ်ဝဝ မိမိနားသို့ကပ်လာသည်ကို ဗိုလ်မာဂနင် မှန်ထဲတွင် မြင်နေရသည်။

'ဒီမယ်...ရေတပ်ကလူ၊ ဒါ ခင်ဗျားဆီက ကျသွားတာထင်တယ်'

လူခပ်ဝဝက စာအိတ်ငယ်ကလေးတစ်အိတ်ကို လှမ်းပေးလိုက်သည်။

ဗိုလ်မာဂနင်က ခပ်မှန်မှန်လှမ်းယူလိုက်ပြီး စာအိတ်ကလေးကို ကိုယ်ကျပ် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ရင်း...

'ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်က အတော်ကရော်ကမည်နိုင်တဲ့လူ'



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မာဂနင်က တန်းပေါ်ရှိ မျက်နှာသုတ်ပဝါဘက်သို့ လှည့်၍ လက်ကို သုတ်နေစဉ် လူခပ်ဝဝက ကြွေဇလုံတွင် လက်လာ၍ဆေးရင်း နှစ်ကိုယ်ကြား စကားဆိုလိုက်သည်။

'စာအိတ်ကလေးထဲမှာ မီးပွင့်မယ့်သတင်းတွေ ပါလာတယ်။ ပေါ့ပေါ့ ဆဆတော့ မကိုင်တွယ်နဲ့'

ဗိုလ်မာဂနင်ကလည်း နှစ်ယောက်ကြားလောက်ရုံ လေသံဖြင့် အဖြေပေး လိုက်သည်။

'အထူးသတိထားပြီး ဆောင်ရွက်ပါ့မယ်'

[ ၂၇ ]

စာကြည့်ခန်းတံခါးရှိ မစ္စတာဆီးဂရင်း၏ စားပွဲပေါ်တွင် ဇနီးဖြစ်သူ ဒါနာက ရေးထားခဲ့သည့်စာ။

စာက စားပွဲပေါ်တွင် ကြောက်စရာကောင်းသည့် လက်နက်တစ်ခုလို ဖြစ်နေ၏။

ဆီးဂရင်းက စာကို ဒုတိယအကြိမ် ပြန်ဖတ်နေမိသည်။

**ဆီးဂရင်း**

ရှင်နဲ့ ကျွန်မ ဆက်ပြီးပေါင်းနေလို့တော့ အကြောင်းထူးမယ် မဟုတ်တော့ဘူး။ ဒါကို ရှင်လည်း သိပါလိမ့်မယ်။

ရှင်က ရှင့်အလုပ်နဲ့ တာဝန်ကို ကျွန်မထက်တောင် ပိုပြီး ချစ်နေတော့ ကျွန်မဟာ မိန်းမသားတစ်ယောက် မဟုတ်တော့ဘဲ ကော်ရုပ်တစ်ရုပ်အဖြစ် ရောက်နေရတော့တယ်။

ဒါကြောင့် ကျွန်မဟာ ဒီနေ့ပဲ ကျွန်မတို့ နူးမားက ရေအောက် ဘူမိဗေဒပညာရှင် အမျိုးသမီး မာရီရဲ့အိမ်ခန်းကို ပြောင်းရွှေ့သွား ပါပြီ။

ရှင်နဲ့ ကျွန်မ ဒီဘဝ ဒီမျှနဲ့ လမ်းခွဲကြပါစို့။

ဒါနာ

ဆီးဂရင်းက စာကို လုံးချေလိုက်ပြီး စားပွဲပေါ်မှ မီးကို ပိတ်ပစ်လိုက် သည်။





စာကြည့်ခန်းတစ်ခုလုံး မှောင်သွား၏။ အမှောင်ထဲတွင်ပင် ဆီးဂရင်းက လှုပ်မယှက် ငြိမ်သက်လျက်။

[ ၂၈ ]

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက အဏ္ဏဝါဗေဒပညာများကို ဖွံ့ချရာ အလက်ဇန္ဒြီးယား ကောလိပ်နယ်မြေအတွင်း တစ်နေရာတွင် ကားကို ရပ်လိုက်ပြီး ဂေါက်သီးကွင်းတွင် အသုံးပြုလေ့ရှိသော လျှပ်စစ်ဖြင့်မောင်းရသော လှည်းကလေးနားသို့ လျှောက်သွားသည်။

လျှပ်စစ်လှည်းကလေးနားတွင် ရပ်စောင့်နေသူက အဏ္ဏဝါဗေဒပါမောက္ခ ဒေါက်တာဆီးလဗားစတိန်း။

'ရေကြောင်းဗိုလ်ချုပ်ကြီးကို အဏ္ဏဝါဗေဒနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က တတ်နိုင်သမျှ အကူအညီပေးချင်ပါတယ်'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ'

ဒေါက်တာဆီးလဗားစတိန်းက ရေကြောင်းဗိုလ်ချုပ်ကြီးအား လျှပ်စစ်လှည်း လေးပေါ်တွင် တက်ထိုင်စေပြီးနောက် ကတ္တရာလမ်းလေးအတိုင်း အဏ္ဏဝါဗေဒ စမ်းသပ်ခန်းအဆောက်အအုံရှိရာသို့ မောင်းလာခဲ့သည်။

'မနေ့ညကစပြီး ဗိုလ်ချုပ်ကြီးသိချင်တဲ့ အချက်တွေကို ကျွန်တော်တို့ စမ်းသပ်ကြည့်ခဲ့ကြပါတယ်။

သင်္ချာလို အတိအကျ အဖြေထွက်နိုင်တဲ့ စမ်းသပ်ချက် မဟုတ်ပေမယ့် အဖြေမှန်နဲ့ အနီးကပ်ဆုံးကိုတော့ ရနိုင်လိမ့်မယ် ထင်ပါတယ်'

'ဘာဖြစ်လို့ တိကျတဲ့အဖြေ မရနိုင်တာလဲ ဒေါက်တာ'

'မရနိုင်တာက ဒီလိုပါ၊ တိုင်တန်နှစ်သင်္ဘောကြီး နစ်မြုပ်သွားတဲ့အချိန်မှာ သင်္ဘောကြီးရဲ့ဦးပိုင်းဟာ ဘယ်နှစ်ဒီဂရီ စောင်းနေတယ်ဆိုတာ တိကျတဲ့သတင်း ပို့ချက် မရနိုင်လို့ပါပဲ။

ဒီအချက်ကလေး တစ်ချက်ကြောင့်ပဲ ဗိုလ်ချုပ်ကြီးတို့ရဲ့ ရေအောက်ရှာဖွေ ရေးလုပ်ငန်းဟာ နောက်ထပ် စတုရန်းလေးမိုင်လောက် ပိုပြီးကျယ်သွား ပါတယ်။

နေပါဦး ဒေါက်တာရဲ့၊ တန်ချိန် လေးသောင်းငါးထောင် [illegible]



www.burmeseclassic.com

တဲ့ သံမဏိနဲ့လုပ်ထားတဲ့ သင်္ဘောကြီးတစ်စီးဟာ ရေအောက်ကို မြုပ်သွားတဲ့အခါ တည့်တည့်ကြီးမြုပ်သွားမှာ မဟုတ်လား'

'တည့်တည့်ကြီးမြုပ်ရမယ်လို့ အတိအကျ မပြောနိုင်ပါဘူး ဗိုလ်ချုပ်ကြီး။

တိုင်တန်နစ်သင်္ဘောကြီးဟာ ဝက်အူလှည့် လှည့်သလို လှည့်စောင်းပြီး နစ်မြုပ်သွားခဲ့တာဖြစ်တယ်။ အကြမ်းဖျဉ်းအားဖြင့် ခုနစ်ဆယ့်ရှစ်ဒီဂရီစောင်းပြီး နစ်မြုပ်သွားခဲ့တယ် မဟုတ်လား။

သင်္ဘောကြီးရဲ့ ဦးပိုင်းအခန်းတွေထဲမှာ ဝင်နေတဲ့ ရေနဲ့ ဖိအားက သင်္ဘောကြီးကို တစ်နာရီမှာ လေးမိုင်နဲ့ ငါးမိုင်ကြားနှုန်းနဲ့ ရေအောက်ကိုထိုးပြီး ဆင်းသွားအောင် လုပ်ပေးနိုင်တယ်မဟုတ်လား။

နောက်တစ်ချက် ကျွန်တော်တို့ ထည့်ပြီး စဉ်းစားဖို့ရှိနေတာက သင်္ဘောကြီး ကိုယ်ထည်ရဲ့ အလေးချိန်ပဲ။ ဒီအလေးချိန် ဖိအားကလည်း ရေအောက်ကို ထိုးဆင်းတဲ့အခါမှာ ထိုးဆင်းတဲ့အရှိန်ကို ပိုပြီး မြန်အောင် လုပ်ပေးလိမ့်ဦးမယ်။

သင်္ဘောကြီးဟာ ရေအောက်ကြမ်းပြင်အရောက် နှစ်မိုင်ခွဲလောက်အထိ ဆင်းသွားရမှာဖြစ်တော့ ခုနကတင်ပြခဲ့တဲ့ ဖိအားတွေက သင်္ဘောကြီးရဲ့ အနေအထားကို တစ်မျိုးပြောင်းလဲသွားအောင် လုပ်နိုင် မလုပ်နိုင်လည်း ထည့်တွက်ရလိမ့်မယ်။

ဒီတော့ သင်္ဘောကြီးဟာ နစ်မြုပ်စအချိန်မှာရှိနေတဲ့ အနေအထားအတိုင်း ရေအောက်ကြမ်းပြင်မှာ တစ်ပြေးညီ အလျားလိုက် လဲလျောင်းနေလိမ့်မယ်လို့လည်း ယူဆရတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီးဆန်ဒက်ကာက အဏ္ဏဝါဗေဒပါမောက္ခ ဒေါက်တာဆီးလဗားစတိန်းအား ငေးကြည့်နေပြီးမှ . . .

'သင်္ဘောကြီး ဘယ်နှစ်ဒီဂရီ အနေအထားနဲ့ နစ်မြုပ်သွားတယ်ဆိုတာ ဘယ်လို အတိအကျသိနိုင်မှာလဲ ဒေါက်တာ၊ အသက်မသေဘဲကျန်နေတဲ့ ခရီးသည်တွေရဲ့ ပြောပြချက်တွေကလည်း တစ်ယောက်တစ်မျိုးစီ'

ဒေါက်တာဆီးလဗားစတိန်းက လျှပ်စစ်လှည်းကလေးကို အဆောက်အအုံတစ်ခုရှေ့တွင် ရပ်လိုက်သည်။

ပြီးမှ . . .

'အဖြေကိုတော့ ဒီအဆောက်အအုံထဲက စမ်းသပ်ခန်းထဲမှာ တွေ့ရပါလိမ့်





မယ်'

အဆောက်အအုံထဲသို့ ဝင်လိုက်သောအခါ ရေနက်ကန်တစ်ခုကို တွေ့ရ၏။ ရေကန်ကို ပလတ်စတစ်မှန်များဖြင့် ကာရံထားသည်။

'ဒီ ရေနက်ကန်ရဲ့ အတွင်းနံရံတွေကို သံမဏိနဲ့ လုပ်ထားတယ်။ ရေနက်တန်က ပေနှစ်ရာနက်ပြီး အလျား အနံ ပေသုံးဆယ်စီကျတယ်'

ဒေါက်တာက တယ်လီဖုန်းကို ကောက်ကိုင်ပြီး . . .

'ကဲ . . . အိုဝင်ရေ၊ ကျုပ်တို့စမ်းသပ်ချက်ကို လက်တွေ့လုပ်ပြလိုက်စမ်းပါ'

စက္ကန့်သုံးဆယ်အတွင်းတွင် ရေနက်ကန် ရေမျက်နှာပြင်ပေါ်၌ လေးပေ အရှည်ရှိ သင်္ဘောရုပ်ကလေးတစ်ခု ပေါ်လာသည်။

သင်္ဘောရုပ်ကလေးက တိုင်တန်နစ်ပုံစံအတိုင်း။

ဗိုလ်ချုပ်ကြီးဆီက ညွှန်ကြားချက်ရတဲ့အချိန်ကစပြီး ကျွန်တော်တို့ တိုင်တန်နစ်နဲ့ စကေးကိုက်တဲ့ သင်္ဘောရုပ်နဲ့ တခြားလိုအပ်တဲ့ စမ်းသပ်ကိရိယာတွေကို ပြင်ဆင်ထားခဲ့ကြပါတယ်။

စမ်းသပ်မှုက ညကမှ အပြီးသတ် အချောကိုင်ခဲ့ရတယ်'

ဒေါက်တာဆီးလဗားစတိန်း ပြောပြချက်ကို နားထောင်ရင်း ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ရေနက်ကန်ထဲမှ သင်္ဘောကလေးကို စိုက်ကြည့်နေသည်။

သင်္ဘောကလေးက ရေနက်ကန်ထဲတွင် တဖြည်းဖြည်း နစ်မြုပ်သွားပြီး ရေနက်ကန်ကြမ်းပြင်ကို သွားထိနေ၏။

ဒေါက်တာ ဆီးလဗားစတိန်းက အချက်ပြလိုက်သောအခါ ရေနက်ကန်ဘောင်တွင် ရှိနေသည့် ရေငုပ်သမားတစ်ယောက်က ရေထဲသို့ ဆင်းငုပ်ပြီး သင်္ဘောကလေးကို ဆယ်ယူလာသည်။

သင်္ဘောရုပ်ကလေးက ရေနက်ကန်ထဲသို့ ဒုတိယအကြိမ် နစ်မြုပ်စပြုလာပြန်၏။

သည်တစ်ကြိမ်တွင်တော့ ရိုးရိုးနစ်မြုပ်ခြင်းမဟုတ်။

သင်္ဘောရုပ်ဦးပိုင်းကို ရေထဲတွင်မျောလာသည့် ရေခဲတောင်ပုံစံလုပ်ထားသည့် အရုပ်က ဝင်တိုက်လာသည်။ ဦးပိုင်းခန်းထဲသို့ ရေများထိုးဝင်လာသည်။

သင်္ဘောရုပ်မှ ခေါင်းတိုင်ကလေးများက ပေါက်ကွဲသံနှင့်အတူ ရေထဲသို့ ထိုးကျလာ၏။ သင်္ဘောရုပ်ကလေးထဲမှ ပစ္စည်းများကလည်း လွင့်[illegible]နေသည်။

www.burmeseclassic.com



တိုင်တန်နစ်သင်္ဘောကြီး တကယ်နစ်မြုပ်နေသည်ကို ကြည့်ရသကဲ့သို့။

ဒုတိယအကြိမ်တွင် တိုင်တန်နစ်ပုံစံငယ် သင်္ဘောရုပ်ကလေးက ခုနစ်ဆယ့်ရှစ် ဒီဂရီစောင်း၍ ရေအောက်သို့ နစ်မြုပ်ဝင်သွားသည်။ ဦးပိုင်းက စိုက်လျက်။

'တိုင်တန်နစ်သင်္ဘောကြီးက ကြေးခရာကိုတွေ့ခဲ့တဲ့နေရာရဲ့ အရှေ့တောင်ဘက် ကိုက် ၁၃၀၀ အကွာမှာ လဲလျောင်းပြီးရှိနေနိုင်တယ်'

ဒေါက်တာ ဆီးလဗားစတိန်းက မှတ်ချက်ချလိုက်သည်။

'ကြေးခရာ သင်္ဘောပေါ်က လွင့်စဉ်ကျသွားပုံကိုကော ပါမောက္ခကြီးတို့ စမ်းသပ်ကြည့်ပြီးပြီလား'

'ကြည့်ပြီးပါပြီ ဗိုလ်ချုပ်ကြီး၊ ကြေးခရာဟာ ဆယ့်ငါးဒီဂရီစောင်းပြီး ရေထဲကိုကျသွားခဲ့တာပါ။ ဒါကို ရေနက်ကန်မှာသာမက တကယ့် ပင်လယ်ရေနက်ထဲမှာကို သွားပြီး ကိုယ်တိုင်စမ်းသပ်ပြီးခဲ့ပါပြီ'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ'

ဂျိမ်းစ်ဆန်ဒက်ကာက လှိုက်လှဲစွာ စကားဆိုလိုက်သည်။

[ ၂၉ ]

ပင်လယ်ရေအောက် ထောက်လှမ်းရေးရေယာဉ် **အဏ္ဏဝါပက်ကျို**သည် ပေနှစ်ဆယ်သာ ရှည်သည်။ ပုံသဏ္ဌာန်က ပဲ့ဝိုင်းဝိုင်း၊ ဦးဝိုင်းဝိုင်းဖြင့် ပြွန်တစ်ခုလို။

ခြောက်ပေ နှစ်လက်မမြင့်သည့် ဂျိုးမာတင်က ပိုင်းလော့ထိုင်ခုံတွင် ဝင်ထိုင်လိုက်သောအခါ ရေယာဉ်ထဲတွင် တပ်ဆင်ထားသော ဟိုက်ဒရောလစ်ပြွန်များ၊ လျှပ်စစ်ကြိုးများကြောင့် အတွင်းခန်းမှာ ပို၍ကျဉ်းသွားသည်ဟု ထင်ရ၏။

အဏ္ဏဝါပက်ကျိုကို အဝါရောင် ထိန်နေအောင် ဆေးခြယ်ထား၏။ ရေယာဉ်ဦးပိုင်းတွင် မကွဲနိုင်သောမှန်များ တပ်ထားသည့် ပြတင်းပေါက်အဝိုင်းကြီးလေးခုရှိသည်။ ရေယာဉ်အပေါ်ပိုင်းတွင် အလွန်အားကောင်းလှသော မီးနှစ်ပွင့်တပ်လျက်။

ဂျိုးမာတင်နှင့်အတူ အဲလ်ဘတ်၊ ဂန်းတို့ပါ လိုက်ပါလာကြသည်။

အဏ္ဏဝါပက်ကျိုကို မိခင်ရေယာဉ်ဖြစ်သော **မိုဒေါ့**ကုန်းပတ်မှ ရေထဲသို့ ချလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ဂျိုးမာတင်က ရေနက်အောက်သို့ ဆင်းနိုင်သည့် ခလုတ်နှစ်ခုကို နှိပ်ချလိုက်သည်။





'သမုဒ္ဒရာကြမ်းပြင်အောက် ရောက်တဲ့အထိ တစ်နာရီကြာမယ်။ ရှာဖွေရေးကို ဆယ်နာရီကြာအောင်လုပ်မယ်။ ရေပြင်ပေါ်ကို ပြန်တက်ဖို့ နှစ်နာရီကြာမယ်။ ကျုပ်တို့အဖို့ နောက်ထပ် ငါးနာရီတော့ ကျန်နေသေးတာပဲ'

အဲလ်ဘတ်၏ အကြံပြုချက်ကို ဂျိုးမာတင်က...

'ပိုတဲ့အချိန် ငါးနာရီကို ကျုပ်တို့က ရှာဖွေရေးအတွက် ထပ်သုံးမယ်'

ဂျိုးမာတင်က အဲလ်ဘတ်အား ဆာပိုတစ် ထောက်လှမ်းရေး ရေယာဉ်ကြီးဆီသို့ ပို့ပေးခဲ့ပြီးနောက် ရေအောက်သို့ ဆက်၍ဆင်းလာခဲ့၏။

ရေအနက် ပေနှစ်ထောင်ကျော်လာသောအခါ မြင်မြင်ရသမျှက မည်းမှောင်နေသည်။

အဲလ်ဘတ်က ဂျိုးမာတင်အား ရေအောက်သုံး တယ်လီဖုန်းဖြင့်...

'ဘယ့်နှယ်ထင်လဲ ဂျိုး၊ ကျုပ်တို့ စရှာရှာချင်း တိုင်တန်နစ်ကို တွေ့မယ်ထင်သလား'

'ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာပေးထားတဲ့ အချက်အလက်တွေသာ မှန်ကန်မယ်ဆိုရင် တစ်ချီတည်းနဲ့ ကျုပ်တို့ တွေ့နိုင်တာပေါ့'

'ခင်ဗျားတို့ ဆာပိုတစ်က ကြေးခရာကို တွေ့ခဲ့တဲ့ နေရာရဲ့ အရှေ့တောင်ဘက် ကိုက်တစ်ထောင့်သုံးရာအကွာ ဒီဂရီ ၁၁၀ စက်ဝိုင်းခြမ်းအတွင်းမှာ သင်္ဘောကြီးကို တွေ့ရမှာပဲ'

ဂျိုးမာတင်က မှန်ကူကားချပ်ပေါ်ရှိ လျှပ်စစ်နာရီကို မော့ကြည့်လိုက်သည်။

'၃ ဒသမ ဝ၆၄ဝ နာရီ။

'ကျုပ် ကြိုပြီးဟောလိုက်မယ်၊ နေ့လယ်စာစားချိန် မရောက်ခင် ကျုပ်တို့ တိုင်တန်နစ်ရဲ့ ကုန်းပတ်ပေါ်ကို ရောက်ရမယ်။ ဆယ့်တစ်နာရီ မိနစ်လေးဆယ်လောက်မှာ ရောက်ရမယ်'

ဆာပိုတစ်ရေယာဉ်ပေါ်မှ ပိုင်းလော့အဲလ်ဘတ်က...

'ဗေဒင်ဆရာကြီး ဟောတဲ့အတိုင်း မှန်ပါစေဗျာ'

ဆာပိုတစ်ရေယာဉ်တွင်း ဦးစီးမှူးအဖြစ် ဆောင်ရွက်ခဲ့သော ဂန်းက အဏ္ဏဝါပက်ကျိုရှိ မီးနှစ်ပွင့်ကို ဖွင့်လိုက်၏။

လျှပ်စစ်အလင်းရောင်က ဝန်းကျင်တစ်ခုလုံးကို ထိန်လင်းသွား[illegible]

ရေမျက်နှာပြင်ပေါ်မှဆင်းလာပြီးနောက် မိနစ်လေးဆယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရေအောက် ပေတစ်သောင်းသို့အရောက်တွင် ဂျိုးမာတင်က မိခင်လေယာဉ် မိုဒေါ့ဆီသို့ သတင်းပို့လိုက်၏။

အအေးဒီဂရီ ၃၅။

ပေအနက် ၁၂၃၇၅ သို့အရောက်တွင် မြောက်အတ္တလန္တိတ်သမုဒ္ဒရာ၏ ကြမ်းပြင်ကို စ၍မြင်လာရ၏။

ဂျိုးမာတင်၏ ရေယာဉ်စက်ကို နှေးချလိုက်ပြီး ဦးကို အနီရောင်ရွှံ့စေးများဖြင့် ဖုံးလွှမ်းနေသည့် ပင်လယ်ကြမ်းပြင်ဘက်သို့ လှည့်ပေးလိုက်၏။

အလူမီနီယမ်ပိုက်ကျိုရေယာဉ်ရှိ လျှပ်စစ်မော်တာများလည်းသံမှအပ ပကတိ တိတ်ဆိတ်နေသည်။

ပင်လယ်ကြမ်းပြင်သည် တစ်ညီတည်းမဟုတ်ဘဲ နိမ့်ချည်မြင့်ချည်။

သက်ရှိသတ္တဝါဟူ၍ တစ်ကောင်တလေမျှ မမြင်ရ။

ဂျိုးမာတင်က အလူမီနီယမ်ပိုက်ကျိုကို ပင်လယ်ကြမ်းပြင်မှ လေးပေလောက်သာ ခွာကာ မောင်းနှင်ရင်း တိုင်တန်နစ်ရှာပုံတော် ဖွင့်နေ၏။

နာရီလက်တံများက ကုန်ဆုံးသွားသည့်အချိန်ကို ညွှန်ပြလျက်။

'ရှေ့မှာ လှမ်းပြီးမြင်ရတာက ကျောက်တုံးတွေ စုပုံပြီးနေတာနဲ့တူတယ်'

ဦးစီးမှူးဂန်းက ပတ်လည်ကြည့် မှန်ပြောင်းမှ လှမ်း၍ကြည့်လိုက်ပြီး...

'ရေခဲတောင်ကြီးမှာ ကပ်ပါလာတဲ့ ကျောက်တုံးတွေ ရေခဲတောင်ကြီး ပျော်ကျသွားတဲ့အချိန်မှာ ပင်လယ်ကြမ်းပြင်အောက်မှာ ဒီလိုပဲ စုပုံပြီး ကျန်ရစ်နေတယ် နေဦး...နေဦး'

ဦးစီးမှူးဂန်းက ထင်မြင်ချက်ပေးနေရာမှ ရပ်လိုက်ပြီး...

'အလူမီနီယမ်ပိုက်ကျိုကို ရပ်လိုက်စမ်း၊ ထောက်လှမ်းရေးကိရိယာ ဆိုနာပေါ်မှာ ထူးခြားတဲ့ပုံရိပ်တွေ တွေ့နေရတယ်'

'ဘယ်လောက်အကွာမှာလဲ'

ဂျိုးမာတင်က မေးလိုက်သည်။

'ရှေ့တည့်တည့် ကိုက်တစ်ရာသုံးဆယ်ကျော် အကွာမှာ'

ဂျိုးမာတင်က ရေယာဉ်စက်ကို ပြန်နှိုးလိုက်ပြီး ရှေ့သို့ဆက်၍ မောင်းလာခဲ့၏။

'ခင်ဗျားမြင်ရတာ ဘာလဲဗျ'

'အမြင့်က နှစ်ထပ်တိုက်တစ်လုံးလောက်မြင့်ပြီး အရှည်ကတော့ ပေ





နှစ်ဆယ်၊ ဆယ့်ငါးပေလောက် ရှိတယ်'

'တိုင်တန်နစ်သင်္ဘောကြီးက ဘွိုင်လာတစ်ခုခု မဖြစ်နိုင်ဘူးလား'

'ဟော...နောက်တစ်ခု တွေ့ပြန်ပြီ၊ အရှည်ကတော့ ပေခုနစ်ဆယ်လောက်'

'သင်္ဘောခေါင်းတိုင်ကြီးတစ်ခု မဖြစ်နိုင်ဘူးလား'

'ဟုတ်တယ်၊ ပင်လယ်ကြမ်းပြင်ပေါ်မှာ သင်္ဘောကြီးက ဘွိုင်လာတွေ မီးခိုးခေါင်းတိုင်တွေဟာ ကစားစရာအရုပ်ကလေးတွေလို ပြန့်ကျဲနေမှာပဲ'

'ဟော...နောက်တစ်ခုတွေ့လာပြန်ပြီ။ ပေငါးရာ၊ ခုနစ်ရာ၊ ပေရှစ်ရာ၊ အာ...ဒါ တိုင်တန်နစ်သင်္ဘောကြီးရဲ့ ကိုယ်ထည်ပါလား'

ဂျိုးမာတင်က...

'ဘယ်အညွှန်းအတိုင်း ဦးတည်ပြီး မောင်းရမှာလဲ'

'သုည...ကိုး-ခုနစ်'

တစ်ယောက်မျှ စကားမပြောကြတော့။

'ပြန်ဆယ်၍မရနိုင်တော့လောက်အောင် သဲချေးကိုက်နေသည့် အဖြစ်ကို တွေ့ရမည်လား'

သည်အတွေးကြောင့် သူတို့က စိတ်မအေးနိုင်။

ရှေ့ဘက်တွင် ရောမ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုကို ထင်ထင်ရှားရှား တွေ့နေရပြီ။

'ကျုပ်တို့ တိုင်တန်နစ်သင်္ဘောကြီးရဲ့ ဦးပိုင်းနားကို ကပ်လာပြီ'

ဦးစီးမှူးဂန်းက လှမ်း၍သတင်းပို့လိုက်၏။

သင်္ဘောကြီးဦးပိုင်းနှင့် ပေငါးဆယ်အကွာလောက်သို့ အရောက်တွင် ဂျိုးမာတင်က အလူမီနီယမ်ပိုက်ကျိုမှ စက်ရှိန်ကို လျှော့ချလိုက်ပြီး သင်္ဘောကြီး၏ဘေးမှ ဖြည်း၍ ခုတ်မောင်းနေသည်။

နှစ်ပေါင်း ရှစ်ဆယ်နီးပါး ပင်လယ်ရေအောက်သို့ ရောက်နေခဲ့သည့်တိုင် သင်္ဘောကြီးပတ်ပတ်လည်တွင် သုတ်ထားသည့် ရွှေရောင်များက တောက်နေဆဲ။

သင်္ဘောကြီး ဦးပိုင်းတွင် သုံးပေလောက်အထိမြင့်အောင် ခတ်နှိပ်ထားသည့် ရွှေစာလုံးကြီးများက သင်္ဘောကြီး၏ အမည်ကို ဝင့်ကြွားစွာ ဖော်ကျူးနေ၏။

**'တိုင်တန်နစ်'**

ဂျိုးမာတင်က မိုက်ကရိုဖုန်းကို ကောက်ကိုင်လိုက်ပြီး ဆက်သွယ်ရေး ခလုတ်ကို နှိပ်လိုက်ကာ မိခင်ရေယာဉ်မိုဒေါ့ ဦးစီးမှူးထံ သတင်းပို့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ တိုင်တန်နစ်သင်္ဘောကြီးကို တွေ့ပြီ၊ ဒီသတင်းကို ပင်လယ် ရေအောက် အမျိုးသားသုတေသနဌာနချုပ်ကိုအရောက် ဆက်ပြီးပို့ပေးပါ။

'တွေ့ရတဲ့နေရာက ပင်လယ်ရေအောက်အနက် တစ်သောင်းနှစ်ထောင် သုံးရာ့လေးဆယ်ပေ၊ တွေ့ရတဲ့အချိန်က မနက်ဆယ့်တစ်နာရီ လေးဆယ့်ငါး မိနစ်'

ဆာပီ–တစ် ရေယာဉ်ပေါ်မှ ပိုင်းလော့အဲလ်ဘတ်က ဂျိုးမာတင်ထံ လှမ်း၍ ချီးကျူးစကားဆိုလိုက်၏။

'တော်ပါပေတယ်ဗျာ၊ ခင်ဗျားပြောခဲ့တာထက်- နှစ်မိနစ်ပဲ လွဲသွားခဲ့တယ်'

●



# အပိုင်း [ ၄ ]

## ဟောသင်္ဘောကြီး၏ ဟောအရှုပ်တော်ပုံ

၁၉၀၀၊ မေ

[ ၃၀ ]

ဆေးတံကို သေသေသပ်သပ် မီးညှိလိုက်ပြီးနောက် အထွေထွေအတွင်းရေးမှူး ဂရီဂိုအိုင်တိုနော့က မဟော်ဂနီစားပွဲတွင် စီတန်း ထိုင်နေကြသော ပုဂ္ဂိုလ်များ အား စူးစိုက်၍ ကြည့်လိုက်သည်။

အထွေထွေအတွင်းရေးမှူး၏ လက်ယာဘက်တွင်ထိုင်နေသူမှာ ဆိုဗီယက် ရေတပ်မတော် ထောက်လှမ်းရေးဌာန ဒါရိုက်တာ ရေကြောင်းဗိုလ်ချုပ်ကြီး ဘိုရစ္စဆလိုယု။

ဘိုရစ္စအနားတွင် ကပ်ထိုင်နေသူက သူ၏ စစ်ဘက်လက်ထောက် ဗိုလ်ကြီး အင်ဒရီ။

သူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်နေကြသူများမှာ နိုင်ငံခြားလုံခြုံရေး ထောက်လှမ်းရေးဌာန ကေ–ဂျီ–ဘီ–အကြီးအကဲ ဗလာဒီမာ ပိုလီဗိုင်း ဆိုဗီယက် ယူနီယံ လုံခြုံရေးအကြီးအကဲနှင့် မာရှယ်ဖြစ်သူ ဗာဆီလီတီဝစ် ပြီလော်ဗ



www.burmeseclassic.com

www.burmeseclassic.com



အထွေထွေအတွင်းရေးမှူး အင်တိုနော့က နိဒါန်းပျိုးမနေဘဲ…

'အမေရိကန်တွေက တိုင်တန်နစ်သင်္ဘောကြီးကို ပြန်ဖော်ဖို့ ကြိုးစား နေတာကတော့ အမှန်ပဲ။

'ရိက္ခာတင်သင်္ဘောနှစ်စီး၊ ဆက်သွယ်ပို့ဆောင်ရေး သင်္ဘောသုံးစီး၊ ရေအောက် ထောက်လှမ်းရေး သင်္ဘောလေးစီးကို အသုံးပြုထားတာကိုက သူတို့ ဘာလုပ်မယ်ဆိုတာ ထင်ရှားနေပြီ'

အထွေထွေအတွင်းရေးမှူးက ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယုနှင့် စစ်ဘက် လက်ထောက်ဗိုလ်ကြီး အင်ဒရီတို့အား လှမ်းကြည့်လိုက်ကာ…

'ဒီရေပြင်တစ်ဝိုက်မှာ ကျုပ်တို့ဘက်က ထောက်လှမ်းရေးသင်္ဘောတွေ ရှိနေရဲ့လား'

ဗိုလ်ကြီးအင်ဒရီက ခေါင်းညိတ်လိုက်ပြီး…

'ရှိနေပါတယ်ခင်ဗျာ၊ အဏ္ဏဝါဗေဒ သုတေသန သင်္ဘော **မစ်ခေးခါကော့ကို** ဗိုလ်ကြီးအိုင်ဗန်က ဦးစီးပြီး အမြဲထောက်လှမ်းနေပါတယ်'

'ကျွန်တော်က ဗိုလ်ကြီးအိုင်ဗန်ကို သိနေပါတယ်။ သူက လူတော် တစ်ယောက်ပါ'

ဆိုဗီယက် ရေတပ်မတော် ထောက်လှမ်းရေး ဒါရိုက်တာဖြစ်သူ ရေကြောင်း ဗိုလ်ချုပ်ကြီးဆလိုယုက ဖြည့်၍ တင်ပြလိုက်သည်။

'အမေရိကန်တွေက ၇၆ နှစ် ရေထဲမှာနစ်နေတဲ့ သင်္ဘောကြီးကို ဒေါ်လာ သန်းပေါင်း ရာနဲ့ချီ အကုန်ခံပြီး ဆယ်ယူဖို့ ကြိုးစားနေတာကို ထောက်ရင် အဲဒီကြိုးပမ်းချက်နောက်မှာ တစ်စုံတစ်ရာ ကြံစည်ချက်ရှိနေတယ်ဆိုတာ ထင်ရှား နေပြီ'

'မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့နိုင်ငံတော်ရဲ့ လုံခြုံရေးကို အန္တရာယ် ပေးနိုင်လောက်တဲ့ အကြံအစည်တစ်ခုတော့ အမေရိကန်မှာ ရှိနေပြီဆိုတာ ထင်ရှားနေပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယုက တင်ပြလိုက်၏။

စစ်ဘက်လက်ထောက် ဗိုလ်ကြီးအင်ဒရီက အနီရောင်အဖုံးများဖြင့် ဖုံး ထားသော ဖိုင်များကို စည်းဝေးပွဲတွင် ရှိနေသူများအား တရိုတသေကမ်းလှမ်း၍ ပေးနေ၏။

အနီရောင်အဖုံးပေါ်တွင် **မဟာစစ်ဆင်ရေးဟု** စာတမ်းထိုးထားသည်။





ရေကြောင်းဗိုလ်ချုပ်ကြီးဆလိုယုက ဆက်လျက်…

'ဒါကြောင့်လည်း ကျွန်တော်က ခုလိုဆွေးနွေးတင်ပြဖို့ အစည်းအဝေး ခေါ်လိုက်ရတာပါ။ ကျွန်တော့်အဖွဲ့သားတွေဟာ အမေရိကန်တွေရဲ့ လျှို့ဝှက်တဲ့ ကာကွယ်ရေးစနစ်သစ်တစ်ခုရဲ့ အကြမ်းဖျင်းပုံစံကို ထောက်လှမ်းလို့ ရခဲ့ပါတယ်။

ဒီစနစ်သစ်ဟာ ကျွန်တော်တို့အဖို့ တုန်လှုပ်စရာမဟုတ်ပေမယ့် သတိ ထားစရာတော့ ကောင်းတယ်လို့ ထင်ပါတယ်။ လူကြီးမင်းများ လေ့လာကြည့် ကြပါ'

အထွေထွေအတွင်းရေးမှူး အင်တိုနော့နှင့် ဆွေးနွေးပွဲထိုင်နေကြသူများက အနီရောင်အဖုံးနှင့် ဖိုင်ကို ဖွင့်လိုက်ကာ စ၍ ဖတ်ရှုလေ့လာနေကြ၏။

ဆယ်မိနစ်ခန့်အကြာတွင် အထွေထွေအတွင်းရေးမှူး အင်တိုနော့က တိတ် ဆိတ်ခြင်းကို ဖြိုခွင်းလိုက်ကာ…

'ဘယ်လိုမှ မဖြစ်နိုင်တဲ့ စီမံကိန်းပဲ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ရေကြောင်း ဗိုလ်မှူးကြီးဆလိုယု'

မာရှယ်တီလီဗစ်ကလည်း…

'ဒီလို ကာကွယ်ရေးစနစ်မျိုးလုပ်လို့ ဖြစ်နိုင်ပါ့မလား'

ဤတွင် ရေကြောင်းဗိုလ်ချုပ်ကြီးလည်းဖြစ်၊ ရေတပ်ထောက်လှမ်းရေးဌာန ဒါရိုက်တာလည်းဖြစ်သော ဆလိုယုက…

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ ကျော်ကြားထင်ရှားတဲ့ သိပ္ပံပညာ ရှင် ငါးဦးကို ကျွန်တော် ချဉ်းကပ်မေးမြန်း စုံစမ်းခဲ့ပါတယ်။

သိပ္ပံပညာရှင်များရဲ့ အဆိုအရ မဟာစစ်ဆင်ရေးမှာ ဖော်ပြထားတဲ့ စီမံကိန်း ဟာ သိပ်စွမ်းအင်ထက်တဲ့ သတ္တုတစ်မျိုးကို ရနိုင်မယ်ဆိုရင်တော့ သဘောတရား ရေးအရ လုပ်လို့ဖြစ်နိုင်ပါတယ်လို့ အဆိုပြုကြပါတယ် ခင်ဗျာ'

မာရှယ်တီလီဗစ်က…

'ဒါဖြင့် ဒီလို သိပ်စွမ်းအင်ထက်တဲ့ သတ္တုတစ်မျိုးဟာ တိုင်တန်နစ်သင်္ဘော ကြီးရဲ့ ကုန်လှောင်ပေါက်တစ်ခုမှာ ရှိနေတယ်လို့ ခင်ဗျား ဆိုချင်သလား'

'တိတိကျကျ ဆိုပါတယ်၊ ရဲဘော်မာရှယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယုက ပြတ်ပြတ်သားသားပြန်ဖြေရင်း…

'ကျွန်တော့်အစီရင်ခံစာထဲမှာ ဖော်ပြထားတဲ့အတိုင်း ကာကွယ်[illegible] တစ်ခုကို ဖန်တီးပေးနိုင်တဲ့ သိပ်ပြီး စွမ်းအင်ထက်တဲ့ သတ္တုဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ ဒီသတ္တုဟာ အင်မတန်လှူသိနည်းတဲ့သတ္တုမျိုး ဖြစ်ပါတယ်။

ဒီလို အင်မတန်လှူသိနည်းပြီး ရှားပါးလှတဲ့ ဘိုင်ဇမ်နီယံသတ္တုဟာ ရုရှား သယံဇာတပစ္စည်း ဖြစ်ခဲ့ပါတယ်။ ဒီသယံဇာတပစ္စည်းကို အမေရိကန်တွေဟာ လွန်ခဲ့တဲ့ ၇၆ နှစ်က ရုရှားမြေပေါ်က ခိုးယူသွားခဲ့ကြောင်း ခုမှ ကျွန်တော်တို့ သိရှိကြပါတော့တယ်။

ကျွန်တော်တို့အဖို့ ကံကောင်းတယ်လို့ ဆိုရမှာက အမေရိကန်တွေဟာ ဒီသတ္တုကို သမုဒ္ဒရာထဲ နစ်မြုပ်သွားမယ့် သင်္ဘောနဲ့မှ တင်ပြီး သယ်ယူသွားတာပဲ ဖြစ်ပါတယ်'

အထွေထွေအတွင်းရေးမှူးက လုံးဝနားလည်သဘောပေါက်ခြင်း မရှိသည့် အမူအရာဖြင့် ခေါင်းကိုခါယမ်းလိုက်ပြီး...

'ရဲဘော် ဗိုလ်ချုပ်ကြီး...ရဲဘော် အစီရင်ခံစာထဲမှာ ဖော်ပြထားတဲ့အတိုင်းသာ မှန်နေရင် ကျုပ်တို့ရဲ့ တိုက်ချင်းပစ် ဒုံးပျံတွေကို ဆိတ်ကျောင်းသားက မှက်ခြင်ယင်တွေကို ပွတ်သပ်ခါချပစ်သလို အမေရိကန်တွေက မောင်းထုတ်ပစ်လိုက်နိုင်မှာပဲ'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယုက ခေါင်းကို တည်ငြိမ်သည့်ဣန္ဒြေဖြင့် ညိတ်လိုက်ပြီး...

'ဒီအချက်ဟာ သိပ်ကို ကြောက်စရာကောင်းလောက်အောင် မှန်တဲ့အချက် ဖြစ်ပါတယ်။ ရဲဘော် အထွေထွေအတွင်းရေးမှူးကြီးခင်ဗျား'

ကေ၊ ဂျီ၊ ဘီ၊ အကြီးအကဲ ရဲဘော်ပိုလီဗ္ဗိုင့်က စားပွဲပေါ်တွင် လက်ထောက်၍ မှီလိုက်သည်။ မျက်နှာပေါ်တွင် မယုံသင်္ကာသည့် လက္ခဏာများ ယှက်သန်းလျက်။

'ဒီအစီရင်ခံစာထဲမှာ ရဲဘော်ကြီး ဖော်ပြထားတာက ရဲဘော်ကြီးကို ထိုသတင်းပေးနေတဲ့သူတစ်ယောက်ဟာ အမေရိကန် ကာကွယ်ရေးဌာနက ရာထူးအဆင့်မြင့်တဲ့ စစ်ဘက်လက်ထောက်တစ်ယောက်လို့ ဆိုထားပါတယ်။ ဒါ ဟုတ်ပါသလား'

'ဟုတ်ပါတယ်ခင်ဗျာ'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယုက လေးလေးစားစား ဖြေကြားလိုက်ရင်း...

'ကျွန်တော်တို့ကို သတင်းပေးနေတဲ့လူဟာ ဝါဟားဂိတ် အရေးအခင်းနဲ့





ပတ်သက်ပြီး အမေရိကန်အစိုးရအပေါ်မှာ ယုံကြည်မှုနည်းပါးလာရာက သူရထားတဲ့ တာန်ဖိုးရှိမယ်ထင်တဲ့ သတင်းတွေကို ကျွန်တော်တို့ဆီကို ပို့ပေးနေခဲ့ပါတယ်ခင်ဗျာ'

အထွေထွေအတွင်းရေးမှူးက ရေကြောင်းဗိုလ်ချုပ်ကြီး၏ စစ်ဘက် လက်ထောက် ဗိုလ်ကြီးအင်ဒရီအား စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'ဒီမဟာစစ်ဆင်ရေးက စီမံကိန်းကို အမေရိကန်တွေ လုပ်နိုင်မယ်လို့ ခင်ဗျားထင်သလား'

'တိုင်တန်နစ်သင်္ဘောကြီးကို ပြန်ဆယ်ဖို့ကိစ္စကို ဆိုလိုပါသလားခင်ဗျာ'

အထွေထွေအတွင်းရေးမှူးက ခေါင်းညိတ်ပြလိုက်၏...။

ဗိုလ်ကြီးအင်ဒရီက...

'ကျွန်တော်တို့ရဲ့ နျူကလီးယား ရေငုပ်သင်္ဘောတစ်စီးကို အမေရိကန် စီအိုင်အေက ပင်လယ်ရေအောက် ပေတစ်သောင်းခုနစ်ထောင်အနက်ကနေပြီး ဆယ်ယူနိုင်ခဲ့ပါတယ်'

'ဒီအဖြစ်အပျက်ဟာ ဟာဝိုင်ယီကျွန်းအလွန် ပင်လယ်ရေပြင်မှာ ၁၉၇၄ ခုနှစ်က ပေါ်ပေါက်ခဲ့တဲ့ အဖြစ်အပျက်ပါ။

'ဒီအဖြစ်အပျက်ကို စီအိုင်အေက ဂျီနီဗာစီမံကိန်းဆိုပြီး နာမည်တပ်ခဲ့ပါတယ်။

ဒီတော့ အမေရိကန်တွေဟာ တိုင်တန်နစ်သင်္ဘောကြီးကို နယူးယောက် ဆိပ်ကမ်းအရောက် ပြန်ဖော်ပြီး ဆွဲယူလာနိုင်တဲ့ အတတ်ပညာပိုင်းဆိုင်ရာ စွမ်းအားတွေ ရှိနေတယ်ဆိုတာ ကျွန်တော့်အနေနဲ့ မယုံကြည်နိုင်စရာ မရှိလှပါဘူး'

'ဒါကြောင့် အထွေထွေအတွင်းရေးမှူးကြီးခင်ဗျား၊ သူတို့ဟာ မဟာစစ်ဆင်ရေးက စီမံကိန်းကို လုပ်ဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော် ဆိုရဲပါတယ်'

ဤတွင် ကေ၊ ဂျီ၊ ဘီ အကြီးအကဲ ပိုလီဗ္ဗိုင့်က...

'ကျုပ်တော့ ရဲဘော်ရဲ့ထင်မြင်ချက်ကို မထောက်ခံနိုင်ဘူး။ ဘာပြုလို့လဲဆိုတော့ ရေငုပ်သင်္ဘောကလေးတစ်စီးနဲ့စာရင် တိုင်တန်နစ်ဟာ သိပ်ကို အတိုင်းအဆကြီးနေတဲ့သင်္ဘောကြီး ဖြစ်နေလို့ပဲ'

ဤတွင် ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယုက...

'ကျွန်တော်ကတော့ ဗိုလ်ကြီးအင်ဒရီရဲ့ ထင်မြင်ချက်ကို လုံးဝ [illegible] ရပ်ပါလိမ့်မယ်။ အမေရိကန်တွေမှာ လုပ်မယ်ဆိုတဲ့ အလုပ်တစ်ခုထဲ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်တဲ့ ဉာဉ်ဆိုးကလေး ရှိလို့ပါပဲ’

ကော၊ ဂျီ၊ ဘီ အကြီးအကဲ ပိုလီဗွိုင့်က…

‘ဒီမဟာစစ်ဆင်ရေးဆိုတာကတော့ ဘာတဲ့လဲ။ ကျွန်တော်တို့ ကော၊ ဂျီ၊ ဘီက ဒီစစ်ဆင်ရေးစီမံကိန်းဆိုတာနဲ့ ပတ်သက်ပြီး ဘာသတင်းမှ အတိအကျ အသေးစိတ်မရခဲ့ပါဘူး။

ကျွန်တော်တို့ရထားတာက မဟာစစ်ဆင်ရေးဆိုတဲ့ နာမည်ဝှက်တစ်ခုပဲ ဖြစ်ပါတယ်။

အမေရိကန်တွေဟာ ကျွန်တော်တို့ အစိုးရနဲ့ ဈူးကလီးယားလက်နက်နဲ့ သက်ဆိုင်တဲ့ အတတ်ပညာတွေ ဖလှယ်တဲ့နေရာမှာ ဟိတ်ဟန်ထုတ်လို့ကောင်း အောင် ဒီမဟာစစ်ဆင်ရေးဆိုတဲ့ စီမံကိန်းကို ဖြီးပြီး လှည့်စားနေတာကော မဖြစ်နိုင်ဘူးလား’

အထွေထွေအတွင်းရေးမှူး အင်တိုနော့က စားပွဲကို လက်ဖြင့်ခေါက်ရင်း စဉ်းစားခန်းဝင်နေ၏။

‘အမေရိကန်တွေဟာ မဖြီးဘူး၊ ဒီလိုမဖြီးတဲ့အကြောင်းကို ရဲဘော် ကရွေး ရှက်ဟာ လွန်ခဲ့တဲ့ ၂၅ နှစ်က ကျူးဘားကို ပို့ခဲ့တဲ့ ဒုံးပျံအရေးအခင်းမှာ ကိုယ်တွေ့ကြုံခဲ့ရပြီးပြီ။

ကျုပ်တို့ဟာ မဖြစ်နိုင်တဲ့ဖြီးလုံးတွေဆိုပြီး ပေါ့ဆနေလို့တော့ မဖြစ်ဘူး။ အမေရိကန်တွေဟာ ဒီသင်္ဘောကြီးက ဘိုင်ဇမ်နီယံသတ္တုတွေကို ဆယ်ယူလို့ရတာ နဲ့ တစ်ပြိုင်နက် သူတို့ရဲ့ မဟာစစ်ဆင်ရေးစီမံကိန်းကြီးကို အကောင်အထည် ပေါ်လာအောင် ကြိုးပမ်းလာမှာ အမှန်ပဲ။

ဒီတော့ ကျုပ်တို့ ဆက်ပြီးလုပ်ရမယ့် အလုပ်က ဒီစစ်ဆင်ရေးကြီး ရှုံးနိမ့် သွားအောင် ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ အချက်ပဲ’

အထွေထွေအတွင်းရေးမှူး၏ စကားအဆုံးတွင် မာရှယ်တီလီဗစ်က…

‘ဘိုင်ဇမ်နီယံသတ္တုတွေ အမေရိကန်နိုင်ငံကို ရောက်မသွားနိုင်အောင် လုပ်ရမယ်ဆိုတာ ထင်ရှားနေပါပြီ’

‘ကော၊ ဂျီ၊ ဘီ အကြီးအကဲ ပိုလီဗွိုင့်က မဟာစစ်ဆင်ရေး ဖိုင်ပေါ်တွင် လက်ချောင်းကလေးများကို ခေါက်လိုက်ပြီး…

လျှို့ဝှက်ဖျက်ဆီးရေး၊ ဒီမဟာစစ်ဆင်ရေးကြီး ရှုံးနိမ့်သွားအောင် လုပ်ရမှာ က လျှို့ဝှက်ဖျက်ဆီးရေးပဲ။ သင်္ဘောကြီးကို ဆယ်ယူလို့မရနိုင်အောင် ကျွန်တော်





တို့က လျှို့ဝှက်ဖျက်ဆီးပစ်ရမယ်။ ဒီတစ်နည်းပဲရှိတယ်’

ဤတွင် အထွေထွေအတွင်းရေးမှူး အင်တိုနော့က…

‘ဒီလိုလျှို့ဝှက်ဖျက်ဆီးရေးလုပ်တဲ့အခါမှာ နိုင်ငံတကာနဲ့ သက်ဆိုင်လာတဲ့ အရေးအခင်းအထိ ကြီးကျယ်မလာအောင် အထူးဂရုစိုက်ဖို့လိုတယ်။

နောက်တစ်ချက်က ကျုပ်တို့မှာ သီးနှံထွက်နှုန်း ညံ့နေတဲ့အချိန်နဲ့ ရင်ဆိုင် နေရတော့ ဒီလျှို့ဝှက်ဖျက်ဆီးရေးဟာ အမေရိကန်နဲ့ ရုရှားစစ်ရေးအရ ထိပ်တိုက် ဖြေရှင်းရမယ့်ကိစ္စမျိုးအထိ ကြီးထွားမလာရအောင် သတိထားဖို့လိုတယ်။ ဒါကို တိတိကျကျသိထားဖို့လိုတယ်’

မာရှယ်တီလီဗစ်က ဆိုဗီယက်ယူနီယံ၏ လုံခြုံရေးကို တာဝန်ယူထားရသူ ဖြစ်သည့်အတိုင်း…

‘ဒါပေမဲ့ အထွေထွေအတွင်းရေးမှူးကြီးခင်ဗျား…ကျွန်တော်တို့ဟာ အမေ ရိကန်တွေရဲ့ သင်္ဘောဆယ်ယူရေးလုပ်နေတဲ့ ရေပြင်ထဲကို မထိုးဖောက် မဝင်ရ ဘဲနဲ့တော့ ဘာလျှို့ဝှက်ဖျက်ဆီးရေးမှ လုပ်နိုင်မှာ မဟုတ်ပါဘူး’

ကော၊ ဂျီ၊ ဘီ အကြီးအကဲ ပိုလီဗွိုင့်က ရေကြောင်းဗိုလ်ချုပ်ကြီး ဆလိုယု အား စိုက်ကြည့်လိုက်ကာ–

‘သင်္ဘောဆယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက် အမေရိကန်တွေ က ဘာတွေလုပ်ထားတယ်ဆိုတာ သိချင်ပါတယ် ဗိုလ်ချုပ်ကြီး’

ဤတွင် ဆလိုယုက–

‘ဆယ်ယူရေးသင်္ဘောတွေ အလုပ်လုပ်နေတဲ့ ရေပြင်တစ်ဝိုက်မှာကို လှမ်းမြင် နေရတဲ့နေရာကနေပြီး ဈူးကလီးယား ထိပ်ဖူးတပ်ဒုံးပျံတွေ တပ်ဆင်ထားတဲ့ ဂျူနော်တိုက်သင်္ဘောက ၂၄ နာရီ ကင်းလှည့်ပေးနေပါတယ်ခင်ဗျား’

ဗိုလ်ကြီးအင်ဒရီက ကြားဝင်ကာ–

‘ကျွန်တော် တစ်ခုတင်ပြပါရစေ’ဟု ပလ္လင်ခံလိုက်ပြီး–

‘လျှို့ဝှက်ဖျက်ဆီးရေးလုပ်ဖို့အတွက် ကျွန်တော်တို့ ရေတပ်ထောက်လှမ်းရေး အဖွဲ့က ပဏာမအနေနဲ့ ထိုးဖောက်ဝင်ရောက်ရေးကိုတော့ လုပ်နေပြီဆိုတာ တင်ပြပါရစေ’

အထွေထွေအတွင်းရေးမှူးက ဗိုလ်ကြီးအင်ဒရီအား လှမ်းကြည့်လိုက်ကာ–

‘ဘယ်လိုထိုးဖောက်ဝင်ရောက်ရေးမျိုး လုပ်ထားတယ်ဆိုတာ [illegible]

ဗိုလ်ကြီးအင်ဒရီက ရေကြောင်းဗိုလ်ချုပ်ကြီးအား လှမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရေကြောင်းဗိုလ်ချုပ်ကြီးက ခေါင်းညိတ်ပြလိုက်၏။

'နူးမားဆယ်ယူရေးအဖွဲ့သားတွေထဲမှာ ကျွန်တော်တို့လူနှစ်ယောက်ကို ထည့်ထားပြီးခဲ့ပါပြီ၊ ဒီလူနှစ်ယောက်ဟာ သိပ်ကိုတော်တဲ့လူတွေ ဖြစ်ပါတယ်။ အမေရိကန်တွေရဲ့ အဏ္ဏဝါဗေဒ ရှာဖွေတွေ့ရှိချက်တွေထဲက အရေးကြီးတဲ့ အချက်တွေကို ကျွန်တော်တို့ဆီကို လက်ဆင့်ကမ်းပြီး သတင်းပို့နေခဲ့တာ နှစ်နှစ်တောင် ရှိနေပါပြီ'

အထွေထွေအတွင်းရေးမှူးက–

'ကောင်းတယ်၊ ကောင်းတယ်၊ ဆလိုယုတို့အဖွဲ့သားတွေက သိပ်ကို နေရာကျတယ်'

ဤသို့ပြောလိုက်သော်လည်း အထွေထွေအတွင်းရေးမှူး၏အသံက လှိုက်လှိုက်လှဲလှဲမရှိလှ။

သူက ဗိုလ်ကြီးအင်ဒရီအား ပြန်၍လှည့်ကြည့်လိုက်ကာ–

'ဒါဖြင့် လျှို့ဝှက်ဖျက်ဆီးရေးအတွက် ရဲဘော်က အစီအစဉ်တစ်ခုတော့ လုပ်ထားပြီးပြီလို့ ကျုပ်တို့ယူဆထားရတော့မှာပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ် ရဲဘော် အထွေထွေအတွင်းရေးမှူးကြီးခင်ဗျား၊ ဖျက်ဆီးရေးအတွက် အစီအစဉ်လုပ်ထားပြီးပါပြီ'

[ ၃၁ ]

ဆွေးနွေးပွဲမှပြန်လာသော ဗိုလ်ကြီးအင်ဒရီက ဗိုလ်မာဂနင်အား မိမိစားပွဲနောက်ဘက်ရှိ ကုလားထိုင်တွင် အေးအေးဆေးဆေးထိုင်နေသည်ကို တွေ့ရ၏။

ဗိုလ်မာဂနင်က ပြောင်းလဲနေသည်။

မိမိဆွေးနွေးပွဲသို့ မသွားခင်က ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ကျိုးနွံခဲ့သည့် ဗိုလ်မာဂနင်က ယခုမူ နဂါးအမောက်လို တထောင်ထောင်။

'ဆွေးနွေးပွဲမှာ အဆင်ပြေခဲ့ရဲ့လား ဗိုလ်ကြီး'

ဗိုလ်မာဂနင်က ထိုင်ရာမှ မထဘဲ မေးလိုက်သည်။

'အဆင်ပြေတာကတော့ ပြောမနေနဲ့၊ ကျုပ် ဗိုလ်ချုပ်ကြီးဖြစ်လာတော့ မယ့်အချိန် မဝေးတော့ဘူး'

'ဗိုလ်ကြီးက ဘဝင်မြင့်ရောဂါ စွဲနေတာကိုး'





ဗိုလ်မာဂနင်ထံမှ လုံးဝမမျှော်လင့်သောစကားကို ကြားလိုက်ရသောကြောင့် ဗိုလ်ကြီးအင်ဒရီက ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဒေါသကို ချုပ်တည်းထားရသဖြင့် ဗိုလ်ကြီးအင်ဒရီ၏မျက်နှာက ခက်ထန်နေသည်။

'မင်းက ငါ့ကို ဒီလိုပြောရဲသလား…ဟင်'

'ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ အထွေထွေအတွင်းရေးမှူးကြီးကို ခင်ဗျား တင်ပြလိုက်တဲ့ အမေရိကန်တွေရဲ့ မဟာစစ်ဆင်ရေး၊ ပြီးတော့ တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးလုပ်ငန်း၊ ဒါတွေဟာ ကျုပ်ရခဲ့တဲ့ လျှို့ဝှက်သတင်းတွေပဲ မဟုတ်လား။

ဒါကို ခင်ဗျားက သူများဥစ္စာ ကိုယ့်ဥစ္စာလုပ်ပြီး ဆွေးနွေးပွဲမှာ လူစွမ်းကောင်းကြီး လုပ်လာခဲ့တယ်မဟုတ်လား။

နောက်ပြီး ဘိုင်ဇမ်နီယံသတ္တုတွေကို အမေရိကန်တွေလက်က ဘယ်လို လျှို့ဝှက် ထိုးဖောက်ရယူမယ့် အစီအစဉ်တွေဟာလည်း ကျုပ်လုပ်တဲ့ အစီအစဉ်တွေပဲ မဟုတ်လား။

ဒါတွေကို ခင်ဗျားက ကျုပ်ဆီက ခိုးသွားပြီး ဆွေးနွေးပွဲမှာ လူတတ်ကြီး လူတော်ကြီး လုပ်လာခဲ့တယ်မဟုတ်လား။ အမှန်တော့ ခင်ဗျားဟာ ဘာမှအစွမ်းအစမရှိတဲ့ သူခိုးတစ်ယောက်ပဲ'

ဗိုလ်ကြီးအင်ဒရီက ဗိုလ်မာဂနင်အား လက်ညှိုးထိုးကာ

'ဟေ့…တော်တော့'

ဗိုလ်ကြီးအင်ဒရီ၏အသံက တုန်လျက်။

မိမိစိတ်ကို မိမိ ပြန်၍ထိန်းလိုက်ပြီး အင်ဒရီက ဗိုလ်ကြီးတစ်ယောက်၏ လေသံဖြင့် ဆက်ပြောလိုက်သည်။

'မာဂနင် အထက်အရာရှိကို ရိုသေမှုမရှိတဲ့အတွက် မင်းကို မီးလောင်တိုက် သွင်းပစ်ရမယ်။ ဒီလမကုန်ခင်ကို မင်း မီးလောင်တိုက် အသွင်းခံရအောင် ငါ လုပ်ပြမယ်'

ဗိုလ်မာဂနင်က တစ်ခွန်းမျှ နှုတ်တုံ့မပြန်၊ ပြုံးရုံသာ ပြုံးနေ၏။

သူ့အပြုံးက သွေးထားသော ဓားသွားလို မြနေသည့်အပြုံး။



www.burmeseclassic.com

www.burmeseclassic.com



[ ၃၂ ]

နံနက်စောစောကပင် အရှေ့မြောက်လေက တသုန်သုန်တိုက်ခတ်နေ၏။

မွန်းတည့်ချိန်လောက်တွင် လေတိုက်နှုန်းက တစ်နာရီ သုံးဆယ့်ငါးမိုင်။

သုံးဆယ့်ငါးမိုင်နှုန်း လေပြင်းကြောင့် လှိုင်းများက တောင်လုံးကြီးများ ဖမာ ကြွားထလာ၏။

တိုင်တန်နစ်သင်္ဘောကြီးအား ဆယ်ယူရေးတွင် ပါဝင်နေကြရသည့် သင်္ဘောသားများမှာ လက်ဆေးဇလုံထဲတွင် စက္ကူခွက်ကလေးများကဲ့သို့။

တိုက်လာသော လေပြင်းက အာတိတ်စက်ဝိုင်းဆီမှ အရိုးကွဲလောက်အောင် အေးသော လေအလျဉ်ကို သယ်ယူလာခဲ့သည်ဖြစ်ရာ သင်္ဘောသားများသည် ကုန်းပတ်ပေါ်သို့ပင် မတက်ရဲလောက်အောင် ဖြစ်နေကြရ၏။

အအေးဒီဂရီ သုညအောက် နှစ်ဆယ်အထိ ရောက်နေသည့်တိုင် လေ မတိုက်ဘဲနေပါက ခံသာသေးသည်။ ယခုမူ အအေးဒီဂရီက ရေခဲအမှတ် နှစ်ဆယ် အောက်တွင် ရှိနေပြီး လေက သုံးဆယ့်ငါးမိုင်နှုန်း တိုက်နေသဖြင့် အနေရ ခက်လှချေ၏။

လေသည် လူ့ကိုယ်ခန္ဓာမှ အနွေးဓာတ်ကို လျင်မြန်စွာစုပ်ယူသွားနိုင်သကဲ့ သို့ အအေးဓာတ်ကိုလည်း ဆောလျင်စွာ ပြန်ပေးနိုင်သည်။

တိုက်နေသည့်လေက အာတိတ်စက်ဝိုင်းဆီမှ ရောက်လာသည့်လေ။ သင်္ဘောသားများ၏ ကိုယ်ခန္ဓာမှ အပူငွေ့ကို စုပ်ယူနေသည့်လေ။

ကက်ပရီကွန်သင်္ဘောမှ ရာသီဥတုအခြေအနေ တိုင်းထွာစမ်းမှန်းရေးအရာရှိ ရောက်သည် အခန်းထဲတွင် ရာသီဥတုတိုင်းထွာရေး ဂြိုဟ်တုစခန်းများမှ ပေးပို့ သည့် အချက်အလက်များကို လေ့လာရင်း မြောက်အတ္တလန္တိတ် သမုဒ္ဒရာတွင် ပေါ်ပေါက်လာနိုင်မည့် ရာသီဥတုအခြေအနေကို တွက်ကြည့်နေ၏။

'လေပြင်းတိုက်နေတာ ဘယ်အချိန်လောက် လျော့သွားနိုင်မှာလဲ'

တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးတွင် ဦးစီးမှူးတာဝန်ကို ယူထားရ သော ဂျိုးမာတင်က ဖရက်အား မေးလိုက်၏။

'နောက်တစ်နာရီကြာရင် လေတိုက်နှုန်း စပြီးလျော့လာလိမ့်မယ်။ နက်ဖြန် နေထွက်ချိန်လောက်မှာတော့ လေတိုက်နှုန်းဟာ ဆယ်မိုင်လောက်ပဲရှိတော့မယ်'

ဂျိုးမာတင်က ကက်ပရီကွန်သင်္ဘောတွင် တပ်ဆင်ထားသော ရေအောက်





လှုပ်ရှားမှုအချက်ပြမှန်ကူကွက်ကားချပ်များကို ကြည့်လိုက်သည်။

ပင်လယ်ရေအနက် သောင်းနှစ်ထောင်တွင် ဆယ်ယူရေးလုပ်ငန်းများကို လုပ်နေသည့် ရေနက်သွား ရေယာဉ်များက ကူမြွေရရ။

ပင်လယ်ရေ အနက်အောက်တွင် ဆယ့်နှစ်နာရီမျှသာ တစ်ဆက်တည်း လှုပ်ရှားနိုင်သည့် အဏ္ဏဝါပက်ကျိမှအပ ကျန်ရေနက်သွား ရေယာဉ်သုံးစီးက တိုင်တန်နစ်သင်္ဘောကြီးနားတွင် ဆယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်နေ ကြ၏။

ဤရေနက်သွား ရေယာဉ်သုံးစီးသည် ရေအောက်တွင် ငါးရက်ဆက်တိုက် လှုပ်ရှားနိုင်စွမ်းရှိကြ၏။

အဏ္ဏဝါပက်ကျိကမူ မိခင်ရေယာဉ် မိုဒေါ့သင်္ဘောကုန်းပတ်ထက်တွင် အနားယူလျက်။

ရေနက်သွား သင်္ဘောသုံးစီး ငါးရက်တစ်ကြိမ် ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်လာခြင်းမှာ ထိုထက်ပို၍မလှုပ်ရှားနိုင်သောကြောင့် မဟုတ်။ သင်္ဘော သားများကို ငါးရက်တစ်ကြိမ် လူလဲပေးရန်သာဖြစ်သည်။

'ရေပေါ်က သင်္ဘောတွေရဲ့ အခြေအနေက ဘယ်လိုလဲဗျ'

ရေပုံကားချပ်ကြီးပေါ်တွင် ပြန့်ကျဲလျက်ရှိသော သင်္ဘောငယ်ကလေးများ ကို အဲလ်ဘတ်က ညွှန်ပြရင်း–

'ကက်ပရီကွန်ကတော့ မူလအတိုင်း ဗဟိုနေရာမှာပဲ။ မိုဒေါ့ကတော့ အရှေ့ အတော်ခပ်လှမ်းလှမ်းမှာ။ ဘွန်ဘားဂါးသင်္ဘောကတော့ နောက်ဘက် သုံးမိုင် လောက်အကွာမှာ'

ဂျိုးမာတင်က ဘွန်ဘားဂါး သင်္ဘောပုံစံငယ်ကလေးကို စူးစိုက်၍ ကြည့်နေ သည်။

ဘွန်ဘားဂါးမှာ ပင်လယ်ရေအနက်အောက် ဆယ်ယူရေးလုပ်ငန်းများကို အထူးပြုလုပ်နိုင်အောင် တည်ဆောက်ထားသည့် သင်္ဘောအသစ်။

'ဒီသင်္ဘောက ကက်ပတိန်ကို ကျုပ်တို့နဲ့ တစ်မိုင်ကွာအတွင်းမှာ နေရာယူ ထားပါလို့ အမိန့်ပေးလိုက်ပါ'

အဲလ်ဘတ်က ခေါင်းညိတ်လိုက်ပြီး ရေဒီယိုအော်ပရေတာ[illegible] ဘွန်ဘားဂါးသင်္ဘောသို့ အချက်ပြဆက်သွယ်ရန် ညွှန်ကြားလိုက်[illegible]

'ရိုက္ခာတင်သင်္ဘောတွေရဲ့ အခြေအနေကကော ဘယ်[illegible]'



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးမာတင်၏ အမေးကို အဲလ်ဘတ်က–

'ဒီသင်္ဘောအတွက်တော့ စိုးရိမ်စရာမလိုပါဘူး၊ သူတို့က ရိက္ခာတင်သင်္ဘောကြီးတွေဆိုတော့ ဒီလှိုင်းလေဒဏ်ကို မမှုပါဘူး။

'ရိက္ခာတင်သင်္ဘောကြီး တာဟာမ်ဘရာက ကျွန်တော်တို့သင်္ဘောရဲ့လက်ယာဘက်မှာရှိနေပြီး မွန်ထရေရီပတ်ကတော့ သတ်မှတ်ပေးထားတဲ့ နေရာအတိုင်း ကျွန်တော်တို့နောက်ဘက်မှာ'

ဂျိုးမာတင်က ရေပုံကားချပ်ပေါ်ရှိ အနီရောင်သင်္ဘောပုံစံငယ်ကလေးကို မေးငေါ့ပြလိုက်၏။

'ကျုပ်တို့ရဲ့ ရုရှားမိတ်ဆွေတွေကတော့ ကျုပ်တို့နဲ့ တစ်ဖဝါးမကွာ ရှိနေဆဲပါကလား'

'ဟုတ်တယ်၊ ရုရှားတွေရဲ့သင်္ဘော မစ်ခေးခါကော့ကတော့ ကျွန်တော်တို့ရဲ့ ဆယ်ယူရေးလုပ်ငန်းတွေကို စောင့်ကြည့်နေတုန်းပဲ'

အဲလ်ဘတ်က အပြာရောင်စစ်သင်္ဘော ပုံစံငယ်ကလေးတစ်ခုကို အနီရောင်ရုရှားသင်္ဘောနားတွင် ချထားလိုက်ပြီး–

'ကျွန်တော်တို့ရဲ့ နျူးကလီးယား ထိပ်ဖူးတပ်ခုံးပျံတွေ တင်ဆောင်ထားတဲ့ ယောဒီအပြာရောင် ကျူနောက တိုက်သင်္ဘောဆိုတော့ ရုရှားတွေရဲ့ အနီရောင်စစ်သင်္ဘောဟာ သိပ်ပြီး တွင်ကျယ်နိုင်မှာ မဟုတ်ပါဘူး'

'ကျုပ်တို့ရဲ့ ဆယ်ယူရေးအချက်ပြအဖွဲ့ သင်္ဘောကကော'

ဂျိုးမာတင်၏ အမေးကို အဲလ်ဘတ်က–

'ကျွန်တော်တို့သင်္ဘောနဲ့ ကိုက် ၁၂၀၀ အကွာ ရေပုံညွှန်း ၀–၅၉ မှာ မှန်မှန်ကြီး လှိုင်းလေထဲမှာ လွင့်မသွားတာပဲ တော်လှပြီ၊ ကျုပ်တို့မှာ အလုပ်လုပ်ရက်ကလည်း သိပ်မရှိတော့ဘူး၊ ဒီထဲမှာ လေကလည်း ထန်နေပြန်တယ်'

ဂျိုးမာတင်က ဤသို့ပြောရင်း ရာသီဥတုခန့်မှန်းရေးအရာရှိ ဖရက်ဘက်သို့ လှည့်ကာ–

'ဘယ့်နှယ်တုံးဗျ၊ ရာသီဥတုအခြေအနေက'

ဖရက်က တွက်ချက်နေရာမှ ခေါင်းပင်မဖော်ဘဲ–

'မြောက်အတ္တလန္တိတ်သမုဒ္ဒရာဆိုတာ ရာသီဥတုအခြေအနေ ခန့်မှန်းဖို့ အခက်ခဲဆုံးနေရာပဲ။ ဘယ်သမုဒ္ဒရာ၊ ဘယ်ပင်လယ်နဲ့မှ မတူဘူး၊ ရာသီဥတုအခြေအနေက နေ့စဉ်နဲ့အမျှ ခန့်မှန်းလို့မရနိုင်လောက်အောင် တပြောင်းတည်း





ပြောင်းနေတာ'

အချက်ပြဆိုနာ အော်ပရေတာက လက်ပြ၍ ခေါ်လိုက်သောကြောင့် ဂျိုးမာတင်က ဆိုနာကိရိယာနားသို့ တိုးကပ်သွားပြီး–

'ဘာအချက်ပြတွေ ရနေလဲ'

'အမ်မလီဖိုင်ယား အသံချဲ့စက်က ထူးဆန်းတဲ့အသံတစ်ခု ထွက်ထွက်လာတယ်။ တစ်ခုခုကို ထုရိုက်နေတဲ့အသံမျိုး။ ဒီအသံကို နှစ်လအတွင်းမှာ ကြားလိုက်၊ မကြားလိုက်နဲ့၊ တစ်ယောက်က တစ်နေရာကို သတင်းပို့နေတဲ့ အသံမျိုးပဲ'

'ဒီအသံကို အဓိပ္ပာယ်ဖော်လို့မရဘူးလား'

'မရနိုင်ပါဘူးခင်ဗျာ၊ ကျွန်တော်ကိုယ်တိုင် အဓိပ္ပာယ်မဖော်နိုင်လို့ ရေဒီယို အော်ပရေတာ ကာလီကို နားထောင်ခိုင်းကြည့်တော့လည်း သူက အလကားအသံတွေပါလို့ ပြောပါတယ်'

ဤတွင် ဂျိုးမာတင်က–

'မြုပ်နေတဲ့သင်္ဘောကြီးက ကျွတ်နေတဲ့အရာဝတ္ထုတစ်ခုခု ရေစီးနဲ့တွေ့ပြီး လှုပ်ရှားနေတဲ့အသံမျိုး မဖြစ်နိုင်ဘူးလား'

ဆိုနာအော်ပရေတာက–

'တစ္ဆေခြောက်တာကော မဖြစ်နိုင်ဘူးလားခင်ဗျာ'

ဤအခိုက်တွင်ပင် ရေအောက် တီဗွီကင်မရာဆရာက ဂျိုးမာတင်အား–

'ဆာပိုနှစ်ရေနက်သွားရေယာဉ်ရဲ့အတွင်းခန်း ကေဗင်ကင်မရာ ခုချက်ချင်းပဲ မှောင်ကျသွားပါတယ်။ တယ်လီဗီးရှင်းရုပ်ပုံတွေ မပို့တော့ပါဘူး'

ဂျိုးမာတင်က တယ်လီဗီးရှင်း ကိရိယာနားသို့ ချက်ချင်းရောက်သွားသည်။

ဆာပိုနှစ်မှ တယ်လီဗီးရှင်းရုပ်ပုံများ ပေးပို့ခြင်းမရှိတော့သည့်အတွက် ဒိုင်ခွက်က မှောင်မည်းနေသည်။

'ကျုပ်တို့ဘက်ကများ ချွတ်ယွင်းနေလို့လား'

'မဟုတ်ဘူးခင်ဗျ၊ ဆက်သွယ်ရေးဆားကစ်တွေအားလုံးနဲ့ ဒိုင်ခွက်က ကိရိယာတွေလည်း အားလုံးအကောင်းပဲ'

'ချွတ်ယွင်းတာက ဆာပိုနှစ်မှာပဲ ဖြစ်ရမယ်။ တစ်ယောက် [illegible] ကင်မရာမှန်ဘီလူးပေါ်မှာ အဝတ်တစ်ခုနဲ့ အုပ်ထားလိုက်တာ [illegible]

ဂျိုးမာတင်က ရေဒီယိုအော်ပရေတာ ကာလီဘက်သို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



'ကာလီ ဆာပိုနှစ်နဲ့ ဆက်ပြီးမေးကြည့်စမ်း၊ သူတို့သင်္ဘောက ကောဇင် တီဗွီကင်မရာ ဘာဖြစ်နေလဲလို့'

အဲလ်ဘတ်က ချိတ်ထားသည့် သင်္ဘောသားအချိန်စာရင်းကို ဖြုတ်ကြည့်လိုက်ပြီး–

'ခုအချိန်မှာ ဆာပိုနှစ်မှာ ဦးစီးမှူးတာဝန်ယူထားသူက **ဂုဆန်ပဲ**'

ရေဒီယိုအော်ပရေတာ ကာလီက စကားပြောခလုတ်ကို နှိပ်လိုက်ပြီး–

'ဆာပိုနှစ်…ဟဲလို…ဆာပိုနှစ်'

'ခုစကားပြောနေတာ ကက်ပရီကွန်၊ စကားပြန်ပါ'

ကာလီက စားပွဲပေါ်တွင် တံတောင်နှစ်ဖက်ကို ထောက်ထားပြီး နားမှ နားကျပ်ကို လက်နှစ်ဖက်ဖြင့် ဖိထားသည်။

'ဆက်သွယ်ရေးက သိပ်ညံ့နေတယ်၊ ကြားမှာ နှောင့်ယှက်နေတဲ့အသံတွေကလည်း အများကြီး၊ ဆာပိုနှစ်က ပြန်ပြောတဲ့အသံတွေလည်း မသဲကွဲဘူး၊ ဘာဆိုလိုမှန်း မသိရဘူး'

'စပီကာကို ဖွင့်လိုက်စမ်းပါ'

ဂျိုးမာတင်က အမိန့်ပေးသည့်အတိုင်း စပီကာကို ဖွင့်လိုက်သောအခါ အခန်းထဲတွင် အသံတစ်သံက ဆူညံစွာပေါ်ထွက်လာ၏။

သို့သော် မသဲကွဲ၊ ဆက်စပ်မှုမရှိ။

'သယ်ယူရေးအချက်ပြသင်္ဘောအဖွဲ့ကတော့ ဆာပိုနှစ်က အသံကို ကောင်းကောင်းကြားရလိမ့်မယ်ထင်တယ်။ ဒီကတော့ ဘာမှမသဲကွဲဘူး'

ရေဒီယိုအော်ပရေတာ ကာလီက တွေ့ရှိချက်ကို ဦးစီးမှူး ဂျိုးမာတင်အား သတင်းပို့လိုက်သည်။

'ကဲကွာ…စပီကာကို အသံကုန်ဖွင့်လိုက်စမ်း၊ ဂုဆန် ဘာပြန်ပြောတယ်ဆိုတာ တစ်စွန်းတစ်စတော့ ကြားရမှာပဲ'

ကာလီက စပီကာကို အစွမ်းကုန်ဖွင့်လိုက်၏။ ပေါ်ထွက်လာသည့်အသံက နားကွဲထွက်လုမတတ်။

'ကျွန်…ကျွန်တော်…ဟင်…ပြီး'

ဂျိုးမာတင်က မိုက်ကရိုဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဂုဆန်…ခုစကားပြောနေတာ ဂျိုး၊ ခင်ဗျားတို့ ကောဇင်တီဗွီကင်မရာက ဘာအရုပ်မှ သတင်းမပို့ဘူး၊ ပြင်လို့ရမှာလား၊ ခင်ဗျားတို့ဆီက စကားကို





ကြားနေရတယ်၊ အိုဗာ'

ငါးမိနစ်ခန့် ကြာသွားပြီးနောက်မှ တစ်ဖက်မှ ဂုဆန်အသံ ပေါ်လာသည်။ စကားသံများ တစ်ပိုင်းတစ်စစီ။

'ဟင်…နရီ'

အဲလ်ဘတ်က…

'ဟင်နရီအကြောင်းပြောနေတာ ဖြစ်ရမယ်'

ဤအခိုက်တွင်ပင် ကက်ပရီကွန်သင်္ဘောရှိ တီဗွီကင်မရာဒိုင်ခွက်ကို ကြည့်နေသော အော်ပရေတာအသံ ပေါ်ထွက်လာသည်။

'ဆာပိုနှစ်က တီဗွီပြန်လွှင့်နေပြီ၊ တစ်ယောက်က လဲကျနေပြီး ကျန်လူတွေ ဝိုင်းကြည့်နေတယ်'

အခန်းတွင်းရှိသူအားလုံးပင် တီဗွီဒိုင်ခွက်ဆီသို့ တစ်ပြိုင်နက် လှည့်လာကြ၏။

ဒိုင်ခွက်ထဲတွင် လူတစ်ယောက် လဲကျနေပုံကို မြင်ကြရသည်။ ကျန်သင်္ဘောသားများက ဝိုင်းလျက်။

ဂျိုးမာတင်က မိုက်ကရိုဖုန်းထဲသို့ အော်၍ပြောသည်။

'ခင်ဗျားပို့တဲ့သတင်းကို ကျုပ်တို့ နားမလည်ဘူး၊ ခင်ဗျားတို့ တီဗွီစက်လည်း ပြန်ကောင်းသွားပြီ၊ ဒီတော့ စာရွက်ပေါ်မှာရေးပြီး တီဗွီစက်နဲ့ သတင်းပို့ပါ'

ဝိုင်းနေသောလူများအနက် တစ်ယောက်ထပြီး စာရေးနေပုံကို ဒိုင်ခွက်ထဲတွင် မြင်နေရ၏။

ခဏအကြာတွင် တီဗွီဒိုင်ခွက်ထဲ၌ စာလုံးများပေါ်လာသည်။

'ဟင်နရီ ကျဆုံး၊ ရေပေါ်ပြန်တက်ဖို့ခွင့်ပြု'

ဂျိုးမာတင်က မိုက်ကရိုဖုန်းထဲမှ ပြန်ပြောလိုက်သည်။

'ခွင့်မပြုနိုင်ဘူး၊ လေက သုံးဆယ့်ငါးမိုင်နှုန်းတိုက်နေတယ်၊ လှိုင်းကြမ်းနေတယ်၊ ရေပေါ်ပြန်တက်ဖို့ ခွင့်မပြုနိုင်ဘူး၊ ကြားရဲ့လား'

တီဗွီဒိုင်ခွက်ထဲတွင် ဂုဆန်နှင့်တူသူ၏ ခေါင်းညိတ်ပြလိုက်ပုံကို မြင်လိုက်ရ၏။

ခဏအကြာတွင် တီဗွီဒိုင်ခွက်ထဲ၌ စာတမ်းတစ်ခု ပေါ်လာပြန်သည်။

'ဟင်နရီကျဆုံးရပုံ မသင်္ကာ၊ အသတ်ခံရပုံရတယ်'

အမြဲနှုတ်ပိတ်နေတတ်သော ရာသီဥတုခန့်မှန်းရေး **အရာရှိ**



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပြောလိုက်၏။

'ရေပေါ်ပြန်တက်ခွင့် ပြုလိုက်ပါဗျာ'

ဂျိုးမာတင်က ခေါင်းကို သွက်သွက်ခါလိုက်ပြီး…

'သေတဲ့လူလည်း သေသွားပြီ၊ ကျန်နေတဲ့လူငါးယောက် နောက်ထပ် သေအောင်တော့ မလုပ်နိုင်ဘူး၊ လှိုင်းလုံးတွေက ပေသုံးဆယ်လောက်စီး လေက သုံးဆယ့်ငါးမိုင်နှုန်း၊ ဆာပိုနှစ်က ကျန်တဲ့လူတွေပါ သင်္ဘောမှောက်ပြီး သေကုန်လိမ့်မယ်'

'ဆာပိုနှစ်ကို ဘယ်နည်းနဲ့မှ ခုချိန်မှာ ရေပေါ်ပြန်တက်ခွင့် မပေးနိုင်ဘူး'

[ ၃၃ ]

လေတိုက်နှုန်း မိုင်နှစ်ဆယ်အထိ ကျသွားသည့်အချိန်၌ ဂျိုးမာတင်က တိုင်တန်နစ်သင်္ဘောကြီးနားတွင် အလုပ်လုပ်နေသော ဆာပိုနှစ် ရေနက်သွားရေယာဉ်အား ရေမျက်နှာပြင်ပေါ်သို့ ပြန်ခေါ်ရေးအတွက် အစီအစဉ်များ ပြုလုပ်ထားသည်။

မိုင်နှစ်ဆယ်နှုန်း တိုက်နေသည့် လေပြင်းကြောင့် ဆာပိုနှစ် နစ်မြုပ်မသွားနိုင်အောင် ရေငုပ်သမားများက ကက်ပရီကွန်သင်္ဘောမှ ဆက်သွယ်ရေးလိုင်းများကို အသင့်ပြင်ဆင်ထားကြသည်။

ကက်ပရီကွန်မှ ဝန်ချီစက်မောင်းများ၊ ကေဘယ်လ်ကြိုးများကိုလည်း အသင့်ဖြစ်နေစေ၏။ ရေမျက်နှာပြင်ပေါ်သို့ ဆာပိုနှစ် ရောက်လုနီးပါးအချိန်တွင် အသက်ကယ် ကြိုးများ၊ ဝန်ချီစက်များကို အသုံးပြုလျက် ဆာပိုနှစ်အား ကက်ပရီကွန် သင်္ဘောပေါ်သို့ မ,တင်နိုင်ရန်တည်း။

အစီအစဉ်များ ပြီးစီးသွားသောအခါ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် သင်္ဘောသားများက ဆာပိုနှစ် တက်အလာကို စောင့်မျှော်နေကြ၏။

အရှေ့ဘက်ကောင်းကင်တွင် လင်းစပြုနေပေပြီ။

ကက်ပရီကွန်သင်္ဘော၏ ပဲ့ပိုင်း လက်ယာဘက် ကိုက်တစ်ရာခန့်အကွာ လှိုင်းလုံးများအကြား ဆာပိုနှစ် ခေါင်းပြူ၍လာသောအခါ နံနက်ခြောက်နာရီ ဆယ်မိနစ်။

မိနစ်နှစ်ဆယ်အတွင်းတွင်ပင် ဆာပိုနှစ် ကက်ပရီကွန်ပဲ့ဘက် ကုန်းပတ်





သဟာပြင်ပေါ်ကို ရောက်ရှိလာသည်။

ခဏအကြာတွင် ဆာပိုနှစ်ရေယာဉ်၏ အမိုးတံခါးပွင့်လာပြီး ဦးစီးမှူးဝုဆန်နှင့် သင်္ဘောသားလေးယောက် ထွက်လာကြ၏။

ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်က လက်ထဲတွင် ကော်ဖီမတ်ခွက်ကို ကိုင်လျက် သင်္ဘောအပေါ်ဆုံး ကုန်းပတ်မှ ဝုဆန်အား စောင့်နေ၏။

'ခင်ဗျားပို့လိုက်တဲ့ သတင်းထဲမှာ အသတ်ခံရတယ်ဆိုတဲ့ စကားလုံးပါလာတယ်'

ဂျိုးမာတင်က ကော်ဖီကို တစ်ကျိုက်ကျိုက်၍ သောက်နေသော ဝုဆန်အား နီဒါန်းပျိုးမနေဘဲ လိုရင်းကို ပြောလိုက်၏။

သင်္ဘောသားများက ဟာင်နရီ၏အလောင်းကို ဆာပိုနှစ် အမိုးတံခါးပေါက်မှ သယ်ယူထုတ်နေကြ၏။

'ဒီမှာ ပြောလို့မကောင်းဘူး'

ဝုဆန်က ပြောလိုက်သောကြောင့် ဂျိုးမာတင်က သူ့အခန်းရှိရာသို့ ခေါ်သွားသည်။

'ကဲ…ပြောစမ်းပါဦး'

'ပြောစရာတော့ သိပ်မရှိလှပါဘူး၊ ကျွန်တော်တို့က ပင်လယ်ကြမ်းပြင်အောက် ပေခြောက်ဆယ်လောက်အကွာမှာ ရပ်နားပြီး တိုင်တန်နစ်သင်္ဘောကြီးရဲ့ စီအထပ်မှာရှိတဲ့ ကုန်းပတ်မှာ အလုပ်လုပ်နေကြတုန်း ကျွန်တော် ခင်ဗျားဆီက ပို့လိုက်တဲ့ သတင်းကို ရတာပဲ။

ကျွန်တော်တို့ တီဗွီကင်မရာ အလုပ်မလုပ်တဲ့အကြောင်း သတင်းလေ။

ဒါနဲ့ တီဗွီကင်မရာရှိတဲ့နေရာကို ကျွန်တော်သွားအကြည့်မှာ ဝဲဘက်နားထင် ချိုင့်ဝင်နေပြီး သင်္ဘောကြီး ကြမ်းပြင်ပေါ်မှာ လဲနေတဲ့ ဟာင်နရီကို တွေ့လိုက်ရတာပါပဲ'

'အရိုက်ခံရတာလား၊ မတော်တဆ ဖြစ်သွားတာလား'

ဂျိုးမာတင်၏အမေးကို ဝုဆန်က…

'ရထားတဲ့ဒဏ်ရာနဲ့ လဲကျနေပုံကိုက တမင်တကာ ရိုက်သတ်ထား [illegible] ဆိုတာ ထင်ရှားနေတာပဲ။ ဦးပိုင်းကို မျက်နှာမူပြီး အလုပ်လုပ်နေတဲ့ [illegible] ပဲ့ပိုင်းကို ခြေထိုးပြီး လဲကျနေပုံကိုက လူသတ်မှုဖြစ်တယ်ဆိုတာ [illegible]

အမှတ်မဲ့ လဲကျတာဆိုရင်လည်း ဒါလောက်ပြင်းထန်တဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါလောက်လည်း မြန်မြန်ကြီး အသက်ပျောက်မသွားနိုင်ဘူး'

ဂျိုးမာတင်က ငြိမ်၍ နားထောင်နေရာမှ...

'ခင်ဗျားတို့ တိဗ္ဗိကင်မရာကကော အလုပ်မလုပ်ဘဲ ဘာဖြစ်လို့ ရမ်း ရတာလဲ'

'တစ်ယောက်ယောက်က တိဗ္ဗိကင်မရာရဲ့ မှန်ဘီလူးပေါ်မှာ မျက်နှာသုတ် တစ်ခုနဲ့ အုပ်သွားလို့ပဲ'

'ဒါနဲ့ သင်္ဘောသားတွေ ဘယ်နေရာတွေမှာ တာဝန်ပေးထားတယ်ဆိုတာ ပြောပြစမ်းပါ'

'ကျွန်တော်က ပတ်လည်မျှော်စင်ထက်မှာ တာဝန်ယူနေတုန်း ဆယ် ပိုင်းလောအဖြစ် တာဝန်ယူနေပါတယ်။ ဟင်နရီက သင်္ဘောဦးပိုင်းဘက် စက်ခန်း မှာ တာဝန်ကျနေပါတယ်။

ကျွန်တော်တို့အစုက ဒုတိယပိုင်း တာဝန်ယူနေရတာပါ။ ပထမပိုင်း တာဝန် ယူပြီးသွားတဲ့လူတွေကတော့ သူတို့အိပ်စင်တွေမှာ အိပ်ပျော်နေကြပါပြီ'

'သူတို့က ဘယ်နှစ်ယောက်လဲ'

'သုံးယောက်ပါ၊ ဂျက်ရယ်၊ လီယွန်ရယ်၊ ဘင်ဒရမ္မာရယ်'

'သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်က ဟင်နရီကို ရိုက်သတ်တာ မဖြစ်နိုင်ဘူးလား'

'တစ်သောင်းနှစ်ထောင် ပင်လယ်ရေအနက်မှာ ပြေးပေါက်ဆိုလို့လည်း တစ်ခုမှမရှိတဲ့နေရာမှာ ဘယ်သူက လူသတ်မှုကျူးလွန်နေမှာလဲ၊ ဒီအတိုင်းဆိုရင် တော့ စုံထောက်ရှာလော့ဟုမ်းကို ခေါ်ဖို့ကောင်းနေပြီ'

ဤတွင် ဂျိုးမာတင်က...

'ဟင်နရီဟာ စက်ထဲက တစ်ခုခုနဲ့တိုက်မိပြီး လဲကျသွားတဲ့အခါမှာ ခြေ ထောက်လိမ်ပြီး ပဲ့ပိုင်းကို ခြေထိုးမိလျက်သား လဲကျသွားတာ မဖြစ်နိုင်ဘူးလား'

'အဲဒီလို လဲကျနိုင်ဖို့အတွက် ဟင်နရီမှာ ဒီဂရီ တစ်ရာ့ရှစ်ဆယ် လှည့်လို့ ရတဲ့ ရာဘာလည်ပင်း ရှိနေဖို့လိုတယ်။

ပေါင်နှစ်ရာလောက် ကိုယ်အလေးချိန်ရှိတဲ့ ဟင်နရီလို လူတစ်ယောက် ဟာ အမှတ်တမဲ့ လဲကျရုံနဲ့ နားထင်ကွဲပြီး ချက်ချင်းသေမသွားနိုင်ပါဘူး'

ဝုဆန်က တဝါးဝါးသမ်းပစ်လိုက်သည်။ ညက တာဝန်ကျနေသဖြင့် တစ်ညလုံး မအိပ်ခဲ့ရ။ ဂျိုးမာတင်က...





'ခင်ဗျား အိပ်လိုက်ဦး'ဟု ပြောကာ အခန်းတံခါးကိုပိတ်၍ ဟင်နရီ၏ အလောင်းရှိနေမည့် သင်္ဘောဆေးရုံခန်းသို့ ထွက်လာလေသည်။ ဆေးရုံခန်းသို့ ရောက်သောအခါ ဟင်နရီ၏အလောင်းကို စစ်ဆေးနေသော ဆရာဝန်က ဟင်နရီ သည် တုံးသောလက်နက်တစ်ခုဖြင့်ရိုက်သတ်ခံရခြင်းဖြစ်ကြောင်း တင်ပြလိုက်၏။

'ဟင်နရီ အသတ်ခံရတာကတော့ သေချာသွားပြီ၊ ဒီလိုဆိုရင် ဆာပိုနစ် ရေယာဥ်မှာ ရန်သူရောက်နေပြီ မဟုတ်လား'

ဆာပိုနစ်ရေယာဥ်တွင်းသို့ အမိုးတံခါးပေါက်မှ ဆင်းသက်လာသော ဂျိုး မာတင်၏ ခေါင်းထဲတွင် စဥ်းစားစရာတွေ ပြည့်လျှံနေ၏။

'ဆာပိုနစ်ရေယာဥ်မှာတင်မဟုတ်၊ ရေယာဥ်တွေအားလုံးမှာ တိုင်တန်နစ် သင်္ဘောကြီး ဆယ်ယူရေးစီမံကိန်းကြီးတစ်ခုလုံးမှာ ရန်သူတွေ ထိုးဖောက် ဝင် ရောက်ပြီး အဖျက်လုပ်ငန်းတွေ လုပ်နေကြပြီ'

ဆာပိုနစ်ရေယာဥ်အတွင်းရှိ တိဗ္ဗိကင်မရာစက်သို့ ရောက်သောအခါ စက် ဆရာတစ်ဦးက စက်ကို ကြည့်ရှုစစ်ဆေးနေသည်။

'စက်မှာ ချွတ်ယွင်းချက် တွေ့သလား'

စက်ဆရာက ခေါင်းခါပြလိုက်သည်။

'ရေယာဥ်စက်နဲ့ ရေယာဥ်ကိုယ်ထည်တစ်ခုလုံးကို သက်ဆိုင်ရာ ပညာရှင် တွေက စစ်ဆေးကြည့်ရှုပြီး အခြေအနေကောင်းတယ်ဆိုရင် ဆာပိုနစ်ကို ရေ အောက်မှာ ပြန်ပြီးတာဝန်ပေးမယ်'

ဂျိုးမာတင်က ဤသို့စဥ်းစားလိုက်သည်။

'ဟင်နရီ အသတ်ခံရတဲ့ကိစ္စဟာ ရန်သူဘက်ကိုတော့ လက်ညှိုးထိုးပြ နေပြီ၊ ဒီရန်သူကို တွေ့အောင်ရှာရမယ်'

[ ၃၄ ]

'ကျုပ်တို့ ဆယ်ယူရေးအဖွဲ့သားတွေထဲက တစ်ယောက် ရက်ရက်စက်စက် အသတ်ခံရတာကို ခင်ဗျားက ဘာမှမလုပ်ဘဲ ငြိမ်ပြီး စောင့်ကြည့်နေတယ်လို့ ပြောနေတာဟာ စီအိုင်အေ အကြီးအကဲတစ်ယောက် ပီသရဲ့လား'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက မိမိစားပွဲရှေ့ ... မလှုပ် ထိုင်နေသော စီအိုင်အေ အကြီးအကဲ နီကိုဆင်၏မျက်နှာ...



www.burmeseclassic.com

www.burmeseclassic.com



ပြောနေ၏။

'ဘာမှမလုပ်ဘဲ ခင်ဗျားပြောသလို ငြိမ်ပြီးစောင့်ကြည့်နေရင် လူသ
သမားက ကျုပ်တို့အဖွဲ့သားတွေကို ထပ်ပြီး သတ်နေဦးမှာပဲ'

'ဒီအချက်ကို ကျွန်တော်တို့လည်း စဉ်းစားထားပြီးပါပြီ'

နီကိုဆင်၏အပြောကြောင့် ဆန်ဒက်ကာက ပို၍ဒေါသထွက်လာကာ

'စဉ်းစားထားပြီးပါပြီ၊ ဟုတ်လား၊ ခင်ဗျားအဖို့တော့ ဒီစီအိုင်အေ ဌာန
မှာ ထိုင်ပြီး ဒီစကားမျိုးပြောဖို့ သိပ်လွယ်တာပေါ့။

ခင်ဗျားဟာ ကျုပ်တို့အဖွဲ့သားတွေလို ပင်လယ်ရေနက်အောက်မှာ အသ
စွန့်ပြီး လုပ်နေရတာမဟုတ်ဘူး။

ပေတစ်သောင်းကျော် ရေနက်အောက်မှာ တိုင်းပြည်အတွက် အလုပ်လု
နေရင်း ငါ့ကို ဘယ်အချိန်မှာ ရိုက်သတ်သွားမလဲဆိုပြီး ကျုပ်တို့အဖွဲ့သား
က ကြောက်လန့်နေကြရတယ်။ ဒါကို ခင်ဗျားက စောင့်ပြီး ကြည့်နေပါ
ပြောနေတယ်'

စီအိုင်အေ အကြီးအကဲ နီကိုဆင်က အေးဆေးတည်ငြိမ်စွာဖြင့်...

'နောက်ထပ် ဒီလိုရိုက်သတ်မှုမျိုး မပေါ်တော့ပါဘူး ခင်ဗျာ၊ ဒါက သေချာ
ပါတယ်'

'ဒါလောက် သေချာလောက်အောင် ခင်ဗျားမှာ ဘာအကြောင်းပြချက်
တွေ ရှိနေလို့လဲ'

'ရုရှားသူလျှိုတွေဟာ မလိုအပ်ဘဲနဲ့တော့ လူသတ်မှု မကျူးလွန်ဘူးဆိုတာ
သိနေလို့ပါ'

'ရုရှားသူလျှိုတွေ...ဟုတ်လား'

ဆန်ဒက်ကာက နီကိုဆင်အား စူးစိုက်၍ ကြည့်လိုက်ပြီးမှ...

'ခင်ဗျား ဘာတွေပြောနေရတာလဲဗျာ'

'ကျွန်တော်ပြောနေတာကတော့ ဟင်နရီဟာ ရုရှား ရေတပ်ထောက်လှမ်း
ရေးအဖွဲ့အတွက် လျှို့ဝှက်အလုပ် လုပ်ပေးနေတဲ့ သူလျှိုတစ်ယောက်ရဲ့ လက်ချက်
နဲ့ အသက်ထွက်သွားခဲ့ရတယ်ဆိုတဲ့ အကြောင်းပါ'

'ရုရှားသူလျှိုလက်ချက်လို့ ခင်ဗျားက ဘာကြောင့်ပြောနိုင်ရတာလဲ'

'သက်သေကတော့ ခုအချိန်မှာ မပြနိုင်သေးဘူးပေါ့ခင်ဗျာ၊ ဒါပေမဲ့ ရုရှား
က အခကြေးငွေပေးထားတဲ့ လူတစ်ယောက်ရဲ့ လက်ချက်ဆိုတာကတော့ မငြင်း





တဲ့ အချက်ပဲ'

'ထားပါတော့၊ ဒါဖြင့် ဟင်နရီကိုမှ ဘာဖြစ်လို့ ရွေးပြီး သတ်ရတာလဲ။
င်နရီက စက်နဲ့ပတ်သက်တဲ့ စပယ်ရှယ်လစ်တစ်ယောက်ပဲ၊ သူ့မှာ အသတ်ခံရ
အောင် ဘာအငြိုးများ ခံထားရမှာလဲ'

'ကျွန်တော့်အထင်ကတော့ ဟင်နရီဆိုပြီး ရွေးသတ်တာ မဟုတ်ပါဘူး၊
င်နရီဟာ မတွေ့မြင်သင့်တဲ့ အရာတစ်ခုကို ရုတ်တရက် သွားတွေ့လိုက်ရတော့
ကို ရုရှားသူလျှိုက စကားမပြောနိုင်အောင် နှုတ်ပိတ်လိုက်တာပါ။

ဗိုလ်ချုပ်ကြီးတို့ ဆယ်ယူရေးအဖွဲ့ထဲကို ရုရှားသူလျှိုတစ်ယောက်မဟုတ်ဘူး၊
ယောက်တောင် ထိုးဖောက်ဝင်ရောက်နေတယ်'

ဤတွင် ရေကြောင်းဗိုလ်ချုပ်ကြီးက စိတ်တိုတိုဖြင့် စကားဆိုလိုက်၏။

'ခင်ဗျားပြောတာကို ကျုပ် လက်မခံဘူး'

နီကိုဆင်က...

'ကျွန်တော်တို့ဟာ ထောက်လှမ်းရေးအလုပ်ကို လုပ်နေရသူတွေပါ။ ဒီလို
အချက်အလက်တွေကို ကျွန်တော်တို့ သိနေကျပါ'

'ဒါဖြင့် သူလျှိုနှစ်ယောက်က ဘယ်သူတွေလဲ'

နီကိုဆင်က ပခုံးနှစ်ဖက်တွန့်လိုက်ပြီး...

'သူတို့ ဘယ်သူတွေဆိုတာတော့ ကျွန်တော်တို့ မသိသေးဘူး။ ကျွန်တော်
တို့ ရထားတဲ့ သဲလွန်စအရတော့ သူတို့ရဲ့ လျှို့ဝှက်နာမည်ဟာ ရွှေနဲ့ငွေတဲ့။
ဒါပေမဲ့ သူတို့ ဘယ်သူတွေဖြစ်တယ်ဆိုတာတော့ ကျွန်တော်တို့ မသိရသေးဘူး'

'ဒီတော့ ဒီရွှေနဲ့ငွေဟာ ဘယ်သူတွေဖြစ်တယ်ဆိုတာ သိလာရအောင်
ဗိုလ်ချုပ်ကြီးရဲ့ အဖွဲ့သားတွေကပါ ပူးပေါင်းဆောင်ရွက်ပေးဖို့နဲ့ ခုအချိန်မှာ
သည်းခံပြီး ငြိမ်ငြိမ်ကလေး စောင့်ကြည့်နေဖို့ ကျွန်တော်က မေတ္တာရပ်ခံနေတာပါ'

ဆန်ဒက်ကာက...

'ဒီလူနှစ်ယောက်က ကျုပ်တို့ရဲ့ ဆယ်ယူရေးစီမံကိန်းကြီး တစ်ခုလုံးကို
ဖျက်စီးသွားအောင် လျှို့ဝှက်လုပ်ကြလိုက်ရင်ကော'

'ကျွန်တော်တို့ရရှိထားတဲ့ သတင်းအတိုင်းဆိုရင်တော့ ဒီလူနှစ်ယောက်မှာ
ဖျက်ဆီးပစ်ရမယ်ဆိုတဲ့ အမိန့်မရပါဘူး'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက အတန်ကြာအောင်
နေသည်။ ပြီးမှ စကားပြန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ခင်ဗျားအကြံပေးတဲ့အတိုင်း ကျုပ်တို့ စောင့်ကြည့်နေမယ်'

[ ၃၅ ]

မီးရထားထိုင်ခုံတွင် ကျောကို တစောင်းမှီ၍ထိုင်ရင်း ဂျိုးမာတင်က အပြင်ဘက်မှ ရှုခင်းကို လေးတွဲ့ပျင်းရိစွာငေးကြည့်နေသည်။ အင်္ဂလန်နိုင်ငံ ဒီဗွန်နယ်၏ ရှုခင်း။

အင်္ဂလိပ်ရေလက်ကြားတွင် ငါးဖမ်းသင်္ဘောငယ်များ ပင်လယ်ဘက်သို့ နံနက်စောစော ငါးရှာထွက်နေကြသည်ကို ရထားပေါ်မှ လှမ်းမြင်နေရ၏။

ခဏအကြာတွင် နှင်းမှိုင်းက ပြိုးပြိုးပြက်ပြက်ရွာလာ၏။ ရထားမှန်က မှုန်လာသည်။

သို့ဖြစ်၍ ဂျိုးမာတင်က ပေါင်ပေါ်တွင် တင်ထားသည့် မဂ္ဂဇင်းကို ဖွင့်ဖတ်လိုက်သည်။

မီးရောင်က မှုန်ဝါးနေသောကြောင့် စာကို ကောင်းစွာမမြင်ရ။ သူ့အတွေးများသည် တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးဆီသို့သာ ပြေးလွင့်နေကြ၏။

ဆယ်ယူရေးလုပ်ငန်းကို ဦးစီးတာဝန်ယူနေရာမှ အင်္ဂလန်နိုင်ငံဘက်သို့ ရုတ်တရက်ခရီးထွက်လာရသည့်အတွက် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာကိုပင် ကျေးဇူးတင်ရမလိုလို၊ စိတ်ဆိုးရမလိုလို။

ဆယ်ယူရေးအဖွဲ့သားတစ်ယောက် အသတ်ခံရခဲ့ပြီး ရုရှားသူလျှိုနှစ်ယောက် အဖွဲ့အတွင်း ဝင်ရောက်နေသည်ဟု သိရပြီးချိန်တွင် ဦးစီးမှူးဖြစ်သူ မိမိအား အင်္ဂလန်နိုင်ငံသို့ ခရီးထွက်ရန် ရေကြောင်းဗိုလ်ချုပ်ကြီးက အမိန့်ပေးခဲ့ခြင်းမှာ ထူးဆန်းနေ၏။

တိုင်တန်နစ်သင်္ဘောကြီးတွင် ထိုစဉ်က အရာရှိကလေးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသူ **ဘစ်ဂလို**အား အင်္ဂလန်နိုင်ငံ ဒီဗွန်ရှိုင်းယားနယ် တိန်းမောက်မြို့ကလေးတွင် သွားရောက်တွေ့ဆုံရန်တည်း။

တိုင်တန်နစ်သင်္ဘောကြီး နစ်ရာတွင် လွတ်မြောက်ခဲ့သော သင်္ဘောအရာရှိကလေး ဘစ်ဂလိုမှာ ယခုအချိန်တွင် အိုမင်းလှပေတော့မည်။

'ငါ့ကို လွှတ်လိုက်တာဟာ သေခါနီးဆဲဆဲ ဇရာအိုကြီးတစ်ယောက်ဆီက သေတမ်းစာယူဖို့ လွှတ်လိုက်တာနဲ့ တူမနေဘူးလား'





ဇရာအို ဘစ်ဂလိုက တိုင်တန်နစ်သင်္ဘောကြီး နစ်မြုပ်ရာ၌ အသက်ရှင်ကျန်ရစ်ခဲ့သူများတွင် ယခုအချိန်၌ တစ်ယောက်တည်းသောပုဂ္ဂိုလ်ဟု မှတ်ယူချက်ရှိသည်။ အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက်ကမ်းခြေ ဒီဗွန်ရှိုင်းယားနယ် တိန်းမောက်မြို့ကလေး ဘူတာသို့ ရောက်လာခဲ့ပြီးနောက် ဂျိုးမာတင်က တက္ကစီငှားကာ ဇရာအိုဘစ်ဂလို၏ နေအိမ်သို့ လာခဲ့သည်။

အိမ်ကလေးက ပင်လယ်မှီး၍ မြင်ရသည့်နေရာ၌။

ဂျိုးမာတင်က ကားခပေးလိုက်ပြီးနောက် နွယ်ပင်များ ရစ်ပတ်နေသည့် ခြံတံခါးကိုဖွင့်ကာ အိမ်ကလေးရှိရာသို့ လျှောက်လာခဲ့သည်။

ခြံကြီးအတွင်းရှိ လမ်းကလေးတစ်ဖက်တစ်ချက်တွင် နှင်းဆီပင်များဖြင့် ဝေဆာနေ၏။

အိမ်တံခါးကို ခေါက်လိုက်သောအခါ ဆံပင်နီနီ၊ ခရမ်းရောင်မျက်စိရှိသည့် မိန်းကလေးတစ်ယောက်က တံခါးကို လာဖွင့်ပေးသည်။

'မင်္ဂလာနံနက်ပါရှင်'ဟု နှုတ်ဆက်လိုက်သော မိန်းကလေးစကား၌ စကော့သံ ဝဲနေလေသည်။

ဂျိုးမာတင်က မိမိအမည်ကို ပြောပြလိုက်သောအခါ မိန်းကလေးက...

'ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာဆီက လူကြီးမင်းလာမယ်ဆိုတဲ့ ကြေးနန်းစာ ရပါတယ်၊ ကြွပါ အန်ကယ်။ ရေတပ်ဗိုလ်ချုပ်က အန်ကယ့်ကို မျှော်နေပါတယ်'

'သမီးက ရေတပ်ဗိုလ်ချုပ်ရဲ့ မြေးလား'

'မဟုတ်ပါဘူးရှင်၊ မြစ်ပါ၊ ကျွန်မနာမည် စန္ဒြာလို့ ခေါ်ပါတယ်'

'သမီးက သမီးရဲ့အဘိုးကိုပဲ ပြုစုနေတာပေါ့နော်'

'ကျွန်မ ဒီကိုရောက်တော့ ဘိုးဘိုးကြီးကို ရွာက မိန်းမကြီးတစ်ယောက်က ပြုစုစောင့်ရှောက်ပေးနေတာ တွေ့ရတယ်။ ကျွန်မက ဘရစ်စတော် လေကြောင်းကုမ္ပဏီမှာ လေယာဉ်မယ်အဖြစ် အမှုထမ်းနေတော့ အားတဲ့ရက်တွေမှာမှ ဘိုးဘိုးကြီးကို ပြုစုခွင့်ရတာ'

စန္ဒြာက ဂျိုးမာတင်အား ခန်းကျယ်ထဲတွင်ထိုင်ရန် ညွှန်ပြလိုက်ရင်း...

'အန်ကယ်က ဘိုးဘိုးကြီးနဲ့ စကားပြောနေတဲ့အချိန်မှာ အန်ကယ့်အတွက် နံနက်စာ ကျွန်မ အသင့်လုပ်ထားလိုက်မယ်၊ ဘိုးဘိုးကြီးက သိပ်ထိုင်...

ဒါပေမဲ့ ဘိုးဘိုးကြီးက တိုင်တန်နစ်သင်္ဘောကြီးကို အန်ကယ်... နေတဲ့အကြောင်းကိုတော့ သိပ်ကိုသိချင်နေတာ၊ သတင်းစာမှာ...



www.burmeseclassic.com

www.burmeseclassic.com



လှဘူးတဲ့'

ဂျိုးမာတင်က တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးနှင့် ပတ်သက်၍ ရိုက်ကူးထားခဲ့သည့်တိုင်အောင် သတင်းထောက်များက အနံ့ရသွားခဲ့သဖြင့် နူးမားဌာနချုပ်သို့ ဝိုင်းအုံလာကြပုံကို မြင်ယောင်နေသည်။

မတတ်သာသည့်အဆုံး နူးမားအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဆက်ဒဏ်ကာက သတင်းစာကွန်ဖရင့်လုပ်ရန် ခွင့်ပေးခဲ့ရပုံတို့ကို သတိရနေ၏။

သတင်းစာကွန်ဖရင့်တွင် သတင်းထောက်များ၏ မေးခွန်းမျိုးစုံကို နူးမားအဖွဲ့ဝင် ဒါနာတစ်ယောက် ကျင်လည်ပါးနပ်စွာ ဖြေကြားသွားခဲ့ပုံတို့ကို မြင်ယောင်နေသည်။

ဒါနာက ပင်လယ်ရေအောက် ရှေးဟောင်းသုတေသနဌာနတွင် သုတေသနအရာရှိတစ်ဦးအဖြစ် အမှုထမ်းနေသည့် အမျိုးသမီး။

စန္ဒြာက အခန်းကျယ်နှင့် ဆက်လျက်ရှိသော အိပ်ခန်းတစ်ခုမှ တံခါးကို ခေါက်လိုက်၏။ ပြီးမှ တံခါးကို ဟထားလိုက်ကာ...

'ဘိုးဘိုးကြီး၊ ဘိုးဘိုးကြီးကို တွေ့ဖို့လာတဲ့ အန်ကယ်ဂျိုးမာတင် ရောက်နေပြီ'

'ဟေ...ဟုတ်လား၊ သူ့ကိုမြန်မြန်ခေါ်ခဲ့စမ်းပါ'

အိပ်ခန်းအတွင်းမှ စကားသံထွက်ပေါ်လာသည်။

စန္ဒြာက ဘေးသို့ဖယ်ပေးလိုက်သောအခါ ဂျိုးမာတင်က အိပ်ခန်းထဲသို့ ဝင်လာခဲ့၏။

ရေတပ်ဗိုလ်ချုပ် ဆာဂျွန်အဲလ်ဘစ်ဂလိုက အိပ်ရာထက်တွင် ကိုယ်ကို စောင်း၍လှဲနေရာမှ ဂျိုးမာတင်အား ခြေဆုံးခေါင်းဆုံး ကြည့်နေလေသည်။

ဆာဂျွန်ဘစ်ဂလိုသည် ကော၊ ဘီ၊ အီ-အာ၊ ဒီ၊ အာ၊ အင်န်၊ အာဘွဲ့များကို နှင်းအပ်ခြင်းခံရပြီးနောက်မှ အငြိမ်းစားယူခဲ့သူတည်း။

သူ့မျက်လုံးအစုံက အဓွလန္တိတ်သမုဒ္ဒရာရေလို နက်ပြာလျက်။

ဆာဘစ်ဂလိုသည် လွန်ခဲ့ပြီးသော အတိတ်ကာလကို ပြန်၍ လှမ်းမျှော်ကြည့်နေသည်ဟု ထင်ရ၏။ သူ့ခေါင်းထက်ရှိ ဆံပင်များမှာ ဖွေးဖွေးဖြူနေပေပြီ။ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများကလည်း ထိုနည်းအတူတူ။

မျက်နှာကမူ မိုးထဲလေထဲတွင် ရာသီမရွေး သွားလာခဲ့သူဖြစ်သောကြောင့် ညိုရောင်သန်းနေ၏။





ပင်လယ်ခရီးသွား သင်္ဘောသားတစ်ယောက်၏ ရုပ်လက္ခဏာပီသလှပေသည်။

သူက အင်္ဂလိပ်စာရေးဆရာကြီး ဒစ်ကင်းတို့ခေတ်က ဝတ်လေ့ရှိသည့် ရှင်အင်္ကျီမျိုးကို အောက်ကခံ ဝတ်ထားပြီး အပေါ်မှ လက်ရှည် လည်ပင်းစွပ်ပါသော ဆွယ်တာအဟောင်းတစ်ထည်ကို စွပ်ထားသည်။

ဆာဘစ်ဂလိုက ဂျိုးမာတင်အား လက်ကမ်း၍ နှုတ်ဆက်လိုက်၏။

လက်က သားရေကဲ့သို့ ပျဉ်းတွဲတွဲဖြစ်နေသည့်တိုင် ကျောက်ဆောင်တစ်ခုလို တည်ငြိမ်လျက်။

ဆာဘစ်ဂလိုအား လက်လှမ်း၍ နှုတ်ဆက်ရသည့် ဂျိုးမာတင်က အဘိုးကြီး၏လက် မြဲမြံစွာ ဆုပ်ကိုင်နိုင်ပုံကို အံ့ဩနေမိသည်။

'ကျွန်တော့်အဖို့တော့ ရေတပ်ဗိုလ်ချုပ်နဲ့ တွေ့ရတာ ဂုဏ်ယူစရာပါ၊ တိုင်တန်နစ်သင်္ဘောကြီးက အယ်လိုစွန့်စား လွတ်မြောက်လာခဲ့ရတယ်ဆိုတဲ့ ရေတပ်ဗိုလ်ချုပ်ရဲ့အကြောင်းကို ကျွန်တော် မကြာခဏ ဖတ်ခဲ့ရပါတယ်ခင်ဗျာ'

'အလကားဟာတွေပါကွာ'

အငြိမ်းစားရေတပ်ဗိုလ်ချုပ် ဆာဘစ်ဂလိုက ညည်းတွားလိုက်၏။

'ပထမကမ္ဘာစစ်ကြီးနဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ကျုပ်ဦးစီးတဲ့ သင်္ဘောတွေ တိုက်ဖျက်ခံရပြီး ပင်လယ်ထဲမှာ အထီးတည်း မျောနေခဲ့ရတာတွေ၊ သင်္ဘောကို တိုပီတိုထိပြီး မီးလောင်လို့ စွန့်စားခဲ့ရတာတွေကိုတော့ ဘယ်သူမှ ရေးဖော်၊ ပြောဖော်မရဘဲ တိုင်တန်နစ်က လွတ်လာတဲ့အကြောင်းကိုပဲ လူတွေက ပြောနေကြတယ်'

ဤသို့ဆိုပြီးမှ ဂျိုးမာတင်အား ကုလားထိုင်တစ်လုံးရှိရာသို့ လက်ညှိုးညွှန်လိုက်၏။

'ပင်လယ်ထဲကို ပထမအခေါက်ရောက်လာတဲ့ မုတ်ဆိတ်မွေးတောင် မပေါက်သေးတဲ့ သင်္ဘောသားကလေးလို ရပ်မနေစမ်းပါနဲ့ကွာ၊ ထိုင်စမ်းပါ ထိုင်စမ်းပါ'

ဂျိုးမာတင်က ဆာဘစ်ဂလိုပြောသည့်အတိုင်း လိုက်နာလိုက်၏။

'ကဲ...သင်္ဘောကြီးအကြောင်း ပြောစမ်းပါဦး၊ နှစ်ပေါင်းခုနစ်ဆယ်ရှစ်ဆယ်နီးပါး ရေအောက်မှာရောက်နေတဲ့ သင်္ဘောကြီးရဲ့ အခြေအနေ

ဒီသင်္ဘောကြီးမှာ ကျုပ် အမှုထမ်းတုန်းက ကျုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ။ ဒါပေမဲ့ သင်္ဘောကြီးမှာရှိတဲ့ အထပ်တွေမှန်သမျှက ကုန်းပတ်တွေကို ကျုပ် ဒီနေ့အထိ မှတ်မိနေတုန်းပဲ'

ဂျိုးမာတင်က ကုတ်အကျီအတွင်းအိတ်ထဲမှ လက်နှိုက်ထုတ်လိုက်ပြီး ဓာတ်ပုံများ ထည့်ယူလာသည့် စာအိတ်တစ်အိတ်ကို လှမ်းပေးလိုက်သည်။

'ဒီဓာတ်ပုံတွေကိုကြည့်ရင် တိုင်တန်နစ်သင်္ဘောကြီးရဲ့ ဒီနေ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ဗိုလ်ချုပ် ခန့်မှန်းနိုင်ပါလိမ့်မယ်...

ဒီဓာတ်ပုံတွေကို ကျွန်တော်တို့ရဲ့ ရေနက်သွား ယာဉ်တစ်စီးက မကြာခင်ကလေးက ရေအောက်ရိုက် ကင်မရာနဲ့ ရိုက်ယူခဲ့တာပါ'

ရေတပ်ဗိုလ်ချုပ် ဆာဘစ်ဂလိုက စာကြည့်မျက်မှန်ကို ကောက်တပ်လိုက်ပြီး ဓာတ်ပုံများကို စိတ်ဝင်တစား ကြည့်ရှုနေသည်။

ဆာဘစ်ဂလို၏ အိပ်ရာဘက် အထက်နားတွင် ရှိနေသော သင်္ဘောနာရီက တချက်ချက် စက်သံပေးနေသည်။

အတန်ကြာမှ ခေါင်းဖော်လိုက်ကာ...

'တိုင်တန်နစ်က ဘယ်သင်္ဘောနဲ့မှ မတူဘဲ တစ်မူထူးခြားတဲ့သင်္ဘော... ကျုပ်က သင်္ဘောအမျိုးမျိုးကို စီးဖူးခဲ့တဲ့လူ။ အိုလံပစ်တဲ့၊ အကီတာနီယား...တဲ့၊ ကွင်းမေရီ...တဲ့၊ စုံလို့ပါကွာ...။

ဒီသင်္ဘောတွေအားလုံးဟာ သူတို့ခေတ်နဲ့သူတို့ ခမ်းနားထည်ဝါ ကြီးကျယ်တယ်၊ ခေတ်မီတယ်၊ ဒါပေမဲ့ တိုင်တန်နစ်ကိုတော့ ဘယ်သူမှမမီကြဘူး...'

တိုင်တန်နစ်ကို တည်ဆောက်ခဲ့တဲ့ သင်္ဘောတည်ဆောက်ရေး အင်ဂျင်နီယာရဲ့ လက်ရာဟာ သိပ်ပြီး ပညာသားပါတယ်...။

တိုင်တန်နစ်ကို စီရင်ခင်းကျင်းထားပုံက တစ်မူထူးခြားသလို အတွင်းမှာ ခြင်ဆင်ထားပုံတွေကလည်း အံ့သြလောက်စရာပါပဲ။ ဧည့်ခန်းဆောင်ကြီးတွေ၊ ညစာစားပွဲဆောင်ကြီးတွေ ခင်းကျင်းထားပုံကလည်း ဆန်းကြယ်လှတယ်။ အင်း ...တိုင်တန်နစ်ဟာ ဟိုတုန်းကလိုပဲ ခုအချိန်ထိ လူတွေကို ညို့ယူထားနိုင်စွမ်းရှိတယ်'

ဆာဘစ်ဂလို၏ စကားအဆုံးတွင် ဂျိုးမာတင်က...

'တိုင်တန်နစ်ရဲ့ ညို့ယူနိုင်စွမ်းဟာ ခုအခါမှာ ပိုလို့တောင် ထက်မြက်နေပါတယ်'

'ဟုတ်တယ်...ဟုတ်တယ်'





ဆာဘစ်ဂလိုက ဓာတ်ပုံတစ်ခုကို စိတ်ဝင်တစား လက်ညှိုးထိုးပြရင်း...

'အရာရှိ အိပ်ခန်းတွင်းရဲ့ အပေါ်မှာရှိတဲ့ အမိုးပေါ်က ဝဲဘက် လေဝင်လေထွက်ပေါက်မှာ မွှမ်းမံထားတာကို ကြည့်ဦးလေ...

သင်္ဘောကြီး နစ်နေတဲ့အချိန်တုန်းက ကျုပ်ဟာ အဲဒီနေရာမှာ ရပ်နေခဲ့တယ်။ ပင်လယ်ရေတွေက ကျုပ်ခြေထောက်အထိတောင် ရောက်လာနေပြီ။ ပြီးတော့မှ ကျုပ်ဟာ လှိုင်းနဲ့အတူ ပင်လယ်ထဲကို လွင့်သွားခဲ့ရတော့တယ်'

ကုန်လွန်ခဲ့ပြီးလေသော ဆယ်စုနှစ်ပေါင်းများစွာသည် ဆာဘစ်ဂလို၏ မျက်နှာပေါ်မှ ပျောက်ကွယ်၍သွားခဲ့ရသည်ဟု ထင်ရ၏။ ပြောပုံဆိုပုံက ဟိုတုန်းက အရာရှိကလေးတစ်ယောက်လို။

'အို...အဲဒီညက လှိုင်းတွေ၊ လေတွေကလည်း အေးလိုက်တာ၊ ရေခဲအမှတ်သုညဒီဂရီအောက်တောင် ရောက်နေတာကိုး'

ဆာဘစ်ဂလိုက ရေခဲတမျှ အေးလှသည့် ရေခဲတွင် မည်သို့ကူးခတ်နေခဲ့ရပုံကို ကြိုးတစ်ချောင်းကို မမြင်မကန်း လှမ်း၍ ဖမ်းဆွဲမိပြီးနောက် လှိုင်းလေထဲတွင် မှောက်လျက် မျောပါနေသော အသက်ကယ်လှေတစ်စီးပေါ်သို့ ရောက်သွားရပုံ၊ အသက်ကယ်လှေရှိ ကြိုးတန်းကိုကိုင်လျက် လူများချိတ်၍ လိုက်ပါလာကြပုံ။

ကယ်ပါ၊ ယူပါ တစာစာဖြင့် အော်ဟစ်သံများ ကြားနေရပုံ၊ ထို့နောက် အသံဗလံများ တဖြည်းဖြည်း ဆိတ်သုဉ်းသွားပုံတို့ကို ဆာဘစ်ဂလိုက ၁၀ မိနစ်မျှကြာအောင် ပြောနေ၏။

'အဲဒီတုန်းက မှောက်နေတဲ့ အသက်ကယ်လှေမှာ တွယ်ချိတ်ထားတဲ့လူတွေက ကျုပ်အပြင် အယောက် ၃၀ ကျော်လောက်ရှိတယ်။ အေးလိုက်တာကလည်း တစ်ကိုယ်လုံး ခဲသွားမတတ်ပဲ။

ဒီလိုချိတ်တွယ်ထားကြရင်း ကန်နာဒ် သင်္ဘောကုမ္ပဏီက ကာပါးသီးယားသင်္ဘောကယ်ဖို့ ရောက်လာတာကို တွေ့လိုက်ကြရတော့ ဝမ်းသာလိုက်ကြရတာ'

ဆာဘစ်ဂလိုက မျက်နှာမှ စာကြည့်မျက်မှန်ကို ချွတ်လိုက်ပြီး

'နားထောင်ရတာ ပျင်းနေပြီလား ဂျိုး'

'မပျင်းပါဘူးခင်ဗျာ၊ အဲဒီအချိန်တုန်းက တကယ်ကိုယ်တွေ့ ကြုံခဲ့ရတဲ့ ဗိုလ်ကြီးတစ်ယောက်ရဲ့ ပြောပြချက်ကို နားထောင်နေရတာဟာ ကျွန်တော်ကိုယ်တိုင် အဲဒီတုန်းက အဲဒီအဖြစ်အပျက်ကို ရောက်နေရသလို ခံစားမိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဆာဘာစ်ဂလိုက...

'ဒါဖြင့် ကျုပ်ကို နောက်ထပ်အဖြစ်အပျက်တစ်ခု ပြောပြမယ်၊ ခုပြောမယ့် အဖြစ်အပျက်နဲ့ စောစောကပြောခဲ့ပြီးတဲ့ အဖြစ်အပျက် ဘယ်သင်းက ပိုပြီး စိတ်ဝင်စားစရာကောင်းတယ်ဆိုတာ မောင်ရင် ချိန်ထိုးကြည့်ပေါ့။

ခုပြောမယ့် အဖြစ်အပျက်က **သင်္ဘောကြီးနစ်မြုပ်မသွားခင် မိနစ်ပိုင်း အချိန်ကလေးအတွင်းမှာ ပေါ်ပေါက်သွားခဲ့တဲ့ အဖြစ်အပျက်ပဲ။** ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး။

သင်္ဘောကြီး နစ်မြုပ်သွားတဲ့နောက် အမေရိကန် အထက်လွှတ်တော်က မေးမြန်းစုံစမ်းတဲ့အခါမှာရော ဗြိတိသျှစုံစမ်းရေးကော်မရှင်က ဆင့်ခေါ်ပြီး ခုံအဖွဲ့နဲ့ မေးမြန်းစစ်ဆေးတဲ့အခါမှာပါ ကျုပ်ဟာ ဒီအဖြစ်အပျက်ကို မဖော်ခဲ့ဘူး။

ဒီအကြောင်းကို ကျုပ်ဟာ ဘယ်သတင်းစာတိုက်က ဘယ်သတင်းထောက်ကိုမှလည်း ဖွင့်သံတောင် မဟခဲ့ဖူးဘူး။ သင်္ဘောကြီး နစ်မြုပ်တဲ့အကြောင်းကို စာတစ်စောင် စာတစ်ဖွဲ့ ပြုစုချင်တဲ့ စာရေးဆရာတွေကိုလည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး တစ်ခွန်းမှ စကားရိပ်မသန်းခဲ့ဖူးဘူး။

ဒီတော့ မောင်ရင်ဟာ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျုပ်ဆီက ကြားရမယ့် ပထမဆုံးနဲ့ နောက်ဆုံးလူပဲ'

သုံးနာရီကြာပြီးသည့်အချိန်၌ ဂျိုးမာတင်က တိန်းမောက်မြို့ကလေးမှ ထွက်ခွာသွားမည့် မီးရထားပေါ်သို့ ရောက်နေပေပြီ။

သူက မောသလိုလည်းမတွေ့၊ ပန်းသလိုလည်းမတွေ့။

သို့သော် စိတ်လှုပ်ရှားမှုကတော့ ရှိနေသည်အမှန်။

တိုင်တန်နစ်သင်္ဘောကြီး၏ ဂျီအထပ် ကုန်လှောင်ပေါက် အမှတ်တစ်ထဲတွင် ထည့်သွင်းထားသည့် ပစ္စည်းများနှင့်အတူ ထူးဆန်းသည့် စကားဝှက်တစ်ခုကို ရွတ်ဆိုလျက် မိမိကိုယ်ကို အဆုံးစီရင်သွားခဲ့သူ၏ အဖြစ်အပျက်က ဂျိုးမာတင်အား စိတ်လှုပ်ရှားအောင် ဖန်တီးခဲ့သည်။

**'ထာဝရ ဘုရားသခင်အား ဆောက်ဘီအတွက် ကျေးဇူးတော်တင်ကြပါ'**

ဤစကားဝှက်ကို ရွတ်ဆိုလျက် အသက်ပေးသွားသူကို ဂျိုးမာတင်က အံ့ဩနေမိ၏။





ဆောက်ဘီဆိုသော စကားက ရေတပ်ဗိုလ်ချုပ်ဆာဘာစ်ဂလို ပြောပြခဲ့သည့် အဖြစ်အပျက်နှင့် မည်သို့သက်ဆိုင်ပါသနည်း။

ရေတပ်ဗိုလ်ချုပ် ဆာဘာစ်ဂလိုက သူ့အား ပေးခဲ့သည့်အထုပ်ကို ဂျိုးမာတင်က ရထားထက်တွင်ထိုင်ရင်း ပြန်၍ ပြန်၍ ကြည့်နေမိသည်မှာ အကြိမ် ၅၀ ထက် မနည်းတော့။

ဂျိုးမာတင်က တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးအလုပ်ခွင်မှ တိန်းမောက်မြို့ကလေးသို့ လာရောက်ရခြင်းကို အလုပ်တွင် အနှောင့်အယှက်ဖြစ်သည်ဟု မယူဆတော့။

[ ၃၆ ]

မှိုင်း၍ဝေးသော အနောက်ဘက်ကောင်းကင်က စိန်ရောင်တောက်နေလေသည်။

စိန်ကဲ့သို့ ကြည်လင်နေသည့် ကောင်းကင်ဆီက အပြာစက်ကလေး တစ်စက် ပေါ်ထွက်လာ၏။ သည်အပြာစက်ကလေးကို ကက်ပရီကွန် ပဲ့ထိန်းစင်ပေါ်တွင် ရပ်နေသည့် ဦးစီးမှူးဂန်းက စောင့်ကြည့်နေသည်။

ယင်းအပြာစက်ကလေးက အချိန်အတန်ကြာသည့်တိုင် ကြီး၍လည်းမလာ၊ ပျောက်သွားခြင်းလည်း မရှိ။ ကောင်းကင်တွင် တွဲလဲခိုနေသကဲ့သို့။

သို့ရာတွင် ယင်းအပြာစက်သည် ကြည့်နေရင်းမှ ရုတ်ချင်းဆိုသလိုပင် ကြီးထွားလာကာ ရဟတ်ယာဉ်တစ်စီးအသွင်သို့ ကူးပြောင်းလာခဲ့၏။

ကက်ပရီကွန် သင်္ဘောကြီး ပဲ့ပိုင်းရှိ လေယာဉ်ဆင်းကွင်းရှိရာသို့ ဦးစီးမှူးဂန်းက လျှောက်လာခဲ့ကာ ရဟတ်ယာဉ် ဆင်းအလာကို ကြိုဆိုနေသည်။

ရဟတ်ယာဉ်က သင်္ဘောကြီးဆီသို့ ချဉ်းကပ်လာပြီး ကောင်းကင်ထက်တွင် ဝဲပျံနေ၏။ စက္ကန့်သုံးဆယ်ခန့်အကြာတွင် ရဟတ်ယာဉ်က သင်္ဘောကြီး ပဲ့ပိုင်း လေယာဉ်ဆင်းကွင်းပေါ်သို့ ရောက်လာသည်။

စက်သံများ ရပ်သွားပြီးနောက် ရဟတ်ယာဉ်မှ ပန်ကာများကလည်း တဖြည်းဖြည်း တန့်သွားသည်။

ရဟတ်ယာဉ် လက်ယာဘက်တံခါး ပွင့်လာပြီး ဂျိုးမာတင်ထွက်ပေါ်၍ ဆင်းလိုက်သောအခါ ဂန်းက အနားသို့ချဉ်းကပ်သွားပြီး နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခရီးက အဆင်ပြေရဲ့လား'

'စိတ်ဝင်စားစရာ ကောင်းပါတယ်'

ဂျိုးမာတင်က ပြန်၍အဖြေပေးရင်း ဂန်းကို အကဲခတ်လိုက်၏။

ဦးစီးမှူးဂန်း၏မျက်နှာက သောကလွှမ်းနေ၏။ မျက်ကွင်းများက နက်ထော ချိုင့်ဝင်နေသည်။

'ခင်ဗျားမျက်နှာက လက်ဆောင်ရတဲ့ကစားစရာ ပျောက်သွားတဲ့ ကလေး တစ်ယောက် မျက်နှာမျိုးပါလား၊ ဘယ်လိုပြဿနာ ပေါ်နေလို့လဲ'

'ယူရေနပ်စ် ရေနံကုမ္ပဏီက ငှားထားတဲ့ ရေနက်သွား ရေယာဉ် ဒီဖယ်သွမ် ဟာ တိုင်တန်နစ်သင်္ဘောကြီးက ဝန်ချီစက်ပြုတ်ကျလာပြီး ဝန်ချီစက် ကရိန်းကြီးနဲ့ ငြိနေလို့'

ဂျိုးမာတင်က ခဏမျှ ငြိမ်ကျသွားသည်။ ပြီးမှ…

'ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာကော'

'ဗိုလ်ချုပ်ကြီးက ဘွမ်ဘာဂါ သင်္ဘောပေါ်မှာ ဌာနချုပ်ဖွင့်ပြီး ဒီဖယ်သွမ် ရေယာဉ်ကို ကယ်ဖို့ ညွှန်ကြားနေတယ်'

'ရေယာဉ်အခြေအနေက ဘယ်လိုဖြစ်နေလဲ'

'ပွဲထိန်းစင်ပေါ်ကို သွားကြရအောင်၊ အပေါ်ရောက်တော့မှ အဖြစ်စုံ ပြောပြ ပါ့မယ်'

သင်္ဘောပွဲထိန်းစင်က တိတ်ဆိတ်နေ၏။ စိုးရိမ်ခြင်းနှင့် စိတ်ပျက်ခြင်းက ပွဲထိန်းစင်ကို ကြီးစိုးနေသည် ထင်ရ၏။

ခါတိုင်း စကားတဖောင်ဖောင်ပြောတတ်သည့် ပိုင်းလော့အဲလ်ဘတ်က ဂျိုးမာတင်ဝင်လာသည်ကို ခေါင်းညိတ်ရုံကလေး ညိတ်၍ နှုတ်ဆက်သည်။ စကားတဖောင်ဖောင်ပြောတတ်သည့် ပိုင်းလော့အဲလ်ဘတ်က ဂျိုးမာတင် ဝင်လာ သည်ကို ခေါင်းညိတ်ရုံကလေးညိတ်၍ နှုတ်ဆက်သည်။ စကားတစ်ခွန်းမျှ မဆို။

အင်ဂျင်နီယာဘင်ဒရမ္မာက မိုက်ကရိုဖုန်းမှနေ၍ ဒီဖယ်သွမ်ရေယာဉ်ရှိ သင်္ဘောသားများကို အားပေးစကား ပြောနေလေ၏။ သို့သော် ဘင့်မျက်နှာပေါ် တွင်မူ စိုးရိမ်ထိတ်လန့်သည့် အမူအရာက အထင်းသား။

ဆယ်ယူရေးကိရိယာဆိုင်ရာ အင်ဂျင်နီယာ စပင်ဆာက တီဗွီကင်မရာ ဒိုင်ခွက်များကိုသာ ငူငူကြီးထိုင်ကြည့်နေ၏။





သက်ဆိုင်ရာလုပ်ငန်းများအတွက် သွားလာလှုပ်ရှားနေသူများကလည်း နှုတ်ဆိတ်လျက်။

ကက်ပရီကွန်သင်္ဘော ဦးစီးမှူးဂန်းက တိုင်တန်နစ်သင်္ဘော ဆယ်ယူရေး ဦးစီးမှူး ဂျိုးမာတင်အား ဖြစ်ပျက်ပုံကို ဓာတ်စုံခင်း၍ တင်ပြနေ၏။

'ဒီဖယ်သွမ်ရေနက်သွား ရေယာဉ်က ရေပေါ်ကို လူလဲဖို့ တက်လာဖို့ နှစ်နာရီလောက်အလိုမှာမှ မမျှော်လင့်တာတွေ ဖြစ်လာခဲ့ရတာ။

ဒီဖယ်သွမ်ရေယာဉ်က ရဲဘော်တွေဟာ တိုင်တန်နစ်သင်္ဘောကြီးရဲ့ လက်ယာဘက်ဦးပိုင်းသင်္ဘောရဲ့ တိုက်(Forecastle) ကုန်းပတ်ပေါ်မှာရှိတဲ့ ကုန် လှောင်ပေါက်တွေမှာ လေလှောင်ကန်တွေနဲ့ လေသွင်းနေတုန်း…။

ဒီဖယ်သွမ်ရဲ့ ပွဲပိုင်းက တိုင်တန်နစ် ဦးပိုင်းက ရှေ့ဘက် ဝန်ချီစက် ကရိန်းကြီးနဲ့ ဝင်ဆောင့်မိပါလေရော။

ဝန်ချီစက်ကြီးက သံချေးတက်ပြီး ပျက်လုတဲတဲ ဖြစ်နေတော့ ဆောင့်မိ တဲ့ အရှိန်ကြောင့် ဝန်ချီစက်က ကရိန်းစက် မောင်းတံကြီးက ဒီဖယ်သွမ်ရေယာဉ် ရဲ့ လေလှောင်ကန်ပေါ်ကို ကန့်လန့်ဖြတ်ပြီး ကျလာပါလေရော။

ဒီတော့ လေလှောင်ကန်တွေ ပေါက်ကုန်တော့တာပေါ့။ ပေါက်နေတဲ့ အပေါက်တွေက ရေတွေဝင်လာတယ်၊ ရေအလေးချိန်က နှစ်တန်လောက်ရှိမယ်။ ဒီအလေးချိန်က ရေယာဉ်ရဲ့ ကိုယ်ထည်ကို ကရိန်းကြီး ဖိထားတဲ့ အောက်ထဲ ရုန်းမထွက်နိုင်လောက်အောင် လုပ်ထားသလို ဖြစ်နေတော့တယ်'

ဂျိုးမာတင်က ကြားဝင်ကာ…

'ဒီလိုဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ'

'သုံးနာရီနဲ့ မိနစ်သုံးဆယ်လောက် ကြာသွားပြီ'

ဒါလောက်ကြာရုံနဲ့ ခင်ဗျားတို့က ဘာဖြစ်လို့ ကြောက်သလိုလို၊ ရှုံ့သလိုလို ဖြစ်နေကြရတာလဲ။ ခင်ဗျားတို့ လုပ်နေပုံက…

ဒီဖယ်သွမ်မှာ အရံလေလှောင်ကန်တွေ ပါတယ်ဗျ၊ ဒီလေလှောင်ကန်ထဲက အောက်ဆီဂျင်နဲ့ ရေယာဉ်မှာပါတဲ့ ရဲဘော်သုံးယောက် တစ်ပတ်ကျော်လောက် အသက်ရှင်နေနိုင်တယ်။

ဒီအချိန်အတွင်းမှာ ဆာပိုတစ်နဲ့ နှစ်က ဒီဖယ်သွမ်မှာ ပေါက်သွားတဲ့ လေလှောင်ကန်တွေကို သွားပြီး ဖာနိုင်တယ်မဟုတ်လား၊ ဝင်နေတဲ့ရေတွေကို စုပ်ထုတ်ပစ်နိုင်တယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဦးစီးမှူးဂန်းက ကြားဝင်ကာ...

'ဒါလောက်လည်း မလွယ်လှပါဘူး၊ ဒီဖယ်သွမ်က ရဲဘော်သုံးယောက် အသက်ရှင်နေနိုင်ဖို့ ခြောက်နာရီလောက်ပဲ အချိန်ရှိတော့တယ်'

'ဘာဖြစ်လို့'

'ကျွန်တော့်မှာ ပြောစရာကျန်သေးလို့ပါ။ ပြုတ်ကျလာတဲ့ ကရိန်းစက်မောင်းတံရဲ့ အရှိန်ကြောင့် ဒီဖယ်သွမ် ရေယာဉ်က သံမဏိပြားကလေးတွေကို ဂဟေဆော်ထားတဲ့နေရာက ပင်အပ်လောက် အပေါက်ကလေးတစ်ပေါက် ပေါက်သွားခဲ့တယ်။

အပေါက်ငယ်ပေမယ့် ရေယာဉ်ကိုယ်ထည်မှာ ဖြစ်နေပြီး ရေဖိအားကလည်း သိပ်ပြင်းတယ်ဆိုတော့ အဲဒီ ပင်အပ်လောက် အပေါက်ကလေးက တစ်မိနစ်မှာ ရေ လေးဂါလန်လောက် ရေယာဉ်ထဲကို ဝင်နေတယ်။

ဝင်နေတဲ့ ရေအဟုန်ကြောင့် ဆော်ထားတဲ့ ဂဟေတွေအားလုံး ပြုတ်မထွက်သွားတာ ကံကောင်းလှပြီ။ ဂဟေတွေအားလုံး ပြုတ်ထွက်သွားရင် ရဲဘော် အင်ဂျင်နီယာသုံးယောက် ချက်ချင်း အသက်ပျောက်သွားတော့မှာ'

'ရဲဘော်သုံးယောက်က ဘယ်သူတွေလဲ'

'ကီးရယ်၊ တွမ်ရယ်၊ ဆမ်မာကာရယ်'

ဂန်းက ကွန်ပျူတာစက် အပေါ်ဘက်တွင်ရှိနေသော နာရီကို ငဲ့စောင်း ကြည့်လိုက်ပြီး...

'ရေယာဉ်အတွင်းခန်းထဲမှာ ရေပြည့်လာဖို့ ခြောက်နာရီပဲ ကြာတော့မယ်၊ ရေပြည့်တာနဲ့ သူတို့သေကြရတော့မယ်၊ ကျွန်တော်တို့က ဒီမှာရပ်နေပြီး ဘာမှ လုပ်မပေးနိုင်ကြဘူး'

ဆယ်ယူရေး ဦးစီးမှူး ဂျိုးမာတင်က...

'ဂဟေပေါက်သွားတဲ့နေရာကို ရေယာဉ်အပြင်ဘက်ကနေပြီး သံမဏိရည် (Wetsteel)နဲ့ ဖာလိုက်ရင် ရသားပဲ'

'အပြောလွယ်သလောက် အလုပ်ခက်တယ်'

ကက်ပရီကွန် သင်္ဘောဦးစီးမှူးဂန်းက ညည်းညည်းညူညူ ပြောလိုက်၏။

'သံမဏိရည်နဲ့ ဖာတဲ့အလုပ်ကို ကျွန်တော်တို့ လုပ်လို့မရနိုင်ဘူး'

'ဂဟေပြုတ်ကျပြီး ပေါက်နေတဲ့နေရာက ဒီဖယ်သွမ်ရေယာဉ်ရဲ့ ပဲ့ပိုင်းမှာ ဒီပဲ့ပိုင်းက တိုင်တန်နစ်ရှေ့ပိုင်းရဲ့ တိုက်ကုန်လှောင်ပေါက်နဲ့သွားပြီး ဂျမ်းဖြစ်





နေတယ်။ တိုးလို့လည်း မရဘူး၊ ဆုတ်လို့လည်း မရဘူး။

ဒါနဲ့ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ရေအောက်သွား ရေယာဉ် သုံးစီးကိုလွှတ်ပြီး ကုန်လှောင်ပေါက်နဲ့ ညပ်နေတဲ့ ဒီဖယ်သွမ်ကို တိုင်တန်နစ်ရဲ့ ကုန်လှောင်ပေါက်ထဲ ညပ်ဝင်နေတာက ဆွဲထုတ်ဖို့ ခိုင်းတယ်။

ပြင်ဖို့၊ ပြုဖို့၊ ဖာဖို့၊ ထေးဖို့ ရနိုင်ရုံကလေး ဆွဲထုတ်ခိုင်းတာတောင် ဆွဲထုတ်လို့ မရဘူး'

ဂျိုးမာတင်က ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ ပြီးမှ ခဲတံတစ်ချောင်းဖြင့် စာရေးစက္ကူကတ်ပေါ်တွင် အချက်အလက်များကို ရေးချနေ၏။

'အဏ္ဏဝါပက်ကျီမှာ သံမဏိပြားတွေကို ဖြတ်နိုင်တဲ့ ဖြတ်စက်တပ်ထားတယ် မဟုတ်လား၊ ပက်ကျီက ကရိန်းကြီးကို ဖြတ်ပစ်လိုက်ရင်...'

ဂျိုးမာတင်၏စကား အဆုံးမသတ်ရသေးမီ ဂန်းက...

'ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီဖယ်သွမ်ကို ကရိန်းကြီးအောက်က ဆွဲထုတ်ဖို့ ကြိုးစားကြတုန်းက အဏ္ဏဝါပက်ကျီရဲ့ စက်လက်မောင်း ကျိုးသွားခဲ့တယ်။ ခုဆိုရင် အဏ္ဏဝါပက်ကျီက မိခင်ရေယာဉ်ဖြစ်တဲ့ မိုဒေါ့ကုန်းပတ်ပေါ်ကို ပြန်ရောက်နေပြီ။

ရေတပ်အင်ဂျင်နီယာတွေက ဒီစက်လက်မောင်းကို အချိန်မီပြုပြင်လို့ ရနိုင်မှာ မဟုတ်ဘူးလို့ ပြောနေကြတယ်'

ဂန်းသည် ရေပုံပေါ်တွင် လက်သီးဖြင့် တစ်ချက်ထုလိုက်သည်။

'ကျွန်တော်တို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကတော့ ဘွမ်ဟာဂါသင်္ဘောပေါ်က ဝန်ချီကရိန်းစက်ပဲ။ ကျွန်တော်တို့ကသာ ပီကျနေတဲ့ ဝန်ချီစက် လက်တံမောင်းကြီးကို သံကြိုးနဲ့ ရစ်ပတ်ပြီး ဘွမ်ဘာဂါက ဝန်ချီစက်နဲ့ ဒီဖယ်သွမ်ကို ဆွဲထုတ်လို့ရရင်'

ဂျိုးမာတင်က...

'ဒီဖယ်သွမ်က ရဲဘော်တွေကို ကယ်ထုတ်ဖို့ကိစ္စကိုတော့ မစဉ်းစားနဲ့တော့၊ အဏ္ဏဝါပက်ကျီရဲ့ စက်လက်မောင်းကြီး မပါဘဲနဲ့ ဒီဖယ်သွမ်ကို ဘယ်လိုမှ ကယ်နိုင်မှာ မဟုတ်ဘူး'

'ကယ်နိုင်မှာမဟုတ်ဘူးဆိုပြီး ဒီလိုပဲ ကြည့်နေကြမှာလား'

ဘင်ဒရမ့်မှာ တုန်လှုပ်သည့်လေသံဖြင့် အော်ပြောလိုက်သည်။

ဂန်းက မျက်နှာကို ပွတ်သပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ငွေတွေ...အချိန်တွေ...လူတွေ ထောင်သောင်းချီ အသုံးပြုပြီး အဘက်ဘက်က ဟာကွက်မရှိအောင် ကြိုးစားခဲ့တဲ့ တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးမှာ မမျှော်လင့်ဘဲ အခက်အခဲတွေနဲ့ လာပြီး ရင်ဆိုင်နေရတယ်။

ဒီလိုအခက်အခဲတွေ ရမယ်လို့ ကွန်ပျူတာက မပြခဲ့ဘူး'

ဤတွင် ဂျိုးမာတင်က...

'ကွန်ပျူတာဆိုတာ လူကထည့်ပေးတဲ့ အချက်အလက်တွေ မှန်မှ သူကလည်း အမှန်ကိုထုတ်ပေးနိုင်တာ'

ပြောပြောဆိုဆိုဖြင့် ဂျိုးမာတင်က ဘင်ဒရမ္မာထံမှ မိုက်ကရိုဖုန်းကို ယူလိုက်ပြီး ဒီဖယ်သွမ် ရေအောက်ရေယာဉ်ဦးစီးမှူးထံ အားပေးစကားဆိုနေသည်။

ဒီဖယ်သွမ်မှ ဦးစီးမှူး ဆမ်မာကာက အိပ်ရာထဲမှနေ၍ ဖုန်းပြောနေသူတစ်ယောက်လို တည်တည်ငြိမ်ငြိမ်။

'ခင်ဗျားတို့ရဲ့ စက်တွေဆီကို ရေတွေရောက်ဖို့ အချိန်ဘယ်လောက်ကြာဦးမှာလဲ'

ဂျိုးမာတင်၏အမေးကို ဆမ်မာကာက...

'ခုဝင်လာနေတဲ့နှုန်းအတိုင်း ဆိုရင်တော့ အလွန်ဆုံး ဆယ့်ငါးမိနစ်ပဲ နေရမှာပါ'

ဘက်ထရီစက်များကို ရေဖုံး၍သွားပါက ဦးစီးမှူးဆမ်မာကာသည် မည်သည့်နည်းနှင့်မျှ ရေဒီယိုအဆက်အသွယ်လုပ်၍ ရတော့မည်မဟုတ်။

ဤအကြောင်းကို သိနေသလို ဂျိုးမာတင်နှင့် ဦးစီးမှူးဂန်းတို့ကလည်း သိပြီးသား။

'ဒါပေမဲ့ ဆာပိုနစ်ကတော့ အဖော်ရအောင် ဒီဖယ်သွမ်နားမှာ ကပ်ပြီး ကင်းလှည့်ပေးနေတယ်။ ဒီဖယ်သွမ်က ရဲဘော်တွေကို အားပေးနေတဲ့ အနေနဲ့ပေါ့'

ဂန်း၏စကားအဆုံးတွင် ဂျိုးမာတင်က မိုက်ကရိုဖုန်းမှ ခလုတ်ကို နှိပ်လိုက်ပြီး...

'ဆမ်ရေ...မင်းတို့ရေယာဉ်က အသက်ကယ် အရံလေလှောင်ကန်ထဲမှာ အခြေအနေ ဘယ်လိုနေသလဲ'

'အရံအဖြစ်ထားတဲ့ လေတွေလား၊ ဒီလေတွေဟာ ကုန်ခဲ့တဲ့ နာရီဝက်လောက်ကပဲ လေကောင်းလေသန့်ကနေ တစ်ဖြစ်လဲသွားကြပြီ။ ခု ကျွန်တော်တို့ အနံ့အသက်မကောင်းတဲ့လေတွေကို ရှူပြီး အသက်ရှင်နေရတယ်'





'မင်းတို့အတွက် အရံလေဘူး တစ်ဘူးပေးဖို့ လွှတ်လိုက်မယ်'

'မြန်မြန်လွှတ်လိုက်စမ်းပါ၊ တွမ်က လေကောင်းကောင်း မရှူရလို့ ကယောင်ကတမ်းဖြစ်နေပြီ။ တကယ်လို့ ဒါထက် အခြေအနေဆိုးလာပြီး ခင်ဗျားတို့နဲ့လည်း အဆက်အသွယ်ပြတ်သွားမယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ ရေအောက်ကမ္ဘာမှာပဲ နေသွားရတော့မှာပဲ'

'စိုးရိမ်မနေစမ်းပါနဲ့၊ ခင်ဗျားတို့ကိုရော ဒီဖယ်သွမ်ကိုပါ ကျုပ်တို့ ရအောင်ကယ်မယ်'

ဂျိုးမာတင်က အခြားလေလှိုင်းသံတစ်ခုမှ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာထံ ဆက်၍ သတင်းပို့လိုက်သည်။

'ခု စကားပြောနေတာ ဂျိုးပါ ဗိုလ်ချုပ်ကြီး'

ဗိုလ်ချုပ်ကြီးက တခြားအကြောင်းကို ပြောမနေဘဲ တုံးတိတိကြီးပင်...

'ဒီဖယ်သွမ် ဘယ်လိုဖြစ်နေတယ်ဆိုတာ သိတယ်မဟုတ်လား၊ ကျုပ်ကိုယ်တိုင် ဒီဘွမ်ဘာဂါ သင်္ဘောပေါ် ပြောင်းလာပြီး ညွှန်ကြားနေတာတောင် ဒီလိုဖြစ်လာရတယ်'

ဂျိုးမာတင်က...

'နောက်ဆုံးအနေနဲ့ ကျွန်တော်တို့လုပ်နိုင်တာ တစ်ခုတော့ရှိတယ်'

'ပြောစမ်းပါ၊ သင့်မယ်ဆိုရင် ကျုပ်က လက်ခံဖို့ အသင့်ပဲ'

ဂျိုးမာတင်က...

'ဒီဖယ်သွမ်ကို ကျွန်တော်တို့ ခဏမေ့ထားလိုက်ကြရမယ်။ ဖြစ်လာတာက ကျွန်တော်တို့ မျှော်လင့်သလို မဟုတ်တော့ ကျွန်တော်တို့ကလည်း မမျှော်လင့်တဲ့နည်းကို ပြန်သုံးရလိမ့်မယ်။ ကျွန်တော်တို့ဟာ ခြောက်နာရီစောမသွားခင် ဒီဖယ်သွမ်ကို ရေပေါ်ပြန်ရောက်လာအောင် လုပ်ရလိမ့်မယ်'

ဂျိုးမာတင်က လက်မှနာရီကို ကြည့်လိုက်ပြီး...

'ကျွန်တော်တို့မှာ အလုပ်လုပ်ဖို့ ခြောက်နာရီတောင် မကျန်တော့ဘူး၊ ငါးနာရီနဲ့ လေးဆယ့်သုံးမိနစ်ပဲ ရှိတော့တယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက...

'မောင်ရင်လုပ်မယ့်နည်းကိုပဲ ပြောစမ်းပါဦး'

'တိုင်တန်နစ်သင်္ဘောကြီးရဲ့ ကိုယ်ထည်အောက်နဲ့ ခပ်လှမ်း[illegible] ဒိုက်နမိုက်တွေနဲ့ ဖောက်ခွဲပေးလိုက်ရင် တိုင်တန်နစ်သင်္ဘော[illegible]ကြီးနဲ့ အတူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြီး မိနေတဲ့ ဒီဖယ်သွမ်ပါ ခြောက်နာရီအတွင်းမှာ ပေါ်လာအောင် လုပ်ရမယ်'

'ဖြစ်နိုင်ပါ့မလား...ဂျိုး'

ရေကြောင်းဗိုလ်ချုပ်ကြီး၏ အသံက တုန်လှုပ်နေလေသည်။

ဂျိုးမာတင်ကမူ တည်ငြိမ်ပြတ်သားသည့်လေသံဖြင့် ပြန်၍ အဖြေပေးလိုက်သည်။

'ဖြစ်ကိုဖြစ်ရမယ်လို့ ကျွန်တော် ယုံကြည်တယ်'

[ ၃၇ ]

ဆောက်လုပ်ရေးအင်ဂျင်နီယာများနှင့် အဏ္ဏဝါဗေဒ သိပ္ပံပညာရှင်များသည် အဖွဲ့ကလေးများဖွဲ့ကာ ပေတံများ၊ ဆလိုက်ရူးလ်များ၊ ရုပ်ပုံကားချပ်များ၊ ပုံစံများဖြင့် တိုင်းတာတွက်ချက် အလုပ်များနေကြ၏။

အဖွဲ့များအတွင်းမှ အဖွဲ့ဝင်တိုင်းလိုလို ကွန်ပျူတာစက်များရှိရာသို့ မကြာခဏ ထ၍သွားကာ ကွန်ပျူတာစက်မှ ထွက်ပေါ်လာသည့် အချက်အလက်များကို စစ်ဆေးနေကြသည်။

ဘွန်ဘာဂါသင်္ဘောမှ ကက်ပရီကွန်ပေါ်သို့ မကြာမီကလေးက ရောက်လာသော ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာသည် စားပွဲတစ်လုံးတွင်ထိုင်ရင်း ခေါင်းတယမ်းယမ်း ရှိနေ၏။

သူ့လက်ထဲတွင် ကော်ဖီမတ်ခွက်တစ်ခွက်။

'နစ်ပစ်ထားတဲ့သင်္ဘောကြီးတစ်စီးကို ရေပေါ်ပြန်ပေါ်လာအောင် အောက်ခြေကနေ မိုင်းဗုံးတွေနဲ့ ဖောက်ခွဲပေးရတယ်ဆိုတာ...အင်း...စိတ်မကောင်းတဲ့လူတွေလုပ်တဲ့ အလုပ်မျိုး ဖြစ်မနေဘူးလား။

သင်္ဘောဆယ်ယူရေးနဲ့ ပတ်သက်ပြီး ဒီလိုလုပ်ခဲ့တဲ့အကြောင်းကို ဘယ်သူမှ မှတ်တမ်းတင်ထားကြမှာလည်း မဟုတ်ဘူး'

ဆန်ဒက်ကာက ညည်းညည်းတွားတွား ပြောဆိုလိုက်၏။

'ဒီလိုမှမလုပ်ရင် တခြားလုပ်စရာနည်း မရှိတော့ပါဘူး ဗိုလ်ချုပ်ကြီး၊ တိုင်တန်နစ်ကို ကျွန်တော်တို့က ရေအောက် ရွှံ့ဗွက်ထဲက ပြန်ပြီး ပင့်ထုတ်နိုင်ခဲ့ရင် သင်္ဘောကြီးရဲ့ ကုန်လှောင်ပေါက်နဲ့ ညပ်မိနေတဲ့ ဒီဖယ်သွမ် ရေအောက်





ရေယာဉ်ဟာလည်း တိုင်တန်နစ်နဲ့အတူ ရေပေါ်ကို ပေါ်တက်လာမှာပဲ'

ဤတွင် ဦးစီးမှူးဂန်းက...

'စိတ်ကူးတစ်ခုလုံးကို ရှုးနေတာ၊ မိုင်းဗုံးတွေကို ဖောက်ခွဲလိုက်တဲ့အခါ ပေါ်ထွက်လာတဲ့ တုန်ခါမှုက ဒီဖယ်သွမ်ရေအောက် ရေယာဉ်ရဲ့ ကိုယ်ထည်က ဂဟေဆော်ထားတဲ့နေရာတွေကို ပိုပြီးကျယ်လာအောင် လုပ်ပေးလိုက်သလို ဖြစ်သွားပြီး ရေယာဉ်ထဲက ရဲဘော်တွေကို ချက်ချင်းသေအောင် ရေမြှုပ်သတ်ပစ်လိုက်တာနဲ့ တူနေမယ်'

ဤတွင် ဂျိုးမာတင်က...

'ခင်ဗျားပြောသလို ဖြစ်လည်း ဖြစ်နိုင်တယ်၊ ဖြစ်လည်း မဖြစ်နိုင်ဘူး'

'တကယ်လို့ ခင်ဗျားပြောတဲ့အတိုင်း ဖြစ်သွားတဲ့တိုင် ရေယာဉ်ထဲက ရဲဘော်သုံးယောက်ဟာ အသက်ရှုရကျပ်ပြီး ဝေဒနာခံစားပြီး သေရတာထက် ဒီလို မြန်မြန်ဝဋ်ကျွတ်တာက ပိုမကောင်းဘူးလား'

ဦးစီးမှူးဂန်းက...

'ဒီလိုဆိုတော့ တိုင်တန်နစ်သင်္ဘောကြီးဟာလည်း ပျက်စီးသွားပြီ။ ကျွန်တော်တို့ လပေါင်းအကြာကြီး ပင်ပန်းထားသမျှ မိုင်းဗုံးနဲ့ ဖောက်ခွဲပစ်လိုက်သလို ဖြစ်မသွားဘူးလား'

'ကျွန်တော်တို့ဟာ အတိုင်းအတာတစ်ခုခုအထိတော့ စွန့်စားကြရမယ်လေ'

'ဒါပေမဲ့ တိုင်တန်နစ်ရဲ့ တည်ဆောက်ထားမှုဟာ ဒီနေ့ ရေထဲမှာပြေးနေတဲ့ သင်္ဘောတွေအားလုံးနီးနီးထက် ခိုင်ခံ့တယ်။

'တိုင်တန်နစ်သင်္ဘောကြီးမှာ ဖွဲ့စည်းတည်ဆောက်ထားတဲ့ တံကူတွေ ရက်မတွေ၊ ကုန်လှောင်ခန်းတွေ၊ ကုန်းပတ်တွေဟာ သင်္ဘောကြီးနစ်သွားတဲ့ ညကအတိုင်း ဒီနေ့အထိ ခိုင်တုန်းပဲဆိုတာ သိထားရလိမ့်မယ်။

သင်္ဘောကြီးဟာ ကျွန်တော်တို့လုပ်သမျှကို ကောင်းကောင်းကြီး ခံနိုင်လိမ့်မယ်။ ဒါကိုတော့ ယုံမှားသံသယ မရှိကြပါနဲ့'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက...

'ကြံစည်ထားတဲ့အတိုင်း ဖြစ်လာမယ်လို့ ခင်ဗျား တကယ်ယုံကြည်သလား'

'ဟုတ်တယ်၊ ကျွန်တော် တကယ်ယုံကြည်တယ်'

ဂျိုးမာတင်က ပြတ်ပြတ်သားသားပင် အဖြေပေးလိုက်သည်။

ဆန်ဒက်ကာက...



www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင့်ကို မောင်ရင် စီစဉ်ထားတဲ့အတိုင်း မလုပ်နဲ့လို့ ကျုပ်က အမိန့် ပေးနိုင်တယ်ဆိုတာ မောင်ရင် သိရဲ့လား'

'သိပါတယ်၊ နောက်ဆုံးအောင်ပွဲရတဲ့အထိ ကျွန်တော့်အစီအစဉ်တွေကို ကမကထလုပ်ပေးပါလို့ ဗိုလ်ချုပ်ကြီးကို တိုက်တွန်းပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက မျက်နှာကို လက်ဝါးဖြင့် တစ်ချက် ပွတ်လိုက်ပြီး အဖြေပေးလိုက်သည်။

'အိုကေ...ဂျိုး'

အချိန်က ငါးနာရီနှင့် ဆယ်မိနစ်သာ ကျန်တော့၏။

[ ၃၈ ]

ရိုက္ခာထောက်သင်္ဘော အဲလ်ဟမ်ဘရာပေါ်တွင် သတင်းစာတိုက်ကြီး သုံးတိုက်မှ သတင်းထောက်များ၊ ဓာတ်ပုံဆရာများ တရုန်းရုန်းဖြစ်နေကြ၏။

သတင်းဦး သတင်းထူးနှင့် ထူးခြားသောဓာတ်ပုံများ ရိုက်ယူနိုင်ရန် အလု အယက် ကြိုးစားနေကြ၏။

သင်္ဘောဦး လက်ယာဘက် လက်တန်းတစ်လျှောက်တွင် သတင်းထောက် များက တစ်လက်မပင်မကျန်အောင် နေရာယူထားကြပြီးသား။

သူတို့သည် နှစ်မိုင်အကွာတွင်ရှိနေသော ကက်ပရိကွန်သင်္ဘောဆီသို့ တယ်လီဖိုတို ကင်မရာများဖြင့် ချိန်ထားကြ၏။

အချို့ကမူ သင်္ဘောနှစ်စီးအကြားရှိ ရေမျက်နှာပြင်ကို ရှုးစိုက်အကဲခတ် နေကြသည်။

သင်္ဘောပေါ်တွင် အရေးပေါ်ပြုလုပ်ထားသော **သတင်းစာခန်းမ** အတွင်း၌ ဒါနာက သတင်းစာဆရာများ၏ ဝိုင်းညှပ်ကာ မေးမြန်းမှုကို ခံနေရသည်။

ဒါနာက ရာသီဥတုအခြေအနေနှင့် လိုက်ဖက်ညီအောင် အပေါ်ဝတ်အကျႌ ထူထူကို ဝတ်ထားသည်။

သတင်းစာဆရာများက မိုက်ကရိုဖုန်းများကို ဒါနာ့ မျက်နှာဆီသို့ ထိုးပေး ပြီး မေးခွန်းတွေ တသီကြီး မေးနေကြ၏။

တိတ်ရိုကော်တာ အသံဖမ်းကြိုးခွေ ခလုတ်များကိုလည်း အသင့်ဖွင့်လျက်။

'တိုင်တန်နစ်သင်္ဘောကြီးကို သတ်မှတ်ထားတဲ့အချိန်ထက် သုံးရက်စောပြီး





ဆယ်ယူဖို့လုပ်နေတာဟာ ဒီဖယ်သွမ်သင်္ဘောက ရဲဘော်သုံးယောက်အသက်ကို ထိတ်တလောကယ်ဖို့ အရေးကြီးနေလို့ပဲ မဟုတ်လား'

ယခင် သတင်းစာကွန်ဖရင့်လုပ်ခဲ့စဉ်က အတွေ့အကြုံရထားပြီး ဖြစ်နေ သည့် ဒါနာက သတင်းစာဆရာများ၏ အမေးကို ဆင်ဖွေ့ရန်ရှောင် အဖြေမျိုး ဖြင့် နှစ်သိမ့်နေတတ်လေပြီ။

'ဒီလို သုံးရက်စောပြီး လုပ်လိုက်ရတာက လုပ်သင့်တာတွေထဲက အချက် တစ်ချက်ကြောင့်ပေါ့ရှင်'

ဒါနာ့အဖြေကို နောက်သတင်းစာဆရာတစ်ယောက်က...

'ဒီလိုလုပ်ရတာ ပြဿနာပေါ်နေလို့ပဲ မဟုတ်လား၊ သင်္ဘောကြီးကို ဆယ်ဖို့ အစောက ကြိုးပမ်းချက်တွေဟာ မအောင်မြင်ခဲ့ဘူး မဟုတ်လား'

ဤအမေးကို ဒါနာက...

'ကြီးကျယ်တဲ့အလုပ်တိုင်းမှာ အခက်အခဲ ပြဿနာဆိုတာ ရှိစမြဲပဲ မဟုတ် လား'

နေ့စဉ်နေ့တိုင်းလိုလို သတင်းစာဆရာများနှင့် သတင်းထောက်များ၏ ထကောက်ကောက်လိုက်၍ မေးမြန်းခြင်းကို အဖြေပေးနေရသည့် ဒါနာ့အဖို့ စိတ်ညစ်စရာ ဖြစ်လာသည်။

သတင်းစာဆရာတစ်ယောက်က...

'ဒီဖယ်သွမ်ရေယာဉ်နဲ့ ရေဒီယိုအဆက်အသွယ်များရော၊ ဆိုနာအဆက် အသွယ်ရော ပြတ်နေပြီဆိုတော့ ဒီဖယ်သွမ်သင်္ဘောက ရဲဘော်သုံးယောက်ဟာ အသက်နဲ့ကိုယ် မြဲလျက်ရှိသေးတယ်လို့ မစ္စဒါနာ သေသေချာချာပြောနိုင်ရဲ့လား'

'ကွန်ပျူတာစက်ကထွက်လာတဲ့ အဖြေအတိုင်းဆိုရင် ဒီရဲဘော်သုံးယောက် ဟာ နောက်ထပ် လေးနာရီနဲ့ မိနစ်လေးဆယ်ကြာတဲ့အထိ ပိုးစိုးပက်စက် မဖြစ်နိုင်ဘူးလို့ ဆိုထားပါတယ်'

ဤတွင် တခြားသတင်းစာဆရာတစ်ဦးက...

'တိုင်တန်နစ်သင်္ဘောကြီးကို ရုရှားအဖွဲ့က ဘယ်ပုံဘယ်နည်း ဖော်ယူဖို့ ကြိုးပမ်းနေပါသလဲ၊ သင်္ဘောကိုယ်ထည်တစ်ဝိုက်မှာ လျှပ်စစ်ဓာတ်ပါတဲ့ သံတွေ ခင်းထားပြီး တွန်းကန်အား လွှတ်ပေးတဲ့နည်းနဲ့ ဖော်ထုတ်မှာလား'

'ဒီမေးခွန်းကိုတော့ ကျွန်မ တိတိကျကျ မဖြေနိုင်ပါဘူးရှင်။

ဘာဖြစ်လို့လဲဆိုတော့ မစ္စတာဂျိုးမာတင်ဆီက နောက်ဆုံးရ သတင်း



www.burmeseclassic.com

www.burmeseclassic.com



က သူတို့ဟာ နောက် လေးငါးနာရီအတွင်းမှာ သင်္ဘောကြီးကို ဖော်ဖို့ ကြိုးစား နေပါတယ်လို့သာ ဖော်ပြထားတဲ့အတွက် ဖြစ်ပါတယ်။ ဖော်ဖို့နည်းလမ်းနဲ့ ပတ်သက်ပြီး သူက ဘာမှ အသေးစိတ် သတင်းမပေးပါဘူးရှင်'

နောက်သတင်းစာဆရာတစ်ဦးက…

'သင်္ဘောကြီးကို ဖော်ယူဖို့ နောက်ကျသွားရင် ဘယ့်နှယ်လုပ်မလဲ။ ဒီဖယ်သွမ်ရေယာဉ်က ရဲဘော်သုံးယောက် အသက်ပျောက်နေနှင့်ပြီဆိုရင်ကော ဘယ့်နှယ်လုပ်မလဲ'

စိတ်မရှည်နိုင်တော့သော ဒါနာက လက်ကို လက်ကိုင်ပဝါဖြင့် တင်းနေအောင် ရစ်ပတ်ရင်း မေးခွန်းဆုံးသည်အထိ သည်းခံနေရသည်။

'ရဲဘော်တွေ မသေသေးပါဘူး'

ဒါနာ့အမူအရာက စောစောကလို သိမ်သိမ်မွေ့မွေ့ မရှိတော့။

'ဒီဖယ်သွမ်ကရဲဘော်တွေ မသေသေးဘဲနဲ့ သေပြီလို့ သတင်းပို့တဲ့ သတင်းစာဆရာကိုတော့ ဘယ်လိုကြီးကျယ်တဲ့ပုဂ္ဂိုလ်တွေဆီက ဘယ်လိုထောက်ခံစာမျိုးပဲ ရှိနေရှိနေ၊ အဲဒီသတင်းစာဆရာကိုတော့ ဒီသင်္ဘောပေါ်က ကန်ချပစ်ရလိမ့်မယ်'

ဒါနာ့စကားကြောင့် သတင်းစာဆရာအားလုံး ငြိမ်သွားကြသည်။

သူတို့လက်ထဲတွင် ကိုင်ထားကြသော မိုက်ကရိုဖုန်းများကို ချလိုက်ကြပြီး အပြင်ဘက် ကုန်းပတ်ဆီသို့ အလျှိုအလျှို ထွက်သွားကြတော့၏။

[ ၃၉ ]

ဆယ်ယူရေးကိရိယာဘက်ဆိုင်ရာ အင်ဂျင်နီယာ စပင်ဆာက စာရွက်ကြီး တစ်ရွက်ကို ရေပုံစားပွဲပေါ်တွင် တင်ထားလိုက်ပြီး ထောင့်စွန်းများကို မတ်ခွက်များဖြင့် ဖိထားလိုက်သည်။

ပင်လယ်ကြမ်းပြင်ပေါ်တွင် တိုင်တန်နစ်သင်္ဘောကြီး ရပ်တည်နေသည့် အနေအထားကို စာရွက်ကြီးပေါ်တွင် အသေးစိတ် ရေးခြယ်လျက်။

သင်္ဘောကြီး ကိုယ်ထည်ပေါ်တွင် ဖော်ပြထားသည့် ကြက်ခြေခတ်ငယ်ကလေးများကလည်း အများအပြား။

စပင်ဆာက အချို့သော ကြက်ခြေခတ်ငယ်ကလေးများပေါ်သို့ ခဲတံတစ်ချောင်းဖြင့် ထောက်ပြရင်း…





'အစီအစဉ်အတိုင်း လုပ်ထားတာကတော့ ဒီအတိုင်းပဲ။

ကွန်ပျူတာစက်က ထွက်လာတဲ့ အချက်အလက်တွေအရ ကျွန်တော်တို့က မိုင်းဗုံးအလုံးရှစ်ဆယ်ကို ဟောဒီနေရာတွေမှာ ခင်းထားလိုက်မယ်…။

မိုင်းဗုံးတစ်လုံးစီမှာ ယမ်းဘီလူး ပေါင် သုံးဆယ်စီ ထည့်ထားတယ်'

စပင်ဆာခွဲထားသည့်ပုံကို ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ငုံ့၍ ကြည့်နေ၏။

မိုင်းဗုံးများခင်းထားမည့် နေရာက တိုင်တန်နစ်သင်္ဘောကြီး ကိုယ်ထည် အစ်လျှောက် ပင်လယ်ကြမ်းပြင်ပေါ်ရှိ အချက်အချာကျသည့် ပစ်မှတ်များ။

'သင်္ဘောကြီး ကိုယ်ထည် တစ်ဖက်တစ်ချက်မှာ မိုင်းဗုံးတွေကို သုံးတန်းစီတန်းပြီး ခင်းထားပါကလား'

ဆန်ဒက်ကာ၏ စကားကို စပင်ဆာက…

'တစ်ဖက်တစ်ချက်မှာ သုံးတန်းစီ မိုင်းဗုံးတွေ ခင်းထားရတာက ဒီလိုပါ။

အပြင်ဘက်အကျဆုံး မိုင်းဗုံးအတန်းဟာ သင်္ဘောကြီးအောက်ခြေ ကိုယ်ထည်နဲ့ ကိုက်ခြောက်ဆယ် အကွာမှာပါ။

အလယ်တန်းမိုင်းဗုံးတွေကတော့ သင်္ဘောကြီးအောက်ခြေ ကိုယ်ထည်နဲ့ ကိုက်လေးဆယ်အကွာမှာပါ။

အတွင်းဘက်အကျဆုံး မိုင်းဗုံးအတန်းကတော့ သင်္ဘောအောက်ခြေ ကိုယ်ထည်နဲ့ ကိုက်နှစ်ဆယ်အကွာမှာပါ။

ကျွန်တော်တို့ဟာ သင်္ဘောဦးရဲ့ လက်ယာဘက်က အပြင်ဘက်ဆုံးအတန်းကို ပထမဖောက်ခွဲမယ်။

ရှစ်စက္ကန့် ကြာသွားတဲ့အချိန်မှာ သင်္ဘောဝဲဘက် အပြင်ဘက်ဆုံးအတန်းက မိုင်းဗုံးတွေကို ဖောက်ခွဲလိုက်မယ်။

နောက်ထပ် ရှစ်စက္ကန့်ကြာသွားတဲ့အချိန်မှာ အလယ်က မိုင်းဗုံးအတန်းကို ဖောက်ခွဲလိုက်မယ်၊ ဒီအစီအစဉ်အတိုင်း ကျွန်တော်တို့ လုပ်မှာပါ'

ဤတွင် ပိုင်းလော့အဲလ်ဘတ်က…

'ဗွက်ထဲမှာနစ်နေတဲ့ ကားတစ်စီးကို ရှေ့တိုးနောက်ငင်လုပ်ပြီး ဗွက်ထဲက လွတ်သွားအောင် တွန်းတဲ့သဘောပေါ့'

စပင်ဆာက ခေါင်းညိတ်လိုက်၏။

'တစ်ချိတည်းနဲ့ ပင်လယ်အောက်ခြေက သင်္ဘောကြီး ရုန်းထွက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မလုပ်တာလဲ'

'ဘူမိဗေဒသိပ္ပံပညာရှင်တွေက တစ်ကန့်တစ်ကန့်စီ ခွဲပြီး မိုင်းဗုံးတွေလို ဖောက်ခွဲလိုက်တာဟာ ပိုပြီးထိရောက်မှုရှိမယ်လို့ အကြံပြုထားကြလို့ပါ'

စပင်ဆာက အဖြေပေးလိုက်သည်။

ဂျိုးမာတင်က...

'ကျုပ်တို့မှာ ယမ်းဘီလူးတွေကော အသင့်ရှိရဲ့လား'

'ဘွန်ဘာဂါသင်္ဘောပေါ်မှာ မြေလျောင်နဲ့ဆိုင်တဲ့ သုတေသနလုပ်ဖို့ဆိုပြီး တင်ယူလာခဲ့တဲ့ ယမ်းဘီလူး တစ်တန်ပါလာတယ်။ မိုဒေါ့သင်္ဘောမှာလည်း ရေအောက်ဖောက်ခွဲရေးလုပ်ငန်းအတွက် ယမ်းဘီလူး ပေါင်လေးရာ ပါလာတယ်'

စပင်ဆာအဖြေ။

'ဒါလောက်နဲ့ လောက်မလား'

'လောက်ရုံကလေးလောက်ပဲရှိမယ်၊ နောက်ထပ်ပေါင်သုံးရာလောက် ရမယ်ဆိုရင် သိပ်ကောင်းမယ်'

ဂျိုးမာတင်၏အမေးကို စပင်ဆာက ဖြေလိုက်ခြင်း။

ဤတွင် ဆန်ဒက်ကာက အကြံပြုလာ၏။

'လိုတဲ့ ယမ်းဘီလူးတွေကို ကမ်းခြေကနေ ဂျက်လေယာဉ်နဲ့ သယ်လာပြီး လေထီးနဲ့ချပေးနိုင်တယ်မဟုတ်လား'

ဂျိုးမာတင်က ခေါင်းကို ခါယမ်းလိုက်ပြီး...

'ယမ်းဘီလူးတွေရောက်လာပြီးတဲ့နောက် ရေအောက်ရေယာဉ်မှာ ပြောင်းထည့်ရမယ်။ ပြီးမှ ပင်လယ်အောက် ကြမ်းပြင်မှာ မိုင်းဗုံးတွေကို ထပ်ခင်းရမယ်။ ဒီတော့ အချိန်က နှစ်နာရီလောက် နောက်ကျသွားလိမ့်မယ်'

'ဒါဖြင့်လည်း ရှိတာနဲ့ ဖြစ်အောင်လုပ်ပေါ့၊ ကျုပ်တို့က ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေရောက်နေတာကိုး'

ဆန်ဒက်ကာက ဤသို့ပြောပြီး ဦးစီးမှူးဂန်းအား...

'မိုင်းဗုံးတွေကိုခင်းတာ ဘယ်လောက်ကြာမလဲ'

'လေးနာရီကြာမယ်'

ဂန်းက နှောင့်နှေးခြင်းမရှိဘဲ တိတိကျကျ အဖြေပေးလိုက်၏။

ဆန်ဒက်ကာက မျက်စိအစုံကို မှေးထားလိုက်ပြီး...

'ဒီအတိုင်းဆို ကျုပ်တို့အဖို့ ဆယ့်လေးမိနစ်ပဲ အချိန်ရတော့မှာပါကလား'





ဦးစီးမှူးဂန်းက...

'ဒီအချိန်ကလေးအတွင်းမှာပဲ ကျွန်တော်တို့ ဖြစ်အောင်လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လိုတဲ့အချက်တစ်ချက်ကိုတော့ လိုက်လျောပေးမှ ဖြစ်လိမ့်မယ်'

'မင်းတို့လိုတဲ့အချက်က ဘာလဲ'

'ရေအောက်မှာရှိတဲ့ ရေနက်သွားရေယာဉ် မှန်သမျှကို အန္တရာယ်ကင်းတဲ့ နေရာအထိ အပေါ်ကို တက်လာစေရမယ့် အချက်ပဲ'

'ဒါဖြင့် ဒီဖယ်သွမ်အနားမှာ ကင်းလှည့်ပေးနေတဲ့ ဆာပိုနှစ် ရေယာဉ်ကို ပါ ဆုတ်လာဖို့ အမိန့်ပေးရတော့မှာပေါ့၊ ဒီဖယ်သွမ်ထဲမှာရှိတဲ့ ရဲဘော် အင်ဂျင်နီယာ သုံးယောက်ကတော့ ဆာပိုနှစ် သူတို့နားက ထွက်သွားတာကို မြင်ရရင် သူတို့ကို စွန့်ပစ်ထားလိုက်ကြပြီလို့ ထင်သွားကြတော့မှာပဲ'

ဂျိုးမာတင်၏ မှတ်ချက်ကို ဦးစီးမှူးဂန်းက...

'တခြားနည်းလမ်း မရှိတော့ဘူး။ တကယ့်ကို တခြားနည်းလမ်းဆိုလို့ ရှိကို မရှိတော့ပါဘူး'

ဦးစီးမှူးဂန်း၏ အသံက တုန်လှုပ်အက်ကွဲနေ၏။

[ ၄၀ ]

ညိုပြီးစ ဆေးပြင်းလိပ်ကြီးကို လက်ညှိုးနှင့် လက်မကြားတွင် တစ်ပတ် လှည့်လိုက်ပြီးနောက် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက သင်္ဘော ကုန်းပတ်ပေါ်တွင် စကြံလျှောက်မြဲ လျှောက်နေသည်။

ရေဒီယိုအော်ပရေတာ ကာလီက လက်တစ်ဖက်ကို မြှောက်၍ပြလိုက်သော အခါ ဆန်ဒက်ကာက ကာလီနောက်နားသို့ ကပ်လာ၏။

'ဆာပိုတစ်က သတင်းပို့ပါတယ် ဗိုလ်ချုပ်ကြီး၊ မိုင်းတွေကို ခင်းလို့ ပြီးသွားပြီတဲ့'

'ဒါဖြင့် အန္တရာယ်ကင်းတဲ့နေရာထိ အမြန်ဆုံး ပြန်တက်လာပါလို့ ကျုပ် က အမိန့်ပေးတယ်လို့ သတင်းပို့လိုက်'

ဆန်ဒက်ကာက ဒိုင်ခွက်လေးခုကို စောင့်၍ကြည့်နေသော ဂျိုးမာတင့် မျက်နှာချင်းဆိုင်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေ ဘယ့်နယ်လဲ'

ဒိုင်ခွက်လေးခွက်ပေါ်တွင် တိုင်တန်နစ်သင်္ဘောကြီး တစ်ဖက်တစ်ချက်တွင် စီတန်းခင်းထားသော မိုင်းဗုံးများ၏ ပုံရိပ်ကို မြင်နေရ၏။

'ခုအထိတော့ အခြေအနေကောင်းတုန်းပဲ။ တစ်ခုပဲရှိတယ်၊ ဒီဖယ်သွမ်က ဂဟေဆော်ထားတဲ့ သံမဏိရည်တွေဟာ မိုင်းဗုံးပေါက်ကွဲမှုဒဏ်ကြောင့် ကွာကျမသွားဖို့ပဲလိုတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ အောင်မြင်မှာပဲ'

ဆန်ဒက်ကာက ဒိုင်ခွက်လေးခုထဲတွင် ပေါ်နေသည့် ရောင်စုံပုံရိပ်များကို ငေးစိုက်၍ ကြည့်နေသည်။

တိုင်တန်နစ်သင်္ဘောကြီး၏ ကိုယ်ထည်မှ ရေပူဖောင်းများ ပလုံစီ၍ ထနေသည်ကို မြင်ရ၏။

'သင်္ဘောကြီးရဲ့ အပေါ်က အခန်းတွေထဲမှာ လေတွေ ဝင်နိုင်သမျှဝင်အောင် လုပ်နေတော့ ရေပူဖောင်းတွေ ပလုံစီပြီး ထလာတာပါ။

ကက်ပရီကွန်ရေယာဉ်မှာရှိတဲ့ လေသွင်းစက်တွေက တစ်နာရီမှာ လေထုထည် တစ်သောင်းအထိ သွင်းပေးနိုင်စွမ်းရှိတယ်'

ကွန်ပျူတာစက်မှ ပေါ်ထွက်လာသည့် အချက်အလက်များကို စိစစ်နေသော ဘင်ဒရမ္မာက...

'ကျွန်တော်တို့ မှန်းဆရသလောက်ဆိုရင် တိုင်တန်နစ်သင်္ဘောကြီးရဲ့ အခန်းတွေထဲက ရေတွေဟာ ကိုးဆယ်ရာခိုင်နှုန်းလောက် အပြင်ကို ရောက်သွားကြပြီ၊ ပင်လယ်ရေအောက် ကြမ်းပြင်က စုပ်ယူဆွဲထားတဲ့အရှိန်ကို ကျွန်တော်တို့ ဖယ်ရှားပစ်လိုက်တာနဲ့တစ်ပြိုင်နက် သင်္ဘောကြီးဟာ လေစွန်ကလေးတစ်ခုလို အပေါ်ကို တက်လာတော့မှာပဲ'

ရေဒီယိုအော်ပရေတာ ကာလီအား...

'အဏ္ဏဝါပက်ကျိက ဦးစီးမှူးဆီကို သတင်းပို့စမ်း။

အန္တရာယ်ကင်းတဲ့နေရာကို ပြန်တက်မလာခင် ဒီဖယ်သွမ်ရေယာဉ်ကို ပတ်ကြည့်ပြီး အထဲကရဲဘော်တွေကို မြင်ရ မမြင်ရ သတင်းပို့ပါလို့'

ဤတွင် ပိုင်းလော့ အဲလ်ဘာတ်က ကြားဖြတ်ကာ ကြေညာချက်ထုတ်လိုက်၏။

'အချိန်ဆယ့်တစ်မိနစ်ပဲ ကျန်တော့တယ်'

ဂျိုးမာတင်က စပင်ဆာအား လှမ်းကြည့်လိုက်ပြီး...





'မိုင်းဗုံးတွေကို ဖောက်ခွဲဖို့ အသင့်ဖြစ်နေပြီလား'

စပင်ဆာက ခေါင်းညိတ်လိုက်၏။

'မိုင်းဗုံး အတန်းတစ်တန်းစီအတွက် သီးခြားခလုတ်တွေ တပ်ထားတယ်၊ ဒိုင်ခွက်ထဲကလက်တံတစ်ခုကို လှည့်ပေးလိုက်တာနဲ့ သီးခြားလုပ်ထားတဲ့ ဖောက်ခွဲရေးခလုတ်တွေဟာ အစီအစဉ်အတိုင်း တစ်တန်းစီ တစ်တန်းစီ ပေါက်ကွဲသွားအောင်လိမ့်မယ်'

ပိုင်းလော့ အဲလ်ဘာတ်က...

'သင်္ဘောကြီး ရေပေါ်ပေါ်လာရင် ဦးက အရင်ပေါ်မှာလား၊ ပဲ့က အရင်ပေါ်မလား'

'သင်္ဘောကြီးဦးက ပင်လယ်ကြမ်းပြင်နဲ့ထဲမှာ ပေ ၂၀ လောက်စိုက်ပြီး နှစ်နေတယ်။ ပဲ့ပိုင်းကလည်း နစ်နေတာပဲ။

မိုင်းဗုံးတွေကို ဖောက်ခွဲပစ်လိုက်တဲ့ အချိန်မှာ ပဲ့ပိုင်းက အရင်ထောင်တက်လာပြီး အဲဒီထောင်တက်လာတဲ့အရှိန်က သင်္ဘောကြီး ရေတစ်ခုလုံးကို ကြွထလာအောင် တွန်းအားပေးလိုက်လိမ့်မယ်။

ဒီတော့ သင်္ဘောကြီး ရေပေါ်မှာပေါ်လာရင် မြုပ်သွားတုန်းက ပုံစံအတိုင်း လောက်နီးနီး ပေါ်လာမှာပဲ။ ဒါက တကယ်လို့ သင်္ဘောကြီးပေါ်လာရင် ပြောတာပါ'

ဦးစီးမှူးဂန်းက ထင်မြင်ချက်ပေးလိုက်ခြင်း။

ရေဒီယိုအော်ပရေတာကာလီက ရောက်လာသည့်သတင်းကို ကြေညာလိုက်သည်။

'ဆာပိုနစ်ဟာ သူ့ရဲ့နောက်ဆုံးမိုင်းဗုံးကို ခင်းပြီးသွားပြီ၊ အန္တရာယ်ကင်းတဲ့ နေရာကို ပြန်တက်လာနေပြီ'

'အဏ္ဏဝါပက်ကျိဆီကရော ဘာသတင်းရသလဲ'

'ဒီဖယ်သွမ်က ရဲဘော်တွေကို မမြင်ရဘူးလို့ သတင်းပို့ပါတယ်'

'ဒါဖြင့် အန္တရာယ်ကင်းတဲ့နေရာကို အမြန်ဆုံးပြန်တက်ခဲ့လို့ သတင်းပို့လိုက်'

ဂျိုးမာတင်က ရေဒီယိုအော်ပရေတာဘက်မှ စပင်ဆာဘက်သို့လှည့်ထား...

'မိုင်းဗုံးအတန်းတွေထဲက ပထမဆုံးအတန်းကို ကိုးစက္ကန့်အတွင်း...ဖောက်ခွဲလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုနာထောက်လှမ်းရေးကိရိယာရှိ ဒိုင်ခွက်ကို ကြည့်နေသော အော်ပရေတာက…

'ဆာပိုတစ်ဟာ အန္တရာယ်ကင်းတဲ့နေရာကို ရောက်နေပြီ။ ရေအနက် ပေခြောက်ထောင်မှာ'

ယခုအချိန်တွင် ရေအောက်သွား ရေယာဉ်များ အန္တရာယ်ကင်းသည့်နေရာကို ပြန်ရောက်အလာကို စောင့်နေရုံမှတစ်ပါး အခြားအလုပ် မရှိတော့။

'ဆာပိုနှစ်နဲ့ အဝ္စာဝါပက်ကျိဟာ အန္တရာယ်ကင်းတဲ့နေရာနားကို ချဉ်းကပ်လာပါပြီ'

ဆိုနာအော်ပရေတာက ကြေညာလိုက်ခြင်း။

'လှိုင်းတွေ၊ လေတွေရဲ့ အခြေအနေက ဘယ်လို'

ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်၏အမေးကို မိုးလေဝသအရာရှိ ဖရက်က…

'လှိုင်းအမြင့်တွေက လေးပေ၊ လေက တစ်နာရီ ငါးမိုင်၊ ကောင်းကင်က ကြည်ကြည်လင်လင်၊ ဒါ့ထက်ကောင်းတဲ့ အခြေအနေမျိုးတော့ မရနိုင်တော့ဘူး'

အခန်းထဲတွင် ရုတ်တရက် တိတ်ဆိတ်သွားသည်။ မည်သူမျှ စကားမပြောကြ။

ခဏကြာမှ ဂျိုးမာတင်၏အသံ ပေါ်ထွက်လာသည်။

သူ့အသံက တည်ငြိမ်လျက်။

'ကဲ…စပင်ဆာ၊ စပြီး ရေပေတော့'

စပင်ဆာက နာရီလက်တံလို ပုံမှန်အသံဖြင့် စ၍ရေလိုက်၏။

'သုံးဆယ်စက္ကန့်…'

'ဆယ့်ငါးစက္ကန့်…'

'ငါးစက္ကန့်…'

'လေးစက္ကန့်…'

အလုပ်ခန်းထဲရှိ နှစ်ဒါဇင်ခန့်မျှသော လူများက တီဗွီဒိုင်ခွက်များနှင့် ဆိုနာထောက်လှမ်းရေးကိရိယာမှ ဒိုင်ခွက်များကို ဝိုင်းအုံ၍ ကြည့်နေကြသည်။

ပထမဆုံး မိုင်းဗုံးအတန်းမှ ပေါက်ကွဲပေါ်ထွက်လာသည့် တုန်ခါမှုက ထက်ပရိကွန်သင်္ဘောကြီး၏ ကုန်းပတ်များဆီသို့ ရိုက်ခတ်လာ၏။

မိုင်းဗုံးများ ပေါက်ကွဲရာမှ ပေါ်ထွက်လာသည့်အသံက အဝေးဆီမှ မိုးခြိမ်းသံကဲ့သို့။





စိုးရိမ်မှုများက လူအားလုံး၏ မျက်နှာများပေါ်တွင်။

အားလုံးသော မျက်စိအစုံကလည်း တီဗွီဒိုင်ခွက်များနှင့် ဆိုနာဒိုင်ခွက်များပေါ်တွင် စူးစိုက်လျက်။

ပင်လယ်အောက် ကြမ်းပြင်ပေါ်တွင် ခင်းထားသည့် မိုင်းဗုံးအတန်းများက ဆက်၍ဆက်၍ ပေါက်ကွဲနေ၏။

ကက်ပရိကွန် သင်္ဘောကြီး၏ ကုန်းပတ်များပေါ်တွင် တုန်ခါမှုက ထပ်၍ ရိုက်ခတ်လာသည်။

ခဏအကြာတွင် တီဗွီဒိုင်ခွက်များနှင့် ဆိုနာဒိုင်ခွက်များပေါ်တွင် မြင်နေရသည့် ပုံရိပ်များက မှိန်သွားပြီးနောက် လုံးဝပျောက်ကွယ်သွားသည်။

ဒိုင်ခွက်များအားလုံး ပိန်းပိတ်အောင် မှောင်နေလေပြီ။

'တုန်ခါမှုကြောင့် အောက်နဲ့အထက် အဆက်အသွယ်တွေ ပြတ်ကုန်တာဖြစ်မှာပါပဲ'

ဦးစီးမှူးဂန်းက မှတ်ချက်ချလိုက်၏။

စပင်ဆာက ငုံ့ကြည့်နေရာမှ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး သက်ပြင်းရှည်တစ်ချက်ကို ဟင်းခနဲချလိုက်၏။

'သင်္ဘောကြီးက နေမြဲအတိုင်းပဲ လုံးဝမရွေ့ဘူး'

ပြန်၍ထင်လာသော ပုံရိပ်ကိုကြည့်ကာ ဆိုနာ အော်ပရေတာက အော်ပြောလိုက်သည်။

'သင်္ဘောကြီးရေ…ပြန်ပေါ်လိုက်စမ်းပါ'

ပိုင်းလော့ အဲလ်ဘတ်က ကလေးတစ်ယောက်လို မြည်တမ်းလိုက်၏။

'အို…ထာဝရဘုရားသခင် သင်္ဘောကြီးကို ရေပေါ်သို့ ပေါ်တော်မူပါစေ'

ဘင်ဒရမ္မာက ဆုတောင်းလိုက်သည်။

အကယ်၍သာ လူတို့၏ဆန္ဒအတိုင်း ဖြစ်လာနိုင်မည်ဆိုပါက ပင်လယ်ရေအောက်တွင် **မှနှစ်ဆယ့်ခြောက်နှစ်**လုံးလုံး နစ်မြုပ်နေခဲ့သော တန်ချိန်လေးသောင်းခြောက်ထောင်သုံးရာနှစ်ဆယ့်ရှစ်တန်ရှိ တိုင်တန်နစ်သင်္ဘောကြီးသည် ရေပေါ်သို့ ပြန်တက်လာမည်ဖြစ်၏။

သို့သော် တိုင်တန်နစ်က ရေပေါ်သို့ တက်မလာ။ ပင်လယ်ရေအောက်ကြမ်းပြင်တွင်သာ သံမှိုစွဲထားသကဲ့သို့ မြဲနေ၏။

ဘင်ဒရမ္မာက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုရှိုက်လျက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ထွက်သွားသည်။

ရေဒီယိုအော်ပရေတာ ကာလီက...

'ဆာပိုနှစ် ရေယာဉ်ဦးစီးမှူးက ရေအောက်ကိုဆင်းပြီး သင်္ဘောကြီး [illegible] အနေကို လှမ်းပြီးကြည့်ဖို့ အခွင့်တောင်းနေတယ်'

ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်က ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး...

'ခွင့်ပေးတယ်လို့ သတင်းပြန်လိုက်ပါ'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ကုလားထိုင်တွင် ဖြည်းညင်း လေးကန်စွာ ထိုင်ချလိုက်ပြီး ညည်းညူလိုက်၏။

'အို...ထာဝရဘုရားသခင်၊ ကျွန်တော်မျိုးတို့ ဆုံးရှုံးခြင်းနဲ့ ရင်ဆိုင်နေရပါပြီ'

အလုပ်ခန်းထဲတွင် မျှော်လင့်ခြင်းကင်းမဲ့မှုကသာ မင်းမူနေ၏။

ပိုင်းလော့ အဲလ်ဘတ်က သင်္ဘောကြမ်းပြင်ကို ငေးကြည့်ရင်း...

'ကျွန်တော်တို့ ဘာလုပ်ကြမလဲ'

ဂျိုးမာတင်က...

'ဘာလုပ်ကြရမလဲဆိုတော့ သင်္ဘောကြီးကို ဆက်ဖော်တဲ့အလုပ်ကိုပဲ လုပ်ကြရမှာပဲ။ နက်ဖြန်ကစပြီး ဆက်လုပ်ရမယ်'

ဂျိုးမာတင်၏အသံက နွမ်းလျလျ...

'ရွေ့လာပြီ'

အလုပ်ခန်းရှိ လူအားလုံးပင် တုတ်တုတ်မျှမလှုပ်။

'သင်္ဘောကြီး ရွေ့လာပြီ'

ဆိုနာအော်ပရေတာက ထပ်၍ ကြေညာလိုက်၏။ သူ့အသံက တုန်လှုပ်နေသည်။

'မင်း သေချာရဲ့လား'

ဆန်ဒက်ကာက လေသံဖြင့် မေးလိုက်၏။

'ကျွန်တော့်အသက်နဲ့တောင် လောင်းရဲပါတယ်'

ငေးကြောင်၍ ရပ်နေသော စပင်ဆာ၏နှုတ်မှ...

'ပေါက်ကွဲမှုအရှိန်ဟာ တဖြည်းဖြည်းမှ မြင့်တက်လာပုံရတယ်'

ဆိုနာအော်ပရေတာက ကုလားထိုင်လက်တင်ကို လက်သီးဖြင့်ထုလိုက်ပြီး...

'ကြွလာပြီ၊ သင်္ဘောကြီးက ပင်လယ်ရေအောက်ကြမ်းပြင်က ကျွတ်ထွက်





လာပြီ၊ ဟော...အပေါ်ကိုတက်လာပြီ'

အလုပ်ခန်းထဲတွင် အောင်မြင်မှုအဟုန်က ပျံ့နှံ့သွားတော့၏။

[ ၄၁ ]

ပထမအစတွင် အလုပ်ခန်းရှိ လူအားလုံးပင် မှင်တက်မိသလို ဖြစ်နေကြရ၏။

ကိုယ်ရောစိတ်ပါ လှိုက်လှဲစွာ တောင့်တခဲ့ရသော...

ရှစ်လမျှသော ကာလအပိုင်းအခြားအတွင်း ဒုက္ခအမျိုးမျိုး ခံစားကာ ကြိုးပမ်းခဲ့ရသော လုပ်ငန်းကြီးက အောင်မြင်မှုရလာသောအခါ မယုံကြည်နိုင်သလိုပင် ဖြစ်နေကြရ၏။

ပထမဆုံး ဒုံးပျံကြီး ပစ်လွှတ်အောင်မြင်ခဲ့စဉ်က ဝမ်းသာအားရ အော်ဟစ်လိုက်ကြသကဲ့သို့ အလုပ်ခန်းမှ လူများကလည်း အောင်မြင်သောအသံများဖြင့် ကြွေးကြော်နေကြ၏။

'ကဲ...ထစမ်း၊ အပေါ်ကို တက်လာစမ်း'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ကျောင်းသားကလေးတစ်ယောက်လို အော်ဟစ်နေသည်။

ဂျိုးမာတင်က ရေဒီယိုအော်ပရေတာ ကာလီဆီသို့ တိုးသွားပြီး...

'မြန်မြန်လုပ်စမ်း၊ ဆာပို-နှစ်က ဦးစီးမှူးကို သတင်းပို့စမ်း။

တိုင်တန်နစ်ဟာ ရေပေါ်ကို ပေါ်တက်လာပြီ၊ သူနဲ့ဝင်မတိုက်မိအောင် ရှောင်နေလို့ ပြောစမ်း'

ဆိုနာအော်ပရေတာက မြင်တွေ့ရသမျှကို ထပ်ဆင့်သတင်းပြန့်နေ၏။

'သင်္ဘောကြီးဟာ အပေါ်ဘက်ကို တက်လာနေတယ်၊ တက်လာတဲ့ အရှိန်က တဖြည်းဖြည်း မြန်လာပြီ'

ဤတွင် ဂျိုးမာတင်က ကြားဖြတ်လျက်...

'ရာသီဥတုအခြေအနေကို ကျုပ်တို့ မခန့်မှန်းကြရသေးဘူး၊ [illegible] တစ်ရေးဆိုသလို ကျုပ်တို့ သတိထားဖို့လိုတယ်။

သင်္ဘောကြီး ရေမျက်နှာပြင်ပေါ် ရောက်လာတဲ့အချိန်မှာ [illegible] လာရင်...'



www.burmeseclassic.com

www.burmeseclassic.com



ဆိုနာအော်ပရေတာက…

'အပေါ်ကို တက်နေတုန်းပဲ၊ တက်နှုန်းက မြန်လာတယ်။ ကုန်ခဲ့တဲ့ တစ်မိနစ်အတွင်းကဆိုရင် သင်္ဘောကြီးဟာ ပေခြောက်ရာနှုန်းနဲ့ တက်နေတယ်'

ဂျိုးမာတင်က ပိုင်းလော့အဲလ်ဘတ်အား…

'သင်္ဘောဆရာဝန်ဘောလီနဲ့ ရဟတ်ယာဉ်က ပိုင်းလော့ကို သွားခေါ်စမ်း'

'တိုင်တန်နစ်သင်္ဘောကြီး ရေပေါ်ကိုရောက်လာတာနဲ့ တစ်ပြိုင်နက် ခင်ဗျားနဲ့ ဆရာဝန်က ရဟတ်ယာဉ်နဲ့ သင်္ဘောကြီးဦးပိုင်း ကုန်းပတ်ပေါ်ကို ဆင်းရမယ်။

ရဟတ်ယာဉ်ပေါ်ကနေပြီး သင်္ဘောကုန်းပတ်ပေါ် ရောက်တဲ့အခါ ဒီဖယ်သွမ်ရေယာဉ်ရဲ့ အမိုးတံခါးကိုဖွင့်ပြီး အထဲက ရဲဘော်သုံးယောက်ကို ထုတ်လာရမယ်'

စကားမဆုံးမီပင် အဲလ်ဘတ်က အလုပ်ခန်းထဲမှ ပြေးထွက်သွားသည်။

'လက်ဆွဲ ဒီဇယ်ရေစုပ်စက်တွေကို အသင့်ပြင်ပြီး ကုန်းပတ်ပေါ်မှာ စောင့်နေ၊ သင်္ဘောထဲဝင်တဲ့ ရေကို စုပ်ထုတ်ပစ်ရအောင်'

ဗိုင်ဆာက…

'ကျွန်တော်တို့ သံဖြင်တဲ့ လျှပ်စစ်မီးလုံးတွေလည်း လိုလိမ့်မယ်'

'ဒါဖြင့်လည်း ရအောင်ယူထားလေ'

ဂျိုးမာတင်က ဤသို့ပြောပြီး ဆိုနာအော်ပရေတာရှိရာသို့ လှည့်ကာ…

'သင်္ဘောကြီး ရေပေါ်ကို တက်လာတဲ့နှုန်းက ဘယ်လိုလဲ'

'တစ်မိနစ်မှာ ပေရှစ်ရာငါးဆယ်နှုန်း တက်လာနေတယ်

တက်လာတဲ့နှုန်းက သိပ်ကိုမြန်နေတယ်'

ဂျိုးမာတင်၏စကားကို ဆန်ဒက်ကာက…

'ဒီလိုတက်နှုန်းမျိုးကို ကျုပ်တို့ မကြိုက်ဘူး၊ သင်္ဘောကြီးရဲ့ အခန်းတွေထဲမှာ လေတွေကို မတန်တဆ သွင်းထားတော့ သင်္ဘောကြီးဟာ အရှိန်မသတ်နိုင်ဘဲနဲ့ အထိန်းအချုပ်မရှိ တစ်ဟုန်ထိုး ထိုးတက်လာတာဖြစ်မယ်'

ဤတွင် ဂျိုးမာတင်က…

'သင်္ဘောကြီးရဲ့ အောက်ထပ်အခန်းတွေမှာ ရေတွေရှိနေရင် သင်္ဘောကြီးဟာ ရေပေါ်ကို သုံးပုံနှစ်ပုံလောက်သာ ပေါ်လာပြီး ပြန်နစ်သွားမှာစိုးရတယ်။

ဒီလိုဆိုရင် ဒီဖယ်သွမ်က ရဲဘော်တွေလည်း သေကုန်တော့မှာပဲ'





ဆန်ဒက်ကာက အလုပ်ခန်းမှ အပြင်သို့ အလောတကြီး ထွက်သွားသည်။ ဂျိုးမာတင်မှတစ်ပါး အလုပ်ခန်းထဲရှိ လူအားလုံးလိုလို အပြင်ဘက်သို့ လိုက်ထွက်သွားကြ၏။

'သင်္ဘောကြီး ဘယ်နေရာ ရောက်နေပြီလဲ'

ဂျိုးမာတင်၏ အမေးကို ဆိုနာအော်ပရေတာက…

'ပေရှစ်ထောင် အမှတ်ကို ရောက်လာနေပြီ၊ ဆာပိုနှစ်က သတင်းပို့တယ်။ သင်္ဘောကြီးဟာ ဝက်သိုးကြီးတစ်ကောင်လို သူ့အနားကဖြတ်ပြီး အပေါ်ဘက်ကို တက်သွားတယ်လို့'

'ဆာပိုနှစ်ကို ရေပေါ်တက်လာလို့ သတင်းပို့၊ အဋ္ဌဝါပက်ကျိနဲ့ ဆာပိုတစ်ဆီကိုလည်း ရေမျက်နှာပြင်ပေါ် ပြန်တက်လာပါလို့ သတင်းပို့'

အလုပ်ခန်းထဲတွင် ဆက်လက်လုပ်စရာ မရှိတော့သဖြင့် ဂျိုးမာတင်က သင်္ဘောလက်ဝဲဘက်ရှိ ပဲ့ထိန်းစင်ရှိရာသို့ တက်လာခဲ့သည်။

ပဲ့ထိန်းစင်ပေါ်တွင် ဦးစီးမှူးဂန်းနှင့် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာတို့က ရပ်လျက်။

ဂန်းက ပဲ့ထိန်းစင်ရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး ဆိုနာအော်ပရေတာအား…

'သင်္ဘောကြီး ဘယ်နေရာလောက်မှာ ရေမျက်နှာပြင်ပေါ် ရောက်လာနိုင်မယ်ဆိုတာ ခန့်မှန်းပေးစမ်းပါဦး'

ဆိုနာအော်ပရေတာက…

'ကျွန်တော်တို့ရဲ့သင်္ဘောနောက်ဘက် လက်ဝဲဘက် ကိုက်ခြောက်ရာလောက်အကွာမှာ ပေါ်လာမယ်လို့ ခန့်မှန်းရပါတယ်'

'ဘယ်အချိန်လောက်မှာ ပေါ်လာနိုင်မလဲ'

ဆိုနာအော်ပရေတာထံမှ ချက်ချင်း စကားပြန်မလာ၊ အတန်ကြာမှ…

'ခုဆိုရင် ပေါ်လာဖို့ အချိန်သင့်ပါပြီ'

ဤအခိုက်တွင်ပင် ပင်လယ်ရေမျက်နှာပြင်ပေါ်၌ ရောမရေပူဖောင်းကြီးများ ပေါ်ထွက်လာကာ တိုင်တန်နစ်သင်္ဘောကြီး၏ ပဲ့ပိုင်းက ပေါ်တက်လာသည်။

ဝေလငါးကြီးတစ်ကောင် အမြီးထောင်၍ ရေပေါ်တက်လာသကဲ့သို့။

တိုင်တန်နစ်သင်္ဘောကြီး ပဲ့ပိုင်းက မှန်းတည့်နေရောင်အောက်တွင် ရှလာဝင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်တန်နစ်သင်္ဘောကြီးက ရေပေါ်တက်လာသည့်အရှိန် မရပ်သေးဘဲ ဆက်၍ပေါ်ထွက်လာ၏။

ဘွိုင်လာ...

ပြီးတော့ နံပါတ်နှစ်ခေါင်းတိုင် ရှိခဲ့သည့်နေရာ...။

ဧရာမ ရေပူဖောင်းကြီးများက ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ဝဲကတော့သဖွယ်။

ခဏအကြာတွင် သင်္ဘောကြီး၏ ဦးပိုင်းကိုပါ မြင်လာရ၏။

ခန့်ထည်လိုက်သည့်ဖြစ်ခြင်း။

သင်္ဘောကြီး လက်ယာဘက်ဦးပိုင်းက ဆယ့်နှစ်ဒီဂရီလောက် စောင်းလျက် ရေမျက်နှာပြင်ပေါ်တွင် ထီးထီးကြီး။

မည်သူမျှ စကားမပြောနိုင်ကြ။

တွေ့မြင်နေရသည့်အရာက သူတို့အားလုံးကို မိန်းမောနေစေသည် မဟုတ်လား။

ပထမဆုံး စ၍ပြောလိုက်သူက ဂျိုးမာတင်။

'သင်္ဘောကြီး ရေမျက်နှာပြင်ပေါ် ရောက်နေပြီ'

သူ့အသံက နှစ်ယောက်ကြားနိုင်ရုံလောက်သာ။

'ဟုတ်တယ်'

ထောက်ခံချက်ပေးလိုက်သော ဦးစီးမှူးဂန်း၏ အသံကလည်း ညင်းညင်းညည်း။ ရဟတ်ယာဉ် ပျံတက်လာသည့်အသံက မိန်းမောလျက်ရှိနေသော လူစုကို လှုပ်နှိုးလိုက်သကဲ့သို့ ဖြစ်သွားသည်။

ကက်ပရီကွန် သင်္ဘောပေါ်မှ ရဟတ်ယာဉ်က ကောင်းကင်ယံသို့ ပျံတက်သွားပြီးနောက် တိုင်တန်နစ်သင်္ဘောကြီး၏ကုန်းပတ်ပေါ်တွင် ဆင်းသက်လိုက်၏။

ကုန်းပတ်ပေါ်တွင် အမှိုက်သရိုက်များ ဖုံးလျက်။

တိုင်တန်နစ် သင်္ဘောကြီး ကုန်းပတ်ပေါ်တွင် ရဟတ်ယာဉ် ဆင်းသက်လာမိ ည်နှင့် ဘေးတံခါးမှ လူနှစ်ယောက် ဆင်းလာသည်ကို ကက်ပရီကွန် သင်္ဘောပေါ်မှ လှမ်း၍ မြင်လိုက်ရသည်။





[ ၄၂ ]

ဒီဖယ်သွမ်ရေယာဉ်၏ အမိုးတံခါးရှိရာသို့ ပိုင်းလော့အဲလ်ဘတ်က လှေကားအတိုင်း တက်သွားသည်။

ရေယာဉ်ကိုယ်ထည်က ခိုင်ခိုင်ခံ့ခံ့ရှိနေသည်ကို တွေ့ရ၏။

စက်ဝိုင်းသဏ္ဍာန်ရှိသော အမိုးတံခါးပေါ်တွင် တံခါးကိုဖွင့်ရသည့် ဘီးတစ်ဘီး ရှိနေ၏။

ဘီးက ရေခဲတမျှ အေးစက်နေပြီး အမိုးတံခါးက ချောကျိုနေ၏။

အဲလ်ဘတ်သည် အမိုးတံခါးဘီးကို မြဲမြဲဆုပ်ကိုင်ကာ လှည့်ဖွင့်လိုက်၏။

ဘီးက လည်မသွား။

'အချိန်က သိပ်အရေးကြီးတယ်၊ မြန်မြန်ဖွင့်စမ်း'

အဲလ်ဘတ် နောက်နားတွင် ကပ်နေသော သင်္ဘောဆရာဝန် ဘောလီက ဆော်ဩနေ၏။

အသက်ကို ပြင်းပြင်းတစ်ချက် ရှူလိုက်ကာ တစ်ကိုယ်လုံးရှိ ကြွက်သားများကို ညှစ်ထုတ်ပြီး နွားသိုးတစ်ကောင်ကဲ့သို့သော ခန္ဓာကိုယ်ဖိအားကို အသုံးပြုလျက် ပိုင်းလော့အဲလ်ဘတ်က အမိုးတံခါးဘီးကို လှည့်လိုက်၏။

ဘီးက လည်သွားပြီး အမိုးတံခါးက တစ်လက်မလောက် ဟလာသည်။

အဲလ်ဘတ်က နောက်တစ်ကြိမ် ကြိုးစားလိုက်ပြန်သည်။

အမိုးတံခါးက အလွယ်တကူပင် ပွင့်သွားသည်။

ရေယာဉ်ထဲတွင် ပိန်းပိတ်အောင် မှောင်နေလေသည်။ ညစ်ညမ်းသည့်လေထုက ရေယာဉ်ထဲမှ အပေါ်သို့ ပျံတက်လာကာ အဲလ်ဘတ်နှာဝအတွင်းသို့ တိုးဝင်လာ၏။

အဲလ်ဘတ်နှင့် သင်္ဘောဆရာဝန်တို့က ရေယာဉ်ထဲသို့ ဆင်းလာခဲ့ကြ၏။

အထဲတွင်ရှိနေသည့်ရေက ရေခဲတုံးတမျှ။

ရေယာဉ်မဲ့ပိုင်းဆီသို့ နှစ်ဦးသား စမ်း၍လာခဲ့ကြသောအခါ ရေထဲတွင် ခေါင်းတစ်လုံးသာ ပေါ်နေသည့် ရဲဘော်အင်ဂျင်နီယာတစ်ယောက်ကို တွေ့ရ၏။

သင်္ဘောဆရာဝန် ဘောလီက ရဲဘော်မျက်နှာနှင့် တစ်လက်မအကွာ ရပ်နေပြီး ရဲဘော်၏သွေးခုန်နှုန်းကို စမ်းကြည့်လိုက်၏။ ရေခဲရည်ထဲတွင် စိမ်နေရခြင်းဖြစ်၍ သွေးခုန်နှုန်းကို မသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်၏ မျက်စိအစုံက မပွင့်တပွင့် ပွင့်လာပြီး နှုတ်မှလည်း အသံယဲ့ယဲ့ ထွက်လာသည်။

'အသက်ရှိသေးတယ်ဟေ့'

ဆရာဝန်ဘောလီက ဝမ်းသာအားရ ပြောလိုက်၏။

ခဏအကြာတွင် ရဟတ်ယာဉ်ပိုင်းလော့ **စတူးဂရစ်**ထံမှ ကက်ပရီကွန် ဦးစီးမှူးဂန်းထံသို့ ရေဒီယိုသတင်းရောက်လာသည်။

'ဒီဖယ်သွမ်ရေယာဉ်က အင်ဂျင်နီယာ ရဲဘော်သုံးယောက်လုံး အသက်ရှင်'

ဂန်းက ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်ထံသို့ ထပ်ဆင့်သတင်းပို့လိုက်၏။

ဂျိုးက ရေယာဉ်အားလုံးသို့ သတင်းဖြန့်လိုက်သည်။

ဝမ်းသာသည့် အထိမ်းအမှတ်ဖြင့် ဆွဲလိုက်သည့် ဥသြသံများက ရေယာဉ်အားလုံးမှ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသည်။

ကင်းလှည့် တိုက်ရေယာဉ် ဂျူးနော့က ရှစ်လက်မ အမြောက်ကို ဖောက်လျက် ဝမ်းသာကြောင်း ကြေညာလိုက်သည်။

ဆယ်ယူရေးမှူး ဂျိုးမာတင်၏ မျက်လုံးအစုံတွင် ပီတိမျက်ရည်များ ဝိုင်းနေလေပြီ။

[ ၄၃ ]

ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ ထွက်ပေါ်လာသော တိုင်တန်နစ် သင်္ဘောကြီးက ရေစီးကြောင်းအတိုင်း တငြိမ့်ငြိမ့်မျောပါနေ၏။

ရေရွှံ့ရွှံ့စိုနေသည့် ကုန်းပတ်ပျဉ်များဆီမှ ဝင်လုဆဲ နေရောင်ခြည်ကြောင့် ရေငွေ့များ တထောင်းထောင်းထနေ၏။

စက်များအားလုံး ချွတ်ယွင်းပျက်စီးနေသဖြင့် တိုင်တန်နစ်သည် **သေ**နေသော သင်္ဘောကြီးတစ်စီး ဖြစ်နေသည်။

သို့ရာတွင် စီးနင်းသူကင်းမဲ့နေသောသင်္ဘောကြီးကား မဟုတ်။

ဆယ်ယူရေး ဦးစီးမှူး ဂျိုးမာတင်က မိမိ၏အဖွဲ့သားများအား ပထမတန်းစီးရိုးသည်များ အညောင်းဖြေခန်း အထက်ဘက်ရှိ ကုန်းပတ်ကို ရှင်းလင်းခိုင်းလိုက်သည်။

ထိုနေရာတွင် ရဟတ်ယာဉ် ဆင်းသက်နိုင်ရန် ပြုလုပ်လိုက်ခြင်းပင်တည်း။





မကြာမီပင် သင်္ဘောကြီးအား နယူးယောက်ဆိပ်ကမ်းသို့ ဆွဲယူသွားနိုင်ရန် အတွက် လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်နိုင်ရန် သင်္ဘောသားများနှင့် ဝန်စည်းကိရိယာ တန်ဆာပလာများ သင်္ဘောကြီးပေါ်သို့ ထပ်မံရောက်ရှိလာခဲ့၏။

နယူးယောက်ဆိပ်ကမ်းသို့အရောက် သင်္ဘောကြီးကို ဆွဲယူသွားရမည့် ခရီးက ရှည်လွန်းလှသည်။

ဒီဖယ်သွမ် ရေအောက်သွား ရေယာဉ်မှ ရဲဘော်သုံးယောက်အား ရဟတ်ယာဉ်ဖြင့် ကက်ပရီကွန်သင်္ဘောကြီးပေါ်သို့ သယ်ယူသွားပြီးသည့်အချိန်မှစ၍ လျက် ပိုင်းလော့အဲလ်ဘတ်က တိုင်တန်နစ်သင်္ဘောကြီး၏ ပိုင်းလော့အဖြစ် ဆောင်ရွက် သည်။

ဂန်းက တိုင်တန်နစ်သင်္ဘောကြီး၏ ဦးစီးမှူး။

ပိုင်းလော့အဲလ်ဘတ်က ကျောက်ဆူးစက်ပေါ်တွင် ထိုင်လျက် ပေရှစ်ရာ ရှစ်ဆယ့်နှစ်ပေ အရှည်ရှိသော သင်္ဘောကြီးကို ကြည်ကြည်နူးနူးဖြင့် ကြည့်နေမိသည်။

သင်္ဘောကြီး၏ ပွဲထိန်းစင်ပေါ်တွင် တစ်ယောက်ထီးတည်း ရပ်နေသော ဂျိုးမာတင်ကလည်း တိုင်တန်နစ် သင်္ဘောကြီး၏ တစ်ကြိမ်သောအခါက ခမ်းနားကြီးကျယ် ထည်ဝါခဲ့ပုံများကို ပြန်ပြောင်းတွေးတောနေခဲ့သည်။

တိုင်တန်နစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သည့် တနင်္ဂနွေနေ့ညက သင်္ဘောကြီး၏ ဦးစီးမှူးဖြစ်သူ မည်သို့ခံစားနေရမည်ကိုလည်း တွေးနေမိသည်။

သင်္ဘောကြီးပေါ်တွင် တင်ထားသည့် အသက်ကယ်လှေများက ၁၁၈၀ မျှသော လူများကိုသာ တင်ဆောင်နိုင်သည်။

သင်္ဘောကြီးပေါ်တွင် စီးနင်းလိုက်ပါလာကြသော ခရီးသည်များနှင့် သင်္ဘောသား အရေအတွက်က ၂၂၂၀။

ဂျိုးမာတင်သည် ပွဲထိန်းစင်ပေါ်မှ ယခင်က အသက်ကယ်လှေများ တင်ထားခဲ့သည့် အထပ်သို့ လျှောက်လာခဲ့သည်။

တစ်ကြိမ်သောအခါက ဝါယာလက်စက်ခန်း ဖြစ်ခဲ့ဖူးသည့်နေရာကို ဦးတည် လျှောက်လာရသည်။

သင်္ဘောကြီး၏ ဝါယာလက် ပထမ အော်ပရေတာသည် အက်စ်-အို-အက်စ် သင်္ကေတကို အခြားသင်္ဘောများရှိရာသို့ ပို့နေရသည့်အခိုက် မည်သို့ ခံစားနေခဲ့ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်လှေ နံပါတ်ခြောက်ရှိနေခဲ့သည့် နေရာသို့ ရောက်လာသောအခါ ဂျိုးမာတင်က တိုင်တန်နစ် နစ်မြုပ်ခြင်းနှင့် ပတ်သက်၍ ဖတ်ရှုခဲ့ရသည့် သတင်းများကို ပြန်၍သတိရနေ၏။

ဒင်ဗာမြို့မှ မော်လီဘရောင်းဆိုသော အမျိုးသမီးကြီးသည် နံပါတ်ခြောက် အသက်ကယ်လှေဖြင့် လွတ်မြောက်လာခဲ့သဖြင့် ရေနစ်၍ မသေနိုင်သော မော်လီဘရောင်းဟု နာမည်ကျော်လာခဲ့ပုံကိုလည်း သတိရနေသည်။

သင်္ဘောကြီး၏ပင်မလှေကားကြီးရှိနေသည့် အဝင်ပေါက်အခန်းသို့ အရောက်တွင် သင်္ဘောဘင်ခရာ တီးဝိုင်းခေါင်းဆောင် ဂရာဟမ်အကြောင်းကို ပြန်ပြောင်းတွေးတောနေမိ၏။

ဂရာဟမ်သည် သင်္ဘောကြီး ရေအောက်သို့ နစ်မြုပ်သွားသည့်အချိန်ထိ တီးဝိုင်းကို ခေါင်းဆောင် တီးမှုတ်နေခဲ့သည် မဟုတ်လား။

သန်းကြွယ်သူဌေးကြီး ဘင်ဂျာမာနှင့် သူ၏အတွင်းရေးမှူးတို့သည် အကောင်းဆုံးသော ညနေဝတ်စုံများကို ဝတ်ဆင်လျက် သင်္ဘောကြီးပေါ်တွင်ပင် တည်ငြိမ်စွာ ရပ်ကာ အသေခံသွားကြပုံကိုလည်း မြင်ယောင်နေမိသည်။

သူတို့သည် လူကြီးလူကောင်း ပီသကြပါပေ၏။

ဂျိုးမာတင်သည် အသက်ကယ်လှေများထားခဲ့ရာ ကုန်းပတ်အဆုံးရှိ ခါတ်လှေကားသို့ရောက်ရန် ဆယ့်ငါးမိနစ်မျှ လာခဲ့ရ၏။

ယခုတော့ ခါတ်လှေကားကြီးက လှုပ်ရှားနိုင်ခြင်း မရှိတော့။

ဂျိုးမာတင်က လက်ကိုင်တန်းကို ကျော်လွှားလိုက်ပြီးနောက် အောက်ဘက်ရှိ လေညင်းခံ ကုန်းပတ်ပေါ်သို့ ရောက်လာခဲ့၏။

ဤနေရာတွင် ရှစ်ပေလောက် အမြင့်သာကျန်ရှိနေတော့သော အလံတိုင်အကျိုး တွေ့ရသည်။

ဂျိုးမာတင်က အပေါ်ဝတ်အင်္ကျီထဲမှ အထုပ်ကလေးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။

တိုင်တန်နစ်သင်္ဘောကြီး နစ်မြုပ်သည့်အချိန်က သင်္ဘောအရာရှိကလေးဖြစ်နေခဲ့ပြီး ယခုအချိန်၌ ရေတပ်ဗိုလ်ချုပ် အငြိမ်းစားဘဝဖြင့် အသက်ရှင်နေသေးသည့် ဆာဗစ်ဂလိုထံမှ ရရှိခဲ့သည့်အထုပ်ကလေး။

အထုပ်ကလေးတွင် ပတ်ချည်ထားသည့်ကြိုးကို ဖြေပြီးနောက် ဂျိုးမာတင်က နောက်သို့ နစ်လုမ်းမျှ ဆုတ်လိုက်ကာ အလံတိုင် ငုတ်တိုကို ငေးစိုက်၍





ကြည့်နေမိသည်။

တစ်ကြိမ်သောအခါက ဤအလံတိုင်သည် ယခုကဲ့သို့ ရှစ်ပေမျှသာရှိသော ငုတ်တိုကလေးဖြစ်မနေဘဲ ဂုဏ်ဆောင်သည့် ပကတိအလံတိုင် ဖြစ်နေခဲ့သည် မဟုတ်လား။

ဂျိုးမာတင်က အထုပ်ကလေးထဲမှ ပစ္စည်းကို ထုတ်ယူလိုက်သည်။

အနီရောင်များ လွင့်ပြယ်နေပြီဖြစ်သော သင်္ဘောအလံ။

အနီရောင်အလံတွင် အဖြူရောင် ကြယ်ပွင့်တစ်ပွင့်။

ကြယ်ဖြူသင်္ဘောကုမ္ပဏီမှ သင်္ဘောကြီး တစ်စီးဖြစ်ကြောင်း ဖော်ပြနေသည့် အလံ။

ဤအလံကို သင်္ဘောကြီး နစ်မြုပ်စဉ် အချိန်က သင်္ဘောအရာရှိကလေး ဘစ်ဂလိုသည် ကျိုးပဲ့မျောလာသော အလံတိုင်မှ ဖြုတ်ယူခဲ့သည် မဟုတ်လား။

အလံကို လွှင့်ထူရန် ကြိုးအပို ပါမလာသဖြင့် ဂျိုးမာတင်က အထုပ်ကလေးကို ချည်ထားခဲ့သည့် ကြိုးဖြင့်ပင် တိုင်တန်နစ်သင်္ဘောကြီး၏ အလံတိုင်တွင် လွှင့်ထူလိုက်၏။

အလံတိုင်က ရှစ်ပေမျှသာမြင့်တော့သည့် ငုတ်တိုဖြစ်နေစေကာမူ အနီခံတွင် ကြယ်ဖြူတစ်ပွင့်ပါသော အလံက လေထဲတွင် ဂုဏ်ယူဝင့်ကြွားစွာ လွင့်နေသည်။

တိုင်တန်နစ်သင်္ဘောကြီးကား သေရာမှ ပြန်၍ ရှင်ပြန်ထမြောက်လာခဲ့ပေပြီ။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင် နေရောင်ခြည်များ ယှက်ဖြာလာသည်။

ကက်ပရီကွန် သင်္ဘောကြီးပေါ်မှ ရဟတ်ယာဉ်တစ်စီး ထပ်၍လာကာ တိုင်တန်နစ် သင်္ဘောကြီး ကုန်းပတ်ပေါ်တွင် ရပ်နားလိုက်၏။

ရဟတ်ယာဉ်ပေါ်တွင် ပါလာသူက ရေကြောင်းဗိုလ်ချုပ်ကြီးလည်းဖြစ်၊ နှမားအဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်သော ဂျိမ်းစ်ဆန်ဒက်ကာ။

ခါတ်ငွေ့ဖြင့်မောင်းရသော လျှပ်စစ်မီးစက်ဖြင့် မီးပေးထားသဖြင့် သင်္ဘောကြီးပေါ်တွင် လင်းနေသည်။

တိုင်တန်နစ်သင်္ဘောကြီး ရေပေါ်တွင်ဆက်လက်ပေါ်နေစေနိုင်ရန် လက်နက်ကိရိယာတန်ဆာပလာများက သင်္ဘောကုန်းပတ်များပေါ်တွင် စုပုံပြန့်ကျဲလျက်

ကုန်ခဲ့သည့် ညတစ်ညလုံးပင် ဂျိုးမာတင်နှင့် အဖွဲ့သားများက သင်္ဘောကြီး ရေပေါ်တွင် ဆက်လက်ပေါ်နေစေရန် အရူးအမူး လုံးပန်းနေခဲ့ကြသည်။

ရဟတ်ယာဉ်ပေါ်မှဆင်းလာသော ဆန်ဒက်ကာအား ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လိုက်သည်။

အပြုံးပန်းများက သူတို့နှစ်ဦး၏ မျက်နှာပေါ်တွင် ပွင့်လျက်။

'အခြေအနေက ဘယ့်နှယ်လဲ'

'ခုအထိတော့ အသင့်အတင့်ပဲ၊ ရေစုပ်စက်တွေကို ကျွန်တော်တို့က လည်နိုင်တာနဲ့ တစ်ပြိုင်နက် သင်္ဘောကြီးဟာ အခြေအနေ ကောင်းသွားမှာပါပဲ'

'ဂျိုးမာတင် ဘယ်မှာလဲ'

'အားကစားခန်းမကြီးထဲမှာ'

ရှေ့သို့ လှမ်းထွက်သွားသော ဆန်ဒက်ကာက ရှုတ်တရက် ရပ်လိုက်ပြီး။

'အားကစားခန်းမကြီး...ဟုတ်ရဲ့လား'

ဦးစီးမှူးဂန်းက ခေါင်းညိတ်လိုက်ပြီး လက်ညှိုးညွှန်၍ ပြလိုက်သည်။

ရေမဝင်နိုင်အောင် အလုံကာထားသည့် နံရံကြီးတွင် လျှပ်စစ်မီးလွှဖြင့် အပေါက်တစ်ပေါက် ဖောက်ထားသည်ကို တွေ့ရ၏။

'ဒီအပေါက်က ဝင်သွားရင် ရပါတယ်'

အားကစားခန်းမကြီးက ဆယ့်ငါးပေကျယ်ကာ အရှည် ပေလေးဆယ်၊ အမြင့်က ပေလေးဆယ်။

ခန်းမထဲတွင် ဂျိုးမာတင်၏အဖွဲ့သား တစ်ဒါဇင်လောက်က သတ်မှတ်ပေးထားသော တာဝန်များကို လုပ်ဆောင်နေကြ၏။

တစ်ကြိမ်သောအခါက ရောင်စုံကြမ်းခင်းများဖြင့် လှပနေမည့် အားကစားခန်းမကြီးထဲတွင် သံချေးတက်နေသည့် အားကစားကိရိယာများနှင့် စက်ရုပ်များ။

စက်ရုပ်လှေများ၊ စက်ရုပ်ဘိုင်စကယ်များ၊ စက်ရုပ်မြင်းများနှင့် စက်ရုပ်ကုလားအုတ်ကြီးတစ်ကောင်။

ဤပစ္စည်းများသည် တစ်ကြိမ်သောအခါက အားကစားခန်းမကြီး၏ဂုဏ်ကို ဆောင်ခဲ့ကြပေမည်။

ဆယ်ယူရေးအဖွဲ့က ခန်းမကြီးထဲတွင် ရေဒီယိုအသံလွှင့် အသံဖမ်းစက်တစ်လုံး၊ ပြောင်းရန် ရွှေ့ရန် လွယ်ကူသော မီးစက်သုံးလုံးကို အသင့်တပ်ဆင်ထားပြီးသား။

မီးစက်အင်ဂျင်များမှာ ဓာတ်ငွေ့ဖြင့် လည်ပတ်နိုင်သည်။

မီးပွင့်များက အခန်းထဲတွင် ထိန်လင်းနေဆဲ။

သင်္ဘောကြီးရှိ အလျူမီနီယမ် ရေချိုးကန်များကို ဖျက်ကာ စာရေးခုံများ၊





စားပွဲများနှင့် ခေါက်ခုတင်များအဖြစ်သို့ အဖွဲ့သားများက ပြောင်းလဲထားနှင့်ပြီးကြပြီ။

ယခင်က ရေးဆွဲထားခဲ့သော သင်္ဘောကိုယ်ထည် ပုံစံကြမ်းကို ဂျိုးမာတင်၊ ဘင်ဒရမ္မာနှင့် စပင်ဆာတို့က ငုံ့၍လေ့လာနေကြစဉ် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာ သူတို့အနားသို့ ရောက်လာသည်။

ဂျိုးမာတင်က မော့ကြည့်လိုက်ပြီး အလေးပြုလိုက်၏။

'တိုင်တန်နစ်သင်္ဘောကြီးက ဗိုလ်ချုပ်ကြီး ကြွအလာကို ကြိုဆိုနေပါတယ်။ ဒီဖယ်သွမ်က အရာရှိရဲဘော်သုံးယောက်ဖြစ်တဲ့ ဆစ်မာကာ၊ ကီးနဲ့ ချာလီတို့ အခြေအနေက ဘယ့်နှယ်လဲ ဗိုလ်ချုပ်ကြီး'

ကက်ပရီကွန် သင်္ဘောကြီးရဲ့ ဆေးခန်းထဲမှာ ကောင်းကောင်းမွန်မွန်ပဲ၊ ကိုးဆယ်ရာခိုင်နှုန်းတော့ နေကောင်းနေကြပြီ။

ဒီအရာရှိရဲဘော်သုံးယောက်က သူတို့ကို ချက်ချင်းပဲ တာဝန်ပြန်ပေးပါလို့ တောင်းဆိုနေတယ်။

သင်္ဘောဆရာဝန်ကတော့ သူတို့ကျန်းမာရေးအခြေအနေကို နောက်နှစ်ဆယ့်လေးနာရီအထိ စောင့်ကြည့်ဖို့ လိုသေးတယ်ဆိုပြီး ခွင့်မပြုဘူး'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက စကားပြောနေရာမှ နှာခေါင်းရှုံ့လိုက်ပြီး...

'နံလိုက်တာကွာ၊ ဘာအနံ့ပါလိမ့်'

အင်ဂျင်နီယာ ဘင်ဒရမ္မာက...

'ပုပ်စော်နံတဲ့အနံ့ပါ၊ ဘယ်နေရာသွားသွား ဒီအနံ့ချည်း ရနေပါတယ်'

ဆန်ဒက်ကာက အားကစားခန်းမကြီးကို လှည့်ကြည့်လိုက်ပြီး...

'ခင်ဗျားတို့ယူထားတဲ့အခန်းက အတော်ကိုကောင်းတာ၊ ဒါပေမဲ့ အားကစားခန်းမထဲမှာ နေရာယူမယ့်အစား ပွဲထိန်းစင်ပေါ်မှာ ယူဖို့ကောင်းတယ်'

ဂျိုးမာတင်က...

'စက်ယန္တရားတွေရုပ်နေတဲ့ သင်္ဘောကြီးတစ်စီးပေါ်မှာ ပွဲထိန်းစင်ရဲ့ အသုံးဝင်မှုက သိပ်မရှိလှတော့ပါဘူး။ ဒါကြောင့် ဒီနေရာကို ယူထားရတာယ်။

ဒီအားကစားခန်းမကြီးက သင်္ဘောကြီးရဲ့အလယ်မှာရှိနေတော့ [illegible] ဖြစ်ဖြစ်၊ ဦးပိုင်းကိုဖြစ်ဖြစ် လွယ်လွယ်နဲ့ ရောက်နိုင်တယ်။

နောက်ပြီး ပထမတန်း အညောင်းဖြေ ခေါင်းမှီးပေါ်မှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကတတ်ဆန်းလုပ်ထားတဲ့ ရဟတ်ယာဉ် ဆင်းတဲ့ကွင်းကိုလည်း အလွယ်တကူ ရောက်နိုင်လို့ပါ'

အားကစားခန်းမကြီး၏ အရှေ့ဘက်နံရံနားတွင် အဖွဲ့သားများ စုပုံထားသည့် အားကစားပစ္စည်း အပျက်အစီးများ ရှိနေ၏။

ဆန်ဒက်ကာက ထိုနေရာသို့သွားပြီး ပစ္စည်းပျက်များကို ကြည့်နေ၏။

တစ်နေရာတွင် လူ့အရိုးစုတစ်ခုကို တွေ့ရ၏။

'ခရီးသည်တစ်ယောက်ယောက်တော့ ဖြစ်မှာပဲ'

'ဒီအရိုးစုက အမျိုးသမီးတစ်ဦးရဲ့ အရိုးစုပါကလား၊ ပထမတန်းစီး ခရီးသည်တစ်ယောက် ဖြစ်ပုံရတယ်'

စပင်ဆာက...

'ပထမတန်း အညောင်းဖြေခန်းမှာလည်း လူ့အရိုးစုတစ်စု တွေ့ရသေးတယ်၊ မီးလင်းဖိုအနားမှာ'

ဂျိုးမာတင်က ဦးဆောင်လျက် အညောင်းဖြေခန်းရှိရာသို့ တက်သွားကြသည်။

အခန်းထဲတွင် ပျက်စီးနေသော ကုလားထိုင်များနှင့် ဆိုဖာများက ပြန့်ကျဲလျက်။

အညောင်းဖြေခန်းရှိ လက်ရန်းတိုင်များကမူ အကောင်းပကတိ။

နံရံပေါ်တွင်ကပ်ထားသည့် သင်္ဘောနာရီကြီး၏ လက်တံများက နှစ်နာရီနှစ်ဆယ့်တစ်မိနစ်တွင် ရပ်လျက်။

သင်္ဘောကြီးနစ်မြုပ်သွားတဲ့အချိန်ကို အတိအကျ ဖော်ပြနေသည့် မှတ်တိုင်တစ်တိုင်။

သူတို့သည် လှေကားမကြီးအတိုင်း ညစ်ခန်းမကြီးရှိရာသို့ တက်လာခဲ့ကြ၏။

အိမ်ထောင်ပရိဘောဂများက အခန်းထဲတွင် ပြန့်ကျဲလျက်။

အပြင်ဘက်မှဝင်လာသော အလင်းရောင်က ရှေ့ပေသုံးဆယ်လောက်ကိုသာ မြင်နိုင်သည်။

ထိုနေရာသို့ အရောက်တွင် အပျက်အစီး အစုအပုံကြီးက ကာဆီးနေ၏။ သို့ဖြစ်၍ သူတို့သည် အားကစားခန်းမကြီးဆီသို့ ပြန်လှည့်လာခဲ့ကြ၏။

ရေဒီယိုဖြင့် အလုပ်ရှုပ်နေသော ပိုင်းလော့ အဲလ်ဘတ်က...





'ဒီဖယ်သွမ် ရေယာဉ်ကိုပိုင်တဲ့ ယူရေနပ်ခ် ရေနံကုမ္ပဏီက သူတို့ရဲ့ ရေယာဉ်အကြောင်းကို လှမ်းပြီးမေးနေတယ်'

ဂျိုးမာတင်က...

'တိုင်တန်နစ်သင်္ဘောကြီး နယူးယောက်ဆိပ်ကမ်းကို ရောက်ပြီးတဲ့နောက် သင်္ဘောကျင်းထဲသွင်းပြီးတဲ့အချိန်မှာ သင်္ဘောကြီးဦးပိုင်း ကုန်းပတ်ပေါ်မှာ တင်ထားတဲ့ သူတို့ရေယာဉ်ကို လာပြီးယူနိုင်တယ်လို့ အကြောင်းပြန်လိုက်ပါ'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက အဖွဲ့သားများအလယ်တွင် ရပ်လိုက်ပြီး...

'ကျုပ်တို့ တိုင်တန်နစ်သင်္ဘောကြီးကို အောင်အောင်မြင်မြင်နဲ့ ဆယ်ယူနိုင်ခဲ့တဲ့အတွက် ပဏာမအောင်ပွဲလေး လုပ်ကြရအောင်'

'သိပ်ကောင်းတာပေါ့ ဗိုလ်ချုပ်ကြီး'

အဖွဲ့သားအားလုံးက တစ်ပြိုင်တည်းလိုလို ထောက်ခံလိုက်ကြသည်။

ဆန်ဒက်ကာက ကုတ်အင်္ကျီအောက်မှ စကော့ဝီစကီနှစ်လုံးကို ထုတ်လိုက်သည်။

ယာယီပြုလုပ်ထားသော မီးဖိုခန်းထဲမှ ဖန်ခွက်များနှင့် စားစရာများ ဆယ်စက္ကန့်အတွင်း ရောက်လာ၏။

ဆန်ဒက်ကာက အရက်ခွက်ကို မြှောက်လိုက်ပြီး...

'တိုင်တန်နစ်အတွက် ရည်စူးပြီး သောက်ကြရအောင်၊ ဒီသင်္ဘောကြီး နောက်ထပ် ဘယ်တော့မှ ပြန်နစ်မြုပ်မသွားအောင် ဆုမွန်ကောင်း တောင်းကြစို့'

အဖွဲ့သားအားလုံးက ပြိုင်တူပင် ရွတ်ဆိုလိုက်ကြသည်။

'တိုင်တန်နစ် သင်္ဘောကြီးအတွက်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ခေါက်ကုလားထိုင်တစ်ခုတွင် တက်ထိုင်လိုက်ပြီး ခွက်ထဲမှ ဝီစကီကို တစ်ကျိုက်စီ ကျိုက်နေ၏။

သူ့ခေါင်းကမူ အလုပ်ရှုပ်လျက်။

'ဒီအဖွဲ့သားတွေထဲမှာ ရုရှားဆီက ငွေတွေယူပြီး သူလျှိုလုပ်နေတဲ့ လူနှစ်ယောက်ဟာ ဘယ်သူတွေလဲ'

သည်အတွေးက ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းဆန်ဒက်ကာအား [illegible] စေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



[ ၄၄ ]

အထွေထွေအတွင်းရေးမှူး အင်တိုနော့က ဆေးတံကို တစ်ချက်နှစ်ချက် ရှိုက်ဖွာလိုက်ပြီးနောက် ဗိုလ်ကြီးအင်ဒရီအား စူးစမ်းသည့်အကြည့်ဖြင့် ကြည့်လိုက်ကာ…

'လုပ်ရမယ့် အလုပ်တစ်ခုလုံးဟာ သိပ်ပြီး သေချာလှမယ် မထင်ဘူး'

'ဖြစ်နိုင်မယ့်နည်းလမ်းမှန်သမျှ ကျွန်တော်တို့ ချပြီးစဉ်းစားဆွေးနွေးခဲ့ပါတယ် ရဲဘော် အထွေထွေအတွင်းရေးမှူးကြီး၊ ကျွန်တော်တို့တင်ပြထားတဲ့နည်းတစ်နည်းသာ ဖြစ်နိုင်မယ့်နည်း ဖြစ်ပါတယ်။

ဒီနည်းက အန္တရာယ်က များလှတယ်၊ အမေရိကန်တွေက အင်မတန်အဖိုးတန်လှတဲ့ ဘိုင်ဇမ်နီယံသတ္တုတွေကို ကျုပ်တို့လက်ထဲရောက်သွားတာကို ငြိမ်ပြီး ခံနေမှာမဟုတ်ဘူး။

ကျွန်တော်တို့လက်ထဲကိုသာ ဒီသတ္တုတွေ ရောက်လာရင် အမေရိကန်တွေက ကမ္ဘာကြားအောင် ဘယ်လောက်ပဲ အော်နေအော်နေ အကြောင်းထူးလာမှာ မဟုတ်ပါဘူး ရဲဘော် အထွေထွေအတွင်းရေးမှူးကြီး။

ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်တွေက ဒီသတ္တုတွေကို ကျွန်တော်တို့မြေပေါ်က ခိုးထုတ်သွားခဲ့ကြလို့ပဲ'

အထွေထွေအတွင်းရေးမှူး အင်တိုနော့က စဉ်းစားနေသည်။ သူ့ကျောဘက်နံရံပေါ်တွင် ခေါင်းဆောင်ကြီး လီနင်၏ ပုံတူကားချပ်ကြီးက ဝင့်ထည်လျက်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတကာက ကျုပ်တို့အပေါ် ရှုတ်ချမှုတွေ ပေါ်မလာအောင် ဂရုစိုက်ရလိမ့်မယ်။ ကျုပ်တို့ရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာ လုပ်လိုက်တဲ့ကိစ္စတစ်ခုလို့သာ ကမ္ဘာ့နိုင်ငံတွေက မြင်နေစေရမယ်။

နိုင်ငံတကာ ဥပဒေအရ ကျုပ်တို့ဟာ တရားခံဖြစ်မနေစေရဘူး'

ဗိုလ်ကြီးအင်ဒရီက တည်ငြိမ်သောလေသံဖြင့်…

'ဒီတစ်ချီမှာတော့ အမေရိကန်တွေ ဘယ်လိုမှ မတုံ့ပြန်နိုင်ပါဘူး၊ နိုင်ငံတကာ ဥပဒေက ကျွန်တော်တို့ဘက်မှာ ရှိနေတာပဲ။

ကျွန်တော်တို့စီစဉ်ထားတဲ့အတိုင်းသာ အောင်မြင်ခဲ့ရင် အမေရိကန်တွေဟာ အင်အားကြီး လက်နက်နိုင်ငံတစ်ခု အဖြစ်ကနေပြီး လျှောကျသွားတော့မှာပါ'

'သိပ်အားရစရာကောင်းတဲ့ မျှော်မှန်းချက်ပဲ၊ ကျုပ်လည်း သဘောကျတယ်၊





ဒါပေမဲ့ ကျုပ်တို့ဘက်က အရှုံးနဲ့ ရင်ဆိုင်လိုက်ရရင် အမေရိကန်တွေကလည်း ကျုပ်တို့ကို အင်အားကြီး လက်နက်နိုင်ငံတစ်ခုကနေပြီး ပြုတ်ကျသွားပြီလို့ ပြောမှာ အမှန်ပဲ'

'ဒီကိစ္စမှာ ကျွန်တော်တို့ ဘယ်လိုမှ အရှုံးနဲ့ ရင်မဆိုင်ရပါဘူး အထွေထွေအတွင်းရေးမှူးကြီး'

'ဒါက စကားအဖြစ် ပြောတာပါ၊ ရှေ့နေကျော်တစ်ယောက်ဟာ တရားလိုဘက်က လျှောက်လဲကောင်းသလို တရားခံဘက်ကလည်း အလျှောက်ကောင်းတာပဲ မဟုတ်လား။

'တကယ်လို့ မလွဲမရှောင်သာပဲ အရှုံးနဲ့ရင်ဆိုင်ရရင် ဘာတွေလုပ်မယ်ဆိုတာ အသင့်ပြင်ဆင်ပြီးသား ရှိရဲ့လား'

'ကျွန်တော်တို့က ဘိုင်ဇမ်နီယံသတ္တုတွေကို မရရင် အမေရိကန်တွေလည်း မရစေရဘူး၊ ဒီသတ္တုတွေကို ပျက်စီးသွားအောင် ဖျက်ဆီးပစ်ရမယ်'

'တိုင်တန်နစ်ကိုပါ ဖျက်ဆီးပစ်လိုက်မှာလား'

'ဖျက်ဆီးပစ်ရမှာပါ ရဲဘော်အထွေထွေအတွင်းရေးမှူးကြီး၊ တိုင်တန်နစ်ကို ဖျက်ဆီးပစ်လိုက်တာဟာ ဘိုင်ဇမ်နီယံသတ္တုတွေကို ဖျက်ဆီးပစ်လိုက်တာနဲ့ အတူတူပါပဲ။

ဖျက်ဆီးတဲ့အခါမှာလည်း ဒီသင်္ဘောကြီးကို နောက်ထပ် ဘယ်လိုမှ ဆယ်ယူလို့မရအောင် အခြေအနေအထိ ဖျက်ဆီးပစ်လိုက်မှာပါ'

အထွေထွေအတွင်းရေးမှူးက ကျေနပ်သွားသည်။

ရုရှားရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့၏ တင်ပြချက်ကို သူက သဘောတူညီချက် ပေးခဲ့ပြီးပြီမဟုတ်လား။

ဗိုလ်ကြီးအင်ဒရီအား အထွေထွေအတွင်းရေးမှူးက သေချာစွာ စိုက်၍ အကဲခတ်လိုက်၏။

မည်သည့်အခါမျှ အရှုံးနှင့် ရင်မဆိုင်ခဲ့ရသလို သည်တစ်ချီတွင်လည်း အောင်မြင်မှုရအောင် ဆောင်ရွက်ပေးနိုင်မည့်သူဟု ထင်ရ၏။

ဗိုလ်ကြီးအင်ဒရီ၏ လှုပ်ရှားမှုမှန်သမျှ၊ အမူအရာမှန်သမျှ သေချာစွာ [illegible] စီစဉ်ပြီးမှ လှုပ်ရှားသည့်ပုံ ပေါ်နေ၏။

သူပြောလိုက်သည့် စကားများကလည်း သူ့ကိုယ်ကို သူ စိတ်[illegible] ပြီဟု ယုံကြည်နေသည့်လေသံ ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ၊ အင်တိုနော့က ကျေနပ်သွားပြီ၊ သို့ဖြစ်၍လည်း–

'မြောက်အတ္တလန္တိတ်ကို မင်း ဘယ်တော့သွားမှာလဲ'

'အထွေထွေအတွင်းရေးမှူးကြီးကသာ ခွင့်ပြုမယ်ဆိုရင် ချက်ချင်းသွားနိုင်ပါတယ်၊ ခရီးဝေး ထောက်လှမ်းပျံသန်းနိုင်တဲ့ ဗုံးကြဲလေယာဉ်ကြီးကိုလည်း ဓါကီလေယာဉ်ကွင်းမှာ အသင့်ရှိနေစေပါပြီ။

ဒီတော့ ဆယ့်နှစ်နာရီအတွင်းမှာ ကျွန်တော်ဟာ မစ်ခေးခါကော့ သင်္ဘောပေါ်က ပွဲထိန်းစင်ပေါ်မှာ ရောက်နေမှာ သေချာပါတယ်။

ကျွန်တော်တို့ရဲ့ အစီအစဉ်ကို ကံကြမ္မာကလည်း ဖေးကူနေပါတယ်၊ တိုင်တန်နစ်သင်္ဘောကြီးရှိနေတဲ့ ရေပြင်တစ်လျှောက်မှာ လေမုန်တိုင်းဆင်နေတယ်လို့ သိထားရပါတယ်။

အဲဒီလေမုန်တိုင်း တိုက်ခတ်မှုကို အခွင့်ကောင်းယူပြီး ကျွန်တော်ဟာ ကျွန်တော်တို့ရဲ့ တရားဝင်လုပ်ငန်းဖြစ်တဲ့ တိုင်တန်နစ်သင်္ဘောကြီးကို ကျွန်တော်တို့လက်ထဲ ရောက်လာအောင် ဆောင်ရွက်ပါ့မယ်'

အထွေထွေအတွင်းရေးမှူးက–

'ဒါဖြင့်လည်း ဒီအချိန်ကစပြီး လှုပ်ရှားပေတော့၊ ဆိုဗီယက်ယူနီယံရဲ့ မျှော်လင့်ချက်ကြီးဟာ မင်းနဲ့အတူ မင်းလက်ထဲမှာရှိနေတယ်ဆိုတာ သတိပြုပါ။ မင်းဆောင်ရွက်ချက်ဟာ ကျုပ်တို့ကို စိတ်ပျက်သွားစေမယ့် အခြေအနေမျိုး မရောက်စေရဘူး'

အထွေထွေအတွင်းရေးမှူးက ဗိုလ်ချုပ်ကြီးအင်ဒရီအား ရင်ချင်းအပ်ကာ ဖက်လိုက်ပြီး အားပေးစကားဆိုလိုက်သည်။

[ ၄၅ ]

တိုင်တန်နစ် သင်္ဘောကြီး ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် စီစဉ်စရာရှိသမျှကို ညွှန်ကြားခဲ့ပြီးနောက် သင်္ဘောကြီး၏ ဂျီအထပ် ကုန်းပတ်ဆီသို့ ဆင်းလာခဲ့သော ဂျိုးမာတင်အဖို့ စိတ်ပျက်ဖွယ်ရာများနှင့် ပက်ပင်းတိုးနေခဲ့သည်။

သင်္ဘောကြီး ဂျီအထပ် ကုန်းပတ်တွင် အမှတ်တစ် ကုန်လှောင်ခန်းရှိနေ၏။ ဘိုင်ဇမ်နီယမ်သတ္တု ထည့်သွင်းထားသည့် ကုန်လှောင်ခန်းကလေးက ကုန်





လှောင်ခန်းကျယ်ကြီးထဲတွင် တသီးတခြားရှိနေ၏။

သို့ရာတွင် ကပ်နေသည့် ကုန်လှောင်ခန်းတစ်ခုက ပြိုကျနေသဖြင့် အမှတ်တစ် ကုန်လှောင်ပေါက်သို့ သွားရန်မလွယ်။

ကျိုးပဲ့ တွန့်လိမ်နေသော ဧရာမ သံမဏိတောင်ပုံကြီးကို ငေးစိုက်၍ ကြည့်ရင်း ဂျိုးမာတင်က အချိန်အတော်ကြာအောင် စဉ်းစားနေသည်။

တန်ဖိုးမဖြတ်နိုင်အောင် အသုံးဝင်နေသော ဘိုင်ဇမ်နီယံသတ္တုများ ရှိနေသည့် ကုန်လှောင်ခန်းသို့ ရောက်အောင် ဤအတားအဆီးကြီးကို မည်သို့ ဖြတ်ကျော်နိုင်ပါမည်နည်း။

'အခက်အခဲတစ်ခုပြီးသွားတော့ နောက်ထပ် အခက်အခဲတစ်ခု...'

ဂျိုးမာတင်အနားသို့ ရောက်လာသော ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက မှတ်ချက်ချလိုက်၏။

ဂျိုးမာတင်က...

'ဒီအခက်အခဲကို နောက်တော့လည်း ဖယ်ရှားပစ်နိုင်မှာပေါ့ခင်ဗျာ၊ ခုတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ ခရီးဆောင် လျှပ်စစ်မီးလှုတွေလောက်နဲ့ ဒီသံမဏိပုံကြီးထဲမှာ လမ်းထွင်ဖို့ မလွယ်ဘူး'

ဆန်ဒက်ကာက...

'နောက်ထပ် နည်းလမ်းသစ်များ မရှိတော့ဘူးလား'

'ဧရာမ ကရိန်းကြီးနဲ့ ဆွဲထုတ်ရရင်တော့ နာရီပိုင်းအတွင်းမှာ ရနိုင်ပါတယ်။ ဒါကလည်း နယူးယောက်ဆိပ်ကမ်းကို သင်္ဘောကြီးရောက်ပြီး သင်္ဘောကျင်းမှာ ကျင်းတင်ပြီးတဲ့အခါမှ ဖြစ်နိုင်မှာပါ'

ဂျိုးမာတင်နှင့် ဆန်ဒက်ကာက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း အဖြေရှာနေကြ၏။

ဂျိုးမာတင်က...

'ဘိုင်ဇမ်နီယံသတ္တုတွေကို ကက်ပရီကွန်သင်္ဘောကြီးပေါ်ကို ရွှေ့ပြောင်းတင်လိုက်နိုင်ရင် ကျွန်တော်တို့အဖို့ အတော်ကို လွယ်သွားမယ်၊ ခုတော့...'

ဂျိုးမာတင်၏ စကားမဆုံးမီ ဆန်ဒက်ကာက...

'ဒီသတ္တုသေတ္တာတွေ ကက်ပရီကွန် သင်္ဘောပေါ် ပြောင်းတင်တဲ့ [illegible] ရောက်အောင် လှည့်စားလိုက်ရင် မကောင်းဘူးလား'

'ကျွန်တော်တို့အထဲက ရုရှားတွေအတွက် အလုပ်လုပ် [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က ပထမသေတ္တာတစ်လုံး ပြောင်းသွားပြီးတဲ့နောက် ကျွန်တော်တို့ ဘာလုပ်နေတယ်ဆိုတာ အနံ့ရသွားကြမှာပါ...'

'ဒီသူလျှိုနှစ်ယောက်က တိုင်တန်နစ်သင်္ဘောကြီးပေါ်မှာပဲ ရှိနေတယ်လို့ မောင်ရင် ထင်သလား'

ဆန်ဒက်ကာ၏ အမေးကို ဂျိုးမာတင်က...

'နက်ဖြန် ဒီလိုအချိန်ဆိုရင် ဒီသူလျှိုနှစ်ယောက် ဘယ်မှာရှိတယ်ဆိုတာ သိရပါလိမ့်မယ်'

'ဘယ်သူတွေဖြစ်တယ်ဆိုတာ မောင်ရင် ရိပ်စားထားမိပြီ ထင်တယ်'

'နှစ်ယောက်ထဲက တစ်ယောက်ကိုတော့ တော်တော်ကလေး ရိပ်စားမိထားမိပါပြီ။ အဲဒီလူက ဟင်နရီကို သတ်ခဲ့တဲ့လူပဲ။ နောက်တစ်ယောက်ကိုတော့ ထင်ရုံပဲ ရှိသေးတယ်'

'မောင်ရင် ရိပ်စားမိထားတဲ့ လူနှစ်ယောက်ဟာ ဘယ်သူတွေဖြစ်တယ်ဆိုတာ မသိရဘူးလား'

ဂျိုးမာတင်က...

'ခု ကျွန်တော်က ဘယ်သူဘယ်ဝါဆိုတာ ဖော်ထုတ်လို့ သက်သေက မလုံလောက်သေးဘူး။ သက်သေခံချက် လုံလောက်အောင် နက်ဖြန် ဒီအချိန်လောက်ထိတော့ စောင့်ရလိမ့်မယ်ထင်တယ်'

'အဲဒီအချိန်ကျတော့မှပဲ **ရွှေနဲ့** ငွေလို့ နာမည်ဝှက်နဲ့ ကြေးစားသူလျှိုလုပ်နေတဲ့ အဖွဲ့သားနှစ်ယောက်ကိုဖမ်းပြီး ဗိုလ်ချုပ်ကြီးလက်ထဲ အပ်နိုင်ပါလိမ့်မယ်'

ဆန်ဒက်ကာက ဂျိုးမာတင်အား စိုက်၍ကြည့်လိုက်ပြီး...

'မောင်ရင်က ဒီလောက်အထိ နီးနီးကပ်ကပ် သိထားပြီလား'

'ဟုတ်ပါတယ်၊ ဒီလောက်ကို နီးနီးကပ်ကပ် သိနေပြီ'

ဆန်ဒက်ကာက မျက်နှာကို လက်ဝါးဖြင့်ပွတ်လိုက်ပြီးနောက် ဘိုင်ဇမ်နီယံ သတ္တုများ ထည့်ထားသည့် ကုန်လှောင်ခန်းရှေ့မှ သံမဏိတောင်ပုံကြီးကို စူးစိုက်ကြည့်ရင်း...

'ဒီသူလျှိုနှစ်ယောက် ကိစ္စကိုတော့ မောင်ရင်ကပဲ တာဝန်ယူပါ၊ မောင်ရင် လုပ်သမျှ ကျုပ်က ထောက်ခံချက်ပေးဖို့ မနေ့ဘူး၊ ကျုပ်မှာ တကယ်ဆိုတော့လည်း ဒီနည်းအပြင် တခြား ရွေးစရာမရှိတော့ဘူး'





[ ၄၆ ]

တိုင်တန်နစ်သင်္ဘောကြီး ရေပေါ်တွင် ဆက်လက်ပေါ်နေအောင် ကြွပ်ကဲ စီမံနေရသည့် ဂျိုးမာတင်အဖို့ ရောက်လာမည့် ဆွဲသင်္ဘောကြီးနှစ်စီးကို မျှော်ရသည်မှာ အမော။

ရေတပ်ဦးစီးချုပ် ကင်ပါထံမှ ဆွဲသင်္ဘောကြီးနှစ်စီးကို လွှတ်လိုက်ပြီဟု သတင်းရထားသည်မှာ ၂၄ နာရီပင် ကြာခဲ့ပြီ။

သို့သော် ဆွဲသင်္ဘောနှစ်စီးက ရောက်မလာသေး။

တိုင်တန်နစ်သင်္ဘောကြီးကလည်း သင်္ဘောဦး လက်ယာဘက်သို့ ဆယ့်ခုနစ်ဒီဂရီစောင်းလျက် မျောပါနေဆဲ။

လှိုင်းလုံးကြီးများက **အီး**အထပ် ကုန်းပတ်ပေါ်သို့ပင် တစ်ချက်တစ်ချက် တက်လာနေသည်။

သို့ဖြစ်၍ ရေစုပ်စက်ကလေးများဖြင့် အလုပ်လုပ်နေကြရသော အဖွဲ့သားများအဖို့ သင်္ဘောထဲရှိ ရေကို ကုန်အောင်စုပ်ထုတ်ရန် မတတ်နိုင်ကြ။

၂၄ နာရီလုံးလုံး သင်္ဘောကြီးပေါ်တွင် အလုပ်များနေသော ဘင်ဒရမ္မာက အားကစားခန်းမကြီးထဲသို့ ဝင်လာခဲ့သည်။

အဝတ်အစားများက ညစ်ပတ်ပေရေနေ၏။ သူကလည်း မောဟိုက်နေပေပြီ။

သူက မတ်ခွက်ထဲမှ ကိုကိုးကို တစ်ကျိုက်စီသောက်ရင်း အမောဖြေနေသည်။

ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်သည် ရေဒီယိုစက်နားရှိ စားပွဲပေါ်မှ သင်္ဘောကြီး တည်ဆောက်ထားပုံ ပုံကြမ်းကို ကြည့်လျက် တစ်နေ့ခင်းလုံး တွက်ချက်စီစဉ် ညွှန်ကြားချက်ပေးနေသည်။

'ပင်မလှေကားကြီးအတိုင်း ကျွန်တော်တို့ ဆင်းလို့မရဘူးလား။ ဒါမှမဟုတ် မာတ်လှေကားနဲ့ ဆင်းဖို့ တက်ဖို့ လုပ်ထားတဲ့ ပြွန်ခေါင်းထဲကို မရောက်နိုင်ဘူးလား'

ဂျိုးမာတင်၏အမေးကို စပင်ဆာက...

'ဒီအထပ်ကုန်းပတ်ရောက်ရင် လှေကားမကြီးအတိုင်း ဆက်သွယ်လို့ ရ တော့ဘူး။ သံတိုသံစက တန်နဲ့ချီပြီး ပိတ်ဆို့နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးစိးမှူးဂန်းက…

'မာတ်လေ့ကား ပြွန်ခေါင်းထဲကိုလည်း ဘယ်လိုမှ ဖြတ်ဆင်းလို့မရဘူး၊ သံမဏိကြိုးခွေတွေက နွယ်ပင်တွေလို ရှုပ်ယှက်ခတ်နေတယ်။

ဒါတင်မက ကယ်ပေါက်လေ့ကားအဖြစ် လုပ်ထားတဲ့ ပြွန်ခေါင်းတွေမှာလည်း နှစ်ထပ် ရေလုံ သံတံခါးတွေက ဘယ်လိုမှ ဖွင့်မရအောင် သံချေးကိုက်နေတယ်'

'ဟုတ်မှာပေါ့၊ သင်္ဘောကြီး ရေခဲတောင်ကြီးနဲ့ တိုက်မိပြီးတဲ့အချိန်မှာ သင်္ဘော ပထမအရာရှိက ဒီရေလုံတံခါးတွေကို လျှပ်စစ်ခလုတ်နှိပ်ပြီး ပိတ်ပစ်ခဲ့တာကိုး'

ဂျိုးမာတင်၏ စကားအဆုံးတွင် စက်ဆီများ၊ အညစ်အကြေးများ တစ်ကိုယ်လုံး ကပ်နေသည့် လူတစ်ယောက် အားကစားခန်းမအတွင်းသို့ ဝင်လာသည်။

သူ့ကိုကြည့်ရသည်မှာ နွားသိုးတစ်ကောင်နှင့်ပင် တူနေသည်။

ဂျိုးမာတင်က မော့ကြည့်လိုက်ပြီး မသိမသာပြုံးလိုက်သည်။

'ဘယ်သူများလဲလို့…အဲလ်ဘတ်ကိုး'

အဲလ်ဘတ်က ခုတင်တစ်ခုပေါ်သို့ လှဲချလိုက်သည်။ လူတစ်ကိုယ်လုံး ခွေနုံးနေ၏။

'ကျုပ်အနားလာပြီး ဘယ်သူမှ ဆေးလိပ်မသောက်ကြနဲ့နော်၊ ကျုပ်ကို မီးကူးပြီး ဖုတ်ပြီးသားဖြစ်သွားလိမ့်မယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန့်ဒက်ကာက…

'သတ္တုတွေထည့်ထားတဲ့ ကုန်လှောင်ခန်းကို ရောက်နိုင်မယ့်လမ်း တွေ့ခဲ့ရဲ့လား'

'**အက်ဖ်**အထပ် ကုန်းပတ်အထိရောက်အောင် ကျွန်တော် ဆင်းကြည့်ခဲ့တယ်။ စက်ခန်းက ထွက်လာတဲ့ဆီတွေက ကုန်းပတ်ပေါ်မှာရှိတဲ့ တင်းနစ်ကစားကွင်းအထိ လျှံတက်နေတယ်။ အောက်ကို ဘယ်လိုမှ ဆင်းလို့မရဘူး'

ဤတွင် ဘင်ဒရမ္မာက ကြားဝင်လျက်…

'မြွေတစ်ကောင်မှပဲ ဘွိုင်လာခန်းထဲကို သွားလို့ရမယ်၊ လူတစ်ယောက် သွားဖို့ဆိုရင်တော့ နံရိုက်နမိုက်ခွဲပြီးသွားမှ ရလိမ့်မယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန့်ဒက်ကာက…

'သတ္တုတွေထည့်ထားတဲ့ ကုန်လှောင်ခန်းကို ရောက်နိုင်တဲ့လမ်းတော့





ရှိရမယ်၊ နောက်ပြီး သင်္ဘောထဲဝင်နေတဲ့ ရေတွေကိုလည်း ဒါထက်ပိုပြီး **စုပ်ထုတ်**ပစ်ရမယ်။

ဒီလိုမလုပ်နိုင်ရင် နက်ဖြန် ခုလိုအချိန်မျိုးမှာ သင်္ဘောကြီးဟာ **မှောက်ပြီး** ရေအောက်ကို ပြန်ရောက်သွားလိမ့်မယ်'

တိုင်တန်နစ်သင်္ဘောကြီး ပြန်၍နစ်မြုပ်သွားမည့်အရေးကြောင့် အဖွဲ့သားအားလုံးပင် စိတ်မအေးကြ။

လာနေပြီဆိုသော ဆွဲသင်္ဘောနှစ်စီးကလည်း ယခုအချိန်အထိ မရောက်သေး။

ရောက်လာသည့်တိုင် နယူးယောက်ဆိပ်ကမ်းသို့ရောက်အောင် ရေမိုင် ၁၂၀၀ ကို ဖြတ်သန်းရပေဦးမည်။

ဂျိုးမာတင်က သင်္ဘောကြီး ပုံစံကြမ်းတွင် ဖော်ပြထားသည့် သင်္ဘောအတွင်းဘက် ပုံကြမ်းများကို ငေး၍ကြည့်နေသည်။

သင်္ဘောအတွင်းပိုင်းကို အသေးစိတ်ဖော်ပြထားခြင်းမရှိ။ မူလက ရေးဆွဲထားခဲ့သော ပုံကြမ်းကိုလည်း ရနိုင်စရာ လမ်းမရှိ။

'ဘွိုင်လာခန်းတွေဟာ သိပ်မဝေးဘူး၊ အောက်ဘက် ပေ ၁၀၀ လောက်မှာ ရှိနေတယ်'

ဘင်ဒရမ္မာ၏စကားကို စပင်ဆာက…

'ပေတစ်ရာ မဟုတ်ပါဘူးကွာ၊ မိုင်တစ်ရာခရီးလောက် အသွားရ ခက်နေတယ်'

ဤအခိုက်တွင်ပင် ဓာတ်ပုံဆရာဂုဆန် အခန်းထဲသို့ ရောက်လာ၏။

သူ့လည်ပင်းတွင် ကင်မရာအတော်များများချိတ်လျက်။

'နောင် အမှတ်တရ သိမ်းဆည်းထားနိုင်အောင် ဓာတ်ပုံတွေ အများကြီး ရိုက်ယူလာခဲ့တယ်'

ပိုင်းလော့အဲလ်ဘတ်က…

'ဒီလိုရိုက်ယူထားလိုက်တာလည်း သိပ်ကိုကောင်းတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ နက်ဖြန်မနက်ကျရင် သင်္ဘောကြီးက ရေအောက်ပြန်ရောက်ချင် [illegible] သွားမှာ'

ဤတွင် ဂျိုးမာတင်က ကြားဝင်လျက်…

'စက်ခန်းနဲ့ ဘွိုင်လာခန်းတွေမှာရှိနေတဲ့ ရေတွေဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာ ခန်းသွားစေရမယ်'

ဤစကားကို ကြားလိုက်ရသဖြင့် အဖွဲ့သားတိုင်း အားတက်သွားကြ၏။ သို့ရာတွင် လိုက်လိုက်လှဲလှဲ အားတက်ခြင်းမျိုးကား မဟုတ်။

စပင်ဆာက...

'လမ်းစရှာဖို့သွားတဲ့ အဲလ်ဘတ်နဲ့ ခတ်ပုံလျှောက်ရိုက်ဖို့သွားတဲ့ ဝုဆန်တို့ လမ်းမှာ မဆုံမိကြဘူးလား'

'သဘောကြီးတစ်ခုလုံးကို လျှောက်သွားပြီး အလုပ်လုပ်နေတဲ့ ဘင်ဒရူမှာနဲ့ကော မဆုံမိကြဘူးလား'

သုံးယောက်လုံးပင် ခေါင်းခါလိုက်ကြ၏။

ဂျိုးမာတင်က စပင်ဆာအား...

'ခင်ဗျားလူတွေကို ခေါ်ယူပြီး လျှပ်စစ်မီးလွှတွေပါ ယူလာဖို့ သွားပြောစမ်းပါ'

စပင်ဆာက ထိုင်ရာမှ မထ။

ဂျိုးမာတင်က...

'ပေ ၁၀၀ လောက်ခရီးကို လျှပ်စစ်မီးလွှတွေနဲ့ ကုန်းပတ်အထပ်ရှစ်ထပ်ကနေ ဖြတ်သွားလို့ရနိုင်တယ်။

ကျုပ်တို့ထွင်းလိုက်တဲ့ ပြွန်ခေါင်းလမ်းဟာ ဘွိုင်လာခန်းတွေထဲကို အဆီးအတားမရှိဘဲ ရောက်နိုင်တယ်၊ ကဲ...စပင်ဆာ ဆက်လုပ်ပေတော့'

စပင်ဆာက ခေါင်းဆောင်လျက် အဖွဲ့သားများ အခန်းထဲမှ ထွက်သွားကြသည်။

နှစ်နာရီကြာသွားပြီးသည့်အချိန်၌ ဒီဇယ်ရေစုပ်စက်များက ဘွိုင်လာခန်းထဲတွင် ပြိုင်တူအလုပ်လုပ်နေနိုင်ကြပေပြီ။

တစ်မိနစ်လျှင် ရေဂါလံပေါင်း ၂၀၀၀ လောက်ကို စုပ်ထုတ်ပစ်နိုင်ကြ၏။

သို့သော် လေမုန်တိုင်းဆင်နေခဲ့ပြီဖြစ်သောကြောင့် လှိုင်းများက ကြမ်းကာ သဘောထဲသို့ ဝင်နေ၏။

သဘောထဲမှ ရေအထွက်နှင့် သဘောထဲသို့ ရေအဝင်မှာ တန်းတူလိုဖြစ်နေလေပြီ။





[ ၄၇ ]

တိုင်တန်နစ်သဘောကြီးပေါ်တွင် ရာသီဥတုအခြေအနေကို တွက်ချက်တိုင်းတာရသည့် မိုးလေဝသအရာရှိ ဖရက်၏ မျက်နှာက မသာမယာ။

ရာသီဥတုအခြေအနေကို ခန့်မှန်းကြည့်ရာတွင် လေမုန်တိုင်းကြီးတစ်ခုက တိုင်တန်နစ်သဘောကြီး ရှိနေသည့် ရေပြင်တစ်လျှောက်သို့ ရောက်လာတော့မည်ဟု သိနေရ၏။

နူးမားဗျာနချုပ်ရှိ မိုးလေဝသအဖွဲ့ကလည်း ဖရက်ထံသို့ ခုကလေးပင် သတင်းပို့လိုက်သည်။

တစ်နာရီ မိုင် ၁၀၀ ကျော်နှုန်းနဲ့ လေမုန်တိုင်းတစ်ခု ဆင်လာပြီ။

ဖရက်က ဤသတင်းကို ဆယ်ယူရေးဦးစီးမှူးထံ ပို့လိုက်သည်။

တိုင်တန်နစ်သဘောကြီး ဝန်းကျင်တွင် တိုက်ခတ်နေသည့် လေက ယခုအချိန်တွင် တစ်နာရီလျှင် ၄၅ မိုင်နီးပါး။

'မေလို လမျိုးမှာ ဒီလောက်ပြင်းထန်မယ့် မုန်တိုင်းကြီးမျိုး ဘယ်တုန်းကတိုက်ဖူးပါလိမ့်။

ဒီမုန်တိုင်းဒဏ်ကို တိုင်တန်နစ်သဘောကြီး ကြံ့ကြံ့ခိုင်မှ ခံနိုင်ပါ့မလား။

အို...ထာဝရဘုရားသခင်၊ အရှင်သာလျှင် သဘောကြီးအား ကယ်တင်နိုင်သည့်အရှင် ဖြစ်တော်မူပါ၏။ ကယ်တင်တော်မူပါ'

ဖရက်က သူ့အတွေးကို ဆုတောင်းခြင်းဖြင့် အဆုံးသတ်လိုက်၏။

ခဏအကြာတွင် အမေရိကန်ရေတပ်မှ စေလွှတ်လိုက်သော ဆွဲသဘောကြီးနှစ်စီးကို လှမ်းမြင်လိုက်ရ၏။

ဖရက်မျက်နှာက ပြုံးလာလေသည်။

ဆွဲသဘောကြီးနှစ်စီး၏အမည်မှာ **မောစ်နှင့် ဝေါလေ့စ်**။

သူတို့ရောက်လာသည့်အချိန်က ညနေသုံးနာရီ။

ဆွဲသဘောကြီးနှစ်စီးက တိုင်တန်နစ်ကို ပတ်ချာလှည့်ကာ လေ့လာသုံးသပ်နေသည်။

နာရီဝက်မျှကြာပြီးမှ ဆွဲသဘောကြီးနှစ်စီးက တိုင်တန်နစ်နှင့် ကပ်ယှဉ်ကာ စက်ရပ်လျက် ရေစီးအတိုင်း မျှောလိုက်နေ၏။

ဆွဲသဘောကြီးနှစ်စီးမှ ဦးစီးမှူးများ၊ သဘောသားများ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

သင်္ဘောသားများနှင့် အတူပါလာသောအရာက လှျပ်စစ်မီးလှူကြီးများ။

ဆွဲသင်္ဘောကြီးမော့စ်၏ဦးစီးမှူးဖြစ်သူ ဂျော့က တုတ်တုတ်ခိုင်ခိုင်၊ ကြမ်းကြမ်းတမ်းတမ်း။

သူ့နှုတ်ခမ်းမွေးက တမင်မွေးထားသည့် နှုတ်ခမ်းမွေး။

ဝေါလေ့စ် ဆွဲသင်္ဘောကြီး၏ ဦးစီးမှူးဖြစ်သူ စကော့ကမူ အရပ်ရှည်ရှည်သန်သန်မာမာ။

သူ့အရပ်က ခြောက်ပေ ခြောက်လက်မ။

သူက နှုတ်ခမ်းမွေးအပြင် မုတ်ဆိတ်မွေးကိုပါ မွေးထား၏။

ဦးစီးမှူးနှစ်ယောက်ကား မြုပ်နေရာမှ ပြန်ဖော်၍ရသော သင်္ဘောများကို ပင်လယ်လမ်းခရီးကြမ်းကြမ်းတွင် အပင်ပန်းခံကာ ဆွဲယူနိုင်ခဲ့ကြသူများ။

တိုင်တန်နစ်သင်္ဘောကြီးပေါ်သို့ ကြိုးလှေကားဖြင့် ဆင်းသက်လာခဲ့သော ဆွဲသင်္ဘောကြီးနှစ်စီးမှ ဦးစီးမှူးနှစ်ယောက်အား တိုင်တန်နစ်သင်္ဘောကြီးပေါ်တွင် ဦးစီးမှူးအဖြစ် ဆောင်ရွက်နေသည့် ဂန်းက ခရီးကြိုဆိုကာ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာနှင့် ဆယ်ယူရေးဦးစီးမှူး ဂျိုးမာတင်ရှိရာ အားကစားခန်းမသို့ ခေါ်ဆောင်လာခဲ့သည်။

စားပွဲရှည်ကြီး ဘေးတစ်ဖက်တစ်ချက်တွင် ချထားသော ကုလားထိုင်များတွင် အားလုံးထိုင်မိကြသည်နှင့် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက စကားစ,လိုက်၏။

စားပွဲရှည်ကြီးပေါ်တွင် ရာသီဥတုအခြေအနေကိုပြသည့် လေပုံများ၊ ပုံစံများနှင့် ကားချပ်များရှိနေလေသည်။

'ခု လက်ငင်းအခြေအနေမှာ ကျုပ်တို့အဖို့ အရေးအကြီးဆုံးကတော့ ရာသီဥတု အခြေအနေပဲ'

ဂျိုးမာတင်က လိပ်ထားသည့် လေပုံကြီးများကို စားပွဲပေါ်တွင် ဖြန့်လိုက်ပြီး...

'ကြားရတဲ့ သတင်းဆိုးကို ဖုံးထားလို့တော့ အလကားပဲ၊ ရာသီဥတု အခြေအနေက လျှင်လျှင်မြန်မြန်ကြီး အဆိုးဘက်ကို ဦးတည်နေတယ်။

လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနာရီအတွင်းမှာ မိုးလေဝသတိုင်းတာတဲ့ ကိရိယာမှာ လေဖိအားကိုပြနေတဲ့ သင်္ကေတက အောက်ကို လက်မဝက်လောက် လျော





ကျသွားခဲ့တယ်။

လေတိုက်နှုန်းက အဆင့်လေးမှာရှိနေတယ်။ မြောက်နဲ့ အရှေ့မြောက်ဘက်က တိုက်နေတယ်။ လေမုန်တိုင်းကတော့ ဆင်နေပြီ။ ဘုရားသခင် မ,လို့ ကျွန်တော်တို့ဘက်ကို လှည့်မလာရင်တော့ သက်သာမယ်။

ဒါပေမဲ့ ရထားတဲ့ ရေဒီယိုသတင်းတွေက နက်ဖြန် ဒီအချိန်လောက်မှာ လေမုန်တိုင်းကြီး ကျွန်တော်တို့နေရာတစ်လျှောက်ကို ရောက်လာလိမ့်မယ်လို့ ခန့်မှန်းထားကြတယ်။

အဲဒီလိုရောက်လာမယ့် လေမုန်တိုင်းကြီးဟာ လေတိုက်နှုန်း အဆင့်ဆယ့်ငါး အထိ ရှိမယ်လို့လည်း နော်ဖော့မိုးလေဝသဌာနက သတင်းပို့ထားတယ်'

ဦးစီးမှူးဂန်းက...

'ဘုရားရေ...လေတိုက်နှုန်း အဆင့်ဆယ့်ငါးတဲ့လား၊ လေတိုက်နှုန်း အဆင့်ဆယ့်နှစ်ကို အပြင်းထန်ဆုံးလေမုန်တိုင်းကြီးလို့ သတ်မှတ်ထားခဲ့ကြတယ်။ ခုတော့ အဆင့်ဆယ့်ငါး'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက...

'ကျုပ်တို့ တိုင်တန်နစ်သင်္ဘောကြီးကို အခက်အခဲပေါင်းများစွာနဲ့ ဆယ်ယူခဲ့တာဟာ လေမုန်တိုင်းကြီးထဲမှာ လွင့်ပြီး မြုပ်သွားဖို့ ဖော်ယူခဲ့တာနဲ့ တူနေပြီ'

ဆန်ဒက်ကာက ဆွဲသင်္ဘောကြီးနှစ်စီးမှ ဦးစီးမှူးနှစ်ဦး၏ မျက်နှာကို ကြည့်လိုက်ရင်း...

'ခင်ဗျားတို့ သင်္ဘောနှစ်စီး ဒီနေရာကိုရောက်လာခဲ့ပေမယ့် ဘာမှလုပ်နိုင်ကြမှာ မဟုတ်ဘူး။ ဒီတော့ ခင်ဗျားတို့ ဆွဲသင်္ဘောတွေကို ပြန်မောင်းသွားပြီး လေမုန်တိုင်းရန်က လွတ်အောင် ခရီးပြင်းနှင်ပေတော့'

ဤတွင် ဂျော့က...

'ကျွန်တော်တို့ ဒီကိုလာတာ မုန်တိုင်းရန်က ထွက်ပြေးဖို့လာခဲ့တာ မဟုတ်ပါဘူး'

ဝေါလေ့စ် ဆွဲသင်္ဘောမှ ဦးစီးမှူးစကော့က ထိုင်ရာမှ ထ,လိုက်သည်။

'ကျွန်တော်တို့ ဆွဲသင်္ဘောကြီးနှစ်စီးဟာ ရေပေါ်မှာ ပေါ်နေတဲ့ တိုင်တန်နစ်လို လူစီးသင်္ဘောကြီးကို မဆိုထားနဲ့ ပင်လယ်လောက်နက်တဲ့ ရေအောက်ကြမ်းပြင်ပေါ်က လေယာဉ်တင် သင်္ဘောကြီးကိုတောင် ဆွဲသွားလို့ရနိုင်တယ်။ တကယ်လို့ ဆွဲ ရမယ်ဆိုရင်ပေါ့လေ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီဆွဲသင်္ဘောကြီးနှစ်စီးဟာ ရာသီဥတု ဘယ်လောက်ဆိုးဆိုး လေမုန်တိုင်း ဘယ်လောက်တိုက်တိုက်၊ လှိုင်းတွေ ဘယ်လောက်ကြီးကြီး တာဝန်ပေးထားတဲ့ သင်္ဘောကိုတော့ ဆွဲယူလို့ ရနိုင်ခဲ့တာချည်းပဲ။

ကျွန်တော်တို့မှာ ပါလာတဲ့ သံကြိုးကြီးတစ်ချောင်းကို တိုင်တန်နစ် သင်္ဘောကြီးမှာ သွားချိတ်နိုင်ရင် ကျွန်တော်တို့ဟာ လေတိုက်နှုန်း ဆယ့်ငါးအဆင့်ရှိတဲ့ မုန်တိုင်းကြီးကိုဖြတ်ပြီး တိုင်တန်နစ်ကို ဆွဲယူသွားနိုင်ပါတယ်'

ဤတွင် ဆန်ဒက်ကာက…

'တန်ချိန် လေးသောင်းငါးထောင်ကျော်ရှိတဲ့ တိုင်တန်နစ်သင်္ဘောကြီးကို မုန်တိုင်းကြီးရဲ့ ခံတွင်းဝက ဆွဲသွားနိုင်မယ်ဆိုတာ ကြွားတာပဲဖြစ်ရလိမ့်မယ်'

'ကြွားတာ မဟုတ်ပါဘူး'

ဦးစီးမှူးစကော့က တည်ငြိမ်သောလေသံဖြင့် ပြောလိုက်၏။

'မော့စ်ဆွဲသင်္ဘောရဲ့ ပုံပိုင်းကနေပြီး ဝေါလေ့စ် ဆွဲသင်္ဘော ဦးပိုင်းဆီကို သံကြိုးကြီးတစ်ချောင်းနဲ့ ဆက်ထားမယ်၊ ဒီဆွဲသင်္ဘောနှစ်စီးက နောက်မှာ သံကြိုးနဲ့တွဲထားတဲ့ တိုင်တန်နစ်ကို ဆွဲသွားနိုင်ပါတယ်။ လက်တွေ့ ဥပမာကတော့ ရထားစက်ခေါင်းတစ်ခုဟာ ကုန်တင်ရထားတွဲကြီး တစ်စီးကို ဆွဲသွားနိုင်သလိုပါပဲ'

ဆွဲသင်္ဘော ဦးစီးမှူး ဂျော့ကလည်း….

'ကျွန်တော်တို့ဟာ တိုင်တန်နစ်ကို ပေသုံးဆယ်လောက်ကြီးတဲ့ လှိုင်းတွေကြားက တစ်နာရီမှာ ရေမိုင် ငါးမိုင် ခြောက်မိုင်အထိ ဆွဲသွားနိုင်ပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ဆွဲသင်္ဘော ဦးစီးမှူးနှစ်ဦး၏ မျက်နှာကို လှမ်းကြည့်လိုက်ပြီး နှုတ်ဆိတ်နေ၏။

စကော့က ကျွဲရိုင်းကြီးတစ်ကောင်လို ဂုန်းခနဲ ထလိုက်ပြီး…

'ဒီဆွဲသင်္ဘောကြီးနှစ်စီးဟာ ဘယ်တော့မှ ထွက်ပြေးခဲ့တဲ့ သင်္ဘောကြီးတွေ မဟုတ်ဘူး။

ဒီဆွဲသင်္ဘောတွေဟာ ပင်လယ်နက်ထဲမှာ၊ သမုဒ္ဒရာကြီးထဲမှာ ဆွဲနေခဲ့တဲ့ သင်္ဘောတွေဖြစ်တယ်။

အရှည်က ပေ နှစ်ရာ့ငါးဆယ်ရှိပြီး ဒီဇယ်နဲ့မောင်းတဲ့ စက်တွေက မြင်းကောင်ရေ ငါးထောင်အားစီရှိတယ်။

ဆွဲသင်္ဘောတစ်စီးဟာ တန်ချိန်နှစ်သောင်းရှိတဲ့ သင်္ဘောကြီးတစ်စီးကို





တစ်နာရီ ရေမိုင် ဆယ်မိုင်နှုန်းနဲ့ မိုင်ပေါင်းနှစ်ထောင်ကို ဆီဖြည့်ဖို့ မလိုဘဲ တစ်ဆက်တည်း ဆွဲသွားနိုင်တယ်။

ဒါကြောင့် ဒီဆွဲသင်္ဘောကြီးနှစ်စီးဟာ တိုင်တန်နစ်ကို မုန်တိုင်းကြီးကို ဖြတ်ပြီး ဆွဲခေါ်သွားနိုင်မယ်ဆိုတာ စိတ်ချပါ'

ဆန်ဒက်ကာက…

'ခင်ဗျားတို့နှစ်ယောက်ရဲ့စကားကို ကြားရတာ ဝမ်းသာပါတယ်။ အားရှိပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့နှစ်ယောက်ဟာ မဖြစ်နိုင်တာကို လောင်းကြေးကြီးကြီးနဲ့ လောင်းနေကြတဲ့လူတွေနဲ့တူတယ်။

တိုင်တန်နစ် သင်္ဘောကြီးဟာ မုန်တိုင်းထဲမှာ လွင့်ချင်ရာလွင့်ပြီး မြုပ်ချင်တဲ့နေရာမှာ မြုပ်ပါစေတော့၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက်ကို ကျုပ် အမိန့်ပေးတယ်။ ဒီနေရာကနေပြီး ခင်ဗျားတို့ ဆွဲသင်္ဘောတွေကို လွတ်ရာကျွတ်ရာ မောင်းသွားပေတော့'

ဂျော့က စကော့အား လှမ်းကြည့်လိုက်ပြီး…

'ရေကြောင်းဗိုလ်ချုပ်ကြီးတစ်ယောက်ဆီက တိုက်ရိုက်ရောက်လာတဲ့ အမိန့်ကို မနာခံခဲ့တဲ့ နောက်ဆုံးအကြိမ်ဟာ ဘယ်အချိန်ကလဲ'

ဦးစီးမှူးစကော့က စဉ်းစားနေဟန်ဆောင်လိုက်ပြီး…

'ဪ…ခုမှ ကျုပ်မှတ်မိတယ်။ ဒီနေ့ မနက်စာ စားပြီးတဲ့အချိန်ဟာ နောက်ဆုံးအကြိမ်ပေါ့'

ဤတွင် ဂျိုးမာတင်က ကြားဝင်ကာ…

'ဆယ်ယူရေး ဦးစီးမှူးတစ်ယောက်အနေနဲ့ ဆယ်ယူရေးအဖွဲ့ခေါင်းဆောင်အနေနဲ့ရော ကျွန်တော်ပြောရရင် ကျွန်တော်က ဆွဲသင်္ဘောဦးစီးမှူးနှစ်ဦးရဲ့ အဆိုပြုချက်တွေကို လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်'

ဦးစီးမှူးစကော့က ပြုံးရယ်လိုက်ပြီး…

'ကဲ…ဘယ့်နှယ်ပြောမလဲ ဗိုလ်ချုပ်ကြီး၊ ရေတပ်ဦးစီးချုပ် ကင်ဝါထာ ကျွန်တော်တို့ကို အမိန့်ပေးလိုက်ပါတယ်။

တိုင်တန်နစ် ဆိပ်ကမ်းအရောက် ဆွဲယူလာခဲ့၊ မယူနိုင်ခဲ့ရင် [illegible] ပင်စင်ယူဖို့ပြင်ထားတဲ့။ ကျွန်တော်တို့ကတော့ တိုင်တန်နစ်ကို ဆိပ်ကမ်း[illegible] ဆွဲယူရမှာပဲ'

ဆန်ဒက်ကာက…



www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ ပုန်ကန်မှုကြီးပဲ။ ကျုပ်အမိန့်ကို ဖီဆန်တာဟာ ပုန်ကန်မှုကြီးပဲ'

ဆန်ဒက်ကာ၏အသံက တင်းမာခက်ထန်ခြင်းမရှိ။

ဤသို့မရှိခြင်းကပင်လျှင် ရေကြောင်းဗိုလ်ကြီးသည် ဆွဲသဘော်နှစ်စီးမှ ဦးစီးမှူးနှစ်ယောက်ကို တိုင်တန်နစ်သင်္ဘောကြီးအား မရမနေ ဆွဲယူစေလိုသည့် ဆန္ဒကို ဖော်ပြရာရောက်နေလေသည်။

ဆန်ဒက်ကာက ဦးစီးမှူးနှစ်ဦးအား တစ်လှည့်စီကြည့်လိုက်ပြီး မှတ်ချက် ချလိုက်၏။

'ဒါဖြင့်လည်း ကောင်းပြီလေ၊ ဒါပေမဲ့ ခင်ဗျားတို့နှစ်ယောက် သိထားဖို့က ဒီခရီးသည်ဟာ ခင်ဗျားတို့အဖို့ အသုဘခရီးပဲ'

[ ၄၈ ]

ဆိုဗီယက်ပင်လယ်ရေအောက် သုတေသနသင်္ဘော မစ်ခေးခါကော့ သင်္ဘောကြီးပဲ့ထိန်းစင်ပေါ်မှ ဦးစီးမှူးပါရှောကင်က အဝေးကြည့်မှန်ပြောင်းဖြင့် ကောင်းကင် တစ်ခွင်တစ်ပြင်ကို မျှော်ကြည့်နေ၏။

ပါရှောကင်က ပိန်ပိန်ပါးပါး၊ အရပ်မနိမ့်မမြင့်၊ သူ့မျက်နှာက တစ်ခါမှ မပြုံး၊ သူက ၅၀ နားကပ်နေပြီ။

အရှေ့မြောက်ဘက် ကောင်းကင်ထက်တွင် စက်လေးလုံးတပ် ရုရှား ကင်းလှည့် လေယာဉ်တစ်စီး။

ကင်းလှည့်လေယာဉ်က ခါကော့ပေါ်မှ နိမ့်နိမ့်ကလေး ပျံဝဲသွားသည်။

ခါကော့သင်္ဘောကြီးနှင့် မလှမ်းမကမ်းသို့ အရောက်တွင် လေယာဉ်ဝမ်းဗိုက် အတွင်းမှ ပွင့်ကျလာသည့် လေထီးတစ်လက်ကို သင်္ဘောဦးစီးမှူးက တွေ့လိုက် ရသည်။

လေထီးက သင်္ဘောအနောက်ဘက်ကို ကိုက် ၂၀၀ ခန့်အကွာတွင် ကျလာသည့်အချိန်၌ ခါကော့သင်္ဘောကြီးဆီမှ အသက်ကယ်လှေက လေထီးကျရာ အရပ်သို့ အပြင်းလှော်ခတ်သွားသည်။

အဘယ်ကြောင့်ဆိုသော် လေထီးနှင့်အတူ လူတစ်ယောက် ဆင်းလာသော ကြောင့်။

ထိုလူကား ဗိုလ်ကြီးအင်ဒရီ။





ခါကော့သင်္ဘော ဦးစီးမှူးက အနားတွင်ရှိသော ပထမအရာရှိအား...

'ဗိုလ်ကြီးအင်ဒရီ သင်္ဘောပေါ်ရောက်လာတာနဲ့ တစ်ပြိုင်နက် ကျုပ်အခန်း ထဲကို ခေါ်ခဲ့ပါ'

ဤသို့ပြောဆိုလိုက်ပြီးနောက် ဦးစီးမှူးက ပဲ့ထိန်းစင်ထက်မှဆင်းကာ သူ့ အခန်းရှိရာသို့ လျှောက်သွားသည်။

မိနစ် ၂၀ ခန့်ကြာသောအခါ သင်္ဘော ပထမအရာရှိက ဦးစီးမှူးအခန်း တံခါးကို ခေါက်လိုက်ပြီးမှ ဖွင့်လိုက်၏။

တစ်ကိုယ်လုံး ရေရွှဲရွှဲစိုနေသော ဗိုလ်ကြီးအင်ဒရီက ဦးစီးမှူးအခန်းထဲသို့ ဝင်လာခဲ့၏။

ဦးစီးမှူးက မိမိအမည်ကိုပြောလိုက်သလို ဗိုလ်ကြီးကလည်း အင်ဒရီ ဖြစ်ကြောင်း ပြောလိုက်ရင်း တစ်ယောက်ကိုတစ်ယောက် ခဏမျှ အကဲခတ်လိုက် ကြသည်။

နှစ်ဦးလုံးပင် အထူးလေ့ကျင့်ထားသည့် ဝါရင့်စစ်သည်တော် နှစ်ဦး။

ဗိုလ်ကြီးအင်ဒီက ရုရှားရေတပ်မတော်ထောက်လှမ်းရေးတစ်ယောက် ဖြစ်နေ သောကြောင့် ဦးစီးမှူးပါရှောကင်၏ ရာဇဝင်ကို အတွင်းကျကျ သိပြီးသား။

ဦးစီးမှူးပါရှောကင်အဖို့မှာမူ အင်ဒရီ၏သတင်းကိုသာ ကြားဖူးပြီး လူကို မမြင်ဖူးခဲ့။

ပါရှောကင်၏အမြင်တွင် ဗိုလ်ကြီးအင်ဒရီက လူခန့်လူချော လူစွမ်းကောင်း။

ဗိုလ်ကြီးအင်ဒရီကပင် စတင်လျက်...

'အချိန်ကသိပ်မရဘူး၊ ဒီတော့ လုပ်စရာရှိတာတွေ မြန်မြန်လုပ်ရအောင်'

ပါရှောကင်က လက်ကာ၍ တားလိုက်ပြီး...

'အဝတ်အစား လဲပါဦး၊ ကော်ဖီလည်း သောက်ပါဦး'

ပထမအရာရှိက အဝတ်အစားများနှင့် ကော်ဖီအတွက် အခန်းအပြင်ဘက်သို့ ထွက်သွားသည်။

ပါရှောကင်က...

'ဒီလောက်ကြင်းထန်တဲ့ လှိုင်းတွေ လေတွေကြားမှာ ခင်ဗျား လေထီး[illegible] ဆင်းလာတာဟာ ပင်လယ်ထဲမှာ လေမုန်တိုင်းတိုက်ရင် ဘယ်လိုနေရာ[illegible] လှေလာရအောင် လာတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

ဗိုလ်ကြီးအင်ဒရီက...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်အဖို့ အန္တရာယ်ဆိုတာ ကော်ဖီတစ်ခွက်သောက်ရတာလောက်ပဲ ရှိတယ်။ ဒါထက် ကော်ဖီဆိုလို့ ဦးစီးမှူးဆီမှာ ကော်ဖီထက်ပြင်းတဲ့ဟာ ဘာမှ မရှိဘူး ထင်ပါရဲ့'

ပါရော့ကင်က ခေါင်းခါလိုက်သည်။

'ဝမ်းနည်းပါတယ် ဗိုလ်ကြီး၊ ကျွန်တော်ဦးစီးတဲ့ သင်္ဘောမှန်ရင် ဘယ်တော့မှ ကော်ဖီထက်ပြင်းတာ ပါမလာရဘူး။

ရေတပ်သားတွေကတော့ ဒီလို ပါမလာတာကို မကြိုက်ကြဘူးပေါ့ဗျာ။ ဒါပေမဲ့ ဒီနည်းဟာ တပ်သားအချင်းချင်း ရန်မဖြစ်အောင်တားတဲ့နည်းပဲ'

ဗိုလ်ကြီးအင်ဒရီက စကားလမ်းလွှဲလိုက်ပြီး...

'ကျွန်တော်တို့ရဲ့ ရေတပ်ဗိုလ်ချုပ်ကြီး ဆလိုယုကတော့ ခင်ဗျားဟာ အလုပ်လုပ်တဲ့နေရာမှာ သိပ်ကိုတော်တယ်လို့ ပြောလိုက်တယ်'

'တော်တယ်ဆိုတာ ခါတိုင်းတော့ မဟုတ်ပါဘူးဗျာ'

ဗိုလ်ကြီး အင်ဒရီက လေထီးဆင်းရာတွင် ဝတ်သည့် ဝတ်စုံမှ ဇစ်ကို ဆွဲလိုက်ပြီး ချွတ်ချလိုက်၏။

'ဒီသင်္ဘောပေါ်ကို ကျွန်တော်ရောက်လာရင်တော့ ဦးစီးမှူးလုပ်ထားတဲ့ စည်းကမ်းသတ်မှတ်ချက်ကို ခြွင်းချက်ထားသင့်တယ်ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားနဲ့ ကျွန်တော်ဟာ ရေတပ်ဗိုလ်ချုပ်ကြီး ပြောသလို တကယ် တော်,မတော် စမ်းကြည့်ရမယ့်အချိန်ကို မကြာခင် ရောက်လာတော့မှာကြောင့်ပဲ'

[ ၄၉ ]

မှန်တိုင်းအန္တရာယ်မှသက်သာရာရစေနိုင်မည့် အနောက်ဘက်ဆီသို့ ဦးတည် ခုတ်မောင်းကာ တဖြည်းဖြည်း ဝေး၍ဝေး၍သွားသော-

ဆယ်ယူရေး ရေယာဉ်အုပ်စုကို တိုင်တန်နစ်သင်္ဘောကြီး ဦးပိုင်း ကုန်းပတ်ပေါ်မှ ငေးကြည့်နေသည့် ဂျိုးမာတင်အဖို့ လူသူမရှိသည့် ကျွန်းကလေး တစ်ကျွန်းပေါ်တွင် အထီးတည်းစွန့်ပစ်ခံရသူတစ်ယောက်ကဲ့သို့ စိတ်ညှိုးငယ်၍နေမိတော့သည်။

အဲလ်ဟန်ဘရာ သင်္ဘောကြီးက တိုင်တန်နစ်အား ဖြတ်ကျော်၍ တက်သွား





ရာ၌ မီးဖြင့် အချက်ပြ၍ နှုတ်ဆက်သွားသည်။

ကံကောင်းပါစေဟူသော အဓိပ္ပာယ်။

ထွက်ခွာသွားကြသော ရေယာဉ်သင်္ဘောများအနက် အဲလ်ဟန်ဘရာသည် နောက်ဆုံးနေရာသို့ ရောက်နေ၏။

သင်္ဘောပေါ်ရှိ သတင်းစာဆရာများ၊ သတင်းထောက်များက နောက်ဆုံး အကြိမ် ဖြစ်ကောင်းဖြစ်နိုင်သည့် တိုင်တန်နစ်သင်္ဘောကြီး၏ မြင်ကွင်းကို ရုပ်ရှင်ကင်မရာများဖြင့် ရိုက်ယူနေကြ၏။

သတင်းစာဆရာများ၊ သတင်းထောက်များ၏ အမူအရာက လေးနက်တည်ငြိမ်လျက်။

အဲလ်ဟန်ဘရာသင်္ဘောကြီး၏ ကုန်းပတ်လက်ရန်းတစ်လျှောက်တွင် နေရာယူထားကြသော သတင်းစာဆရာများ၊ သတင်းထောက်များထဲတွင် ဒါနာအား ဂျိုးမာတင်က ရှာကြည့်နေမိ၏။

သို့သော် ဒါနာကို မမြင်ရ။

ခဲရောင်ကဲ့သို့ နက်မှောင်နေသော ပင်လယ်ရေပြင်ပေါ်တွင် ထွက်ခွာသွားကြသည့် သင်္ဘောများက အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီ၌ အစက်အပြောက်ကလေးများအဖြစ်သာ မြင်ရသည့်အချိန်အထိ ဂျိုးမာတင်က ရပ်ကြည့်နေသည်။

ဆယ်ယူရေးလုပ်ငန်းအတွက် ကင်းစောင့်ပေးနေသော ကရုဇာတိုက်သင်္ဘော ဂျူးနော-

ဆယ်ယူရေးသင်္ဘောများအား ရိက္ခာထောက်ပေးနေသည့် ကက်ပရီကွန် ရေယာဉ်...

သည်သင်္ဘောနှစ်စီးသာ တိုင်တန်နစ်သင်္ဘော အနီးတွင် ရှိနေကြဆဲ။

သို့ရာတွင် ဆွဲသင်္ဘောနှစ်စီးက တိုင်တန်နစ်သင်္ဘောအား စ၍ ဆွဲနေပြီဟု အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ရိက္ခာတင်သင်္ဘော ကက်ပရီကွန်သည်လည်း အနောက်ဘက်ဆီသို့ ထွက်ခွာသွားရပေတော့မည်။

အစောင့်အရှောက်အဖြစ် နောက်မှ တကောက်ကောက်လိုက်နေသည့် ရေယာဉ်က ဂျူးနော့။

ဂျူးနော့သည် နျူးကလီးယားထိပ်ဖူး ဒုံးပျံများ အသင့်တပ်ဆင်ထားသည့် တိုက်သင်္ဘော။

'မစ္စတာဂျိုး'



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ ဝေါလေ့စ်ဆွဲသင်္ဘောမှ သင်္ဘောသားကြီး ဘာစကွန်ကို တွေ့လိုက်ရ၏။

သူ့ခန္ဓာကိုယ်က ဘီယာခွက်ကြီးတစ်ခုလို၊ သူ့လက်ရုံး လက်မောင်းများ[illegible]နပန်းသမားကြီးတစ်ယောက်လို။

သူ့ပုံပန်းကိုလိုက်၍ သင်္ဘောသားတိုင်းက ဘာစကွန်ကြီးဟု ခေါ်ကြ၏။

'တိုင်တန်နစ်သင်္ဘောပေါ်ကို ကျွန်တော်နဲ့အတူ လူနှစ်ယောက် ခေါ်လာခဲ့တယ်။ ဆွဲတဲ့ကြိုးကို သင်္ဘောဦးမှာချိတ်ဖို့ပဲ'

ဂျိုးမာတင်က ခင်မင်ရင်းနှီးသည့် အပြုံးမျိုးကို ပြုံးလိုက်ပြီး–

'မောင်ရင့်ကို မောင်ရင်တို့သင်္ဘောကလူတွေက ဘာစကွန်ဆိုးကြီးလို့ ခေါ်ကြတယ်မဟုတ်လား'

'ဒါက ကျွန်တော့်နောက်ကွယ်မှာ ခေါ်တာပါ၊ ကျွန်တော်က ဒိုင်ဂိုမြို့က အရက်ဆိုင်တစ်ဆိုင်ကို မွမွကြေအောင် ရိုက်ခွဲ ခြေပစ်ခဲ့ကတည်းက ဒီလိုခေါ်ကြတာပါ။

မစ္စတာဂျိုးကကော ကျွန်တော့်ကို လူဆိုးကြီးလို့ပဲ ထင်နေလို့ပါလား'

'မောင်ရင်တို့ ရေယာဉ်ဦးစီးမှူး စကော့ကတော့ မောင်ရင့်အကြောင်းကို သိပ်ပြီး အမွှန်းတင်ပြောတာပဲ။ ဒါကလည်း မောင်ရင့်နောက်ကွယ်မှာ ပြောတာလေ'

'ကျွန်တော်တို့ ဦးစီးမှူးက သိပ်သဘောကောင်းတာ'

'ဆွဲယူမယ့် သံမဏိကြိုးကို ချိတ်တာ ဘယ်လောက်ကြာမလဲ'

'မစ္စတာဂျိုးတို့ဆီက ရဟတ်ယာဉ်လည်း ငှားလို့ရမယ်၊ ကံလည်း ကောင်းမယ်ဆိုရင် တစ်နာရီလောက်ပဲ ကြာမှာပါ'

'ရဟတ်ယာဉ်အတွက်က မခက်ပါဘူး၊ ရပါတယ်'

ဂျိုးမာတင်က ဝေါလေ့စ် ဆွဲသင်္ဘောရှိရာသို့ လှမ်းကြည့်လိုက်သည်။

ဦးစီးမှူးက ဆွဲသင်္ဘောကို တိုင်တန်နစ် ဦးပိုင်းဘက်ဆီသို့ တဖြည်းဖြည်း နောက်ဆုတ်လာနေသည်ကို တွေ့ရ၏။

တိုင်တန်နစ်သင်္ဘောဦးနှင့် ဝေါလေ့စ် ဆွဲသင်္ဘောပဲ့ပိုင်းက ပေတစ်ရာသို့ အကွာလောက်သို့အရောက်တွင် ဦးစီးမှူးစကော့က ဆွဲသင်္ဘောကို ရပ်ပစ်လိုက်၏။

'ရဟတ်ယာဉ်နဲ့ မောင်ရင်တို့ ဆွဲသင်္ဘောပေါ်က ဆွဲကြိုးကို အပေါ်ရောက်အောင် သယ်ယူမလို့မဟုတ်လား'





[illegible]တင်၏အမေးကို ဘာစကွန်ကြီးက...

'[illegible]တ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ဆွဲကြိုးကြီးက အချင်း ဆယ်လက်မ [illegible]နှစ်ဆယ်အရှည်ရှိတိုင်း တစ်တန်စီ အလေးချိန်စီးပါတယ်။

'[illegible]နေကျကတော့ ဆွဲကြိုးကြီးကို လျှပ်စစ်ဝန်ချီစက်နဲ့ သယ်ယူနေကျပဲ။ [illegible] တိုင်တန်နစ်က အလုပ်မလုပ်နိုင်တဲ့သင်္ဘောကြီးဖြစ်နေတော့ ကျွန်တော် [illegible] ရဟတ်ယာဉ်ကို အသုံးပြုရမှာပါ'

ဘာစကွန်ကြီးနှင့် သူ့လူနှစ်ယောက်က ရဟတ်ယာဉ်အကူအညီကို ရသည့် [illegible] ဆွဲရေယာဉ် ဝေါလေ့စ်မှ ဆွဲကြိုးကို တိုင်တန်နစ် ဦးပိုင်းတွင် ချိတ်ရာ၌ [illegible]တ်ဝင်အခက်အခဲတွေ့ရသည်။

ရဟတ်ယာဉ်ပိုင်းလော့စတူးဂလစ်က သယ်ယူလာသည့် ဆွဲကြိုးကို တိုင်တန် [illegible] သင်္ဘောဦးပိုင်း ကုန်းပတ်ပေါ်တွင် ညင်ညင်သာသာချပေးနိုင်ခဲ့၏။

ဆွဲကြိုးကို တိုင်တန်နစ် ဦးပိုင်းတွင် ချိတ်ပြီးသည့်အချိန်၌ ဘာစကွန်ကြီး [illegible] ချိတ်ပြီးကြောင်း လက်ဖဝါးယမ်း၍ ပြလိုက်သည်။

ဝေါလေ့စ် ဦးစီးမှူးက ဥသြသံ တစ်ချက်ပေး၍ ကျေနပ်ကြောင်း အချက်ပြ[illegible]သည်။ ပြီးမှ သင်္ဘောအင်ဂျင်စက်ကို နှိုးကာ အနှေးဆုံးနှုန်းဖြင့် စ၍ [illegible]မောင်းလိုက်၏။

ဝေါလေ့စ် ဆွဲသင်္ဘောကို ရှေ့မှနေ၍ ဆွဲယူသွားသည့် ရေယာဉ်က မော့စ် [illegible]သင်္ဘော။

ဝေါလေ့စ်က မော့စ်နောက်ဘက် ကိုက်သုံးရာအကွာမှ လိုက်ပါလာကာ [illegible]တန်နစ်က မော့စ်နောက်ဘက် ကိုက် ၄၀၀ အကွာလောက်မှာ။

ရှေ့မှ ဆွဲသင်္ဘောနှစ်စီးက စက်ရှိန်ရလာသည့်အချိန်၌ တိုင်တန်နစ်သင်္ဘော [illegible]က ဆွဲသင်္ဘောများဆွဲခေါ်ရာနောက်သို့ ဦးမော့၍ လိုက်ပါလာ၏။

တိုင်တန်နစ်သင်္ဘောကြီး၏ အလွန်မြင့်သော ပဲ့ထိန်းစင်ပေါ်မှ မျှော်၍ကြည့် [illegible]လျှင် ဆွဲသင်္ဘောနှစ်စီးမှာ ကစားစရာ စက္ကူသင်္ဘောကလေးများပမာ။

တဖြည်းဖြည်း ပို၍ ပို၍ ကြီးလာသည့် လှိုင်းလုံးကြီးများအကြားတွင် [illegible]သင်္ဘောနှစ်စီးက မြုပ်ချည် ပေါ်ချည်။

ဤကဲ့သို့ သေးငယ်သည့် ဆွဲသင်္ဘောနှစ်စီးက တိုင်တန်နစ်လို [illegible] [illegible]တော့သည့် သင်္ဘောကြီးကို ဆွဲယူ၍ ရမှရနိုင်ပါ့မလားဟု ထင်မိ[illegible]

သို့သော် ဆွဲသင်္ဘောနှစ်စီးရှိ မြင်းကောင်ရေတစ်သောင်းအား [illegible]



www.burmeseclassic.com

www.burmeseclassic.com



တန်ချိန် လေးသောင်းငါးထောင်ကျော်ရှိ တိုင်တန်နစ်အား ဆွဲယူနေနိုင်သည်ကတော့ အမှန်။

တိုင်တန်နစ် ဦးဘက်ပိုင်းမှ ဘေးတစ်ဖက်တစ်ချက်ဆီသို့ ဖြာ၍ထွက်လာသည့် ရေလှိုင်းဂယက်များက တိုင်တန်နစ်သင်္ဘောကြီး၏ မေးမှိန်နေပြီဖြစ်သော ဝဲလင်းဆိုးမျဉ်းမှတ် 'ဖောင်း'အထိ လာ၍ရိုက်ခတ်နေကြ၏။

ပလင်းဆိုးမျဉ်းမှတ်ဆိုသည်မှာ ရေယာဉ်တစ်ခုတွင် မည်သည့်အလေးချိန်ထိ ကုန်ပစ္စည်းများ တင်နိုင်သည်ကို ပြသထားသည့် အမှတ်အသား၊ သို့မဟုတ် 'ဖောင်း'။

တိုင်တန်နစ်သင်္ဘောကြီးက လှိုင်းကြမ်းကြမ်းနှင့် လေကြမ်းကြမ်းကို ဖြတ်ကာ ရွေ့သည်ဆိုရုံမျှ ရွေ့လျားနေ၏။

နယူးယောက်ဆိပ်ကမ်းကား ဟိုအဝေးကြီးဆီမှာ။

ရေမိုင် ၁၂၀၀ ဆိုသည်မှာ သာမန်သင်္ဘောတစ်စီးအဖို့ ဝေးလှသည့်ခရီး မဟုတ်။

သို့ရာတွင် တိုင်တန်နစ်လို စက်အလုပ် မလုပ်နိုင်တော့သည့် သင်္ဘောကြီးတစ်စီးကို ဆွဲယူနေရသည့် ဆွဲသင်္ဘောရေယာဉ်နှစ်စီးအဖို့ သည်ခရီးက ရေကန္တာရ။

မည်သို့ပင်ဖြစ်စေ ၁၉၁၂ ခုနှစ် တစ်ခုသော ညအချိန် ပင်လယ်ရေအောက်သို့ စုံးစုံးနစ်မြုပ်သွားခဲ့သော တိုင်တန်နစ်သင်္ဘောကြီးကား ယခုအချိန်တွင် ရေမျက်နှာပြင်ပေါ်၌ ပြန်၍ ပေါ်တက်လာကာ နယူးယောက် ဆိပ်ကမ်းဆီသို့ ဦးတည်နေနိုင်ခဲ့ပြီ မဟုတ်လား။

[ ၅၀ ]

ကြမ္မာဆိုးကို သယ်ပိုး၍လာတော့မည်ဟု ထင်ရသော တိမ်တိုက် မည်းမှောင်မှောင်များက တောင်ဘက် မိုးကုပ်စက်ဝိုင်းဆီတွင် တပ်ချီလျက်။

မုန်တိုင်းကြမ်းကြီးတစ်ခု သရမ်းလာတော့မည်ကို ရှေ့တော်ပြေး နိမိတ်ပြချက်။

ကြည့်နေရင်းကပင် တိမ်တိုက် မည်းမှောင်မှောင်များက တစ်မိုးလုံး ပြန့်လာ၏။





ပင်လယ်ရေပြင်၏အရောင်က မည်းမှောင်မှောင် ညိုညစ်ညစ်။

အံ့ဩစရာကောင်းနေသည်မှာ လေက ပြင်းနေရာမှ ရုတ်ခြည်း ပျောက်သွားသည်။

သို့သော် ခဏ ခဏ နေရာပြောင်းကာ လေရှူးထနေ၏။

ဆယ်ယူရေးသင်္ဘောအုပ်စုနားတွင် တဝဲလည်လည် ပျံသန်းနေခဲ့ကြသည့် ပင်လယ်စင်ရော်များကိုလည်း မမြင်ရတော့။

အလျားလိုက် ရွေ့လျားနေသော တိုင်တန်နစ်သင်္ဘောကြီး၏ ကိုယ်ထည်နှင့် ထောင့်မှန်ကျကျ ကိုက်ငါးရာအကွာလောက်တွင် တိုက်သင်္ဘော ဂျူးနော့က မှန်မှန်ကြီးခုတ်မောင်းနေ၏။

မိမိတို့ အသက်ရှင်ရေးအတွက် သည်သင်္ဘောကြီး တစ်စီးသာ အားကိုးစရာ ရှိနေကြောင်း ဂျိုးမာတင်က နားလည်ပြီးသား။

ဂျိုးမာတင်က လက်မှနာရီကို ကြည့်လိုက်သည်။ ပြီးမှ သင်္ဘောဝဲဘက် လက်ရန်းကို ကျော်၍ ကြည့်လိုက်၏။ ပြီးမှ အားကစားခန်းမ အဝင်ဝတံခါး ရှိရာသို့ ဖြည်းဖြည်းနှင့်မှန်မှန် ချဉ်းကပ်လာခဲ့၏။

'ကျုပ်တို့လူတွေ ပွဲပိုင်းအခန်းထဲမှာ အားလုံး စုံစုံညီညီရှိကြရဲ့မဟုတ်လား'

ဂျိုးမာတင်က မေးရိုးမေးစဉ် ဟန်အမူအရာအတိုင်း ပိုင်းလော့အဲလ်ဘတ်အား မေးလိုက်၏။

ရေခဲတုံးမျှ အေးစက်လှသည့် လေဒဏ်ကို လေသာပေါက် ပုဏ္ဏားကွယ်နားတွင် ခိုရင်း ရှောင်တိမ်းနေသည့် အဲလ်ဘတ်က–

'အဖွဲ့သားအားလုံးကို အခန်းထဲက ဘယ်သူမှ မထွက်ရဘူးလို့ အမိန့်ပေးထားခဲ့တော့ ကြာလာတော့လည်း ဂနာမငြိမ်ဖြစ်လာကြတယ်'

'ဗိုလ်ချုပ်ကြီးဆန်ဒက်ကာသာ မရှိရင် ဆူပူသောင်းကျန်းမှုတွေတောင် ဖြစ်လာမှာစိုးရတယ်'

'အဖွဲ့သားတိုင်း ဒီလိုဖြစ်နေကြတာလား'

'အဖွဲ့သားတိုင်းပဲပေါ့'

'သေချာရဲ့လားဗျ'

'အဲလ်ဘတ်က ဘယ်တော့မှ မသေချာဘဲမပြောဘူး။ ပွဲအခန်းထဲက [illegible] အဖွဲ့သားမှ ထွက်မသွားအောင် ကျွန်တော် ထိန်းထားခဲ့တယ်၊ အိမ်[illegible] တယ်ဆိုတာတောင် သွားခွင့်မပေးခဲ့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျုပ်တို့စည်းဝါးရိုက်ထားတဲ့အတိုင်း ဆက်လုပ်ဖို့က ကျုပ်တာဝန်ဖြစ်လာပြီ၊ ခင်ဗျားက သူတို့အဖွဲ့ထဲသွားပြီး သူတို့မပျင်းအောင် လုပ် နေပါ'

'ဘယ်လိုလုပ်ရမှာတုံး'

'ရယ်စရာပြက်လုံးတွေ ပြောနေပေါ့ဗျာ'

ဂျိုးမာတင်က လက်မှနာရီကို ထပ်ကြည့်လိုက်ပြီး အားကစားခန်းမထဲသို့ ဝင်လာခဲ့၏။

ဆွဲသင်္ဘောနှစ်စီးက တိုင်တန်နစ်အား ဆွဲယူသွားခဲ့သည်မှာ ယခုဆိုလျှင် သုံးနာရီတိတိ။

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာနှင့် ဦးစီးမှူး ဂန်းက မိုးလေဝသ အရာရှိဖရက်အနီးတွင် ဝိုင်းလျက်။

ဖရက်က ကက်ပရီကွန်သင်္ဘောကြီးမှ ပေးပို့နေသော မိုးလေဝသ သတင်းကို ရေဒီယိုမှတစ်ဆင့် လက်ခံယူနေ၏။

ယခုအချိန်တွင် ကက်ပရီကွန်က တိုင်တန်နစ်နှင့် အနောက်ဘက် မိုင်ငါးဆယ်အကွာမှာ။

ကျရောက်လာတော့မည့် မုန်တိုင်းကြီး၏ နောက်ဆုံးသတင်းက တုန်လှုပ်ချောက်ချားဖွယ်ရာ။

အားကစားခန်းမကြီး၏ နောက်ဘက်ပိုင်းတွင် ဓာတ်ငွေ့မီးဖိုများ ဘေး၌ အဖွဲ့သားများက ဝိုင်းဖွဲ့နေကြ၏။

အဖွဲ့သားများရှိရာသို့ ဂျိုးမာတင်က တည်ငြိမ်သောဣန္ဒြေဖြင့် လျှောက်လာခဲ့၏။

အဖွဲ့သားအားလုံးကပင် ဂျိုးမျက်နှာကို မျှော်လင့်ခြင်းများဖြင့် မော့ကြည့်လိုက်ကြသည်။

'အဖွဲ့သားတွေကို ဒီလိုစောင့်ဆိုင်းခိုင်းထားရတာကို အားနာပါတယ်။ ဒါပေမဲ့ အဖွဲ့သားတွေ စုံစုံညီညီရှေ့မှာမှ ပြောရမယ့်စကား ရှိနေလို့ပါ'

ဤတွင် စပင်ဆာက ကြားဝင်ကာ–

'ကျွန်တော်တို့မှာ ရေစုပ်ထုတ်တဲ့အလုပ်ကို ပစ်ထားခဲ့ရပြီး ဒီအခန်းထဲမှာ လာထိုင်နေရတာ နာရီဝက်လောက် ရှိနေပြီ။ ပြောစရာရှိရင်လည်း မြန်မြန်ကလေး ပြောဗျာ'

'ပြောစရာကတော့ တိုတိုကလေးပါပဲ'





ဂျိုးမာတင်၏ လေသံက ညှံ့ညှံ့သက်သက်။

'လေမုန်တိုင်းကြီးတိုက်မလာခင် ကက်ပရီကွန်သင်္ဘောကြီးက စတူးဂရစ်ရဲ့ ရုပ်တော်ဥ ဟာ ဒီသင်္ဘောကုန်းပတ်ပေါ်ကို နောက်ဆုံးအခေါက်အဖြစ် ဆယ်မိနစ်အတွင်းမှာ ရောက်လာလိမ့်မယ်။

ဒီတော့ ပိုင်းလော့အဲလ်ဘတ်နဲ့ ကျွန်တော်မှတစ်ပါး အဖွဲ့သားအားလုံး... အဖွဲ့သားအားလုံးဆိုတဲ့နေရာမှာ ရေကြောင်းဗိုလ်ချုပ်ကြီး အပါအဝင် အဲဒီ ရုပ်တော်ဥနဲ့ ကက်ပရီကွန်သင်္ဘောကြီးပေါ်ကို ပြန်လိုက်သွားကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်'

'ဟော့...ဂျိုး၊ မင်း စိတ်မှကောင်းသေးရဲ့လား'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက အသံမာမာဖြင့် မေးလိုက်သည်။

'စိတ်မကောင်းတာကတော့ အမှန်ပါပဲ ဗိုလ်ချုပ်ကြီး၊ ဒါပေမဲ့ ကျွန်တော် လုပ်နေတာဟာ အမှန်လို့ ကျွန်တော် ယုံကြည်တယ်'

'ဘာကြောင့် မှန်တယ်ဆိုတာ ရှင်းပြစမ်း'

ဆန်ဒက်ကာက မြွေငါးလေးတစ်ကောင်ကို ခုန်အုပ်တော့မည့် ကြောင်ကြီးတစ်ကောင်လို မာန်ဖီလျက်။

စောစောက စည်းဝါးရိုက်ထားသည့်အတိုင်း ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာ၏ အမူအရာ လေသံက ဟန်ချက်ညီလှသည်။

'ကျွန်တော်လုပ်နေတာ မှန်တယ်ဆိုတဲ့အကြောင်း သက်သေပြဖို့ အချက်အလက်တွေ အများကြီးရှိပါတယ်။

ဒီတိုင်တန်နစ်သင်္ဘောကြီးဟာ ရောက်လာတော့မယ့် မုန်တိုင်းကြီးရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့ အခြေအနေ မရှိပါဘူး'

ဤတွင် စပင်ဆာက ကြားဝင်ကာ...

'ဒီသင်္ဘောကြီးဟာ လူလုပ်ထားတဲ့ ပစ္စည်းတွေထဲမှာ ပိရမစ်ထက်တောင် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်တိုးပြီး ကြံ့ကြံ့ခိုင် နေနိုင်ခဲ့တယ်။

ခုတော့ အနာဂတ်ကို ကြိုပြီး မြင်နိုင်တော်မူတဲ့ ဂျိုးက မုန်တိုင်းတိုက်တော တာနဲ့တစ်ပြိုင်နက် ဒီသင်္ဘောကြီးဟာ မြုပ်သွားတော့မယ်လို့ [illegible] နေပါကလား'

ဂျိုးမာတင်က...

'မြုပ်မသွားဘူးလို့ ဘယ်သူအာမခံနိုင်မလဲ၊ မြုပ်မသွား



www.burmeseclassic.com

www.burmeseclassic.com



ဒီသင်္ဘောပေါ်မှာ ဆက်နေတဲ့ အဖွဲ့သားတွေအတွက် အန္တရာယ်ရှိနိုင်တယ် မဟုတ်လား။

ဒီတော့ မလိုအပ်ဘဲနဲ့ စွန့်စားတာဟာ မိုက်မဲရာကျမနေဘူးလား'

ဤတွင် ဘင်ဒရမ္မာက ကြားဝင်လာသည်။ သူက သုတ်တော့မည့် သိမ်းစွန်တစ်ကောင်လို။

'ခင်ဗျားနဲ့ အဲလ်ဘတ်အပြင် ဒီသင်္ဘောပေါ်မှာ ဘယ်အဖွဲ့သားမှ ဆက်မနေရဘူးဆိုတော့ ကျွန်တော်တို့အဖွဲ့သားတွေ ဒီသင်္ဘောကြီး ဖော်ယူရေးအတွက် ကိုးလလုံးလုံး အဆင်းရဲ အပင်ပန်းခံခဲ့ရတာတွေ အလကားဖြစ်မသွားဘူးလား'

'အင်း...မောင်ရင်ပြောလိုက်တာ အချက်ပိုင်လှတယ်'

ဂျိုးမာတင်က တည်ငြိမ်သောလေသံဖြင့် မှတ်ချက်ချလိုက်၏။

'သင်္ဘောကြီးထဲမှာ ဝင်နေတဲ့ ရေတွေကို စုပ်ထုတ်ဖို့အတွက် အနည်းဆုံး လူလေးယောက်တော့ ရှိနေမှဖြစ်မယ်'

'ရေအောက်ကိုရောက်နေတဲ့ သင်္ဘောရောမှာ နောက်ထပ် အပေါက်အပြဲတွေ ပေါ်လာရင် လိုက်ပြီး ဖာထေးဖို့ လူတွေလည်း လိုသေးတာပဲ မဟုတ်လား'

ထောက်ခံလိုက်သူက ဦးစီးမှူးဂန်း။

ဤတွင် ဘင်ဒရမ္မာက ပြန်၍ ကြားဝင်လာပြန်၏။

'ဂျိုးနဲ့ အဲလ်ဘတ်က လူစွမ်းကောင်းကြီးတွေလုပ်ပြီး ကျွန်တော်တို့အသက်ကို ကယ်မယ်ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ကျွန်တော်တို့ တစ်ဖွဲ့သားလုံးဟာ သေရင်လည်း အတူတူ၊ ရှင်ရင်လည်း အတူတူဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူနှစ်ယောက်တည်းနဲ့ ဒီသင်္ဘောကြီးကို ရေပေါ်မှာပေါ်နေအောင် ဘယ်လိုမှ မလုပ်နိုင်လို့ပဲ။

ကျွန်တော်ကတော့ အဖွဲ့သားအားလုံး ဒီသင်္ဘောပေါ်မှာ ဆက်နေဖို့ လိုလားတယ်'

စပင်ဆာက ရေစုပ်အဖွဲ့မှ မိမိအဖွဲ့သားခြောက်ယောက်၏ မျက်နှာကို တစ်လှည့်စီကြည့်လိုက်၏။

အအိပ်ပျက်၊ အစားပျက်ခဲ့ရသဖြင့် သူတို့မျက်နှာများက ချောင်ကျနေ၏။

သို့တိုင်အောင် သူတို့က သင်္ဘောပေါ်တွင် ဆက်နေမည်ဟူသော အဓိပ္ပာယ်ဖြင့် ခေါင်းညိတ်၍ပြလိုက်ကြသည်။

ထို့နောက်မှ စပင်ဆာက ထ၍ ရပ်လိုက်ကာ ဂျိုးမာတင်အား...





'ဝမ်းနည်းပါတယ် ခေါင်းဆောင်ကြီးခင်ဗျား၊ ကျွန်တော် စပင်ဆာနဲ့ ကျွန်တော့် ရေစုပ်သမားတွေကတော့ ဒီသင်္ဘောပေါ်မှာ ဆက်ပြီး တာဝန် ထမ်းဆောင်နေဖို့ ဆုံးဖြတ်ကြပါတယ်'

ဤတွင် ဝုဆန်က...

'ကျွန်တော်လည်း သူတို့လိုပဲ'

ဦးစီးမှူးဂန်းကလည်း...

'အဲဒီအထဲမှာ ကျွန်တော့်ကိုပါ စာရင်းသွင်းလိုက်စမ်းပါ'

ဝေါလေ့စ်ဆွဲသင်္ဘောပေါ်မှ တိုင်တန်နစ်ပေါ်သို့ ရောက်ရှိနေသော သင်္ဘောသား ဘာစကွန်ကြီးက ဂျိုးမာတင်၏လက်မောင်းကို အသာကိုင်လိုက်ပြီး...

'ကျွန်တော်နဲ့ ကျွန်တော့်လူနှစ်ယောက်ကလည်း ဒီသင်္ဘောပေါ်မှာ ဆက်နေဖို့ လိုပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ မုန်တိုင်းထန်နေတဲ့အချိန်မှာ ဆွဲကြိုးက လွန်းတွေ ပြတ်ထွက်သွားရင် ချက်ချင်းပြန်ဆက်နိုင်ဖို့။ နောက်ပြီး ဆွဲကြိုးမှာ စက်ဆီတွေ အချိန်မှန်မှန်ထည့်ပေးဖို့ လိုနေလို့ပါပဲ'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ကျေနပ်သွားသည့် အမူအရာဖြင့်...

'ဟော့...ဂျိုး၊ ဒီတစ်ပွဲမှာ မင်းတော့ ရှုံးသွားပြီ၊ ကျုပ်အပါအဝင် အဖွဲ့သားအားလုံး ဒီသင်္ဘောပေါ်မှာ ဆက်နေကြမယ်'

စတူးဂရစ်၏ ရဟတ်ယာဉ်က တိုင်တန်နစ် သင်္ဘောကြီး အညောင်းဖြေစခန်း အမိုးပေါ်သို့ ဆင်းသက်ရန်အတွက် ဝဲပျံနေသံကို ကြားလာရ၏။

ဂျိုးမာတင်က ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

'ဒါဖြင့်လည်း အများဆုံးဖြတ်တဲ့အတိုင်း ဖြစ်ရမှာပေါ့လေ'

သူ့အသံက နွမ်းလျနေလေသည်။

သူက အားယူ၍ တစ်ချက်ပြုံးလိုက်ပြီး...

'ဒီလိုဆိုရင်လည်း ခင်ဗျားတို့ အပန်းဖြေကြဦးလေ၊ အပန်းဖြေပြီးရင်တော့ ဝမ်းဗိုက်ထဲမှာ အစာတွေဖြည့်ထားဖို့ လိုလိမ့်မယ်။

ဒီလိုဖြည့်လိုက်တာဟာ ခင်ဗျားတို့အဖို့ နောက်ဆုံးအစာဖြည့်ခြင်း [illegible] ဖြစ်နိုင်တယ်။

ခုအချိန်ကစပြီး နောက်နာရီပိုင်းအတွင်းမှာ ကျွန်တော်တို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်တိုက်လာမယ့် မုန်တိုင်းကြီးရဲ့ အရှိန် လေးပုံတစ်ပုံထဲကို ဖြတ်ကျော်ရမှာကြောင့်ပဲ။

အဲဒီလို ဖြတ်ကျော်တဲ့အချိန်မှာ ဘယ်လိုအန္တရာယ်တွေ ဖြစ်လာနိုင်မယ်ဆိုတာ ခင်ဗျားတို့လည်း ခန့်မှန်းနိုင်ကြပါလိမ့်မယ်'

ဂျိုးမာတင်က အဖွဲ့သားများအား ကျောခိုင်းလိုက်ပြီး ရဟတ်ယာဉ် ဆင်းသက်မည့် ကုန်းပတ်ရှိရာသို့ လျှောက်လာခဲ့၏။

'အင်း…သဏ္ဌာန်လုပ် သရုပ်နဲ့ တူအောင်တော့ ကျုပ်တို့ခေါင်းဆောင်တွေ လုပ်နိုင်ခဲ့ကြတယ်။ စောစောက ရေကြောင်းဗိုလ်ချုပ်ကြီးနဲ့ စည်းဝါးရိုက်ထားခဲ့တဲ့အတိုင်း ကျုပ်တို့လိုချင်တာတော့ ဖြစ်လာခဲ့ပြီ'

ဂျိုးမာတင်က ကျေနပ်ပြုံး ပြုံးလိုက်မိလေသည်။

[ ၅၁ ]

ရဟတ်ယာဉ်ပိုင်းလော့ စတီးဂရစ်က အရပ်ပုပု၊ ပိန်ပိန်ပါးပါး။

သူ့ပါးစပ်တွင် စီးကရက်စွပ်တံရှည်ရှည်ကို ကိုက်ထားသည်။

ရဟတ်ယာဉ် စက်ခန်းမှ ဆင်းရုံသာ ဆင်းလာပြီး သင်္ဘောကုန်းပတ်ပေါ်သို့ မရောက်သေး။ ရဟတ်ယာဉ် ခြေနင်းခုံတွင် သူက တစ်ခုခုကို လိုက်ရှာနေ၏။

ဤအခိုက်တွင်ပင် ဂျိုးမာတင်က ရဟတ်ယာဉ်ဆင်းသက်ရာ ကုန်းပတ်ပေါ်သို့ ရောက်လာ၏။

တစ်ခုခုကို ငုံ့၍ရှာနေသော စတူးဂရစ်က မော့ကြည့်လိုက်ပြီး ဂျိုးမာတင်အား လှမ်းမေးလိုက်သည်။

'ဒီက လိုက်မယ့်လူ ဘယ်နှစ်ယောက်ရှိလဲ'

'ဒီတစ်ခေါက်တော့ တစ်ယောက်မှ မရှိဘူး'

ရဟတ်ယာဉ်ပိုင်းလော့ စတူးဂရစ်က စီးကရက်စွပ်တံတွင် စွပ်ထားသည့် စီးကရက်မှ ပြာများကို ခါချလိုက်ပြီး…

'ဒီကို မလာဘဲ ကက်ပရီကွန်သင်္ဘောမှာရှိတဲ့ ကျွန်တော့်အခန်းမှာ ကွေးနေလိုက်ရင် ကောင်းသားဗျာ။

မုန်တိုင်းကြီးတိုက်လာတော့မယ့်ဆဲဆဲမှာ ရဟတ်ယာဉ်နဲ့ပျံရတာ အန္တရာယ်





များလှတယ်'

ဤတွင် ဂျိုးမာတင်က…

'ဒါဖြင့်လည်း ကက်ပရီကွန်သင်္ဘောကြီးဆီကို ပြန်တော့လေ၊ မုန်တိုင်းက အချိန်မရွေး ကျလာနိုင်တယ်'

စတူးဂရစ်က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး…

'မထူးပါဘူးဗျာ၊ ကျွန်တော် ဒီက ဘယ်မှမသွားတော့ပါဘူး'

စတူးဂရစ်စကားကို ဂျိုးမာတင်က…

'ခင်ဗျား ဘာအဓိပ္ပာယ်နဲ့ပြောတယ်ဆိုတာကို ကျွန်တော်တော့ နားမလည်ဘူး'

'ကျွန်တော် ဒီမှာပဲနေရတော့မယ်ဆိုတာကို ပြောတာပါ'

ဤသို့ပြောရင်း စတူးဂရစ်က ရဟတ်ယာဉ်အထက်ဘက်ရှိ ရဟတ်ပြားများဆီသို့ မေးငေါ့ပြလိုက်၏။

ရဟတ်နှစ်ခုအနက် တစ်ခုမှ ရဟတ်ပြားအဖျားဘက် နှစ်ပေလောက်သည် ချိုးထားခြင်းခံရသော လက်တစ်ဖက်လို တွဲလောင်းကြီးကျနေလေသည်။

'ဒီသင်္ဘောပေါ်က တစ်ယောက်ယောက်က လက်ကမြင်းလိုက်တာလေ'

ဂျိုးမာတင်က တွဲလောင်းကျနေသည့် ရဟတ်ယာဉ်ပြားအဖျားကို စိုက်ကြည့်နေရာမှ…

'ကုန်းပတ်ပေါ်ကို အဆင်းမှာ တစ်ခုခုနဲ့များ ဝင်တိုက်မိသလားဗျာ'

ပိုင်းလော့စတူးဂရစ်က မိမိသိက္ခာကို လာထိနေသည့် မေးခွန်းကြောင့် အခံရခက်သွားပြီး…

'ရဟတ်ယာဉ်အတက်မှာဖြစ်စေ၊ အဆင်းမှာဖြစ်စေ ဘာနဲ့မှ ဝင်မတိုက်ခဲ့မိဘူး။

ဟောဒီမှာကြည့်စမ်း၊ ဘယ်သူက ကျွန်တော့်ရဟတ်ယာဉ် ရဟတ်ပြားကို တူနဲ့ လှမ်းပေါက်တယ် မသိဘူး'

စတူးဂရစ်က ရဟတ်ယာဉ်ခြေနင်းခုံ တစ်နေရာမှ ရှာဖွေတွေ့ရှိလာသည့် တူတစ်လက်ကို ဂျိုးမာတင်အား ထောင်၍ပြလိုက်သည်။

ဂျိုးမာတင်က တူကို လှမ်းယူလိုက်ပြီး စေ့စေ့စပ်စပ်ကြည့်နေ၏။

တူလက်ကိုင်နေရာတွင် ရာဘာပြား စွပ်ထားသည်ကို [illegible]

တစ်စုံတစ်ယောက်သောသူက တူကို လက်ကိုင်ဘက်မှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဆုပ်ကိုင်ကာ ရဟတ်ပြားကို အားကုန်ထုလိုက်ခြင်းသာ ဖြစ်နိုင်သည်။

တူကို လက်ကိုင်တွင် ရာဘာပြားများ စွပ်ထားသဖြင့် ရဟတ်ပြားကို ထုရိုက်ရာ၌ အသံကျယ်ကျယ် ထွက်မလာအောင် တမင်တကာ ကြံစည်လုပ်ကြံလိုက်သည့် ပုံစံမျိုး။

တူလက်ကိုင်တွင် စွပ်ထားသည့် ရာဘာပြားက ဟက်တက်ကြီး ကွဲနေလေသည်။

'ကျွန်တော်ကတော့ ဦးစိုးမူးတို့အဖွဲ့က အဖွဲ့သားတွေအတွက် အသက်အန္တရာယ် စိုးရိမ်ပြီး အကူအညီပေးဖို့လာတာ ဦးစိုးမူးရဲ့လူတွေ ကျွန်တော့်အပေါ် တုံ့ပြန်လိုက်တဲ့ စေတနာကတော့ ဦးစိုးမူး မြင်တဲ့အတိုင်းပါပဲ'

'ဝမ်းနည်းပါတယ် စတူးဂရစ်၊ ကျွန်တော်ပြောချင်တာကတော့ ခင်ဗျား ကောက်ချက်ချတာ ဓောမှားနေသလားလို့'

'မဖြစ်နိုင်တာပဲ ဦးစိုးမူး၊ တူက သူ့ဟာသူ လေထဲမှာပျံပြီး ရဟတ်ပြားကို လာမထိနိုင်ပါဘူး။

'ကျွန်တော် ရဟတ်ယာဉ်နဲ့ ဆင်းနေတဲ့အချိန်မှာ ဦးစိုးမူးရဲ့ အဖွဲ့သားတစ်ယောက်ယောက်က တူနဲ့လှမ်းပေါက်လိုက်တာပဲ ဖြစ်ရမယ်'

'ခင်ဗျားထင်တာတွေ လွဲနေပြီ၊ ရဟတ်ယာဉ်ဆင်းလာတဲ့အချိန်မှာ အနီးအနားမှာ ကျွန်တော်တို့လူဆိုလို့ တစ်ယောက်မှမရှိဘူး၊ သူတို့ဘယ်မှာနေတယ်ဆိုတာ ကျွန်တော် သေသေချာချာသိတယ်'

'ခင်ဗျား ရဟတ်ယာဉ်က ရဟတ်ပြားကို တူနဲ့ထုပြီး ချိုးပစ်လိုက်တဲ့လူဟာ ခင်ဗျားနဲ့အတူပါလာတဲ့လူပဲဖြစ်ရမယ်'

'ကျွန်တော်က ဒီလောက်အထိတော့ မအ,သေးပါဘူး၊ ကျွန်တော့် ရဟတ်ယာဉ်ပေါ်မှာ လူအပိုတစ်ယောက် ပါလာတယ်ဆိုရင် ကျွန်တော် မသိ၊ မမြင်ဘဲနေပါ့မလား'

'ကျွန်တော့်ရဟတ်ယာဉ် ဒီကုန်းပတ်နဲ့ ပေတစ်ရာလောက် အကွာမှာသာ ဒီလို တူနဲ့လှမ်းပြီး အပေါက်ခံခဲ့ရရင် ကျွန်တော်ရော ရဟတ်ယာဉ်ပါ ဒီကုန်းပတ်ပေါ်မှာ ပွဲချင်းပြီးသွားလိမ့်မယ်'

'စတူးဂရစ်...ခင်ဗျား ကောက်ချက်က မှားနေပြီ၊ ခင်ဗျား ရဟတ်ယာဉ်ပေါ်မှာ ပါလာတာက ခရီးသည်မဟုတ်ဘူး၊ ခိုးစီးလာတဲ့လူ။

အဲဒီလို ခိုးစီးလာတဲ့လူကလည်း လူအ, မဟုတ်ဘူး။





အဲဒီလူက ခင်ဗျားရဟတ်ယာဉ် ကုန်းပတ်ပေါ်မှာ ဆင်းပြီးတဲ့ အချိန်အထိ စောင့်နေပြီးမှ ရဟတ်ပြားကို တူနဲ့ထုပြီး ဖျက်ဆီးပစ်လိုက်တာ။

ဖျက်ဆီးတဲ့နေရာမှာလည်း အသံဗလံ ဆူဆူညံညံ ထွက်မလာရအောင် ရာဘာပြားစွပ်ထားတဲ့ လက်ကိုင်ရှိးနဲ့ထုပြီး ဖျက်ဆီးလိုက်တာလေ။

ဒီလို ထုရိုက်ဖျက်ဆီးပြီးတဲ့နောက်မှ အဲဒီလူက ရဟတ်ယာဉ်မှာရှိတဲ့ ကုန်လှောင်ပေါက် အံဖုံးကိုဖွင့်ပြီး အပြင်ကို ထွက်ပြေးသွားတာ။

ခုအချိန်လောက်ဆိုရင်တော့ အဲဒီလူဟာ လုံခြုံတဲ့နေရာမှာ ပုန်းနေမိပြီးသား ဖြစ်နေရောမယ်။

ဒီလူကို ဒီသင်္ဘောကြီးပေါ်မှာ လိုက်ရှာဖို့ကတော့ မလွယ်ဘူး၊ ပိန်းပိတ်အောင် မှောင်နေတဲ့ စင်္ကြံလမ်းတွေ၊ အခန်းတွေကို လျှောက်ပြီးရှာမယ်ဆိုရင် မိုင်ငါးဆယ်ခရီးကို မှောင်နဲ့မည်းမည်း လိုက်ရှာနေရတာနဲ့ တူမှာပဲ'

ပိုင်းလော့စတူးဂရစ်က မျက်နှာတစ်ချက်သေသွားပြီး...

'ဘုရားရေ...ဦးစိုးမူးပြောတဲ့အတိုင်း ဘယ်နှယ်ဖြစ်နိုင်ပါ့မလဲ၊ ရဟတ်ယာဉ်မှာရှိတဲ့ ကုန်လှောင်ပေါက် အံဖုံးက ကျွန်တော်ရှိနေတဲ့ ထိန်းချုပ်ခန်းကနေပြီး ခလုတ်နှိပ်လိုက်မှ ပွင့်သွားနိုင်တဲ့ အီလက်ထရွန်းနစ်နည်းနဲ့ လုပ်ထားတဲ့ အံဖုံးပဲ'

'ဒါဖြင့် ကုန်လှောင်ပေါက်ကနေ တခြားထွက်ပေါက်ဆိုလို့ တစ်ခုမှမရှိတော့ဘူးလား'

'ရှိတော့ရှိတယ်၊ ဒါကလည်း ကုန်လှောင်ပေါက်ကနေ ထွက်လိုက်ရင် ကျွန်တော်ရှိနေတဲ့ ထိန်းချုပ်ခန်းထဲကိုသာ ရောက်နိုင်တဲ့ တံခါးပေါက်ပဲ။

ခိုးစီးလာတဲ့လူက ကျွန်တော်ရှိနေတဲ့ ထိန်းချုပ်ခန်းထဲက ဖြတ်ပြီး ကျွန်တော် မမြင်အောင် ဘယ်လိုလုပ်ပြီး လစ်ပြေးနိုင်မှာလဲ'

ဂျိုးမာတင်က ကုန်လှောင်ခန်းပေါက်ရှိ အီလက်ထရွန်နစ်နည်းဖြင့် ပိတ်ထားသည့် အံဖုံးကို အတန်ကြာ ကြည့်ရှုနေသည်။

ပြီးမှ စတူးဂရစ်ဘက်သို့လှည့်ကာ...

'မမျှော်လင့်တဲ့ ဧည့်သည်တော်ကြီးတစ်ဦးကို ကျွန်တော်တို့က [illegible] ကြိုဆိုလို့ ဘယ်သင့်တော်ပါ့မလဲ'

'ဒီဧည့်သည်တော်ကြီးကို လေကောင်းလေသန့်ရအောင် [illegible] ဆွဲထုတ်ဖို့ လိုနေပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလော့ စတူးဂရစ်က ကုန်းပတ်ပေါ်တွင် တောင့်တောင့်ကြီး ရပ်နေလိုက်မိ၏။

ဂျိုးမာတင်၏ လက်ထဲတွင် ဆိုင်လင့်ဆာ တပ်ထားသည့် အော်တိုမက်တစ်ပစ္စတိုတစ်လက်ကို မြင်လိုက်ရသောကြောင့်။

'ဟုတ်တယ်…ဟုတ်တယ်၊ ဦးစိမ္မူးပြောတဲ့အတိုင်း ဧည့်သည်တော်ကြီးကို အပြင်ဘက်ဆွဲထုတ်ရမယ်'

ပိုင်းလော့ စတူးဂရစ်က ပြောပြောဆိုဆိုဖြင့် ထိန်းချုပ်ခန်းရှိရာသို့ လှေကားခြေနင်းခုံအတိုင်း တက်သွားပြီးနောက် ခလုတ်တစ်ခုကို နှိပ်လိုက်၏။

လျှပ်စစ်မော်တာများလည်သံက တဝီဝီပေါ်ထွက်လာပြီးနောက် ခုနစ်ပေမတ်လည်ရှိ အံဖုံးတံခါးက ထောင်၍ပွင့်လာကာ ရဟတ်ယာဉ်ကိုယ်ထည်ပေါ်တွင် မတ်မတ်ကြီးရပ်နေလေသည်။

အံဖုံးတံခါးများ ဟလာနေသည့်အချိန်၌ ပိုင်းလော့စတူးဂရစ်က သင်္ဘောကုန်းပတ်ပေါ်သို့ ပြန်ရောက်နေကာ ဂျိုးမာတင်နောက်ဘက်နားတွင် အကာအကွယ်ယူထားပြီးသား။

အံဖုံးတံခါး ပွင့်သွားပြီးနောက် မိနစ်ဝက် ကြာသည်အထိ ဂျိုးမာတင်က သင်္ဘောကုန်းပတ်ပေါ်တွင် ရပ်လျက်။

စတူးဂရစ်အဖို့မှာ မိနစ်ဝက်ကို တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်နေရ၏။

ရဟတ်ယာဉ် ကုန်လှောင်ပေါက်ထဲမှ လှုပ်ရှားသံ ထွက်မလာ။

ပေါ်ထွက်နေသည့် အသံဗလံများက သင်္ဘောကိုယ်ထည်ကြီးကို လှိုင်းလုံးကြီးများ လာ၍ရိုက်နေသည့်အသံ။

တိုင်တန်နစ်သင်္ဘောကြီးတစ်ခုလုံးအား တိုး၍တိုက်လာသော လေပြင်းများဖြတ်ကျော်သွားသံ။

အားကစားခန်းမဆီမှ လွင့်ပါလာသော စကားပြောသံ။

ရဟတ်ယာဉ် ကုန်လှောင်ခန်းထဲမှ ခြေကို ခပ်ဖွဖွနင်းသံ၊ အစုတ်အစားချင်း ပွတ်မိ၍ ပေါ်ထွက်လာသံ၊ ခိုးကြောင် ခိုးဝှက်လုပ်နေသည့် အသံများ၊ အန္တရာယ်ပေးနိုင်လောက်သည့် လှုပ်ရှားသံ…

စသော အသံဗလံများ လုံးဝထွက်မလာ။





သည်တော့မှ ဂျိုးမာတင်က ရဟတ်ယာဉ်ပေါ်သို့ တက်လိုက်၏။

ရဟတ်ယာဉ် အပြင်ဘက်တွင် ကောင်းကင်တစ်ခုလုံး မှောင်မည်းနေသည်။ သို့ဖြစ်၍လည်း ရဟတ်ယာဉ်ထဲတွင် မှောင်ဝါးဝါး။

မည်သို့ပင်ဖြစ်စေ ကုန်လှောင်ခန်းထဲတွင် မှောင်ဝါးဝါး။

မည်သို့ပင်ဖြစ်စေ ကုန်လှောင်ခန်းတဲတွင် ပုန်းနေသူက ရဟတ်ယာဉ်ကြမ်းပြင်ပေါ်တွင် ရပ်နေသော မိမိအား အလွယ်တကူမြင်နိုင်သည်ကို ဂျိုးမာတင်က သိနေ၏။

ကြည့်စက ကုန်လှောင်ခန်းထဲတွင် ဘာမှမရှိဟု ထင်ရသည်။ သို့သော် အနားတွင်ရပ်နေသည့် စတူးဂရစ်က လက်ညှိုးကို ထိုးပြလိုက်တော့မှ လူတစ်ယောက် ကုန်းကုန်းကွကွ လုပ်နေသည့်ပုံ ပေါ်နေသည့် တာရပတ်အထည်ပုံကြီးကို ဂရုပြုမိတော့သည်။

'ဒီတာရပတ်ကြီးကို ဒီမလာခင် တစ်နာရီလောက်က ကျွန်တော်ကိုယ်တိုင် သေသေချာချာခေါက်ပြီး ကုန်လှောင်ခန်းထဲမှာ ထည့်ထားခဲ့တယ်၊ ခုတော့ တရပတ်ထည်ကြီးက…'

စတူးဂရစ်၏စကားမဆုံးမီ ဂျိုးမာတင်က ကုန်လှောင်ခန်းထဲသို့ ရောက်သွားပြီး တာရပတ်ကြီးကို ဆွဲဖယ်လိုက်၏။

ညာလက်ထဲတွင် မောင်းတင်ထားသည့်ပစ္စတိုက အသင့်။

ကုန်လှောင်ခန်း ကြမ်းပြင်ပေါ်တွင် ကွေးကွေးကလေး လဲကျနေသူက နှင်းခဲ၊ မိုးခဲ၊ လေဒဏ်ကို ခံနိုင်သော အပေါ်ဝတ်အင်္ကျီ ထူထူကြီးကို ဝတ်လျက်။

သူ့မျက်စိအစုံက စေ့စေ့ကြီးပိတ်နေ၏။

သတိလစ်နေကြောင်း ထင်ရှားနေသည်။

နဖူးဆံစပေါ်တွင် ညိုမည်းကာ သွေးခဲနေသည့် ဒဏ်ရာတစ်ခု။

ပိုင်းလော့စတူးဂရစ်က ကျောက်ရုပ်လို မလှုပ်မရှား။

သူ့မျက်စိများက ပြူးကျယ်နေကာ မျက်တောင်ကို စုံခတ်နေ၏။

သူက မယုံကြည်နိုင်သည့်ဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး [illegible] သည့်လေသံဖြင့် မေးလိုက်၏။

'ဒါ ဘယ်သူဆိုတာ ဦးစိမ္မူး သိသလား'

'သိတယ်၊ သူက ဒါနာခဲ့တဲ့ အမျိုးသမီး'



www.burmeseclassic.com

www.burmeseclassic.com



[ ၅၂ ]

ပင်လယ်ရေအောက် သုတေသန ရေယာဉ်တစ်စီးကဲ့သို့ ပုံဖျက်ထားသော ရှုးတိုက်သင်္ဘော မစ်ခေးခါကော့ ရပ်တည်လျက်ရှိသော ပင်လယ်ရေမျက်နှာပြင် အထက်ကောင်းကင်ဘက်တွင် ရတ်ခြည်းပင် ပိန်းပိတ်အောင်မှောင်လာ၏။

မှောင်ရီဖြိုးစတွင် လက်နေသော ကြယ်ကလေးများ အရောင်က ပျောက်ကွယ်သွားကာ လေကလည်း ကြမ်းလာသည်။ တစ်နာရီလျှင် မိုင်လေးဆယ်နှုန်းတိုက်လာသော လေပြင်းက ရောမ လှိုင်းခေါင်းဖြူကြီးများကို ရိုက်ချိုးပစ်လိုက်သကဲ့သို့။

ပုံထိန်းစင်ပေါ်ရှိ ဦးစီးမှူးပါရှောကင်၏ အခန်းက နွေးနွေးထွေးထွေး၊ သက်သောင့်သက်သာ။

ပါရှောကင်က ရေဒါတွင်ပေါ်လာသည့် တိုင်တန်နစ်သင်္ဘောကြီးကို ကြည့်နေ၏။ သူ့အနားတွင် ရပ်နေသူက ဗိုလ်ကြီးအင်ဒရီ။

'ဒီသင်္ဘောကို ဦးစီးမှူးအဖြစ် ကျွန်တော်ရောက်လာစတုန်းက ပင်လယ်ရေအောက် သုတေသနလုပ်ငန်းတွေကိုသာ လုပ်ရလိမ့်မယ်လို့ ကျွန်တော် ထင်ခဲ့တယ်။

နောက်ဆုံးလုပ်ရမှ ရန်သူ့သင်္ဘော အသွားအလာကို စောင့်ကြည့်တာလောက်ပဲ လုပ်ရလိမ့်မယ်လို့ ထင်နေခဲ့တယ်။

စစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ဘာညွှန်ကြားချက်မှ ရမထားခဲ့ဘူး'

ဦးစီးမှူးပါရှောကင်က ကျောင်းသားကလေးတစ်ယောက်အား လက်ချာရိုက်နေသော ပါမောက္ခတစ်ယောက်လို ပြောပြနေသည်။

ဗိုလ်ကြီးအင်ဒရီက လက်ကာ၍ တားလိုက်ပြီး

'စစ်နဲ့ စစ်ဆင်ရေးဆိုတဲ့ စကားလုံးတွေကို မသုံးပါနဲ့ ဦးစီးမှူး။

မကြာခင်ကလေးမှာ ကျွန်တော်တို့ ဆောင်ရွက်ရမယ့် စွန့်စားခန်းကလေးက ဥပဒေဘောင်အတွင်းက လုပ်ရမယ့် အလုပ်ပါ။

အနောက်နိုင်ငံတွေမှာတော့ ဒီလိုအလုပ်မျိုးကို စီမံကွပ်ကဲမှု အပြောင်းအလဲ လုပ်ခြင်းဆိုပြီး နာမည်ပေးကြတယ်'

ဦးစီးမှူး ပါရှောကင်က...

'ခင်ဗျားပြောတဲ့နာမည်ထက် ဖြောင်ကျကျ ပင်လယ်ဓားပြတိုက်ခြင်းဆိုတဲ့





နာမည်က ပိုပြီးမသင့်လျော်ဘူးလား။

'ကျွန်တော်တို့ ဆိပ်ကမ်းကခွာမယ်လုပ်နေတုန်း ခင်ဗျားတို့လွှတ်လိုက်တဲ့ ရေတပ်သားဆယ်ယောက်ကိုတော့ ခင်ဗျား ဘာယ်လိုခေါ်မလဲ။ ကုန်သည်ကြီးတွေလို့ ခေါ်မလား'

'ရေတပ်သားတွေလို့ မပြောပါနဲ့ဗျာ၊ အရပ်သား သင်္ဘောသားတွေလို့ ပြောပါ။

အင်း...ခင်ဗျားပြောတဲ့အတိုင်းပဲ ခေါ်ရတော့မှာပေါ့၊ ဒါပေမဲ့ ဒီလူ ဆယ်ယောက်မှာ ပါလာတဲ့လက်နက်တွေက တစ်ပုံကြီး'

'သင်္ဘောသားတွေ လက်နက်ပိုင်ဆိုင်ခွင့် မရှိဘူးဆိုတဲ့ ဥပဒေ၊ နိုင်ငံတကာဥပဒေထဲမှာ မရှိပါဘူး ဦးစီးမှူး'

'တကယ်လို့ ရှိတဲ့တိုင်အောင် ခင်ဗျားက ဥပဒေကို လက်တစ်လုံးခြားရှောင်ပြီးလုပ်မယ့်လူပါ'

'ဒါတွေအတွက် စိတ်ပျက်မနေစမ်းပါနဲ့ ဦးစီးမှူးရယ်'

ဗိုလ်ကြီးအင်ဒရီက ပါရှောကင်၏ကျောကို ချစ်စနိုးပုတ်ရင်း နှစ်သိမ့်လိုက်၏။

'ဒီနေ့ ဆောင်ရွက်ရမယ့်စွန့်စားခန်းကို ပြီးဆုံးတဲ့အထိ လုပ်ပြီးတဲ့အချိန်မှာ ခင်ဗျားရော ကျွန်တော်ပါ ဆိုဗီယက်ယူနီယံရဲ့ သူရဲကောင်းကြီးတွေ ဖြစ်လာမှာမလွဲဘူးဗျ'

'သူရဲကောင်းကြီးတွေမဖြစ်ဘဲ ရေရဲကောင်းကြီးတွေ ဖြစ်နေပါဦးမယ်ဗျာ'

ဦးစီးမှူးစကားသံက တုံးတုံးတိတိ။

ဒါလောက်လည်း စိုးရိမ်မနေပါနဲ့ဗျာ၊ အစီအစဉ်ကို တစ်ခုမှ အမှားအယွင်းမရှိအောင် လုပ်ထားတယ်'

'ဆယ်ယူရေး ရေယာဉ်တွေကို မုန်တိုင်းက အဝေးကို နှင်ပစ်လိုက်တော့ကျွန်တော်တို့အဖို့ အလုပ်လုပ်ရတာ ပိုပြီးလွယ်သွားတာပေါ့'

ဤတွင် ဦးစီးမှူး ပါရှောကင်က...

အမေရိကန် တိုက်သင်္ဘော ဂျူးနော့ကို မေ့ထားလို့ဖြစ်မလား၊ ကျွန်တော်တို့က တိုင်တန်နစ်အနား ဆောချင်းယှဉ်ကပ်သွားပြီး အဲဒီသင်္ဘော [illegible] အဲဒီသင်္ဘော အလံတိုင်က အလံကိုဖြုတ်ပြီး တူနဲ့ တံစဉ်ပါတဲ့ [illegible] လွှင့်ထူပြီးတဲ့အထိ ဂျူးနော့ တိုက်သင်္ဘောဦးစီးမှူးက ထိုင်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



လား'

ဗိုလ်ကြီးအင်ဒရိုက လက်ကိုမြှောက်ကာ လက်မှနာရီကို ကြည့်လိုက်၏။

'၂၂ နာရီနဲ့ မိနစ်နှစ်ဆယ်တိတိအချိန်မှာ ချူကလီးယား လက်နက်တပ်ဆင်ထားတဲ့ ကျွန်တော်တို့ ရေငုပ်သင်္ဘောတစ်စီးက မြောက်ဘက် မိုင်တစ်ရာလောက်အကွာမှာ ရေပေါ်ကိုတက်လာပြီး ကယ်ကြပါဆိုတဲ့ အကူအညီကို တောင်းလိမ့်မယ်။

အဲဒီလိုတောင်းတဲ့အခါမှာ ရေငုပ်သင်္ဘောက လာကူနာစတားဆိုတဲ့ မထင်ရှားတဲ့ ကုန်တင်သင်္ဘောတစ်စီးရဲ့ နာမည်ကို သုံးလိမ့်မယ်'

'အဲဒီလို S-O-S (အက်စ်–အို–အက်စ်) သတင်းပို့လိုက်တော့ ဂျူးနော့တိုက်သင်္ဘောက အဲဒီငါးစာကို လိုက်ဟပ်မယ်တဲ့လား'

'အမေရိကန်တွေဟာ အကူအညီတောင်းရင် ဘယ်တော့မှ ငြင်းပယ်တဲ့အလေ့ မရှိကြပါဘူး'

ဗိုလ်ကြီးအင်ဒရိုက ယုံယုံကြည်ကြည်ပင် စကားဆိုနေ၏။

'အမေရိကန်တွေမှာ၊ ဒုက္ခရောက်နေတဲ့လူတွေကို ကူညီချင်တဲ့စိတ်တွေရှိတယ်၊ ဒီတော့ ဂျူးနော့ကလည်း လာကူနာစတားရဲ့ အက်စ်–အို–အက်စ်ပို့သံကို တုံ့ပြန်တဲ့အနေနဲ့ ကယ်ဖို့လာမှာ အမှန်ပဲ'

'အက်စ်–အို–အက်စ် သတင်းပို့ပြီးတဲ့နောက် ကျွန်တော်တို့ ရေငုပ်သင်္ဘောက ရေထဲပြန်ပြီး ငုပ်သွားရင် ဂျူးနော့တိုက်သင်္ဘောက သူတို့ရဲ့ ရေဒါထဲမှာ ဘယ်သင်္ဘောပုံရိပ်ကိုမှ ဖမ်းမမိဘဲ နေခဲ့ရင်ကော'

ပါရှောကင်၏ စောဒကတက်ချက်ကို ဗိုလ်ကြီးအင်ဒရိုက…

'ဒီတော့လည်း လာကူနာစတားဆိုတဲ့ ကုန်တင်သင်္ဘော နစ်မြုပ်သွားပြီလို့ ဂျူးနော့တိုက်သင်္ဘော အရာရှိတွေက ထင်ပြီး တကယ်မရှိတော့တဲ့ ရေထဲမှာ မျောနေတဲ့ သင်္ဘောသားတွေကိုကယ်ဖို့ ဒုန်းစိုင်းပြီး လာတော့မှာပေါ့'

'ခင်ဗျားရဲ့ စိတ်ကူးယဉ်ပုံကလေးကိုတော့ ကျွန်တော် ဦးညွှတ်ပါတယ်ခင်ဗျာ'

ဦးစီးမှူးပါရှောကင်က ပြုံးယဲ့ယဲ့ဆိုလိုက်ပြီး…

'တိုက်သင်္ဘောဂျူးနော့က လာကူနာစတားရှိရာကို အသက်ကယ်ဖို့ ထွက်သွားပေမယ့် ဆွဲသင်္ဘောနှစ်စီးက ရှိနေသေးတယ် မဟုတ်လား။

ဒီဆွဲသင်္ဘောနှစ်စီးဟာ ဆွဲသင်္ဘောတွေပေမယ့် အမေရိကန် ရေတပ်က





ဆိုတဲ့အချက်ကိုတော့ မေ့ပစ်လို့မရဘူး။

ဒီတော့ တိုင်တန်နစ်သင်္ဘောပေါ်ကို မုန်တိုင်းအထန်ဆုံးအချိန်ကို အကာအကွယ်ယူပြီး တက်နိုင်ပေမယ့် သင်္ဘောပေါ်မှာရှိတဲ့ ကယ်ဆယ်ရေးအဖွဲ့သားတွေနဲ့ ဆွဲသင်္ဘောက ရေတပ်သားတွေကို နှိမ်နင်းပစ်ပြီး တိုင်တန်နစ်သင်္ဘောကြီးကို ရုရှားဆိပ်ကမ်းအရောက် ပြန်ဆွဲယူရမယ့်ကိစ္စကတော့ နိုင်ငံတကာအရေးအခင်းတစ်ခုအနေနဲ့ ပွက်လောထလာမှာ မလွဲဘူး'

ဗိုလ်ကြီးအင်ဒရိုက တွေဝေစဉ်းစားနေခြင်းမရှိဘဲ ပြန်၍အဖြေပေးလိုက်၏။

'ဦးစီးမှူးပြောတဲ့အထဲမှာ အချက်လေးချက် ပါနေတယ်၊ ပထမအချက်က အခက်အခဲကို ဆယ်ယူရေးအဖွဲ့ထဲမှာ ရောက်နေတဲ့ ကျွန်တော်တို့ သူလျှိုနှစ်ယောက်က အမေရိကန်ဆယ်ယူရေးအဖွဲ့သားတွေကို သုတ်သင်ပစ်နိုင်တယ်။

ဒုတိယအချက်…ကျွန်တော်က တိုင်တန်နစ်သင်္ဘောပေါ်တက်ပြီး စီးမယ့်အချိန်ဟာ လေမုန်တိုင်းကြီး အပြင်းအထန်တိုက်နေတဲ့အချိန် ဖြစ်ရမယ်။

တိုင်တန်နစ်သင်္ဘောကြီးပေါ်ကို တက်ဖို့အတွက် အခက်အခဲတော့ ရှိမှာအမှန်ပဲ။ ဒါပေမဲ့ သူတို့အထဲကိုရောက်နေတဲ့ ကျွန်တော်တို့လူတစ်ယောက် သင်္ဘောကို အပိုင်စီးနိုင်ဖို့အတွက် အသင့်ပြင်ဆင်ပြီးသား ဖြစ်နေမယ်။

တတိယအချက်…သင်္ဘောပေါ်ကို တက်မိတာနဲ့ တစ်ပြိုင်နက် ကျွန်တော်နဲ့အတူပါလာတဲ့ ရဲဘော်တွေက အမေရိကန် ဆယ်ယူရေးအဖွဲ့သားတွေကို မြန်မြန်ကြီးနဲ့ ထိထိရောက်ရောက်ကြီး ဖြောင်ပစ်နိုင်လိမ့်မယ်။

နောက်ဆုံးနဲ့ စတုတ္ထအချက်… လေမုန်တိုင်း အပြင်းထန်ဆုံးအချိန်မှာ အမေရိကန်တွေဟာ သင်္ဘောကို စွန့်ခွာသွားခဲ့ကြတယ်ဆိုတဲ့ အခြေအနေမျိုးရောက်အောင် ကျွန်တော်တို့က ဖန်တီးပေးရမယ်။

ဒီလိုစွန့်ခွာသွားတဲ့ အမေရိကန်တွေဟာ ပင်လယ်ထဲမှာ မုန်တိုင်းဒဏ်ကြောင့် သေကြေပျက်စီးသွားတဲ့ ပုံမျိုးလည်း ပေါ်လာစေရမယ်။

ဒီလိုပုံမျိုး ပေါ်လာတာနဲ့ တစ်ပြိုင်နက် တိုင်တန်နစ်သင်္ဘောကြီးဟာ ပိုင်ရှင်မဲ့တဲ့ ရေမျောကမ်းတင်ပစ္စည်းတစ်ခု ဖြစ်သွားပြီ။

ဒီတော့ ပိုင်ရှင်မဲ့တဲ့ တိုင်တန်နစ်ကို ကျွန်တော်တို့ ရုရှားတွေက ဆွဲယူလာခဲ့တာ ဘယ်လို နိုင်ငံတကာအရေးအခင်း ဖြစ်လာနိုင်တော့မှာလဲ။

ပိုင်ရှင်မဲ့ တိုင်တန်နစ်ကို ဆွဲယူမယ့် သင်္ဘောဦးစီးမှူးဟာ ပါရှောကင်မလွဲပြီး ဘယ်သူဖြစ်နိုင်ဦးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရဲဘော်ပါရှောကင်...ခင်ဗျားလက်ထဲ ရောက်လာမယ့် အခွင့်အရေးကြီးတစ်ရပ်ကို လက်မလွှတ်ချင်စမ်းပါနဲ့'

ဗိုလ်ကြီးအင်ဒရီ၏ စကားအဆုံးတွင် ဦးစီးမှူးပါရှောကင်က...

'တိုင်တန်နစ်သင်္ဘောကြီးကိုတော့ ဘယ်လိုမှ ဆွဲယူလို့ ရနိုင်မှာမဟုတ်ပါဘူး၊ ခင်ဗျားလုပ်ထားတဲ့ အစီအစဉ်တွေအားလုံးက လူတွေကို အစုလိုက် အပြုံလိုက် ပြောင်ပြောင်တင်းတင်း သတ်ရမယ့် အစီအစဉ်ပဲ'

ဦးစီးမှူးပါရှောကင် မျက်လုံးအစုံက လူမမာတစ်ယောက်လို။ သူ့အသံက မြေပေါက်ခံလိုက်ရသည့် လူတစ်ယောက်လို။

'တကယ်လို့ ခင်ဗျားရဲ့အစီအစဉ်တွေ ပြောင်းပြန်ဖြစ်သွားပြီး ခင်ဗျားက အရှုံးနဲ့ ရင်ဆိုင်ရရင် ဘယ်လိုဖြစ်လာမယ်ဆိုတာကိုကော အသေးစိတ် စဉ်းစားထားပြီးပြီလား'

ဗိုလ်ကြီးအင်ဒရီက မျက်နှာပေါ်တွင် အမြဲရှိနေတတ်သည့်အပြုံးကို ချေမှုန်းပစ်လိုက်ပြီး...

'အရှုံးနဲ့ရင်ဆိုင်ရရင်...ဆိုတဲ့အချက်ကို စဉ်းစားထားပြီးခဲ့ပြီ ရဲဘော်။

ဒါပေမဲ့ နောက်ဆုံးမှာ ကျွန်တော်တို့က အောင်ပွဲရမယ်ဆိုတာ သေသေချာချာ ယုံထားစမ်းပါ'

ဗိုလ်ကြီးအင်ဒရီက ရေဒါပေါ်တွင် ပေါ်လာသည့် တိုင်တန်နစ်သင်္ဘောကြီး၏ ပုံရိပ်ကို လက်ညှိုးထိုးပြရင်း နိဂုံးစကား ဆိုလိုက်သည်။

'ကမ္ဘာ့ရာဇဝင်မှာ စာတင်လောက်အောင် ကျော်ကြားတဲ့ သင်္ဘောတစ်စီးကို ဒုတိယအကြိမ် ပြန်ပြီးမြှုပ်ပစ်ရမယ့်ကိစ္စကတော့ မလုပ်သင့်တဲ့ကိစ္စတစ်ရပ်ပါပဲဗျာ'

[ ၃၃ ]

အလင်းရောင်ဆို၍ ကျိုးတိုးကျဲတဲ ပြန့်ကျဲနေသည့် မီးပွင့်ကလေးအချို့။

သည်အလင်းရောင်က တိုင်တန်နစ်သင်္ဘောကြီး၏ အောက်ဆုံးအထပ်ကို လွှမ်းမိုးနေသည့် အမှောင်ထုကို မဖြိုခွင်းနိုင်။

ရေက ရေခဲတမျှ။

သင်္ဘောကိုယ်ထည်မှ သံမဏိအပြားများကလည်း ရေခဲတမျှ။





သည်အမှောင်ထုနှင့် သည်အအေးထုကို အန်တုကာ တာဝန်ထမ်းဆောင်နေကြသူများကား စပင်ဆာ ဦးဆောင်သည့် ရေစုပ်ထုတ်ရေးအဖွဲ့။

သူတို့သည် တိုင်တန်နစ်သင်္ဘောကြီး ရေပေါ်တွင် ဆက်လက်ပေါ်နေနိုင်စေရန် သင်္ဘောအတွင်းရှိ ရေများနှင့် သင်္ဘောထဲသို့ ပြေးဝင်လာသော ရေများကို စွမ်းကောင်းကောင်းဖြင့် စုပ်ထုတ်နေကြ၏။

သင်္ဘောကြီး၏ အချို့အခန်းများတွင် ရေကို စုပ်ထုတ်၍ ကုန်သလောက်နီးပါး ဖြစ်သွားသည့်တိုင် နောက်တစ်ခေါက် ထိုအခန်းများသို့ ရောက်လာသည့်အချိန်၌ ဝင်နေသည့် ရေထုထည်ပမာဏမှာ စောစောကထက် ပို၍ များနေသည်ကို တွေ့ရခြင်း။

သည်အချက်က ရေစုပ်အဖွဲ့သားများအား တွေဝေသွားစေ၏။

ည ခုနစ်နာရီ။

ရာသီဥတုအခြေအနေက ပြန်၍ ကောင်းလာတော့မည်မဟုတ်ဟု ထင်ရလောက်အောင်ပင် ဆိုးဆိုးရွားရွား ဖြစ်လာသည်။

လေဖိအားတိုင်း ဗာရိုမီယာ ကိရိယာမှ အချက်ပြ အမှတ်အသားက ၂၉ ဒသမ ၆ သို့ ကျလျက်။

တိုင်တန်နစ်သင်္ဘောကြီးက မှန်တိုင်းကြီးနှင့် လှိုင်းကြီးများအကြားတွင် တလူးလူး တလိမ့်လိမ့် ဖြစ်လာသည်။

ဦးပိုင်းမှ ကျော်တက်လာသော လှိုင်းလုံးများက သင်္ဘောကုန်လှောင်ပေါက်များထဲသို့ ပြေးဝင်နေကြ၏။

ညအမှောင်ထုက တိမ်တိုက်များနှင့် သဲသဲမဲမဲရှာနေသောမိုးကြောင့် သင်္ဘောကြီး အပြင်ဘက်သို့ တစ်လက်မမျှပင် မြင်နိုင်စွမ်းမရှိ။

ဆွဲသင်္ဘောကြီးနှစ်စီးပေါ်ရှိ ဦးစီးမှူးများက လျှပ်စီးတစ်ချက် အလက်တွင်သာ တိုင်တန်နစ်ကို မြင်ခွင့်ရနေ၏။

ဆွဲသင်္ဘောနှစ်စီးနောက်မှ တိုင်တန်နစ်သင်္ဘောကြီး လိုက်ပါလာရေးတွင် အဓိကအကျဆုံးအရာမှာ သံမဏိဆွဲကြိုးကြီး။

လှိုင်းကြီးတစ်လုံးနှင့်တစ်လုံးအကြားတွင် အောက်သို့နိမ့်သွားလိုက်၊ အထက်သို့ မြင့်လာလိုက် ဖြစ်နေသည့် သင်္ဘောကြီး။

သည်သင်္ဘောကြီးနှင့် ဆက်ထားသည့် ရောမသံဏိကြိုးကြီးကလည်း တင်းလာလိုက်၊ လျော့သွားလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါလေ့စ် ဆွဲသဘော်ပေါ်မှ ဦးစိုးမူးစကော့က ပဲ့ထိန်းစင်ပေါ်မှ တစ်လှမ်းမျှမခွာဘဲ ဆွဲသဘော် ပဲ့ပိုင်းရှိ ဆွဲကြိုးထိန်းအခန်းနှင့် မကြာခဏ အဆက်သွယ်လုပ်ကာ အခြေအနေကို မေးမြန်းနေသည်။

တိုက်ခတ်နေသော လေသံ မိုးသံများကို ကျော်လွှားကာ ထိတ်လန့်တကြား ခေါ်လိုက်သည့် လေသံတစ်သံက စပီကာမှ ပေါ်ထွက်လာ၏။

'ဦးစိုးမူး ခု သတင်းပို့နေတာ အလံကိုင် ဗိုလ်ကလေး ကယ်လီပါ။

ဆွဲကြိုးထိန်းအခန်းက သတင်းပို့နေတာပါ၊ ဆွဲကြိုးကြီးဟာ ထိန်းမနိုင်သိမ်းမရလောက်အောင် ဖြစ်နေပုံရတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆွဲကြိုးကြီးဟာ ပထမ ဝဲဘက်ကိုရောက်သွားပြီး ခုအချိန်မှာတော့ ကျွန်တော်တို့ ဆွဲသဘော်ရဲ့ ညာဘက်ကို ရောက်နေပြန်တယ်၊ တိုင်တန်နစ်သဘော်ကြီး ရပ်တည်နေပုံက အန္တရာယ်များနိုင်တဲ့ အနေအထားမျိုး ဖြစ်နေတယ်'

ဦးစိုးမူးစကော့က အခြေအနေ ပို၍ထူးခြားလာလျှင် ဆက်လက်သတင်းပို့ရန် ကယ်လီအား ညွှန်ကြားလိုက်ပြီးနောက် ဆွဲသဘော် မော့စ်ပေါ်ရှိ ဦးစိုးမူး ဂျော့ထံ

'ဂျော့...ကျွန်တော်ပြောနေတာ ကြားရဲ့လား၊ ခု စကားပြောနေတာ ဦးစိုးမူးစကော့ပါ'

'ကြားတယ်၊ ဆက်ပြောပါ'

'တိုင်တန်နစ်သဘော်ကြီးဟာ လမ်းကြောင်းပြောင်းသွားပြီး ကျွန်တော်တို့သဘော်ရဲ့ညာဘက်ကို ရောက်နေပြီ ထင်ရတယ်'

'ခင်ဗျားသဘော်ကြီးရောက်နေတဲ့ နေရာကို သေသေချာချာသိရဲ့လား'

'ဘာမှမသိဘူး၊ ဆွဲကြိုးကြီးရဲ့ အနေအထားအရ သတင်းပို့နေရတာ'

တစ်ဖက်မှ ဂျော့က အံ့အားသင့်သွားဟန်ဖြင့် ခဏမျှ နှုတ်ဆိတ်နေ၏။

ပြီးမှ စပီကာမှ သူ့အသံ ပေါ်ထွက်လာသည်။

'ကျွန်တော်တို့ဟာ တစ်နာရီမှာမှ ရေမိုင် လေးမိုင်နှုန်းနဲ့ မောင်းနေရတာ။

ကျွန်တော်တို့ စက်ရပ်ဖို့တော့ ဘယ်လိုမှ ဖြစ်နိုင်မယ်မဟုတ်ဘူး။ ရှေ့ကိုဆက်မောင်းဖို့ပဲရှိမယ်။

တကယ်လို့ ကျွန်တော်တို့က စက်တွေရပ်ပြီး သဘော်ကြီးကို ဘယ်လိုဖြစ်နေတယ်ဆိုတာ လှည့်ကြည့်လိုက်ရင် သဘော်ကြီးဟာ ကျွန်တော်တို့ရဲ့ဆွဲအား





ကို မရတော့တဲ့အတွက် ဘေးစောင်းကြီးမှောက်သွားမှာ စိုးရတယ်'

ဝေါလေ့စ် ဆွဲသဘော်ပေါ်မှ ဦးစိုးမူးစကော့က...

'တိုင်တန်နစ်သဘော်ကြီးကို ခင်ဗျားရေဒါက ဖမ်းလို့ရနေလား...'

'မရဘူးဗျ၊ သဘော်ဦးပေါ်ခြုံသွားတဲ့ လှိုင်းလုံးကြီး တစ်လုံးက ကျွန်တော်တို့ ရေဒါမှာတပ်ထားတဲ့ ကောင်းကင်ကြိုးကို ပင်လယ်ထဲ အရောက်သယ်သွားခဲ့တယ်၊ ခင်ဗျား ရေဒါကကော'

'ကောင်းကင်ကြိုးတော့ ရှိပါရဲ့၊ ဒါပေမဲ့ ခင်ဗျားသဘော်ဦးပေါ် ခြုံပြီးတက်သွားတဲ့ လှိုင်းလုံးကြီးကပဲ ကျွန်တော့်ရေဒါက ဆက်သွယ်ရေး ဆာကစ်ကြိုးတွေကို ပင်လယ်အောက်ရောက်သွားစေခဲ့တယ်'

'ဒါဖြင့် အကန်းကို မျက်မမြင်က လမ်းပြနေတဲ့အဖြစ်မျိုး ရောက်နေကြပြီပေါ့'

ဦးစိုးမူးစကော့က ရေဒီယိုတယ်လီဖုန်းကို ပြန်ချထားလိုက်ပြီးနောက် ပဲ့ထိန်းစင် လက်ယာဘက်တံခါးကို အသာဟလျက် အပြင်သို့ထွက်လာခဲ့၏။

သူသည် မျက်စိအစုံကို အစွမ်းကုန်ဖွင့်ကာ ညအမှောင်ထုထဲသို့ လှမ်းကြည့်လိုက်သည်။

ညအမှောင်က ပိန်းပိတ်နေ၏။

ဆွဲဘော်တွင် တပ်ဆင်ထားသည့် မီးမောင်းကြီးများပင် ညအမှောင်ထုကို ဖြိုခွင်းခွင့်မရ။

မီးမောင်းကြီးများမှာ သဲသဲမဲမဲရွာချနေသည့် မိုးအကြားတွင် ဝိုးတဝါးမျှသာ။

ဆွဲသဘော်ပဲ့ပိုင်း နောက်ဘက်နားဆီတွင် လျှပ်စီးတစ်ချက် ပြက်လာသည်။ မိုးချုန်းသံတစ်ချက်လည်း တခြိမ့်ခြိမ့်ပေါ်ထွက်လာ၏။

တစ်ချက်မျှသာ ပြက်လိုက်သည့် လျှပ်အရောင်အားဖြင့် တိုင်တန်နစ်သဘော်ကြီးကို မြင်ရမည်ဟု သူက တွက်ဆထားခဲ့သည်။

ယခုတော့...

တိုင်တန်နစ်သဘော်ကြီးက ပျောက်ချက်သားကောင်းနေသည်။

စောစောက ဆွဲကြိုးဖြင့် ဆွဲယူလာခဲ့သဖြင့် နောက်မှ တန်းတန်း[illegible] လိုက်ပါလာခဲ့သည်ဟု ပြောရမည်ကိုပင် မဝံ့မရဲ။

မိုးရေများက ဦးစိုးမူးစကော့ ဝတ်ဆင်ထားသည့် မိုးကာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောဆင်းနေကြ၏။ အသက်ရှူ၍ပင် မဝသလို သူက ခံစားနေရ၏။

သူသည် စေ့နေသောတံခါးကို ပြန်ဟလိုက်ပြီး ပွဲထိန်းစင်ထဲသို့ ဝင်လာခဲ့၏။

ဆွဲသဘော်ပဲ့ပိုင်း ဆွဲကြိုးထိန်း အခန်းတွင် တာဝန်ကျနေသော အလံကိုင် ဗိုလ်ကလေး ကယ်လီအသံက စပီကာမှ ထွက်ပေါ်လာပြန်၏။

'ဦးစီးမှူး ဆွဲကြိုးက လျှော့လာတယ်'

စကော့က လက်တစ်ဖက်ဖြင့် မျက်နှာမှ မိုးရေများကို သုတ်ရင်း အခြားတစ်ဖက်ဖြင့် ရေဒီယိုဖုန်းကို ကောက်ကိုင်ကာ...

'ဆွဲကြိုးက ပြတ်ထွက်သွားလို့လား'

'ပြတ်ထွက်သွားတာတော့မဟုတ်ဘူး၊ လျော့သွားတာပဲရှိသေးတယ်၊ ဆွဲကြိုးက ရေမျက်နှာပြင်အောက်ကို အတော်ကလေး လျှော့ပြီးကျနေတယ်'

'ကျွန်တော်တော့ ဒီလိုဆွဲကြိုးလျှော့ပြီး အောက်ကျသွားတာကို တစ်ခါမှ မတွေ့ဖူးဘူး၊ တိုင်တန်နစ်သဘော်ကြီးက ကျွန်တော်တို့ကိုကျော်ပြီး တက်သွားမလား မသိဘူး'

ကယ်လီ၏စကားကြောင့် ဦးစီးမှူးစကော့၏ရင်ထဲတွင် ထိတ်ခနဲ...

ဖြစ်ပေါ်လာနေသည့် အခြေအနေက စိုးရိမ်ကြောင့်ကြစရာ။

ဆွဲကြိုးက လျှော့ကျနေပြီး သဘော်ကြီးက မည်သည်နေရာသို့ ရောက်နေမှန်း မသိရသည့် အခြေအနေ။

'အကယ်၍များ တိုင်တန်နစ်သဘော်ကြီးက ဝေါလေ့စ်ဆွဲသဘော်ကို ဝင်ဆောင့်လိုက်မိလျှင်...

သည်အတွေးကြောင့် ဦးစီးမှူးစကော့က ရေဒီယိုဖုန်းကို ကောက်ကိုင်လိုက်ပြီး စက်ခန်းဆီသို့ ညွှန်ကြားချက်ပေးလိုက်သည်။

'ရှေ့ကို စက်ကုန်မောင်း၊ ကျုပ်ပြောတာ ကြားရဲ့လား၊ စက်ခန်း၊ ရှေ့ကို စက်ကုန်မောင်း'

စကော့က စက်ခန်းသို့ ညွှန်ကြားချက်ပေးလိုက်ပြီးနောက် မော့စ်ဆွဲသဘော် ဦးစီးမှူးဂျော့ထံ သတင်းပို့လိုက်သည်။

'ကျုပ်သဘော်က စက်ကုန်မောင်းပြီး ခင်ဗျားနောက်က လိုက်လာတယ်၊ ကျုပ်ပြောတာ ကြားရဲ့လား'

'ကျေးဇူးပြုပြီး ထပ်ပြောပါ'





'ခင်ဗျားသဘော်ကိုလည်း ရှေ့ကို စက်ကုန်မောင်းခိုင်းပါ၊ ဒီလိုမောင်းနိုင်းရင် ကျုပ်သဘော်က ခင်ဗျားသဘော်ကို ဝင်တိုက်မိတော့မှာပဲ'

ဦးစီးမှူးစကော့က ဖုန်းကို ချပစ်လိုက်ပြီး ပွဲထိန်းစင် အပြင်ဘက်သို့ ထွက်လာခဲ့ပြန်၏။

မုန်တိုင်းကြီး အရှိန်က အမြင့်ဆုံးအရှိန်သို့ ရောက်နေသည်ဟု ထင်ရ၏။

ရေနှင့်လေကို ခွဲ၍မရနိုင်လောက်အောင်ပင် ဖြစ်နေသည်။

သဘော်လက်ရန်းကို ဖက်တွယ်ထားခြင်းကြောင့်သာ ဦးစီးမှူး စကော့က လွင့်ပါသွားခြင်းမရှိ။

ဤအခိုက်တွင်ပင် ဦးစီးမှူးစကော့က တိုင်တန်နစ်သဘော်ကြီး၏ ကိုယ်ထည် မည်းမည်းကြီးကို ရုတ်တရက် တွေ့လိုက်ရ၏။

သူ့ဆွဲသဘော်ပဲ့ပိုင်းနောက်မှာ။ အလှမ်းက ပေ ၁၀၀ ကျော်ထက် မကွာ။

တိုင်တန်နစ်သဘော်ကြီး၏ လက်ယာဘက် ဦးပိုင်းသည် သူ့ ဆွဲသဘော် ပဲ့ပိုင်းနှင့် ပေ ၁၀၀ ကျော်အကွာလောက်မှာသာ။

စကော့အဖို့ ဘာမှလုပ်ရန် အချိန်မရတော့။ သွေးများခဲသွားလောက်အောင် တုန်လှုပ်သည့်စိတ်ဖြင့် သရဲသဘက်ကြီး တစ်ကောင်လို ရန်မူကာ သူ့ဆွဲသဘော်ရှိရာသို့ လူး၍လိမ့်၍လာနေသည့် တိုင်တန်နစ်သဘော်ကြီးကိုသာ ကြောင်၍ကြည့်နေမိတော့၏။

'ဟော့...အသေကောင်ကြီး၊ ကျုပ်သဘော်ကိုတော့ လာမထိနဲ့'

ဦးစီးမှူးစကော့က ကျယ်လောင်စွာအော်ဟစ်လိုက်သည်။

တိုင်တန်နစ်သဘော်ကြီး ဦးပိုင်းက ဆွဲသဘော် ဝေါလေ့စ်၏ ပဲ့ပိုင်းကို ဝင်တိုက်မိရန် ဘယ်နှစ်လှမ်းမှ မလိုတော့။

ဤအခိုက်တွင်ပင် ပေ ၆၀ လောက်မြင့်သော လှိုင်းလုံးကြီးက ကုန်းထလာသည်။

တိုင်တန်နစ်သဘော်ကြီး၏ ဦးပိုင်းက လှိုင်းကြီးပေါ်သို့ ရောက်နေပြီး ဆွဲသဘော်က လှိုင်းနှစ်လုံးအကြားမှာ။

သဘော်ကြီးဦးပိုင်းက နိမ့်သွားသော လှိုင်းလုံးကြီးနှင့်အတူ ပြန်ကျလာချိန်၌ ဆွဲသဘော် ပဲ့ပိုင်းက ရှေ့သို့ရောက်နေ၏။

သို့သော် သဘော်တစ်စီးနှင့်တစ်စီး များများမကွာလှ။ သုံး[illegible] လောက်သာ။



www.burmeseclassic.com

www.burmeseclassic.com



တိုင်တန်နစ်သင်္ဘောကြီး၏ ဦးဘက်ပိုင်းနှင့် ဆွဲသင်္ဘော ဝေါလေ့စ်၏ ပဲ့ပိုင်းအကြား ဘွားခနဲပေါ်လာသည့်အရာက ရေမ ရေပန်းကြီး။

သည်ရေပန်းကြီးက ဆွဲသင်္ဘောပေါ်ရှိ အသက်ကယ်လှေများကို အဟုန်ဖြင့် ဆွဲယူသွားခဲ့၏။

သည်အဟုန်က သင်္ဘောလက်ရန်းကို မြဲမြဲဖက်ထားသော ဦးစိမ့်မွှားအား လက်ရန်းမှ ပြုတ်ထွက်သွားအောင် တွန်းကန်ပစ်နိုင်ခဲ့၏။

ပဲ့ထိန်းစင် ကြမ်းပြင်ပေါ်သို့ ထိုးကျသော စကော့က ချက်ချင်းပင် တွား၍ ထလိုက်ပြီး အခန်းထဲသို့ ဝင်လာခဲ့သည်။

ရှေ့သို့ စက်ကုန်ဖွင့်ကာ မောင်းနေသော ဝေါလေ့စ် ဆွဲသင်္ဘော နောက်တက်တွင် သရဲသဘက်ကြီးတစ်ကောင်နှင့် တူနေသော တိုင်တန်နစ်သင်္ဘောကြီးက လှိုင်းထဲ၊ လေထဲ၊ မိုးရေထဲတွင် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့တော့၏။

[ ၁၄ ]

'လှိုင်းတွေ လေတွေ ဒီလောက်ကြမ်းနေတဲ့ သမုဒ္ဒရာ အလယ်ကောင်မှာ ဂျိုးမာတင်ကတော့ အမျိုးသမီးတစ်ယောက် ရအောင် ရှာလာနိုင်တာကတော့ စံပဲဗျို့'

ဖြစ်ကတတ်ဆန်း လုပ်ထားသည့် ခုတင်ထက်တွင် သတိလစ်နေဆဲ ဒါနာကို ကြည့်ကာ ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ခနော်ခနဲ့ စကားဆိုလိုက်၏။

ဒါနာ့ခေါင်းမှ ဒဏ်ရာကို ပတ်တီးစည်းပေးနေသော ဂျိုးမာတင်က...

'ကျွန်တော့်မှာ တွေ့လိုက်ရင် ဒီအဖြစ်မျိုးချည်းပဲ။ အခက်အခဲတွေ၊ အန္တရာယ်ကြားတွေ ရောက်နေပြီဆိုရင် ကျွန်တော်က အမျိုးသမီး တစ်ယောက်ယောက်တော့ တွေ့တတ်စမြဲ'

ဒါနာ့ထံမှ ညည်းသံကလေး တစ်ချက် ထွက်ပေါ်လာသည်။

'ဟော...သတိရလာပြီ'

သင်္ဘော အလူးအလိမ့်တွင် ဒါနာ လဲလျောင်းနေသည့် ခုတင် ယိုင်လဲကျမသွားအောင် အားကစားပစ္စည်း အဟောင်းများဖြင့် ကတုတ်ဆင်နေသော ဦးစိမ့်မွှားဂန်းက ဝမ်းသာအားရ ပြောလိုက်၏။





ဂျိုးမာတင်က ဒါနာ့ကိုယ်ပေါ်တွင် စောင်တစ်ထည် ခြုံပေးရင်း...

'ဆံပင်က ကောင်းနေတော့ ဒဏ်ရာက သိပ်မပြင်းလှဘူး'

'သူက စတူးဂရစ်ရဲ့ ရဟတ်ယာဉ်ပေါ်ကို ဘယ်လိုရောက်နေရတာလဲ၊ သူက အဲလ်ဟမ်ဘရာ သင်္ဘောကြီးပေါ်မှာ သတင်းထောက်တွေနဲ့ အတူရှိနေတာ ဝဲ မဟုတ်လား'

ဤမေးခွန်းကို မေးလိုက်သူက ဝုဆန်။

'ဟုတ်တယ်၊ သူက အဲဒီသင်္ဘောကြီးပေါ်မှာပဲပေါ့၊ ဒါပေမဲ့ နောက်ဆုံး ကျန်နေရစ်တဲ့ ကက်ပရီကွန် ရိက္ခာထောက် သင်္ဘောကြီးပေါ်ကနေပြီး တိုင်တန်နစ်ကို နောက်ဆုံးမြင်ကွင်းအနေနဲ့ တယ်လီဗီးရှင်း ရိုက်ပါရစေလို့ တောင်းပန်လာကြတော့ ကျုပ်က ရုပ်မြင်သံကြားသမားတွေကို ဒါနာနဲ့အတူ ကက်ပရီကွန် သင်္ဘောကြီးပေါ်ကို ရဟတ်ယာဉ်နဲ့ ပြောင်းပေးပါလို့ ညွှန်ကြားချက်ပေးခဲ့တယ်'

ဤတွင် ရဟတ်ယာဉ်ပိုင်းလော့ စတူးဂရစ်က ကြားဝင်ကာ...

'ဟုတ်တယ်၊ သူတို့ကို အဲလ်ဟမ်ဘရာ သင်္ဘောကြီးပေါ်ကနေပြီး ကက်ပရီကွန် ရိက္ခာထောက် သင်္ဘောကြီးပေါ်ကို ကျွန်တော်ကိုယ်တိုင် ရဟတ်ယာဉ်နဲ့ ပို့ပေးခဲ့တာပဲ။

ကျွန်တော့် ရဟတ်ယာဉ် ကက်ပရီကွန် သင်္ဘောကုန်းပတ်ပေါ်မှာ ဆင်းလိုက်တော့ ဒီအမျိုးသမီး ဒါနာဟာ ကျွန်တော့်ရဟတ်ယာဉ်ပေါ်က ဆင်းသွားတာ ကျွန်တော်ကိုယ်တိုင် မြင်ရတယ်။

ဒီအမျိုးသမီး ဒါနာက ကျွန်တော် မသိမမြင်လိုက်ဘဲနဲ့ ကျွန်တော့် ရဟတ်ယာဉ် ကုန်လှောင်ခန်းထဲကို ဘယ်လိုပြန်ရောက်နေတယ် ဆိုတာကတော့ အတော်ကို ဆန်းကြယ်နေတော့တာပဲ'

'ဟုတ်တယ်၊ သိပ်ပြီးလျှို့ဝှက်ဆန်းကြယ်နေတာပေါ့'

ဝုဆန်က သရော်တော်တော် ငေါ့တော့တော့ ပြောလိုက်၏။

'တစ်နေရာက တခြားတစ်နေရာကို မပြန်ခင် ကုန်လှောင်ခန်းကို ခင်[illegible] စစ်ဆေးမကြည့်ဘူးလား'

'စစ်ဆေးကြည့်ရအောင် ကျုပ်က စီးပွားရေးလုပ်စားနေတာမှ မဟုတ်[illegible] ပိုင်းလော့ စတူးဂရစ်ကလည်း မခံချင်စိတ်ဖြင့် ပြန်၍ ပက်[illegible]

'ဒီရဟတ်ယာဉ်ကို ကျွန်တော် ဆက်တိုက်မောင်းနေရတာ [illegible] ၂၀ တောင် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မောနေတဲ့ကျုပ်ဟာ ဒီကုန်လှောင်ခန်းကို မပျံခင် အခေါက်တိုင်း လိုက်ပြီး ကြည့်နေနိုင်မလား၊ ဒီအခန်းထဲမှာ ဘာမှမရှိဘူးဆိုတာ ကျုပ်က သိနေတဲ့ဥစ္စာ။

ဒါပေမဲ့ ဒါနှာဆိုတဲ့ အမျိုးသမီး ကျုပ် ရဟတ်ယာဉ် ကုန်လှောင်ခန်းထဲ ဝင်ပြီး ပုန်းနေခဲ့တာကိုတော့ ကျုပ် မသိခဲ့ဘူး'

စတူးဂရစ် စကားအဆုံ့တွင် ဦးစီးမှူးဂန်းက...

'သူက ဘာဖြစ်လို့ ဝင်ပုန်းနေရတာလဲ'

ဒါတော့ မသိဘူး။

ဦးစီးမှူးသိရင် ပြောပြစမ်းပါ၊ ဒီအမျိုးသမီးက ရဟတ်ယာဉ်က ရဟတ်ပြားကို ဘာဖြစ်လို့ တူနဲ့ ရိုက်ချိုးပစ်တယ်၊ ဘာကြောင့် သူ့ကိုယ်သူ ဒဏ်ရာရအောင်လုပ်ပြီး၊ တာရပတ်အောက်မှာ ဝင်ပုန်းနေတယ်ဆိုတာ ပြောပြစမ်းပါ'

ဤတွင် ဂျိုးမာတင်က ခုတင်ရှိရာသို့ ခေါင်းညိတ်၍ပြလိုက်ရင်း...

'သူ့ကိုပဲ မေးကြည့်ပေတော့'

ခုတင်ထက်တွင် ပက်လက်ကလေး ရှိနေသော ဒါနှာက အနားမှလူများကို ငေး၍ကြည့်နေ၏။

'ကျွန်မ ဘယ်ကိုရောက်နေပါသလဲရှင်'

'မင်းက တိုင်တန်နစ်သင်္ဘောကြီးပေါ်ကို ရောက်နေတယ် မိန်းကလေး'

ဆန်ဒက်ကာက ခုတင်ဘေးတွင် ဒူးထောက်၍ ထိုင်လိုက်ပြီး ပြောလိုက်၏။

ဒါနှာက ဆန်ဒက်ကာအား မယုံကြည်နိုင်သည့်အမူအရာဖြင့် ကြည့်နေရာမှ...

'မဖြစ်နိုင်ပါဘူးရှင့်'

'ဩော်...ဖြစ်နိုင်တာမှ တကယ့်ကို ဖြစ်လို့ ပြောနေတာ။

'ကဲ...ဂျိုးရေ၊ စကော့ဝီစကီ နည်းနည်းကျန်သေးတယ်မဟုတ်လား၊ တစ်ခွက်လောက် ပေးစမ်းပါ'

ဂျိုးမာတင်က ဆန်ဒက်ကာပြောသည့်အတိုင်း ဝီစကီခွက်ကို လှမ်းပေးလိုက်သည်။

ဒါနှာက တစ်ကျိုက်မျှ ကျိုက်လိုက်၏။

အရက်ကြောင့် ဒါနှာက မွန်သွားပြီး ချောင်းဆိုးလာသည်။

ခေါင်းဘွင်ရရှိထားသော ဒဏ်ရာက ကျဉ်၍တက်လာ၏။

'သက်သာအောင် ငြိမ်ငြိမ်ကလေးနေစမ်းပါ မိန်းကလေး၊ ခေါင်းမှာ ရထား





တဲ့ ဒဏ်ရာက မသေးလှဘူး'

ဒါနှာက ခေါင်းကိုစမ်းကြည့်လိုက်သောအခါ စည်းထားသည့်ပတ်တီးကို တွေ့ရ၏။

ခေါင်းကမှ ယခုအထိ မူးနောက်နေဆဲ။

'ခု ကျွန်မရောက်နေတာ တကယ်ပဲ တိုင်တန်နစ်သင်္ဘောကြီးပဲလားရှင်'

'ဟုတ်တယ်'

ဂျိုးမာတင်အသံက မာသယောင်ယောင်။

'ဒီသင်္ဘောပေါ်ကို ဒါနှာ ဘယ်လိုရောက်လာတယ်ဆိုတာ ကျွန်တော်တို့ သိချင်တယ်'

ဒါနှာက လှဲနေရာမှ ထထိုင်လိုက်ပြီး ဂျိုးမာတင်မျက်နှာကို ငေး၍ ကြည့်နေသည်။

'ဘယ်လိုရောက်လာတယ်ဆိုတာ ကျွန်မ မသိဘူး၊ ကျွန်မ စဉ်းစားလို့ရသမျှတော့ ကက်ပရီကွန်သင်္ဘောပေါ်ကို ရောက်လာတာကိုပဲ စဉ်းစားလို့ရတယ်'

'ကျွန်တော်တို့က ဒါနှာကို ဟောဒီသင်္ဘောပေါ်ကို ဆင်းလာတဲ့ ရဟတ်ယာဉ်ပေါ်မှာ တွေ့ခဲ့ရတာပဲ'

'ရဟတ်ယာဉ်...ဩော်...စဉ်းစားမိပြီ၊ စဉ်းစားမိပြီ၊ ကျွန်မရဲ့ အလှပြင်မိတ်ကပ်ပစ္စည်းတွေပါတဲ့ လက်ဆွဲအိတ်ကလေးက အဲလ်ဟမ်ဘရာ သင်္ဘောကြီးက ကက်ပရီကွန် သင်္ဘောပေါ်ကို ရဟတ်ယာဉ်နဲ့အလာမှာ ခေါက်ထိုင်ခုံအကြားကျကျန်ရစ်ခဲ့တယ်။

ကက်ပရီကွန်သင်္ဘောက သတင်းစာဆရာတွေနဲ့အတူ ရဟတ်ယာဉ်ပေါ်က ဆင်းလာပြီးမှ ကျွန်မရဲ့ အလှပြင်လက်ဆွဲအိတ်ကလေး ကျန်ရစ်ခဲ့တာကို သတိရလာတယ်။

ဒီတော့...ကျွန်မက ရဟတ်ယာဉ်ပေါ်ကို ပြန်တက်သွားပြီး ခေါက်ထိုင်ခုံနှစ်ခုအကြားမှာ ညပ်နေတဲ့ အလှပြင်လက်ဆွဲအိတ်ကလေးကို သွားယူတယ်။

ဒါပေမဲ့ ထိုင်ခုံနှစ်ခုနဲ့ ညပ်နေတော့ တော်တော်နဲ့ ဆွဲထုတ်လို့ မရဘူး။

အဲဒီလို ဆွဲထုတ်နေတုန်းမှာ ကျွန်မထင်တယ်၊ ကျွန်မဟာ သတိလစ်လဲကျသွားပြီး တစ်ခုခုနဲ့ တိုက်မိသွားပုံရတယ်'

'သတိလစ်သွားတယ်၊ ဟုတ်ရဲ့လား'

ဂျိုးမာတင်က ဤသို့မေးလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဒါနှာ သတိလစ်မသွားခင် ဘာကို နောက်ဆုံးမြင်ခဲ့ရတယ်လို့ ထင်သလဲ'

ဒါနှာက တွေ၍စဉ်းစားနေ၏။

ကော်ဖီညိုရောင် မျက်လုံးအစုံက နွမ်းလျနေသည့် သူ့မျက်နှာပေါ်ဝယ် ပြုံးကျယ်လာသယောင်ယောင်။

ဆန်ဒက်ကာက ဒါနှာ့လက်ကို ယုယစွာကိုင်လိုက်ပြီး...

'အချိန်ယူပြီး ဖြည်းဖြည်းစဉ်းစားကြည့်စမ်းပါ မိန်းကလေး'

ခဏအကြာတွင် ဒါနှာ့နှုတ်မှ စကားတစ်ခွန်းထွက်လာ၏။

'ဘွတ်ဖိနပ်တွေ'

'ပြန်ပြောစမ်းပါ'

ဂျိုးမာတင်က တိုက်တွန်းလိုက်သည်။

ဒါနှာက မြင်ခဲ့ရသည့်အရာကို ယခုမှ ထင်ထင်ရှားရှား ပြန်၍သတိရလာကာ...

'ဘွတ်ဖိနပ်တစ်ရန်၊ ဟုတ်တယ်...ခု ကျွန်မ စဉ်းစားလို့ရပြီ၊ ကောင်းဘွိုင်တွေ စီးနေကျ ဦးချွန်ချွန်နဲ့ ဘွတ်ဖိနပ်တစ်ရန်'

ဤတွင် ဦးစီးမှူးဂန်းက...

'ကောင်းဘွိုင်ဘွတ်ဖိနပ်...ဟုတ်ရဲ့လား'

ဒါနှာက ခေါင်းညိတ်လိုက်ပြီး...

'ကျွန်မ ခေါက်ထိုင်ခုံနှစ်ခုကြားမှာ ညပ်နေတဲ့ အလုပြင် လက်ဆွဲအိတ်ကလေးကို ဒူးနှစ်ဖက်ထောက်ပြီး လက်နှစ်ဖက်နဲ့ ဆွဲထုတ်နေတုန်းမှာ အဲ... အဲဒါလောက်ပဲ ကျွန်မ စဉ်းစားလို့ရတော့တယ်'

'ကောင်းဘွိုင်ဘွတ်ဖိနပ်တစ်ရန်က ဘာအရောင်လဲ'

ဂျိုးက မေးခွန်းထုတ်လိုက်၏။

'အဝါရောင်တစ်မျိုး၊ အဲ...အဲ...နို့နှစ်ရောင်'

'ဒါနှာက အဲဒီဖိနပ်စီးထားတဲ့လူရဲ့မျက်နှာကို မြင်လိုက်ရသလား'

ဒါနှာက ခေါင်းကိုဖြည်းလေးစွာခါလိုက်၏။ ခေါင်းမှဒဏ်ရာက စစ်ခနဲ ထိုး၍ နာလာ၏။

'မမြင်ရဘူး၊ ကျွန်မ မျက်စိထဲမှာ မိုက်ခနဲဖြစ်သွားပြီး...နောက် ဘာဖြစ်သွားတယ်ဆိုတာ ကျွန်မ မသိတော့ဘူး'

ဒါနှာ့ထံမှ သည်ထက်ပို၍ သိနိုင်ခွင့်ရှိမည်မဟုတ်တော့ကြောင်း သေချာနေ





သော ဂျိုးမာတင်က...

'ကျွန်တော်တို့မှာ စိစဉ်စရာရှိနေသေးတယ်။ လိုတာရှိရင် ဒီအခန်းထဲက အဖွဲ့သားတစ်ယောက်ယောက်ကို ပြောပါ'

ဂျိုးမာတင်က နှုတ်ဆက်လိုက်သည့်အပြုံးကို ဒါနှာက အပြုံးဖြင့်ပင် တုံ့ပြန်လိုက်၏။

သင်္ဘောကြီးလှေကားမှ အဝင်ဝဆီသို့ ရောက်လာသော ဂျိုးမာတင်အား အသင့်စောင့်နေသော ရဲကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက...

'ဒါနှာပြောတဲ့ စကားအရ ခင်ဗျားက ဘယ်လိုကောက်ချက် ဆွဲချင်သလဲ၊ ဒါနှာ့ကို ဘာဖြစ်လို့ အနာတရဖြစ်အောင် တစ်ယောက်ယောက်က လုပ်ချင်ရတာလဲ'

'ဟင်နရီ အသတ်ခံရတဲ့အကြောင်းဟာ ဒါနှာအရိုက်ခံရတဲ့အကြောင်းနဲ့ အတူတူပါပဲ'

'ဒါနှာက ရှုရှားသူလျှိုတစ်ယောက်ယောက်နဲ့ ပက်ပင်းသွားပြီး ဝင်တိုးနေမိလို့လား'

'အများကြီးဖြစ်နိုင်တယ်၊ မတော်တဲ့အချိန်မှာ မတော်တဲ့နေရာကို သွားမိပြီး မထင်တဲ့အရာကို မြင်လိုက်မိလို့ပေါ့'

'ဒီအကြောင်းကို သမ္မတကြီးသာကြားသွားရင် မီးပွင့်သွားလိမ့်မယ်။ ဒါနှာ အပေါ်မှာ မပြတ်နိုင်အောင်ဖြစ်နေတဲ့ ဆီးဂရင်းကလည်း ကျုပ်တို့ကို အပြစ်တင်လိမ့်မယ်။'

ဂျိုးမာတင်က ဆန်ဒက်ကာ အဆိုပြုချက်ကို ခေါင်းညိတ်လိုက်၏။

'ဒီကောင်းဘွိုင် နို့နှစ်ရောင်ဘွတ်ဖိနပ်က ဘယ်သူ့ဖိနပ်ဆိုတာ မောင်ရင် သိရဲ့လား'

ဂျိုးမာတင်က...

'ဒီဖိနပ်ပိုင်ရှင်ဟာ ဘင်ဒရမ္မာဆိုတာတော့ သေချာတယ်'

'သူ ဒီဖိနပ်ဝတ်တာ ကျုပ် တစ်ခါမှမမြင်ဖူးဘူး၊ မောင်ရင်က သူ့ဖိနပ်မှန်း ဘယ်နှယ်လုပ်သိတာလဲ'

'ကက်ပရိကွန်သင်္ဘောပေါ်မှာရှိတဲ့ သူ့အခန်းကို ကျွန်တော်က မွှေနှောက်ပြီး ရှာကြည့်ခဲ့လို့ပေါ့'

'ဒါဖြင့် မောင်ရင်က ပညာတွေ တိုးနေပြီပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မတိုးလို့လည်း မဖြစ်ပဲကိုး၊ ဘင်ဒရမ္မာရဲ့အခန်းကိုသာမက ဆယ်ယူရေး အဖွဲ့ဝင်တိုင်းရဲ့ အခန်းကို ကျွန်တော်နဲ့ အဲလ်ဘတ်တို့နှစ်ယောက်- သူတို့မရှိတဲ့အချိန်မှာ ဝင်ပြီးမွှေနှောက်ရှာဖွေခဲ့တာ လွန်ခဲ့တဲ့ တစ်လလောက်ကပဲ'

'ဘာများ ထူးခြားချက်တွေ့ရသလဲ'

'ထူးခြားချက်ကတော့ ဘာမှမတွေ့ရဘူး။ ဒါပေမဲ့ ဘယ်ပစ္စည်းဟာ ဘယ်သူ့ဟာဆိုတာတော့ သိခွင့်ရခဲ့တာပေါ့'

'ဒါနှဲ့ကို ဒဏ်ရာရအောင်လုပ်တာ ဘယ်သူလို့ထင်လဲ...'

'ဘင်ဒရမ္မာလုပ်တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒါက သိပ်ကိုသေချာတယ်'

'ဘင်ဒရမ္မာ တိုင်တန်နစ်သင်္ဘောပေါ်မှာ ရှိနေခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ကြီးရော ကျွန်တော်ပါ တွေ့မြင်နေရသားပဲ။

သူက မနေ့ကပဲ စပြီး ဒီမှာရှိနေခဲ့တာ၊ ဒါနှာ အရိုက်ခံရတာက ဒီနေ့၊ အရိုက်ခံရတဲ့ နေရာက ကက်ပရီကွန်သင်္ဘောပေါ်မှာ နားနေတဲ့ ရဟတ်ယာဉ်ပေါ်မှာ။

ကက်ပရီကွန်က တိုင်တန်နစ်နဲ့ မိုင် ၅၀ အကွာကို ရောက်နေတော့ ဘင်ဒရမ္မာက ဘယ်လိုသွားရိုက်နိုင်မှာလဲ'

ဤအချိန်တွင် ရေဒီယိုအရာရှိ ဝဆန်က သူတို့နှစ်ဦးနားသို့ ရောက်လာပြီး သတင်းပို့လိုက်၏။

'ခွင့်ပြုပါခင်ဗျာ၊ ခုနကလေးကပဲ တိုက်သင်္ဘော ဂျူးနော့ဆီက အရေးတကြီး သတင်းပို့လိုက်ပါတယ်။ သတင်းကတော့ သတင်းကောင်း မဟုတ်ပါဘူး'

ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက...

အခြေအနေက ဒါထက်တော့ ပိုဆိုးမသွားနိုင်တော့ပါဘူး'

ဝဆန်က ရေဒီယိုဖြင့် ရောက်လာသည့် သတင်းကို ဖတ်ပြလိုက်သည်။

အရှေ့ဘက်ကို ဦးတည်ခုတ်မောင်းနေသော ကုန်တင်သင်္ဘော လာကူနာတားထံမှ အက်စ်-အို-အက်စ် သတင်းပို့ချက်ကို လက်ခံရရှိသဖြင့် ကယ်ဆယ်ရေးလုပ်ရန်အတွက် ထွက်ခွာသွားရပါသည်။





[ ၁၁ ]

ပင်တဂွန် စစ်ဌာနချုပ်ရှိ ရေတပ်ဦးစီးချုပ် ကင်ပါ၏ ရုံးခန်းမှာ စီးကရက်အနံ့များ၊ တစ်ဝက်တစ်ပျက်စားထားသော အသားညှပ်မုန့်အနံ့များဖြင့် လှောင်နေ၏။

ရုံးခန်းကြီးထဲတွင် ထိုင်နေကြသူများ၏ အမူအရာက ပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်း ပေါ်လွင်နေသည်။

ရေတပ်ဦးစီးချုပ် ကင်ပါနှင့် သမ္မတကြီး၏ မဟာစစ်ဆင်ရေး စီမံကိန်းရေးမှူးကြီး ဆီးဂရင်းတို့နှစ်ယောက်က မျက်နှာချင်းဆိုင်ကာ လေးလေးနက်နက် တိုးတိုးသက်သက် တိုင်ပင်လျက်။

မစ္စတာဆီးဂရင်း၏လက်ထောက် မစ္စတာဇော်ဂျာနှင့် စီအိုင်အေ ဒါရိုက်တာ နီကိုဆင်တို့နှစ်ယောက်က ဆိုဖာရှည်ကြီးတစ်ခုပေါ်တွင် ထိုင်နေကြ၏။

သူတို့နှစ်ယောက်က ရှေ့ရှိ ကော်ဖီစားပွဲပေါ်တွင် ခြေထောက်များကို ပစ်တင်ထားကြကာ ဆိုဖာနောက်မှီကို မှီလျက်။

ရေတပ်ဦးစီးချုပ်ကင်ပါ၏စားပွဲပေါ်ရှိ တယ်လီဖုန်းအနီကလေးက အသံမြည်လာသည်။

ကင်ပါစကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး 'ကောင်းပြီ'ဟု တစ်ခွန်းသာ ပြောကာ ပြန်ချထားလိုက်၏။

'လုံခြုံရေးတပ်ဖွဲ့က သတင်းပို့လိုက်တာ၊ သမ္မတကြီး...ဒီကိုကြွလာနေပြီတဲ့'

ရုံးခန်းထဲတွင် ရှင်းလင်းစရာရှိသမျှကို ရှင်းလင်းပြီး လည်စည်းများ၊ ကုတ်အင်္ကျီများကို စနစ်တကျ ဆင်ပြီးသည့်အချိန်၌ သမ္မတကြီး ရောက်ရှိလာသည်။

သမ္မတကြီးနှင့်အတူ လိုက်ပါလာသူက ကရင်မလင်ရေးရာနှင့် ပတ်သက်၍ သမ္မတကြီးအား အကြံဉာဏ်ပေးရသည့် မာရှယ်ကောလင်း။

ရေတပ်ဦးစီးချုပ်ကင်ပါက သမ္မတကြီးအား နှုတ်ဆက်စကားဆိုလိုက်ပြီးနောက်...

'တစ်ခုခုများ သုံးဆောင်ပါဦးမလား သမ္မတကြီး'

သမ္မတကြီးက လက်မှနာရီကို ကြည့်ပြီး ပြုံးလိုက်၏။

'အရက်ခန်းတွေပိတ်ဖို့ သုံးနာရီတောင် လိုသေးတာပဲ၊ ဝီစကီ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သောက်ရရင် မကောင်းဘူးလား'

ရေတပ်ဦးစီးချုပ် ကင်ပါက ပြန်၍ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်ကာ ရုံးခန်းထဲရှိ ကိုယ်ရံတော်ဗိုလ်မှူးအား ဝီစကီနှင့် မြည်းစရာများယူလာရန် အမိန့်ပေးလိုက်၏။

'တိုင်တန်နစ်သင်္ဘောကြီး ဆွဲယူလာရေးနဲ့ ပတ်သက်ပြီး အခြေအနေ ဘယ်လိုလဲ'

သမ္မတကြီး၏အမေးကို ရေတပ်ဦးစီးချုပ် ကင်ပါက အတိုချုံး၍ တင်ပြလိုက်၏။

'တိုက်သင်္ဘောဂျူးနော့က တိုင်တန်နစ်အနားက တခြားကိုသွားပြီး တကယ်ပဲ ကယ်ဆယ်ရေးလုပ်ဖို့ လိုသလား'

သမ္မတကြီး၏အမေးကို ရေတပ်ဦးစီးချုပ် ကင်ပါက...

'အက်စ်အိုအက်စ် သတင်းပို့ချက်ရလာတော့လည်း မသွားလို့ မဖြစ်တော့ပါဘူး သမ္မတကြီး'

ဤတွင် စီအိုင်အေ ဒါရိုက်တာ နီကိုဆင်က ကြားဝင်လျက်...

'ပထမပိုင်းမှာတော့ ကျွန်တော်တို့က သူတို့မီးစင်ကိုကြည့်ပြီး က,ကြရမှာပါ၊ ဒုတိယပိုင်းကျတော့မှ ကျွန်တော်တို့ သဘောကျ က,ကြရလိမ့်မယ်'

သမ္မတကြီးက...

'တိုင်တန်နစ်သင်္ဘောကြီးဟာ ခုတိုက်နေတဲ့ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ပါ့မလား ကင်ပါ'

'ဆွဲသင်္ဘောနှစ်စီးကသာ တိုင်တန်နစ်ရဲ့ ဦးပိုင်းကို ရေပေါ်မှာပေါ်နေနိုင်အောင် ဆွဲထားနိုင်ရင် အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်ခဲ့တဲ့ တိုင်တန်နစ်ဟာ နယူးယောက်ဆိပ်ကမ်းကို ရောက်လာမှာပဲ သမ္မတကြီး'

'ဆွဲသင်္ဘောနှစ်စီးက တိုင်တန်နစ်ကို ဘေးစောင်းပြီးမသွားအောင် မထိန်းနိုင်ခဲ့ရင်ကော'

'ဒါကတော့ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်လာရတော့မှာပဲ'

'ဒါဖြင့် ကျုပ်တို့ ဘာမှမလုပ်နိုင်တော့ဘူးပေါ့'

'ကျွန်တော်တို့လုပ်နိုင်တာ ဘာမှမရှိတော့ပါဘူး၊ မုန်တိုင်းတစ်ခုထဲကို ရောက်နေတဲ့ စက်မဲ့နေတဲ့ သင်္ဘောကြီးတစ်စီးအဖို့ ခု ကျွန်တော်တို့လုပ်ထားတာထက် ပိုပြီး ဘယ်သူမှ လုပ်နိုင်မှာမဟုတ်ပါဘူး'





တံခါးခေါက်သံတစ်ချက် ပေါ်ထွက်လာပြီးနောက် ရေတပ်အရာရှိတစ်ဦး ရုံးခန်းထဲသို့ ဝင်လာကာ ရေတပ်ဦးစီးချုပ် ကင်ပါက စားပွဲပေါ်တွင် စာရွက်နှစ်ရွက် တင်ထားလိုက်၏။

ကင်ပါက ကြေးနန်းစာရွက်တစ်ရွက်ကို ကောက်ဖတ်လိုက်ပြီး...

'ကက်ပရီကွန် သင်္ဘောကြီးက ပို့လိုက်တဲ့ သတင်းပါ။

သင်္ဘောပေါ်မှာ ကျွန်တော်တို့ရဲ့ ပြန်ကြားရေးအရာရှိအဖြစ် လိုက်ပါသွားတဲ့ မစ္စက်ဒါနာ ပျောက်ဆုံးနေသတဲ့...။

ရှာဖွေရေးအဖွဲ့က အစွမ်းကုန် ကြိုးစားကြပေမယ့် ဒါနာကို လုံးဝရှာမတွေ့ကြဘူးတဲ့။

ဒါနာဟာ သင်္ဘောပေါ်က လိမ့်ကျပြီး ပျောက်ဆုံးသွားတယ်လို့ သင်္ဘောဦးစီးမှူးက ယူဆပါသတဲ့'

ကင်ပါ၏စကားအဆုံးတွင် ဆီးဂရင်းထံမှ မြည်တမ်းသံ ပေါ်ထွက်လာ၏။

'ဘုရားသခင်...ဘယ်လိုအဖြစ်မျိုးနဲ့ ကံဆိုးမိုးမှောင်ကျရတာပါလိမ့်။ အို...ဒါနာ...ဒါနာ...'

ဆီးဂရင်းက ရပ်နေရာမှ လဲပြိုကျတော့မလို ဖြစ်သွားသည်။

ရော်ဂျာက ဖမ်း၍ မွေ့ထားလိုက်ပြီး ဆီးဂရင်းအား ဆိုဖာရှိရာသို့ တွဲခေါ်သွားသည်။

'မစ္စတာဆီးဂရင်း...သတိထားမှပေါ့'

ရေတပ်ဦးစီးချုပ် ကင်ပါက သတိအနေအထားဖြင့် ပြန်၍ ရပ်လိုက်ပြီး သမ္မတကြီးထံ သတင်းပို့လိုက်သည်။

'နောက်ဝိုင်ယာလက် သတင်းတစ်ခုက ဆွဲသင်္ဘော ဝေါလေ့စ်က ဖြစ်ပါတယ်။

'တိုင်တန်နစ်ကို ဆွဲယူနေတဲ့ ဆွဲကြိုးကြီး ပြတ်ထွက်သွားပြီး တိုင်တန်နစ်ဟာ မုန်တိုင်းကြီးအလယ်မှာ မျောပါနေတယ်လို့ သတင်းပို့ပါတယ်'

[ ၅၆ ]

ဆွဲသင်္ဘော ဝေါလေ့စ် ပဲ့ပိုင်းဆီမှ ပြတ်ကျနေသော [illegible] သေကြီးတစ်ကောင်လို။

www.burmeseclassic.com

www.burmeseclassic.com



ပွဲပိုင်း အနောက်ဘက် ပင်လယ်ရေအောက် နှစ်ဖာလုံခန့်ရောက်သည်အထိ ဆွဲကြိုးကြီးက တန်းလန်းကျလျက်။

လျှပ်စစ်ဝန်ချီစက်ကြီးအနီးတွင် ရပ်နေသော ဦးစိုးမှူးစကော့က ကိုယ့်မျက်စိကို ကိုယ် မယုံနိုင်သလိုလိုရှိနေမိသည်။

သူက အလံကိုင် ဗိုလ်ကလေး ကယ်လီနားနားသို့ကပ်ကာ အော်၍ မေးနေ၏။

'ဒါထက်မက ခံနိုင်ရည်ရှိခဲ့တဲ့ ဆွဲကြိုးကြီးဟာ ဒါလောက်နဲ့ ပြတ်ရတယ်ဆိုတာ ဘာကြောင့်လဲ'

'ကျွန်တော်လည်း မပြောတတ်ဘူး၊ ဆွဲကြိုးကြီးမှာ တစ်လွန်းမှလည်း ပြတ်တာ မတွေ့ခဲ့ဘူး၊ ကျွန်တော်ကို သေသေချာချာ စစ်ဆေးခဲ့တယ်'

'ဆွဲကြိုးကြီးကို မ,ပြီး ပြန်တင်လိုက်၊ ကျုပ်တို့ စစ်ဆေးကြည့်ကြရအောင်'

အလံကိုင်ဗိုလ်ကလေးက ခေါင်းညိတ်လိုက်ပြီး လက်အောက်အမှုထမ်းအားထပ်ဆင့် အမိန့်ပေးလိုက်၏။

ဆွဲကြိုးတင် လျှပ်စစ်ဝန်ချီစက်က အသံစ၍မြည်လာသည်။

ပင်လယ်ရေအောက်သို့ ရောက်နေသော သံမဏိဆွဲကြိုးကြီးက ဆွဲသင်္ဘောခုံပိုင်းပေါ်သို့ တဖြည်းဖြည်းတက်လာသည်။

ဆွဲကြိုးကြီးအဆုံးတွင် ရေပန်းကြီးတစ်ခု ပေါ်ထွက်လာ၏။

ဦးစိုးမှူးစကော့နှင့် အလံကိုင်ဗိုလ်ကလေး ကယ်လီတို့က ပြတ်နေသည့်နေရာကို စစ်ဆေးကြည့်ရှုလိုက်ကြ၏။

ဆွဲကြိုးကြီးရှိ လွန်းများက တစ်လွန်းစီပြတ်လျက်။

'ဆွဲကြိုးကြီးက လွန်းတွေကို လျှပ်စစ်မီးလျှံနဲ့တိုက်ပြီး ဖြတ်ထားတာပါကလား'

ဦးစိုးမှူးစကော့က ပြတ်ထားသည့်နေရာကို သေသေချာချာကိုင်ကြည့်ရင်း ထိတ်လန့်တကြား ပြောလိုက်၏။

[ ၅၇ ]

ဆွဲကြိုးပြတ်ထွက်သွားသည့်အချိန်တွင် တိုင်တန်နစ်သင်္ဘောပေါ်ရှိ ရဟတ်ယာဉ် ကုန်တင်အခန်း ကြမ်းပြင်ပေါ်၌ အလုပ်ရှုပ်နေသူက ဂျိုးမာတင်။





သူသည် မစ္စက်ဒါနာ၏ အလှပြင်မိတ်ကပ်ပစ္စည်းကလေးများ ထည့်[illegible]သော လက်ကိုင်အိတ်ကလေးကို လိုက်၍ရှာနေခြင်း။

အပြင်ဘက်တွင် မုန်တိုင်းက ပြင်းပြင်းထန်ထန်ကြီးတိုက်လျက်။

ဆွဲကြိုးကြီး ပြတ်မထွက်မီက တိုင်တန်နစ်သည် ရှေ့မှ ဆွဲသင်္ဘော ဝေါလေ့စ်၏ အကာအကွယ်ဖြင့် လေကွယ်ရာအရပ်သို့ ရောက်နေခဲ့၏။

ယခုမူ ဆွဲကြိုးကြီး ပြတ်ထွက်သွားခဲ့ပြီ ဖြစ်သောကြောင့် တိုင်တန်နစ်သည် လှိုင်းဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်ကို တည့်တည့်ကြီး ရင်ဆိုင်နေရပြီဖြစ်၏။

ဤအကြောင်းကို ရဟတ်ယာဉ်ပေါ်တွင် ရှာပုံတော်ဖွင့်နေသော ဂျိုးမာတင်က သိရှိခွင့် မရခဲ့။

ဂျိုးမာတင်အဖို့ ဒါနာ့အလှပြင် လက်ကိုင်အိတ်ကလေးကို ရှာရာ၌ နှစ်မိနစ်လောက်သာ အချိန်ယူရသည်။

ထိန်းချုပ်ခန်းနောက်ဘက် ရေမဝင်အောင် ကာထားသည့် နံရံနားတွင်ကပ်လျက် ခေါက်ထိုင်ခုံအတန်းများ...

ထိုင်ခုံ ရှေ့တန်းနှစ်ခုကြားတွင် ဒါနာ့အလှပြင် လက်ကိုင်အိတ်ကလေး ညပ်နေခြင်း။

ညပ်နေသည့် အပြာရောင် အလှပြင်အိတ်ကလေးကို ဒါနာက အတင်းဆွဲထုတ်ရန် ကြိုးစားခဲ့ပုံရ၏။

သို့ရာတွင် အကြောကိုမသိသော ဒါနာက ဖြန့်ထားသော ခေါက်ထိုင်ခုံနှစ်ကို ပြန်ခေါက်ပြီးမှ အပြာရောင်အိတ်ကလေးကို ဆွဲထုတ်ရန် သတိရခဲ့ဟန်မတူ။

လက်ထဲသို့ရောက်လာသော လက်ကိုင်အိတ်ကလေးကို ဂျိုးမာတင်က ဖွင့်၍ပင် မကြည့်။

ဖွင့်ကြည့်ရန်လည်း စိတ်မဝင်စား။

သူစိတ်ဝင်စားနေသည်က ဦးပိုင်းရှိ ရေမဝင်အောင်ကာထားသည့် နံ[illegible]ကပ်နေသည့်အခန်း။

သည်အခန်းထဲတွင် ခရီးသည် အယောက်နှစ်ဆယ် စီးနင်း[illegible]သည့် ရာဘာအသက်ကယ် လှေတစ်စီးကို ထားရှိစမြဲ။

ယခုမူ ရာဘာအသက်ကယ်ရလှက ရှိသင့်သည့်နေရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်လှေကို ဖုံးအုပ်ထားသည့် အဝါရောင်အဖုံးသာ ကျန်နေတော့ခြင်း။

ဂျိုးမာတင်က အဝါရောင် ရာဘာအဖုံးကို ဆွဲယူလိုက်သည့်အချိန်၌…

ဆွဲကြိုးပြတ်ကာ အထိန်းအကွပ်မဲ့နေသော တိုင်တန်နစ်သင်္ဘောကြီးကို ရေမလှိုင်းလုံးကြီးတစ်လုံးက လက်ယာဘက်သို့ စောင်းသွားအောင် ရိုက်ပုတ်ပစ်လိုက်၏။

သင်္ဘောကြီး လက်ယာဘက်သို့ စောင်းသွားသဖြင့် သင်္ဘောကြီး ကုန်းပတ်ပေါ်တွင် ရပ်နားထားသည့် ရဟတ်ယာဉ်ကလည်း လက်ယာဘက်သို့ အရှိန်ဖြင့် လျှောဆင်း ထိုးကျသွားသည်။

ဂျိုးမာတင်က ထိုင်ခုံတစ်ခုကို လှမ်းဆွဲလိုက်သည့်တိုင် ဆွဲ၍မရနိုင်ဘဲ ရဟတ်ယာဉ်နှင့်အတူ လက်ယာဘက်သို့ တလိမ့်ခေါက်ကွေး လဲပြိုကျသွားသည်။

အာလူးအိတ်တစ်အိတ်ကို တောင်စောင်းပေါ်မှ လှိမ့်ချလိုက်သကဲ့သို့။

လိမ့်ကျလာသောအရှိန်ဖြင့် ကုန်လှောင်ခန်းတံခါးကို ဝင်တိုက်မိကာ ဂျိုးမာတင်၏ခေါင်းတွင် လေးလက်မခန့် ကွဲသွားခဲ့၏။

ရရှိသည့်ဒဏ်ရာကြောင့် ဂျိုးမာတင် သတိလစ်သွားခဲ့သည်။ ကံကောင်းနေခြင်းမှာ အရှိန်ဖြင့် လက်ယာဘက်သို့ လိမ့်ကျလာသော ရဟတ်ယာဉ်က ပင်လယ်အောက်သို့ ရောက်မသွားဘဲ သင်္ဘောအပြင်ဘက်လက်ရန်းနှင့် ချိတ်မိကာ သင်္ဘောဘေးတွင် တွဲလောင်းကြီးဖြစ်နေခြင်း။

[ ၅၈ ]

အရှိန်ပြင်းပြင်းတိုက်နေသော လေမုန်တိုင်းကြီး မောသွားသည်ဟု ထင်ရ၏။ အနည်းငယ် အားပျော့လာ၏။

သည်အချိန်ကို အခွင့်ကောင်းယူကာ ဗိုလ်ကြီးအင်ဒရီခေါင်းဆောင်သော ရုရှားမရိန်းတပ်သားများက တိုင်တန်နစ်သင်္ဘောကြီးကို အပိုင်စီးလိုက်နိုင်ကြပြီ။

သင်္ဘောကြီးဝမ်းဗိုက်ခန်းထဲတွင် ရေစုပ်ထုတ်သည့်တာဝန်ကို ယူနေကြသည့် စပင်ဆာတို့အဖွဲ့အား ရုရှားမရိန်းတပ်သားငါးယောက်က လှုပ်ရှားခြင်းမပြုနိုင်အောင် ထိန်းထားနိုင်သကဲ့သို့။

အားကစားခန်းမကြီးထဲတွင် ရှိနေကြသည့် ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်





ဆန်ဒက်ကာ၊ ဦးစီးမှူးဂန်း၊ ပိုင်းလော့ အဲလ်ဘတ်တို့ အဖွဲ့ကိုလည်း ဗိုလ်ကြီး အင်ဒရီနှင့် ကျန် ရုရှား မရိန်းတပ်သား ငါးယောက်တို့က မလှုပ်နိုင်အောင် ချုပ်ကိုင်ထားနိုင်ခဲ့ကြပြီ။

ရုရှားမရိန်းတပ်သားများသည် ကက်ဦးထုပ်များကို မျက်ခုံးနားသို့ အရောက် ဆွဲချဆောင်းထားကြပြီး မျက်နှာတွင် မာဖလာများ စည်းထားကြ၏။

လက်တစ်ဖက်တွင်မူ အော်တိုမက်တစ် မရှင်းပစ္စတိုများ။

အားကစားခန်းမကြီးအတွင်းရှိ အဖွဲ့သားအားလုံးပင် အစပထမ၌ မှင်တက်မိသလို ငြိမ်နေကြ၏။

အဖွဲ့သားများအနက် စတင်လှုပ်ရှားလိုက်သူက ဓာတ်ပုံဆရာ ဂုဆန်။

ရေဒီယိုစက်အနားတွင် ရှိနေသည့် ဂုဆန်က သူ့အနားသို့ရောက်လာသော ရန်သူကို ချက်ချင်းပင် မှတ်မိပုံရသည်။

အများအားဖြင့် တွေတွေငေးငေးရှိနေတတ်သည့် ဂုဆန်၏ မျက်နှာပေါ်တွင် ဒေါသရောင်လျှမ်းလျက်။

'မိ,မစစ် ဖ,မစစ်တဲ့အကောင်'

ဤသို့ ဆဲဆိုရင်း ဂုဆန်က အနားမှ ရန်သူကို ခုန်အုပ်လိုက်၏။

ရန်သူက လက်တစ်ဖက်တွင် အသင့်ရှိနေသည့် ဓားမြှောင်ဖြင့် ဂုဆန်၏ ရင်ဘတ်ကို ထိုးစိုက်ခွဲချလိုက်၏။

တုန်လှုပ်ခြင်း၊ မယုံကြည်ခြင်း…သည်နောက်တော့ မရှိမဆုံဝေဒနာ။

အားကစားခန်းမ ကြမ်းပြင်ပေါ်တွင် လဲကျသွားသော ဂုဆန်၏ မျက်နှာပေါ်၌ ဆင့်၍ဆင့်၍ပေါ်ပေါက်လာသည့် ခံစားရချက် လက္ခဏာများက အထင်အရှား။

ခုတင်ပေါ်တွင်လဲနေသော ဒါနာက ထထိုင်လိုက်ပြီး အထိတ်တလန့် အော်ဟစ်လိုက်သည်။

ဒါနာ့အော်သံက ဆယ်ယူရေးအဖွဲ့သား အားလုံးအား တပ်လှန့်ပေးလိုက်သကဲ့သို့။

ဘင်ဒရမ္မာက ဂုဆန်အား ဓားဖြင့်ထိုးလိုက်သူ၏ ပါးရိုးကို လက်သီးဖြင့် ထိုးလိုက်၏။

ပစ္စတိုသေနတ်လက်ကိုင်တစ်ခုက ဘင်ဒရမ္မာ၏ မျက်နှာပေါ်သို့ အရှိန်ပြင်းစွာဖြင့် ကျရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်ပိုင်းလော့ စတူးဂရစ်က အနားရှိရန်သူအား တိုက်ခိုက်ရန် အားယူလှုပ်ရှားလိုက်သည်နှင့်တစ်ပြိုင်နက် သေနတ်ဒင်တစ်ခုက စတူးဂရစ်၏ နားထင်ပေါ်သို့ ပြင်းထန်စွာကျရောက်လာသည်။

နှစ်ဦးစလုံးပင် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ ရန်သူက ချက်ချင်း ဆိုသလိုပင် လဲရာမှ ပြန်ထလိုက်နိုင်၏။

သို့သော် စတူးဂရစ်ကမူ အသက်ပျောက်သွားသူတစ်ယောက်လို ပြန်ထ လာနိုင်။

ပိုင်းလော့အဲလ်ဘတ်က ရန်သူတစ်ယောက်အား သံချောင်းတစ်ချောင်း ဖြင့် ရိုက်ရန်ရွယ်လိုက်စဉ်မှာပင် သူ့လက်ကို ကျည်ဆန်တစ်ခုက လာရောက် ထိမှန်သွားသည်။

ပေါ်ထွက်လာသော သေနတ်သံကြောင့် ရန်သူများအား ပြန်လှန်တိုက်ခိုက် ရန် အသင့်ဖြစ်နေသူအားလုံးပင် ငြိမ်သွားကြသည်။

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာ၊ ဦးစီးမှူးဂန်းနှင့် ဘာစကွန် ကြီးတို့က မြှောက်ထားသော လက်များကို ပြန်၍ချပစ်လိုက်ကြ၏။

လက်နက်ကိုယ်စီ ကိုင်ထားသော ရန်သူများအား လက်နက်မဲ့ ပြန်၍ တိုက်ခိုက်ခြင်းမှာ အကျိုးမရှိလှကြောင့် သဘောပေါက်သွားကြသောကြောင့်။

ဤအခိုက်တွင် အားကစားခန်းမကြီးထဲသို့ ခြေလှမ်းမှန်မှန်ဖြင့် ဝင်ရောက် လာသူက ဗိုလ်ကြီးအင်ဒရီ။

သူက အခန်းထဲတွင် ပေါ်ပေါက်နေသည့် အခြေအနေကို သုံးစက္ကန့်အတွင်း အကဲခတ်လိုက်ပြီးသား...။

သူက ယခုအချိန်ထိ ကြောက်လန့်တကြား အော်ဟစ်နေသော ဒါနာအား စိုက်ကြည့်လိုက်ပြီးနောက် ဣန္ဒြေရရပြုံးလိုက်ကာ...

'ဒါလောက်လည်း အော်မနေပါနဲ့လေ၊ အသံတွေ ပြာကုန်ပါဦးမယ်'

ဒါနာ့မျက်လုံးအစုံတွင် ကြောက်လန့်မှုက အထင်သားပေါ်နေ၏။ ပါးစပ်ကို တင်းတင်းစေ့ ပိတ်ထားကာ ခုတင်ပေါ်တွင် ဒူးနှစ်ဖက်ကို လက်ဖြင့်ဖက်ထား၏။

ဝုဆန် ခန္ဓာကိုယ်အောက်မှ စီးကျအိုင်ထွန်းနေသော သွေးများက ဒါနာ အား တဆတ်ဆတ်တုန်နေစေသည်။

'ဒီအတိုင်းဆိုရင်တော့ သိပ်မဆိုးလှဘူး'

ဗိုလ်ကြီးအင်ဒရီက ဒါနာကိုလည်းကောင်း၊ ဘင်ဒရမ္မာကိုလည်းကောင်း၊





ပိုင်းလော့အဲလ်ဘတ်ကိုလည်းကောင်း တစ်ချက်စီ လှည့်ကြည့်လိုက်ပြီးနောက်...

'ခင်ဗျားတို့ ဆက်ပြီး ခုခံဖို့ ကြိုးစားရင်လည်း အလကားပဲ၊ တစ်ယောက် သေပြီး သုံးယောက်ဒဏ်ရာရနေပြီ မဟုတ်လား'

ဗိုလ်ကြီးအင်ဒရီ၏ စကားအဆုံးတွင် ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက် ကာက...

'မင်းဘယ်သူလဲ၊ မင်းက ကျုပ်သင်္ဘောပေါ်ကို ဘယ်သူ့အမိန့်နဲ့ တက်လာ ရတာလဲ၊ ကျုပ်အဖွဲ့သားတွေကိုကော ဘယ်သူ့အမိန့်နဲ့ သတ်ပစ်ရတာလဲ'

ဒီလိုအခြေအနေမျိုးမှာ လူကြီးမင်းနဲ့ လာတွေ့ရတာ စိတ်မကောင်းပါ ဘူးခင်ဗျာ။

လူကြီးမင်းဟာ ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းဆန်ဒက်ကာပဲ မဟုတ်လား'

ဗိုလ်ကြီးအင်ဒရီ၏ အမေးကို ဆန်ဒက်ကာက...

'မင်း...ကျုပ်မေးတဲ့မေးခွန်းကို မဖြေသေးဘူး၊ ဖြေစမ်းပါ'

'ကျွန်တော် ဘယ်သူဆိုတာက အရေးမကြီးလှပါဘူးခင်ဗျာ။

'လူကြီးမင်းရဲ့ ဒုတိယမေးခွန်းကို အဖြေပေးရမယ်ဆိုရင်တော့ ကျွန်တော် ဟာ ဒီသင်္ဘောကြီးကို ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံအနေနဲ့ သိမ်းယူခြင်း ဖြစ်ပါတယ်'

'ကျုပ်တို့အစိုးရက မင်းတို့လုပ်ရပ်ကို လက်ပိုက်ပြီးကြည့်နေမှာ မဟုတ်ဘူး'

'လူကြီးမင်းရဲ့အစိုးရဟာ လက်ပိုက်ပြီး ကြည့်နေမှာ သေချာပါတယ်'

'မင်းက ကျုပ်တို့အစိုးရကို အထင်သေးနေတာလား'

ဗိုလ်ကြီးအင်ဒရီက ခေါင်းကို ခါယမ်းလိုက်ပြီး...

'အထင်သေးနေတာ မဟုတ်ပါဘူးခင်ဗျာ၊ လူကြီးမင်းရဲ့ အစိုးရက ဘယ်လို နေရာတွေမှာ အစွမ်းထက်တယ်ဆိုတာ ကျွန်တော် သိပြီးသားပါ။

နောက်ပြီး ကျွန်တော်သိနေတာတစ်ခု ရှိသေးတယ်၊ ပင်လယ်ထဲမှာ မျောပါနေတဲ့ သင်္ဘောပျက်ကြီး တစ်စီးကို ကျွန်တော်တို့က တရားဝင် သိမ်းယူ လိုက်တဲ့အတွက် လူကြီးမင်းတို့ အစိုးရက စစ်ပွဲကြီးတစ်ပွဲတော့ တိုက်နေမှာ မဟုတ်ပါဘူးဆိုတဲ့ အချက်ပါပဲ'

'တရားဝင်သိမ်းယူတယ်...ဟုတ်လား'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ဒေါသဖြင့် [illegible] လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီသင်္ဘောဟာ ပင်လယ်ထဲမှာမျောနေတယ် ဆိုပေမယ့် သင်္ဘောသားတွေ မပါတာမဟုတ်ဘူး။

'ဒါကြောင့် မင်းရဲ့အပြုအမူဟာ ပင်လယ်ဓားပြ အကြီးစားတစ်ယောက်ရဲ့ အပြုအမူသာ ဖြစ်နေတယ်ဆိုတာ သတိထားစမ်းပါ'

'လူကြီးမင်းရဲ့ ပင်လယ်ရေကြောင်းဆိုင်ရာ ဥပဒေဖွင့်ဆိုချက်တွေကို ခဏလောက် ရပ်ထားလိုက်ပါဦး၊ ဥပဒေနဲ့ကိုက်အောင် ကျွန်တော်က အများကြီး လုပ်တတ်ပါတယ်'

'ဘာလဲ၊ မင်းက ကျုပ်တို့တစ်တွေကို ပင်လယ်ထဲမျှောပစ်မယ် စိတ်ကူးနေလို့လား'

'အဲဒီလောက်အထိတော့ မရက်စက်ချင်ပါဘူး ခင်ဗျာ၊ ခုလက်ငင်းလိုနေတာက သင်္ဘောထဲမှာဝင်နေတဲ့ ရေတွေကို စုပ်ထုတ်ပစ်ဖို့ပဲ။

ဒီတော့ လူကြီးမင်းရဲ့ ရေစုပ်ထုတ်ရေးအဖွဲ့သားတွေကို လူကြီးက ရေစုပ်ထုတ်လိုက်ပါလို့ တစ်ခွန်းတည်း အမိန့်ပေးလိုက်ရုံပါပဲ။

အဲဒီလို လူကြီးမင်းဘက်က လိုက်လျောမှုရှိခဲ့ရင် လူကြီးမင်းတို့ကို မုန်တိုင်းစဲသွားတဲ့အချိန်မှာ အသက်ကယ်လှေတစ်စီးပေါ်တင်ပြီး အေးအေးဆေးဆေး လွှတ်လိုက်မှာပါ။ ဒီလိုလွှတ်လိုက်ခြင်းအားဖြင့် ဒီသင်္ဘောကြီးကို တရားဝင်သိမ်းယူခွင့်ရှိသွားမယ်မဟုတ်လား'

'မင်းလုပ်ချင်တဲ့ အစီအစဉ်အတိုင်း ကျုပ်တို့ကကော လိုက်လုပ်ပါ့မလား'

ဗိုလ်ကြီးအင်ဒရီ ဆန်ဒက်ကာနှင့် ဆက်၍ စကားဆိုမနေတော့။ ရုရှားမရိန်းတပ်သားတစ်ယောက်အား ရုရှားစကားဖြင့် လှည့်၍ပြောလိုက်သည်။

ရုရှားမရိန်းတပ်သားက ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ မရှင်မစ္စတိုဒင်နှင့် ရောဒီယိုစက်ကို ရိုက်ခွဲပစ်လိုက်၏။

'ခုဆိုရင် လူကြီးမင်းတို့မှာ တခြားသင်္ဘောတွေနဲ့ အဆက်အသွယ်လုပ်စရာဆိုလို့ ဘာမှမရှိတော့ဘူး မဟုတ်လား'

ဗိုလ်ကြီးအင်ဒရီက အားကစားခန်းမကြီးကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

'ကျွန်တော်တို့အဖို့ အချက်ပြဆက်သွယ်ရေးအခန်းကို ဒီအထပ် ထမင်းစားခန်းမကြီးထဲမှာ ဖွင့်ထားပြီးပြီ'

'လူကြီးမင်းက ကျွန်တော်ပြောတဲ့အတိုင်း လိုက်နာမယ်ဆိုရင် လူကြီးမင်း





နဲ့ အဖွဲ့သားအားလုံးကို ရာသီဥတုကောင်းမွန်လာတဲ့အထိ ဒီသင်္ဘောပေါ်မှာ ပြုစုထားပါ့မယ်'

ဆန်ဒက်ကာက အင်ဒရီ၏စကားကို ဂရုမစိုက်ဘဲ မေးခွန်းတစ်ခုကို ထပ်မေးလိုက်သည်။

'ဂျိုးမာတင် ဘယ်မှာလဲ'

'ပြောရမှာကတော့ ဝမ်းနည်းပါတယ်ခင်ဗျာ'

ဗိုလ်ကြီးအင်ဒရီက ခနဲ့တဲ့တဲ့စကားဆိုနေ၏။

'လူကြီးမင်းရဲ့သင်္ဘော လှိုင်းလုံးကြီး ဘေးတိုက်အရိုက်ခံရတုန်းက လူကြီးမင်းရဲ့ အချစ်တော် ရဟတ်ယာဉ်နဲ့အတူ ပင်လယ်ထဲပြုတ်ကျသွားရှာပါပြီကော'

[ ၁၉ ]

မျက်နှာထား တင်းမာနေသော သမ္မတကြီး။

သမ္မတကြီးနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်နေသူက ရေတပ်ဦးစီးချုပ်ကင်ပါ။

သူက ကော်ဖီပန်းကန်ထဲသို့ သကြားလေးဇွန်းထည့်ကာ မွှေနေရင်း...

'လေယာဉ်တင်သင်္ဘောကြီး ဘီချားအိုင်လင်ဟာ တိုင်တန်နစ်ရှိမယ့် နေရာကို ရောက်လုနီးပါပြီ၊ အရုဏ်တက်လာတာနဲ့ သင်္ဘောကြီးက လေယာဉ်တွေက တိုင်တန်နစ်ကို လိုက်ရှာကြတော့မယ်'

ဤသို့ စကားဆိုရင်း ကင်ပါက အားယူ၍ ပြုံးလိုက်၏။

'စိတ်မပူပါနဲ့ သမ္မတကြီး၊ မနက်ဖြန် နေ့လယ်ဆိုရင် တိုင်တန်နစ်ကို ကျွန်တော်တို့ ဆွဲသင်္ဘောတွေက မြန်မြန်ဆွဲယူလာနိုင်မှာပါ'

သမ္မတကြီးက မော့၍ကြည့်လိုက်သည်။

'နှစ်ငါးဆယ်အတွင်း မကြုံဖူးအောင် ပြင်းထန်တဲ့ မုန်တိုင်းကြီးအလယ်မှာ စက်မဲ့တဲ့ သင်္ဘောကြီးက လွင့်မျောပြီး ပါနေတယ်။

ဒီသင်္ဘောကြီးကိုပဲ ဆိုဗီယက်အစိုးရက ဘယ်နည်းနဲ့ရရ သိမ်းယူဖို့ [illegible] နေတယ်။

'ဒီလိုဖြစ်နေတဲ့ အခြေအနေမှာ ဦးစီးချုပ်က ကျုပ်ကို စိတ် [illegible] ပြောနေတယ်။

ဦးစီးချုပ်ဟာ မတုန်မလှုပ်တတ်တဲ့ လူစားမျိုးလား၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အကောင်းမြင်ဝါဒသမားတစ်ယောက်လား'

ရေတပ်ဦးစီးချုပ် ကင်ပါက သက်ပြင်းတစ်ချက် မသိမသာ ချလိုက်ပြီး...

'ကျွန်တော်တို့ဟာ တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးနဲ့ နယူးယောက်ဆိပ်ကမ်းအထိ ရောက်ရှိလာရေးအတွက် အဘက်ဘက်က အစွမ်းကုန် ပြင်ဆင်ထားခဲ့ပါတယ်။

ဒါပေမဲ့ ခုလို မေလအလယ်ကြီးမှာ ဘယ်လိုမှ မျှော်လင့်မထားတဲ့ မုန်တိုင်းကြီးတစ်ခု တိုင်တန်နစ်ရှိနေတဲ့ ပင်လယ်ပြင်မှာ တိုက်ခတ်လာတဲ့အတွက် ကျွန်တော်တို့ဟာ ဘာမှမတတ်နိုင်ဘဲ ဖြစ်ခဲ့ရပါတယ်'

'ရုရှားတွေက ဒီအချိန်မှာ တိုင်တန်နစ်သင်္ဘောကြီးပေါ် တက်ပြီး အပိုင်စီးလိုက်ရင်ကော'

ကင်ပါက ခေါင်းကို ခါယမ်းလိုက်သည်။

'တစ်နာရီ မိုင်တစ်ရာကျော် တိုက်နေတဲ့ မုန်တိုင်းထဲမှာ လှိုင်းလုံးကြီးတွေက ပေခုနစ်ဆယ်ကျော်မြင့်အောင် ရိုက်နေတဲ့အထဲမှာ သင်္ဘောတစ်စီးပေါ်ကို တက်ဖို့ဆိုတာ ကျွန်တော့်အတွေ့အကြုံအရဆိုရင်တော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး သမ္မတကြီး'

'လွန်ခဲ့တဲ့အပတ်ကဆိုရင် ခုတိုက်နေတဲ့ မုန်တိုင်းကြီးဟာလည်း ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ တွက်ထားတာ မှားတာပဲမဟုတ်လား'

စီအိုင်အေ ဒါရိုက်တာ နီကိုဆင်က စားပွဲတွင် ဝင်ထိုင်လိုက်သည်။

'ဘာသတင်းများ ထူးသေးလဲ'

'တိုင်တန်နစ်ဆီကတော့ ဘာသတင်းမှ မလာဘူး သမ္မတကြီး၊ မုန်တိုင်းကြီး အလယ်ကို ရောက်သွားတဲ့အချိန်ကစပြီး ဘာသတင်းမှ မလာတာ'

'ဆွဲသင်္ဘောနှစ်စီးကကော'

'ဒီဆွဲသင်္ဘောနှစ်စီးကလည်း တိုင်တန်နစ်ကို မတွေ့ရသေးဘူးလို့ ဆိုပါတယ်'

'ဒါကလည်း မဆန်းလှပါဘူး၊ ဒီသင်္ဘောနှစ်စီးက ရေဒါတွေကလည်း အလုပ်မှ မလုပ်နိုင်ကြတော့ဘဲကိုး'

ခန်းမကြီးထဲတွင် တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်ခြင်းကိုသာ တိုင်း၍ တာ၍ ရမည်ဆိုလျှင် ထိုတိတ်ဆိတ်ခြင်းသည် ခန်းမကြီးထဲတွင် ရှိသူတို့အား အားဖြင့်ဖိ၍ သတ်ပစ်နိုင်လောက်ပေမည်။





'ဒီအချိန်ရောက်မှတော့ တိုင်တန်နစ်ကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်တော့ဘူး'

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သူက ဆီးဂရင်း။

သူသည် ထိုင်နေရာမှ ကုန်းရုန်း၍ ထနေရင်းကပင်...

'ဒီသင်္ဘောကြီးအတွက် ကျွန်တော်တို့အသက်တွေ ပေးခဲ့ရပြီ၊ ဒီသင်္ဘောကြီးမှာပါတဲ့ ဘိုင်ဇမ်နီယံသတ္တုတွေအတွက် အသက်တွေရော၊ သွေးတွေရော ချွေးတွေပါ ကျွန်တော်တို့ အများကြီးပေးခဲ့ရပြီးပြီ။

ဒီတော့ ခုလိုအချိန်မျိုးရောက်မှ ကျွန်တော်တို့လက်ထဲရောက်နေတဲ့ ဘိုင်ဇမ်နီယံသတ္တုတွေကို ဘယ်မှ အဆုံးမခံနိုင်ဘူး'

ဒယီးဒယိုင်ရပ်နေသော ဆီးဂရင်းက လဲပြိုကျတော့မည်ကဲ့သို့ ဖြစ်နေသောကြောင့် မစ္စတာဂျော်ဂျာနှင့် မာရှယ်ကောလင်းတို့က တစ်ဖက်တစ်ချက်မှ ဆွဲကာ ဆိုဖာပေါ်တွင် လဲလျောင်းပေးလိုက်ရ၏။

ရေတပ်ဦးစီးချုပ် ကင်ပါက သမ္မတကြီးအား တီးတိုးလေသံဖြင့်...

'တကယ်လို့ အဆိုးရွားဆုံးဖြစ်လာရင် ဘယ်လိုလုပ်ရမလဲ သမ္မတကြီး'

'ကျုပ်တို့က ဆန်ဒက်ကာကိုရော၊ ဂျိုးမာတင်ကိုရော သူ့အဖွဲ့သားတွေကိုပါ အလုပ်က ထုတ်ပစ်လိုက်ရမယ်'

'ဒါဖြင့် မဟာစစ်ဆင်ရေး စီမံကိန်းကြီးကိုကော'

သမ္မတကြီးက တွေဝေခြင်းမရှိဘဲ ဆက်၍ အဖြေပေးလိုက်သည်။

'ဒီစီမံကိန်းကြီးကိုလည်း ဖျက်ပစ်လိုက်ပါ'

[ ၆၀ ]

အရာအားလုံးသည် မှုန်ဝါးဝါး။

ကျောကုန်းနှင့် ခေါင်းအောက်ဘက်ရှိအရာက စိုစိုထိုင်းထိုင်း မာကျောကျော။

စိတ်အခြေအနေက လင်းတစ်ဝက် မှောင်တစ်ဝက်။

ဂျိုးမာတင်က မျက်စိအစုံကို အားယူ၍ ဖွင့်လိုက်သည်။

တစ်ဖက်က ပွင့်လာပြီး တစ်ဖက်ကိုမူ ဖွင့်မရ။

မှောင်ကြီးမည်းမည်း ဥမင်ထဲမှထွက်လာသူတစ်ယောက်လို ဂျိုးမာတင်သည် ကောင်းနေသည့် မျက်စိတစ်ဖက်ဖြင့် ဘယ်ညာလှည့်၍ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ရဟတ်ယာဉ်ထဲတွင် ရှိနေဆဲ။

သူ့ခြေထောက်နှစ်ချောင်းက အပေါ်သို့မြှောက်၍ ကွေးနေပြီး သူ့ကျောကုန်းနှင့် ခေါင်းက ရဟတ်ယာဉ် ပဲ့ပိုင်း၊ ရေကာနံရံပေါ်တွင် မှီလျက်။

သို့ဖြစ်၍လည်း သူက စိုထိုင်းထိုင်း မှောကျောကျောအရာကို တွေ့ထိနေမိခြင်း။

သူ့ခန္ဓာကိုယ် အထက်ပိုင်းကို ရဟတ်ယာဉ်အတွင်းရှိ ရေက ဘောင်ခတ်နေသည်။

ကိုးရိုးကားရား ဤအနေအထားသို့ မည်သို့မည်ပုံ သူရောက်နေခဲ့ရပါသနည်း။

စဉ်းစားကြည့်သော်လည်း အဖြေထွက်မလာ။

သူ့ခေါင်းထဲတွင် ပိစိကွေး လှုငယ်ကလေးများ ဆော့ကစားနေသလို ခံစားနေရ၏။

ဆော့ကစားနေသော ပိစိကွေး ကလေးသူငယ်များက လက်ထဲမှ မိန်းငယ်ကလေးများဖြင့် သူ့ဦးနှောက်ကို ခဏခဏ ထိုးဆွပေးနေသလို။

သူက လက်ခုပ်ထဲတွင် ရေထည့်ကာ မျက်နှာကို ပွတ်သပ်ချလိုက်၏။

သူ့အမြင်က ပို၍ကြည်လင်လာလေသည်။

ရဟတ်ယာဉ်ကြမ်းပြင်က သူ့ခေါင်းပေါ်သို့ ရောက်နေကြောင်း တွေ့ရ၏။ သူက ရေကာနံရံတွင်ရှိသည့် သံကွင်းကလေးများကို လက်ဖြင့်ဆွဲကာ ရဟတ်ယာဉ်ထဲမှထွက်၍ ရနိုင်မည့် တံခါးပေါက်ကို လိုက်ရှာသည်။

ခေါင်းတွင်ရထားသောဒဏ်ရာကြောင့် ဖြည်းဖြည်းသာ လှုပ်ရှားနေရ၏။ သုံးလေးလှမ်းမျှ လှမ်းပြီးတိုင်း ခဏစီ နားနေရ၏။

ရဟတ်ယာဉ် ရှေ့ပိုင်း ရေကာနံရံဆီသို့ ရောက်ရန် အတော်ပင် အားထုတ်ခဲ့ရ၏။ ရောက်သွားပြန်တော့လည်း နံရံတွင်ရှိသည့် တံခါးက ဖွင့်မရအောင် ကျပ်နေ၏။

ဂျိုးမာတင်က ခါးကြားမှ ပစ္စတိုကို ဆွဲထုတ်ကာ တံခါးချက်ကို သေနတ်ဒင်ဖြင့် ထု၍ ဖွင့်သည်။

တံခါးက မပွင့်။

သူက ခဏနားလိုက်ပြီး ထွက်ပေါက်ကို လိုက်ကြည့်သည်။

ထိန်းချုပ်ခန်းရှေ့ရှိ မှန်ကြီးက ကွဲထွက်နေသည်။ သည်အပေါက်မှ ထိုး





ထွက်လျှင် ရနိုင်မည်မဟုတ်လား။

ထွက်ပေါက်ကို တွေ့သွားပြီးနောက် သူက အပန်းဖြေရင်း ဖြစ်ပျက်ခဲ့သမျှ ပြန်၍စဉ်းစားကြည့်နေမိ၏။

သူ မေ့မြောသွားခဲ့သည်မှာ မည်မျှကြာခဲ့သလဲ။

နာရီဝက်လား၊ တစ်နာရီလား၊ တစ်ညလုံးလား။

လက်တွင်ပတ်ထားသည့်နာရီ မရှိတော့သဖြင့် မည်သည့်အချိန်ဟု သူမသိ။

သူက ဆက်၍ စဉ်းစားမနေတော့ဘဲ ထိန်းချုပ်ခန်း လေကာမှန်ကွဲပေါက်မှ ထိုးထွက်ကာ ရဟတ်ယာဉ်ပေါ်မှ ဆင်းလာခဲ့၏။

တိုင်တန်နှစ်သင်္ဘောကြီး၏ ကုန်းပတ်ကြမ်းပြင်ပေါ်တွင် တစ်ဖန် ပြန်၍ ခြေချလိုက်မိသောအခါ ကုန်ခန်းခဲ့လေသမျှသော အားများ ပြန်၍ပြည့်လာသလို ထင်ရ၏။

တိုင်တန်နှစ်သင်္ဘောကြီးက တလူးလူး တလိမ့်လိမ့်။

မုန်တိုင်းကြီး အမြီးဖျားက သင်္ဘောကြီးကို လာ၍ရိုက်ခတ်နေဆဲ။

ဤအချက်ကို ဂျိုးမာတင်က သတိထားလိုက်မိ၏။

သူရပ်နေသည့် သင်္ဘောကုန်းပတ်သည် ရဟတ်ယာဉ်ဆင်းသက်နိုင်ရန် အရေးပေါ် စီမံထားသည့်ကုန်းပတ်ဖြစ်ရာ ဘီအထပ်ရှိ ကုန်းပတ်ပင် ဖြစ်ရပေမည်။

ဂျိုးမာတင်က သင်္ဘောလက်ရန်းတွင် တွဲလောင်းကြီးချိတ်နေသော ရဟတ်ယာဉ်ကို ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်၏။

ရဟတ်ယာဉ်သာ သင်္ဘောလက်ရန်းပေါ်မှ ကျော်၍ ပင်လယ်ထဲသို့ ရောက်သွားခဲ့လျှင်…

သည်အတွေးက ဂျိုးမာတင်အား ကျောချမ်းသွားစေ၏။

မုန်တိုင်းကြီး အမြီးဖျားခတ်ပုံက ပို၍ကြမ်းလာပြန်သည်။ လှိုင်းလုံးကြီးများ ကြွအထတွင် သင်္ဘောကြီးဦးပိုင်းက လက်ယာဘက်သို့ စောင်း၍ စောင်း၍လာသည်။

စောင်းနေသည့် သင်္ဘောလက်ယာဘက်သို့ စူးစိုက်၍ ကြည့်လိုက်သောအခါ မီးမောင်းကြီးများထိုး၍ ချဉ်းကပ်လာသော အခြားသင်္ဘောတစ်စီး[illegible] တွေ့လိုက်ရ၏။

ကိုက်နှစ်ရာထက် ပို၍မကွာ။

သင်္ဘောအရွယ်အစားကို ခန့်မှန်း၍ မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးက သည်းနေကာ ကောင်းကင်နှင့် ပင်လယ်က မည်းနေ၏။

မိုးပေါက်မိုးသီးများက သူ့မျက်နှာကို မှန်စာဖြင့် ပွတ်တိုက်နေသကဲ့သို့ ဆွဲသဘော်နှစ်စီးအနက် တစ်စီးစီးများ ဖြစ်လေသလား။

သို့မဟုတ် တိုက်သဘော်ကြီး ဂျူးနော့ကယ်ဆယ်ရေးမှ ပြန်လာခဲ့ခြင်း ဖြစ်လေသလား။

ဝေခွဲ၍မရ။

ဤအခိုက်တွင် လျှပ်စီးက ပြက်သွားသည်။

လျှပ်ရောင်ဖြင့် သဘော်ထိပ်ဘက်ရှိ ရေဒါအိမ်ခုံကို မြင်လိုက်ရသည်။

ရုရှားတိုက်သဘော် မစ်ဒေးခါကော့။

ပင်လယ်ရေအောက် သုတေသန ရေယာဉ်သင်္ကေတ်ပုံဖျက်ထားသည့် ရုရှားတိုက်သဘော်။

ဂျိုးမာတင်က ခြေထောက်တွင်လာ၍ငြိနေသော သံမဏိကြိုးစတစ်စကို လက်ဖြင့် စမ်းသပ်ကြည့်လိုက်၏။

ရဟတ်ယာဉ်ကို ကုန်းပတ်ပေါ်မှ လျှောကျမသွားအောင် တုပ်နှောင်ထားသည့် သံမဏိကြိုး။

ယခုမူ သာမန်ကြိုးစတစ်စလို လွန်းများဖွာကာ ပြတ်နေပေပြီ။

တစ်ယောက်ယောက်က ကုန်းပတ်ပေါ်မှ ရဟတ်ယာဉ် ပင်လယ်ထဲသို့ ထိုးကျသွားအောင် တမင်တကာ ကြိစည်ထားခဲ့ခြင်း။

ရဟတ်ယာဉ် မစ်ဒေးခါကော့က တိုင်တန်နစ်နှင့် ဘေးချင်းယှဉ်မိသည့် အချိန်၌ ဂျိုးမာတင်သည် မှောင်ရိပ်ကိုခိုကာ ကိုယ်ရောင်ဖျောက်ထားနိုင်ခဲ့လေပြီ။

[ ၆၁ ]

တိုင်တန်နစ်သဘော်ကြီး၏ ပထမတန်းစီး ခရီးသည်များအတွက် သီးသန့်ထားရှိခဲ့သော ထမင်းစားခန်းကြီးက ကျယ်ပြောလှ၏။

ထမင်းစားခန်းကြီး မျက်နှာကြက်ကပင် ခမ်းနားနေသည်။

အရေးပေါ် တပ်ဆင်ထွန်းညှိထားသည့် လျှပ်စစ်မီးရောင်များက ထမင်းစားခန်းကြီးတစ်ခုလုံးကို လင်းနေအောင် မစွမ်းဆောင်နိုင်ရှာ။

အချို့နေရာများတွင် မှောင်နေလေသည်။





ထမင်းစားခန်းကြီး၏ မပျက်ကျေ ကြွင်းကျန်နေသေးသော မှန်တံခါးများပေါ်၌ ဆယ်ယူရေးအဖွဲ့သားများ၏ပုံရိပ်များက ကိုးရိုးကားရား လာ၍ထင်ဟပ်နေ၏။

အဖွဲ့သားအားလုံးပင် ပင်ပန်းနွမ်းနယ်နေကြပြီ။ စိတ်ဓာတ်ကျဆင်းနေကြပြီ။

သဘော်ကြီးကို အပိုင်စီးထားကြသည့် ရုရှားမရိန်းတပ်သားများက ကယ်ဆယ်ရေး အဖွဲ့သားများအား တစ်ချက်မျှ အလစ်မပေး။

အားကစားခန်းမကြီးထဲမှ ထမင်းစားခန်းမကြီးသို့ ကယ်ဆယ်ရေးအဖွဲ့ တစ်ဖွဲ့လုံးအား ပြောင်းရွှေ့စေခဲ့ရာ၌ သဘော်ကြီး အောက်ဆုံးထပ်တွင် စောစောက ရေစုပ်ထုတ်သည့် တာဝန်ကို ယူနေခဲ့ရသော စပင်ဆာတို့လူသိုက်လည်း ပါဝင်လာခဲ့ရ၏။

စပင်ဆာက ဝုဆန်နှင့် ဂျိုးမာတင်တို့ သေဆုံးသွားသည့် သတင်းကို အဖွဲ့သားများထံမှ ကြားလိုက်ရသည့်တိုင် မယုံနိုင်သေး။

ရေကြောင်းဗိုလ်ချုပ်ကြီး ကိမ်းစ်ဆန်ဒက်ကာအား စပင်ဆာက ကြားရသည့်အတိုင်း မှန်,မမှန် လေသံတိုးတိုးဖြင့် မေးနေသည်။

'သေတာ အမှန်ပဲ'

ဘင်ဒရမ့်မှာက ရောင်ကိုင်းနေသည့် နှုတ်ခမ်းနှစ်ခုအကြားမှ ဆန်ဒက်ကာ ကိုယ်စား တိုးတိုးအဖြေပေးနေ၏။

'ဟောဟိုမှာ မြင်တယ်မဟုတ်လား၊ အဲဒီကောင်တွေထဲက အကောင်က ဝုဆန်ကို ဓားနဲ့ ဗိုက်ကိုခွဲပြီး သတ်ပစ်လိုက်တယ်'

အထိုးအကြိတ်ခံထားရသဖြင့် ဖူးရောင်နေသည့် ကယ်ဆယ်ရေးအဖွဲ့သားများ၏ မျက်နှာ။ ထိတ်လန့်တကြားဖြစ်နေသည့် ဒါနာ၏ အမူအရာကို ဗိုလ်ကြီး အင်ဒရီက တစ်လှည့်စီကြည့်ရင်း ပီတိဖြစ်နေပုံရ၏။

တစ်ချက်တစ်ချက်တွင် ရောမလှိုင်းလုံးကြီးက သဘော်ကြီးဘေးကို ပြေး၍ ဝင်ဆောင့်နေ၏။

သဘော်ကြီးက တလူးလူး တလိမ့်လိမ့်။

လူးလူးလိမ့်လိမ့် ဖြစ်သွားသော သဘော်ကြီးပေါ်တွင် ရပ်မြဲရပ်နိုင်အောင် တောင့်ခံထားကြသည့် ကယ်ဆယ်ရေးအဖွဲ့သားများကို ကြည့်ကာ ဗိုလ်ကြီးအင်ဒရီက ပီတိဖြစ်နေခြင်း။



www.burmeseclassic.com

www.burmeseclassic.com



'ဂုဆန်နဲ့ ဂျိုးမာတင်တို့နှစ်ယောက် အသက်ပျောက်သွားတာကို ခင်ဗျား က ယုံတမ်းစကားလို့များ ထင်နေလို့လား'

စပင်ဆာအား ဗိုလ်ကြီးအင်ဒရီက ပြုံးထေ့ထေ့ဖြင့် ကြည့်လိုက်ပြီး မေး လိုက်၏။

'ခင်ဗျားက အတော်ကိုအတွက်မှားတဲ့လူ၊ ရေစုပ်ထုတ်ရမှာကိုလည်း အတွက် မှားပြီး ခင်ဗျားက ငြင်းဆန်နေတာပဲမဟုတ်လား။

ဒီအတိုင်းဆိုရင် ရှေးဟောင်းအမွေအနှစ် ပစ္စည်းကြီးတစ်ခုလို ဖြစ်နေတဲ့ ဒီသင်္ဘောကြီးလည်း ရေတွေထပ်ဝင်ပြီး မြုပ်သွားရတော့မှာပဲ'

စပင်ဆာက မမှုသည့်လေသံဖြင့်...

'မြုပ်ပလေ့စေပေါ့ဗျာ၊ သင်္ဘောကြီးမြုပ်သွားရင် ခင်ဗျားရော၊ ခင်ဗျားရဲ့ ထွန်မြူနစ် ငမိုက်သားတွေပါ မြုပ်ကုန်ကြမယ် မဟုတ်လား'

'ကျုပ်တို့က ဘယ်လိုမှ မမြုပ်နိုင်ဘူး သိလား၊ မစ်ခေးခါကောလို သင်္ဘော ကြီးတစ်စီး ကျုပ်တို့အနားမှာ ရှိနေတယ်ဆိုတာ ခင်ဗျား ထည့်စဉ်းစားဦး လေဗျာ'

ဗိုလ်ကြီးအင်ဒရီက ရွှေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ် ယူကာ ဘူးပေါ်တွင် စီးကရက်ကို ခေါင်လိုက်ထား၍ ခေါက်လိုက်သည်။

ပြီးမှ...

'ချင့်ချိန်ဉာဏ်ရှိတဲ့ လူတစ်ယောက်ဟာ လွဲရှောင်လို့ ဘယ်လိုမှ မရနိုင်တဲ့ အချက်ကို ဆက်ပြီး ငြင်းဆန်နေမယ့်အစား လုပ်သင့်လုပ်ထိုက်တာကို လုပ်သင့် တာပဲ မဟုတ်လား'

'လုပ်လို့ကော ဘာထူးဦးမှာတုံး၊ ရေတွေက နင်းကန် ဝင်နေတာ'

ဤတွင် ဆန်ဒက်ကာက ကြားဝင်ကာ...

'မင်းက ကျုပ်တို့လူတွေကို မင်းလုပ်စေချင်တဲ့အတိုင်း လုပ်ခိုင်းလို့ ရမယ် ထင်မနေနဲ့'

'ဒီလိုလည်း ဘယ်ဟုတ်မလဲလေ'

ဗိုလ်ကြီးအင်ဒရီက ဆန်ဒက်ကာ၏ ပြတ်ပြတ်သားသားပြောလိုက်သည့် စကားကြောင့် အနှောင့်အယှက်ဖြစ်မသွား။

'ကျွန်တော်လိုချင်တဲ့ ပူးပေါင်းကူညီမှုကိုတော့ ဗိုလ်ချုပ်ကြီးရဲ့ အဖွဲ့သား တွေဆီက ရလာရမှာပါ၊ ရမှာကလည်း မကြာတော့ပါဘူး၊ သိပ်ကို မြန်မြန်





ရမှာ'

အင်ဒရီက မရိန်းတပ်သားတစ်ယောက်အား လက်ညှိုးထိုး၍ပြလိုက်ရင်း ရုရှားစကားဖြင့် ခပ်တိုးတိုးပြောလိုက်၏။

ရုရှားမရိန်းတပ်သားက ခေါင်းညိတ်လိုက်သည်။ ပြီး ထမင်းစားခန်းကြီး ထဲ ဖြတ်လျက် ဒါနာရှိရာသို့ ဖြည်းဖြည်းချင်းလျှောက်သွားသည်။

ဒါနာ့အပါးသို့ရောက်လျှင် ဒါနာ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လိုက် ပြီး မီးပွင့်တစ်ပွင့် အလင်းရောင်အောက်သို့ ခပ်ကြမ်းကြမ်းဆွဲခေါ်သွားသည်။

ဆယ်ယူရေးအဖွဲ့သားများက ရှေ့သို့ တစ်ပြိုင်တည်းတိုးလာကြ၏။ ရုရှား လက်နက်ကိုင်တပ်သား လေးယောက်က ရှေ့တိုးလာသည့် ဆယ်ယူရေး အဖွဲ့ သားများ၏ ဝမ်းဗိုက်တည့်တည့်ကို မရှင်ပစ္စတိုများဖြင့် ထိုးချိန်လိုက်ကြသည်။

ခြေလှမ်းကို တုံ့ခနဲရပ်ပစ်လိုက်ကြရသူများက ဆယ်ယူရေးအဖွဲ့သားများ။ မုန်းတီးခြင်း၊ ရွံရှာခြင်းတို့က သူတို့မျက်နှာပေါ်မှာ။

'ဒါနာကို အန္တရာယ်ဖြစ်အောင် လုပ်မယ်ဆိုရင်တော့...'

ဆန်ဒက်ကာအသံက တိုးသော်လည်း ပြတ်ပြတ်သားသား။

'မင်းမှာလည်း အန္တရာယ်ဖြစ်လာရမှာပဲ'

'အို...ဖြစ်ရင်လည်း ဖြစ်လာပါစေ' ဗိုလ်ကြီးအင်ဒရီက မမှုသည့်အမူအရာ ဖြင့်...။

မုဒိမ်းကျင့်တယ်ဆိုတာ စိတ်မနှံ့တဲ့လူတွေရဲ့ အလုပ်ပါ။ နို့ပြီး ယောကျ်ား မပီသတဲ့ လူတွေကသာ ဗိုလ်ချုပ်ကြီးနဲ့ ဗိုလ်ချုပ်ကြီးရဲ့ အဖွဲ့သားတွေဆီက အကူအညီ ရလာအောင် တစ်ယောက်ယောက်ကို ပြန်ပေးဆွဲတဲ့နည်းကို သုံးမှာပါ။

ကျွန်တော်ကတော့ ဒါမျိုးမလုပ်ပါဘူး'

'ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်တွေဟာ သူတို့အမျိုးသမီးတွေကို ကျောက်သလင်းဖြူ ပလ္လင်ပေါ်မှာ ခုထက်ထိတင်ပြီး ကိုးကွယ်ထားတုန်းဆိုတာ ကျွန်တော်သိနေလို့ပါ။

ရေကြောင်းဗိုလ်ချုပ်ကြီးနဲ့ ကယ်ဆယ်ရေးအဖွဲ့ဝင်တွေဟာ ယောဒ်ာ အမျိုးသမီးရဲ့ အရှက်ကို ကာကွယ်ရင်း အကျိုးမဲ့တဲ့ သေခြင်းမျိုးနဲ့ အသေခံ မယ်ဆိုတာလည်း ကျွန်တော်သိပြီးသားပါ။

ဒီလိုအသေခံသွားကြရင် ကျွန်တော်တို့အဖို့ ဘာအသုံးကျတော့မှာလဲ ခု ကျွန်တော်လိုချင်နေတာက လူကြီးမင်းတို့ရဲ့ အကူအညီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဒီလိုအကူအညီရလာအောင် ကျွန်တော်က ဆွဲဆောင်နိုင်ရမယ်။

ရက်စက်တာ၊ ညှဉ်းပန်းတာဟာ ဆွဲဆောင်တဲ့နေရာမှာ အကြမ်းနည်းပဲ။ ကျွန်တော်က အကြမ်းနည်းကို မသုံးပါဘူး၊ အနုနည်းကိုပဲ သုံးမှာပါ'

ဗိုလ်ကြီးအင်ဒရီက ခဏရပ်လိုက်ပြီး သူသုံးလိုက်သည့် စကားလုံး မှန်,မမှန် ပြန်စစ်နေဟန်ရ၏။

ပြီးမှ…

'ဟုတ်တယ်၊ အနုနည်း၊ လူကြီးမင်းရဲ့ အဖွဲ့သားတွေကို သူတို့အလုပ် သူတို့ ပြန်လုပ်လာအောင် တိုက်တွန်းလှုံ့ဆော်ပေးမယ့် အင်မတန်ကောင်းတဲ့ အနုနည်း။

'ဒါမှလည်း သင်္ဘောကြီးက ရေပေါ်မှာ ဆက်ပြီးပေါ်နေမှာ'

ဗိုလ်ကြီးအင်ဒရီက ဆန်ဒက်ကာအား ပြောနေရာမှ ဒါနာ့ဘက်သို့ လှည့်လိုက်သည်။

ဒါနာက အင်ဒရီကိုကြည့်နေမိ၏။

ဒါနာ့မျက်နှာက သနားစရာ။

ဘာမှ မကြံတတ် မစည်တတ်သည့် အမူအရာ။

'ကဲ…မစ္စက်…ဒါနာ…ရေ…ဒါနာ့ကိုယ်ပေါ်က အဝတ်အစားတွေကို ချွတ်ပစ်လိုက်စမ်းပါ၊ အဝတ်အစားအားလုံးကို ပြောတာနော်'

ဗိုလ်ကြီးအင်ဒရီစကားအဆုံးတွင် ဆန်ဒက်ကာက…

'ဘယ်လိုအပေါစားအလုပ်မျိုး လုပ်ခိုင်းနေရတာလဲ'

'အပေါစားအလုပ်မျိုး မဟုတ်ပါဘူး၊ မစ္စက်ဒါနာရဲ့ ဣန္ဒြေကို တစ်လွှာပြီး တစ်လွှာ ခွာချခိုင်းတာပါ။

ဘယ်အထိ ခွာချခိုင်းမလဲဆိုရင် လူကြီးမင်းက မစ္စတာစပင်ဆာနဲ့ ရေစုပ်စက်အဖွဲ့ကို ပြန်ပြီး အလုပ်လုပ်ပါလို့ အမိန့်ပေးတဲ့အထိပါပဲခင်ဗျာ'

'ဒါနာ သူပြောတိုင်းမလုပ်နဲ့'

ကြားဝင်ပြောလိုက်သူက ဦးစီးမှူးဂန်း။

'ကျေးဇူးပြုပြီးတော့ခင်ဗျာ…ကြားဝင် မနှောင့်ယှက်ကြပါနဲ့'

အင်ဒရီက တောင်းတောင်းပန်ပန် စကားဆိုနေ၏။

'ခင်ဗျားတို့ ကြားဝင်ရှုပ်နေရင်တော့ ကျွန်တော့်လူ တစ်ယောက်ယောက်ကို ဒါနာ့ကိုယ်ပေါ်က အကျီတွေ အတင်းဆွဲချွတ်ခိုင်းရလိမ့်မယ်၊ ဒါကလည်း





လိုအပ်မှပါ'

ဒါနာ့ ကော်ဖီညိုရောင် မျက်လုံးဝိုင်းဝိုင်းလှလှအစုံ၌ ထူးခြားသည့် အလင်းရောင်တန်းကလေးက တဖြည်းဖြည်း လင်းလက်လာ၏။

တတ်နိုင်သည့်နည်းဖြင့် ပြန်လည်ထိုးနှက်မည်ဟူသော အသိအလင်းရောင် ရောင်ခြည်တန်း။

ဒါနာက နောက်ထပ် တစ်မိနစ်မျှ တုံ့ဆိုင်းမနေတော့ဘဲ ကိုယ်ပေါ်မှ အပေါ်ဝတ်အကျီကို ချွတ်ချလိုက်၏။

အပေါ်ဝတ်အကျီ ကွာကျသွားပြီးနောက် သင်္ဘောအတက်အဆင်းတွင် ပေါ့ပါးအောင်ဝတ်ထားသည့် ဝတ်စုံကို ချွတ်ချလိုက်၏။

ပြီးတော့ အတွင်းခံအကျီနှင့် ဘောင်းဘီ။

တစ်မိနစ်အတွင်းတွင် မီးရောင်အောက်၌

နွဲ့နွဲ့နှောင်းနှောင်း။ လှလှပပ။

ရိုးတံရိုးဆစ် ပြေပြစ်ချောမောလှသော ကိုယ်က မိမွေးတိုင်း ဖမွေးတိုင်း…

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ကျောခိုင်းကာ တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။

ဆယ်ယူရေးအဖွဲ့ဝင်အားလုံးကလည်း ဗိုလ်ချုပ်ကြီးနည်းတူ ဒါနာအား ကျောပေး၍ ရပ်လိုက်ကြ၏။ သူတို့သည် မည်းမည်းမှောင်နေသည့် အရပ်ကို မျက်နှာမူလျက်။

'လူကြီးမင်းတို့ရဲ့ပြုမူချက်က စိတ်ထိခိုက်စရာကောင်းလှပါတယ်။ ဒါပေမဲ့ လူကြီးမင်းတို့က မျက်နှာလွှဲ ကျောခိုင်းနေလို့ မရပါဘူး'

ဗိုလ်ကြီးအင်ဒရီအသံက အေးစက်စက်။

'ကဲ…လူကြီးမင်းများခင်ဗျာ၊ ဒီဘက်ကို ပြန်လှည့်လိုက်ကြစမ်းပါ၊ ကျွန်တော်တို့ရဲ့ပြပွဲက ခုမှ စရုံရှိပါသေးတယ်'

'လေဝါကြောင်ကျားစကားတွေနဲ့ ကိုယ့်တိုင်းပြည် ကိုယ် ဘယ်လောက် ဘယ်လောက်ချစ်တယ်ဆိုတဲ့ အပြောမျိုးကတော့ ရိုးနေပါပြီရှင်'

ဒါနာ့အသံကြောင့် ဆန်ဒက်ကာနှင့် အဖွဲ့သားအားလုံးပင် ဆတ်ခနဲ ပြန် လှည့်ကြည့်လိုက်ကြ၏။ ရပ်သေးရုပ်များကို တစ်ပြိုင်နက် ဆွဲလှုပ်လိုက်သည်။

ဒါနာက မီးရောင်အောက်တွင် ရပ်နေ၏။ ခြေနှစ်ချောင်းကို [illegible] လက်နှစ်ဖက်က ခါးပေါ်တွင်ထောက်ကာ ရင်ကို ကော့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နီညိုရောင် လှပသောမျက်လုံးအစုံက လောကကြီးတစ်ခုလုံးကို ပြက်ရယ်ပြုနေသကဲ့သို့။

ခေါင်းတွင်ပတ်ထားသည့် ပတ်တီးက အမြင်မကောင်း။

သို့တိုင်အောင် ဒါနာ့ မိမွေးတိုင်း ဖမွေးတိုင်း အလှက ရက်ရက်စက်စက်လှနေ၏။

'ဝင်ကြေးက အလကား၊ ကြည့်ချင်သလောက် ကြည့်လို့ရတယ်၊ ကြည့်ကြပါရှင့်...ကြည့်ကြပါ'

ဒါနာက အတည်ပေါက်ပြောနေသည်။

'မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာဆိုတာ ဘာမှ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။

ရှင်တို့လည်း မြင်ဖူးကြမှာပေါ့၊ မြင်ဖူးရုံမကပါဘူး၊ တွေ့လည်း တွေ့ဖူးနေတဲ့လူတွေပါ။

ဒီတော့ ငုံကြည့်၊ စောင်းကြည့် ဘာလို့လုပ်နေမှာလဲ၊ တည့်တည့်ကြီးကြည့်ကြပါ၊ ရဲရဲကြီးကြည့်ကြပါ'

ဒါနာ့မျက်လုံးအစုံမှ ရောင်ခြည်တန်းက တစ်မျိုးပြောင်းသွားသည်။ ဒါနာ့နှုတ်ခမ်းအစုံက ပို၍ပွင့်လာသည်။

ဒါနာ့ထံမှ ဟက်ဟက်ပက်ပက်ရယ်သံ ပေါ်ထွက်လာတော့၏။

စောစောကတော့ ဗိုလ်ကြီးအင်ဒရီက သရုပ်ဆောင်မင်းသား။

ခုတော့ သူ့နေရာကို ဒါနာက ယူနေပြီ။

ဗိုလ်ကြီးအင်ဒရီက ဒါနာ့တစ်ကိုယ်လုံးကို ငေးစိုက်ကြည့်နေ၏။

ဤသို့ကြည့်နေရာမှ သတိပြန်ဝင်လာကာ သရော်ပင့်ချီ စကားဆိုလိုက်သည်။

'သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ပြပွဲတစ်ပွဲပါပဲ၊ ဟုတ်တယ်...မစ္စက်ဒါနာတို့ကယ်ကို စိတ်ဝင်စားစရာကောင်းတဲ့ ပြပွဲပါ။

ဒါပေမဲ့ အနောက်တိုင်းရဲ့ ဆွေးမြည့်ပျက်သုဉ်းနေတဲ့ ယဉ်ကျေးမှုကို သရုပ်ဖော်ပုံကိုတော့ ကျုပ်တို့က နည်းနည်းကလေးမှ မကြိုက်ဘူး'

အင်ဒရီ့စကားကို ဒါနာက ပြန်၍ ချေပနေ၏။

'ကွန်မြူနစ်ဆိုတဲ့ လူတစ်ယောက်ကို ရှင်က ကျွန်မကိုပြပေးစမ်းပါ၊ ကျွန်မက ရှင်ကြည့်ချင်တာ ပြန်ပြပေးမယ်၊ ကြိုက်ရဲ့လား။





ရှင်တို့က အနောက်တိုင်းယဉ်ကျေးမှုရဲ့ ဆွေးမြည့်ပျက်သုဉ်းမှုလို့ ကယောင်ကတန်း ထထအော်လိုက်တိုင်း ကမ္ဘာကြီးတစ်ခုလုံးက ရှင်တို့ကို အရူးတွေဆိုပြီး ဝိုင်းဟားနေကြတာကို ရှင်တို့ မသိဘူး။

ရှင်တို့က မာ့စ်ဝါဒ မတောက်တခေါက် ဖတ်ပြီး လူတတ်ကြီး လုပ်နေကြတယ်။

အနောက်တိုင်းကို စစ်ဝါဒီတွေ ကိုယ်ကျိုးရှာ ဘူဇွာတွေနဲ့ ထထဟစ်နေကြတယ်၊ ရှင်တို့ဆီမှာကော လူတန်းစားခွဲခြားမှု မရှိလို့လား။

ရှင်တို့က လူ့လောကကြီးတစ်ရပ်လုံးကို ဖြောင်ကျကျလိမ်နေတာ'

ဗိုလ်ကြီးအင်ဒရီ့မျက်နှာတွင် သွေးမရှိတော့။

'ဒါကတော့ တရားလွန်လွန်းနေပြီ'

အင်ဒရီက ဆက်ပြောတော့မည်လုပ်နေပြီးမှ စိတ်ကိုပြန်ထိန်းထားလိုက်၏။

စောစောကပင် စိတ်ကိုထိန်း၍ သိမ်သိမ်မွေ့မွေ့ပြောဆိုနေခဲ့ရာ ခုမှ ဘီလူးခေါင်းဆောင်း မထွက်လို။

ဒါနာက ပြည့်ပြည့်ဖြိုးဖြိုး၊ နွဲ့နွဲ့နှောင်းနှောင်းရှိနေသည့် ကိုယ်ခန္ဓာကို ဗိုလ်ကြီးအင်ဒရီရှေ့တွင် တစ်ပတ်ဇွေအောင် လှည့်ပြလိုက်ပြီး...

'ဘယ်လိုဖြစ်သွားရတာလဲ အိုဗင်ရယ်၊ ရှင်က...အတ်သယ်၊ မဆလာသယ်ရတဲ့ ယောကျ်ားကြမ်းကြီးတစ်ပိုင်း ဖြစ်နေရတဲ့ ရုရှားမိန်းမတွေနဲ့ သိပ်အတွေ့များခဲ့ပုံရတယ်။

ဒါနာတို့လို မိန်းမပီသတဲ့ အမျိုးသမီးများ မြင်ကောမြင်ဖူးရဲ့လား။

ကျွန်မတို့ရဲ့ လွတ်လပ်တဲ့ နိုင်ငံသူရဲကောင်းတွေရဲ့ ဇာတိမြေက လွတ်လပ်တဲ့ အမျိုးသမီးတွေက ရှင်လုပ်ပုံကိုင်ပုံကို ပြောင်လှောင်ရယ်မောနေတယ်ဆိုတာကိုကော ရှင် သဘောပေါက်ရဲ့လား'

'ကျုပ်တို့နိုင်ငံက အမျိုးသမီးတွေက ဘာပဲဖြစ်ဖြစ် အောက်တန်းစားလိုတော့ ဘယ်တော့မှ မနေကြဘူး'

'ဒါဖြင့် အောက်တန်းစားထက်ပိုပြီး အောက်တန်းကျကျ နေကြတာပေါ့ ဟုတ်လား'

ဒါနာက အချိုသာဆုံးသော အပြုံးဖြင့် ပြန်မေးနေ၏။

ဗိုလ်ကြီးအင်ဒရီက ဒါနာနှင့် မျက်နှာချင်းဆိုင်၍ စကားအနိုင်[illegible]ကာမှ တစ်ဖက်တွင်ပေါ်ပေါက်နေသည့် စည်းဝါးရိုက်မှုကို ဂရုစိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလော့ အဲလ်ဘတ်တို့နှင့် ရေစုပ်စက် အဖွဲ့ခေါင်းဆောင် စပင်ဆာတို့ တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြလိုက်ကြသည်ကို လည်းကောင်း...

ရဟတ်ယာဉ်ပိုင်းလော့ စတူးဂရစ်က ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည့် လက်သီးကိုလည်းကောင်း...

ဘင်ဒရမ္မာက ခေါင်းကို မသိမသာညိတ်လိုက်သည်ကိုလည်းကောင်း... အင်ဒရီက မြင်လိုက်မိပြီးသား။

ဒါနာက အမေရိကန်များနှင့် ဝေးသည်ထက်ဝေးကာ ရုရှား မရိန်းတပ်သားများ နောက်ဘက်ဆီသို့ မသိမသာ ရွေ့လျားလာနေခြင်းမှာ အမှတ်မဲ့မဟုတ်ကြောင်းကိုလည်း ဗိုလ်ကြီးအင်ဒရီက ကောင်းစွာသဘောပေါက်လာသည်။

ဒါနာ့ က,ကြိုး က,ကွက်က မည်သို့သော ဓာတ်သိမ်းဆီသို့ ဦးတည်နေပြီး ဓာတ်သိမ်းပိုင်းသို့ရောက်ရန် နည်းနည်းသာလိုကြောင်း အင်ဒရီ သိလာ၏။

ရုရှားမရိန်းတပ်သားများက သူတို့နောက်နားသို့ ရွေ့လျားလာနေသည့် ဒါနာဆီသို့ သမင်လည်ပြန် ကြည့်နေကြပြီး သူတို့လက်ထဲတွင် ကိုင်ထားသည့် မရှင်ပစ္စတိုများကလည်း လျော့လျော့ရဲ။

ဗိုလ်ကြီးအင်ဒရီက ရုရှားစကားဖြင့် အော်၍ အမိန့်ပေးလိုက်၏။

ရုရှားမရိန်းတပ်သား ငါးယောက်က သံပတ်တင်းနေအောင် ပေးလိုက်ခြင်းခံရသည့် စက်ရုပ်များလို...

ဆန်ဒက်ကာနှင့် ဆယ်ယူရေးအဖွဲ့သားများဆီသို့ ဆတ်ခနဲ ခေါင်းလှည့်လိုက်ကြသည်။

လက်ထဲမှ မရှင်ပစ္စတိုများကိုလည်း အသင့်အနေအထားဖြင့် ဆုပ်ကိုင်ထားလိုက်ကြ၏။

ဗိုလ်ကြီးအင်ဒရီက ယဉ်ကျေးသိမ်မွေ့စွာ ဦးညွှတ်လိုက်ပြီး...

'ကကြိုးကကွက်တွေက သိပ်ကို ချီးမွမ်းစရာကောင်းလှပါတယ်ခင်ဗျား။ ချီးလည်းချီးကျူးပါတယ်၊ ဓာတ်သိမ်းပိုင်းအထိရောက်ခါနီးမှ နှောင့်ယှက်ရတာကိုတော့ ခွင့်လွှတ်ပါ'

'ဒါနာရဲ့ သိပ်ကို...သိပ်ကိုတော်တဲ့ လှည့်ဖြားဆွဲဆောင်မှုဟာဖြင့် လိမ္မာမှုပါးနပ်မှု အပြည့်အဝရှိပါပေတယ်'

ဗိုလ်ကြီးအင်ဒရီ၏ မျက်နှာပေါ်တွင် ကျေနပ်မှုအရိပ်အယောင်များ ယှက်ဖြာနေပုံရ၏။





ပြိုင်ဘက်တစ်ယောက်အပေါ်တွင် အနုနည်းဖြင့် အနိုင်ရလိုက်သဖြင့် ပီတိဖြာနေပုံရ၏။

ဒါနာ့မျက်နှာက အပြုံးမပျက်။ မပျက်အောင်လည်း ဒါနာက အားတင်းထားသည်။

သို့သော်...

အောင်ပွဲဆီသို့ ရောက်ခါနီးမှ ဤသို့ အနှောင့်အယှက်ပေါ်လာသည့်အတွက် ရတက်ပြာသွားသော လက္ခဏာက ဒါနာ့မျက်နှာဝယ် မသိမသာပေါ်လာ၏။

ဒါနာက ပခုံးနှစ်ဖက်ကို ဆတ်ခနဲပါပစ်လိုက်ပြီး မှင်သေသေဖြင့်...

'ရှင်...ဘာတွေပြောနေတာလဲ၊ ကျွန်မဖြင့် တစ်လုံးမှနားမလည်ဘူး'

'အင်း...နားမလည်ချင်ယောင်ဆောင်နေတော့လည်း ဘယ်နားလည်နိုင်ပါ့မလဲ'

ဗိုလ်ကြီးအင်ဒရီက ဤသို့ နှုတ်တုံ့ပြန်လိုက်ပြီးနောက် ရုရှား မရိန်းတပ်သားတစ်ယောက်အား တီးတိုးအမိန့်ပေးလိုက်၏။

အမိန့်ပေးခံရသူက ခေါင်းညိတ်လိုက်သည်။ ပြီးမှ ခါးကြားထဲမှ ဓားမြှောင်ကို ဆွဲထုတ်ကာ ဒါနာ့အနားသို့ ချဉ်းကပ်လာ၏။

ကိုယ်ဟန်ပြနေသော ဒါနာက တောင့်တောင့်ကြီး ရပ်သွားသည်။ မျက်နှာကလည်း ဖြူဖပ်ဖြူရော်။

'ရှင်က ကျွန်မကို ဘာလုပ်မလို့လဲ'

'ကျွန်တော်က ခင်ဗျားရဲ့ ဝဲဘက်ရင်သားကို ဓားနဲ့လှီးဖြတ်ပစ်လိုက်လို့ သူ့ကို အမိန့်ပေးလိုက်တယ်လေ'

အင်ဒရီ့အသံက ပုံမှန်အတိုင်း။

စပင်ဆာက ဆန်ဒက်ကာအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ သူ့အမူအရာက ဆန်ဒက်ကာအား ဝင်ပြီးတားပါဟု တောင်းခံနေသလို။

'ဘုရားရေ...'

ဆန်ဒက်ကာက စိတ်ပျက်လက်ပျက် ညည်းညူလိုက်ပြီး...

'မောင်ရင်က နှိပ်စက်မှုတွေ၊ ညှဉ်းပန်းမှုတွေ မလုပ်ပါဘူးလို့ ကတိပေးထားပြီးမှ ခု ဘယ်လိုလုပ်လာတာလဲ'

'ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း လုပ်တာမျိုးကို ကျွန်တော် မကြိုက်ဆုံးပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ဗိုလ်ချုပ်ကြီးက ကျွန်တော့်ကို ဒီနည်းကိုရွေးအောင် လုပ်ပေးနေသလို ဖြစ်နေလေတော့ ကျွန်တော့်မှာ လုပ်စရာ ဒီအကြမ်းပတမ်းနည်းပဲ ရှိတော့တယ်မဟုတ်လား'

ဆန်ဒက်ကာက ရေ့တစ်လှမ်းတိုးရပ်လိုက်ပြီး...

'မောင်ရင်က ဒီနည်းကို သုံးမယ်ဆိုရင်တော့ ကျုပ်ကို အရင်ဆုံး ပစ်သတ်ပြီးမှ လုပ်လို့ရလိမ့်မယ်'

ရုရှားမရိန်းတပ်သားတစ်ယောက်က ဆန်ဒက်ကာ၏ ကျောက်ကပ်ရှိသည့်နေရာကို မရှင်ပစ္စတိုပြောင်းဝဖြင့် ထိုးပစ်လိုက်သည်။

ဆန်ဒက်ကာက နောက်လန်လဲကျသွားပြီး အသက်ရှူသံက မြန်နေလေသည်။

ဒါနာက လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်သည်။

ဆန်ဒက်ကာနှင့် ဆယ်ယူရေးအဖွဲ့သားများက လက်နက်ကိုင် ရုရှား မရိန်းတပ်သား ၅ ယောက်အား အလစ်ဝင်တိုက်ရေးတွင် မိမိက အစွမ်းကုန်ကြံခဲ့ပါလျက်...

အောင်ပွဲနှင့်နီးသည့်အချိန်ကျမှ အလွဲကြီးလွဲခဲ့ရပုံကို ဒါနာ့စိတ်ထဲက မခံချိမခံသာ။

သံချောင်းလိုမာသည့် လက်တစ်ဖက်က ဒါနာ့ပခုံးသားကို လာ၍ထိလာ၏။

ကော်ဖီညိုရောင် လှလှဝိုင်းဝိုင်း မျက်လုံးအစုံတွင် ရွှံ့ရှာမုန်းတီးသည့် အရိပ်က တဖိတ်ဖိတ်တောက်နေ၏။

ပခုံးသားကို လာကိုင်သည့် ရုရှားမရိန်းတပ်သား၏ မျက်နှာပေါ်တွင်လည်း တွေဝေသည့်လက္ခဏာပေါ်နေ၏။

မရိန်းတပ်သားက ဒါနာအား လှုပ်အလယ်သို့ရောက်အောင် တွန်းပစ်လိုက်သည်။

ဤအခိုက်တွင်ပင် ထမင်းစားခန်းမကြီးထဲသို့ အရပ်ထောင်ထောင်မောင်းမောင်းနှင့်လူတစ်ယောက် ဝင်လာသည်။

သူက ခြေလှမ်းကို မှန်မှန်လှမ်းဝင်လာ၏။

သူက တိုင်တန်နစ်သင်္ဘောကြီးတစ်စင်းလုံးကို နယူးယောက်ဆိပ်ကမ်းအထိရောက်အောင် တာဝန်ယူထားရသည့် ဆယ်ယူရေးဦးစီးမှူး...ဂျိုးမာတင်...။





[ ၆၂ ]

ထမင်းစားခန်း အလင်းရောင်ရှိနေသည့်နေရာသို့ အရောက်တွင် ဂျိုးမာတင်က ခြေလှမ်းကို ရပ်ပစ်လိုက်သည်။

ရပ်ပစ်လိုက်ပုံကလည်း ရေသရဲတစ်ကောင် ရေအောက် ငရဲထဲမှ ရုတ်တရက် ပေါ်ထွက်လာပြီး သင်္ဘောကုန်းပတ်ပေါ် ရောက်လာသကဲ့သို့။

သူ့တစ်ကိုယ်လုံး ရေများဖြင့် ရွှဲရွှဲစိုနေသည်။ ရွှဲရွှဲစိုနေသည့် အနက်ရောင်ဆံပင်များက သွေးအလူးလူးဖြစ်နေသော နဖူးမှ ပြန့်ကျဲကျနေ၏။

သူ့နှုတ်ခမ်းအစုံက မာရှ်နတ်ပြုံး ပြုံးလျက်။

သူ့အဝတ်အစားများမှ တစက်စက်ကျနေသည့် ရေများက အလင်းရောင်တွင် စိန်ရောင်တောက်နေ၏။

ထမင်းစားခန်း ကြမ်းပြင်ပေါ်တွင် ရေများ စိုရွှဲနေသည်။

ဗိုလ်ကြီးအင်ဒရီမျက်နှာက ဖယောင်းဖြင့် ထုထားသည့်အရုပ်လို။

သူက ရွှေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို အေးဆေးတည်ငြိမ်သည့်အမူအရာဖြင့် ထုတ်လိုက်ပြီး မီးညှိလိုက်သည်။

ပြီးမှ စီးကရက်ကို တရှိုက်ကြီး ရှိုက်လိုက်သည်။

'ခင်ဗျားနာမည်၊ ခင်ဗျားနာမည်က ဂျိုးမာတင်ပဲမဟုတ်လား'

'ကျွန်တော်မွေးစာရင်းမှာ စာလုံးလှလှကလေးနဲ့ ရေးထားတာက ဒီအတိုင်းပါပဲ'

'ခင်ဗျားဟာ တော်တော်အသက်ပြင်းတဲ့လူလို့ ဆိုရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားသေပြီလို့ ကျွန်တော့်ကို တစ်ယောက်ယောက်က သတင်းပို့ထားလို့ပဲ'

'သင်္ဘောပေါ်မှာကြားရတဲ့ ကောလာဟလသတင်းတွေ မယုံရဘူးဆိုတာ ခင်ဗျား ကြားရတဲ့သတင်းက သက်သေခံနေတာပေါ့ဗျာ'

ရွှဲရွှဲစိုနေသည့် အပေါ်ဝတ်အင်္ကျီကို ဂျိုးမာတင်က ချွတ်လိုက်ပြီးနောက် ဒါနာ့ပခုံးပေါ်တွင် အသာလွှမ်းခြုံတင်ပေးလိုက်ရင်း...

'ဝမ်းနည်းပါတယ် မိန်းမချောကလေး၊ ဒီအချိန်မှာတော့ ကျုပ်လုပ်ပေးနိုင်တာ ဒီလောက်ကလေးပါပဲ'

ဂျိုးမာတင်က ဗိုလ်ကြီးအင်ဒရီဘက်သို့ ပြန်လှည့်လိုက်သော...



www.burmeseclassic.com

www.burmeseclassic.com



'ကန့်ကွက်စရာ မရှိပါဘူးနော်'

အင်ဒရီက ကန့်ကွက်စရာမရှိကြောင်း ခေါင်းခါပြလိုက်၏။

ဂျိုးမာတင်၏ အမှတ်မထင် ပြုမူချက်က ဗိုလ်ကြီးအင်ဒရီအား နားဆောတိမ်တောင် ဖြစ်သွားစေသည်။

ကျောက်သွေးသမားကောင်းတစ်ယောက်က ကျောက်လုံး၏အရည်အသွေးကို စေ့စေ့စပ်စပ် အကဲခတ်သူလို အင်ဒရီက ဂျိုးမာတင်အား အကဲခတ်နေ၏။

သို့သော်...။

ပင်လယ်ရေစိမ်းသကဲ့သို့ စိမ်းစိမ်း စိမ်းနေသည့် မျက်လုံးအစုံမှလွဲ၍ ဂျိုးမာတင်အား ဘယ်လိုမှ အကဲခတ်၍မရ။

အင်ဒရီက အချက်ပြလိုက်သဖြင့် ရုရှားမရိန်းတပ်သားတစ်ယောက်က ဂျိုးမာတင်နားသို့ ကပ်လာသည်။

'ကြိုတင်ကာကွယ်တဲ့အနေနဲ့ အရှာခိုင်းတာပါ၊ ကန့်ကွက်စရာ မရှိပါဘူးနော် ဂျိုး'

ဂျိုးမာတင်က ကန့်ကွက်စရာမရှိကြောင်း ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ထားလိုက်၏။

မရိန်းတပ်သားက ဂျိုးမာတင်ကိုယ်ပေါ်တွင် စနစ်တကျ ရှာဖွေပြီး နောက်သို့ ပြန်ဆုတ်လိုက်ကာ ဘာလက်နက်မှ မရှိကြောင်း ခေါင်းခါပြလိုက်သည်။

'လက်နက်ဆိုလို့ ဘာမှပါမလာဘူး၊ ခင်ဗျား တော်တော် အမြင်ကျယ်တဲ့လူ'

'ခင်ဗျားလို နာမည်ကျော်နေတဲ့ လူတစ်ယောက်ဆိုက ဒီလိုအမြင်ကျယ်မှုမျိုးကိုပဲ ကျွန်တော် မျှော်လင့်ပါတယ်။

ခင်ဗျား ဘာတွေစွန့်စားထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်အလက် အတော်များများကို ကျွန်တော့်ဆီရောက်လာတဲ့ ဖိုင်ထဲမှာ ဖတ်ရပါတယ်၊ စိတ်ဝင်စားဖို့ အတော်ကောင်းသား။

ခင်ဗျားကို ကျွန်တော် ခုလောက် ပဋိပက္ခ မပြင်းထန်တဲ့ အခြေအနေမျိုးမှာ တွေ့လိုက်ရရင် သိပ်ကိုကောင်းမှာ'

အင်ဒရီ့စကားအဆုံးတွင် ဂျိုးမာတင်က...

'ကျွန်တော့်အပေါ်မှာ ခင်ဗျားက ချီးမွမ်းစကားဆိုသလို ကျွန်တော်က ခင်ဗျားကို ပြန်ပြီး ချီးမွမ်းစကားဆိုစရာ မရှိတာကိုတော့ ဝမ်းနည်းပါတယ်ဗျာ။





ဒါပေမဲ့ ခင်ဗျားလို အသေးအမွှားတစ်ကောင်ကတော့ ကျွန်တော့်မိတ်ဆွေဖြစ်ချင်တဲ့ စာရင်းထဲမှာ မပါပါဘူးဗျာ'

ဗိုလ်ကြီးအင်ဒရီက ရှေ့သို့ နှစ်လှမ်းတက်လိုက်ပြီး ဂျိုးမာတင်မျက်နှာကို လက်ပြန်ရိုက်ချလိုက်သည်။

ဂျိုးက နောက်သို့ ခြေတစ်လှမ်းစာမျှ ယိုင်သွားသော်လည်း ရောက်သည့်နေရာတွင် မြဲမြဲကြီးရပ်နေလိုက်သည်။

ယခုထိ ပြုံးမြဲပြုံးနေသည့်နှုတ်ခမ်းအစုံမှ သွေးစက်တစ်စက်ဖြာဆင်းလာ၏။

'အင်း...စိတ်ရှည်တဲ့နေရာမှာ နာမည်ကြီးလှပါတယ်ဆိုတဲ့ အင်ဒရီတစ်ယောက် နောက်ဆုံးတော့ စိတ်မရှည်နိုင်တော့ဘဲ ပေါက်ကွဲလာပါပေါ့လား'

ဗိုလ်ကြီးအင်ဒရီက ကိုယ်ကို ရှေ့သို့ကိုင်း၍ ဂျိုးမာတင်ထံမှ ထွက်လာသည့် စကားကို နားစိုက်နေ၏။

မေးထားသည့်မျက်စိက 'သူ...ငါ့နာမည် ဘယ့်နှယ်သိနေပါလိမ့်'ဟု တွေးနေသယောင်။

သူက တီးတိုးသံထက် အနည်းငယ်သာကျယ်သည့် လေသံဖြင့်...

'ကျုပ်နာမည်...ကျုပ်နာမည်ကို ခင်ဗျား သိနေတယ်၊ ဟုတ်လား'

'သိတာဟာ သိတာပဲပေါ့၊ ခင်ဗျားက ကျုပ်အကြောင်းကို သိသနေသလောက်၊ ကျုပ်ကလည်း ခင်ဗျားအကြောင်းကို သိနေတာပါပဲ'

ဤတွင် အင်ဒရီက...

'ခင်ဗျားဟာ ကျုပ်သိခွင့်ရနေတာထက်တောင် ပါးရည်နပ်ရည် ရှိနေပါလား။

ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိနေတာကတော့ ခင်ဗျားရဲ့ စူးရှထက်မြက်မှုပါပဲ၊ ဒါကိုတော့ ကျုပ် ဝန်ခံပါတယ်။

ဒါပေမဲ့ ခင်ဗျားမသိသေးတဲ့ ကျုပ်အကြောင်းကိုတော့ ဖြီးမယ်မကြံပါနဲ့၊ ခင်ဗျား ကျုပ်နာမည်က လွဲပြီး ဘာမှမသိပါဘူး မဟုတ်လား'

'သိတယ် မသိဘူးဆိုတာ ကျုပ်က ခင်ဗျားကို ပုံပြင်ကလေးတစ်ပုဒ်ပြောပြရရင် ကောင်းမလား စိတ်ကူးနေတယ်'

'ကျုပ်မှာ ပုံပြင်နားထောင်နေဖို့ အချိန်မရှိဘူးဗျို့'

ဗိုလ်ကြီးအင်ဒရီက ဤသို့ပြောလိုက်ပြီး ဓားမြှောင်ကိုင်ထားသည့် မရိန်းတပ်သားအား အချက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက သူ့ရေစုပ်စက်အဖွဲ့သားတွေကို ပြန်အလုပ်လုပ်လာအောင် တိုက်တွန်းပေးမယ်ဆိုရင်တော့ သိပ်ကျေးဇူးတင်စရာကောင်းမှာပဲ'

အင်ဒရီ့စကားအဆုံးတွင် ဓားကိုင်ထားသည့်လူက ဒါနာ့အနားသို့ ချဉ်းကပ်သွားပြန်၏။

သူက အရပ်ရှည်ရှည်၊ ဦးထုပ်ကို နဖူးပေါ် စိုက်ဆောင်းထားပြီး မာဖလာကို မျက်လုံး ၂ လုံးပေါ်ရုံသာ ဖော်ပြီး မျက်နှာတွင် စည်းလျက်။

ဓားမြှောင်က မီးရောင်တွင် လက်နေသည်။

ဒါနာ့ဘယ်ရင်အုံနှင့် သုံးလက်မပင် မကွာ။

ပခုံးပေါ်တွင် ဂျိုးတင်ပေးထားသည့် အပေါ်ဝတ်အင်္ကျီကို ဒါနာက လက်နှစ်ဖက်ဖြင့် ဆွဲစေ့ထားရင်း ဓားမြှောင်ကို ငေးကြည့်နေသည်။

သူ့ခမျာ ကြောက်လွန်းသဖြင့် ကြောင်နေရှာ၏။

'ခင်ဗျားက ပုံပြင်နားမထောင်ချင်ဘူးဆိုတာတော့ ဆိုးလှသဗျာ'

ဂျိုးမာတင်က လက်ဖက်ရည်ဝိုင်းတွင်ပြောသည့်လေသံမျိုးဖြင့် ပြောနေ၏။

'ဒီပုံပြင်က ခင်ဗျားသိပ်ကြိုက်တဲ့ ပုံပြင်မျိုးဗျ။

ဒီပုံပြင်က **ရွှေနဲ့ငွေ**လို့ခေါ်တဲ့ ခွေးလေးကြမ်းပိုးနှစ်ကောင်အကြောင်းဗျ'

ဗိုလ်ကြီးအင်ဒရီက ဂျိုးအား စောင်း၍ကြည့်လိုက်ပြီး ခဏစဉ်းစားနေ၏။

ပြီးမှ ဓားမြှောင်ကိုင်ထားသူအား နောက်ဆုတ်နေရန် အချက်ပြလိုက်သည်။

'ကဲ…ဂျိုးမာတင်၊ ခင်ဗျားကို ကျုပ် ငါးမိနစ်အချိန်ပေးမယ်၊ ခင်ဗျားတင်ပြတဲ့ အချက်တွေ မှန်,မမှန် သိရအောင်'

'ငါးမိနစ်တောင် မကြာပါဘူးဗျာ'

ဂျိုးက ဤသို့ပြောလိုက်ပြီး သွေးခဲလာသည့် မျက်လုံးတစ်ဖက်ကို လက်ဖြင့် ပွတ်နေသည်။

'ကဲ…ပုံစ,ပါတော့မယ်…

တစ်ခါတုန်းက ကနေဒါအမျိုးသား အင်ဂျင်နီယာနှစ်ယောက် ရှိကြသတဲ့၊ အဲဒီအင်ဂျင်နီယာနှစ်ယောက်ဟာ သူလျှိုလုပ်ငန်းလုပ်တာဟာ ဘောပေါက်ဝင်ငွေ သိပ်ပြီး အရလွယ်တယ်ဆိုတာ စုံစမ်းသိရှိလာကြသတဲ့။

ဒီတော့ ဒီကနေဒီယံ အင်ဂျင်နီယာနှစ်ယောက်ဟာ သူလျှိုလုပ်တာဟာ ဘယ်လိုအပြစ်ကြီးတယ်ဆိုတာတွေကို ဘေးဖယ်ထားလိုက်ကြပြီး ကြေးစားသူလျှိုလုပ်ဖြစ်လာကြသတဲ့။





သူတို့နှစ်ယောက်ဟာ အမေရိကန် ပင်လယ်ရေအောက် သုတေသနအဖွဲ့ရဲ့ လုပ်ငန်းစဉ်တွေထဲက အရေးကြီးတဲ့ အချက်အလက်တွေ ရဖို့ကိုပဲ လုံးဝန်းလာကြသတဲ့။

ဒီလိုရရှိလာတဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို လျှို့ဝှက်တဲ့ အဆက်အသွယ်နဲ့ မော်စကိုကို ပို့ပေးကြသတဲ့။

ဒီလိုပို့ပေးတဲ့အတွက် ရွှေနဲ့ငွေဟာ ငွေတွေအများကြီး ရကြသတဲ့၊ ဒါကတော့ သိပ်ကိုသေချာသတဲ့။

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းကဆိုရင် ရုရှားတွေ မရခဲ့တဲ့ အမေရိကန် ပင်လယ်ရေအောက် သုတေသနအဖွဲ့ရဲ့ သတင်းဆိုလို့ တစ်ခုမှမရှိခဲ့ဘူးတဲ့။

အရေးအကြီးဆုံး သတင်းကနေပြီး အသေးအမွှားဆုံး သတင်းအထိ ရနေခဲ့ကြသတဲ့။

ဒါနဲ့ တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးကိစ္စ ပေါ်လာတော့ ဆိုဗီယက်ခရုတာပ်မတော် နိုင်ငံခြားထောက်လှမ်းရေးဌာန အင်ဒရီ ဒါ ခင်ဗျားရဲ့ဌာနပဲမဟုတ်လား၊ အဲဒီဌာနက ဆယ်ယူရေးကိစ္စကို အနံ့ခံမိသွားရောတဲ့။

ဒီဌာနက ထောက်လှမ်းရေးဗိုလ်ကြီးအဆင့်နဲ့ အလုပ်လုပ်နေတဲ့ ခင်ဗျားဟာ ဘာညာဏ်နီညာဏ်နက်မှ ထုတ်ပြီး နေစရာမလိုဘဲနဲ့…

သူလျှိုနှစ်ယောက် ကောက်ရသလို ရလာတာကို တွေ့နေရသတဲ့။

ဒီသူလျှိုနှစ်ယောက် အမေရိကန်တွေရဲ့ ပင်လယ်ရေနက်ကြီးအောက်မှာ ဆယ်ယူရေးလုပ်တဲ့ နည်းနိဿယတွေကို တိတိကျကျ မှန်မှန်ကန်ကန် ရယူပြီး ခင်ဗျားတို့ဆီ အရောက်ပို့ပေးနိုင်ခဲ့သတဲ့။

အဲဒီတုန်းက သိပ်ပြီးအရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ချက်လည်း ပေါ်ပေါက်လာခဲ့သေးတယ်။ ဒါပေမဲ့ ဒီအချက်ကိုတော့ အဲဒီတုန်းက ခင်ဗျား မသိခဲ့သေးပါဘူး။

ဒါနဲ့ ရွှေနဲ့ငွေဟာ တိုင်တန်နစ်သင်္ဘောကြီး ဆယ်ယူရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ခင်ဗျားတို့ဌာနကို မှန်မှန်ကြီး သတင်းပို့နေကြပါရောတဲ့။

ဒီလိုသတင်းပို့တဲ့အခါ သူတို့နှစ်ယောက်က ရေအောက်က [illegible] သတင်းပို့တဲ့နည်းကို သုံးကြတယ်တဲ့၊ ဆိုနာကိရိယာနဲ့ ဆင်တူ [illegible]

ကက်ပရီကွန် သင်္ဘောကြီးက ဆိုနာကိရိယာကို ကိုင်ရတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီသူလျှိုနှစ်ယောက်ပို့တဲ့ သတင်းပို့သံကို ဖမ်းမိပြီး ကျုပ်ဆီကို သတင်းပို့တယ်။

ဒါပေမဲ့ ကျုပ်က ဆိုနာ အော်ပရေတာဖမ်းမိတဲ့ အသံဗလံတွေဟာ သင်္ဘောပျက်နဲ့ တစ်ခုခုငြိပြီး ပေါ်ထွက်လာတဲ့ အလကားအသံတွေပဲဆိုပြီး ပယ်ချခဲ့တယ်။

ဘာဖြစ်လို့ ပယ်ချခဲ့သလဲဆိုတော့ ကျုပ်တို့အထဲက တစ်ယောက်ယောက် စကားဝှက်နဲ့ သတင်းပို့မယ်လို့ ထင်ကို မထင်ခဲ့လို့ပဲ။

ဒါကြောင့်လည်း ဖမ်းယူရရှိတဲ့ အသံဗလံတွေကို ဘယ်သူကမှ ဂရုစိုက်ပြီး အဓိပ္ပာယ်ဖော်မနေခဲ့ဘူး။ ဒါပေမဲ့ မစ်ခေးခါကော့ တိုက်သင်္ဘောပေါ်က ရေအောက်အသံဖမ်းကိရိယာကို နားမှာ တပ်ထားတဲ့ အော်ပရေတာကတော့ ဒီအသံကို ဖမ်းယူပြီး အဓိပ္ပာယ်ဖော်နေခဲ့တာပဲတဲ့'

ဂျိုးမာတင်က ခဏရပ်လိုက်ပြီး ထမင်းစားခန်းမကြီးထဲရှိလူများကို ငဲ့စောင်းအကဲခတ်လိုက်၏။

အားလုံးပင် စိတ်ဝင်တစား နားထောင်နေကြသည်ကို တွေ့ရလေသည်။

'ဒီလိုသူလျှိုနှစ်ယောက်က စကားဝှက်နဲ့ ရေအောက်က လေလှိုင်းသံနဲ့ သတင်းပို့နေတာကို ဆာပိုနှစ် ရေအောက် ရေယာဉ်မှာ အလုပ်လုပ်နေတဲ့ **ဟင်နရီ** အသတ်ခံလိုက်ရတဲ့အချိန်ရောက်ဘော့မှပဲ ကျုပ်တို့ ရိပ်မိလာတော့တယ်။

ဟင်နရီက ကိရိယာ တန်ဆာပလာတွေနဲ့ ပတ်သက်တာမှာ စပယ်ရှယ်လစ်တစ်ယောက်ပဲ။

သူက အိမ်သာသွားတက်ပြီး ဆာပိုနှစ် ရေအောက်ရေယာဉ် ပဲ့ပိုင်းဘက်မှာရှိနေတဲ့ သူတာဝန်ယူထားရတဲ့ နေရာကို ပြန်အလာမှာ...

သူက ပင်လယ်ရေအောက်က လေလှိုင်းသံနဲ့ သတင်းပို့နေတဲ့အသံကို သတိထားမိလိုက်မိတယ်လေ။ ဒီလို သတိထားလိုက်မိပြီး ဘယ်သူများ သတင်းပို့နေသလဲလို့ လိုက်ကြည့်လိုက်တော့...

သူလျှိုနှစ်ယောက်အနက် တစ်ယောက်သတင်းပို့နေတာကို လျှော်ပူးလက်ကြပ် တွေ့ပါလေရော။

ဒါပေမဲ့ အဲဒီသူလျှိုက လျှို့ဝှက်သတင်းပို့နေတာ မဟုတ်တဲ့အကြောင်း ဖြီးဦးဖြန်းဦးမှာပေါ့ဗျာ၊ ခက်နေတာက ဟင်နရီကိုယ်တိုင်က ကိရိယာ တန်ဆာပလာနဲ့ ပတ်သက်လာရင် စပယ်ရှယ်လစ်တစ်ယောက် ဖြစ်နေလေတော့ သူလျှိုက ဘယ်ဖြီးလို့ ဖြန်းလို့ ရတော့မှာလဲ။





ဒီတော့ ဟင်နရီကို နှုတ်ပိတ်လိုက်တာဟာ အကောင်းဆုံးပဲဆိုပြီး အဲဒီသူလျှိုက ဟင်နရီကို နှုတ်ပိတ်ပစ်လိုက်တယ်။

ဘာနဲ့နှုတ်ပိတ်ပစ်လိုက်သလဲဆိုတော့ ဓာတ်ပုံဆရာဝှဆန် အမြဲကိုင်နေတဲ့ ဓာတ်ပုံကင်မရာက ထရိုင်ပေါ့၊ သုံးချောင်းထောက်နဲ့။

အဲဒီသုံးချောင်းထောက်နဲ့ ဟင်နရီရဲ့ဦးဆက်ကို ရိုက်ချလိုက်ပြီး နှုတ်ပိတ်လိုက်တယ်။ ဒီလို ရိုက်ချ နှုတ်ပိတ်လိုက်ပြီးမှ ဟင်နရီဟာ အမှတ်တမဲ့ ချော်လဲရာက တစ်ခုခုနဲ့ ဝင်တိုက်မိပြီး သေသွားတယ်လို့ ထင်ရအောင် သူ့အလောင်းကို ဒီအနားမှာရှိတဲ့ အံဖုံးတစ်ခုပေါ်မှာ ရွှေ့တင်ထားလိုက်တယ်။

ဒါပေမဲ့ ဒီသူလျှိုလုပ်ပိုက အကွက်ဝင်မလာခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟင်နရီက သိပ်ပြီး ဗလကောင်းတဲ့ လူ၊ ချော်လဲရုံနဲ့ ဦးဆက်ပြုတ်ပြီး မသေနိုင်ဘူး။

ပြီးတော့ ကက်ပရီကွန်သင်္ဘောက ဆရာဝန်ကလည်း ဟင်နရီ့အလောင်းကို စစ်ဆေးကြည့်တော့ အရိုက်ခံရပြီး သေတာလို့ တွက်ထားတယ်။

ဒါပေမဲ့ ရိုက်သတ်တဲ့ သူလျှိုကိုဖမ်းဖို့ သက်သေသက်ကာယ မခိုင်လုံတော့ ဒီအတိုင်းပဲ လွှတ်ထားခဲ့ရတယ်။

ဒီလို လွှတ်ထားပေမယ့် ကျုပ်က အလကားမနေခဲ့ဘူး၊ ဟင်နရီ အသတ်ခံရတဲ့အချိန်က ဆာပိုနှစ် ရေအောက်ရေယာဉ်မှာ တာဝန်ကျနေတဲ့ လူသုံးယောက်ရဲ့ အိပ်ခန်းကို သူတို့ ကုန်းပေါ်တက်နေတုန်း ကျုပ် ဝင်ရှာကြည့်တယ်။

ဒီလိုကြည့်တော့ ဟင်နရီ့ကို ရိုက်သတ်ရာမှာသုံးတဲ့ ဓာတ်ပုံသုံးချောင်းထောက်ကို တွေ့ရတယ်၊ သုံးချောင်းထောက်က ကောက်နေတယ်။

နို့ပြီး ရေအောက်ကနေ လှိုင်းသံနဲ့သတင်းပို့တဲ့ ကိရိယာကိုလည်း တွေ့ရတယ်။ တွေ့ရတာက အရိုက်ခံရလို့ သေသွားတဲ့ ဟင်နရီရဲ့သေတ္တာထဲမှာ။

ဒီသုံးချောင်းထောက်နဲ့ ဒီသတင်းပို့တဲ့ ကိရိယာကို ကုန်းပေါ်ပို့ပြီး စုံထောက်ဌာနမှာ လက်ဗွေပုံစံနဲ့ တိုက်ကြည့်ဖို့ဆိုတဲ့ သိပ်အလှမ်းဝေးတဲ့ အလုပ်မျိုးကို လုပ်နေဖို့ မလိုဘူးလို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဟင်နရီကို ရိုက်သတ်လိုက်တဲ့ သူလျှိုဟာ ဝါရင့်ကြေးစား ကြောင်ပါးကြီးတစ်ကောင်ဆိုတာ ကျုပ် သိနေလို့ပဲ။

စုံထောက်ဌာနမှာ စစ်ဆေးမယ်ဆိုရင်လည်း ဘယ်လိုမှ သဲလွန်စ [illegible] အောင် လုပ်ထားနိုင်တယ်မဟုတ်လား။ ဒီတော့ ဒီသူလျှိုက [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရိပ်မိဘူးလို့ ထင်လာအောင် ကျုပ် စောင့်ပြီးနေခဲ့တယ်။

ဘယ်အထိစောင့်နေသလဲဆိုရင် ခင်ဗျားရဲ့ သူလျှိုက မစ်ခေးခါကော့ဆီကို ပြန်ပြီး စိတ်ချလက်ချ သတင်းပို့တဲ့အချိန်ထိပေါ့'

ဤတွင် ဗိုလ်ကြီးအင်ဒရီက ကြားဝင်ပြီး...

'သိပ်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ ပုံပြင်ပဲ။ ဒါပေမဲ့ တိုက်ဆိုင်မှုအရ ဖြစ်တဲ့ အဖြစ်အပျက်တွေပါ။ တကယ်တော့ ခင်ဗျား လက်ဆုပ်လက်ကိုင် သက်သေသက်ကာယ မပြနိုင်ဘူး မဟုတ်လား'

ဂျိုးမာတင်က ပယောဇ္ဇဆန်သည့် အပြုံးကို ပြုံးလိုက်ပြီး စကားဆက်လိုက်ပြန်၏။

'လက်ဆုပ်လက်ကိုင် သက်သေသက်ကာယဆိုတာ ဖြည်းဖြည်းချင်း ရှင်းယူရင် ထွက်လာတာပါပဲ။

ဟင်နရီ အရိုက်သတ်ခံရတုန်းက ဆာပိုနစ် ရေအောက်ရေယာဉ်ထဲမှာ ဟင်နရီ့အပြင် တာဝန်ကျနေတဲ့လူသုံးယောက် ရှိနေတယ်။ ဒီလူသုံးယောက်က တာဝန်အားသွားတာနဲ့ အိပ်စင်မှာ အိပ်နေကြတယ်။

ဟင်နရီကို ရိုက်သတ်တဲ့လူဟာ သုံးယောက်ထဲက တစ်ယောက်ယောက် ဖြစ်ရမယ်ဆိုတာ ကျုပ်သိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရေအနက်အောက် ရောက်နေတဲ့ ဆာပိုနစ်ရေယာဉ်ထဲကို အပြင်က ဘယ်သူမှ ဝင်လို့မရနိုင်ပဲကိုး။

ဒီတော့ အဲဒီလူသုံးယောက်အနက် နှစ်ယောက်ကို ရေပေါ်သင်္ဘောတွေပေါ်မှာ တာဝန်ပေးပြီး တစ်ယောက်ကို ဆာပိုနစ်မှာတာဝန်ပေးတယ်။ ဒီလို တစ်ယောက်စီ အလှည့်ကျ တာဝန်ပေးသွားပြီး စောင့်နားထောင်လိုက်တော့ သူလျှိုက ရေအောက်ကနေပြီး လေလှိုင်းသံနဲ့ မစ်ခေးခါကော့ဆီကို သတင်းအပို့မှာ ဟင်နရီကို ရိုက်သတ်တာ ဘယ်သူဆိုတာ ကျုပ်သိလာရတော့တာပဲ'

စပင်ဆာက အလျင်စလိုဖြင့်...

'အဲဒါ ဘယ်သူလဲဟင်၊ ဒီမှာ ကျွန်တော်တို့ ဆယ်ယူရေးအဖွဲ့က အဖွဲ့သား ဆယ်ယောက်ရှိနေတယ်လေ၊ ဒီဆယ်ယောက်ထဲက တစ်ယောက်ယောက်ပဲလား'

ဂျိုးမာတင်က ဗိုလ်ကြီးအင်ဒရီနှင့် မျက်လုံးချင်းဆိုင်လိုက်ပြီးမှ မီးရောင်အောက်တွင် ကုပ်ကုပ်ကလေး ရပ်နေသည့် ဆယ်ယူရေးအဖွဲ့သားတစ်ယောက်ဘက်သို့ ချာခနဲလှည့်လိုက်သည်။





'ဒီတိုင်တန်နစ်သင်္ဘောကြီးပေါ်ကို ရောက်လာပြီးတဲ့နောက် သင်္ဘောကြီးရဲ့ ကိုယ်ထည်ကို တူနဲ့ စနစ်တကျထုပြီး ရေအောက်လေလှိုင်းသံနဲ့ မစ်ခေးခါကော့ဆီကို သတင်းပို့နေတဲ့သူလျှိုကတော့...

ဟောဟိုမှာ ခပ်ကုပ်ကုပ်ကလေး ဟန်လုပ်ပြီးရပ်နေတဲ့ **ဘင်ဒရမ္မာပါပဲ**'

ဂျိုးမာတင်၏စကားအဆုံးတွင် ဦးစီးမှူးဂန်းက...

'ဘင်ဒရမ္မာ...ဟုတ်လား၊ ကျုပ်တော့ ဘယ်လိုမှမယုံဘူး၊ ဘင်က ဂုဆန်ကို ဓားနဲ့ထိုးသတ်တဲ့ လူကိုတောင် ဝင်လုံးခဲ့လို့ ဒဏ်ရာတောင် ရသွားသေးတယ်'

'ဒါက ဟန်ရေးပြတာပါ၊ ဘင်ဒရမ္မာနဲ့ပတ်သက်ပြီး ဒါထက်နိုင်လုံတဲ့ သက်သေပြစရာတွေ အများကြီးကျန်ပါသေးတယ်'

ဤတွင် ပိုင်းလော့အဲလ်ဘတ်က...

'ဒါဖြင့် ဒီငနဲ ဘင်က ကျုပ့်ကို အရူးလုပ်နေခဲ့တာပေါ့။ သူက ဒိုပြင် အဖွဲ့သားတွေထက် ပိုပြီးအလုပ်လုပ်ချင်ယောင် ဆောင်ပြနေခဲ့တယ်'

'ဒီလိုပဲဟန်ဆောင်ရမှာပေါ့၊ သူ ဒီသင်္ဘောကြီးပေါ်ရောက်လာပြီးတဲ့နောက် ဘာများ မည်မည်ရရလုပ်တာ ဘယ်သူမြင်ခဲ့ရလဲ'

'ဒါပေမဲ့ သူ့ကိုယ်ကို တခြားသူမြင်လိုက်ရင် အလုပ်သိပ်လုပ်နေတယ်လို့ ထင်ရအောင် ဆီတွေနဲ့၊ ရေတွေနဲ့၊ ကြေးတွေနဲ့ သူ့တစ်ကိုယ်လုံး ပေကျံနေအောင် လုပ်ထားတာ။

အမှန်တကယ် သူလုပ်နေတာက လက်ဆွဲလျှပ်စစ်မီးလွှကိုကိုင်ပြီး သင်္ဘောကြီး ဝမ်းဗိုက်မှာ အပေါက်တွေလိုက်ဖောက်နေတာ'

ဂျိုး၏ရှင်းပြချက်ကို စပင်ဆာက...

'သူက ဘာဖြစ်လို့ သင်္ဘောကြီး ဝမ်းဗိုက်မှာ အပေါက်တွေ လိုက်ဖောက်နေရတာလဲ၊ ကျွန်တော်တော့ နားမလည်ဘူး၊ သူ့လူတွေဖြစ်တဲ့ ရုရှားတွေက လည်း ဒီသင်္ဘောကြီးကို အပိုင်စီးချင်နေကြတာပဲ မဟုတ်လား'

'ကျုပ်တို့ ဆွဲသင်္ဘောနှစ်စီးက သင်္ဘောကြီးကို ဆွဲယူနေတာ ခရီးတွင်[illegible] နှေးနေအောင်လို့ဗျ၊ သိရဲ့လား၊ ရေတွေ ပိုဝင်လာလေ စုပ်ထုတ်ရတာ [illegible] ရေတွေရှိနေလေ ဆွဲရခက်လေပေါ့ဗျ။

ဒီလို အခက်အခဲတွေ့နေမှလည်း ရုရှားတွေအတွက် အချိန်ကိုက် [illegible] တော့မှာကိုး။ ရုရှားတွေက မုန်တိုင်းအပြင်းထန်ဆုံးအချိန်ကို အသုံးချ[illegible] နစ်ပေါ်ကို တက်ဖို့ ကြိုးစားမယ်လို့ အချိန်ကိုက်ထားကြတယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒါက သူတို့ရဲ့ ပါးနပ်မှုပဲ၊ ကျုပ်တို့ကတော့ ဒီအချက်ကို ထည့်မတွက်ဘဲ နမော်နမဲ့ နေခဲ့ကြတယ်။

တကယ်လို့သာ ဆွဲသင်္ဘောနှစ်စီးက ဘာမှ အနှောင့်အယှက်မရှိဘဲ တိုင်တန်နစ်ကို ဆွဲယူသွားနိုင်ခဲ့ရင်...

ကျုပ်တို့ဟာ မှန်တိုင်းအပြင်းထန်ဆုံး ကျလာတဲ့အချိန်မှာ မိုင်သုံးဆယ် အကွာလောက်ကို ရောက်နေနိုင်တယ်။

ဒါပေမဲ့ ဘင်ဒရမ္မာရဲ့ ကောင်းမှုကြောင့် ကျုပ်တို့တိုင်တန်နစ် သင်္ဘောကြီးဟာ ရေတွေ တသောသောဝင်ပြီး မုန်တိုင်းအပြင်းထန်ဆုံးအချိန်နဲ့ ဝင်တိုးနေခဲ့တာ။

ဆွဲကြိုးကြီး ပြတ်မထွက်ခင်ကတည်းက တိုင်တန်နစ်ဟာ ရေတွေ တသောသော ဝင်နေပြီး တစ်ဖက်ကိုစောင်းနေတဲ့အတွက် ဆွဲသင်္ဘောတွေဟာ ဆွဲတဲ့အရှိန်ကို လျှော့ပစ်ခဲ့ကြရတယ်။

နောက်ပြီး ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ အင်ဒရီနဲ့ သူ့လူသတ်သမားတွေ ဒီသင်္ဘောကြီးပေါ် ရောက်လာရတာလည်း ဘင်ဒရမ္မာရဲ့ကောင်းမှုကြောင့်ပဲ'

ဂျိုးမာတင် ရှင်းပြလိုက်တော့မှပင် ဆယ်ယူရေးအဖွဲ့သားများက သင်္ဘောကြီးပေါ်တွင် ဘင်ဒရမ္မာ ဟန်ရေးပြနေခဲ့ပုံကို စုံစုံစေ့စေ့ ပြန်၍ မြင်ယောင်လာကြ၏။

ဘင်သည် တာဝန်ကျသည့် အလုပ်မှန်သမျှ ဘာမှ မည်မည်ရရလုပ်ခဲ့ခြင်း မရှိပါတကား။

ကုပ်ကုပ်ကလေးရပ်နေသော ဘင်ဒရမ္မာက ကိုယ်ကို မတ်လိုက်ကာ ငုံ့ထားသည့်ခေါင်းကိုလည်း မော့ပစ်လိုက်သည်။

'ကျုပ်ကို စကားနည်းနည်းပြောခွင့်ပြုပါ ဂျိုး'

သူက သံမှန်ဖြင့် နိဒါန်းပျိုးလိုက်ပြီး...

'ခင်ဗျားရဲ့ ဆင်ခြင်စုံစမ်း ထောက်လှမ်းချက်ဟာ အတော်ကလေး ပိုင်ပါတယ်၊ ဒါပေမဲ့ တကယ်အဖြစ်မှန်နဲ့တော့ နီးစပ်မှု မရှိသေးဘူး'

ဘင်ဒရမ္မာက အစတွင် အမေရိကန်လေသံစစ်စစ်ဖြင့် ပြောနေရာမှ ကနေဒီယံတစ်ယောက်၏ နဂိုသံဖြင့် ခပ်ဝဲဝဲပြောလိုက်၏။

ဤတွင် ဂျိုးမာတင်က...

'ကဲ...ကြားတယ်မဟုတ်လား၊ ကျုပ်တို့ရဲ့ တစ်ခါတုန်းက လုပ်ဖော်





ကိုင်ဖက်ကြီးက ခုတော့ ဇာတိပြလာပြီလေ၊ သူက လျှာတစ်ခုတည်းနဲ့ စကားနှစ်မျိုးပြောနိုင်တဲ့လူ'

ဘင်ဒရမ္မာက...

'ဒီလိုပြောနိုင်တာကိုက အရည်အချင်းတစ်ခုပဲ မဟုတ်လား'

'ဒီအရည်အချင်းအပြင် မင်းမှာ ဘာအရည်အချင်းတွေ ရှိသေးတယ်ဆိုတာ ကျုပ် သိပြီးသားပဲ'

'လျှို့ဝှက်ချက်တွေကို ဘယ်လိုထုတ်ယူဖို့နဲ့ သူငယ်ချင်း မိတ်ဆွေတွေကို ဘယ်လိုသတ်ဖို့ဆိုတဲ့ အရည်အချင်းတွေလေ'

'ဒါက ကျုပ်လုပ်နေတဲ့အလုပ်နဲ့ အဟုတ်ကို ခွင်ကျတဲ့ အရည်အချင်းတွေပဲ မဟုတ်လား'

ဘင်ဒရမ္မာက ဤသို့ပြောရင်း ဆယ်ယူရေးအဖွဲ့သားများအနားမှ ဖဲ့ထွက်ကာ ဗိုလ်ကြီးအင်ဒရီအနားသို့ တိုး၍ ရပ်လိုက်၏။

'မင်းက ရွှေလား၊ ငွေလား၊ ပြောစမ်းပါဦး'

'ဒါတွေဟာ ခုတော့ ဘာမှအရေးမကြီးတော့ပါဘူး'

ဘင်ဒရမ္မာက ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး...

**'ကျုပ်က ရွှေ'**

'ဒါဖြင့် မင်းညီက **ငွေပေါ့'**

ဂျိုးမာတင်စကားကြောင့် ဝင့်ဝါနေသည့် ဘင်ဒရမ္မာ အမူအရာက **ညိုးကျ**သွားပြီး တီးတိုးမှတ်ချက်ချလိုက်၏။

'ခင်ဗျားက ဒီလောက်ထိ သိနေတာကိုး'

'သိနေတာပေါ့၊ မင်းဟာ ရုရှားသူလျှိုမှန်း သိလာရပြီးတဲ့နောက် **နောက်**တစ်ယောက် ဘယ်သူဆိုတာ ဆက်ပြီးစုံစမ်းတယ်။

'ဒါပေမဲ့ စုံစမ်းလို့ရလာတဲ့ အချက်အလက်တွေက သိပ်မနိုင်လုံဘူး၊ **ဒါနဲ့** အက်ဖ်–ဘီ–အိုင်မှာ လှမ်းပြီး အကူအညီတောင်းရတယ်'

'ဟောဒီက အင်ဒရီရဲ့ ရုရှားရေတပ်ထောက်လှမ်းရေးဌာနက **မင်း...** အမေရိကန် စစ်စစ်တစ်ယောက်လို့ မှတ်တမ်းတင်ထားတာကို **သိလာရ...** အမှန်တော့ မင်းဟာ ကနေဒါနိုင်ငံသား၊ မင်းကို ဟာလီဖက်စ်ပြည်နယ် ... ရှားမြို့မှာ မွေးတယ်ဆိုတာအထိ ထောက်လှမ်းရေးဂျူရှိဆီက **သတင်း...**

'မင်းမှာ ညီတစ်ယောက်လည်းရှိပြီး မင်းတို့ညီ**အစ်ကို...**



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် ဆယ်မိနစ်သာခြားပြီး မွေးလာခဲ့တယ်ဆိုတာအထိ သိလာခဲ့ရတယ်'

ဤတွင် စပင်ဆာက မှတ်ချက်ချလိုက်၏။

'ဒါဖြင့် သူတို့နှစ်ယောက်က အမြွှာညီအစ်ကိုပေါ့'

'ဟုတ်တယ်၊ အမြွှာတော့ အမြွှာပဲ၊ ဒါပေမဲ့ ရုပ်ချင်းမတူဘူး၊ မတူဆို တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုပါလို့ ပြောလို့မဖြစ်အောင်ကို မတူတာ'

စပင်ဆာကပင်...

'ဒါဖြင့် ရုပ်ချင်းမတူတဲ့ အမြွှာနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ရှာဖွေရှာသူလျှိုလုပ်ဖို့ သင်တန်းပေးလိုက်ကြတာပေါ့'

'သူတို့နှစ်ယောက်က သိပ်ပါးတာ၊ ဘယ်တော့မှ လူရှေ့သူရှေ့မှာ တပူးတွဲတွဲ မနေဘူး၊ ရုပ်ချင်းလည်း မဆင်တော့ သူတို့နှစ်ယောက်ကို ဘယ်သူမှ ညီအစ်ကိုလို့တောင် မထင်ကြဘူး။

အက်ဖ်-ဘီ-အိုင် က ဆယ်ယူရေးအဖွဲ့သားတွေရဲ့ ကိုယ်ရေးရာဇဝင်ကို ပြန်ရှာကြည့်ပေမယ့် ဘင်ဒရမ္မာနဲ့ သူ့ညီကို ဘယ်လိုမှ ဆက်စပ်လို့ မရနိုင်ခဲ့ဘူး။

ဒါပေမဲ့ ဓာတ်ပုံရိုက်ပေါ်ဖို့ အကြောင်းက ဖန်တီးလာခဲ့တယ်။ အဲဒီမှာတင် မင်းသားခေါင်းအောက်က ဘီလူးရုပ် ပေါ်လာတော့တာပဲ'

ဤတွင် ဦးစိုးမှူးဂန်းက...

'ဒီဖယ်သွမ် ရေအောက်ယာဉ်က တိုင်တန်နစ် ဦးပိုင်းနဲ့ငြိပြီး အထဲမှာ တာဝန်ကျနေတဲ့ အဖွဲ့သားသုံးယောက် သေတော့မလိုဖြစ်နေတဲ့ အချိန်လား။

'အဲဒီအချိန်တုန်းက ဘင်ဒရမ္မာက ကျုပ်တို့နဲ့အတူတူ ဆာပိုနှစ် ရေယာဉ်ပေါ်မှာ ရှိနေခဲ့တယ်မဟုတ်လား၊ သူနဲ့ ဘယ်လိုအဆက်အသွယ် ရှိနေလို့လဲ'

'အဆက်အသွယ် ရှိနေတာပေါ့၊ ရှိတာမှ တကယ့် ရှိကိုနေတာ၊ ဒီဖယ်သွမ် ရေအောက်ယာဉ်ထဲမှာ သေမလိုဖြစ်နေတဲ့ အဖွဲ့သား သုံးယောက်အနက် တစ်ယောက်ဟာ ဘင်ဒရမ္မာရဲ့ညီ၊ အမြွှာညီပဲ'

'ခင်ဗျားက ကျုပ်ညီမှန်း ဘယ်လိုလုပ် သိတာလဲ'

ဘင်ဒရမ္မာက ဝင်မေးလိုက်၏။

'အမြွှာတွေမှာ ထူးခြားတဲ့အနှောင်အဖွဲ့တွေ အမြဲရှိနေတယ်၊ သူတို့ဟာ လူနှစ်ယောက်ဖြစ်နေပေမယ့် စဉ်းစားတဲ့နေရာ၊ ခံစားတဲ့နေရာမှာ တစ်ယောက်





တည်းလိုပဲ။

တစ်ယောက်တွေးသလို နောက်တစ်ယောက်က လိုက်တွေးတတ်ပြီး တစ်ယောက် ခံစားရသလို နောက်တစ်ယောက်ကလည်း ခံစားရတတ်တယ်။

ဒီတော့ တစ်ယောက်က ဒီဖယ်သွမ်ထဲမှာ သေလုမတတ်ဖြစ်နေတဲ့အချိန်မှာ ဆာပိုနှစ်ရေယာဉ်ပေါ်မှာ ကျုပ်တို့နဲ့ အတူရှိနေတဲ့ ဘင်ဒရမ္မာကလည်း သူ့ညီ ခံစားနေရသလို ခံစားရပြီး အရူးမီးဝိုင်းတဲ့ပုံစံမျိုး ဖြစ်နေတော့တယ်၊ ဒါကို ကျုပ်တို့ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ကြတယ်မဟုတ်လား'

ဦးစိုးမှူးဂန်းက...

'ဟုတ်တယ်၊ အဲဒီအချိန်တုန်းက ဒီဖယ်သွမ်ရေအောက်ရေယာဉ်ထဲက ရဲဘော်သုံးယောက်အတွက် ကျွန်တော်တို့အားလုံး စိတ်မကောင်း ဖြစ်ခဲ့ကြရတယ်။

ဒါပေမဲ့ ဘင်ဒရမ္မာကတော့ ငါးရံ့ပြာလူး ဖြစ်နေခဲ့တယ်'

ဂျိုးမာတင်က ဆက်လျက်...

'ဒီဖယ်သွမ်ထဲမှာ ပိတ်မိနေတာက ရဲဘော်သုံးယောက်။ ဒီတော့ ဘယ်သူဟာ ဘင့်ရဲ့ညီ ဖြစ်ရမယ်ဆိုတာ လိုက်ရှာရပြန်တယ်။

ရဲဘော်သုံးယောက်က ချာဗက်၊ ကီးနဲ့ မာကာ။

ချာဗက်က မက်ဆီကင်အနွယ်၊ ကီးက ဆယ်နှစ်လောက် ငယ်နေတော့ သူလည်း ဘင်ရဲ့ညီ မဖြစ်နိုင်ပြန်ဘူး။

ဒီတော့ ကျန်တဲ့မာကာ၊ မာကာ့နာမည်အပြည့်အစုံက ဆမ်မာကာ၊ သူပဲ ဘင်ဒရမ္မာရဲ့ အမြွှာညီ ဖြစ်ရမယ်ဆိုတာ တွေးယူလို့ရလာတယ်'

'သူတို့နှစ်ယောက်က ကျွန်တော်တို့ကို ဘယ်လောက်ထိ ကလိမ်ကျနေခဲ့သလဲ မသိဘူး'

စပင်ဆာက ညည်းညည်းတွားတွား ပြောလိုက်၏။

ဂျိုးမာတင်က နှုတ်ခမ်းနှစ်ခုကို တွန့်၍ ပြုံးလိုက်ပြီး...

'စပင်ဆာ...ခင်ဗျား စောစောကပြောခဲ့တယ်မဟုတ်လား၊ ဆယ်ယူရေးအဖွဲ့သား ဒီမှာ ဆယ်ယောက်ရှိနေတယ်လို့။

အဲဒါ ခင်ဗျားမှားနေပြီ၊ ဒီမှာရှိနေတာက ဆယ်ယူရေးအဖွဲ့သားအပြင် ဆယ့်တစ်ယောက်။

ခင်ဗျားက ယောဟကိုက ဒါနာနားမှာ ဓားတဝင့်ဝင့်လုပ်နေတဲ့သူတို့မှ ထည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မတွက်တာ'

ဤသို့ပြောရင်း ဂျိုးမာတင်က ဓားကိုင်ထားသူအား လှမ်းခေါ်လိုက်သည်။

'ဟေး...မာကာ၊ မင်းကို ရုပ်ဖျက်မနေနဲ့တော့၊ မင်း ဘယ်သူဆိုတာ ကျုပ်သိပြီးသား'

ဒါနာနားတွင် ဓားတဝင့်ဝင့်နှင့်ရှိနေသော ရုရှားမရိန်းတပ်သားပုံစံ ရုပ်ဖျက်ထားသူက ခေါင်းမှဦးထုပ်ကို ဆွဲချွတ်လိုက်ပြီး မျက်နှာအောက်ပိုင်းတွင် စည်းထားသည့် မာဖလာကိုလည်း ဖြုတ်ပစ်လိုက်သည်။

'ဒီရှောက်သားပေါ့၊ ဝုဆန်ကို ဓားနဲ့ထိုးသတ်တဲ့ အကောင်'

ပိုင်းလော့အဲလ်ဘတ်က လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်၏။

'ဒီလိုသတ်ရတာ ဝမ်းနည်းပါတယ်'

ဆမ်မာကာက လေသံအေးအေးဖြင့်...

'ဝုဆန်ရဲ့ ပထမအမှားက ကျုပ်ကို သူမှတ်မိသွားတဲ့ အချက်ပဲ။

ဒီလိုမှတ်မိသွားတာကို သူက ငြိမ်မနေဘဲ ကျုပ်ကိုလာပြီး ရန်မူတာက ဒုတိယအမှားပဲ၊ သူသာ ငြိမ်နေလိုက်မယ်ဆိုရင် သူသေရမှာမဟုတ်ဘူး'

'ဝုဆန်က မင်းရဲ့သူငယ်ချင်းပဲ မဟုတ်လား'

အဲလ်ဘတ်က ထပ်မေးနေသည်။

'သူလျှိုလုပ်ငန်းမှာ သူငယ်ချင်းရယ်၊ မိတ်ဆွေရယ်လို့ ဘယ်ညာနေနိုင်ပါ့မလဲ'

'မာကာ...'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာထံမှ အသံပြန်ထွက်လာ၏။

'ဒရမ္မာနဲ့ မာကာ...ရွှေနဲ့ ငွေ။

မင်းတို့နှစ်ယောက်ကို ကျုပ် သိပ်ယုံခဲ့တယ်။ ဒါပေမဲ့ မင်းတို့နှစ်ယောက်က နူးမားရဲ့ လျှို့ဝှက်ချက်တွေကို ရောင်းစားခဲ့ကြတယ်။ နူးမားရဲ့ဂုဏ်ကို တံတွေးခွက်မှာ ပက်လက်မျောအောင် မျှောပစ်ခဲ့ကြတယ်။

မင်းတို့နှစ်ယောက်က ကျုပ်တို့ကို နှစ်နှစ်လုံးလုံး ရောင်းစားနေခဲ့ကြတယ်။

ရောင်းစားတော့ကော ဘယ်လောက်များ ရသတဲ့လဲ၊ ဒေါ်လာကလေး နည်းနည်းပါးပါးပဲ ရတော့မှာပေါ့'

'နည်းနည်းပါးပါးမဟုတ်ပါဘူး ဗိုလ်ချုပ်ကြီးခင်ဗျား'

မာကာက ဓားမြှောင်ကို အိမ်ထဲသို့ပြန်ထည့်ရင်း ချေပနေသည်။





'ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို တစ်သက်လုံး ဖိမ်နဲ့ စားသောက်နေနိုင်အောင်ကို ရထားတာ'

ဤတွင် ဦးစီးမှူးဂန်းက...

'ဒါထက် နေပါဦး၊ မာကာက ဒီတိုင်တန်နစ်ပေါ်ကို ဘယ်လိုရောက်လာရတာလဲ၊ သူက ကက်ပရီကွန်သင်္ဘောကြီးပေါ်က ဆေးခန်းမှာ သင်္ဘောဆရာဝန်ဘောလီရဲ့ လူနာအဖြစ်နဲ့ ရှိနေရမှာ မဟုတ်လား'

'သူက စတူးဂရစ်ရဲ့ ရဟတ်ယာဉ်ပေါ်မှာ ခိုးစီးပြီး လိုက်လာတာလေ'

ဂျိုးမာတင်က နဖူးပေါ်မှ သွေးစိမ့်နေသည့် ဒဏ်ရာကို ရေစိုသည့် လက်ကိုင်ပဝါဖြင့် တို့ရင်း အဖြေပေးလိုက်သည်။

'မဖြစ်နိုင်တာပဲဗျာ'

ရဟတ်ယာဉ်ပိုင်းလော့ စတူးဂရစ်က အော်ပြောလိုက်သည်။

'ရဟတ်ယာဉ် ကုန်လှောင်ခန်း အံဖုံးကို ကျုပ်ဖွင့်နေတဲ့အချိန်မှာ ခင်ဗျားလည်း ကျုပ်နဲ့အတူ ရှိနေတယ်မဟုတ်လား။

'ရဟတ်ယာဉ် ကုန်လှောင်ခန်းထဲမှာ မစ္စက်ဒါနာအပြင် ဘယ်သူမှ မရှိဘူးဆိုတာ ခင်ဗျား မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား'

ဤတွင် ဂျိုးမာတင်က...

'မာကာက ကက်ပရီကွန် သင်္ဘောကြီးပေါ်က ဆေးခန်းမှာ ဆရာဝန်ဘောလီရဲ့ လူနာတစ်ယောက်အဖြစ် ရှိနေခဲ့တာအမှန်ပဲ။

ဒါပေမဲ့ သူက အဲဒီဆေးခန်းက လစ်ထွက်လာပြီး သူ့အစ်ကို ဒရမ္မာရဲ့ အခန်းထဲသွားပြီး အောင်းနေလိုက်တယ်၊ သူ့အခန်းကိုတော့ သူ မသွားဘူး။

ဒရမ္မာအခန်းထဲမှာရှိတဲ့ ကောင်းဘွိုင်ဖိနပ်နဲ့ အဝတ်အစားကို သူက ပြောင်းဝတ်လိုက်ပြီး ခင်ဗျားအလစ်မှာ ရဟတ်ယာဉ်ထဲ ဝင်ပုန်းနေလိုက်တယ်။

အသက်ကယ်ဖောင်ကို လွှင့်ပစ်လိုက်ပြီး ဖောင်ကိုစွပ်ထားတဲ့ အဖုံးအောက်မှာ သူက ဝင်ပုန်းနေလိုက်တယ်။

ဒီလို ရဟတ်ယာဉ် ကုန်လှောင်ခန်းထဲမှာ ပုန်းနေတုန်း အလုပြင် မိတ်ကပ်လက်ဆွဲအိတ် မေ့ကျန်ခဲ့တဲ့ ဒါနာက ရဟတ်ယာဉ်ပေါ် ပြန်တက်လာတယ်။

ထိုင်ခုံနှစ်ခုကြားမှာ ညပ်နေတဲ့ လက်ဆွဲအိတ်ကို ဒါနာက လက်နှိုက်နဲ့ ကုန်းဆွဲလိုက်မှာ မာကာစီးထားတဲ့ ကောင်းဘွိုင် အဝါရောင် ဦးချွန်ဖိနပ်ကို ဒါနာက မြင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မာကာက သူ့အကြံပျက်မှာစိုးတာနဲ့ အနီးအနားမှာ အသင့်တွေ့ရတဲ့ တူနဲ့ ဒါနာ့ခေါင်းကိုထု၊ တာရပတ်နဲ့ ပတ်ပြီး ရဟတ်ယာဥ် ကုန်လှောင်ခန်းထဲမှာ ထည့်ထားတယ်၊ သူကတော့ စောစောကအတိုင်း အသက်ကယ်ဖောင် အဖုံးထဲဝင်ပြီး အောင်းနေလိုက်တယ်'

'ဒါဖြင့် ကျုပ်တို့ ဒါနာ့ကို ကုန်လှောင်ခန်းထဲမှာ တွေ့ရတဲ့အချိန်မှာ မာကာလည်း ရှိနေတာပဲပေါ့'

စတူးဂရစ်က စောဒကတက်နေပြန်၏။

'မရှိတော့ဘူး၊ သူက လစ်ထွက်သွားပြီးပြီ။

ခင်ဗျား ပြန်စဉ်းစားကြည့်လေ၊ ကျုပ်တို့က ကုန်လှောင်ခန်း အံဖုံးတံခါးကို ဖွင့်မယ်ဆိုပြီး ခလုတ်ကို နှိပ်လိုက်တယ်။

ဒီလိုနှိပ်ရင်းနဲ့ အထဲမှာ လှုသံ သူသံများ ကြားရမလားဆိုပြီး ခင်ဗျားနဲ့ကျုပ် အပြင်ကနေ စောင့်ကြည့်နေရသေးတယ်၊ ဟုတ်တယ်မဟုတ်လား။

ကျုပ်တို့က ဒီလိုစောင့်ကြည့်နေတုန်း အံဖုံးတံခါးကို ပွင့်အောင်ဖွင့်ပေးမယ့်မော်တာက လည်နေတယ်၊ ဒီမော်တာလည်သံကို အခွင့်ကောင်းယူပြီး မာကာက လှုပ်ရှားပစ်လိုက်တယ်။

သူက ကုန်လှောင်ခန်း ကယ်ပေါက်ကနေပြီး ရဟတ်ယာဥ် ထိန်းချုပ်ခန်းထဲကို ခိုးဝင်၊ ဒီလိုဝင်ပြီး ကျုပ်တို့က ကုန်လှောင်ခန်းထဲ ဆင်းလိုက်တဲ့အချိန်မှာ သူက ရဟတ်ယာဥ်အောက် ရောက်သွားပြီ။

အောက်ရောက်သွားပြီဆိုကတည်းက သူ့အဖို့ တိုင်တာန်နစ် သင်္ဘောကြီးက မှောင်နဲ့မည်းမည်း အခန်းတွေထဲက ကြိုက်တဲ့အခန်းမှာ ဝင်ပုန်းနေလို့ သိပ်လွယ်သွားပြီပေါ့'

ပိုင်းလော့...စတူးဂရစ်က မကျေနပ်နိုင်သေးဘဲ...

'သူက ဘာဖြစ်လို့ ရဟတ်ယာဥ် ပန်ကာပြားကို တူနဲ့ထုသွားရတာလဲ၊ ဘာရည်ရွယ်ချက်နဲ့လဲ'

ဤတွင် မာကာက ကြားဝင်ကာ...

'ခင်ဗျား ကက်ပရီကွန်သင်္ဘောကြီးက ဒီကိုပြန်လာတဲ့အချိန်မှာ ဘယ်သူမှ ပါမလာခဲ့ဘူးလို့ ထင်နေခဲ့တယ်၊ ဒီရောက်တော့လည်း ဘယ်သူမှ ပြန်လိုက်မယ့်လူ မရှိဘူး၊ ခင်ဗျားရဟတ်ယာဥ်နဲ့ ပြန်ထည့်လိုက်စရာ ပစ္စည်းလည်းမရှိဘူး။

ဒီတော့ ခင်ဗျားက ကက်ပရီကွန် သင်္ဘောကြီးဆီကို ရဟတ်ယာဥ် ကုန်





လှောင်ခန်းကို မဖွင့်ဘဲ ပြန်သွားရင် ကျွန်တော့်မှာ ပိတ်မိနေသလို ဖြစ်နေမယ်။

ဒါကြောင့် နောက်ထပ်မပျံနိုင်အောင် ရဟတ်ယာဥ်က ပန်ကာပြားတွေကို တူနဲ့ထုပစ်လိုက်တာပေါ့'

ဂျိုးမာတင်က...

'သူ တိုင်တာန်နစ်ပေါ် ရောက်လာပြီးတဲ့နောက် သူ့အစ်ကို ဘင်ဒရူမှာဆီက လျှပ်စစ်မီးလွှကိုယူပြီး ဆွဲကြိုးကြီးကို တတိတိ ဖြတ်နေခဲ့တာပေါ့။

'သူ့မှာ သင်္ဘောကြီးရဲ့ ဘယ်နေရာမှာ ဘာတွေရှိတယ်ဆိုတာ အညွှန်းပုံစံကလည်း ရှိပြီးသား ဖြစ်နေရမယ်၊ ဒီတော့ သူက သင်္ဘောကြီးပေါ်ကို လူမသိ သူမသိ ရောက်လာတာဆိုတော့ ဖျက်ဆီးရေးလုပ်ငန်းတွေကို အေးအေးဆေးဆေး လုပ်နေနိုင်ခဲ့တာပေါ့။

သူက ရဟတ်ယာဥ်ကို သင်္ဘောကုန်းပတ်နဲ့ ပူးချည်ဆွဲဆိုင်းထားတဲ့ သံမဏိကြိုးတွေကိုလည်း ဖြတ်ပစ်နိုင်ခဲ့တယ်။ အဲဒီလို ဖြတ်ပစ်လိုက်တဲ့အချိန်က ကျုပ်က ရဟတ်ယာဥ်ထဲမှာ ရှိနေတော့ ရဟတ်ယာဥ်နဲ့အတူ ပင်လယ်ထဲ ထိုးကျသွားပြီလို့ သူက ထင်နေခဲ့တယ်...'

မာကာက...

'ဟုတ်တယ်၊ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင် ထိအောင်ပစ်ခဲ့တာပဲ၊ ဒါပေမဲ့'

မာကာ့ စကားမဆုံးမီ သင်္ဘောကြီး အောက်ဘက်ထပ်မှ ဆပ်မရှင်းဂန်းပစ်သံများ ပေါ်ထွက်လာ၏။

ဗိုလ်ကြီးအင်ဒရီက ပခုံးတစ်ဖက်ကို တွန့်ပစ်လိုက်ပြီး ဆန်ဒက်ကာအားလှမ်းကြည့်လိုက်သည်။

'အောက်ထပ်က ဗိုလ်ချုပ်ကြီးရဲ့ ရေစုပ်စက်အဖွဲ့ကလူတွေ ထော်လော်ကန့်လန့်လုပ်နေပြီနဲ့ တူတယ်'

အင်ဒရီက စွပ်တံမှ စီးကရက်တိုကို ဖြုတ်ချလိုက်ပြီး ဖိနပ်ဖြင့် တက်နင်းလိုက်ကာ...

'ကျွန်တော်ထင်တယ်၊ ဒီဆွေးနွေးပွဲက ကြာသင့်တာထက် ပိုကြာနေပြီ[illegible]

'မုန်တိုင်းကလည်း နာရီပိုင်းအတွင်းမှာ အားပျော့သွားတော့မယ်[illegible]တော်တို့ရဲ့ မစ်ခေးခါကော့က ဒီသင်္ဘောကြီးကို ဆွဲယူသွားဖို့ ပြင်[illegible]ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့...ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာကို ကျွန်တော် သတိပေးချင်တာက ဗိုလ်ချုပ်ကြီးရဲ့ ရေစုပ်စက် အဖွဲ့သားတွေကို ပြန်ပြီး အလုပ်လုပ်လာအောင် ဆော်ဩပေးဖို့ပါပဲ။

နောက်ပြီး ဘင်ဒရမ္မာကလည်း သင်္ဘောကြီး ဝမ်းဗိုက် ဘယ်နေရာတွေမှာ အပေါက်တွေ လိုက်ဖောက်ထားတယ်ဆိုတာ လိုက်ပြီး ပြပါလိမ့်မယ်။

'အဲဒီအပေါက်တွေကို ဗိုလ်ချုပ်ကြီးရဲ့ အဖွဲ့သားတွေက လိုက်ပြီး ဖာပေးဖို့လိုပါလိမ့်မယ်'

ဆန်ဒက်ကာက မကျေနပ်သံဖြင့်..........

'ဒီအတိုင်းဆိုရင် ညဉ့်ပန်းနှိပ်စက် အနိုင်ကျင့်ခဲ့တဲ့အခန်းပဲ ပြန်ရောက်လာရတော့မှာပေါ့'

'ရောက်ဖို့သင့်ရင်လည်း ပြန်ရောက်ရမှာပဲ ဗိုလ်ချုပ်ကြီး၊ ကျွန်တော် ဘယ်လောက် သည်းခံပြီး စောင့်နေခဲ့တယ်ဆိုတာလည်း ဗိုလ်ချုပ်ကြီး အသိပဲ၊ ဒီတော့...'

ဗိုလ်ကြီးအင်ဒရီက ပြောလက်စ စကားကို ဖြတ်ပစ်လိုက်ပြီး မရိန်းတပ်သားတစ်ယောက်အား ရုရှားဘာသာဖြင့် အမိန့်ပေးလိုက်၏။

ပြီးမှ...

'ဒီတပ်သားနာမည်က ဘူစကီတဲ့၊ သူ့တပ်ရင်းမှာတော့ သူဟာ လက်အဖြောင့်ဆုံးပဲ၊ သူက အင်္ဂလိပ်စကားလည်း မတောက်တခေါက်နားလည်တယ်။

အနည်းဆုံး တစ်ကနေ တစ်ဆယ်အထိ ရေတွက်တာကိုတော့ နားလည်ပြီးသား'

အင်ဒရီက ဆန်ဒက်ကာအား ပြောနေရာမှ ဘူစကီဘက်သို့ လှည့်လိုက်၏။

'ဘူစကီ၊ ကျုပ်က အင်္ဂလိပ်လို တစ်ကနေပြီး ရေသွားမယ်။

ကျုပ်ဆီက ငါးဆိုတဲ့အသံ ကြားလိုက်ရတာနဲ့ မင်းက ဒါနာရဲ့ ညာလက်မောင်းကို ပစ်ထည့်လိုက်ရမယ်။

ဘယ်လောက်ထိ ဆက်ပစ်နေရမှာလဲဆိုရင် ဆန်ဒက်ကာက သူ့အဖွဲ့သားတွေကို ကျုပ်တို့ကို ဝိုင်းကူပါလို့ အမိန့်မပေးမချင်း ပစ်နေရမယ်၊ နားလည်ရဲ့လား'

ဂင်တိုတို မိုက်တိုက်တိုက်ရုပ်ပေါက်နေသည့် ရုရှားမရိန်းတပ်သားက ခေါင်းညိတ်လိုက်သည်။





ဆန်ဒက်ကာ၏ဝမ်းဗိုက်ကို သေနတ်ပြောင်းဝဖြင့် ထိုးခဲ့သူမှာလည်း ဘူစကီပင်။

'သိပ်ပြီး အလုပ်သဘောဆန်တဲ့ အကြံအစည်ပါလား'

ဂျိုးမာတင်က ဝင်၍ မှတ်ချက်ချလိုက်၏။

'ကျုပ်တို့အဖွဲ့သားတွေက ခင်ဗျားလိုချင်တဲ့ အကူအညီကို ပေးပြီးတဲ့အချိန်မှာ ခင်ဗျားက ကျုပ်တို့အဖွဲ့သား အားလုံးကို ပစ်သတ်လိုက်မယ်။

အလောင်းတွေမှာ သံတိုသံစတွေ ဆွဲပြီး ပင်လယ်ထဲကို ပစ်ချလိုက်မယ်၊ ရေပေါ်မှာ အလောင်းတွေ ပေါ်လာမျောပြီး ပေါ်မလာအောင်ပေါ့။

ပြီးတော့မှ ကျုပ်တို့ဟာ သင်္ဘောကြီးကို စွန့်ခွာပြီး ရဟတ်ယာဉ်နဲ့ ထွက်အပြေးမှာ ရဟတ်ယာဉ် ပျက်ကျပြီး သေကုန်ပြီလို့ ခင်ဗျားတို့က သတင်းလွှင့်လိုက်မယ်၊ ရဟတ်ယာဉ်ကို ပင်လယ်ထဲ တွန်းချလိုက်ဖို့ကလည်း အလွယ်သားပဲ မဟုတ်လား။

ဒါတင်မဟုတ်၊ ခင်ဗျားက ခင်ဗျားတို့ လွှင့်တဲ့သတင်းတွေ မှန်ကန်ပါတယ်ဆိုတဲ့အကြောင်း မျက်မြင်သက်သေ နှစ်ယောက်ကိုလည်း သတင်းစာဆရာတွေရှေ့မှာ အပြောခိုင်းလိုက်ဦးမယ်။

အဲဒီမျက်မြင်သက်သေနှစ်ယောက်လို့ ဖြစ်လာမှာကတော့ သူလျှို အမြွှာညီအစ်ကိုဖြစ်တဲ့ ဘင်ဒရမ္မာနဲ့ ဆမ်မာကာတို့ နှစ်ယောက်ပေါ့။

ဒီသူလျှိုနှစ်ယောက်က ရဟတ်ယာဉ် ပျက်ကျအသွားမှာ ရုရှားတွေက ဘယ်လို လာဆယ်တဲ့အကြောင်း၊ ရုရှားတွေ ဘယ်လောက် ကြင်နာမှုရှိတဲ့အကြောင်း လုပ်ကြံဝါဒဖြန့်ပေးကြဦးမယ်'

ဂျိုးမာတင်က စကားအဆုံးတွင် ဗိုလ်ကြီးအင်ဒရီက...

'ကဲ...စကားရှည်နေလို့ အကျိုးရှိမှာ မဟုတ်တော့ဘူး'ဟု မှတ်ချက်ချလိုက်ပြီး 'ဘူစကီ'ဟု ခေါ်လိုက်၏။

ဘူစကီက လက်ထဲတွင်ကိုင်ထားသည့် မရှင်ပစ္စတိုဖြင့် ဒါနာ့ ညာလက်မောင်းကို ချိန်ထားလိုက်သည်။

'အင်ဒရီ၊ ခင်ဗျားက သိပ်ပြီး ဉာဏ်နီဉာဏ်နက်များတဲ့လူ။

'ဒရမ္မာနဲ့ မာကာရဲ့ နာမည်ဝှက်ကို ကျုပ် ဘယ်လိုလုပ် သိလာ[illegible] သူတို့နှစ်ယောက်ဟာ ကြေးစားသူလျှိုတွေဖြစ်မှန်း သိလာရတာ[illegible] သူတို့ကို ဘာကြောင့် ပင်လယ်ထဲ ကန်မချခဲ့ဘူးဆိုတာရော ခင်ဗျား [illegible]



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားဘူးနဲ့တူတယ်။

နို့ပြီး…ခင်ဗျားနာမည်ကို ကျုပ် ဘယ်လိုသိလာတယ် ဆိုတာကိုလည်း ခင်ဗျား စိတ်ဝင်စားပုံမရဘူး'

ဂျိုးမာတင်က အင်ဒရီအား ပြောလိုက်ခြင်း။

'စိတ်မဝင်စားလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ စိတ်ဝင်စားနေလို့လည်း အကြောင်းက ထူးလာတော့မှာ မဟုတ်တော့တာ။

ခုဖြစ်နေတဲ့အခြေအနေကို ဘာကမှ ပြောင်းမပစ်နိုင်တော့ဘူး မဟုတ်လား၊ ဘယ်သူမှလည်း ခင်ဗျားတို့လူစုကို လာမကယ်နိုင်တော့ဘူး မဟုတ်လား။

ခင်ဗျားနဲ့ ခင်ဗျားရဲ့လူတွေကို ခုအခြေအနေမှာ စီအိုင်အေကလည်း လာမကယ်နိုင်တော့ဘူး၊ အမေရိကန် ရေတပ်ကလည်း လာမကယ်နိုင်တော့ဘူး။

အန်စာက ပစ်ပြီးပြီ မဟုတ်လား၊ ပစ်ပြီးသား အန်စာကို ဘယ်လိုလုပ်ပြီး မှောက်လို့ လှန်လို့ ရတော့မှာလဲ၊ ဒီတော့ စကားနဲ့ စစ်ထိုးနေလို့လည်း အပိုပဲ ဖြစ်နေတော့မှာပေါ့'

ဗိုလ်ကြီးအင်ဒရီက ဘူစကီအား ခေါင်းညိတ် အချက်ပြလိုက်ပြီးနောက် စ၍ ရေတွက်လိုက်၏။

**'ဝမ်း'**

ဂျိုးမာတင်၏ သတိပေးသံက ဟိန်း၍ထွက်လာသည်။

'ဟေ့…ဘူစကီ၊ ဗိုလ်ကြီးအင်ဒရီက ဖိုး…လို့ ရေတွက်လိုက်တဲ့အချိန်မှာ မင်း သေဖို့သာပြင်ထားပေတော့'

ဘူစကီက ဂျိုးမာတင်အား ဒေါသဖြင့် မျက်စောင်းချိတ်ကြည့်လိုက်သည်။ စကားတစ်ခွန်းမှပြန်မပြော။

**'တူး'**

'တိုင်တန်နစ်သင်္ဘောကြီးကို ခင်ဗျား ပြန်ဆွဲယူသွားမယ်ဆိုတဲ့ အကြံအစည်တို့ ကျုပ်နဲ့ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာက သိနေခဲ့တာ လေးဆယ့်ရှစ် နာရီတောင် ရှိနေပြီဗျ'

'ဒါ ခင်ဗျားရဲ့ နောက်ဆုံးဖြီးလုံးပဲမဟုတ်လား'

ဗိုလ်ကြီးအင်ဒရီက ဤသို့ နှုတ်လှန်ထိုးလိုက်ပြီး ဆက်၍ ရေတွက်လိုက်သည်။

**'သရီး'**





ဂျိုးမာတင်က ပခုံးတစ်ဖက်ကို တွန့်လိုက်ပြီး…

'အင်ဒရီ…သွေးချောင်းစီးလာမယ့် အဖြစ်အပျက်တွေ အားလုံးဟာ ခင်ဗျားကြောင့်လို့ ကျုပ်တို့ မှတ်တမ်းတင်လိုက်ရလိမ့်မယ်'

ဗိုလ်ကြီးအင်ဒရီက တစ်ခွန်းမှပြန်မပြောတော့ဘဲ ဆက်၍ ရေတွက်လိုက်သည်။

**'ဖိုး'**

အထက်တန်းစီး ခရီးသည်များ၏ ထမင်းစားခန်းမကြီးထဲတွင် နားကွဲလုမတတ် ပေါ်ထွက်လာသည့် သေနတ်သံက မင်းမူသွားသည်။

သည်သေနတ်သံနှင့်အတူ ဘူစကီ၏နဖူးပြင်အလယ်တည့်တည့်၌ အပေါက်ကလေးတစ်ပေါက် ပေါ်လာ၏။

သည်အပေါက်ကလေးက နီနီထွေးထွေး သွေးရောင်ဖြာကျလာပြီး ချက်ချင်းဆိုသလို ခေါင်းခွံ၏ လေးပုံတစ်ပုံက အထက်သို့ မြောက်တက်သွားသည်။

ဘူစကီ့ အတ္တဘောကြီးက ပစ်ချခံလိုက်ရသည့် လင်းယုန်ကြီးတစ်ကောင်လို ဗိုလ်ကြီးအင်ဒရီခြေရင်း၌ ကိုးရိုးကားရား လဲကျသွားသည်။

ဒါနာအား ဂျိုးမာတင်က ကြမ်းပြင်ပေါ်သို့ တွန်းလှဲပစ်လိုက်၏။

ဒါနာက ထိန်လန့်တကြား အော်ဟစ်လိုက်သည်။ သို့တိုင် ဂျိုးမာတင်ထံ ဒါနာအား တောင်းပန်စကားမပြော။

အလေးချိန်ပေါင် ၁၉၀ ရှိသည့် ကိုယ်ခန္ဓာကြီးဖြင့် ဒါနာအား ဒိုင်းသဖွယ် အကာအကွယ်ပေးထား၏။

ပိုင်းလော့ အဲလ်ဘတ်ကလည်း ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာအား ကြမ်းပြင် ပေါ်သို့ တွန်းလှဲပစ်လိုက်ပြီးသား။

ဆယ်ယူရေးအဖွဲ့မှ ကျန်လူများကလည်း မိမိတို့ အသက် ဆက်လက်ရှင်နေရေးအတွက် သေနတ်သံပေါ်လာပြီး တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံ အချိန်လောက်အတွင်းတွင် ကြမ်းပြင်ပေါ် မှောက်လျက်ရှိနေကြပြီ။

ဤသို့ မှောက်နေပြီးမှ ထမင်းစားခန်းမကြီးထဲတွင် နေရာကျဲကျဲပြန့်ထား ရောက်လာမည့် အန္တရာယ်ကို ရှောင်လိုက်ကြ၏။

ဘင်ဒရမ္မာနှင့် ဆမ်မကာတို့ သူလျှို အမြွာညီနောင် နှစ်ယောက်လည်း ဆယ်ယူရေးအဖွဲ့သားများနောက်သို့ ကပ်၍လိုက်လာကြ၏။

သေနတ်ပစ်သံများက ဆက်၍ညံနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ထမင်းစားခန်းမကြီး၏ထောင့်များတွင် ညံနေသည်။

ဗိုလ်ကြီးအင်ဒရီ၏ မရိန်းတပ်သားများက အခန်းထောင့်များတွင် ကပ်ကာ ပြန်လှန်ပစ်ခတ်နေကြခြင်း။

သို့ရာတွင် သူတို့က နောက်ကျနေပြီ မဟုတ်လား။

မရိန်းတပ်သား တစ်ယောက်မှာ ချက်ချင်းလိုပင် သုတ်သင်ခြင်း ခံလိုက်ရပြီး ကြမ်းပြင်ပေါ်သို့ မှောက်လျက်ကျသွားသည်။

ဒုတိယ မရိန်းတပ်သား၏လက်မှ မရှင်ပစ္စတိုက လွင့်စဉ်ကျသွားပြီး သူ့လည်ချောင်းမှ သွေးစီးကျလာသည်။

တတိယ မရိန်းတပ်သားက အင်္ကျီရင်ဘတ်တွင် ပေါ်လာသည့် အပေါက်ကလေးနှစ်ပေါက်ကို ငုံ့ကြည့်ရင်း ဒူးညွှတ် လဲကျသွားသည်။

ထမင်းစားခန်းမကြီးထဲတွင် ရုရှားတပ်သားဆို၍ ဗိုလ်ကြီးအင်ဒရီ တစ်ယောက်သာ။

သူ စောစောက ရပ်နေသည့်နေရာတွင်ပင် မြဲမြဲကြီးရပ်လျက်။

သူက အသက်ပျောက်နေကြသည့် ဘက်တော်သားများကို လိုက်ကြည့်လိုက်ပြီးမှ ဂျူးမာတင်အား လှမ်းကြည့်လိုက်သည်။

သူ့အကြည့်တွင် အရှုံးပေးသည့်အမူအရာ ပေါ်လွင်နေသည်။

အရှုံးပေးရုံမက သေခြင်းတရားကိုပင် ရင်ဆိုင်ရန် အသင့်ဖြစ်နေကြောင်း ဖော်ပြနေ၏။

ဗိုလ်ကြီးအင်ဒရီက ဆယ်ယူရေးဦးစီးမှူး ဂျူးမာတင်အား အလေးပြုလိုက်သည်။

ပြီးမှ သေနတ်အိတ်ထဲမှ အော်တိုမစ်တစ် ပစ္စတိုကို အေးအေးဆေးဆေးပင် ထုတ်လိုက်ကာ ထမင်းစားခန်းကြီး၏ အမှောင်ထုကြီးစိုးနေသည့် ထောင့်တစ်ထောင့်သို့ ပစ်ထည့်လိုက်၏။

ပစ္စတိုထဲတွင် ရှိသည့်ကျည် ကုန်အောင် ပစ်ထည့်လိုက်ပြီးနောက် သူက သူ့ဆီသို့ရောက်လာမည့် သေနတ်ကျည်ဆန်ကို အသင့်စောင့်နေလိုက်သည်။

သို့သော် သူမျှော်လင့်ထားသလို ဖြစ်မလာ။

အကာအကွယ်နောက်တွင်ရှိနေသူများက သူ့မရိန်းတပ်သားများကို အပြတ်ရှင်းပစ်ခဲ့သော်လည်း သူ့ကိုမူ မပစ်။

ထမင်းစားခန်းမကြီးတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်လျက်။





သည်တော့မှပင် ဗိုလ်ကြီးအင်ဒရီက သဘောပေါက်လာ၏။

သူ့ကို အသက်နှင့်ကိုယ်မြဲလျက် သုံ့ပန်းအဖြစ် လိုချင်သောကြောင့်။

သူက ပိုင်လုပ်ပြီဟုဆုံးဖြတ်ကာ တိုင်တန်နစ်သင်္ဘောကြီးကို အပိုင်စီးခဲ့သည်။

ခုတော့ သူ့အဖြစ်က သားရဲတွင်းသို့ဝင်လာမိသည့် ကလေးတစ်ယောက်လို။

သည်လိုအဖြစ်မျိုးနှင့် တိုးအောင် ဘယ်သူက လက်ထောက်ချခဲ့ပါသလဲ။

ဗိုလ်ကြီးအင်ဒရီ ခေါင်းထဲသို့ နာမည်တစ်ခု ပြေးဝင်လာသည်။

'မာဂနင်...မာဂနင်...'

သူ့လက်ထောက်အဖြစ် လုပ်နေခဲ့သည့် **ဗိုလ်မာဂနင်**။

[ ၆၃ ]

အမေရိကန် မရိန်းတပ်မှ ဖျံတစ်ကောင်ဆိုသည်မှာ ရေ၌ပျော်သော၊ အသားစားတတ်သော နို့တိုက်သတ္တဝါဖြစ်လျက်...

ခြေချောင်းများအဖျားတွင် အရေပြားချင်း ဆက်ကာ နူးညံ့သည့် အမွေးရှည်များ ရှိသည်ဟု နာမည်ကြီးနေစေကာမူ...

ဗိုလ်ကြီး အင်ဒရီနှင့် အသက်ပျောက်နေသည့် ရုရှား မရိန်းတပ်သားများ ရှိနေရာသို့ ရုတ်ခြည်း ရောက်လာကြသော အမေရိကန် မရိန်းတပ်သားများကား လူပုံပန်းသဏ္ဌာန်သာ ရှိနေကြသူများ။

သူတို့ ပုံပန်းသဏ္ဌာန်က လူနှင့် တူနေစေကာမူ ဝတ်စားဆင်ယင်ထားပုံက တစ္ဆေ သရဲများလို။

အမေရိကန် ရေတပ်မတော်မှ ဖျံတပ်ဖွဲ့ဆိုသည်မှာ အမေရိကန် ကြည်း၊ ရေ၊ လေ တပ်မတော်များမှ အထူးတိုက်ခိုက်ရေး တပ်သားများသာ။

သူတို့သည် ပင်လယ်ရေအောက်တွင် ဖောက်ခွဲဖျက်ဆီး တိုက်ခိုက်နိုင်အောင် လေ့ကျင့်ထားပြီးသား ဖြစ်သကဲ့သို့ တောတွင်းတိုက်ပွဲများကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ဆင်နွှဲနိုင်အောင် လေ့ကျင့်ထားပြီးသူများ။

ဤသို့ ကြည်း၊ ရေ၊ လေ တပ်မတော်သားများမှ အထူးလေ့ကျင့်သင်ကြားပေးထားသည့် တပ်ဖွဲ့ကို အတိုကောက်အားဖြင့် **ဖျံတပ်ဖွဲ့ဟု** ခေါ်နေကြခြင်းသာ ဖြစ်ပေသည်။

ဗိုလ်ကြီးအင်ဒရီနှင့် အသက်ပျောက်နေသော ရုရှား မရိန်းတပ်သား



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့် ထမင်းစားခန်းမကြီးထဲသို့ ရုတ်တရက် ဝင်ရောက်လာသည့် အမေရိကန် မရိန်းတပ်မှ ဖျော်ဖြေရေးအဖွဲ့သားများမှာ စုစုပေါင်း ငါးယောက်တည်း။

သည်ဖျော်ဖြေရေးအဖွဲ့ဝင် ငါးယောက်က နက်နက်မှောင်နေသည့် ရေလုံ ရာဘာ ဝတ်စုံများကို ခေါင်းမှ ခြေဖျားအထိ ဝင်လျက်။

ခေါင်းတွင်ဆောင်းထားသည့် ခေါင်းဆောင်းကလည်း အနက်။

ခြေတွင်စီးထားသော ညှပ်ဖိနပ်ဆန်ဆန် ဘွတ်ဖိနပ်များကလည်း အနက်။

ကိုယ်ပေါ်မှ ဝတ်စုံနှင့် ခေါင်းနှင့် ခြေတွင် ဝတ်ဆင်ထားသည့် ခေါင်းစွပ် ဖိနပ်များက အသားနှင့်ကပ်နေသည်။

မျက်နှာနှင့် လက်များတွင် အနက်ရောင် သစ်စေးရောင်များ ခြယ်ထားသည်။

သို့ဖြစ်၍ ဝတ်စုံက ဘယ်ဟာ၊ အသားက ဘယ်သင်းဟု ခွဲ၍မရ။

ဖျော်ဖြေရေးအဖွဲ့ဝင် ငါးယောက်အနက် လေးယောက်က အမ် ၂၄ အော်တို မစ်တစ် ရိုင်ဖယ်များကို ကိုင်ထားကြ၏။

သည်ရိုင်ဖယ်များက ခေါက်၍ ရသည်။ ကျည်ကပ်များမှ ကျည်ဆန်များကလည်း ခလုတ်နှိပ်လိုက်ရုံနှင့် သေနတ်ထဲတွင် ပစ်ရန် အသင့်။

ပဉ္စမမြောက် ဖျော်ဖြေသားက ပြောင်းနှစ်လုံးပါသည့် လက်နက်တစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

စတုန်နာဟု ခေါ်သည့် နောက်ဆုံးပေါ် အပေါ့စားလက်နက်။

လက်နက်က အပေါ့စားဖြစ်သလို ပစ်ရသည့်ကျည်ဆန်များကလည်း အပ် လောက်သာရှိသည့် ကျည်ဆန်။

တစ်ခါပစ်လိုက်လျှင် အပ်လောက်သာရှိသည့် ကျည်ဆန်များက ဖွဲကို ဆုပ်၍ ပက်လိုက်သလို အစုလိုက် အပြုံလိုက် ထွက်လာပြီး တစ်ဖက်ရန်သူကို အသက်ပျောက်သွားစေနိုင်သည်။

စတုန်နာကို ကိုင်ထားသည့် ဖျော်ဖြေရေးအဖွဲ့ဝင်က ကြမ်းပြင်ပေါ်တွင်ပင် ရှိနေသေးသည့် ဒါနာနှင့် ဂျိုးမာတင်တို့နှစ်ယောက်အား ဆွဲထူလိုက်၏။

ဂျိုးက ထူပေးသည့်ဖျော်ဖြေရေးအဖွဲ့ဝင်အား လက်ဆွဲနှုတ်ဆက်လိုက်ပြီး ရေကြောင်း ဗိုလ်ချုပ်ကြီး ဆန်ဒက်ကာနှင့် မိတ်ဆက်ပေးလိုက်သည်။

'ဗိုလ်ချုပ်ကြီးခင်ဗျား ကျွန်တော်တို့ကို လာကယ်သူကတော့ အမေရိကန် ရေတပ်မတော် ဖျော်ဖြေရေးအဖွဲ့က ဗိုလ်ဖာဂတ်စ် ဖြစ်ပါတယ်'





ပိုင်းလော့အဲလ်ဘတ်အား မှီ၍ ရပ်နေသည့် ဆန်ဒက်ကာက ဗိုလ်ဖာဂတ်စ် ၏ အလေးပြုမှုကို အသိအမှတ်ပြုလိုက်ပြီး...

'ဗိုလ်ဖာဂတ်စ်...ဒီသင်္ဘောကြီးကို ခု ဘယ်သူဦးစီးနေသလဲ'

'ကျွန်တော်သိရတဲ့အတိုင်းဆိုရင် ဒီသင်္ဘောကြီးကို ဦးစီးနေသူဟာ ဗိုလ်ချုပ် ကြီးပါပဲ'

ဗိုလ်ဖာဂတ်စ် စကားအဆုံးတွင် သင်္ဘောကြီးအောက်ထပ် ဝမ်းဗိုက်ထဲမှ အတွဲလိုက်ပေါ်ထွက်လာသည့် သေနတ်သံများကို ကြားလိုက်ကြရ၏။

'ခေါင်းမာမာနဲ့ တောင့်ခံနေတဲ့ ရုရှား မရိန်းတွေကို ရှင်းပစ်လိုက်တဲ့ နောက်ဆုံးအသံပဲ ဖြစ်ပါလိမ့်မယ်'

ဖာဂတ်စ်က ပြုံး၍ သတင်းပို့လိုက်၏။ သူ့သွားများက ညဥ့်နက်သန်းခေါင် တွင် နီယွန်မီးဖြင့် လင်းနေသည့် ဆိုင်းဘုတ်လို လက်လျက်။

'သင်္ဘောကြီးရဲ့ လုံခြုံရေးကို စိတ်ချပါ ဗိုလ်ချုပ်ကြီး၊ ကျွန်တော် ရဲရဲကြီး အာမခံပါတယ်'

'ကျုပ်တို့ ရေစုပ်စက် အဖွဲ့သားတွေကော'

'အန္တရာယ်ကင်းကင်း တောင့်တောင့်တင်းတင်းနဲ့ ပြန်ပြီး အလုပ်လုပ်နေ ကြပါပြီ'

'ခုလာတဲ့ မောင်ရင့်အဖွဲ့မှာ လူဘယ်နှစ်ယောက်ပါလဲ'

'တိုက်ခိုက်ရေးအဖွဲ့ နှစ်ဖွဲ့တည်းပါ၊ နှစ်ဖွဲ့ပေါင်းမှ လူအင်အား ဆယ် ယောက်ပဲရှိပါတယ်၊ ဆယ်ယောက်ထဲမှာ ကျွန်တော်အပါအဝင်ပါ'

'ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက မျက်ခုံးနှစ်ဖက်ကို ပင့်ချီ လိုက်ပြီး...

'အားလုံးမှ ဆယ်ယောက်တည်းရယ်...ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဒီလောက် တိုက်ခိုက်မှုမျိုးလောက်ကို ကျွန်တော် တို့ ဖျော်ဖြေရေးအဖွဲ့က တိုက်ခိုက်ရေးအဖွဲ့ တစ်ဖွဲ့ပဲ သုံးလေ့ရှိပါတယ်။

ဒါပေမဲ့ ရေတပ်ဦးစီးချုပ် ကင်ပါက ပိုပြီး စိတ်ချရအောင်ဆိုပြီး နှစ်ဖွဲ့ လွှတ်လိုက်တာပါ'

'ရေတပ်မတော်က ကျုပ်ထွက်လာခဲ့ပြီးတဲ့နောက် သိပ်ကို တိုးတက်လာ တာကိုး'

ဆန်ဒက်ကာက ဝမ်းသာအားရ စကားဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖျံတပ်ဖွဲ့က အကျအဆုံးများ ရှိသေးလား'

ဂျိုးမာတင်က ကြားဝင်မေးလိုက်၏။

'လွှန်ခဲ့တဲ့ ငါးမိနစ်အထိတော့ ကျွန်တော်တို့ဘက်က လူနှစ်ယောက် ဒဏ်ရာရခဲ့ပါတယ်။ ဒါပေမဲ့ ဒဏ်ရာက မပြင်းထန်ပါဘူး၊ နောက်တစ်ယောက် ပျောက်နေပါတယ်'

'ခင်ဗျားတို့ ဘယ်နေရာက ဘယ်လိုပေါ်လာကြတာလဲဟင်'

သည်မေးခွန်းကို မေးလိုက်သူက **ဆမ်မာကာ**။

'အနီးအနားမှာ ခင်ဗျားတို့စီးလာတဲ့ သင်္ဘောလို့လည်း မတွေ့ရ၊ လေယာဉ် ဆိုလို့လည်း မမြင်ရ၊ ဘယ်လိုလုပ်ပြီး ရောက်လာကြတာလဲ'

မာကာ့မျက်နှာပေါ်တွင် ပြုံးစွသည့်အမူအရာက အထင်းသား။

ဗိုလ်ဖာဂတ်စ်က ဂျိုးမာတင်အား လှမ်းကြည့်လိုက်၏။

ဂျိုးက ခေါင်းညိတ်လိုက်ကာ...

'တစ်ခါတုန်းက ကျုပ်တို့ရဲ့ လုပ်ဖော်ကိုင်ဘက် ဖြစ်နေရာက ရုရှား သူလျှိုဖြစ်သွားတဲ့ သစ္စာဖောက်ကို ကျုပ်တို့ အမေရိကန်တပ်တွေ ဘယ်လောက် တိုးတက်နေတယ်ဆိုတာ ပြောပြလိုက်ပါဗျာ'

သို့နှင့် ဗိုလ်ဖာဂတ်စ်က နိဒါန်းပျိုးလိုက်သည်။

'ကျုပ်တို့လာခဲ့ရတာက ခက်ခက်ခဲခဲကို လာခဲ့ရတာ၊ ပင်လယ်အောက် မျက်နှာပြင်ရေအနက် ပေငါးဆယ်က ချူးကလီးယား ရေငုပ်သင်္ဘောတစ်စီးရဲ့ တိုပီဒို ပြွန်ခေါင်းတွေကို ဖြတ်ပြီး လာခဲ့ရတာ။

ဒါကြောင့်လည်း ကျုပ်တို့အဖွဲ့က ရဲဘော်တစ်ယောက် ပျောက်ဆုံးသွား ခဲ့ရတာ၊ လှိုင်းတွေကလည်း ကြမ်းလိုက်တာ ပြောစရာတောင် မရှိတော့ဘူး'

'ဒီရဲဘော်ဟာ တိုင်တန်နစ်သင်္ဘောကြီးနား အကပ်မှာ လှိုင်းရိုက်ခံရပြီး သင်္ဘောကိုယ်ထည်နဲ့ ကိုင်ဆောင့်ခံလိုက်ရသလို ဖြစ်သွားပုံရတယ်။

ကျုပ်တို့ကလည်း သင်္ဘောဘေးကနေပြီး ဂျိုးမာတင်ချပေးတဲ့ ကြိုး လှေကားကို ကိုယ့်အလုည့်စောင့်ပြီး တက်ခဲ့ကြရတာကိုး'

ဤတွင် စပင်ဆာက...

'ခင်ဗျားတို့ သင်္ဘောပေါ်တက်လာတာ ဘယ်သူမှမမြင်တာတော့ ထူးဆန်း သဗျာ'

'သိပ်တော့လည်း မဆန်းလှပါဘူး'





ဂျိုးမာတင်က ဝင်ပြောနေသည်။

'ကျုပ်က ဗိုလ်ဖာဂတ်စ်နဲ့ အဖွဲ့သားတွေကို သင်္ဘောပဲ့ပိုင်း ကုန်ပစ္စည်းတွေ တင်တဲ့ ကုန်းပတ် ရေကာနံရံပေါ်ကို ကျော်တက်နိုင်အောင် ကူညီခဲ့တာကိုး၊ ဒီတော့လည်း ဘယ်သူက မြင်တော့မှာလဲ။

'နောက်ပြီး ကုန်းပတ်ပေါ် ရောက်လာတဲ့ သူတို့အဖွဲ့ကို စီအထပ် ကုန်းပတ်က ဘဏ္ဍာစိုးကြီးရဲ့အခန်းထဲမှာ သွင်းထားခဲ့တာကိုး...

'အဲဒီအချိန်မှာ ခင်ဗျားတို့ ရေစုပ်စက်အဖွဲ့က အဖွဲ့သားတွေက အားကစား ခန်းမကြီးထဲ ရောက်နေပြီလေ၊ ဒီတော့ ဖျံတပ်ဖွဲ့ဝင်တွေကို ဘယ်မြင်တော့မှာလဲ'

ဤတွင် ဦးစီးမှူးဂန်းက...

'အေးဗျာ၊ ကျုပ်တို့ကို အားကစားခန်းထဲကနေ ထမင်းစားခန်းမကြီးထဲ ပြောင်းခေါ်သွားပြီး ရုပ်ရှင်ထဲကလို ညှဉ်းပန်းနှိပ်စက်ခန်း စ,နေတဲ့အချိန်မှာ ခင်ဗျားရောက်လာတာ သိပ်ကို နေရာကျသွားသဗျာ၊ နို့မဟုတ်ရင်တော့...'

'အင်း...ဒါကလည်း ထာဝရဘုရားသခင် ဂုဏ်တော်ကြောင့်ပဲ၊ ရုရှား တွေက မုန်တိုင်းကြီး လုံးဝငြိမ်ကျသွားတဲ့အချိန်မှ တိုင်တန်နစ်ကို တက်ပြီး စီးမယ်လို့ ကျုပ်က တွက်ထားခဲ့တာ။

သူတို့က လေမုန်တိုင်းကြီး အပြင်းဆုံးအချိန် လေရှိန် ခဏလေးလျော့သွား တာနဲ့ သင်္ဘောကြီးပေါ် တက်လာတာကတော့ အတော်ကို စွန့်ရဲတဲ့ အလုပ်ပဲ။ အကြံကလည်း ပိုင်ပါပေတယ်၊ အောင်ပွဲရတော့မလို့တောင် ဖြစ်သွားခဲ့တယ် မဟုတ်လား။

ရေတပ်မတော်က ဖျံတပ်ဖွဲ့ဝင်တွေ ရောက်လာမယ်ဆိုတာ ပိုင်းလော့ အဲလ်ဘတ်ရယ်၊ ဗိုလ်ချုပ်ကြီးဆန်ဒက်ကာရယ်၊ ကျုပ်ရယ် ဒီသုံးယောက်ပဲ ကြိုသိနေခဲ့တယ်...

ကျုပ်တို့အထဲက တစ်ယောက်ယောက်ကသာ ဗိုလ်ဖာဂတ်စ်ကို အချက် မပြနိုင်ခဲ့ရင် သူလည်း ဘယ်အချိန် သင်္ဘောကြီးပေါ် တက်လာရမယ်ဆိုတာ သိနိုင်တော့မှာ မဟုတ်ဘူး'

ဤတွင် ဆန်ဒက်ကာက...

'မောင်ရင်ပြောတာ ဟုတ်တယ်၊ ကျုပ်နဲ့ အဲလ်ဘတ်က အင်ဒရီရဲ့ အကျဉ်း သားတွေ ဖြစ်နေပြီး မောင်ရင့်ကိုလည်း ပင်လယ်ထဲကျသေပြီလို့ ထင်နေတော့ ခက်ရချည်ရဲ့လို့ စိတ်ပူနေမိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထာဝရဘုရားသခင် ကယ်မလို့ပေါ့ ဗိုလ်ချုပ်ကြီး၊ ရဟတ်ယာဉ်က လေညင်းခံ ကုန်းပတ် နံရံလက်ရန်းနဲ့ သွားချိတ်နေလို့ပေါ့၊ နို့မဟုတ်ရင်...

ဗိုလ်ဖာဂတ်စ်က...

'ကျွန်တော်တို့ မစ္စတာဂျိုးကို တွေ့လိုက်ရတော့ အတော်ကို အံ့သြသွားတယ်၊ ခေါင်းကဒဏ်ရာကြီးကလည်း ဟဟကြီးကွဲနေပြီး လူကလည်း ရေနစ်ခံထားရသလို ဖြစ်နေတယ်...

ဒါနဲ့တောင် ကျွန်တော်တို့အဖွဲ့ဝင်တွေကို သင်္ဘောကြီးပေါ်မှာ ရှေ့ဆောင်ပြီး ထမင်းစားခန်းမကြီးနား အရောက်ပို့နိုင်ခဲ့သေးတယ်'

ဒါနာက ဂျိုးမာတင်အား စိုက်ကြည့်လိုက်ပြီး...

'ထမင်းစားခန်းမကြီးရဲ့အပြင်ဘက် မှောင်ရိပ်ထဲကိုရောက်နေတာ အတော်ကြာသလား၊ ခန်းမကြီးထဲကို ရှင်ဝင်မလာခင် ပြောတာပါ'

ဂျိုးက မဲ့ပြုံးပြုံးလိုက်ကာ...

'ဒါနာရဲ့ ခုနစ်လွှာချွတ်ပွဲ မစမီကလေး တစ်မိနစ်လောက်အလိုမှာပါ'

'ရှင်တော်တော်ဆိုးတဲ့လူ၊ ရှင်က ဒါနာ့ကို ခုနစ်လွှာမယ်ဖြစ်အောင် တမင်စောင့်နေတာပေါ့လေ၊ ဒါနာဟာ သားသတ်ဆိုင်က ပြတင်းပေါက်မှာ ချိတ်ဆွဲထားတဲ့ အမဲသားတုံးတစ်တုံးလိုဖြစ်အောင် ရှင်လုပ်ခဲ့တာ မဟုတ်လား'

ဒါနာက ပေါက်ကွဲနေသည်။

'ဒါနာ့ကို ကျွန်တော် လိုအပ်လို့ အဲဒီပုံစံနဲ့ အသုံးချခဲ့ရတယ်ဆိုတာ ဝန်ခံပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်။

'အဲဒီအချိန်က ထမင်းစားခန်းမကြီးထဲကို ကျွန်တော်ဝင်လာလို့ မဖြစ်သေးတဲ့ အခြေအနေမျိုး။

အားကစားခန်းမထဲမှာ ရင်ခွဲပြီး အသတ်ခံထားရတဲ့ ဝုဆန်ရဲ့ အလောင်းနဲ့ ရိုက်ခွဲခံထားရတဲ့ ရေဒီယိုစက်ကို တွေ့လိုက်ရကတည်းက ဗေဒင်မေးနေစရာ မလိုတော့ဘူး၊ ရုရှားတွေ သင်္ဘောကို အပိုင်စီးထားပြီဆိုတာ ထင်ရှားနေပြီ။

ဒီတော့ ကျွန်တော်က ဗိုလ်ဖာဂတ်စ်တို့ ဖျံအဖွဲ့သားတွေကို လိုက်ရှာရတော့တယ်၊ လိုက်ရှာလို့တွေ့ပြီးပြန်တော့လည်း သင်္ဘောကြီးအောက်ထပ်က ရေစုပ်စက်အဖွဲ့သားတွေကို ကူဖို့က ပထမအရေးကြီးဆုံး ဖြစ်နေပြန်တယ်။

ဒါနဲ့ ဖျံအဖွဲ့ ဒုတိယအဖွဲ့ကို သင်္ဘောကြီးအောက်ထပ် လိုက်ဖို့၊ အဲဒီမှာ အပိုင်စီးနေတဲ့ ရုရှား မရိန်းတပ်သားတွေကို အသံမထွက်တဲ့နည်းနဲ့ အနိုင်ယူဖို့





ကြိုးစား။

ဖျံတပ်ဖွဲ့ဝင်တွေက အဲဒီလို ကြိုးစားနေတုန်းမှာ ကျွန်တော်က ဗိုလ်ဖာဂတ်စ်ကို ခေါ်ပြီး ဗိုလ်ချုပ်ကြီးတို့ လူစု ဘယ်ရောက်နေတယ်ဆိုတာ သင်္ဘောကြီး တစ်စီးလုံး နှံ့အောင်လိုက်ရှာနေရသေးတယ်။

'ထမင်းစားခန်းမကြီးနား ရောက်လာပြီးမှ ဗိုလ်ဖာဂတ်စ်ကို အောက်ထပ်မှာ ကျန်နေတဲ့ ဖျံတပ်ဖွဲ့ဝင်တချို့ကို သွားအခေါ်ခိုင်းရတယ်'

'အဲဒီလိုခိုင်းနေတဲ့အချိန်မှာ အပြင်ကနေပြီး ပွဲကြီးပွဲကောင်း ကြည့်ရတာ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော့်အဖို့ စက္ကန့်တိုင်း စက္ကန့်တိုင်း အဖိုးမဖြတ်နိုင်တဲ့အချိန် ဖြစ်နေတယ်။ ဗိုလ်ဖာဂတ်စ် ပြန်ရောက်လာပြီး ကျွန်တော့်ကို အချက်ပြလိုက်တော့မှ ရင်ထဲမှာ နည်းနည်းအေးသွားတယ်။ ဒီတော့မှပဲ ထမင်းစားခန်းမကြီးထဲ ဝင်လာခဲ့ရတော့တယ်'

ဗိုလ်ချုပ်ကြီးဆန်ဒက်ကာက...

'သင်္ဘောကြီးပေါ် အပိုင်တက်စီးလာတဲ့လူတွေနဲ့ အားစမ်းရတဲ့ပွဲက တကယ့်ပွဲကြီးပွဲကောင်းပဲ။ မောင်ရင်က ဒီပွဲရဲ့ နောက်ပိုင်းဇာတ်ထုပ်မှာ အတော်ကို သယ်သွားနိုင်ခဲ့တာပဲ'

ဂျိုးမာတင်က ဒါနာ့ကိုယ်ပေါ်တွင် လွှမ်းခြုံထားသည့် အပေါ်ဝတ် အင်္ကျီအတွင်းအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်ယူလိုက်၏။

လက်ထဲတွင်ပါလာသည့် အရာက **တော့န်မှာ** လက်နက်။

'ဒီလက်နက်ကို ကျွန်တော်က ဗိုလ်ဖာဂတ်စ်ဆီက ငှားပြီး ယူလာခဲ့တာ ပြောင်းနှစ်ခုနဲ့၊ ပစ်လိုက်ရင် အပ်လောက်ပဲရှိတဲ့ ကျည်ဆန်တွေ တစ်ပြိုင်နက် ထွက်လာမယ်။

ဒီလက်နက်နဲ့ အင်ဒရီနဲ့ သူ့လူတစ်ဝက်လောက်ကို တစ်ချက်တည်းနဲ့ ရှင်းပစ်လိုက်နိုင်တယ်လေ'

ဤတွင် ဒါနာက ပေါက်ကွဲလာပြန်သည်။

'ရှင်က ဒီအပေါ်ဝတ်အင်္ကျီကို ဒါနာ့ကိုယ်ပေါ်မှာ ခြုံပေးလိုက်တာ စေတနာနဲ့မှ မဟုတ်ဘဲ၊ ရုရှားတွေက ရှင့်ကိုရှာရင် ဒီလက်နက်ကို မတွေ့အောင် လုပ်လိုက်တာ၊ လူကြီးလူကောင်း ပီသပါပေရဲ့ရှင်'

'ဒါကိုတော့ ခွင့်လွှတ်ပါ ဒါနာ၊ အခြေအနေက ဒီလိုမပေးလို့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုးဆိုတာ ဒါနာလည်း သိသားပဲ၊ နောက်တစ်ချက်ကလည်း [illegible] ကြုံနေရတဲ့ အဖြစ်က'

ဂျိုး၏ စကားမဆုံးမီ ဆွဲကြိုးတာဝန်ခံ ဘာစကွန်ကြီးက...

'ကျွန်တော်မသိလို့ မေးခွင့်ပြုပါခင်ဗျာ၊ ဒီသင်္ဘောအခွံကြီးကို ရုရှား[illegible]က ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲခင်ဗျာ'

'ကျွန်တော်လည်း ဒီအကြောင်းပဲ စဉ်းစားနေတာ'

စပင်ဆာကပါ ဝင်၍ ထောက်ခံလိုက်သည်။

ဂျိုးမာတင်က ပခုံးတစ်ဖက်ကို တွန့်ပစ်လိုက်ပြီး ဗိုလ်ချုပ်ကြီး ဆန်[illegible]ကာအား လှမ်းကြည့်ကာ...'

'သင်္ဘောကြီးနဲ့ ပတ်သက်တဲ့ အချက်ဟာ ခုအချိန်မှာတော့ လျှို့ဝှက်ချက်တစ်ရပ် မဟုတ်တော့ပါဘူးလို့ ကျွန်တော် ယူဆပါတယ်။

ရုရှားတွေ စိတ်ဝင်စားနေတာက ဒီသင်္ဘောအခွံကြီး မဟုတ်ပါဘူး၊ ဒီသင်္ဘောကြီးရဲ့ သံမဏိ ကုန်လှောင်ခန်းထဲမှာ ပါလာတဲ့ ဘိုင်ဇမ်နီယံဆိုတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သတ္တုပါပဲ။

အင်မတန်အဖိုးတန်ပြီး ရှားပါးလှတဲ့ ဘိုင်ဇမ်နီယံသတ္တုဟာ သင်္ဘောကြီးနဲ့အတူ ၁၉၁၂ ခုနှစ်မှာ ပင်လယ်ရေအောက် ရောက်သွားခဲ့ရတယ်။

'ဒီဘိုင်ဇမ်နီယံသတ္တုကို စနစ်တကျသန့်စင်ပြီး စက်မှုသိပ္ပံနည်းအရ အဆင့်ဆင့်ပြောင်းလဲလိုက်ရင် သိပ်ထက်မြက်တဲ့ ကာကွယ်ရေးယန္တရားတစ်ရပ် ဖြစ်လာပြီး ဒီစက်လက်နက်ယန္တရားဟာ ခုခေတ်စားနေတဲ့ တိုက်ချင်းပစ် ဒုံးပျံတွေကို ဘာမှခေတ်မမီတော့တဲ့လက်နက်တွေအဖြစ် ရောက်သွားစေမယ်လို့ ယူဆထားကြတယ်'

ဆွဲကြိုးတာဝန်ခံ ဘာစကွန်ကြီးက လေတစ်ချက်ချွန်လိုက်ပြီး...

'ဒါဖြင့် ဒီသတ္တုဟာ ဒီသင်္ဘောကြီးရဲ့ ကုန်လှောင်ခန်းတစ်ခုခုမှာ ခုထိ ရှိနေသေးတယ်လို့ ဦးစီးမှူးက ဆိုချင်သလား'

ဤတွင် ဗိုလ်ကြီးအင်ဒရီက ကြားဝင်ကာ...

'ဒီသတ္တုကို ခင်ဗျားတို့ရော ကျွန်တော်တို့ပါ ဘယ်သူမှ တွေ့ကြ မြင်ကြရတော့မှာ မဟုတ်ပါဘူး ဂျိုး၊ ဘာဖြစ်လို့လဲဆိုတော့ တိုင်တန်နစ်သင်္ဘောကြီးကို မနက်ရောက်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ရဲ့ မစ်ဆေးခါကော တိုက်သင်္ဘောကြီးက အစတုံးအောင် ပစ်ခတ်နှစ်မြှုပ်ပစ်လိုက်မှာကြောင့်ပဲ'





အင်ဒရီ့မျက်နှာပေါ်တွင် ဒေါသဖြစ်နေသည့် အမူအရာကို မတွေ့ရ[illegible]သော် ကျေနပ်နှစ်သိမ့်သည့်လက္ခဏာသာ ပေါ်လွင်နေ၏။

'ခင်ဗျားတို့က ကျွန်တော်တို့ဟာ အနိုင်ဘက်ချည်း တွက်ပြီး ဒီသင်္ဘောကြီးကို အပိုင်စီးခဲ့တာလို့ ထင်နေကြတယ်။

ကျွန်တော်တို့ အပိုင်စီးလို့ မနိုင်ရင် ဘာဆက်လုပ်မယ်ဆိုတာ မစဉ်းစားခဲ့ဘူးလို့ ထင်နေကြသလား။

ကျွန်တော်တို့က ဘိုင်ဇမ်နီယံသတ္တုကို မရနိုင်ရင် ခင်ဗျားတို့လက်ထဲကိုလည်း ဒီသတ္တု ဘယ်လိုမှမရောက်ရဘူးလို့ အစီအစဉ်ဆွဲပြီးမှ ကျွန်တော်တို့ ဒီသင်္ဘောကြီးပေါ်ကို တက်လာခဲ့ကြတာ၊ ဒါကို ခင်ဗျားသိရဲ့လား'

ဂျိုးမာတင်က ဗိုလ်ကြီးအင်ဒရီအား လှောင်ပြုံး ပြုံး၍ ကြည့်လိုက်ပြီး...

'ခင်ဗျားက အရင်တုန်းကလို ရုရှားတွေ အရှုံးနဲ့ရင်ဆိုင်ရတဲ့အချိန်မှာ ကောဆက်မြင်းတပ်ကြီးက လာကယ်တာမျိုး စဉ်းစားထားတယ်ထင်တယ်။

ခုချိန်မှာတော့ ဒီလို လာမကယ်နိုင်တော့ပါဘူး၊ ဘိုင်ဇမ်နီယံဟာ နိုင်တဲ့လူ့လက်ထဲကို ရောက်ရတော့မှာပါ'

ဗိုလ်ကြီးအင်ဒရီက...

'ဘိုင်ဇမ်နီယံသတ္တုကို အမှန်တကယ်ပိုင်တဲ့လူက ရုရှားပြည်သူတွေပဲ။

ဒီသတ္တုကို ခင်ဗျားတို့ အမေရိကန်အစိုးရက ရုရှားမြေပေါ်က မှဒိမ်းကျင့်ပြီး ယူသွားတာ၊ ဒီတော့ သူခိုး ဓားပြတွေဟာ ကျွန်တော်တို့ မဟုတ်ဘူး၊ ခင်ဗျားတို့ပဲ'

'ဒါကတော့ ငြင်းစရာအချက်ပဲ၊ ဒီသတ္တုဟာ သမိုင်းဝင် အနုပညာပစ္စည်းတစ်ရပ် ဖြစ်နေရင်တော့ ကျွန်တော်တို့က ခင်ဗျားတို့ဆီ ပြန်ပေးဖို့ ဝန်လေးနေမှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီသတ္တုက ကာကွယ်ရေးယန္တရားအတွက် သိပ်ပြီးအဖိုးတန်တဲ့ ပစ္စည်း ဖြစ်နေလေတော့ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ခင်ဗျားတို့ဆိုရင် [illegible] ဒီသတ္တုကို ပြန်ပေးဖို့ စိတ်ကူးမှာတဲ့လား'

'ခင်ဗျားတို့က ပြန်မပေးတော့လည်း ကျွန်တော်တို့က ဒီသတ္တုကို [illegible] အောင် ဖျက်ဆီးပစ်လိုက်ရုံရှိတာပဲ မဟုတ်လား'

'ဒီနေရာမှာ ခင်ဗျား မှားနေပြီ ဗိုလ်ကြီးအင်ဒရီ၊ ဒီသတ္တု[illegible]



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ဖျက်ဆီးဖို့မဟုတ်ဘူး၊ ကာကွယ်ဖို့အတွက် သက်သက်ပဲ၊ ဒီတော့ ဒီသတ္တုကို ဘာဖြစ်လို့ ဖျက်ဆီးပစ်ရမှာလဲ'

'ဒါက ခင်ဗျားတို့ရဲ့ ကြောင်သူတော် အတွေးအခေါ်ပါ၊ ဒီအတွေးအခေါ်မျိုး ပေးတတ်တယ်ဆိုတာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေက နောကျေနေပြီးသား…။

ခင်ဗျားတို့ဟာ ကျွန်တော်တို့ကို ဘယ်တော့မှ မနိုင်နိုင်ပါဘူး၊ မကြာတော့တဲ့ အနာဂတ်မှာ ခင်ဗျားတို့က သိပ်ပြီး မြတ်နိုးစရာကောင်းတယ်လို့ ထင်နေတဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားကြီးဟာ ဂရိတွေရဲ့ ဆီးနိတ်လွှတ်တော်လို ဗုန်းဗုန်းကြီးလဲပြိုကျသွားပြီ…

ခင်ဗျားတို့ရဲ့ ဒီမိုကရေစီဆိုတာဟာ ကျွန်တော်တို့ ကွန်မြူနစ် ကျောင်းသားတွေအဖို့ ပညာရေးဌာနက ပြဋ္ဌာန်းပေးတဲ့ ဖတ်စရာ ကျောင်းစာတစ်ခုသာ ဖြစ်လာတော့မှာပေါ့'

'သိပ်လည်းအထင်ကြီးမနေနဲ့အင်ဒရီ၊ ခင်ဗျားတို့က ကမ္ဘာကြီးကို ခြယ်လှယ်နိုင်ဖို့ဆိုတာ ဝေးပါသေးတယ်၊ ကမ္ဘာကြီးကို လွှမ်းမိုးမယ့်သူဟာ ယဉ်ကျေးမှုအများကြီးလိုတယ်'

ဗိုလ်ကြီးအင်ဒရီ ဂျိုးမာတင်အား လှောင်ပြုံး ပြုံး၍ ကြည့်လိုက်၏။

'ခင်ဗျားတို့ရဲ့သမိုင်းကိုပဲ ပြန်ဖတ်ပါဦး ဂျိုး၊ လောကအကြောင်းကို ကောင်းကောင်းသိခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေက ရာစုနှစ်တွေနဲ့ချီပြီး ထားခဲ့တဲ့ စကားစဉ်တစ်ခုရှိသားပဲ။

ဒီစကားစဉ်က ဘာလဲဆိုတော့ အရိုင်းအစိုင်းတွေသာ နောက်ဆုံးမှာ အောင်ပွဲရလေ့ရှိတယ်ဆိုတဲ့ စကားစဉ်ပဲ'

ဂျိုးမာတင်က ပြန်၍ပြုံးလိုက်သည်။

ဖျံတပ်ဖွဲ့ဝင်များက ဗိုလ်ကြီးအင်ဒရီ၊ ဘင်ဒရမ္မာနှင့် ဆန်မာကာတို့ သုံးယောက်အား သရော်လှောကားမကြီးအတိုင်း အပေါ်ထပ်သို့ ထိန်းကြပ်လျက် ခေါ်သွားကြသည်။

သင်္ဘောကြီး အထက်ထပ် လုံခြုံသည့်အခန်းတစ်ခန်းထဲတွင် သူတို့ သုံးယောက်အား ချုပ်နှောင်ထားရန်။

သူတို့သုံးယောက် မြင်ကွင်းမှ ပျောက်သွားသည်အထိ ဂျိုးမာတင်က





လှမ်းကြည့်နေသည်။

သူ့မျက်နှာပေါ်မှ အပြုံးကလည်း ဆိတ်သုဉ်းသွားသည်။

'နောက်ဆုံးမှာတော့ အရိုင်းအစိုင်းတွေကသာ အောင်ပွဲခံရမည်တဲ့'

ဗိုလ်ကြီးအင်ဒရီစကားက ဂျိုးခေါင်းထဲတွင် ပဲ့တင်ရိုက်နေ၏။

အရိုင်းအစိုင်းတွေကသာ နောက်ဆုံးမှာ အမြဲအောင်ပွဲခံရမည်တဲ့'

●



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၅ ]

**ကောဂုက်**

**၁၉၈၈ ခု၊ ဇွန်လ။**

[ ၆၄ ]

အရှေ့ဘက်တွင် အရုဏ်တက်လာသည်။

တိုင်တာနစ်သင်္ဘောကြီးက ရေပေါ်တွင် ပေါ်လောမျောလျက်၊ သို့သော် ဘယ်စောင်း ညာလိမ့် တလိမ့်လိမ့်။

ခုအချိန်ထိ သင်္ဘောကြီး ရေပေါ်တွင် ပေါ်နေနိုင်ခြင်းက ထူးဆန်းသလို ဖြစ်နေလေသည်။

မှန်တိုင်းကြီးက သင်္ဘောကြီးရှိနေသည့် ဝန်းကျင်တစ်ဝိုက်မှ ကတိုက်ကရိုက် ထွက်ခွာစပြုနေသည့်တိုင် လေနှင့် လှိုင်းဒဏ်က ပြင်းထန်နေဆဲ။

လက်ပန်းကျနေသော လက်ဝှေ့ကျော်ကြီး တစ်ယောက်က ကြိုးဝိုင်းထောင့်တွင် အသက်ပြင်းပြင်း ရှူရင်း နောက်တစ်ချီအတွက် အားယူနေသကဲ့သို့...။

တိုင်တာနစ်သင်္ဘောကြီးသည်လည်း မြင့်တက် ရိုက်ခတ်လာသည့် လှိုင်းလုံးကြီးတစ်လုံးကို ကျော်လွှားလိုက်၊ နောက်ရောက်လာမည့် လှိုင်းလုံးကြီးအတွက် အားယူလိုက်ဖြင့်။





လှိုင်းလုံးကြီးများက တစ်ချီတစ်ချီတွင် ယခင်က အသက်ကယ်လှေများထား ရာ ကုန်းပတ်ကိုပင် ခြုံ၍ခြုံ၍တက်နေကြလေသည်။

မစ်ခေးခါကော့သင်္ဘော ပဲ့ထိန်းစင်ထက်မှ တိုင်တာနစ်ဆီသို့ မှန်ပြောင်းဖြင့် ကြည့်နေသော ဦးစီးမှူး ပါရှောကင်ကမူ...

တိုင်တာနစ်ကို စုံးစုံးမြုပ်တော့မည့် သင်္ဘောကြီးတစ်စီးဟုသာ မြင်နေ၏။

သင်္ဘောကြီးကိုယ်ထည်ရှိ သံချေးတက်နေသည့်သံပြားများက လှိုင်းရိုက်ခတ် ချက်များကို ခံနိုင်စွမ်းထက်ပို၍ ခံနေရသည်။

သံပတ်ပြားများကို စပ်ထားသည့် စို့များကလည်း ပြုတ်ကျမသွားရုံတစ်မည်။ ပြူ၍ ငေါ်၍ အပြင်သို့ထွက်လျက်။

သံပတ်ပြား စပ်ကြောင်းအချို့နေရာများတွင် ကွဲလျက်။ ဟလျက်။

သင်္ဘောကိုယ်ထည်ကြီးတစ်လျှောက်တွင် ရေဝင်ပေါက်များက အပေါက် ၁၀၀ လောက်။

သို့သော်...

ဆယ်ယူရေးအဖွဲ့သားများသာမက ဖျတ်ပ်ဖွဲ့ဝင်များ၊ ဆွဲသင်္ဘောနှစ်စီးမှ သင်္ဘောသားများပါ ပါဝင်ကာ သင်္ဘောကြီး ဖောင်းအောက်ဘက်ပိုင်း ဝမ်းဗိုက် ထဲမှ ရေများကို မနားမနေ စုပ်ထုတ်ကြသည်ကိုမူ...

မစ်ခေးခါကော့ ဦးစီးမှူးပါရှောကင်၏ မှန်ပြောင်းထဲတွင် မြင်လာခြင်းမရှိ။

သို့ဖြစ်၍လည်း ပါရှောကင်အဖို့ တိုင်တာနစ်သင်္ဘောကြီး၊ အရုဏ်တက် လာသည့်အချိန်ထိ ရေပေါ် ပေါ်လောပေါ်နေနိုင်ခြင်းကို အံ့ဩစရာအဖြစ် ထင်မြင် နေခြင်း။

သင်္ဘောကြီး ဦးပိုင်းက ရေထဲတွင် ပေ ၂၀ လောက် စိုက်ဝင်နေပြီး သင်္ဘောကိုယ်ထည်ကြီးက လက်ယာဘက်သို့ ဒီဂရီ ၃၀ လောက် စောင်းနေ၏။

သို့သော် သင်္ဘောကြီးက ရေပေါ်တွင် ပေါ်မြဲပေါ်လျက်။

'ဗိုလ်ကြီးအင်ဒရီဆီက ဘာသတင်းမှ ပို့မလာဘူးလား'

ဦးစီးမှူးပါရှောကင်က မှန်ပြောင်းကို မျက်နှာမှ မခွာဘဲ အနီးရှိ ပထမ အရာရှိအား မေးလိုက်သည်။

'ဘာမှ သတင်းမပို့ပါဘူး ဦးစီးမှူး'

'ဆိုးဆိုးရွားရွားတော့ ဖြစ်နေပြီလို့ ကျုပ်ထင်တယ်'

ပါရှောကင်က ဆက်၍ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'သဘော်ကြီးကို ဗိုလ်ကြီးအင်ဒရီတို့က အပိုင်စီးထားနိုင်တဲ့ လက္ခဏာဆိုလို့ တစ်ခုမှ မတွေ့ရဘူးဟေ့'

'ဟော...ဟိုမှာ...ဦးစီးမှူး'

ပထမအရာရှိက တိုင်တန်နစ်သဘော်ကြီးပဲ့ပိုင်း အလံတိုင်ငုတ်တိုပေါ်တွင် လွှင့်နေသည့်အလံကို လက်ညှိုးညွှန်ရင်း...

'လေထဲမှာ တဖျပ်ဖျပ်လွှင့်နေတာ ကျွန်တော်တို့ ရုရှားအလံမဟုတ်လား'

ဦးစီးမှူးပါရှေကင်က ပထမအရာရှိ ညွှန်ပြရာသို့ မှန်ပြောင်းဖြင့် သေသေချာချာ ထောက်လှမ်းလိုက်ပြီး...

'အလံကတော့ ကျုပ်တို့ ရုရှားအလံနဲ့ တူတယ်။ ဒါပေမဲ့ အလံမှာပါနေတဲ့ ကြယ်က ကျုပ်တို့ကြယ်လို အနီမဟုတ်ဘူး၊ အဖြူ'

'ဒီတော့ သဘော်ကြီးကိုအပိုင်စီးဖို့သွားတဲ့ ဗိုလ်ကြီးအင်ဒရီတို့အဖွဲ့ အရှုံးနဲ့ ရင်ဆိုင်သွားရပြီလို့ပဲ ယူဆရတော့မှာပဲ'

အင်ပထမအရာရှိက အလျှော့မပေးသေးဘဲ...

'ဗိုလ်ကြီးအင်ဒရီက အခြေအနေကို သတင်းပို့ဖို့ အချိန်မပေးနိုင်လောက်အောင် ခုအချိန်မှာ အလုပ်များနေတာကော မဖြစ်နိုင်ဘူးလား ဦးစီးမှူး'

ဤတွင် ဦးစီးမှူးက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

'ကျုပ်တို့မှာလည်း အချိန်သိပ်ရမှာမဟုတ်ဘူး၊ နာရီပိုင်းအတွင်းမှာ အမေရိကန် ထောက်လှမ်းရေး လေယာဉ်တွေ ဒီနေရာကို ရောက်လာကြတော့မယ်...။

အင်းလေ... အင်ဒရီလုပ်ရမယ့် အလုပ်တွေကို ကျုပ်တို့ မလုပ်ရစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ။

ခုအချိန်မှာ အင်ဒရီဟာ အသက်ပျောက်ချင်လည်း ပျောက်နေမှာ၊ ဒီလိုဆိုရင်လည်း တိုင်တန်နစ်ကို မြှုပ်ပစ်ရမယ့်တာဝန် ဒီတာဝန်တွေဟာ ကျုပ်တို့ခေါင်းပေါ် ပုံကျလာတော့မှာပဲ'

ပါရှေကင်က ပဲ့ထိန်းစင်ကောင်တာကို လက်သီးဖြင့် တစ်ချက်ထုလိုက်သည်။

ပထမအရာရှိ မျက်နှာက သေသွားပြီး ခန္ဓာကိုယ်က တောင့်တောင့်ကြီးဖြစ်သွားကာ...

'ဒီတာဝန်တွေကို ကျွန်တော်တို့ မလုပ်လို့ မဖြစ်ဘူးလား၊ ဦးစီးမှူး'

ပါရှေကင်က ခေါင်းကို သွက်သွက်ခါပစ်လိုက်ပြီး...





'ပေးထားတဲ့ အမိန့်တွေက သိပ်ပြတ်သားတယ်၊ တိကျတယ်၊ အမေရိကန်တွေ လက်ထဲကို သဘော်ကြီး ဘယ်နည်းနဲ့မှ အရောက်မခံရ၊ ရောက်သွားမယ်ဆိုရင်လည်း ဖျက်ဆီးနှစ်မြှုပ်ပစ်ရမယ်၊ ဒါ အထက်ကပေးထားတဲ့အမိန့်ပဲ'

အိတ်ထဲမှ လက်ကိုင်ပဝါထုတ်ကာ ပါရှေကင်က မျက်နှာကိုသုတ်လိုက်၏။ ပြီးမှ ပထမအရာရှိအား ညွှန်ကြားချက်ပေးလိုက်သည်။

'နျူးကလီးယား ဒုံးပျံတင်ထားတဲ့ စင်ကို အပြင်ထုတ်ခိုင်း၊ ပြီးရင် ကျုပ်တို့ သဘော်ကို တိုင်တန်နစ်ရဲ့ မြောက်ဘက် ဆယ်မိုင်ကွာနေရာအထိ ခုတ်သွားပြီး နေရာယူခိုင်း'

ပထမအရာရှိက ဦးစီးမှူးပါရှေကင်အား ငေးစိုက်၍ကြည့်နေ၏။ သူ့မျက်နှာက လူသေတစ်ယောက်၏မျက်နှာမျိုး။

ဦးစီးမှူးနှင့် ပထမအရာရှိက တစ်ယောက်ကို တစ်ယောက် အတန်ကြာ ငေးစိုက်၍ ကြည့်နေမိကြသည်။

သူတို့မျက်နှာပေါ်တွင် မည်သည့်အမူအရာလက္ခဏာ ထင်ဟပ်နေသည်ကို ပြောပြရန်မလွယ်။

ပထမအရာရှိက ဦးစီးမှူးနားမှ ဖြည်းနှေးစွာထွက်လာပြီး ရေဒီယို တယ်လီဖုန်းကို ကောက်ကိုင်ကာ တက်မကိုင်အား အမိန့်ပေးလိုက်၏။

'မြောက်ဘက် ၁၅ ဒီဂရီ ဦးတည်'

မိနစ် ၃၀ ကြာပြီးသည့်အချိန်တွင် အားလုံး အသင့်ဖြစ်နေပေပြီ။

ရေဒါ အော်ပရေတာ နောက်နားတွင် ရပ်နေသော ပါရှေကင်က...

'ဘာတွေဖမ်းရလဲဟေ့'

'ဂျက်လေယာဉ် ရှစ်စီး၊ အနောက်ဘက် မိုင် ၁၂၀၊ ကျွန်တော်တို့ဆီ မြန်မြန်ကြီး ဦးတည်နေကြတယ်'

'ရေမျက်နှာပြင်ပေါ်မှာကော'

'သဘော်ကလေးနှစ်စီး၊ ရေပွံ့ညွှန်းနှစ်လေး...ငါး၊ အနောက်တောင်ဘက် ၂၁ မိုင်အကွာ'

ဤတွင် ပထမအရာရှိက...

'သီဘော်ကလေးနှစ်စီးဆိုတာ ဆွဲသဘော်နှစ်စီး ပြန်လာတာပဲ ဖြစ်မယ်'

ပါရှေကင်က ခေါင်းညိတ်လိုက်ပြီး...

'ကျုပ်တို့ စိုးရိမ်ရတာက ဆွဲသဘော်မဟုတ်ဘူး၊ လေယာဉ်တွေ ဆယ်စီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ လေယာဉ်တွေ ကျုပ်တို့ခေါင်းပေါ် ရောက်လာလိမ့်မယ်။

ဒုံးပျံမှာ နျူးကလီးယား ထိပ်ဖူးတပ်ပြီးပြီလား'

'ဟုတ်ကဲ့၊ တပ်ပြီးပါပြီ'

'ဒါဖြင့် စ,ပြီး ရေပေတော့'

ဦးစိုးမွှူးပါရောကင်က ပထမအရာရှိအား အမိန့်ပေးလိုက်၏။

ပထမအရာရှိက ရေဒီယိုတယ်လီဖုန်းဖြင့် ထပ်ဆင့် အမိန့်ပေးလိုက်ပြီး နှစ်ယောက်စလုံးပင် ပွဲထိန်းစင် လက်ယာဘက်တောင်ပံသို့ ထွက်လိုက်ကြသည်။

မစ်ခေးခါကော့ သင်္ဘောဦးပိုင်းရှိ ကုန်လှောင်ပေါက်မှ အဖုံးက ညင်ညင်သာသာ ပွင့်သွားပြီး ပြွန်ဝှက်ထဲမှ ၂၆ ပေရှည်သည့် ဒုံးပျံက တဖြည်းဖြည်း အပေါ်သို့ တက်လာ၏။

စတိုစကီးဟု အမည်ပေးထားသည့် မြေပြင်ပစ် ဒုံးပျံ အမျိုးအစား။

လေပြင်းပြင်းတိုက်နေသည့် လင်းရောင်ခြည်ထဲတွင် နျူးကလီးယား ထိပ်ဖူးတပ်ထားသော ဒုံးပျံက မကောင်းဆိုးဝါးကြီး တစ်ကောင်လို။

'ပစ်ရန် တစ်မိနစ်လို'

ဒုံးပျံလက်နက်ကြီးကြပ်ရေး အရာရှိ၏ အစီရင်ခံချက်က ပွဲထိန်းစင် စပီကာမှ ဇပါထွက်လာ၏။

ပါရောကင်က ခပ်လှမ်းလှမ်းရှိ တိုင်တန်နစ်သင်္ဘောကြီးကို မှန်ပြောင်းဖြင့် မျှော်လှမ်းကြည့်ရှုနေသည်။

မိုးကုပ်စက်ဝိုင်းဆီတွင် မှောင်ရီနေသော မိုးသားတိမ်လိပ်များကြောင့် တိုင်တန်နစ် သင်္ဘောကြီး၏ ကိုယ်ထည်သာ မြင်နေရ၏။

ပါရောကင် တစ်ကိုယ်လုံး သိမ့်ခနဲတုန်သွားမိသည်။

မိမိသည် သင်္ဘောသားလောကဋ္ဌ တစ်သက်လုံး ကျိန်စာမိနေသူတစ်ယောက် ဖြစ်နေရတော့မည်ဟူသော အတွေးက ပါရောကင်အား တုန်လှုပ်သွားစေခြင်း။

ရေခဲတောင်ကြီးနှင့်တိုက်မိကာ နစ်မြုပ်သွားခဲ့ရသော ခရီးသည်တင် သင်္ဘောကြီးတစ်စီးအား ဆယ်ယူသူများက ပင်ပန်းကြီးစွာ ဆယ်ယူကာ ရေမျက်နှာပြင်ပေါ် အရောက် တင်ယူလာနိုင်ခဲ့သည်မဟုတ်လား။

ရေပေါ်တွင် တစ်ဖန် ပြန်ပေါ်လာသည့် သင်္ဘောကြီးကိုမှ မိမိက ဖောက်ခွဲဖျက်ဆီးပစ်ကာ ရေအောက်သို့ ပြန်ပို့ရမည့်အလုပ်မှာ တွေးကြည့်လိုက်တိုင်း ကြက်သီးမွေးညင်း ထစရာ။





ဦးစိုးမွှူးပါရောကင်က ပွဲထိန်းစင် လက်ယာဘက်တောင်ပံတွင် တောင့်တောင့်ကြီး ရပ်နေမိ၏။

ဒုံးပျံပစ်လွှတ်သည့် စက်မှ ပေါ်ထွက်လာမည့် အင်ဂျင်သံ။

ထို့နောက် တိုင်တန်နစ် သင်္ဘောကြီးအား သံတိုသံစများအဖြစ် ခွဲပစ်လိုက်မည့် ဒုံးပျံထိပ်ဖူး ပေါက်ကွဲသံ။

သည်အသံများကို မကြာမီအချိန်ကလေးတွင် ကြားရပေတော့မည်။

သို့သော်...

သည်အသံများ ပေါ်ထွက်မလာမီက မိမိရှိရာသို့ ပြေးတက်လာသည့် ခြေသံများကို ပါရောကင်က ကြားလိုက်ရ၏။

မိမိရှေ့တွင် ဘွားခနဲပေါ်လာသူက ရေဒီယို အော်ပရေတာ။

'ဦးစိုးမွှူး အမေရိကန် ရေငုပ်သင်္ဘောတစ်စီးက ပို့လိုက်တဲ့ ရေဒီယိုသတင်း'

ရေဒီယိုအော်ပရေတာက အလျင်စလိုအော်၍ သတင်းပို့လိုက်၏။

အော်ပရေတာ အသံအဆုံးတွင် ဒုံးပျံကြီးကြပ်ရေး အရာရှိထံမှ ပို့လိုက်သည့် အစီရင်ခံချက်က ဆက်၍ပေါ်လာ၏။

**'ပစ်ရန် စက္ကန့်သုံးဆယ်–လို'**

ပါရောကင်က ရေဒီယိုအော်ပရေတာ ကမ်းပေးသည့်သတင်းကို အလျင်အမြန် ဖတ်ကြည့်လိုက်၏။

**အမေရိကန် ရေငုပ်သင်္ဘော ရေနဂါးထံမှ**
**မစ်ခေးခါကော့ သင်္ဘောသို့**

စက်မရှိတော့သော တိုင်တန်နစ်သင်္ဘောသည်...

အမေရိကန်ရေတပ်မတော်၏ စောင့်ရှောက်မှုအောက်တွင် ရှိသည်။

ယင်းသင်္ဘောကို သင်က ကျူးကျော်ဖျက်ဆီး နှစ်မြုပ်မည့် ထင်ရှားသိသာသောအပြုအမူ ပေါ်ပေါက်လာပါက ကျွန်ုပ်တို့က ချက်ချင်း(ချက်ချင်း) တုံ့ပြန်လက်စားချေမည်။

ပုံ...

**ဦးစိုးမွှူး**

**ရေနဂါး ရေငုပ်သင်္ဘော**



www.burmeseclassic.com

www.burmeseclassic.com



'ပစ်ရန် ဆယ်စက္ကန့်လို'

'စ,ရေနေပြီ'

ဒုံးပျံကြီးကြပ်ရေး အရာရှိအသံက ပဲ့ထိန်းစင် စပီကာမှ ပေါ်ထွက်လာပြီး ရေတွက်နေသံပါ တစ်ဆက်တည်းကြားလာရ၏။

'ခုနစ်'

'ခြောက်'

ဦးစီးမှူးပါရော့ကင်က ခေါင်းမော့လိုက်သည်။

သူ့မျက်နှာက တစ်သန်းတန် ချက်လက်မှတ် တစ်စောင်ကို စာတိုက်မှ ရလိုက်သူတစ်ယောက်ကဲ့သို့။

'ငါး'

'လေး'

'သုံး'

'ရေတွက်နေတာကို ရပ်လိုက်'

ပါရော့ကင်အသံက ပြတ်သားနေသည်။ ရှုပ်ထွေးနေစရာမရှိအောင်လည်း ကျယ်ကျယ်လောင်လောင် ပြတ်ပြတ်သားသား အမိန့်ပေးလိုက်ခြင်း။

'ရေတွက်နေတာကို ရပ်လိုက်'

ပထမအရာရှိက ပဲ့ထိန်းစင်ရှိ ဖုန်းမှ ဒုံးပျံကြီးကြပ်ရေးအရာရှိထံ ထပ်ဆင့် အမိန့်ပေးလိုက်သည်။

'ဒုံးပျံကို ပြန်သိမ်းထား'

ပထမအရာရှိ၏မျက်နှာတွင် ဇဝေဇဝါတွေပြန်နေ၏။

ပါရော့ကင်က သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်၏။

သူ့မျက်နှာက ပြုံးနေလေသည်။

'ကျုပ်ကို အမိန့်ပေးထားတဲ့အတိုင်း မလုပ်နိုင်ပေမယ့် ကျုပ် ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာ ဆိုဗီယက် ရေတပ်မတော် အာဏာပိုင်တွေ နားလည်ကြ ပါလိမ့်မယ်'

ပါရော့ကင်က ခဏရပ်လိုက်ပြီးမှ...

'ကျုပ်တို့သင်္ဘော မစ်ခေးခါကော့ဟာ သူ့အမျိုးအစားထဲမှာတော့ ကမ္ဘာပေါ် မှာ အကောင်းဆုံးသင်္ဘောပဲ။

'ဒီလိုအကောင်းဆုံးသင်္ဘောကို ခုအချိန်မှာ အသက်ပျောက်နေပြီဖြစ်တဲ့





လူတစ်ယောက်က ပေးခဲ့တဲ့ မိုက်မဲတဲ့အမိန့်ကြောင့် အနစ်မြုပ် အဆုံးရှုံး ခံရမှာ ကိုတော့ ကျုပ်တို့ မလိုလားတာ အမှန်ပဲ၊ ခင်ဗျားသဘောထားကကော'

ဦးစီးမှူးပါရော့ကင်၏အမေးကို ပထမအရာရှိက...

'ဦးစီးမှူးဆန္ဒနဲ့ ကျွန်တော်ကတော့ တစ်သဘောတည်းပါပဲ၊ ကျွန်တော်တို့ ရဲ့ အထက်လူကြီးတွေကလည်း ကျွန်တော်တို့မှာ ပါလာတဲ့ ထောက်လှမ်းရေး ကိရိယာတွေက တစ်ဖက်က ရေငုပ်သင်္ဘောတစ်စီးကို ဘယ်လိုမှ ထောက်လှမ်းလို့ မရနိုင်ခဲ့ဘူးဆိုတဲ့အချက်ကိုလည်း စိတ်ဝင်စားကြမှာပါ။

အမေရိကန်တွေရဲ့ ပင်လယ်ရေအောက် ထိုးဖောက်လှုပ်ရှားမှု နည်းလမ်း တွေဟာ ကျွန်တော်တို့ထက် သာနေတယ်ဆိုတာကိုတော့ ဝန်ခံကြရမှာ အမှန်ပဲ ခင်ဗျ'

ဤတွင် ဦးစီးမှူးပါရော့ကင်က...

'အမေရိကန်တွေကလည်း ကျုပ်တို့ရဲ့ ပင်လယ်ရေအောက် သုတေသန သင်္ဘော မစ်ခေးခါကော့မှာ လျှို့ဝှက်ဒုံးပျံတွေ တပ်ဆင်ထားတာကို စိတ်ဝင်စား ကြမှာ အမှန်ပဲဟေ့'

'ကျွန်တော် ဘာဆက်လုပ်ရမလဲ ဦးစီးမှူး'

ပထမအရာရှိ၏ မေးခွန်းကို မဖြေသေးဘဲ ပါရော့ကင်က ပွြန်ဝှက်ထဲသို့ ဒုံးပျံပြန်သွင်းပြီးသည့်အထိ စောင့်ကြည့်နေပြီးမှ အမိန့်ပေးလိုက်သည်။

'အိမ်ပြန်မယ့်လမ်းကို ညွှန်လိုက်ပါ'

ကောင်းကင်ယံတွင် စောစောက မည်းမှောင်နေသော တိမ်လိပ်များက အဖြူရောင်သမ်းလာသည်။ လေကလည်း ဖြည်းဖြည်းညင်းညင်းမျှသာ။

'ဦးစီးမှူးပါရော့ကင်က တိုင်တန်နစ်ရှိရာသို့ မျက်နှာမူလိုက်ကာ အတွေး နယ်ချဲ့နေမိသည်။

'ဗိုလ်ကြီးအင်ဒရီနှင့် ရုရှားမရိန်းတပ်သားတွေ ဘယ်လိုဖြစ်နေကြပြီလဲ။ အသက်နဲ့ကိုယ် မြဲနေကြသလား၊ အသက်ပျောက်နေကြပြီလား၊ နောက်ထပ် ဘာတွေဖြစ်တယ်ဆိုတာ သိမှ သိကြရဲ့လား'

အဖြူရောင်သမ်းနေသည့် တိမ်တိုက်ကြားထဲမှ ပင်လယ်ဇင်ရော်ကလေး တစ်ကောင်က ထိုးထွက်လာပြီး မစ်ခေးခါကော့ သင်္ဘောပေါ်တွင် ဝဲပျံနေသည်။

ပြီးမှ တိုင်တန်နစ်သင်္ဘောကြီးရှိရာ တောင်ဘက်သို့ ဦးတည်ပျံသန်းသွား တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



[ ၆၅ ]

'ကျွန်တော်တို့တော့ လက်ပန်းကျနေပြီ'

ရေစုပ်စက် အဖွဲ့ခေါင်းဆောင် စပင်ဆာ၏အသံက အက်ကွဲနေရုံမက တိုးလည်းတိုးနေလေသည်။

ထို့ကြောင့် ဂျိုးမာတင်က...

'ဘာပြောလိုက်တယ်'

'အားလုံး လက်ပန်းကျနေကြပြီ၊ ရေတွေကို ဆက်ပြီးစုပ်ထုတ်လို့ မရနိုင်တော့ဘူး'

စပင်ဆာ့နှုတ်ခမ်းအစုံက ကွဲအက်နေ၏။

မျက်နှာတွင် ဆီချေးနှင့် သံချေးများကလည်း အလိမ်းလိမ်း။

'ဘင်ဒရူမှာ လျှပ်စစ်မီးလွှနဲ့ ဖောက်ပစ်ခဲ့တဲ့ အပေါက်တွေကို အားလုံး လိုလို လိုက်ဖာပြီးပြီ၊ ဒါပေမဲ့ ရေတွေက ဝင်မြဲဝင်နေတယ်၊ သင်္ဘောစပ်ပြား တွေက ဟနေတော့ ရေက စုပ်ထုတ်လို့ မနိုင်တော့ဘူး။ သင်္ဘောကိုယ်ထည်ကြီးက ဆန်ခါပေါက်လို ဖြစ်နေပြီနဲ့တူတယ်'

'ဆွဲသင်္ဘောတွေ ရောက်လာတဲ့အချိန်အထိတော့ တောင့်ခံထားရဦးမှာပဲ'

သူတို့သင်္ဘောတွေမှာပါလာတဲ့ ရေစုပ်စက်တွေကိုပါ ယူပြီး စုပ်ထုတ်လိုက် ရင် အပေါက်အပြဲတွေကို ဖာထေးဖို့ အချိန်ရလာမယ်'

'ညကရော ဒီနေ့မနက်မှာပါ သင်္ဘောကြီးမြုပ်သွားမလားလို့ ထင်နေခဲ့တာ မမြုပ်ဘူး၊ အံ့သြစရာပဲ၊ ဒီအတိုင်းဆိုရင်တော့ မြုပ်တော့မှာပါ'

'ဆွဲသင်္ဘော မလာမချင်း မမြုပ်အောင် လုပ်ထားရမယ် စပင်ဆာ'

စပင်ဆာက ခြေဆစ်မြုပ်အောင် ပြည့်နေသည့်ရေများကို ငုံ့ကြည့်လိုက် ပြီး...

'ခုဆိုရင် ရေစုပ်စက်တွေဟာ လောင်စာဆီ အငွေ့လောက်နဲ့ပဲ လည်နေ ရတာ၊ စက်က လောင်စာဆီတွေ ခန်းသွားတာနဲ့ ရေစုပ်စက်တွေလည်း အလုပ် ရပ်သွားတော့မှာပဲ'

'ဒါဖြင့် ရေစုပ်စက်တွေ နောက်ထပ် ဘယ်လောက်ကြာအောင် အလုပ် လုပ်နိုင်မယ်ထင်လဲ'

စပင်ဆာက ခဏစဉ်းစားလိုက်ပြီး...





'နောက်ထပ်. တစ်နာရီ၊ အလွန်ဆုံး တစ်နာရီခွဲလောက်'

'လောင်စာဆီက ဘယ်လောက်လိုမှာလဲ'

'ဂါလန်နှစ်ရာလောက်ဆိုရင် စိတ်ချရပါတယ်'

နှစ်ယောက်လုံးပင် အမှတ်လေး ဘွိုင်လာခန်းမ ရှိနေသည့် ကုန်းပတ်သို့ လှေကားအတိုင်း ဆင်းလာသည့် ပိုင်းလော့အဲလ်ဘတ်ကို လှည့်ကြည့်လိုက်မိ ကြ၏။

အဲလ်ဘတ်ပုံပန်းကလည်း စိတ်ပျက်လက်ပျက် ဖြစ်နေသည့်ပုံ။

'ရောက်လာတာကတော့ လေယာဉ်ရှစ်စီးကြီးများတောင်၊ ဒါပေမဲ့ အောက် ကနေပြီး ဘယ်လိုပဲအချက်ပြပြ သူတို့က လက်ယမ်းပြီး နှုတ်ဆက်နေတာပဲ ရှိတယ်'

ဂျိုးမာတင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး...

'လက်ချည်းသက်သက် အချက်ပြနေလို့ လေယာဉ်မှူးတွေက ဘယ်နားလည် မှာလဲ'

'ကျွန်တော်တို့ရဲ့ အချက်ပြ ဆက်သွယ်ရေးစက်က ရိုက်ခွဲခံထားရတော့ ဘယ်လိုလုပ်မလဲ ဦးစီးမှူး၊ စက်ရှိရင်တော့ လောင်စာဆီကန်တွေ ကျွန်တော်တို့ ဆီ ပို့လိုက်လို့ အချက်ပြရရဲ့...'

'ကောင်းတယ်...မောင်ရင့်အကြံ ကောင်းတယ်၊ လောင်စာဆီကန်တွေ ကျုပ်တို့ဆီ လေထီးနဲ့ ချပေးအောင် ရတဲ့နည်းနဲ့ အချက်ပြရမယ်'

'ဘယ်လိုအချက်ပြမလဲ'

'ကျုပ်တို့ရဲ့ ဆယ်ယူရေးအဖွဲ့မှာပါတဲ့ ရေယာဉ်တစ်စီးစီးက ကြားရအောင် သင်္ဘောကိုယ်ထည်ကို တူနဲ့ထုပြီး အချက်ပြမယ်'

'ဖြစ်နိုင်ပါ့မလား'

'ဒါကတော့ ကျုပ်တို့ကုသိုလ်ပဲ'

ဂျိုးမာတင်က ပြောပြောဆိုဆို အနားရှိတူတစ်လက်ကို ကောက်ကိုင်လိုက်ပြီး သင်္ဘောကိုယ်ထည်ကို ထုကာ အချက်ပြလိုက်၏။

'ကျုပ်တို့ကို လာကယ်ကြပါ'

အက်စ်–အို–အက်စ်

ရေငုပ်သင်္ဘော ရေနဂါးတွင်" တာဝန်ကျနေသော ဆိုနာအော်...

နှစ်ယောက်အနက် တစ်ယောက်က အဆက်မပြတ် ကြားနေရသည့်...



www.burmeseclassic.com

www.burmeseclassic.com



မှလာသော အသံကို ဧဝေဧဝါ ဖြစ်နေမိသည်။

'ငါးမန်းတစ်ကောင်ကောင်က ရေငုပ်သင်္ဘော ကိုယ်ထည်ကို ရန်မူနေတာများလား။

'အသံက သံကို သံချင်း ထုရိုက်နေတဲ့ အသံမျိုးဗီ'

ဆိုနာကိရိယာနားတွင် ရပ်နေသည့် အရာရှိအား နားကျပ်ကို လှမ်း အော်ပရေတာက ထင်မြင်ချက်ကို ပြောလိုက်၏။

အရာရှိက နားကျပ်ကို နား,နားတွင် ကပ်၍ နားထောင်နေသည်။ ကြာမှ…

'ကြားရတဲ့အသံက အက်စ်-အို-အက်စ်နဲ့ တူနေတယ်'

'ဟုတ်တယ်၊ ကျွန်တော်လည်း ဒီအတိုင်းပဲ အဓိပ္ပာယ်ဖော်လို့ရတယ်၊ တစ်ယောက်ယောက်က သင်္ဘောကိုယ်ထည်ကို ထုပြီး အက်စ်-အို-အက်စ် ပို့နေသလိုပဲ'

'ဒီအသံက ဘယ်ကလာနေတာလဲ'

ဆိုနာအော်ပရေတာက လက်ကိုင်ဘီးကလေးကို လှည့်လိုက်၏။

ရေငုပ်သင်္ဘော ဦးပိုင်းတွင် တပ်ဆင်ထားသည့် အသံလှိုင်းရှာ ကိရိယာက ဆိုနာဒိုင်ခွက်ထဲသို့ အချက်ပြ သတင်းပို့လိုက်သည်။

'အသံလာတဲ့အရပ်က သုံး-သုည ခုနစ်ဒီဂရီ၊ ကိုက်နှစ်ထောင်၊ အနောက်မြောက်ဘက်'

'ဒီအညွှန်းအတိုင်းဆိုရင် ဒီအသံဟာ တိုင်တန်နစ်က လာတဲ့အသံပဲ ဖြစ်ရမယ်'

'ဟုတ်တယ်၊ မစ်ခေးခါကော့ ဒီနေရာတစ်ဝိုက်က ထွက်သွားပြီးတဲ့နောက် ရေမျက်နှာပြင်ပေါ် ဒီအနီးအနားမှာ ရေပေါ်မှာရှိနေတာက တိုင်တန်နစ်သင်္ဘော တစ်စီးတည်း မဟုတ်လား'

အရာရှိက နားကျပ်ကို ဆိုနာအော်ပရေတာအား ပြန်ပေးခဲ့ပြီးနောက် ရေငုပ်သင်္ဘော ဦးစီးမှူးရှိရာ အပေါ်ထပ်သို့ တက်လာခဲ့သည်။

'တိုင်တန်နစ်က အက်စ်-အို-အက်စ် ပို့နေပါတယ် ဦးစီးမှူး'

'သေချာရဲ့လားဗျ'

'သေချာပါတယ် ဦးစီးမှူး၊ ကျွန်တော်တို့ သွားကယ်ကြမလား'

ဦးစီးမှူးက ခဏစဉ်းစားလိုက်ပြီး…





'ကျုပ်တို့ကိုပေးထားတဲ့ အမိန့်က ဖျက်တပ်ဖွဲ့ကို လိုက်ပို့ဖို့ရယ်၊ မစ်ခေး ခါကော့ကို မောင်းထုတ်ဖို့ရယ်…

ပြီးတော့ တကယ်လို့ ရုရှားတွေက တိုင်တန်နစ်ကို မြှုပ်ပစ်လိုက်ဖို့ ကြိုးစား ရင် အဲဒီကြိုးစားမှုကို ချေမှုန်းဖို့ရယ်၊ ဒါပဲမဟုတ်လား'

'မစ်ခေးခါကော့ ဒီနေရာကထွက်သွားတဲ့တိုင်အောင် ရုရှား ရေငုပ်သင်္ဘော တစ်စီးစီး ရောက်မလာဘူးလို့ မပြောနိုင်ဘူး။

ဒီလို ရောက်လာတဲ့အချိန်မှာ ကျုပ်တို့က တိုင်တန်နစ်အဖွဲ့သားတွေကို ကယ်ဖို့ ရေပေါ်တက်နေတဲ့ အချိန်မျိုးနဲ့ တိုးနေတယ်ဆိုရင် ကျုပ်တို့ ဘယ်လို လုပ်ရမလဲ'

'ဦးစီးမှူးပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ တိုင်တန်နစ်ကို ကျွန်တော် တို့ ပတ်လည်မှန်ပြောင်းနဲ့ ကြည့်ခဲ့တုန်းက သင်္ဘောကြီးရဲ့ အခြေအနေဟာ အတော့်ကို ဆိုးဆိုးရွားရွားဖြစ်နေတယ်ဆိုတာ ဦးစီးမှူးရော ကျွန်တော်ပါ မြင်ခဲ့ရ တယ်မဟုတ်လား…

ခုဆိုရင် တိုင်တန်နစ်က ရေအောက်ကို မြုပ်စပြုနေပြီနဲ့တူတယ်'

'ဒီလို မြုပ်စပြုနေပြီဆိုရင်လည်း တိုင်တန်နစ်က ရေဒီယိုနဲ့ အချက်ပြ သတင်းပို့မှာပါ'

ဦးစီးမှူးက ခဏရပ်လိုက်ပြီး မေးခွန်းတစ်ခုထုတ်လိုက်၏။

'တိုင်တန်နစ်က ရေဒီယို သတင်းပို့ချက် နောက်ဆုံးရတာ ဘယ်အချိန် ကလဲ'

ရေဒီယိုအခန်းထဲမှ အော်ပရေတာတစ်ယောက်က အလုပ်မှတ်တမ်းစာအုပ် မှ စာရွက်တစ်ရွက်ကို လှမ်းယူကြည့်ပြီး…

'မနေ့က ဆယ့်ရှစ်နာရီ ထိုးခါနီးမှာပါ။ ဒါ တိုင်တန်နစ်က နောက်ဆုံး ရတဲ့ ရေဒီယိုအဆက်အသွယ်ပါ။ မုန်တိုင်းတိုက်နှုန်းနဲ့ တိုက်နေတဲ့အရပ်ကို အပြောင်းအလဲရှိတာနဲ့ တစ်ပြိုင်နက် သတင်းပို့ပါလို့ မေတ္တာရပ်ခံပြီးကတည်းက သူတို့ အသံတိတ်သွားခဲ့တာ ခုထိပါ'

ဦးစီးမှူးက ခေါင်းညိတ်လိုက်ပြီး အရာရှိဘက်သို့ ပြန်လှည့်လိုက်သည်။

'တိုင်တန်နစ်က ရေဒီယို အဆက်အသွယ်မလုပ်တာ ဆယ့်နှစ်နာရီကျော် ကျော်သွားပြီ၊ သူတို့စက်ပျက်သွားတာနဲ့ တူတယ်'

'ဖြစ်နိုင်ပါတယ် ဦးစီးမှူး'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဒါဖြင့် အခြေအနေထောက်လှမ်းကြည့်ရအောင်၊ ပတ်လည်မှန်ပြောင်းကို မြင့်ထုတ်လိုက်စမ်းပါ'

ပတ်လည်မှန်ပြောင်းထည့်ထားသည့် ပြွန်ခေါင်းမှ အသံမြည်လာပြီး မှန်ပြောင်းက တဖြည်းဖြည်းမြင့်တက်လာ၏။

ဦးစီးမှူးက ပတ်လည်မှန်ပြောင်း ကြည့်ပေါက်တွင် မျက်နှာအပ်ထားလိုက်ပြီး မြင်တွေ့သမျှ ပြန်ပြောနေ၏။

'ကြည့်ရတာကတော့ အေးအေးဆေးဆေးဖြစ်နေပုံပဲ၊ ဒါပေမဲ့ သင်္ဘောက လက်ယာဘက်ကို အတော်ကလေးစောင်းနေတယ်၊ ဦးပိုင်းကလည်း ရေထဲမှာ အတော်ကလေးစိုက်နေတယ်။

ဒါပေမဲ့ အန္တရာယ်ဖြစ်နေတယ်လို့တော့ မဆိုနိုင်သေးဘူး၊ သင်္ဘောပေါ်မှာလည်း အန္တရာယ်တွေ့နေတဲ့ အချက်ပြအလံတွေ တင်ထားတာ မတွေ့ရဘူး။

နို့ပြီး သင်္ဘောကုန်းပတ်ပေါ်မှာလည်း လူဆိုလို့ တစ်ယောက်မှ မတွေ့ရ နေဦး...နေဦး...ပဲ့ထိန်းစင် ခေါင်မိုးပေါ်မှာ လူတစ်ယောက်ရပ်လို့ပါလား...

အို...ဘုရားရေ...ရပ်နေတာက ယောကျ်ားမဟုတ်ဘူး၊ အမျိုးသမီးဗျို့...အမျိုးသမီး'

ရေငုပ်သင်္ဘောအရာရှိက ဦးစီးမှူးအား ငေးကြည့်နေရာမှ...

'အမျိုးသမီး...ဟုတ်လား'

'ခင်ဗျားကိုယ်တိုင် လာကြည့်လှည့်'

အရာရှိက ပတ်လည်မှန်ပြောင်းကြည့်ပေါက်မှ လှမ်းကြည့်လိုက်သည်။

ပျိုမျစ်သော၊ လှပသော အမျိုးသမီးတစ်ယောက်...

သူမက ပဲ့ထိန်းစင်ခေါင်မိုးပေါ်မှာ ရပ်လျက်...

ရိုးရိုးရပ်နေခြင်းမဟုတ်ဘဲ တစ်စုံတစ်ခုကို ဖော့ယမ်းပြနေ၏။

ဖော့ယမ်းပြနေသည့်အချိန်၌ ရေငုပ်သင်္ဘောရေနဂါးက တိုင်တန်နစ်သင်္ဘောကြီးနှင့် ဘေးချင်းယှဉ်လျက်ရှိနေပြီး ရေငုပ်သင်္ဘောပေါ်မှ အရန်ဒီဇယ် လောင်စာဆီများက သင်္ဘောကြီးပေါ်ရှိ ရေစုပ်အင်ဂျင်ခန်းထဲသို့ ပိုက်ဖြင့် တသွင်သွင်စီးဝင်လျက်...။





[ ၆၆ ]

'ဒါက ရေငုပ်သင်္ဘောရေနဂါးကပို့လိုက်တဲ့သတင်းပါခင်ဗျာ'

ရေတပ်ဦးစီးချုပ်ကင်ပါက သမ္မတကြီးအားအစီရင်ခံလိုက်ပြီးနောက် သတင်းကို ဖတ်ပြနေ၏။

ကင်ပါ့အသံက သတင်းအဆုံးနားတွင် ပို၍ကျယ်လာသည်။

'ရေနဂါးက ဦးစီးမှူးက ရေငုပ်သင်္ဘောက သင်္ဘောသားတွေကို တိုင်တန်နစ်သင်္ဘောကြီးက ဆယ်ယူရေး ဦးစီးမှူး ဂျိုးမာတင်တို့အဖွဲ့ကို အကူအညီ ပေးဖို့ လွှတ်ထားသတဲ့။

တိုင်တန်နစ်မှာ ရေဝင်ပေါက်တွေ အမြောက်အမြားရှိနေပေမယ့် ဆွဲသင်္ဘောတွေနဲ့ ဆွဲယူလာရင်တော့ နယူးယောက်ဆိပ်ကမ်းကို ရောက်လာနိုင်ပါသတဲ့...။

ဒါကလည်း နောက်ထပ် မုန်တိုင်းကြီးတစ်ခုနဲ့ ရင်မဆိုင်ရမှတဲ့'

အနားတွင်ရှိနေသော မာရှယ်ကောလင်းက တစ်ချက်သမ်းလိုက်ပြီး...

ထာဝရဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပေါ့ ခင်ဗျာ'

ခဏအကြာတွင် ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာထံမှ ပို့လိုက်သည့် ဝိုင်ယာလက်သတင်း ရောက်လာပြန်သည်။

ရေတပ်ဦးစီးချုပ် ကင်ပါက သတင်းမှူရင်းအတိုင်း သမ္မတကြီးအား ဖတ်ပြ အစီရင်ခံလိုက်၏။

'အလည်ရောက်လာတဲ့ဆွေမျိုးတွေကို ကြိုဆိုဧည့်ခံပြီး အိပ်ခန်းတွေထဲမှာ အိပ်နိုင်းပါတယ်။

မနေ့ညက ပါတီမှာ ကျွန်တော့်မျက်စိမှာ ထိခိုက်ဒဏ်ရာရသွားခဲ့ပါတယ်။ ဒါပေမဲ့ ပျော်ပျော်ပါးပါးကြီး သီချင်းဆိုနိုင်ခဲ့ပါတယ်။

'ကျွန်တော်ဆိုတဲ့သီချင်းကတော့ **ရွှေချည်ငွေချည်တန်းပါလို့** ဆိုတဲ့ သီချင်းပါ။

ညီဝမ်းကွဲတော်တဲ့ နီကိုဆင်ကိုလည်း သတိရကြောင်း ပြောပေးပါ၊ သူ့အတွက် လက်ဆောင်တစ်ခု ပါလာမယ်။

ဒီမှာ သိပ်ကိုပျော်စရာကောင်းတယ်၊ ခင်ဗျားတို့တစ်တွေ ဒီမှာ ကျွန်တော်နဲ့ အတူရှိနေစေချင်လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးက ငြိမ်၍နားထောင်နေရာမှ…

'ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက စကားလုံးသုံးနှုန်းပုံ အတော်တော်တဲ့လူ၊ သူက ဘာတွေသတင်းပို့ချင်တဲ့အဓိပ္ပာယ်လဲ'

ရေတပ်ဦးစီးချုပ် ကင်ပါက သမ္မတကြီးအား ငေးစိုက်ကြည့်နေရာမှ…

'အလည်ရောက်လာတဲ့ဆွေမျိုးတွေဆိုတာ ရုရှားတွေ တိုင်တန်နစ်ပေါ်တက်လာပြီး အပိုင်စီးဖို့ကြံတာကို ဆိုလိုတာပါ သမ္မတကြီး'

ဤတွင် စီအိုင်အေ ဒါရိုက်တာ နီကိုဆင်က…

'ရွှေချည်ငွေချည်တန်းပါလို့ဆိုတာက ရုရှားသူလျှိုလုပ်နေတဲ့ ကျွန်တော်တို့အဖွဲ့သား ရွှေနဲ့ ငွေကိုပါ ဖမ်းမိထားပြီလို့ ဆိုလိုတာပါ။

သမ္မတကြီး၏ ရုရှားရေးရာ အကြံပေးအရာရှိ မာရှယ်ကောလင်းက…

'ညီဝမ်းကွဲ နီကိုဆင်အတွက်လက်ဆောင် ဆိုတာက ရုရှားရေတပ်ထောက်လှမ်းရေးဗိုလ်ကြီးအင်ဒရီအပြင် ဘာမှမဖြစ်နိုင်ဘူး။

သူ့ကို လက်ရဖမ်းမိထားပြီဆိုတာ သိပ်သေချာတယ်'

ဤတွင် နီကိုဆင်က ကင်ပါအား…

'ဒီသတင်းအရဆိုရင် ကျွန်တော် တိုင်တန်နစ် သင်္ဘောကြီးပေါ် ရောက်သွားဖို့ သိပ်လိုနေပြီ၊ ဦးစီးချုပ်က ကျွန်တော်တို့ကို ဘယ်အချိန်ရောက်အောင်ဆောင်ကြဉ်းပေးနိုင်မလဲခင်ဗျာ'

'မိနစ်သုံးဆယ်အတွင်းမှာ ခင်ဗျားကို ရေတပ်က ဂျက်လေယာဉ်တစ်စီးပေါ် အရောက်တင်ပေးမယ်'

ကင်ပါ့လက်က ပြောရင်းဆိုရင်း တယ်လီဖုန်းပေါ် ရောက်နေ၏။

'ဒီဂျက်လေယာဉ်က ခင်ဗျားကို ဘိချားအိုင်လန်ကျွန်းပေါ်ကို ရောက်အောင် ပို့ပေးလိမ့်မယ်၊ အဲဒီကျွန်းမှာ ရှိနေတဲ့ ရဟတ်ယာဉ်တစ်စီးက ခင်ဗျားကို တိုင်တန်နစ်သင်္ဘောကြီး ကုန်းပတ်ပေါ် အရောက်ပို့ပေးလိမ့်မယ်'

သမ္မတကြီးက ထိုင်ရာမှထကာ ပြတင်းပေါက်ကျယ်ကြီး တစ်ပေါက်ရှိရာသို့ သွားရပ်လိုက်၏။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းထက်တွင် တက်နေအရောင်က ထွန်းတောက်နေပေပြီ။

သမ္မတကြီးက တစ်ချက်သမ်းဝေလိုက်၏။

စိတ်ချလက်ချ စိတ်အေးလက်အေး သမ်းလိုက်သည့် အသမ်း။





## [ ၆၇ ]

တိုင်တန်နစ်သင်္ဘောကြီး၏ ပွဲထိန်းစင်…

နေရာကို အစွဲပြု၍ ပွဲထိန်းစင်ဟု ခေါ်လိုက်ရသည်။

တိုင်တန်နစ်သင်္ဘောကြီးတွင် စက်လည်းမရှိ၊ ရွက်လည်းမရှိ၊ တက်လည်းမရှိ။

သို့ဖြစ်၍ ပွဲထိန်းစင်ပေါ်တွင် လူသူကင်းရှင်းနေ၏။

ပွဲထိန်းစင် ရှေ့ပိုင်းလက်ရန်းကိုမှီ၍ ရပ်နေသူတစ်ယောက်ကတော့ ရှိနေသည်။

သူက ဒါနာ။

ဒါနာက မျက်လုံးအစုံကို ပိတ်ထားသည်။

ပင်လယ်လေက ဒါနာ၏ ပျားရည်ရောင်ဆံပင်ကို နောက်ဘက်သို့ တွဲလျားဝေနေစေ၏။

ဒါနာက သူ့ကိုယ်ကိုသူ လေထဲတွင် လွတ်လွတ်လပ်လပ် ပျံနေသည့် ငှက်ကလေးတစ်ကောင်လို ထင်နေမိသည်။

ခုမှ စိတ်လွတ်ကိုယ်လွတ်။

ယခင်က မစ္စက်ဆီးဂရင်းအဖြစ် လှောင်ချိုင့်ထဲတွင် တဝဲလည်လည်။

ခုတော့ မစ္စက်ဒါနာအဖြစ် စိတ်လွတ်ကိုယ်လွတ်။

လေထဲတွင် လွတ်လွတ်လပ်လပ် ပျံနေနိုင်သည့် ငှက်ငယ်ကလေး။

သူက သူ့ဘဝကို ခုမှ ပြန်စရတော့မည်။

'အတွေးတစ်ခုက တစ်ခေါ်လာစီ တန်နေပြီထင်တယ်'

အနားတွင်ကပ်၍ ကြားလိုက်ရသော အသံကြောင့် ဒါနာက ပိတ်ထားသည့် မျက်စိအစုံကို ဖွင့်ကြည့်လိုက်သည်။

ပြုံးနေသည့် ဂျီးမားတင်က သူ့အနားမှာ…

မုတ်ဆိတ်ပါးမြိုင်းမွေးများကို သန့်စင်ပြီးစဖြစ်၍ ဂျီးမျက်နှာက [illegible]

'အတွေးတစ်ခု တစ်ပဲနီလို့သာ စကားပုံရှိပါတယ်'

ဒါနာက နှုတ်တုံ့ပြန်လိုက်၏။

'ငွေကြေးဖောင်းပွနေတော့ တစ်ခေါ်လာလို့ ပြောင်းပစ်ရတော့ [illegible]

ဒါနာနှင့် ဂျီးက ဆက်၍ စကားမဆိုမိကြဘဲ ဆွဲသင်္ဘော [illegible]



www.burmeseclassic.com

www.burmeseclassic.com



မော့စ်နှစ်စီးက တိုင်တန်နစ်သင်္ဘောကြီးဆီသို့ ဆွဲကြိုးကြီးဖြင့် ဆက်နေသည်ကို ကြည့်နေကြ၏။

ဆွဲကြိုးတာဝန်ခံ ဘာစကွန်ကြီးနှင့်အဖွဲ့က ရောမဆွဲကြိုးကြီးကို တိုင်တန်နစ် ဦးပိုင်းတွင် ချိတ်လိုက်ပြီးနောက် ချောဆီများ လိုက်ထိုးနေကြသည်။

ဘာစကွန်ကြီးက ပဲ့ထိန်းစင်ပေါ်သို့ မျှော်ကြည့်ပြီး ဒါနာနှင့် ဂျိုးတို့အား လက်ဝှေ့ယမ်းလျက် နှုတ်ဆက်နေ၏။

'ဒါနာကတော့ ဒီခရီးကို ဘယ်တော့မှသွားလို့မဆုံးတဲ့ခရီး ဖြစ်စေချင်တယ်'

'ဟုတ်တယ်၊ ကိုယ်လည်း ဒီခရီးကို ဘယ်တော့မှ သွားလို့မဆုံးတဲ့ခရီး ဖြစ်နေချင်တယ် ဒါနာ'

ဂျိုးက ဒါနာ့ကို ဝဲလက်ဖြင့် ဖက်ထားလိုက်သည်။

'ဒါနာဟာ ကိုယ့်ခရီးဖော်ဖြစ်သလို ကိုယ်ကလည်း ဒါနာ့ခရီးဖော် တစ်ယောက်ဆိုတာ ဒါနာ စိတ်ချလက်ချ ယုံကြည်ထားလိုက်စမ်းပါ'

တိုင်တန်နစ်သင်္ဘောကြီးက ဆွဲသင်္ဘောနှစ်စီးနောက်သို့ ဖြောင့်ဖြောင့် တန်းတန်း လိုက်ပါနေ၏။

ဂျိုးမာတင်က ဘီအထပ် ကုန်းပတ်ပေါ်သို့ ရောက်လာခဲ့ကြ၏။

ဘီကုန်းပတ်တွင် ယခင်က ဇိမ်ခံခရီးသည်များအတွက် အိပ်ခန်းကျယ်ကြီး နှစ်ခန်း ရှိနေသည်။

ဤအိပ်ခန်းကျယ်ကြီးကို နံရံများခြားကာ အိပ်ခန်းငယ်ကလေးများ ဖွဲ့ထားခဲ့၏။

ဂျိုးမာတင်က ဒါနာအား အခန်းများကို လိုက်ပြရင်း...

'ဟောဒီသင်္ဘောကြီးတစ်စီးလုံးမှာ အကောင်းဆုံးအိပ်ခန်းက ဟောဟိုမှာ'

ဒါနာက ကာထားသည့် ခန်းဆီးလိုက်ကာကို ဖယ်ကြည့်လိုက်သည်။

အိပ်ခန်းက ရနိုင်သမျှ အကောင်းဆုံးအိပ်ရာ ခုတင်များဖြင့် အကျအန ပြင်ဆင်ထားသည့် နှစ်ယောက်အိပ်ခန်း။

'ဒါ...ဘယ်ကဧည့်သည်အတွက် ပြင်ဆင်ထားတဲ့ အိပ်ခန်းလဲ ဂျိုး...'

'ဧည့်သည်တွေအတွက် မဟုတ်ပါဘူး၊ သတို့သားနဲ့ သတို့သမီးအတွက်ပါ၊ သူတို့က ဒီသင်္ဘောပေါ်မှာ မင်္ဂလာဆောင်ကြမယ်လေ'

ဒါနာက နောက်ထပ်စကားတစ်ခွန်းမှမပြောနိုင်မီ ဂျိုးမာတင်က ဒါနာအား ကလေးတစ်ယောက်လို ပွေ့ချီလိုက်ပြီး အိပ်ခန်းထဲသို့ဝင်သွားကာ တံခါးကို





ပိတ်လိုက်၏။

ဒါနာ့မျက်နှာပေါ်တွင် အပြုံးပန်းပွင့်နေလေသည်။

[ ၆၈ ]

အိပ်ခန်းကြမ်းပြင်ပေါ်တွင် ခွေခွေကလေးလှဲနေသူက ဗိုလ်ကြီးအင်ဒရီ။

သူလှဲနေသည့်အိပ်ခန်းက တိုင်တန်နစ် ဇိမ်ခံသင်္ဘောကြီးအဖြစ် တည်ရှိနေစဉ် ပထမတန်းခရီးသည်များအတွက် သီးသန့်ထားသည့် အိပ်ခန်းအမှတ် စီ – ၉၅။

အိပ်ခန်းစင်္ကြံတွင် တာဝန်ကျနေသည့် ဖျံတပ်ဖွဲ့သားတစ်ယောက်က အိပ်ခန်း အပြင်မှခတ်ထားသော သော့ခလောက်ကို ဖွင့်လိုက်ပြီး အထဲဝင်လာသည်။

ဖျံတပ်ဖွဲ့သား လက်ထဲတွင် အမ် – ၂၄ သေနတ်က အသင့်။

ကြမ်းပြင်ပေါ်တွင် ခွေခွေကလေးလှဲနေသော ဗိုလ်ကြီးအင်ဒရီက ဝင်လာသည့် ဖျံတပ်ဖွဲ့သားကို မော့ကြည့်လိုက်သည်။

ဖျံတပ်ဖွဲ့သားက အင်ဒရီ့ကိုယ်ပေါ်တွင် လက်နက် ရှိ,မရှိ စစ်ဆေးကြည့်လိုက်ပြီးမှ တံခါးရွက်ကို အပြင်သို့ တွန်းဖွင့်ပစ်လိုက်သည်။

'ဗိုလ်ကြီးအင်ဒရီ...ကျွန်တော်က နီကိုဆင်ပါ'

အင်ဒရီက ခွေခွေကလေး လှဲနေရာမှ ထ,လိုက်ပြီး...

'ကျွန်တော်သိပါတယ်ခင်ဗျာ'

အင်ဒရီက ကိုယ်ကို ကိုင်းညွတ်၍ အရိုအသေပေးရင်း...

'အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့က ဒါရိုက်တာကြီးတစ်ယောက်ကို ခုလိုအခြေအနေမျိုးနဲ့ ဧည့်ခံရတာကိုတော့ ခွင့်လွှတ်ပါခင်ဗျာ'

'ကျွန်တော်က ဗိုလ်ကြီးအင်ဒရီကို အမေရိကန်အရောက် ကိုယ်တိုင် ဆောင်ကြဉ်းဖို့ ရောက်လာရတာပါခင်ဗျာ'

'ဒါဖြင့် ကျွန်တော်ဟာ အထူးဂုဏ်ပြုခံရတဲ့ ဧည့်သည်တော်ကြီး တစ်ယောက် ဖြစ်နေပြီပေါ့'

'ဗိုလ်ကြီးကို ကျွန်တော်တို့က ဂုဏ်ပြုသင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သတ်မှတ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗိုလ်ကြီးဟာ ကျွန်တော်တို့ လက်ရဖမ်းမိတဲ့ပုဂ္ဂိုလ်တွေထဲမှာ အတော်ဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအတိုင်းဆိုရင်တော့ ကျွန်တော့်ကို ကမ္ဘာကသိအောင် အမှုစစ်ပြီး ကျွန်တော်တို့ရဲ့ အစိုးရကိုလည်း ပင်လယ်ဓားပြအဖြစ် စွဲချက်တင်ကြတော့မှာပေါ့'

စီအိုင်အေ အကြီးအကဲ နီကိုဆင်က ပြုံးလိုက်ပြီး…

'ဗိုလ်ကြီးပြောသလို မဟုတ်ပါဘူး၊ ဗိုလ်ကြီးကိစ္စကို ဗိုလ်ကြီးတို့အစိုးရနဲ့ ကျွန်တော်တို့အစိုးရဘက်က ထိပ်တန်းအရာရှိကြီးတချို့လောက်ပဲ ပါဝင်ပြီး ဆွေးနွေးကြရမှာပါ။

ဗိုလ်ကြီးက ဗိုလ်ကြီးရဲ့အစိုးရနဲ့ နိုင်ငံကို စွန့်ခွာပြီး ကျွန်တော်တို့ ဘက်တော်သား ဖြစ်လာတဲ့အချက်ကို ထိပ်တန်းလျှို့ဝှက်အဖြစ် သိုသိပ်ထားမှာပါ'

ဗိုလ်ကြီးအင်ဒရီက မျက်စိကိုမှေးထားလိုက်ပြီး ရေရွတ်လိုက်၏။

'အစိုးရနဲ့ နိုင်ငံကို စွန့်ခွာတယ် ဟုတ်လား'

နီကိုဆင်က နှုတ်မှ အဖြေမပေးဘဲ ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော်ကတော့ ကျွန်တော့်စိတ်လိုလက်ရ အနေမျိုးနဲ့ ဘယ်တော့မှ ကျွန်တော်တို့ အစိုးရနဲ့ နိုင်ငံကို စွန့်ခွာမှာ မဟုတ်ဘူး။

'ဒီတော့ ဒီလိုပြောဖို့ အခွင့်သာတဲ့နေရာတိုင်းမှာ ဒီစကားကို ကျွန်တော် ပြောမှာပဲ'

နီကိုဆင်က ပခုံးနှစ်ဖက်ကို တွန့်ပစ်လိုက်ပြီး…

'အင်မတန်မြင့်မြတ်တဲ့ စိတ်နေသဘောထားပေါ့ခင်ဗျာ။

ဒါပေမဲ့ ဗိုလ်ကြီးကို ကျွန်တော်တို့က အမှုဖွင့်ပြီးလည်း မစစ်၊ ဘယ်လိုမှလည်း လူသိရှင်ကြားမလုပ်ဘဲထားတော့ ဗိုလ်ကြီးအဖို့ လုပ်စရာလမ်းက နိုင်ငံရေးအရ ခိုလှုံခွင့်တောင်းရုံပဲ ရှိတော့တယ်မဟုတ်လား၊ ဒါမှလည်း ဗိုလ်ကြီးအတွက် လွတ်မြောက်ရေးလမ်းစ ရတော့မှာပေါ့'

'စီအိုင်အေလို အဖွဲ့ကြီးက ကျွန်တော့်လိုလူတစ်ယောက်ကို မမေးမမြန်း မစုံစမ်းဘဲထားမယ်ဆိုတာတော့ ယုံတမ်းစကားပါ။ ကမ္ဘာကသိအောင် အမှုတင်မစစ်ဘူးဆိုတာကတော့ ဖြစ်နိုင်ပါလိမ့်မယ်'

'ဗိုလ်ကြီးကို ကျွန်တော်တို့က ဘာမှ မေးမြန်းနေစရာ မလိုတော့ပါဘူး။

မေးလို့မြန်းလို့ရှိရင်လည်း ကျွန်တော်တို့သိထားပြီးတဲ့ အချက်တွေအပြင် ဗိုလ်ကြီးက ဘာမှထပ်မဖြည့်နိုင်ဘူးဆိုတာ ကျွန်တော်တို့ သိပြီးသားပါ'

နီကိုဆင့်စကားကြောင့် ဗိုလ်ကြီးအင်ဒရီက နားဝေတိမ်တောင် ဖြစ်သွားရရှာသည်။





အင်ဒရီက အတန်ကြာအောင် တွေနေပြီးမှ အသံတိုးတိုးကလေးဖြင့်…

'ဗိုလ်မာဂနင်ဟာ ဒါရိုက်တာကြီးတို့ရဲ့ ဘက်တော်သားတစ်ယောက် ဖြစ်တယ်'

'ဟုတ်တယ်'

နီကိုဆင်က နှုတ်မှ အဖြေပေးရုံမက ခေါင်းကိုပါ ညိတ်ပြလိုက်သည်။ ပြီးမှ…

'မာဂနင်ရဲ့နာမည်အရင်းက ဟယ်ရီကော့စကိုစကီ၊ သူ့ဇာတိက နယူးဂျာစီ ပြည်နယ် နီဝပ်မြို့'

'မဖြစ်နိုင်ပါဘူးခင်ဗျာ'

ဗိုလ်ကြီးအင်ဒရီအသံက ထူးခြားနေ၏။

'ကျွန်တော်ကိုယ်တိုင် ဗိုလ်မာဂနင်ရဲ့ ကိုယ်ရေးရာဇဝင်ကို စစ်စစ်ပေါက်ပေါက် လိုက်ပြီးထောက်လှမ်းခဲ့တယ်။

သူ့ဇာတိနဲ့ သူကြီးပြင်းတဲ့နေရာက ကွမ်ဆိုမိုလပ်စ်–နာ–အမ်မူရီ ဆိုတဲ့မြို့၊ သူ့မိသားစုက စက်ချုပ်သမားတွေ'

နီကိုဆင်က ပြုံးလိုက်ပြီး…

'ဗိုလ်ကြီးပြောတာ မှန်တယ်၊ ဒါပေမဲ့ ဒါက တကယ့်မာဂနင်ရဲ့ ကိုယ်ရေးရာဇဝင်၊ မာဂနင်ဟာ အမှန်ပဲ ရုရှားလူမျိုးတစ်ယောက်ပဲ'

'ဒါဖြင့် ဒါရိုက်တာကြီးတို့ရဲ့ မာဂနင်က အတုပေါ့၊ တမင်ဖန်တီးထားတဲ့ လူပေါ့'

'ဟုတ်တယ်၊ လွန်ခဲ့တဲ့လေးနှစ်လောက်ကတည်းက မာဂနင်အတုကို ကျွန်တော်တို့ ဖန်တီးပေးခဲ့ကြတယ်လေ။

အဲဒီတုန်းက ဗိုလ်ကြီးတို့ရဲ့ ကာရှင်အမျိုးအစား ဒုံးပျံလက်နက် တပ်ဆင်ထားတဲ့ ဖျက်သင်္ဘောတစ်စီး အိန္ဒိယသမုဒ္ဒရာထဲမှာ ပေါက်ကွဲနစ်မြုပ်သွားခဲ့တယ်။

အဲဒီ ဖျက်သင်္ဘော ပေါက်ကွဲနစ်မြုပ်သွားခဲ့တာမှာ အသက်မသေမပျောက်ဘဲ ကျန်နေတဲ့ ရေတပ်သား နည်းနည်းကလေးထဲမှာ မာဂနင်တစ်ယောက် အပါအဝင်ပေါ့။

မာဂနင်ကို ပင်လယ်ထဲမှာ အမေရိကန် ရေနံတင်သင်္ဘောတစ်စီး ... ကယ်တင်ခဲ့တယ်၊ ဒါပေမဲ့ သူဟာ ရထားတဲ့ဒဏ်ရာတွေကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဟိုနီလူလူဆိပ်ကမ်းအရောက်မှာ သေဆုံးသွားခဲ့တယ်။

မာဂနင် သေဆုံးသွားတာဟာ ကျွန်တော်တို့အဖို့ သိပ်ကိုရနိုင်ခဲတဲ့ အခွင့်အလမ်းတစ်ရပ် ဖြစ်လာခဲ့တယ်။ ကျွန်တော်တို့အထဲက ရုရှားစကား ပြောတတ်တဲ့ ထောက်လှမ်းရေးတွေထဲမှာ ကော့စကိုစကီ၊ အဲ...ဟယ်ရီကော့ စကိုစကီဟာ မာဂနင်နဲ့ ကိုယ်လုံးကိုယ်ပေါက်ချင်း အတော့်ကိုတူနေတယ်။

ဒါနဲ့ ဟယ်ရီရဲ့မျက်နှာကို ဖျက်သင်္ဘောပေါက်ကွဲရာမှာ ဒဏ်ရာရသွားတဲ့ ပုံစံမျိုးဖြစ်အောင် ကျွန်တော်တို့ ခွဲစိတ်ပြုပြင်ပေးလိုက်ပြီးတဲ့နောက်...

ခင်ဗျားတို့ဖျက်သင်္ဘော ပေါက်ကွဲနစ်မြုပ်သွားတဲ့နေရာနဲ့ မိုင်နှစ်ရာလောက် အကွာမှာရှိတဲ့ သင်္ဘောအသွားအလာမရှိတဲ့ ကျွန်းကလေးတစ်ကျွန်းပေါ် အရောက် လေယာဉ်နဲ့တင်ပြီး ပို့ပေးလိုက်တယ်။

ကျွန်တော်တို့က အတုလုပ်ပေးလိုက်တဲ့ ရုရှားရေတပ်သား မာဂနင်ကို အဲဒီကျွန်းပေါ်က ကျွန်းသားတွေ တွေ့ရှိတဲ့အချိန်မှာ အဖျားမိပြီး ကယောင်ကတမ်း ဖြစ်နေပြီး အတိတ်မေ့တဲ့ရောဂါလည်း ဝင်နေတယ်။

မာဂနင်အတုကို အဲဒီကျွန်းပေါ်က တံငါတွေက အရောက်ပြန်ပို့ပေးကြတယ်။ ဒီအချိန်အထိ မာဂနင်အတု အဖျားမပျောက်သေးဘဲနဲ့ အတိတ်ကိုမေ့တတ်တဲ့ရောဂါ ခံစားနေရတုန်း'

'ကျန်တဲ့ အဖြစ်အပျက်တွေကိုတော့ ကျွန်တော်သိပါတယ်'

ဗိုလ်ကြီးအင်ဒရီက ကြားဖြတ်ပြောလိုက်ခြင်း။

'ကျွန်တော်တို့က မာဂနင်ရဲ့မျက်နှာကို ပလတ်စတစ်ဆာဂျရီနဲ့ အရင်အတိုင်း ပြန်ဖြစ်အောင် လုပ်ပေးရုံမက သူ့အတိတ်ကိုယ်ရေးရာဇဝင်ကို သူ ပြန်သိအောင် ပညာပေးကုသကြရတယ်'

'ဒါရိုက်တာကြီးတို့ စီမံလိုက်ပုံက ချီးမွမ်းလောက်ပါပေတယ်'

'ဗိုလ်ကြီးလို ထောက်လှမ်းရေးသမားတစ်ယောက်က ချီးမွမ်းလိုက်တဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဗိုလ်ကြီးက အမေရိကန်အစိုးရဆီမှာ နိုင်ငံရေးခိုလှုံခွင့် တောင်းမှာပဲမဟုတ်လား'

'ကျွန်တော်တော့ မတောင်းချင်ဘူး'

'ဗိုလ်ကြီးမှာ ခုဆိုရင် လိုက်စရာ လမ်းနှစ်သွယ်ပဲ ရှိတော့တယ်၊ နိုင်ငံရေး ခိုလှုံခွင့်တောင်းဖို့ ဒါမှမဟုတ် ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး အတူတူ အလုပ် လုပ်ဖို့'





ဗိုလ်ကြီးအင်ဒရီက ခဏတွေနေပြီး...

'နိုင်ငံရေးခိုလှုံခွင့်တောင်းပြီး ကျွန်တော်က အသက်ကြာကြာ ရှင်နေရမယ် မဟုတ်ပါဘူး။ ရုရှားထောက်လှမ်းရေးအဖွဲ့ ကေ၊ ဂျီ၊ ဘီက ဘယ်လိုလက်စွမ်း ထက်တယ်ဆိုတာ ကျွန်တော် သိထားပြီးသားပါ'

'ဟုတ်တယ်၊ ခုဆိုရင် ဗိုလ်ကြီးကို ဖျောက်ဖျက်ပစ်ရမယ့်စာရင်းထဲမှာ ကေ၊ ဂျီ၊ ဘီက စာရင်းသွင်းထားပြီး ဖြစ်နေရောမယ်'

စီအိုင်အေဒါရိုက်တာ နီကိုဆင်က ဗိုလ်ကြီးအင်ဒရီမျက်နှာကို ထပ်၍ အကဲခတ်လိုက်ပြီး...

'ဗိုလ်ကြီး၊ ဗိုလ်ကြီးဟာ လူတော်တစ်ယောက်ပါ၊ တော်တဲ့လူတစ်ယောက် အချည်းနှီးဖြစ်သွားရမှာကို ကျွန်တော်တို့ မလိုလားပါဘူး။

ဗိုလ်ကြီးကသာ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး အလုပ်လုပ်မယ်ဆိုရင် ဗိုလ်ကြီးရဲ့မျက်နှာကို ပလတ်စတစ်ဆာဂျရီနဲ့ တစ်မျိုးပြောင်းပစ်လိုက်မယ်။

ဗိုလ်ကြီးရဲ့ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံကအစ အမေရိကန်တစ်ယောက်လို ဖြစ်လာအောင် လေ့ကျင့်ပေးမယ်။

ကေ၊ ဂျီ၊ ဘီက အင်ဒရီဆိုတဲ့လူတစ်ယောက်ရဲ့သဲလွန်စကိုတောင် ရှာမရ နိုင်အောင် ကျွန်တော်တို့ လုပ်ပေးမယ်'

ဗိုလ်ကြီးအင်ဒရီ၏မျက်နှာပေါ်တွင် စိတ်ဝင်စားသည့်အမူအရာ ပေါ်လာ သည်။

ဗိုလ်ကြီးအင်ဒရီ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ဥများ တွဲလဲခိုနေလေသည်။

[ ၆၉ ]

နယူးယောက်ဆိပ်ကမ်းသို့ တိုင်တန်နစ်သင်္ဘောကြီး ရောက်လာပြီးနောက် ချက်ချင်းလိုပင် ကျင်းတင်လိုက်ကြသည်။ သင်္ဘောကျင်းအတွင်းနှင့် အပြင်တွင် အစောင့်အရှောက် ထူထူထဲထဲ။

ဘိုင်ဇမ်နီယံသတ္တုများ ထည့်ထားသည့် သံမဏိကုန်လှောင်ခန်း[illegible] တောင်တစ်လုံးလို စုပုံနေသော သံတိုသံစများကို ရောမကရိန်းကြီးများက [illegible] အပြင်သို့ထုတ်နေကြသလို...

လျှပ်စစ်မီးလှကိုင် အလုပ်သမားများကလည်း သံမဏိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



၁၂ လက်မထု တံခါးကို တိုက်ဖြတ်နေကြ၏။

ဂျီအထပ် ကုန်းပတ်ပေါ်တွင် ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာ၊ သမ္မတကြီး၏ မဟာစစ်ဆင်ရေး တာဝန်ခံ မစ္စတာဆီးဂရင်း၊ လက်ထောက် မစ္စတာရော်ဂျာ၊ မဟာစစ်ဆင်ရေး ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်မှ သတ္တုဗေဒအရာရှိ လပ်စကီနှင့် ရေတပ်ဦးစီးချုပ် ကင်ပါတို့သာ။

တိုင်တန်နစ် သင်္ဘောကြီး ဆယ်ယူရေးတွင် ဦးစီးမှူးတာဝန် ယူခဲ့ရသော ဂျီးမားတင်က ဂျီအထပ်သို့ မဆင်းနိုင်သေးဘဲ အားကစားခန်းမနှင့် ပထမတန်းစီးခရီးသည်များ၏ ထမင်းစားခန်းမကြီးထဲတွင် မကြာသေးသည့် အတိတ်မှ အရိပ်များကို အောက်မေ့ရင်း လွမ်းသလိုလို ဖြစ်နေမိသည်။

ဆာပိုနှစ် ရေအောက်ရေယာဉ်ထဲတွင် အစတေးခံလိုက်ရသည့် ဟင်နရီ။

တိုင်တန်နစ်သင်္ဘောကြီး၏ အားကစားခန်းမထဲ၌ ရင်ကို အခွဲခံလိုက်ရသည့် ဝုဆန်။

အမေရိကန်နိုင်ငံသားများ ဖြစ်ကြပါလျက် ငွေမက်ကာ သစ္စာဖောက်သွားကြသည့် ဘင်ဒရမ္မာနှင့် ဆမ်မာကာ။

အခက်အခဲများအကြားတွင် အရှက်ကို နောက်ထားကာ ကြောက်အားဖြင့် ဣတ္ထိယစွမ်းပကားကို ပြခဲ့သော တစ်ခုလပ်မကလေး ဒါနာ။

မေလအလယ်တွင်မှ တစ်နာရီမိုင် ၁၅၀ နှုန်းဖြင့် တိုက်လာသည့် မုန်တိုင်းကြီး။

ပေ ၆၀ အထိ ကြမ်းခဲ့သော ရေမလှိုင်းလုံးကြီးများ။

တိုင်တန်နစ်သင်္ဘောကြီးအား အပိုင်စီးရန် ကြံခဲ့သည့် ဗိုလ်ကြီးအင်ဒရီနှင့် အဖွဲ့သားများ။

အားကစားခန်းမနှင့် ပထမတန်း ထမင်းစားခန်းမကြီးထဲတွင် တစ်လှည့်စီ ထိုင်နေခဲ့ပြီးမှ ဂျီးမားတင်က သင်္ဘောလှေကားမကြီးအတိုင်း ဂျီအထပ် ကုန်းပတ်သို့ ဆင်းလာခဲ့သည်။

ဘိုင်ဇမ်နီယံသတ္တုများ ထည့်ထားသည့် ကုန်လှောင်ခန်းက ကုန်းပတ်ရှေ့ပိုင်းမှာ။

ရှစ်ပေမြင့်ကာ ရှစ်ပေရှည်လျက် ရှစ်ပေကျယ်သော ကုန်လှောင်ခန်း။

သည်ကုန်လှောင်ခန်းက ကုန်းပတ်အောက်တွင် တခြားကုန်လှောင်ပေါက်များနှင့် တွဲလျက်။





သို့သော် သည်ကုန်လှောင်ခန်း နံရံများက ထု ၁၂ လက်မရှိသည့် သံမဏိ အတိဖြင့်ပြီးသည့် ကုန်လှောင်ခန်း။

ကုန်လှောင်ခန်းနားတွင် ရှိနေနှင့်သူများက ငွေရောင် သံခမောက်များကို ဆောင်းလျက်။

ကြည့်ရ မြင်ရပုံကပင် ထူးဆန်းနေသည်။

မဟာစစ်ဆင်ရေး တာဝန်ခံ ဆီးဂရင်းက ပိန်ချုံးနေသည်။

သူ့ကိုကြည့်ရသည်ကပင် မသက်သာ။

သူက တုန်တုန်ရီရီ။

သူက စိတ်ငြိမ်ပုံမရ။ ကုန်းပတ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် ခပ်မြန်မြန် လျှောက်နေ၏။

မဟာစစ်ဆင်ရေး လက်ထောက်တာဝန်ခံ မစ္စတာရော်ဂျာက မေးနှင့် လည်ကုပ်ပေါ်မှ ချွေးစေးများကို လက်ကိုင်ပဝါဖြင့် မကြာခဏသုတ်ရင်း မစ္စတာဆီးဂရင်း၏ အခြေအနေကို စိုးရိမ်တကြီးစောင့်ကြည့်နေသည်။

ဓာတ်သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစိတ်မှ သတ္တုဗေဒအရာရှိ လပ်စကီက သတ္တုစမ်းသပ်သည့် ကိရိယာအနီးတွင် ရပ်လျက်။

နူးမားခေါ် ပင်လယ်ရေအောက် ရှေးဟောင်းသုတေသန အဖွဲ့ခေါင်းဆောင် ရေကြောင်း ဗိုလ်ချုပ်ကြီးဆန်ဒက်ကာက ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးကင်ပါနှင့် မည်းမှောင်နေသည့် ကုန်လှောင်ခန်းမ ထောင့်တစ်ထောင့်တွင် တီးတိုးစကားဆိုလျက်။

တောင်ပုံကြီးအဖြစ်မှ တောင်ပုံအဖြစ်သို့ လျှောဆင်းနေသည့် သံတိုသံစများကို ဂျီးမားတင်က အထူးသတိထား၍ ကျော်နင်း ဖြတ်ကူးလိုက်ပြီးနောက် သံမဏိကုန်လှောင်ခန်းကြီးရှေ့တွင် ရပ်လိုက်၏။

လျှပ်စစ်မီးလှူကို ကိုင်ထားသည့် သင်္ဘောကျင်း အလုပ်သမားတစ်ယောက်က သံမဏိ ကုန်လှောင်ခန်းရှိ ရေမ သံမဏိသေတ္တာကြီးတစ်ခုကို တိုက်ဖြတ်နေသည်။

ကုန်လှောင်ခန်းသည် ကုန်းပတ်အောက်တွင် ရှိနေပြီး မီးအလင်းရောင်ဖြင့် လည်း မှောင်သလိုဖြစ်နေလေရာ မြေအောက်တိုက်ခန်းတစ်ခုနှင့်ပင် တူသေးတော့ဟု ဂျီးမားတင်က တင်စားလိုက်မိလေသည်။

ဤ ရေမ သံမဏိပတ္တာကြီး ပြုတ်ထွက်သွားလျှင်...



www.burmeseclassic.com

www.burmeseclassic.com



ဤ ရောမ သံမဏိတံခါးကြီး ပွင့်ထွက်သွားလျှင်...

ဤကုန်လှောင်ခန်းထဲမှ လျှို့ဝှက်ချက်သည် ဘွင်းဘွင်းကြီး ပေါ်လာပေတော့မည်။

ဂျိုးမာတင်က ဤသို့တွေးလိုက်မိသည်နှင့်တစ်ပြိုင်နက် သူ့အနီးအနားတွင်နေခဲ့လို အေးစက်သွားသည်ဟု ခံစားလိုက်ရ၏။

သူက ကုန်လှောင်ခန်း ပွင့်သွားတော့မည်ကိုပင် ကြောက်သလိုလို ဖြစ်လာမိသည်။

ဂျိုးမာတင် ရုတ်တရက် ခံစားလိုက်ရသကဲ့သို့ အနားတွင်ရှိနေသူများကလည်း ခံစားလိုက်ရပုံရသည်။

အားလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားကြပြီး ဂျိုးမာတင်နားသို့ တိုးကပ်လာကြ၏။

သံမဏိကုန်လှောင်ခန်းတံခါးအထက်ဘက်တွင် ဆံချည်မျှင်တစ်မျှင်စာမျှသေးငယ်သည့် အပေါက်ကလေးတစ်ပေါက် ခဏအကြာတွင် ပေါ်ထွက်လာလေသည်။

သည်နောက်တော့ သံမဏိတံခါးကြီး ပတ်ပတ်လည်တွင် အပေါက်ကလေးများက ဟိုတစ်ကွက် သည်တစ်ကွက် ကူးစက်လာကြ၏။

ဘီလူးကြီးတစ်ကောင် ဒဏ်ရာဖြင့် ညည်းညူ ဟစ်အော်လိုက်သကဲ့သို့သော အသံကိုပြုရင်း သံမဏိတံခါးကြီးက ရောမပတ္တာကြီးမှ ပြုတ်ထွက်၍ကျလာသည်။

မည်းမှောင်နေသည့် သံမဏိကုန်လှောင်ခန်းထဲမှ ရေတစ်စက်မှ ထွက်ကျမလာ။

ပင်လယ်ရေအနက်ကြီးအောက်တွင် အနှစ် ၇၀ ကျော်ရောက်နေခဲ့ရသည့်တိုင် သံမဏိကုန်လှောင်ခန်းက ရေလုံလျက်။

ရပ်နေသည့်နေရာမှ မည်သူမှုမရွေ့။ ကျောက်တုံးကြီးများလို မြဲမြဲကြီးရပ်နေကြ၏။

မည်းမည်းမှောင်မှောင် လေးထောင့်ကုန်လှောင်ပေါက်ကြီးက လူအားလုံးကိုမြုံစားထားသည့်အတိုင်း။

ချဉ်ချဉ်တူးတူး အပုပ်နံ့ကြီးက မှောင်မည်းနေသည့် ကုန်လှောင်ပေါက်ကြီးထဲမှ ပျံ့ထွက်လာ၏။





သတ္တုဗေဒ အရာရှိ လပ်စကီက တိတ်ဆိတ်ခြင်းကို ခွဲဖြိုပစ်လိုက်သည်။

'ဘုရားရေ...ဒီအနံ့ကြီးက ဘယ်လိုအနံ့ဆိုးကြီးလဲ'

သည်တော့မှ ဂျိုးမာတင်က အသံကိုမြှင့်၍ ပြောလိုက်သည်။

'ကျုပ်ကို လက်နှိပ်ဓာတ်မီးတစ်လက် ပေးစမ်းဗျာ'

အလုပ်သမားတစ်ယောက်က ဂျိုးအား လက်နှိပ်ဓာတ်မီးတစ်လက် လှမ်းပေးလိုက်သည်။

ဂျိုးက မည်းမည်းမှောင်နေသည့် ကုန်လှောင်ပေါက်ထဲသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်နေသည်။

ခိုင်ပုံရသည့် သားရေကြိုးများဖြင့် စနစ်တကျ ရစ်ပတ်ချည်နှောင်ထားသော သစ်သားသေတ္တာ ဆယ်လုံးက မီးရောင်တွင် အထင်းသားပေါ်လာ၏။

သေတ္တာဆယ်လုံးနှင့်အတူ ဆင့်၍ပေါ်လာသည့် အရာတစ်ခုက ကြည့်နေသူအားလုံးအား တုန်လှုပ်ချောက်ချားသွားစေသည်။

လူသေ အလောင်းတစ်လောင်း...။

ဓာတ်မီးရောင်က အလောင်းကောင်ပေါ်မှ မရွေ့။

ဝန်းကျင်တစ်ခုလုံး ပြန်၍ တိတ်ဆိတ်သွားသည်။

ခြောက်နေသော လူသေအလောင်း တစ်လောင်း။

[ ၇၀ ]

လူသေအလောင်းက ကုန်လှောင်ခန်း ထောင့်တစ်ထောင့်တွင်။

မျက်လုံးများက ပိတ်နေပြီး အထဲသို့ ချိုင့်ဝင်နေသည်။

အသားအရေများက ကတ္တရာစေးလို မည်းနက်လျက်။

အရိုးနှင့် အရေသာရှိတော့သည့် ကိုယ်ပေါ်တွင် ကြွက်သား အသားမျှင်များက ရှုံ့ကာ တွန့်ကာ။

ခေါင်းမှခြေအထိ တစ်ကိုယ်လုံး မှိုတက်နေသည်။ မှိုတက်နေသည့် ပေါင်မုန့်ကြီး တစ်လုံးနှင့် တူသေးတော့။

အလောင်းကောင် တစ်ကိုယ်လုံးတွင် မပျက်မစီးဘဲ ပကတိအတိုင်း...ကျန်နေသည်က ဖြူနေသည့်ဆံပင်နှင့် ဖွေးနေသည့် မုတ်ဆိတ်မွေး ...

ကြွင်းကျန်နေသော ရုပ်အလောင်းနားတွင် ထောင်းခနဲ့...



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်က အပုပ်ရည်။

သည်အပုပ်ရည်က ဝန်းကျင်လေထုကို ညစ်ညမ်းနေစေ၏။ ကုန်လှောင်ခန်း တစ်ခုလုံးကို စိုထိုင်းထိုင်း ဖြစ်နေစေ၏။

သံမဏိ ကုန်လှောင်ခန်းနံရံများပေါ်တွင် မကြာမီကလေးကမှ ရေတစ်ပုံး လောင်းချထားခဲ့သလို။

'သေတဲ့လူက ဘယ်သူပဲဖြစ်ဖြစ်...ရေကတော့ စိုနေတုန်းပဲ'

ရေတပ်ဦးစီးချုပ် ကင်ပါက ညည်းတွားပြောဆိုလိုက်သည်။

သူ့မျက်နှာပေါ်တွင် ကြောက်လန့်တုန်လှုပ်သည့် လက္ခဏာက အထင်းသား။

'ဒီလောက်ကြာနေပြီးတဲ့ အချိန်ကြီးမှာတောင် ဘာကြောင့် ဒီလို အရည်တွေရွှဲရွှဲ ဖြစ်နေရတာလဲ'

ကင်ပါ့စကားကို ဂျိုးမာတင်က...

'လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ ရေက ထက်ဝက်ကျော်ကျော် ရှိနေတာကိုး၊ ဒီလိုရှိနေတဲ့ရေကို ကုန်လှောင်ခန်းထဲမှာ ရှိနေတဲ့လေက ခန်းခြောက်သွားအောင် လုပ်နိုင်တဲ့အထိ လုံလုံလောက်လောက် မရှိခဲ့လို့ပါပဲ'

ကြောက်စရာ မြင်ကွင်းကြောင့် လူကြားမှ အတင်းတိုးထွက်လာသည့် မစ္စတာရော်ဂျာက အန်ပစ်လိုက်ချင်သည့်စိတ်ကို မျိုသိပ်ထားရင်း...

'သူက ဘယ်သူလဲ'

ဂျိုးမာတင်က ခြောက်နေသည့် ရုပ်အလောင်းကို မတုန်မလှုပ် ကြည့်နေရာမှ...

'သူဟာ **ဂျိုရှအာဘေးစ်ဘရူးစတား** ဆိုတဲ့လူတစ်ယောက် ဖြစ်တယ်ဆိုတာ တွေ့လာရပါလိမ့်မယ်'

'ဘရူးစတားတဲ့လား'

မစ္စတာဆီးဂရင်းက ထပ်မေးနေပြန်၏။

ပြူးနေသော မျက်လုံးအစုံတွင် ကြောက်စိတ်က ဖိစီးနေကြောင်း အထင်းသား ပေါ်နေသည်။

'ဟုတ်တယ်...ဘရူးစတားတဲ့'

ဂျိုးက ထပ်အဖြေပေးလိုက်ရင်း...

'ကုန်လှောင်ခန်းထဲမှာ ဘာတွေပါတယ်ဆိုတာ ဘယ်သူသိလို့လဲ၊ ဘယ်သူ





မှ မသိဘူးမဟုတ်လား'

ရေတပ်ဦးစီးချုပ် ကင်ပါက ခေါင်းညိတ်လိုက်ပြီး...

'ဒီကုန်လှောင် အမှောင်ခန်းထဲမှာ သဘော်ကြီးက ရေထဲ စုန်းစုန်းမြုပ် နေတုန်း သေရတာ ဘယ်လိုနေမလဲ'

မစ္စတာ ရော်ဂျာက...

'ကျွန်တော်တော့ ဒါတွေစဉ်းစားမနေပါဘူး။ ဒါပေမယ့် ခုမြင်တဲ့ မြင်ကွင်းကတော့ ကျွန်တော့်ကို ညတိုင်းလာပြီး ခြောက်လှန့်နေတော့မှာ အမှန်ပဲ'

'အင်း...ဟုတ်တယ်'

ဆန်ဒက်ကာက ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။

'မြင်ရတဲ့မြင်ကွင်းက ကြောက်စရာ လန့်စရာ၊ ဒီအကြောင်းကို ခင်ဗျား ကတော့ သိနေပြီးဖြစ်မှာပေါ့ ဦးစီးမှူးဂျိုး'

ဂျိုးမာတင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...ဒီအကြောင်းကို ဒုတိယ ရေတပ်ဗိုလ်ချုပ်ဖြစ်ခဲ့တဲ့ **ဗိုလ်ကြီး ဘစ်ဂလို**က ကျွန်တော့်ကို ပြောပြခဲ့ပါတယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ဂျိုးအား ဆက်မေးမည် ပြုပြီးမှ မမေးတော့ဘဲ အနီးရှိ သဘော်ကျင်းအလုပ်သမားတစ်ယောက်အား...

'ရာဇဝတ် ဝန်ကြီးရုံးကို ဖုန်းဆက်ပြီး ဒီအလောင်းကို လာယူပါလို့ ပြောပါ၊ ပြီးရင် ဒီနေရာမှာ သန့်ရှင်းရေးလုပ်ပါ၊ ခုအချိန်မှာတော့ မင်းတို့ သဘော်ကျင်း အလုပ်သမားတွေအားလုံး ဒီနေရာက ရှောင်ပေးကြစမ်း'

အလုပ်သမားအားလုံးကပင် ကုန်လှောင်ခန်းနားမှ အလျိုအလျို ထွက်သွား ကြသည်။

မဟာစစ်ဆင်ရေး တာဝန်ခံ ဆီးဂရင်းက သတ္တုဗေဒ အရာရှိ လပ်စကီ၏ လက်မောင်းကို ရုတ်တရက် ဆွဲကိုင်ပြီး...

'ကဲ...လပ်စကီ၊ ခု ခင်ဗျားအလှည့်ပဲ'

လပ်စကီက ကုန်လှောင်ခန်းထဲသို့ မဝင်ချင့်ဝင်ချင် ဝင်သွားကာ လဲ... နေသည့် အလောင်းကိုကျော်လျက် သတ္တုသေတ္တာများရှိရာသို့ ချဉ်းကပ်လိုက်...

သစ်သားသေတ္တာတစ်လုံးကို ဖွင့်လိုက်ပြီးနောက် လပ်စကီက အသင့်... သည့် စမ်းသပ်ကိရိယာဖြင့် သေတ္တာထဲမှ သတ္တုများကို စစ်ဆေး...

ကုန်လှောင်ခန်း အပြင်ဘက်တွင် စကြဲလျှောက်ရင်း လ...



www.burmeseclassic.com

www.burmeseclassic.com



ရှုသည့်အဖြေကို စောင့်နေရသူများအဖို့ ဆယ်ကမ္ဘာလောက် ကြာသည်ဟု ထင်နေရလေသည်။

လပ်စကီက ခေါင်းမော့လိုက်၏။ မျက်နှာပေါ်တွင် မယုံနိုင်သည့် လက္ခဏာ တ အထင်းသား။

'ဒီသတ္တုဆိုတာတွေက အသုံးမကျတဲ့ ကျောက်ခဲသလဲတွေ'

မစ္စတာဆီးဂရင်းက လပ်စကီနားသို့ တိုးသွားကာ...

'ဘာပြောလိုက်တယ် လပ်စကီ'

'ဘာမှအသုံးမကျတဲ့ ကျောက်ခဲ သလဲတွေ၊ ဘိုင်ဇမ်နီယံသတ္တုဆိုလို့ တစ်မှုန့်တောင် မပါဘူးခင်ဗျ'

'နောက်သေတ္တာတစ်လုံးဖွင့်ပြီး စမ်းကြည့်ပါဦး'

ဆီးဂရင်းအသံက တုန်နေလေသည်။

လပ်စကီက ခေါင်းညိတ်လိုက်ပြီး ဒုတိယသေတ္တာတစ်လုံးကို ဖွင့်လိုက်၏။

ဒုတိယသေတ္တာထဲတွင်လည်း ကျောက်ခဲနှင့် သလဲများသာ။

ကုန်လှောင်ခန်းထဲရှိ သေတ္တာဆယ်လုံးစလုံးကို စမ်းသပ် စစ်ဆေး၍ ပြီးသွားသည်။

ဘိုင်ဇမ်နီယံနှင့်တူသည့် သတ္တုဆို၍ တစ်မှုန့်မျှ ထွက်မလာ။

'အားလုံး ကျောက်ခဲနဲ့ သဲလဲတွေချည်းပဲ၊ လမ်းပေါ်မှာ နေ့စဉ်တွေ့နေရတဲ့ ကျောက်ခဲနဲ့ သလဲတွေချည်းပဲ'

လပ်စကီ၏ စိတ်ပျက်လက်ပျက် ပြောလိုက်သံ အဆုံးတွင် ကုန်လှောင်ခန်း တစ်ခုလုံးနှင့် ဝန်းကျင်တွင် တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားတော့၏။

ဂျိုးမာတင်က ကုန်လှောင်ခန်းကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ကျောက်ခဲ သလဲများကို ကြည့်လိုက်၊ သေတ္တာခွံများကို ကြည့်လိုက် လုပ်နေ၏။

သင်္ဘောကြီးကို ပင်ပန်းတကြီး သက်စွန့်ဆံဖျား ဆယ်ယူခဲ့ရပုံများ...

သောက်သောက်လဲ ကုန်ကျခဲ့သည့်ငွေများ...

ဟင်နရီနှင့် ဝုဆန်တို့ အသက်စတေးခဲ့ရပုံများ...

သည်ပုံရိပ်များက ဂျိုးမာတင်၏စိတ်ကို တထိတ်ထိတ်ဖြစ်အောင် ခြောက် လှန့်လျက်။

လွန်ခဲ့သော ၇၆ နှစ်က ဖြစ်ပျက်ခဲ့သည့် အတိတ်က ယခု ပစ္စုပ္ပန်တွင် စိတ်ပျက်စရာ ဖြစ်နေရလေပြီတကား။





ကုန်လှောင်ခန်းနှင့် ဝန်းကျင်တစ်ဝိုက်မှ တိတ်ဆိတ်ငြိမ်သက်ခြင်းကို စတင် ဖြိုခွဲလိုက်သူက မစ္စတာဆီးဂရင်း။

စောစောကပင် စိတ်ကယောင်ချောက်ချားဖြစ်နေခဲ့သော ဆီးဂရင်းက ယခု အချိန်တွင် အဆုံးစွန်သော ရူးသွပ်ခြင်းသို့ ရောက်သွားပုံရ၏။

မလင်းတလင်း အလင်းရောင်အောက်တွင် သူက တစ်ကိုယ်လုံးကို လှုပ်၍ ရယ်လိုက်သည်။

သူ့ရယ်သံက တဖြည်းဖြည်းကျယ်လာကာ လေကြောင်းအချက်ပေး ဥသြ ဆွဲသံကြီးနှင့် တူလာ၏။

သံမဏိကုန်လှောင်ခန်းထဲတွင် သူ့ရယ်သံကြီးက ပဲ့တင်ရိုက်နေသည်။

သူက ကုန်လှောင်ခန်းထဲသို့ ဖွတ်ဝင်သွားကာ ကျောက်ခဲကြီးတစ်လုံးကို ကောက်ယူလိုက်ပြီး လပ်စကီခေါင်းကို ပစ်ပေါက်လိုက်၏။

လပ်စကီခေါင်းမှ သွေးများ ဖြာကျလာပြီး အဝါရောင်သစ်သားသေတ္တာ များကို နီရဲသွားစေသည်။

ဆီးဂရင်းက လေကြောင်း အချက်ပေး ဥသြဆွဲသံကြီးဖြင့် တဟားဟား ဆက်၍ ရယ်ရင်း၊ ပုပ်ဟောင်နေသည့် ဘရူးစတား၏ အလောင်းကောင်ပေါ် တွင် လှဲချလိုက်ကာ အလောင်းကောင်၏ ဦးခေါင်းကို ကုန်လှောင်ခန်း သံမဏိနံရံ ဖြင့် ကိုင်ဆောင့်နေသည်။

အလောင်းကောင်မှ ခေါင်းက လည်ပင်းမှ ပြုတ်ထွက်လာကာ ဆီးဂရင်း၏ လက်တွင်းသို့ ရောက်လာ၏။

အကြည့်ရဆိုးနေသော ပုပ်ဟောင်စော်နံနေသော ခေါင်းကို လက်ထဲတွင် ကိုင်ထားရင်း ဆီးဂရင်းက အလောင်း၏မျက်နှာကို ရှုံ့မှန်းစရာ ပြုံးရယ်လိုက် သည်ဟု ထင်လာ၏။

ဂျိုရှုအာပေါးစ်ဘရူးစတား၏ လွန်ခဲ့သော ၇၆ နှစ်က ရူးသွပ်မှုက ဆီးဂရင်း ထံ ကူးစက်လာပုံရသည်။

ရူပဗေဒပညာတွင် ဒေါက်တာဘွဲ့ရခဲ့သည့် မစ္စတာဆီးဂရင်းက သေသည် အထိ ရူးသွပ်သည့်ဝေဒနာကို မချိမဆံ့ ခံစားနေရပေတော့မည်။

ဟိုတယ် ထမင်းစားခန်းထဲတွင် ရေကြောင်းဗိုလ်ချုပ်ကြီး ကျွမ်းစင်ဒ... ကာက နံနက်စာစားနေ၏။

တိုင်တန်နစ်သင်္ဘောကြီး သံမဏိကုန်လှောင်ခန်းထဲတွင် ...



www.burmeseclassic.com

www.burmeseclassic.com



ကို မတွေ့ဘဲ ကျောက်ခဲနှင့် သလဲချည်း တွေ့ခဲ့ရသည့်အတွက် ဆန်ဒက်ကာက နံနက်စာကိုပင် စားမဝင်နိုင်။

လွန်ခဲ့သော ၆ ရက်သည် သူ့အဖို့ ၆ စက္ကန့်လောက်သာ ထင်နေစေ၏။

သို့ဖြစ်၍လည်း ဆန်ဒက်ကာက စားမဝင်။

မဟာစစ်ဆင်ရေး လက်ထောက်တာဝန်ခံ မစ္စတာရော်ဂျာက ဟိုတယ် ထမင်းစားခန်းထဲသို့ ဝင်လာပြီး ဗိုလ်ချုပ်ကြီးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီး...

'နောက်ဆုံးသတင်း ကြားပြီးပြီလား ဗိုလ်ချုပ်ကြီး'

ကြက်ဥကြော်တစ်ဖဲ့ကို ခက်ရင်းဖြင့် ထိုးယူနေသော ဂျိမ်းစ်ဆန်ဒက်ကာက...

'ပိုပြီးဆိုးတဲ့သတင်း ဆိုရင်တော့ ပြောမနေနဲ့တော့ဗျာ'

'ရင်ဆိုင်နေရတဲ့အဖြစ်အပျက်ထက်တော့ ပိုပြီးမဆိုးတော့ပါဘူး ဗိုလ်ချုပ်ကြီး'

မစ္စတာရော်ဂျာက နီဒါန်းပျိုးလိုက်ပြီး...

'အောက်လွှတ်တော် စုံစမ်းစစ်ဆေးရေး ကော်မတီက ကျွန်တော်တို့ကို အစစ်ဆေးခံဖို့ လာရမယ်လို့ ဆင့်ခေါ်စာပို့နေပြီ၊ ဗိုလ်ချုပ်ကြီးဆီကိုလည်း ဆင့်ခေါ်စာ ရောက်လာလိမ့်မယ်'

ရော်ဂျာက ကုတ်အင်္ကျီအိတ်ထဲမှ စာအိတ်ရှည် တစ်အိတ်ကို ထုတ်ယူလိုက်ပြီး အထဲမှ ဆင့်ခေါ်စာကို ဆွဲယူကာ ဗိုလ်ချုပ်ကြီးလက်နားတွင် ချထားလိုက်၏။

ဗိုလ်ချုပ်ကြီးက ဆင့်ခေါ်စာကို ငုံ့ကြည့်ဖော်ပင် မရဘဲ ကြက်ဥကြော်ကို ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။

'ဝမ်းသာစရာပေါ့ဗျာ'

'ကျွန်တော် သမ္မတကြီးနဲ့ ခုပဲဝင်တွေ့ခဲ့တယ်၊ သမ္မတကြီးကတော့ ပေါ်ပေါက်လာတဲ့ တာဝန်အားလုံး သူတာဝန်ယူတယ်၊ မှန်တဲ့အတိုင်း အစစ်ခံကြလို့ ညွှန်ကြားလိုက်တယ်ခင်ဗျ'

'ဒါဖြင့် မဟာစစ်ဆင်ရေး စီမံကိန်းကြီးကကော'

'ဒီစစ်ဆင်ရေးကြီးက ကျွန်တော်တို့ တိုင်တန်နစ်သင်္ဘောကြီးက သံမဏိ ကုန်လှောင်ခန်းကို ဖွင့်လိုက်တဲ့အချိန်က စပြီး အနိစ္စသဘောနဲ့ ကိစ္စချောခဲ့ပြီ





ပေါ့ ဗိုလ်ချုပ်ကြီး'

'စုံစမ်းရေးကော်မရှင်က ခေါ်စစ်တော့ကော ဘာထူးဦးမှာမို့လဲ၊ အဝတ်စုတ်တွေကို လှူတောမှာ ချလှော်တာမျိုးပဲ ဖြစ်နေမှာပေါ့'

'ဒါက ဒီမိုကရေစီရဲ့ အားနည်းချက်ပေါ့ ဗိုလ်ချုပ်ကြီး၊ ကျွန်တော်တို့နဲ့ မသင့်မမြတ်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အစိုးရဆီကို ကျွန်တော်တို့ရဲ့ လျှို့ဝှက်ချက်တွေကို ပြောင်ပြောင်တင်းတင်း ပို့လိုက်သလို ဖြစ်နေတော့မှာပေါ့'

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးမှ...

'ဒီအတိုင်းဆိုရင် ကျုပ်လည်း အလုပ်တစ်ခု ရှာရမလို ဖြစ်နေပြီ၊ ဒါထက် ဂျိုးမာတင်တစ်ယောက် တစ်ချက်မှပေါ်မလာဘူး၊ ဘယ်များ ထွက်သွား လဲမသိဘူး'

'သူက ကျွန်တော့်ကို ပြောတော့သွားတယ်၊ ဒါပေမဲ့ သူ့စကားကို ကျွန်တော် နားမလည်ဘူး'

'သူက ဘာများပြောသွားလို့လဲ'

'သူက **ဆောက်ဘီ**ကို သွားရှာဦးမယ်လို့ ပြောသွားတယ်'

'ဆောက်ဘီဆိုတာ ဘယ်သူလဲ'

'ကျွန်တော်လည်း မသိဘူး ဗိုလ်ချုပ်ကြီး၊ သူက ဆောက်ဘီလို့ပဲ ပြောသွားတယ်'

'အင်း...ဒါလည်း ဝမ်းသာစရာ သတင်းတစ်ခုပေါ့ဗျာ'

ဗိုလ်ချုပ်ကြီးက ခနဲ့တဲ့တဲ့ပြောလိုက်ပြီး လက်ကို လက်သုတ်ပဝါဖြင့် သုတ်နေလေသည်။

[ ၇၁ ]

အင်္ဂလန်နိုင်ငံ ဆောက်သင်တမ် ဆိပ်ကမ်းမြို့သို့ လေကြောင်းဖြင့် ရောက်လာသော ခရီးသည်တစ်ယောက်။

သူက ဂျိုးမာတင်။

ဂျိုးက မောဟိုက်ပန်းလျှနေပြီ ဖြစ်သော်လည်း မနားနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင်ရောက်ချင်းပင် ဆောက်သင်တမ်မြို့ မြေတိုင်းရုံးသို့ တောက်လျှောက်သွားကာ လိုအပ်သည့် စုံစမ်းမှုများ လုပ်သည်။ မြေပုံအချို့ကို ချက်ချင်းကူးနိုင်းသည်။ လမ်းညွှန်စာအုပ်ဝယ်သည်။

ပြီးမှ လင့်ရိုဗာကားတစ်စီးကို ငှားကာ ကိုယ်တိုင်မောင်းလျက် ခရီးဆက်ခဲ့၏။

ဆောက်သင်တမ် ဆိပ်ကမ်းမြို့ နောက်ဘက်တွင်ရှိသည့် ကျောထောက်နောက်ခံ ရွာကလေးများဆီသို့။

တောရွာများကိုဖြတ်၍ ဖောက်ထားသည့် လမ်းက ကျဉ်းကျဉ်း။ မိုးက တဖျင်းဖျင်း ရွာလျက်။

လမ်းတစ်ဖက်တစ်ချက်တွင် မိုးမခပင်များ။

မိုးမခပင် အကိုင်းအခက်များက ကားခေါင်မိုးနှင့် ထိလာ၍ ငြိသည့်အခါ ငြိနေတတ်သည်။

သို့ဖြင့် ကားကို သတိထား၍ ဖြည်းဖြည်းပင် မောင်းလာခဲ့ရ၏။

ဂျိုးမာတင်က ခရီးသာ ထွက်လာခဲ့ရသော်လည်း ဘာမှမသေချာ။

မိုင်းအင်ဂျင်နီယာ ဂျိုရှုအာပေါးစ် ဘရူးစတားနှင့် မိုင်းတူးသမားအချို့ ကောဒ်တလန်ပြည် အဘာဒင်ဆိပ်ကမ်းသို့ ရောက်လာစဉ်ကလို။

ဘာမှမသေချာ။ ဘာမှ မည်မည်ရရမရှိ။

မိုင်းအင်ဂျင်နီယာ ဘရူးစတားက အဘာဒင်ဆိပ်ကမ်းမြို့ကလေးမှ အင်္ဂလန်နိုင်ငံကိုဖြတ်ကာ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော ဆောက်သင်တမ်သို့ လာခဲ့သည် မဟုတ်လား။

ဤဆောက်သင်တမ်ဆိပ်ကမ်းမှပင် တိုင်တန်နစ်သင်္ဘောကြီးက ပထမဆုံးအခေါက် ရေကြောင်းခရီးထွက်လာခဲ့ခြင်း မဟုတ်လား။

ဤခိမ်ခံသင်္ဘောကြီး၏ သံမဏိကုန်လှောင်ခန်းတွင် တန်ဖိုးမဖြတ်နိုင်သော ဘိုဗိမ်းနီယံသတ္တုများကို သေတ္တာများဖြင့် ထည့်ယူခဲ့သည်ဟု အဆိုရှိခဲ့သည်။

သို့သော် ၇၆ နှစ်မျှ ပင်လယ်ရေအောက်တွင် နစ်မြုပ်နေခဲ့သော တိုင်တန်နစ်သင်္ဘောကြီးအား ဖော်ယူရရှိပြီးနောက် ဘိုင်ဇမ်နီယံ သတ္တုများ ထည့်ယူလာသည်ဆိုသော သံမဏိကုန်လှောင်ခန်းကို ဖွင့်လိုက်သောအခါ–

ဖွဲတစ်ဆုပ်လောက်ပင် တန်ဖိုးမရှိသည့် ကျောက်ခဲနှင့် သလဲများ။

သို့ဖြစ်၍လည်း ဂျိုးမာတင်က မိုင်းအင်ဂျင်နီယာ ဂျိုရှုအာ ဘရူးစတား၏





ခြေရာကို ပြန်ကောက်ကာ ဆောက်သင်တမ်ဆိပ်ကမ်းမြို့ အနောက်ဘက်ရှိ ကျောထောက်နောက်ခံ ရွာများဆီသို့ ရှာပုံတော်ဖွင့်ခဲ့ခြင်း။

လင်းရိုဗာကား ရှေ့ကာမှန်ပေါ်တွင် တဖျပ်ဖျပ်လှုပ်ရှားနေသည့် မိုးရေသုတ်ဒလက်တံများကို ငေးနေရာမှ ဂျိုးမာတင်က မိမိထိုင်ခုံဘေးတွင် ချထားသော အပြာရောင် မှတ်စုစာအုပ်ဆီသို့ မျက်စိရောက်သွားသည်။

နေ့စွဲများ၊ မြို့ရွာအမည်များက မှတ်စုစာအုပ်ထဲတွင် အပြည့်။

အလျှင်စလိုရေးမှတ်ထားသည့် မှတ်စုများကလည်း စာအုပ်မျက်နှာတိုင်းမှာ။

ထွက်လာသည့် ခရီးလမ်းတစ်လျှောက်တွင် စုမိဆောင်းမိလာခဲ့သည့် သတင်းစာဖြတ်ပိုင်းများကလည်း မှတ်စုစာအုပ်ကြားထဲ၌။

မှိုတက်မတတ် ဖြစ်နေသော မှတ်စုစာအုပ်ထဲမှ မှတ်တမ်းမှတ်ရာများက ဂျိုးမာတင်အား များများသတင်းမပေးနိုင်။

သို့သော် ၁၉၁၂ ခုနှစ်၊ ဧပြီလ ခုနစ်ရက်နေ့ထုတ် ဂလာစကို သတင်းစာဖြတ်ပိုင်းများအရ။

ဂျိုးမာတင်က မိုင်း အင်ဂျင်နီယာ ဂျိုရှုအာပေါးစ် ဘရူးစတားနှင့် ဆောက်သင်တမ် ဆိပ်ကမ်းမြို့သို့ လိုက်ပါလာသည့် မိုင်းတူးသမား ငါးယောက်၏ သချိုင်းဂူများကို တွေ့ခဲ့ရပြီးပြီ။

သို့သော် ဆောက်သင်တမ် ဆိပ်ကမ်းမြို့တွင် ကျန်နေရစ်ခဲ့သော မိုင်းတူးအဖွဲ့ဝင် **ဗာနွံယောလ်နှင့် အယ်ဗင်ကော်လ်တာ**တို့၏ သချိုင်းဂူများကိုမူ ယခုထိ ရှာမတွေ့သေး။

မိုးမခပင်များ ရှင်းနေသည့်နေရာတွင် ဂျုံခင်းများကို စိမ်းစိမ်းစိုစို တစ်မျှော်တစ်ခေါ်ကြီး လှမ်းမြင်နေရ၏။

လမ်းက ကောက်ကွေ့သွားပြီးနောက် ဘွားခနဲတွေ့လိုက်ရသော ရေပူစမ်းကလေးနှင့်ယှဉ်ကာ ဖြောင့်ဖြောင့်တန်းတန်း။

အင်္ဂလန်နိုင်ငံ တောင်ဘက်ပိုင်းတွင် ရေပူစမ်းများက တောရွာကျက်သရေကို ဆောင်နေသည့် သဘာဝလက်ဆောင်။

ရေပူစမ်းချောင်းကလေး အလွန်တွင် ရွာကလေးတစ်ရွာကို လှမ်းမြင်ရသည်။

သည်ရွာတွင်ပင် နံနက်စာစားမည်ဟု ဂျိုးမာတင်က ဆုံးဖြတ်ပြီး ကားကို ဖြည်းဖြည်းပင် ဆက်မောင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် တဲတားအိုကလေးတစ်ခု။

ပြီးတော့ လမ်းချိုးကလေး တစ်ချိုး။

တဲတားအိုကလေးကို ဖြည်းဖြည်းပင် ဖြတ်ကျော်လိုက်သည်။

ကားက ရှေ့သို့ရောက်သွားသော်လည်း တဲတားအိုကလေးက ကျိုးကျန်ရစ်ခဲ့၏။

ဂျိုးမာတင်က လမ်းချိုးကလေးနားတွင် ကားကိုရပ်လိုက်ပြီး အပြန်ခရီးအတွက် တဲတားအခြေအနေကို ဆင်းကြည့်သည်။

ရွာသူရွာသားများ အကူအညီပါမှ ပြင်၍ရနိုင်တော့မည်။

ဂျိုးက စိတ်ပျက်လက်ပျက်ဖြင့် ကားဆီသို့ ပြန်လာသည်။ မျက်စိအစုံက သစ်ပင်တစ်ပင်တွင် သစ်ကိုင်းများဖြင့် ကွယ်လုမတတ် ဖြစ်နေသည့် ဆိုင်းဘုတ်ကလေး တစ်ခုကို အမှတ်မထင် မြင်လိုက်ရ၏။

**ဆောက်ဘီ**

ဂျိုးမာတင်က ပို၍သေချာစေရန် ဆိုင်းဘုတ်နားသို့ ကပ်သွားပြီး သစ်ကိုင်းများကို ဖယ်ကြည့်လိုက်သည်။

**ဆောက်ဘီရွာ**

ရွာ စာလုံးရှိရမည့် နေရာတွင် အက္ခရာက ပျက်တက်တက်။

ဤနေရာအနီးအနားတွင် ဆောက်ဘီရွာ အမှန်ပင် ရှိရပေမည်။

ကိုမိုဒိုဘစ်ဂလိုထံမှ ကြားခဲ့ရသည့် စကားက ဂျိုးမာတင့်နားတွင် ပဲ့တင်ရိုက်လာသည်။

သံမဏိလှောင်ခန်းတံခါးကို ဆွဲပိတ်ခါနီးတွင် မိုင်းအင်ဂျင်နီယာ ဂျိုရှုအာဟေးစ် ဘရူးစတား မြည်တမ်းခဲ့သည့်စကား။

**'ထာဝရဘုရားသခင်အား ဆောက်ဘီအတွက် ကျေးဇူးတော်တင်ကြပါ'**

ဂျိုးမာတင်က ဘရူးစတား၏ နေ့စဉ်မှတ်တမ်းစာအုပ်မှ နောက်ဆုံးမှတ်တမ်း နောက်ဆုံးအပိုဒ်ကိုလည်း သတိရလာသည်။

**ဩော်...ဆောက်ဘီကို လွမ်းလိုက်ပါဘိ**

မိုင်းအင်ဂျင်နီယာ ဘရူးစတား၏**စကားဝှက်**ကို ဂျိုးမာတင်က ခုမှ သဘောပေါက်လာသည်။

ဆောက်သင်တမ်ဆိပ်ကမ်းတွင် **ဗာန့်ဟောလ်** တစ်ယောက်တည်းသာ





ကျန်ခဲ့ပြီး ဗာန့်ဟောလ်ကသာ ဘိုင်ဇမ်နီယံသတ္တုသမိုင်းကို ပြန်ပြောင်းပြောနိုင်မည်ဟု ဘရူးစတား၏ နေ့စဉ်မှတ်တမ်းတွင် နောက်ဆုံးမှတ်တမ်းတင်ထားခဲ့သည် မဟုတ်လား။

ဆောက်ဘီရွာ သင်္ချိုင်းတွင် ဗာန့်ဟောလ်၏သင်္ချိုင်းဂူ အမှန်ပင် ရှိရမည်။

သင်္ချိုင်းဂူဆိုသည်မှာလည်း မြေအောက်တိုက်ခန်းတစ်မျိုးပင် မဟုတ်လား။

တိုင်တာန်နစ်သင်္ဘောကြီး၏ ဂိုအထပ် ကုန်းပတ်အောက်ရှိ ကုန်လှောင်ခန်းသည်လည်း ဂူသင်္ချိုင်းတစ်မျိုးပင် မဟုတ်လား။

ဂျိုးမာတင်က ဆောက်ဘီရွာနှင့် ဆောက်ဘီရွာ သင်္ချိုင်းတွင် ရှာပုံတော်ဆက်ဖွင့်ရန် ဆုံးဖြတ်လိုက်၏။

**'ဩော်...ဆောက်ဘီကို လွမ်းလိုက်ပါဘိ'**

ဂျိုးမာတင့် နှုတ်ဖျားမှ တီးတိုးသံ ပေါ်ထွက်လာလေသည်။

[ ၇၂ ]

'ဟောဟို ညာဘက်က ရွာကလေး... ဆောက်ဘီပဲ မိုလ်ချုပ်ကြီး'

ရဟတ်ယာဉ် ပိုင်းလော့က ရေကြောင်းမိုလ်ချုပ်ကြီး ဆန်ဒက်ကာအား ညွှန်ပြလိုက်ရင်း-

'ကျွန်တော်တို့ ရဟတ်ယာဉ်ကို ဘုရားရှိခိုးကျောင်းကို ဦးတည်နေတဲ့ လမ်းကလေးရဲ့ တစ်ဖက် ကွင်းပြင်ပေါ်မှာ ဆင်းလိုက်မယ်'

ဆန်ဒက်ကာက ရဟတ်ယာဉ် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်၏။

နံနက်ခင်းတွင် မြူနှင်းများ အုံ့ဆိုင်းနေသည်။

ဆောက်ဘီရွာကလေးကို နှင်းများ လွှမ်းခြုံရစ်ပတ်လျက်။

ရွာလမ်းကလေးက ဖြစ်ကတတ်ဆန်း ဆောက်ထားသည့် အိမ်ကလေးများ အကြားတွင် ကွန့်လိမ်၍သွားပြီးနောက် တစ်ဖက်တစ်ချက်ရှိ ကျောက်နံရံများ အလယ်၌ ပျောက်ကွယ်နေ၏။

ကျောက်နံရံများပေါ်တွင် လှပသော ရှုခင်းများကို ရေးခြယ်လျက်။

ရဟတ်ယာဉ်က ဘုရားရှိခိုးကျောင်း ခေါင်မိုးရှိ စုလစ်မွန်းချွန်နှင့် မျဉ်းပြိုင်ကာ အောက်သို့ တည့်တည့်ကြီး နိမ့်ဆင်းနေ၏။

ဆန်ဒက်ကာက ဘေးချဉ်းယှဉ် ထိုင်နေသည့် ရော်ဂျာအား မေးလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

ရော်ဂျာက ရှေ့သို့ ရှုးစိုက်လျက်။

ရော်ဂျာ၏ရှေ့ဘက် ရဟတ်ယာဉ်ပိုင်းလေးနှင့် ယှဉ်ထိုင်နေသူက ကိုပလင်။

သတ္တုရှာဖွေရေး လျှို့ဝှက်ဌာနစီတ်မှ သတ္တုဗေဒအရာရှိတစ်ဦးဖြစ်သူ လဝ်စကီက ခဲမှန်သည့် ဒဏ်ရာကြောင့် မလှုပ်ရှားနိုင်သေး။

သို့ဖြစ်၍ ကိုပလင်အား ခေါ်ယူလာခဲ့ခြင်း။

ကိုပလင်ကလည်း သတ္တုဗေဒ အရာရှိတစ်ဦး။

ရဟတ်ယာဉ်က ကွင်းပြင်ပေါ်တွင် ဆင်းသက်လိုက်ပြီးနောက် စက်သံရပ်သွားသည်။

ဂျိုးမာတင်က ရဟတ်ယာဉ်နားသို့ ကပ်လာရင်း နှုတ်ဆက်စကားဆိုလိုက်၏။

'ဆောက်ဘီက ကြိုဆိုလျက်ပါ ဗိုလ်ချုပ်ကြီး'

ဆန်ဒက်ကာက ရဟတ်ယာဉ်အေားတံခါးမှ ဆင်းလိုက်ပြီးနောက် ဂျိုးမာတင်အား လက်ဆွဲနှုတ်ဆက်လိုက်သည်။

'နောက်တစ်ခါ ကျုပ်ကို ဘာမှ သတင်းမပို့ဘဲနဲ့ ထွက်သွားရင် မောင်ရင့်ကို အရေးယူမယ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက အတည်ပေါက်ပြောလိုက်ပြီးမှ ပြုံးလိုက်၏။

ဂျိုးက ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသည့် မစ္စတာရော်ဂျာကိုလည်း လက်ဆွဲနှုတ်ဆက်နေသည်။

ရော်ဂျာက မဟာစစ်ဆင်ရေး စီမံကိန်းကြီး၏ လက်ထောက် တာဝန်ခံ။

'ခင်ဗျားကတော့ ဒေါက်တာ ကိုပလင်နဲ့ တွေ့ဖူးပြီးသားပဲမဟုတ်လား ဂျိုး'

'တွေ့တော့ တွေ့ဖူးပါတယ်၊ ဒါပေမဲ့ အကြောင်းဆုံလို့ ကြုံကြိုက်ပြီး တွေ့ရတဲ့ တွေ့ပုံမျိုးပါ၊ ဘယ်သူမှ မိတ်ဆက်ပေးလို့ တွေ့ရတာမျိုး မဟုတ်ပါဘူးဗျာ'

ကွင်းပြင်ပေါ်သို့ရောက်နေသော ဒေါက်တာကိုပလင်က ဂျိုးမာတင်အား လက်နှစ်ဖက်ဖြင့် ဆွဲ၍ နှုတ်ဆက်ရင်း...

'ကျွန်တော်က မစ္စတာဂျိုးနဲ့ တွေ့ချင်နေတာ ကြာလှပြီ၊ ကျွန်တော့်အသက်





ကို ကယ်ခဲ့တဲ့ ကျေးဇူးကို တစ်သက်မမေ့နိုင်ပါဘူးဗျာ'

ဂျိုးမာတင်က **နီဗာယာခေမ်မလာကျွန်း** ရေခဲပြင်များအလယ်တွင် သေလုမျောပါး မတတ် ဖြစ်နေခဲ့ရသည့် ကိုပလင်အဖြစ်ကို ပြန်၍သတိရနေလေသည်။

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ရှာဘုရားရှိခိုးကျောင်းဝင်းဆီသို့ ဂျိုးမာတင်နှင့်အတူ တွဲသွားနေရာမှ...

'မောင်ရင်...ဘာတွေလုပ်နေတယ်ဆိုတာ မောင်ရင်ကိုယ်တိုင် သိရဲ့လား၊ အင်္ဂလိပ်တွေက သူတို့သချိုင်းတွေကို အမေရိကန်တွေ လာတူးနေတာကို မနာလို ဘူးဟ့ သိရဲ့လား'

နောက်နားတွင် ကပ်၍ လိုက်လာသည့် မစ္စတာရော်ဂျာက...

'ကိစ္စမရှိပါဘူး ဗိုလ်ချုပ်ကြီး၊ ဒီကိစ္စက သမ္မတကြီးကိုယ်တိုင် အင်္ဂလိပ် ဝန်ကြီးချုပ်ဆီမှာ မေတ္တာရပ်ခံထားပြီးတဲ့ ကိစ္စပါ၊ နို့မဟုတ်ရင် ကြိုးနီစနစ်တွေ ဝင်ရှုပ်နေပြီး အလုပ်လုပ်ရ သိပ်ခက်နေမှာ'

'ဒီတစ်ခါတော့ ကျွန်တော်တို့ ဒုက္ခခံရကျိုး နပ်လိမ့်မယ်လို့ မျှော်လင့် ရတာပဲ'

ဂျိုးက ထင်မြင်ချက်ပေးလိုက်သည်။

ရွာလမ်းကလေးကို ဖြတ်လိုက်သောအခါ ဘုရားရှိခိုးကျောင်း ခြံဝသို့ ရောက်လာကြ၏။

သံရိုင်းကို ရှေးဆုံးစံအတိုင်း သွန်း၍လုပ်ထားသည့် တံခါးကြီးက အသင့် ပွင့်လျက်။

ဘုရားရှိခိုးကျောင်း ပတ်ပတ်လည်တွင် သချိုင်းဂူများ။

ဂျိုးမာတင်က ဦးဆောင်လျက် သချိုင်းဂူများတွင် ရေးထိုးထားသည့် စာတမ်းများကို ဖတ်ရင်း အတွင်းဘက်သို့ ဝင်လာခဲ့ကြ၏။

ဂျိမ်းစ်ဆန်ဒက်ကာက ရွာကလေးရှိရာဘက်သို့ လက်ညှိုးထိုးပြရင်း...

'ရွာကလေးက သိပ်ချောင်ကျတာ၊ မောင်ရင်က ဒီရွာကို ဘာစိတ်ကူး ပေါက်ပြီး ရောက်လာတာလဲ'

'ကံတရားလို့ပဲ ဆိုရမှာပဲ ဗိုလ်ချုပ်ကြီး၊ မိုင်းအင်ဂျင်နီယာ ဘရူးစတား [illegible] သူ့အဖွဲ့သားတွေ စကော့တလန်နိုင်ငံ အဘာဒင်ဆိပ်ကမ်းကို ရောက်လာ [illegible] စပြီး ခြေရာခံလိုက်တော့ ဒီရွာကို ရောက်လာရတာပဲ။

အစတုန်းကတော့ ဆောက်ဘီဆိုတဲ့ စကားဝှက်ကို ကျွန်တော် သတိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး'

'ဘရှုးစတားရဲ့ နေ့စဉ်မှတ်တမ်း နောက်ဆုံးစာပိုဒ်မှာ **ဩဘ် ဆောက်ဘီကို လွှမ်းလိုက်ပါဘီ** ဆိုတဲ့စကား ပါနေသလို၊ ကိုမိုဒိုဘစ်ဂလိုက ပြောပြတဲ့ စကားထဲမှာလည်း ဘရှုးစတားက သံမဏိကုန်လှောင်ခန်းက သံမဏိတံခါးကို မပိတ်ခင်...

**'ထာဝရဘုရားသခင်အား ဆောက်ဘီအတွက် ကျေးဇူးတော်တင်ကြပါ'** ဆိုတဲ့စကားလည်း ပါနေတယ်။

'ဒါနဲ့ တိုင်တန်နစ် သင်္ဘောကြီးထဲက ကုန်လှောင်ခန်းမှာ ကျောက်ခဲနဲ့ သလဲပဲ တွေ့ရတော့ ဒီ ဆောက်ဘီဆိုတဲ့ စကားကို ကျွန်တော် သတိပြုမိလာတယ်'

ဤတွင် မစ္စတာရော်ဂျာက ကြားဝင်ကာ...

'ဘရှုးစတားက အင်္ဂလန်နိုင်ငံတောင်ပိုင်း ဆောက်သင်တမ်ဆိပ်ကမ်းက နေပြီး ဘိုင်ဇမ်နီယံသတ္တုတွေ သင်္ဘောပေါ်တင်လိုက်တယ်လို့လည်း ဆိုထားတယ် မဟုတ်လား။

'ဆောက်ဘီဆိုတဲ့ စကားက အမေရိကန်ထက် အင်္ဂလိပ်သံ ပိုထွက်နေတယ်လေ'

'ဟုတ်တယ်၊ မစ္စတာရော်ဂျာပြောတဲ့အတိုင်းပဲ၊ ကျွန်တော့်အဖို့ လမ်းပြမှတ်တိုင်တွေကတော့ ဘရှုးစတားရဲ့ အဖွဲ့မှာပါလာတဲ့ မိုင်းတူးသမားတွေရဲ့ သချိုင်းဂူတွေပါပဲ။

'ဘရှုးစတားကလည်း သူ့နေ့စဉ်မှတ်တမ်းထဲမှာ ဘယ်သူ ဘယ်နေ့ ဘာကြောင့် သေဆုံးရတယ်ဆိုတာရယ်၊ ဘယ်နေရာမှာ သင်္ဂြိုဟ်တယ်ဆိုတာရယ် အသေးစိတ်မှတ်တမ်းတင်ထားခဲ့တာ တွေ့ရတယ်။

'ဒါပေမဲ့ မိုင်းတူးအဖွဲ့ဝင် နှစ်ယောက်ဖြစ်တဲ့ အယ်ဗင်ကောလ်တာနဲ့ ဗာနွဲဟောလ်တို့ရဲ့ သချိုင်းဂူတွေကိုတော့ ရှာလို့လည်း မတွေ့ခဲ့ဘူး၊ ဘရှုးစတားရဲ့ မှတ်တမ်းထဲမှာလည်း ဘာမှ ရေးမထားခဲ့ဘူး။

'အယ်ဗင်ကောလ်တာရဲ့ သချိုင်းဂူနဲ့ပတ်သက်ပြီး ခုထက်ထိ ရှုပ်ထွေးနေဆဲ ရှိပေမယ့် ဗာနွဲဟောလ်ရဲ့ သချိုင်းဂူကိုတော့ ဒီဆောက်ဘီရွာမှာ လာတွေ့ရတော့တယ်'

'ဒါဖြင့် မောင်ရင်က ဆောက်ဘီရွာကို မြေပုံထဲမှာ စ,တွေ့ရတာပေါ့'





'မတွေ့ရပါဘူး၊ ရွာက ဓနုပဒ်ကလေး ဖြစ်နေတော့ ဘယ်မြေပုံစာအုပ်၊ ဘယ်လမ်းညွှန်မြေပုံမှာမှ ဖော်ပြထားတာ မတွေ့ရဘူး။

ဘရှုးစတားရဲ့ နေ့စဉ်မှတ်တမ်း နောက်ဆုံးအပိုဒ်မှာ သူဟာ တိုင်တန်နစ် သင်္ဘောကြီးနဲ့ ခရီးထွက်ရတော့မှာမို့ ဘိုင်ဇမ်နီယံသတ္တု ရာဇဝင်ကို ပြောနိုင်တဲ့ လူဟာ ဆောက်သင်တမ်မှာ ကျန်နေခဲ့တဲ့ ဗာနွဲဟောလ် တစ်ယောက်တည်းသာ ရှိတော့တယ်လို့ မှတ်တမ်းတင်ခဲ့တယ် မဟုတ်လား။

ဆောက်ဘီဆိုတဲ့ စကားက မစ္စတာရော်ဂျာ ပြောသလို အင်္ဂလိပ်သံ ပိုထွက်နေတော့ ဘရှုးစတားရဲ့ခြေရာကို ဆောက်သင်တမ်မှာပြန်ကောက်ရင်း ဆောက်ဘီကို တွေ့ခဲ့ရတာပါ'

ဂျီးမာတင်တို့အဖွဲ့က လူသုံးယောက် ရပ်စောင့်နေသည့် သချိုင်းဂူရှေ့သို့ ရောက်လာကြသည်။

သချိုင်းဂူကျောက်ပြားပေါ်တွင် မထသောလဲလျောင်းခြင်းမျိုးဖြင့် လဲလျောင်းနေသူအမည်ကို ရေးထားသည်။

**ဗာနွဲဟောလ်**

**၁၉၁၂ ခု၊ ဧပြီလ ၈ ရက်နေ့ ကွယ်လွန်သည်။**

**ကောင်းရာသုဂတိ ရောက်စေသော်။**

ဤစာတမ်းအောက်တွင် သုံးပင်တိုင် ရွက်သင်္ဘောတစ်စီးပုံကို သပ်သပ်ရပ်ရပ် ထွင်းထုထားသည်။

ရေကြောင်းဗိုလ်ချုပ်ကြီး ဆန်ဒက်ကာက ဗာနွဲဟောလ်၏ သချိုင်းဂူကို ငေးစိုက်ကြည့်နေရာမှ...

'ဘိုင်ဇမ်နီယံသတ္တုတွေကို ဒီဂူသချိုင်းထဲမှာထည့်ပြီး ဝှက်ထားခဲ့တာ ဖြစ်နိုင်ပါ့မလား'

'ဒါကတော့ တူးကြည့်ပြီးမှ သိရတော့မှာ'

ဂျီးမာတင်က အဖြေပေးပြီး ခပ်လှမ်းလှမ်းသို့သွား၍ ရပ်နေသော လူသုံးယောက်ကို ခေါ်ယူလိုက်သည်။

နှစ်ယောက်က လယ်သမား၊ တစ်ယောက်က ရွာပုလိပ်။

မစ္စတာရော်ဂျာက အသင့်ယူဆောင်လာသော သချိုင်းဂူကို ပြန်တူးခွင့် အမိန့်စာရွက်ကို ပုလိပ်လက်သို့ အပ်လိုက်ပြီးသည်နှင့် လယ်သမားနှစ်ယောက်က သချိုင်းဂူကို စ၍ ဖြိုနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် နေပါဦး၊ ဘရူးစတားက ဘိုင်ဇမ်နီယံသတ္တုကို ဘာကြောင့် ဒီမှာ လာမြှုပ်ရတာလဲ၊ ဘာဖြစ်လို့ ဆောက်သင်တန်ဆိပ်ကမ်းကို သယ်သွားပြီး ဘာဖြစ်လို့ တိုင်တန်နစ်ပေါ်မှာ တင်မယူခဲ့ရတာလဲ'

ဆန်ဒက်ကာက မကျေနပ်တိုင်း မေးခွန်းတွေထုတ်နေ၏။

'ဒါကတော့ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ရမှာပဲ'

ဂျိုးမာတင်က စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

'ဘရူးစတားနဲ့ အဖွဲ့သားတွေဟာ သားကောင်တွေလို သတ်ဖို့ဖြတ်ဖို့၊ လုဖို့ယက်ဖို့လာသူတွေရဲ့ရန်က လွတ်အောင်ပြေးနေခဲ့ရတယ်။

ဒီလိုပြေးနေရင်းကလည်း တဖုတ်ဖုတ်နဲ့ အသက်ပြုတ်သွားရတဲ့ အဖွဲ့သားတွေလည်း မနည်းတော့ဘူး၊ ဒီတော့ လူတစ်ယောက် ခံနိုင်စွမ်းရည်ထက် ပိုကဲလာတဲ့ ဒုက္ခတွေက လေပင့်သလို ပင့်ပေးလာတော့ ဘရူးစတားလည်း မစ္စတာဆီးဂရင်းလို ရွာလာတဲ့အထိ ရောက်လာရတော့တာပါပဲ။

မရောက်ဘဲလည်း ဘယ်နေနိုင်ပါတော့မလဲ၊ သူနဲ့ပါလာတဲ့ အဖော်တွေ အားလုံး သူ့မျက်စိအောက်မှာပဲ လုပ်ကြံခံရပြီး တဖြုတ်ဖြုတ်သေနေပြီ။

ရောက်နေတာကလည်း သူများတိုင်းပြည်၊ စိတ်ချယုံကြည်ရမယ့်လူဆိုလို့ လည်း တစ်ယောက်မှမရှိတော့ဘူး၊ သူကိုယ်တိုင်လည်း ဘယ်တော့ အသတ်ခံရ မလဲလို့ တထိတ်ထိတ်စိုးရိမ်နေရတဲ့အချိန်မှာ သူဘာလုပ်မလဲ။

ဗာန္နဟောလ်ရဲ့ သချိုင်းဂူထဲမှာ ဘိုင်ဇမ်နီယံသတ္တုတွေကို မြှုပ်ပစ်ခဲ့ပြီး နီဗာယာဇမ်မလာကျွန်းပေါ်ကပဲ သတ္တုထည့်လာတဲ့ သေတ္တာတွေထဲမှာ ကျောက်ခဲ နဲ့ သလဲတွေထည့်ပြီး တိုင်တန်နစ်ပေါ် တင်လာခဲ့တော့တာပေါ့။

ဘရူးစတားက တိုင်တန်နစ်နဲ့ ထွက်မလာခင် သူ့နေ့စဉ်မှတ်တမ်းကို ဒီရွာက ဘုန်းတော်ကြီးဆီမှာအပ်၊ ဆောက်သင်တမ်မှာရှိတဲ့ အမေရိကန် ကောင် စစ်ဝန်ရုံးကို ပို့ပေးပါလို့ မှာခဲ့တာ ဖြစ်ရမှာပဲ။

သူက အမေရိကားမရောက်ခင် သင်္ဘောပေါ်မှာပဲ လုပ်ကြံခံရမှာပဲလို့ ထင်ထားခဲ့ပုံရတယ်၊ သူက ဘယ်သူ့မှ မယုံတော့ သူ့မှတ်တမ်းမှာပဲ စကားဝှက်နဲ့ ရေးပစ်ခဲ့တာ'

'ဒါပေမဲ့ သူ့ကိုတော့ ပြင်သစ်တွေက လိုက်မသတ်ခဲ့ဘူး မဟုတ်လား'

ရော်ဂျာက ကြားဖြတ်မေးလိုက်၏။

'ဟုတ်တယ် မသတ်ခဲ့ဘူး၊ ဒီလိုမသတ်ခဲ့တာကလည်း အမေရိကန်တွေ





နေ့စဉ်လို တစ်ယောက်စီ နှစ်ယောက်စီ အသတ်ခံနေရတာကို အင်္ဂလိပ် ပုလိပ် အဖွဲ့က သိလာတော့ တက်တက်ကြွကြွလိုက်ပြီး စုံစမ်းဖမ်းဆီးလာလို့ ဖြစ်ပါ လိမ့်မယ်'

ဂျိမ်းစ်ဆန်ဒက်ကာက ငြိမ်၍ နားထောင်နေရာမှ...

'အင်း...တိုင်တန်နစ်သင်္ဘောကြီးကလည်း ပင်လယ်ထဲမှာ နစ်သွားရပြန် တယ်၊ ဒီလိုနစ်သွားပြန်တော့ ရထားတဲ့သဲလွန်စတွေလည်း တစ်စမကျန် ပျောက် သွားပြီး ပိုရှုပ်လာခဲ့ရတာကလား'

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ တိုင်တန်နစ်သင်္ဘောကြီး ပင်လယ်ထဲ နစ်တဲ့အကြောင်း တစ်ခုတည်းတော့ မဟုတ်ပါဘူးခင်ဗျ။

တကယ်လို့ တိုင်တန်နစ်သင်္ဘောကြီးရဲ့ ဦးစီးမှူး စမစ်က ရေခဲတောင်ကြီး ပျောပါလာနိုင်တယ်ဆိုတဲ့ သတိပေးချက်ကို အလေးထားခဲ့ပြီး အသွားနှုန်းကို ကြိုပြီး လျှော့ချထားခဲ့ရင်...

'အဲဒီနှစ်မှာ ရေခဲတောင်တွေဟာ ဒီလောက် အောက်ဘက်ကျကျအထိ မျော မပါလာခဲ့လို့ရှိရင်...

တိုင်တန်နစ်က ရေခဲတောင်ကြီးနဲ့ မတိုက်မိဘဲ နယူးယောက်ဆိပ်ကမ်းကို ခန့်မှန်းထားတဲ့နေ့ရက် အချိန်အတိုင်း ကပ်လာနိုင်ခဲ့လို့ရှိရင်...

'နောက်ပြီး ဘရူးစတားက အသက်မသေဘဲ သူ ဘယ်မှာ သတ္တုတွေကို ဝှက်ထားခဲ့တယ်ဆိုတာ အမေရိကန်တပ်မတော်ကိုသာ သတင်းပို့နိုင်ခဲ့ရင်...

ကျွန်တော်တို့ဟာ ဘိုင်ဇမ်နီယံသတ္တုတွေကို စောစောရပြီး မဟာစစ်ဆင်ရေး စီမံကိန်းကြီးကလည်း ဟိုတုန်းကပဲ အောင်မြင်နေခဲ့မှာ အမှန်ပဲ။

ခုတော့ ကျွန်တော်တို့ဟာ ခုနစ်ဆယ့်ခြောက်နှစ်လုံးလုံး လမ်းလွဲကို လိုက် နေမိခဲ့ကြတယ်။

ဒါနဲ့ ဘရူးစတားက အသက်ကယ်လှေနဲ့ ထွက်ပြေးရင် လွတ်နိုင်ပါလျက် နဲ့ ဘာကြောင့် သတ်သေရတာလဲ၊ ဒါကတော့ အဓိပ္ပာယ်မရှိဘူး မဟုတ်လား'

မစ္စတာ ရော်ဂျာက လှမ်းမေးလိုက်ခြင်း။

'သတ်သေကြတဲ့လူတွေဟာ စိတ်ဆင်းရဲတာကို မခံနိုင်ကြတော့လို့ပဲ၊ သူ့ မျက်စိအောက်မှာတင် သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေ တဖြုတ်ဖြုတ် အသတ်ခံရတာ ဟာ သူ့ကြောင့် သူ့အပြစ်လို့ အစွဲအလမ်းကြီးနေတဲ့ ဘရူးစတားဟာ သူ ကိုယ်တိုင်လည်း အသတ်ခံရတော့မှာပဲလို့ တထိတ်ထိတ်ဖြစ်နေရတာယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သံမဏိကုန်လှောင်ခန်းထဲမှာပဲ အဆုံးစီရင်လိုက်တာ ဖြစ်မှာပါပဲ၊ နောက်ပြီး...'

ဂျိုးမာတင်က စကားမဆက်ရသေးမီ သတ္တုဗေဒအရာရှိ ဒေါက်တာကိုပလင်က သချိုင်းဂူထဲမှ လှမ်းအော်လိုက်၏။

'ခေါင်းပေါ်မှာဖုံးထားတဲ့ ကျောက်ခဲနဲ့ သလဲတွေက အဏုမြူဓာတ် ကြွနေတာကို ကျွန်တော့်စမ်းသပ်ကိရိယာက ဖော်ပြနေတယ်'

အနားတွင်ရပ်၍ စကားပြောနေသူအားလုံးပင် ဒေါက်တာကိုပလင် လုပ်ကိုင်စမ်းသပ်နေပုံကို ငုံ့ကြည့်နေကြသည်။

အချိန်မည်မျှ ကြာသွားသည်ကို မည်သူမျှ သတိမထားမိကြ။

ကိုပလင်က လက်ထဲတွင် ကျော်စရစ်ခဲကဲ့သို့သော အလုံးကလေးများကို ဆုပ်ကိုင်ထားရင်း မတ်တတ်ရပ်လိုက်သည်။

'ဘိုင်ဇမ်နီယံ...၊ သိပ်တန်ဖိုးရှိတဲ့ အမျိုးအစား၊ မဟာစစ်ဆင်ရေးကြီး အတွက် လုံလောက်တာထက်တောင် ပိုနေသေးတယ်'

'ထာဝရဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပဲ'

မစ္စတာရော်ဂျာက ဝမ်းသာအားရ ဥဒါန်းကျူးလိုက်ပြီး အနီးရှိ သချိုင်းဂူတစ်ခုပေါ်သို့ ထိုင်ချလိုက်၏။

ကိုပလင်က တူးဖော်လက်စ သချိုင်းဂူထဲသို့ တစ်ချက်ငုံ့ကြည့်ပြီး ပြန်၍ ခေါင်းဖော်လိုက်ကာ...

'ထူးမခြားတယ်၊ ရှုံးမှတတ်တယ်...ဆိုတဲ့စကားဟာ သိပ်မှန်တာပဲ၊ ရှုံးသွားတဲ့ ဘရူးစတားက ခေါင်းထဲမှာတော့ ဗာန္ဒဟောလ်ရဲ့အလောင်းကို ထည့်ထားပြီးတော့ ဂူထဲမှာ ဘိုင်ဇမ်နီယံသတ္တုတွေကို ထည့်ထားတယ်။

တစ်ယောက်ယောက်က ဒီသတ္တုတွေ ဒီထဲမှာရှိတယ်ဆိုတာ အနံ့ခံမိပြီး လာတူးဦးတော့ ခေါင်းထဲကိုသာ ကြည့်မိမှာပဲ၊ ဒီလိုကြည့်မိရင် အရိုးတွေပဲ တွေ့ရမယ်။

ခုတော့ ဘရူးစတားက ဘိုင်ဇမ်နီယံသတ္တုတွေကို ခေါင်းရဲ့ အပြင်ဘက် ဂူထဲမှာ ထည့်ထားခဲ့တော့ တော်တော့်လူ ဘယ်ရှာလို့ တွေ့ရတော့မှာလဲ'

မစ္စတာရော်ဂျာက...

'သိပ်ကောင်းတဲ့ ဗျူဟာနည်းပဲ၊ ကြောင်ဗျူဟာထားတယ်လို့ ဆိုရမှာပေါ့၊ ဂျိုး့ အာဟေးစ် ဘရူးစတားဟာ မိုင်းတူးတဲ့နေရာမှာရော၊ မိုင်းကရတဲ့ သတ္တုတွေ





ဗျူဟာကျတဲ့နေရာမှာရော တကယ့်တော်တဲ့လူ၊ ပါရမီရှင်အစစ်'

ရေကြောင်းဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဆန်ဒက်ကာက ရှေ့သို့တိုးလာပြီး ဂျိုးမာတင့် လက်ကိုဆွဲကာ 'ကျေးဇူးတင်လိုက်တာဗျာ'ဟု ဆိုလိုက်၏။

ဂျိုးက ခေါင်းကိုသာညိတ်ပြီး ဘာမှပြန်မပြော။

သူက မောလှပြီ။ ပန်းလှပြီ။ စကားပင် မဆိုချင်တော့။ သူ နားနေချင်ပြီ။

ဆန်ဒက်ကာက ဂျိုးကိုကြည့်ပြီး...

'မောင်ရင့်ကို ခွင့်ဆယ့်ငါးရက် ပေးလိုက်မယ်၊ အနား ကောင်းကောင်း သွားယူ၊ ဒါပေမဲ့ အရေးတကြီးကိစ္စပေါ်လာရင် မောင်ရင့်ကို ဘယ်မှာလိုက်ရှာ ရမယ်ဆိုတာလည်း ပြောသွားဦး'

'ကျွန်တော်က ဒါနာ့ဆီ ဖုန်းနဲ့ လှမ်းခေါ်ထားတယ်၊ ကျွန်တော်တို့ နှစ်ယောက် တိန်းမောက်မြို့ အပန်းဖြေစခန်းမှာ ရှိကြလိမ့်မယ်'

ဆန်ဒက်ကာက ခေါင်းညိတ်လိုက်သည်။

ကိုပလင်က ကျင်းထဲမှ ပြန်တက်လာကာ ဂျိုးမာတင် ပခုံးနှစ်ဖက်ကို ရင်းရင်းနှီးနှီး ဆုပ်ကိုင်ထားလိုက်ပြီး...

'ကျွန်တော်တို့ တစ်ခါတော့ ဆုံကြရအောင်ဗျာ'

'ဟုတ်ကဲ့၊ ကြုံတဲ့အခါ ဆုံကြတာပေါ့'

မစ္စတာရော်ဂျာက ထိုင်နေရာမှ ထလာကာ...

'မဟာစစ်ဆင်ရေး စီမံကိန်းကြီးအတွက် အသက်တွေ စတေးပြီး လိုက်ရှာလိုက်ရတဲ့ ဘိုင်ဇမ်နီယံသတ္တုကိုတော့ ခင်ဗျားကျေးဇူးကြောင့် ကျွန်တော်တို့ တွေ့ပြီ၊ ကျေးဇူးတင်လိုက်တာဗျာ'

'ကျွန်တော်တစ်ယောက်တည်းကြောင့်တော့ မဟုတ်ပါဘူးဗျာ'

ဂျိုးမာတင်က ဤမျှသာ စကားဆိုကာ ဆောက်ဘီသချိုင်းအတွင်းမှ လှည့်ထွက်သွားသည်။

ဆန်ဒက်ကာ၊ ရော်ဂျာနှင့် ကိုပလင်တို့ သုံးယောက်က လှည့်ထွက်သွားသော ဂျိုးမာတင်၏ နောက်ကျောကို ငေးကြည့်နေကြ၏။

ဂျိုးက တဖြည်းဖြည်း ဝေးသွားကာ နှင်းမှုန်ထဲတွင် ကွယ်ပျောက်သွားသည်။

'သူက နှင်းထဲကလာပြီး နှင်းထဲကိုပဲပြန်သွားတဲ့လူ'

ဒေါက်တာကိုပလင်က ဘက်နှာယား တောင်စဉ်တောင်တန်းတောင်စောင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျိုးမာတင်နှင့် စ,တွေ့ခဲ့ရပုံကို သတိရလာကာ တီးတိုးမြည်တမ်းလိုက်၏။

မစ္စတာရော်ဂျာက ကိုပလင်အား လူထူးလူဆန်းတစ်ယောက်သဖွယ် ကြည့်နေပြီးမှ မေးလိုက်သည်။

'ခင်ဗျား ဘာတွေပြောလိုက်တာလဲ ဒေါက်တာ'

'တွေးမိတာကို တီးတိုးကလေး မြည်တမ်းလိုက်မိတာပါ၊ ဘာမှမဟုတ်ပါဘူး'

ကိုပလင်က ပခုံးကိုတွန့်၍ အဖြေပေးလိုက်လေသည်။

**၁၉၈၈ ခု၊ ဩဂုတ်လ**
**စာတ်သိမ်း**

'စက်ရပ်ပစ်လိုက်ပြီ'

စက်ခန်း အင်ဂျင်နီယာထံမှ သတင်းပို့ချက်က ပဲ့ထိန်းစင် စပီကာမှ လျှံထွက်လာ၏။

ဗြိတိသျှတိုက်သင်္ဘော အိတ်ချ်၊အမ်၊အက်စ်ထရိုင်၏ ဦးစီးမှူးက စက်ခန်းသို့ စက်ရပ်ရန် အမိန့်ပေးလိုက်ပြီးနောက် စက်ခန်းအင်ဂျင်နီယာက ဆောင်ရွက်ပြီးချက်ကို သတင်းပို့လိုက်ခြင်း။

သတင်းပို့ပြီး၍ မကြာမီပင် စက်ခန်းမှ ပေါ်ထွက်လာသည့် တုန်ခါမှုက တန့်သွား၏။

သင်္ဘောအရှိန်က တဖြည်းဖြည်းရပ်သွားသည်။ သင်္ဘောဦးကို လာ၍တိုက်နေသော ရေပန်းများက တဖြည်းဖြည်းသေးငယ်သွားကာ မည်းမှောင်နေသော ပင်လယ်ရေပြင်ကြီးနှင့် ပူးပေါင်းသွားကြ၏။

ဤညသည် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအဖို့ နွေးထွေးသည့် ညတစ်ည။

ရေပြင်က မှန်သားလို ငြိမ်လျက်။

ကြယ်များက တစ်ဖက် မိုးကုပ်စက်ဝိုင်းမှ အခြားတစ်ဖက် မိုးကုပ်စက်ဝိုင်းဆီအထိ ငွေကော်ဇောကြီး ဖြန့်ကြက်ထားသလို။

ယူနီယံဂျက်အလံက သင်္ဘောအလံတိုင်ထိပ်တွင် မလှုပ်မယှက်။

လေပြည်လေညင်းပင် လာထိုးဖော်မရသဖြင့် ယူနီယံဂျက်အလံက အလံတိုင်ကြီးတွင် တွဲလဲခိုနေသည်။





အိတ်ချ်၊ အမ်၊ အက်စ် တိုက်သင်္ဘောကြီးရှိ ၂၀၀ ကျော်ကျော်မျှသော ရေတပ်သားများက သင်္ဘောဦးပိုင်း ကုန်းပတ်ပေါ်တွင် စုဝေးလျက်။

ရှေးခေတ်ထုံးစံအတိုင်း ရွက်ဖျင်ဖြင့် ရစ်ပတ်အုပ်စည်းထားသော အလောင်းတစ်လောင်းပေါ်တွင် အမျိုးသားအလံကို လွှမ်းထားသည်။

သည်အလောင်းကို စုဝေး စီတန်းနေသည့် ရေတပ်သားများက လက်ဆင့်ကမ်း သယ်ယူကာ သင်္ဘော လက်ရန်းနားတွင် ချထားလိုက်၏။

ဦးစီးမှူးက သင်္ဘောသားများအား ရေချသဂြိုဟ်ရာတွင် ဆိုလေ့ရှိသည့် သရဏဂုံစာကို စာအုပ်ကြည့်၍ ဖတ်နေ၏။

သူ့အသံတွင် ဝမ်းနည်းသံမပါ၊ ဒွာန်ကရိုဏ်းကျကျ။

နောက်ဆုံးစာပိုဒ်ကို ဖတ်လိုက်ပြီးနောက် ဦးစီးမှူးက ခေါင်းညိတ် အချက်ပြလိုက်သည်။

ထုံးစံအတိုင်း ရွက်ဖျင်ဖြင့် ရစ်ပတ်ကာ အမျိုးသားအလံ လွှမ်းထားသည့် အလောင်းကို ရေတပ်သားများက ညင်ညင်သာသာ မ,ယူပြီး သင်္ဘောလက်ရန်းပေါ်မှ ကျော်ကာ အသင့်စောင့်ဆိုင်းလျက်ရှိသော သင်္ဘောသားများ၏ ထာဝရ မီခင်ဖြစ်သည့် အဏ္ဏဝါရေပြင်၏ ရင်ခွင်အတွင်းသို့ သက်ဆင်းစေလိုက်သည်။

ခရာမှုတ်သံက လွှမ်းဆွတ်ကြေကွဲဖွယ်ရာ ဝဲပျံလျက် ပေါ်ထွက်လာ၏။

တိတ်ဆိတ်သောညတွင် ခရာသံက မင်းမူနေသည်။

ခရာသံအဆုံးတွင် ဦးစီးမှူးက တန်းဖြုတ်နိုင်းလိုက်သည်။

ခဏအကြာတွင် ထရိုင်တိုက်သင်္ဘောမှစက်သံများ ပြန်ပေါ်လာပြီး သင်္ဘောကြီးက ရွေ့လျားစပြုလာသည်။

ဦးစီးမှူးက စားပွဲတွင် ထိုင်လိုက်ပြီး သင်္ဘောလော့(ဂ်)ဘွတ်ခ် မှတ်တမ်းစာအုပ်တွင် ရေးမှတ်လိုက်သည်။

**အိတ်၊ အမ်၊ အက်စ်၊ ထရိုင်**
**အချိန် – ၀၂၂၀၊ ၁၉၈၈ ခု၊ ဩဂုတ်လ ၁၀ ရက်**
**နေရာ – လက်တီကျု ၄၁ ဒီဂရီ ၄၇ မိနစ်မြောက်**
**လောင်ဂျီကျု – ၅၀ ဒီဂရီ ၁၄ မိနစ် အနောက်**

ကြယ်ဖြူသင်္ဘော ကုမ္ပဏီမှ အာရ်၊အမ်၊အက်စ် တိုင်တန်နစ် သင်္ဘောကြီး နစ်မြုပ်ခဲ့သည့် နံနက်ချိန် အတိအကျတွင်...သူ၏ နောက်ဆုံးသေတမ်းစာနှင့်အညီ သူ၏သင်္ဘောသားအပေါင်း၊ ရှေ့ကြား



www.burmeseclassic.com

www.burmeseclassic.com



ရင်းဟောင်းများဖြင့် ထာဝရအတူရှိနေစေရန် ကိုမိုဒီဆာ၊ ဂျွန်၊ အဲလ်၊ ဘစ်ဂလို ကေ၊ ဘီ၊ အီး၊ အာ၊ ဒီ၊ အာ၊ အန်၊ အာ (အငြိမ်းစား)၏ ကြွင်းကျန်သောရုပ်ကလပ်ကို အတ္တလန္တိတ်ပင်လယ်ကျယ် ပင်လယ်ရေနက်သို့ ချ၍ သင်္ဂြိုဟ်သမှုပြုလိုက်ပါသည်။

မှတ်တမ်းအဆုံးတွင် ဦးစီးမှူးက လက်မှတ်ထိုးလိုက်၏။ သူ့လက်က တုန်နေသည်။

တိုက်သင်္ဘော အိတ်ချ်–အမ်–အက်စ်မှ ဦးစီးမှူးက မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးလိုက်သည့် အချိန်…

ဤအချိန်တွင်…

ကမ္ဘာမြေကြီး၏တစ်ဖက်ခြမ်းဖြစ်သော ပစိဖိတ်သမုဒ္ဒရာကြီး၏ ပြင်ကျယ်ကြီး၏ ရေမျက်နှာပြင်အောက်၌…

ရောမဆေးပြင်းလိပ်ကြီးသဏ္ဌာန် ရှိနေသော ရေငုပ်သင်္ဘောတစ်စီးက အသင့်ရောက်ရှိနေသည်။

ရေငုပ်သင်္ဘောကြီးနှင့်အတူ လိုက်ပါလာကြသူများက အရှေ့ဘက် မိုင် ၆၀၀၀ အကွာရှိ ပစ်မှတ်များဆီသို့ ဒုံးပျံများ ပစ်လွှတ်စမ်းသပ်ရန် ပြင်ဆင်နေကြသည်။

၁၅း၀၀ နာရီတိတိ…

ရေငုပ်သင်္ဘောပေါ်မှ စမ်းသပ်ပစ်လွှတ်လိုက်သည့် ပထမဆုံး ဒုံးပျံက ရေပြင်ကိုခွဲကာ အပြာရောင်ကောင်းကင်ထဲသို့ ပျံတက်လာ၏။

ရေမျက်နှာပြင်ကြီးပေါ်တွင် ရောမမှိုပွင့်ကြီးသဏ္ဌာန် ရေပန်းများထသွားကာ မိုးချုန်းသံထက်ကျယ်သော အသံကြီးကလည်း ဟိန်းထွက်လာ၏။

စက္ကန့်သုံးဆယ်အတွင်းတွင် ဒုတိယဒုံးပျံက ရေငုပ်သင်္ဘောကြီးဆီမှ ရေပေါ်သို့ ပျံတက်လာပြန်သည်။

ထို့နောက်တော့…

တတိယဒုံးပျံ…

စတုတ္ထဒုံးပျံ…

ဒုံးပျံသွားရာလမ်းကြောင်းနှင့် လိမ္မော်ရောင် မီးလျှံများက တဝင်းဝင်း တလက်လက်။





လူ့အသက်ကို အစုလိုက်အပြုံလိုက်ခွင်းနိုင်သည့် အဖျက်လက်နက် ဒုံးမျိုးများက ကောင်းကင်ပေါ်သို့ ထောင်၍ တက်သွားကြပြီးနောက် ၁၂ မိနစ်အကြာတွင် ပစ်မှတ်အသီးသီးရှိရာသို့ ပြန်ကျလာကာ ရှေးရှုပြေးလွှားနေကြ၏။

သို့သော်…

ပစ်မှတ်နှင့် မိုင်ကိုးဆယ်အကွာသို့အရောက်တွင် ဒုံးပျံထိပ်ဖူးများက တစုန်းစုန်း ပေါက်ကွဲလာကြ၏။

သို့ရာတွင် ပစ်မှတ်ကိုမထိ။

ပစ်မှတ်နှင့် မိုင်ကိုးဆယ်အကွာတွင် ပေါက်ကွဲသွားခြင်းသာ…

အမေရိကန် ဒုံးပျံပစ်လွှတ် စမ်းသပ်သည့် သမိုင်းတွင် ဤအကြိမ်သာ ပထမဆုံးအကြိမ်။

အဖိုးတန် ဘိုင်ဇမ်နီယံသတ္တုဖြင့် စက်မှုသိပ္ပံနည်းအရ တီထွင်ထားသည့် ကာကွယ်ရေး လက်နက်ဆန်းများက ဒုံးပျံထိပ်ဖူးများကို ပစ်မှတ်ဆီသို့ မရောက်နိုင်အောင် ဟန့်တားနိုင်ခဲ့ပေပြီ။

ဤကား ပထမအကြိမ် စမ်းသပ်ချက်။

ဘိုင်ဇမ်နီယံ ကာကွယ်ရေးလက်နက်အစွမ်းထက်ပုံကို ရေငုပ်သင်္ဘောကြီးပေါ်ရှိ လက်နက်ကျွမ်းကျင်သူ ပါရဂူများ၊ အင်ဂျင်နီယာများ၊ စစ်အရာရှိကြီးများက မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခဲ့ကြပြီ။

မဟာစစ်ဆင်ရေး စီမံကိန်းကြီးက ပထမအကြိမ် စမ်းသပ်ရာတွင်ပင် အောင်မြင်မှုရခဲ့ပေပြီ။

**တက္ကသိုလ်နန္ဒမိတ်**

၂၂ နာရီ

၉–၁၂–၈၁

**ယုံကြည်ချက်စခန်း**

အင်းစိန်



www.burmeseclassic.com

www.burmeseclassic.com

## ။ အမြှာညီနောင်စာပေမှ ယွက်ရှိပြီးစာအုပ်များ ။

၁။ တက္ကသိုလ်နန္ဒမိတ် (သို့မဟုတ်) ကောင်းကင်နှင့်မြေကြီးအား တောင်းခံသူ
၂။ စာရေးချင်သောသူများသို့ (တက္ကသိုလ်နန္ဒမိတ်)
၃။ တာတီယမီးကျည် (တက္ကသိုလ်နန္ဒမိတ်)
၄။ ရွှေပြည်ကြီး (တက္ကသိုလ်နန္ဒမိတ်)
၅။ ယုံကြည်ချက်အတွက် အသက်စွန့်သူများ (တက္ကသိုလ်နန္ဒမိတ်)
၆။ သန်းခေါင်ယံနုနစ်မိနစ် (တက္ကသိုလ်နန္ဒမိတ်)
၇။ တိုက်ပွဲအဆင့်ဆင့် (တက္ကသိုလ်နန္ဒမိတ်)
၈။ ငုယင်ဗန်ထရှိုင်း (ထက်မြက်)
၉။ ဝေထီသံ (ကြည်နိုင်)
၁၀။ သံလွင်မြစ်ကမ်းတိုက်ပွဲ (တက္ကသိုလ်နန္ဒမိတ်)
၁၁။ မြစ်ကြီးနားတိုက်ပွဲ (တက္ကသိုလ်နန္ဒမိတ်)
၁၂။ အရှိန်းစံပယ် (အောင်လင်း)
၁၃။ မန္တလေးကိုဖြတ်၍ (တက္ကသိုလ်နန္ဒမိတ်)
၁၄။ ခေတ်စမ်းတောသာပြန် (တေရွှေဗိုလ်)
၁၅။ တက္ကသိုလ်နန္ဒမိတ် ကျောက်စာတိုင်စိုက်ထူပွဲ အမှတ်တရ
၁၆။ တောင်တကာ့တောဆန်ကောနဲ့ကျားထောင် (တက္ကသိုလ်နန္ဒမိတ်)
၁၇။ ဗိလစ်ဝိုင်အမျိုးသားအာဇာနည် ဒေါက်တာရီဇော် (မြတ်ငြိမ်း)
၁၈။ ချင်းတွင်းကိုကျော်လျှင် (တက္ကသိုလ်နန္ဒမိတ်)
၁၉။ အိုလက်ဆီယာ (မောင်ထွန်းသူ)
၂၀။ ဦးလည်မသုန် (တက္ကသိုလ်နန္ဒမိတ်)
၂၁။ မြောင့်ချက် (အောင်သာမိုး)
၂၂။ ငွေကျွန် (တင်မောင်မြင့်၊ မြတ်ငြိမ်း)

ယခု

၂၃။ တိုင်တန်နစ် (တက္ကသိုလ်နန္ဒမိတ်)

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

၂၄။ စည်းသုံးချက်ဝါးသုံးချက် (ကြည်နိုင်) (စာပေပိုင်းအက်ဆေးများ) (၄၀၀၁၄၂၀၁၀၇)
၂၅။ ဘဝမာယာလား၊ အလှမာယာလား (ထက်မြက်) (၄၀၀၀၄၁၀၆၀၈)
၂၆။ ဆယ်ပြည်ထောင်ရှောတော့မပြုံး (တက္ကသိုလ်နန္ဒမိတ်) (၅၀၁၂၀၃၀၅၀၉)
၂၇။ သိပ္ပံစုံထောက် (တက္ကသိုလ်နန္ဒမိတ်) (၅၀၀၃၅၁၀၆၀၃)
၂၈။ အသက်ကိုဖက်ရှက်ပမာ (တက္ကသိုလ်နန္ဒမိတ်) (၅၀၀၁၂၄၀၆၀၁)
၂၉။ ဝန္နာလခံတပ် (တက္ကသိုလ်နန္ဒမိတ်) (၅၀၁၃၄၁၀၅၁၀)
၃၀။ ဖက်တပ်ဖွဲ့ (တက္ကသိုလ်နန္ဒမိတ်) (၅၀၀၃၆၀၀၄၀၇)

BURMESE CLASSIC .com

www.burmeseclassic.com